



www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ခိုင်ယုဝင်း (၀၁၆၆၀)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဇွန်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅ဝဝ/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃
မမကိုချစ်တယ်/ သျှင်မ၊
ရန်ကုန်။ ရွှေညာထ်လင်းစာပေ၊ ၂၀၁၆။
၃၅၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) မမကိုချစ်တယ်




## အခန်း (၁)

"ဒီမိန်းမကို လျှော့တွက်လို့မရဘူး ဒီဂျေ .. သူ့စီးပွားရေးနဲ့ပတ်သက်ရင် သူကလည်း ဘယ်သူ့ကိုမှ လျှော့မတွက်ဘူး၊ ဈေးစပ်သချာတဲ့နေရာမှာလည်း စာရင်းအင်းကိုင်တွယ်တာကြည့်မလား၊ ကွန်ပျူတာထက် တိကျတယ် .."

"အင်း .. တော်တော် သတင်းကြီးနေပြီပဲ .."

"ငါ အပိုပြောနေတာမဟုတ်ဘူး၊ အလုပ်ထဲမှာဆို ဦးလေး ဘကြီးဘယ်သူ့ဖြစ်ဖြစ် လုံးဝမညှာဘူး၊ နာမည်အကြီးဆုံးကတော့ အပျိုကြီးဘာကြောင့်ဖြစ်နေရသလဲဆိုတာပဲ .."

"ဘာ ..."

"ဟုတ်တယ် .. ဆော်ဒီစထရပ်ချာမိတယ်၊ လှလည်းလှတယ်၊ ဒဲ .. နည်းနည်းပုံတုံးတာတစ်ခုကလွဲရင်ပေါ့၊ ရည်းစားမထားဘူး၊ အိမ်ထောင်ရေးကို စိတ်ဝင်စားပုံလည်းမပေါ်ဘူး၊ သူ့သူငယ်ချင်း ဆရာဝန်မတစ်ယောက်ရှိတယ် အပျိုကြီးပဲ .. အဲဒီနှစ်ယောက်ကို .. အင်း .."

"ဟား . ဟား .. ဟား .."

ဒီဂျေ-က မျက်မှန်တပင့်ပင့်နှင့် အော်ရယ်သည်။ မိုးတိမ် ကပါ

www.burmeseclassic.com



ရောယောင်ရယ်ရင်း ...၊

"ဟုတ်တယ် .. သိတဲ့လူတစ်ချို့ကတော့ သူနဲ့ပဲ အဲဒီဆရာဝန်ဓ ကို .."

"တော်ပါတော့ကွာ .."

"ဘာလဲ .. ငါ အမှန်အကန်တွေကြားထားတာနော် .."

"မင်း ကြားထားတာတွေက ငါ သိချင်တာတွေမှမဟုတ်ဘဲကွ - သူနဲ့ငါက ပြင်သစ်မှာ သင်တန်းအတူတူတက်ဖူးတယ်၊ သူ ကြိုးစားတာ တော်တာတွေလည်း ငါ သိတယ် .."

"မင်းနဲ့ မခင်ဘူးမို့လား .."

"မခင်ဘူး ..."

"အဲဒါပြောတာလေ .. သူက ဘယ်ယောကျ်ားကိုမှ .."

"မဟုတ်ပါဘူး .. ခင်စရာအကြောင်းမှ မရှိတာ၊ သင်တန်းချင်း တူပေမယ့် ဆက်ရှင်မတူဘူး၊ ပြီးတော့ သူကလည်း ခပ်တည်တည် ငါကလည်း .."

"မင်းကလည်း ခပ်တည်တည်ပဲလား .."

"မဟုတ်ဘူးလေ .. ဒါပေမယ့် ကိုယ်ကနှုတ်ဆက်ခဲ့ပြီးသား၊ သူ ရောချင်တဲ့ပုံမရှိတော့ .."

"အဲဒါပြောတာပဲ .."

"မပြောနဲ့ .. မင်းပြောတာ ငါ လက်မခံဘူး .."

"ဒါဆို မင်း စိတ်ဝင်စားနေတာလည်း စီးပွားရေးကိစ္စဆိုတာ ငါ မယုံဘူး .."

"ဘာထင်လို့လဲ .."

"သူ့ကို မင်း စိတ်ဝင်စားနေတာ .."

ဒီဂျေ က ရယ်သည်။ ပြီးတော့ ခေါင်းခါ၍ ...

"ငါ လက်ထပ်ပြီးတာ သုံးလပဲရှိသေးတယ်၊ မိုးတိမ် .."



"ဟင် .. တကယ်လား .."

"ဟုတ်တယ် .. ပြောချင်တာက လက်ထပ်ပြီးတဲ့ကိစ္စကို မဟုတ်ဘူး၊ ငါက လက်ထပ်ပြီးသား မင်းထက်အများကြီးအမြင်ရှုးတယ် .."

"ဘာကိုလဲ .."

"အဲဒီ တစ်ယောက် ယောကျ်ားတွေကို မကြိုက်ဘူးဆိုတဲ့ မင်းရဲ့ ခန့်မှန်းချက် .."

"တိုးတိုးတိတ်တိတ်တွေက ရိုးတိုးရိပ်တိတ်ကြားပြီး ချဲ့ကားပြော နေကြတာပါ၊ ဒီမှာမသိရင် မှတ်ထား .. သဘာဝမဟုတ်ဘဲ ပုံမှန်တစ်ခု ဘနေ ဖောက်ထွက်လာပြီဆိုရင် အဲဒါ အစွန်းရောက်တာပဲ၊ ယောကျ်ားနဲ့ မိန်းမ သဘာဝအတိုင်းမဟုတ်ဘဲ လိင်တူဆက်ဆံနေကြရင် သိသာတဲ့ အချက်တွေအများကြီးရှိတယ် .."

"မသိသာလို့ပဲ ဂေးတွေကို မိန်းကလေးတွေချစ်မိနေကြတာပေါ့ ကွ .. ဂေးမှန်းလည်းသိရော ဟင်ခနဲ ဟာခနဲ .."

"ဘာဖြစ်လို့ ဂေးမှန်းသိသွားကြတာလဲ .."

မိုးတိမ် ကြောင်တောင်တောင်ဖြစ်သွား၏။ ဒီဂျေ က ရယ်လိုက်ပြီး ...၊

"တစ်နေရာမှာတော့ သိသာထင်ရှားနေတာပဲမို့လား .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ဒါကျတော့ မင်းမှားတယ်၊ လုံးဝကို မသိသာဘူး .. ယောကျ်ားကောင်းတစ်ယောက်လိုနေထိုင် သွားလာနေ ကြတာ၊ အကြည့်တွေအပြောတွေကအစ လုံးဝ .."

"ဒါဆို ဖြေလေ .. ဘာလို့ သိသွားတာလဲလို့ .."

"သူတို့ချင်း လိုရင်းမရောက်ဘူးဆိုမှ သိကြတာ .."

"လိုရင်းဆိုတာက .."

"လိုရင်းပဲကွာ .."

ပြောပြီး နှစ်ယောက်စလုံး ခပ်ဖြဲဖြဲဖြစ်သွားကြကာ ...၊

"ဒါကို ငါ လက်ခံပါတယ်၊ ယောကျ်ားလေးတွေက မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ စာရင် အကဲခတ်ဖို့မလွယ်ဘူး၊ ဒါကလည်း ယောကျ်ားလေးဖြစ်နေလို့ပဲကွ .. ပွင့်လင်းခွင့်ရှိတယ်လေ၊ ပွင့်လင်းခွင့်ဆိုတာ အားလုံးပါတယ်နော် .. သူတို့ကိုယ်သူတို့ ဖုံးဖိချင်ဖုံးထားမယ်၊ သိစေချင်လာရင်လည်း သိသာအောင်ပြမယ်အဲ၊ အဲဒီမှာ အခွင့်အရေးက ကွာသွားတာ .."

"အင်း .. ပြောပါဦး .."

"မိန်းကလေးတွေကျတော့ ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ အဲဒါကြောင့် ပိုဆိုးလာ .."

"ဘာဆိုးတာလဲ .."

"မင်း ခုန ပြောသွားတဲ့လိုရင်းပေါ့ .."

မစ္စတာဂစ်တာအပြင်ဘက်စားပွဲမှာ နှစ်ယောက်တည်းထိုင်ရင်းလွတ်လပ်နေကြစဉ် စားပွဲရှည်၏အစွန်းမှာ မိန်းကလေးတစ်ယောက်လာထိုင်ပြီး အအေးတစ်ဘူးမှာ၏။

ပြီးတော့ ဖုန်းပြောနေသဖြင့် သူတို့လည်း တစ်ချက်ပဲကြည့်ဖြစ်ကာ ...၊

"သူတို့မှာ ဘယ်နေရာမှာမှ လိုရင်းရောက်လို့မရဘူး .."

"ဟမ် ..."

ကိုယ်စခဲ့တဲ့ လိုရင်းကို ကိုယ့်ဘာသာရှုပ်ထွေးသွားခဲ့၏။

"မိန်းကလေးချင်း ပြစ်မှားပြီဆိုရင် အဲဒီမိန်းကလေးရဲ့ ရှိသင့်တဲ့အစိတ်အပိုင်းတွေအကုန်ပျက်စီးတာပဲ .."

"မင့်ဟာ ဟုတ်လို့လား .. အိမ်ထောင်ကျသွားတဲ့ မိန်းကလေးတွေအလှပျက်တယ်ပဲ ကြားဖူးတယ် .."

"မဟုတ်ဘူး .. မိန်းကလေးချင်း ညားနေတာနဲ့ လုံးဝမတူဘူး၊ သူ့ရဲ့ မျက်နှာကိုယ်လုံး သူ့ရဲ့ စိတ်ကအစ သိသိသာသာ ချုံးချုံးကျပြောင်းလဲသွားတာ၊ အဲ့ဒါ ဘာလဲဆိုတော့ လိုရင်းမရောက်နိုင်လို့ .."

"ဒီမှာ .."



ဟင် !...၊

ဘုတ်ခနဲ စားပွဲကို လက်နဲ့ပုတ်ပြီး ခေါ်လိုက်တော့ သူတို့တွေလှမ်းကြည့်မိကြ၏။ နားရွက်လောက်ဆံပင်တိုတိုကို အောက်ဖျားတွေက ရေတံလျှောက်လို ပြန်ကော့နေကြ၏။

နားဆွဲဝိုင်းကြီးက အိမ်က ဟင်းသောက်ပန်းကန်လုံးကြီးများ ဖောက်ဆွဲလာသလားမှတ်ရသည်။ ထို့ပြင် သူတို့ရယ်ချင်သွားတာက ခုမှ သူမကို သေချာကြည့်မိ၏။

မိန်းကလေးစစ်စစ်မှ မဟုတ်ဘဲ ..၊

"ဘာကြည့်နေတာလဲ လူကို .."

မိုးတိမ် က ခပ်သွက်သွက် ...၊

"ယူတို့တွေ အနားမှာ မိန်းကလေးတစ်ယောက်ရှိနေတာ အားနာရမှန်းမသိဘူးလား .."

"ဖြစ်ရလေ .."

"တကတည်း မပြောလိုက်ချင်ပါဘူး .."

"အဲဒါ သက်သာတာပေါ့ .."

"ဘာသက်သာတာလဲ .. မောင်နဲ့ နှမ သားနဲ့အမိ ကြားလို့မတော်တဲ့ စကားတွေကို နေရာတကာ ပြောနေကြတယ် .."

"ဒီနားမှာ မောင်နှမသားအမိတွေမှ မရှိဘဲ .."

"မိန်းကလေးတစ်ယောက်ရှိနေရင်လည်း ဆင်ခြင်ရမှာပေါ့၊ ဟွန်း.. မပြောလိုက်ချင်ဘူး၊ ယောကျ်ားလေးချင်းတွေပြီဆို မကြားဝံ့မနာသာတွေပြောပြီ .."

ပြောပြောဆိုဆို အိတ်ထဲကပိုက်ဆံထုတ်၍ စားပွဲပေါ်မှာ ဖက်ခနဲပုတ်ချတင်ကာ ထထွက်သွားလေသည်။ ခါးလေး လိမ်ကျစ်ကျစ်နှင့်လှေခါးထစ်တွေကို တက်သွားတာကြည့်ကာ နှစ်ယောက်သားရယ်မိကြ၏။

"ရယ်မနေနဲ့ ဟိတ်ကောင် .. ငါတို့လည်း ဆင်ခြင်သင့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါလေးက မိန်းကလေးဆိုရင် မလွယ်ဘူး ..”

“ဘာလဲကွ .. ငါတို့က ဘာတွေပြောနေလို့လဲ .. ဆက်ပြော ..”

မိုးတိမ် က ဘယ်လိုတရားနဲ့ ချုတ်လို့မှ ကျွတ်မည့်ပုံမပေါ ..၊

“ပြောလေ .. ငါတို့ရဲ့ ပြောလက်စကို ..”

“ငါပြောရမှာ မဟုတ်ဘူး .. ငါက မင်းကို မေးနေရတဲ့ကိစ္စ ..”

“ငါ သိသလောက်ကလည်း ဒါပဲ .. မင်းက စီးပွားပြိုင်ဘက်တွေနဲ့ သူ့ဘက်က ခြေလှမ်းအမှားကို စောင့်နေပေမယ့် သူကတော့ မှားလည်း ဂရုစိုက်မှာမဟုတ်ဘူး၊ ခလုတ်တိုက် ဒူးကွဲ ထမီအနားပြဲလည်း လူးလဲထပြီး ဆက်ပြေးမှာပဲ ..”

“ဟား .. ဟား .. ဟား ..”

“ဘာရယ်တာလဲ ..”

“မင်းပြောနေတာနဲ့ ငါတောင် စိတ်ဝင်စားလာပြီ၊ ဟုတ်တော့ ဟုတ်တယ်၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ညွှန်း ဆိုတဲ့ မိန်းကလေးနဲ့ အခု သိရတဲ့ ညွှန်း က လုံးဝမတူဘူး ..”

“ဘာမတူတာလဲ ..”

“တော်တော်ကို လှလာတာ ..”

“အဲဒါ သူ့ဟာသူ အကျိုးပေးကောင်းနေတာနော် .. ခုခေတ် မိန်းကလေးတွေ သူတို့ကိုယ်သူတို့လှဖို့ အသေအလဲပြင်နေကြသလောက် သူ လုံးဝမပြင်ဘူး ..”

“မင်းက ဘာလို့သေချာနေတာလဲ ..”

“ငါက သူ့ရဲ့ ဒရိုင်ဘာပဲကွ .. သိတာပေါ့၊ မနက်စောစော ခြံထဲမှာ ပန်းခူးတယ်၊ ခြံကို နှစ်ပတ်သုံးပတ်လောက် ပတ်လျှောက်တယ်၊ ပြီးရင် ပန်းပင်တွေ ရေလောင်းတယ် ..”

“ပြီးရင်ရော ..”

“ဝင်သွားပြီး ရေမိုးချိုးတာ ဘာညာရှိမှာပေါ့၊ ဒါပေမယ့် ငါ မြင်တာ



တော့ ဝင်သွားပြီး ဆယ်မိနစ်လောက်ပဲကြာတယ်၊ ဘရေ့ဖက်(စ်)စားနေတာတွေ့တယ်၊ ငါ ကားဆေးနေရင်း ထမင်းစားခန်းထောင့်ကို မြင်နေရတယ်လေ ..”

“အင်း ..”

“သူ ဝင်ထွက်နေတာ မြင်နေရတာပဲ၊ ပန်းပင်တွေရေလောင်းပြီး ဝင်သွားတာ တအောင့်ပဲကြာတယ် ကော်ဖီသောက်ထွက်လာတယ်၊ ပြီးတာနဲ့ ဒီတိုင်းထွက်လာတာပဲ ..”

“မင်းလည်း သူ့ကို တိုင်မာ လုပ်ထားတာပဲ .. သိပ်မရှိးတော့ဘူးထင်တယ် ..”

“လာ အစ်အောက်မနေနဲ့ ဒီဂျေ .. ငါ့လို ဒရိုင်ဘာမပြောနဲ့၊ မင်းလိုကောင်တွေ မင်းထက်သာတာတွေတောင် သူ့မျက်လုံးထဲရောက်မှာမဟုတ်ဘူး၊ အဲဒါကြောင့် ငါပြောတာပေါ့၊ သူ့မှာ ယောကျ်ားလေးတစ်ယောက်နဲ့ ပတ်သက်တဲ့ ..”

“လာပြန်ပြီကွာ .. တော်စမ်းပါ ..”

ဟမ်ဘာဂါကို ဓားနဲ့ဖိလှီးလိုက်စဉ် ဒေါပါပြီး ဒေါက်ခဲနဲ့မြည်၏။ မိုးတိမ် က စိုက်ကြည့်ပြီး မဲ့သည်။

“မဆိုးဘူး .. ဟမ်ဘာဂါကို ဒေါက်ခနဲအသံမြည်အောင် တစ်ချက်တည်း ဖိချနိုင်တယ် ..”

ပါးစပ်ကပါ စေတနာမဲ့စွာ ထောပနာပြု၏။

“ဟွန်း .. မင်းမှမဟုတ်ဘဲ .. ငါလေ ..”

“ဟုတ်ပါတယ် .. ဒီဂျေ ခေါ် ဆက်တိုင်းအောင်ပါ ..”

“ဟား .. ဟား .. ဟား ..”

ဒီဂျေ နဲ့ မိုးတိမ် က အလယ်တန်းကနေ အထက်တန်းပညာထိ အတူတူသင်ခဲ့ကြတာဖြစ်သည်။ မိုးတိမ် တို့က ပြေလည်ပေမယ့် မွေးချင်းတွေများကာ မှီခိုနေကြသည့် ဆွေမျိုးတွေကလည်း ဘာတွေဘယ်

www.burmeseclassic.com

www.burmeseclassic.com



လို တော်စပ်မှန်းတောင်မသိကြတော့တဲ့အထိ များပြားလေသည်။

ငယ်သူငယ်ချင်းတွေလည်း မဟုတ်သလို ကျောင်းသားဘဝတစ်လျှောက်လုံးအတူတွဲခဲ့ကြတာလည်း မဟုတ်ပေ၊ ဒါပေမယ့် ဒီရေ နဲ့ မိုးတိမ် တို့က အမြဲတမ်းသတိရနေကြတဲ့အထိ အမှတ်တရတွေနဲ့ ခင်ခဲ့ကြတာဖြစ်သည်။

တစ်ခါတလေ အပြင်မှာတွေ့ကြပြီဆိုလည်း နောက်ထပ်ဆုံမိအောင် ချိန်းကြ၊ တွေ့ကြပြီး စားသောက်အချိန်ဖြုန်းတတ်ကြတာ ခုလိုမျိုး ..၊

"ဒါနဲ့ ဒီရေ .."

"ဘာလဲ .."

"မင်းက .. ငါ့သူငယ်ချင်းနဲ့ ပြိုင်ဘက်စီးပွားရေးသမားတစ်ယောက် နော် .."

"အဲဒါ ဘာဖြစ်လဲ .."

"မင်းက ငါနဲ့ အတူစားအတူသွားနေတာ မင်းအတွက် .."

"ဖောက်မလာနဲ့ ဟေ့ကောင် .. မဆိုင်တာတွေ .."

"ငါ မင်းစိတ်ကိုသိပါတယ်၊ ဒါပေမယ့် ငါ့အတွက်ကြောင့် မင်း ဂုဏ်သိက္ခာပွန်းပဲ့မှာတော့ မလိုချင်ဘူး .."

"ဂုဏ်သိက္ခာဆိုတာကြီးကို တည်ဆောက်ထားတာမှာ ငွေကြေးဂုဏ်ဒြပ်တွေချည်းမဟုတ်ပါဘူးကွ၊ ကြောင်မနေစမ်းပါနဲ့ .. ဂုဏ်သိက္ခာကို ကြီးမြတ်ခြင်းနဲ့ တည်ဆောက်ထားတာ၊ သေးသိမ်ခြင်းနဲ့မဟုတ်ဘူး၊ အဲဒါ ငါသိတဲ့ ဂုဏ်သိက္ခာပဲ .."

မိုးတိမ် ရယ်နေပေမယ့် မချိပြုံးနဲ့ တူနေသလားမသိ၊ ကိုယ့်သူငယ်ချင်း ဘယ်လိုသံသယများတတ်တာကို ကိုယ်ပဲသိသည်။

ဒီရေ က ဂရုမစိုက်ဘူးဆိုရင်တောင် ဒီရေ့ အတွက်ရော၊ အားလုံးအတွက်ပါ သူ ဆင်ခြင်မှဖြစ်မှာပါ။

"မိုးတိမ် .."



"ပြော .."

"ဒါဆို လမ်းတံတားစီမံကိန်းမှာလည်း သူ လွှတ်အောင်ရှောင်ဦးမှာပဲလို့ မင်း ပြောချင်တာလား .."

"ဟုတ်တယ် .. ဒီအဖိုးကြီးက ကြိုမှတတ်တဲ့အကျင့်ရှိတယ်၊ သံသယများတယ်၊ ခုလောက်ဆိုရင်တောင် အဲဒီလမ်းမလွှတ်တဲ့ကိစ္စအတွက် သူ့ဘက်က ပြင်ဆင်နေလောက်ပြီ .."

"ငါတော့ မထင်ပါဘူး .."

"ဘာမထင်တာလဲ .."

"လွယ်စရာအကြောင်းမှ မရှိတာ၊ တံတားခြေရင်းကနေ ဖရီးဂြောထည့်ရဦးမယ်ဆိုရင် သူ့ကုမ္ပဏီတစ်ခြမ်းလုံး ပါကိုပါမှာပဲ .."

"အဲ့ဒါကြီးကို အဖိုးကြီးက မသိဘဲနေမလား .."

"သိသိ မသိသိ သူ ရှောင်မရတော့ဘူး .. ငါပြောချင်တာ အဲဒါ .."

"အဲဒီတော့ မင်းက ဝမ်းသာရောလား .."

"သာတာပေါ့ကွာ .. သူ့ကြောင့် ငါ အများကြီး အနှောင့်အယှက်ဖြစ်နေရတာကို .."

"မင်းကလည်း အဖိုးကြီးလို မိန်းမမျိုးကို ပြိုင်နေမယ့်အစား တစ်ခါတည်း .."

"မိုးတိမ် ရေ .. မင်းစကားဒီမှာပဲရပ်ရင် ကောင်းမယ်နော် .."

"ဘာဖြစ်လို့လဲ မင်းပဲပြောတော့ .. သူက ဟိုသင်းမဟုတ်ပါဘူးဆို.."

"ဟိတ်ကောင် .. ငါ လက်ထပ်ထားတာလေ ခုပဲပြောပြီးတယ်.."

"ဩော် .. အေး .."

မကြာသေးဘူးဆိုတော့ စိတ်က ဟိုတုန်းကအတိုင်းပဲ လွှတ်လပ်စွာ တွေးနေမိကာ မိုးတိမ် က ခေါင်းကုတ်၏။

ပြီးမှ ...

"ဘာပဲဖြစ်ဖြစ် သင့်မြတ်အောင်ပေါင်းလိုက်ရင်လည်း မဆိုးပါဘူးကွ .. ငါက သူ့ရဲ့ ဒရိုင်ဘာဖြစ်နေတော့ မင်းနဲ့သူ အပြိုင်အဆိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာက ..''

''ဘာလဲ မင်းက ငါ့ကိုပါ မဆက်ဆံချင်တော့ဘူးလား ..''

''မဟုတ်ရပါဘူးကွာ .. သင့်မြတ်ကြစေချင်တာပါ၊ ဒီမှာ ဟော့ကောင် သူ့ကားမမောင်းရလည်း ငါ့အတွက် အလုပ်မရှားဘူး၊ အဲဒီကိစ္စအတွက် ဆို ပူမနေနဲ့ ..''

''ဒါပေမယ့် ငါ့ကိုတော့ သတင်းလေးမပြတ်ပို့ပေးစမ်းပါ ..''

''အဲဒါကြီးကလည်း သစ္စာမဲ့ရာကျတဲ့အလုပ်ကြီးနော် .. ငါ လိပ်ပြာ မသန့်ဘူး ..''

''သန့်လိုက်ပါကွာ .. မင်းကို ငါက မျက်နှာဖုံးစွပ်ပြီး ထောက်လှမ်း ခိုင်းနေတာမဟုတ်ပါဘူး၊ ကြားတာမြင်တာလေးတွေ ပြန်ပြောရုံပါပဲ ..''

''အေး .. ကြားတာမြင်တာတွေ ပြန်မပြောခင် ငါ တစ်ခုကြိုပြော နိုင်တယ်ကွ ..၊ မင်းထင်သလို ဖြစ်လာမယ်လို့ ငါ မထင်ဘူး ..''

ဒီဂျေ က ရယ်လက်စမျက်နှင့် မျက်မှောင်ကုတ်သွားသည်။

''ဘာဖြစ်လို့လဲ ..''

''တံတားစီမံကိန်းကလည်း မစသေးဘူး .. အပျိုကြီးကလည်း ဒီလောက်ထိ မပိန်းဘူး ..''

''ဟွန်း .. မင်း အထင်ကြီးလွန်းနေတာလည်း ဖြစ်နိုင်တာပဲ ..''

''မင်း အထင်သေးနေတာလည်း အန္တရာယ်ရှိလာနိုင်တယ်နော် ..''

ပြောနေကြရင်း ပြိုင်တူခေါင်းခါ၍ ရယ်မိကြ၏။

ဘယ်သူပြောတာ ဖြစ်နိုင်မလဲတော့ မသိ ..၊



## အခန်း (၂)

''ဟဲ့ .. အမယ်လေး .. နည်းနည်းပါးပါးတော့ ကြည့်စမ်းပါဦး၊ တော်ကြာ မျက်နှာကြီး လက်ဖ်တော့ပ်ထဲ ဝင်သွားပါဦးမယ် ..''

''ဝင်ပေ့စေ ..''

ညွန့် က မကြည့်ဘဲပြော၍ အကြည့်တွေက မော်နီတာမှာပဲ သည်း သည်းမည်းမည်း ..။

ဝဿန် က လွယ်ထားသည့်အိတ်ကို စားပွဲပေါ်မှာချထားလိုက်ပြီး ထိုင်လိုက်မှ မျက်လွှာတစ်ချက်ပင့်ကြည့်ဖော်ရကာ ..၊

''ကိုယ့်ပေါင်ပေါ် ကိုယ်တင်ထားရင်ရတာကို စားပွဲပေါ်တင်ပစ် လိုက်ရလား ပိုးစိုးပက်စက် ..''

''ဟင် ...''

''ဆလင်းဘတ်ခ်ကိုပြောတာ ..''

''ပခုံးမှာကြိုးတင်နေတာရော .. ပေါင်ပေါ်ကိုထပ်တင်ထားရမှာ ရော အဲဒါတွေကိုပဲ မလုပ်ချင်တော့တာ ညွန့် ရယ် .. စားဖို့သောက်ဖို့ ထိုင်ကာမှတော့ ဘာမှကို တင်းချုပ်မထားချင်တော့တာ ..''

''နင် စားသောက်တာတွေ ပိုက်ဆံမရှင်းရသေးခင် အဲဒီအိတ် သူ များကောက်ပြေးရင် ဘယ်လိုလုပ်မလဲ ..''

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရှေ့မှာပဲဟာ .."

"ကိုယ့်ဒူးကိုယ်တောင် မယုံရတဲ့ဟာ .."

"အဲဒါတွေက မသန်မစွမ်းအရွယ်တွေအတွက်ဆိုရိုးစကားပါဟာ - နင်ကလည်း ဝါရီတွေများလိုက်တာ ငါကလေးမဟုတ်တော့ဘူး၊ PHD ဘွဲ့ရဆရာဝန်ကြီးတစ်ယောက်ဖြစ်နေပြီ .."

စိတ်မရှည်တော့လည်း ပြန်ပြောမိတော့သည်။ ညွန်း ဆိုတဲ့မိန်းမ တွေ့လိုက်ရင် အလုပ်စကား ငွေစကားတွေကလွဲပြီး ဘာမှမပြောတတ်ဘူး လားမသိ ..။

"ငါ့မှာလည်း နင်နဲ့ခင်ရတာ ဝဋ်ကြွေးပဲသိလား .."

"အံမယ် ..."

"ဘာ အံမယ်လဲ .. တွေ့ချင်ပြီဆို ချက်ချင်း၊ ပြေးလာရတဲ့လူက တော့ ဖက်ဖက်မောလို့၊ သူ့ကျတော့ ပြောလိုက်ရင် အမောပြေမယ့်စကား မပါဘူး .."

"အမောပြေမယ့်စကားကြားချင်ရင် နင့်အိမ်က ပေးစားမယ့် ယောကျ်ားကြီးနဲ့ ယူလိုက်လေ .."

"အဲ့ဒီတော့ အမောပြောရောလား .."

"ယူကြည့်မှသိမှာပေါ့ .."

"မယ်ညွန်း .."

"ဘာတုံး .."

"ငါ့မျက်နှာလှတပတလေးကိုကြည့်စမ်းပါ၊ ရန်ဖြစ်တာကျတော့ မျက်လုံးချင်းဆုံရမှဖြစ်မှာ .."

ညွန်း က မျက်လုံးရော လက်ရော မနားဘဲ ပြုံးလိုက်သည်။ ဝဿန် က မျက်စောင်းလေးရွယ်ပြီးမဲ့၏။ ညွန်း က ဝင်းနုစိုပြည်သော ဝါညက် ညက်အသားရောင်လေးဖြစ်ကာ သူမကတော့ ဖြူဖြူနုနုပါ။

ဒါပေမယ့် ညွန်း ကို လူတိုင်းက လှတယ်ပြောကြသလောက် သူမ



ရှက်ကြမ်းရေကျိုအလှမျိုးသာဖြစ်သည်။ ညွန်း ရဲ့ မျက်ခုံးတန်းလေး က ထူခဲမည်းနက်နေကာ အဖျားရှူးသွယ်ဆင်းသွားပုံလေးက လှသည်။

နှာတံလုံးလုံးလေး ကော့ထင်းနေပုံကလည်း ဘယ်ကကြည့်ကြည့် င်းနေတတ်၏။ ထို့ပြင် မျက်တောင်တွေက သိပ်မရှည်ပေမယ့် ထူထူ သိပ်လေးတွေမို့ စိတ်တိုပြီဆို ကျွတ်ခနဲ မျက်လုံးမှိတ်ပစ်လိုက်တာ း‌ကအစ ကြည့်ကောင်းနေတတ်လေသည်။

ထောင့်ချိုးညီသော အပေါ်နှုတ်ခမ်းသားလေးတွေက မသိမသာ ာ့နေသဖြင့် နှုတ်ခမ်းထော်သလိုထင်ရ၏။ သို့သော် ထိုနှုတ်ခမ်းလေး ကြောင့် သူမ မျက်နှာလေးက ကလေးဆန်သလိုဖြစ်နေ၏။

ခပ်စွာစွာမျက်နှာလေးဖြစ်သွားလိုက် သဘောကောင်းသည့်ချစ်စရာ လေးပေါက်သွားလိုက်နှင့် ..။

"သူများကို ယောကျ်ားယူဖို့ပြောနေတယ်၊ နင်က ငါ့ထက်အများ းလှတယ် ညွန်း .. နင် အရင်ယူလိုက်ပါလား၊ ဘာဖြစ်ဖြစ် နင်က ရဲ့ဆရာမကြီးလေ၊ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ အင်ဖော်မေးရှင်းလေး ွ ငါ့ကို ရီပို့ လုပ်ပေးပေါ့ .."

"ငါ့ဘာသာ ယောကျ်ားယူယူ မယူယူ ငါ့ကိုတိုက်တွန်းမယ့်လူ ည်းမရှိဘူး၊ ဖျက်မယ့်လူလည်းမရှိဘူး၊ ငါ့အိမ်မှာ ငါ ကြောက်ရမယ့် မရှိဘူး .."

"ဟုတ်ပါပြီ .. အဲဒါတွေ ဒီဘက်လှည့်ပြောစမ်းပါ၊ သူ့မှာအလုပ် ျက် ရန်ဖြစ်ဖို့လည်း တတ်နိုင်တာပဲ .."

"ခဏလေးပဲ .. ခဏ .."

"ဟင်း .."

သက်ပြင်းရှည်ကြီးနှင့် အလျှော့ပေးလိုက်ရကာ မီနူးဆွဲလှန်ရင်း ချိန်ဖြုန်းနေလိုက်ရ၏။

"ဘာတွေစားမှာမို့လို့လဲ .. နေ့လယ်စာနီးနေပြီ အဆာပြေအအေး

www.burmeseclassic.com



လေးဘာလေးပဲသောက် ..”

“တွေ့လား ..”

ဝဿန် စိတ်တိုသွားပြီး မျက်စောင်းရွယ်မိပြန်၏။ ပြီးတော့ စာမျက်နှာတွေကို ဖြိုးဖြိုးဖျတ်ဖျတ်ဆောင့်အောင့် လှန်လှောပစ်ရင်း ..၊

“ဟုတ်တယ် အအေးနဲ့ပဲ ညားမှာသိတယ်၊ လူရှိန်မလားလို့ ..”

“လူရှိန်အောင်ကြိုးစားနေရတာလည်း နင်မစားဘဲ ခြွေတာနေတာတွေထက် တန်ဖိုးရှိတာပဲ .. ကိုယ့်အလုပ်ကိုယ်လုပ်တာ ဂရုစိုက်စရာမလိုပါဘူး ..”

ဝဿန် မိန့်းလေးကိုပြန်ချထားလိုက်ရကာ ..၊

“ချထားလိုက်ပြီနော် .. ရှင့်အလုပ်ကို မြန်မြန်ပြီးအောင်လုပ် ..”

“ပြီးသွားပြီ ..”

ညွှန်း က လက်ပ်တော့ပ်ကိုပိတ်လိုက်ပြီး အိတ်ထဲသေချာပြန်ထည့်သည်။

“ဟဲ့ .. ခဏထားလိုက်ပါဦးဟာ .. စားသောက်ပြီးမှ သိမ်းဆည်းလည်းရတာကို ..”

“မသိမ်းဘဲထားတာက သိမ်းပြီးသားလောက်စိတ်မချရဘူး ..”

“နင့် ပိုက်ဆံအိတ်ရော ..”

“ဒီထဲမှာ ..”

လက်ပ်တော့ပ်အိတ်ရဲ့ ဆားဖစ်လေးကို ပုတ်ပြတော့ ဝဿန် အံ့သြသွားသည်။

“ပိုက်ဆံအိတ်လေးတော့ ကိုင်မှပေါ့ ညွှန်း ရယ် .. နင့်ကိုယ်နင် အမ်ဒီဆိုတာရောသိရဲ့လား ..”

“အဲဒါ ဘာဖြစ်လဲ .. ပိုက်ဆံအိတ်ကြီးတကိုင်ကိုင်နဲ့ တာဝန်ကြီးနေတာကို အမ်ဒီဖြစ်တာနဲ့ပဲ စိတ်ညစ်ညူးစွာ မျိုသိပ်ကိုင်ဆောင်နေရမလား ..”



“ပိုက်ဆံအိတ်ကိုင်ရတာ စိတ်ညစ်ညူးစရာမှမဟုတ်ဘဲဟဲ့ .. ပြီးတော့ ကိုယ့်အတွက် အရေးကြီးမှတ်သားထားတာတွေ တခြားစာရွက်စာတမ်းတွေ ..”

“အရေးကြီးမှတ်သားစရာတွေကို ခေါင်းထဲမှာထည့်တယ်၊ ကွန်ပျူတာထဲမှာသိမ်းတယ်၊ အရေးကြီးစာရွက်စာတမ်းတွေက ပိုဆိုးတယ် အပြင်ကို မလိုအပ်ဘဲ ထည့်သွားတော့ ပိုက်ဆံလိုချင်လို့ ခိုးယူချင်တဲ့လူက အိတ်ကို ဆွဲလုပြေးရင် ဘယ်မှာလိုက်တောင်းရမလဲ ပြော ..”

“ညွှန်း ရယ် ..”

“နင်ကမှ ဝါရီများနေတာ ဝဿန် .. ဒါတွေက ဒေးလီးလိုက်(ဖ်)ကိုင်လ်၊ ဒီတိုင်းပဲအဆင်ပြေတယ် မဝေဖန်နဲ့ ..”

ပြောပြီး ဖုန်းလာတော့လည်း ဒီအိတ်လေးကိုပဲ ဖွင့်ယူလိုက်ကာ..၊

“ဟလို ...”

“.... .... ....”

“အေး .. သိတယ်၊ လာကြည့်မယ်လို့ပြောလိုက် ..”

“.... .... ....”

“အဲဒါ ငါအားတဲ့အချိန်ကို သတ်မှတ်မယ် ဘာမှမပြောလိုက်နဲ့..”

ဖုန်းပြောရင်း မျက်နှာညိုနေတာကို ဝဿန် က အသာကြည့်နေ၏၊ သူမ ပြောလို့ပြီးမှ ..၊

“ဟိုကိစ္စလား ..”

“ဟုတ်တယ်ဟာ .. ငါလည်း ဘယ်လိုကံဇာတာအညံ့ထဲရောက်နေသလဲမသိပါဘူး၊ ခုတစ်လော ဘာလုပ်လုပ် အလွဲလွဲအချော်ချော်ချည်းပဲ..”

“အမြဲတမ်း အဆင်ပြေကောင်းမွန်နေတဲ့လူရောရှိလို့လား .. နင်တို့ပွားရေးတွေပြုလဲခဲ့တာ နင့်လက်ထဲမှာ ဘယ်လောက်ပြန်ထူထောင်လာသလဲ .. တစ်ခါတလေ အခက်အခဲကြုံရတာမျိုးတော့ ရှိမှာပေါ့ဟာ .. ပြီးတော့ ..”

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကို ငါနားလည်ပါတယ်၊ ခုဟာက ကျွတ် .."

"ဟဲ့ .. ငါကြားတာ တံတားမဟုတ်ပါဘူး .. လမ်းဆို .."

"ဟုတ်တယ် .. တံတားက ငါတို့ဘက်မှာမဟုတ်ဘူး၊ အခုက လမ်းချဲ့မှာ အဲ့ဒီအတွက်ကြောင့် လိုက်ရတာ ပိုက်ဆံတွေလည်း ကုန်လှ ပြီ .."

"လိုက်မနေနဲ့ ညွှန်း .. ဒါမျိုးက သူ့ထက်ငါ နိုင်ရာစားတွေချည်း ပဲ .. တစ်ယောက်လာရင် မတ်သက်တစ်မျိုးနဲ့ နင် ဘယ်သူ့ကိုမှ ပူဇော် ပသမနေနဲ့ .."

"နင့်ကို အဲဒါ တိုင်ပင်မလို့ ငါခေါ်လိုက်တာ .."

"ဘာလဲ .."

ညွှန်း က ရောက်လာသည့်အအေးဘူးကိုဖွင့်၍ မသောက်သေးဘဲ ဒီတိုင်းကိုင်ထားကာ ...

"ငါ့ရဲ့ ညာဘက်ခြမ်းပါသွားမယ်ဆိုရင် အနည်းဆုံးခြောက်ပေ လောက်ပဲ .."

"ဟုတ်တယ် .."

"ဒါပေမယ့် ငါ့တစ်ခြမ်းလုံး ရုပ်ပျက်သွားမှာ .. ဖြိုတဲ့ဖျက်တဲ့ကိုး တွေနဲ့ ပြုပြင်ရေးတွေကြားမှာ အလုပ်ကပျက်ဦးမယ် .."

"အဲဒီတော့ နင်က ဘာလုပ်ချင်လို့လဲ .."

"ငါ့ကုမ္ပဏီအဆောက်အဦးကို ဘယ်ဘက်ခြမ်းထပ်တိုးနိုင်ရင် အဲ အနည်းဆုံး ဆယ့်ငါးပေလောက် .."

"ဘာ!..."

ဝဿန် က ကုမ္ပဏီအဆောက်အဦးပုံစံနဲ့ ပတ်ဝန်းကျင်ကို မျက်လုံး ထဲမှာ မြင်ကြည့်နေသလို ခဏစဉ်းစားကာ ...

"နင့်ရဲ့ ဘယ်ဘက်ခြမ်းမှာ စတိုးဆိုင်လေးရှိတယ်မို့လား .. မိဘိုး ဖုန်းအရောင်ဆိုင်လေးနဲ့ .."



"ဟုတ်တယ် အဲဒါပိုင်ရှင်တစ်ယောက်တည်းပဲ .."

"တစ်ယောက်တည်းမှန်းသိတယ်လေ .. အဆောက်အဦးလေး တစ်ခုတည်းမှာ တွဲဖွင့်ထားတာဥစ္စာ .."

"ဟုတ်တယ်ဆိုမှ အဲဒီဆိုင်ပိုင်ရှင်က အရင်တုန်းက မေမေတို့နဲ့ ငယ်သူငယ်ချင်းအရင်းကြီးတွေလေ .. ငါတို့က သူတို့ထက်တော့ နည်း နည်းမြင့်တယ်ပြောရမလားပဲ သူတို့က အစတည်းက အဲ့လောက်အဆင့် ပဲ .."

"အဲဒီတော့ နင်က ဘာလုပ်မလို့လဲ .."

"နေဦး ရှိသေးတယ် .."

"ပြော .. ပြော .."

ပြောဆိုကာမှ ချက်ချင်းမပြောသေးဘဲ စဉ်းစားနေသည်။ ပြီးမှ...

"ငါ သူတို့ဆိုင်ကို ဖယ်နိုင်းမလို့ .."

"ဘာ!.. ဘာရယ် .."

ဝဿန် က မျက်လုံးလေးပြူးလျက် ...၊

"နင် စိတ်မှမှန်သေးရဲ့လား .. ညွှန်း ရယ် .."

"ဘာဖြစ်လို့လဲ .."

"ဟဲ့ .. နင်က အဆောက်အဦးချင်းကပ်နေပြီး တစ်ခါမှလည်း ဆေးဖော်ကြောဖက်မလုပ်ခဲ့ဘူးပဲနဲ့ .."

"လူကြီးချင်း ခင်ခဲ့ကြတာ ငါနဲ့မှ မရင်းနှီးဘဲ .."

"အခု နင့်မိဘတွေလည်းမရှိတော့ဘူးလေ .."

"သူတို့ကရှိသေးတယ် .."

"အဲဒါ အစက နင်နဲ့ခင်ခင်မင်မင်ခေါ်ပြောရင်းနှီးတာရှိခဲ့လို့လား၊ ပြီးတော့ ညွှန်း ရယ် .. နင်ပြောတာကြီးက လွန်လွန်းအားကြီးပါတယ်၊ အဲဒါမျိုးတော့ သားအမိတော်နေရင်တောင် လိုက်လျောမှာမဟုတ်ဘူး.."

"နင်မသိပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမသိတာလဲ .. မသိတာရှိသေးရင်လည်း ပြောပြလေ -
"ငါ အဲဒီလိုမရရင် ဒီအဆောက်အဦးနဲ့ပတ်သက်ပြီး စီးပွားပျ
မှာပဲ၊ အလိုလိုကမှ အတိုက်အခံအပြိုင်အဆိုင်တွေနဲ့ .."

"ဒါက ကိုယ့်ဘက်ကလေ နင် အဲဒီလိုဖြစ်နေတိုင်း သူများ
သူ့နေရာ အပျောက်ခံပြီး ဖယ်ပေးမှာလား .. နောက်ပြီး မနှစ်က ကင်
သက်နန်းကပ်ကြတော့ သူတို့ဆီက ပဒေသာပင်တွေ နင့်ရှေ့ထိ တန်း
ချထားလို့ ပြဿနာတွေတက်ကြသေးတယ်မို့လား .."

"အဲဒါက သိမှမသိကြသေးတာ .."

"အခု သိသွားကြပြီလား .."

"ငါက သိသွားတာ .."

"သူတို့က မသိဘူးပေါ့ .."

"သူတို့က ဘယ်သိမလဲ .. အစတုန်းက ငါတို့တွေက မန္တလေး
နေခဲ့ကြတာလေ၊ ဖေဖေနဲ့ မေမေ ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြ
ဘွားဘွားက ရန်ကုန်ကိုပြောင်းလာတာ၊ ငါကလည်း ငယ်သေးတော့
ဘွားဘွားကလည်း အစတည်းက တရားသမားလေ စီးပွားရေးတွေ
ဟိုလူကလိမ် ဒီလူကဖဲ့ယူနဲ့ လုံးပါးပါးတာပေါ့ .."

"အေးလေ .. ဒါတွေ နင် ပြန်ထူထောင်ခဲ့တာ ငါတို့သိပါတယ်"

နှစ်ယောက်သား အအေးသောက်တာလည်း ပူမှန်းအေးမှန်းတော
မသိတော့ပါ။

ပြောနေသည့်စကားပေါ်မှာပဲ အာရုံတွေများနေကြပြီး ...

"သူတို့ကတော့ အစတည်းက ရန်ကုန်မှာ စီးပွားရေးရှာနေတဲ့
တွေရှိတာလေ၊ ဘယ်တုန်းက အခြေချခဲ့ကြမှန်းတော့မသိပါဘူး၊ ဒီ
အတူတူကပ်နေမိတဲ့အဖြစ်ကိုတော့ ငါ့ဘာသာ ရှာဖွေသိသွားတာ -

"အစကမသိဘဲ သူ့ဆိုင်နေရာကို လိုချင်ကာမှ သိတာပေါ့နော်-

ဝသန် က ငေါ့တာပေမယ့် ဂရုမစိုက်နိုင်၊ ညွန်း က ပြုံးလိုက်



ခေါင်းညိတ်ကာ ...၊

"ဟုတ်တယ် .. ဘယ်နှစ်ပေရိတ်ခံရမလဲမသိတာကို ရင်တထိတ်ထိတ်စောင့်နေမယ့်အစား ခုတည်းက ငါတစ်ဖက်မှာ တိုးချဲ့ထားလိုက်ရင် သူများတွေ ဖျက်ကြဖယ်ကြတဲ့အချိန်မှာ ငါ အေးဆေးပဲ .."

"တွက်ရေးတော့ စက်သူဌေး .. တွက်ကြည့်တော့ အမြတ်မရှိတဲ့.."

"အမြတ်မရှိမယ့်ကိစ္စကို ငါ ဘယ်တုန်းက အချိန်ကုန်အလုပ်ရှုပ်ခံပြီး ခေါင်းထဲထည့်လို့လဲ .."

"ညွန်း ရယ် .. တခြားကိစ္စစိတ်ကူးပါဟယ် .."

"သူတို့ ငါ့ကို မေမေ့သမီးမှန်းသိသွားရင် ငါပြောတိုင်း ဖြစ်လို့ရတယ် .."

"လာပြန်ပြီ .."

"ဘာဖြစ်လို့လဲဆိုတော့ ငါက သူတို့ရဲ့ ချွေးမလောင်း .."

"ဘယ်လို .."

ရင်ထဲမှာ တမိတာက 'ဘုရား' ကိုဖြစ်သည်။ ညွန်း ကတော့ အေးဆေး ...၊

လင်ယူသားမွေးရမယ့်ကိစ္စမျိုးကို ဘာမှတ်နေလို့လဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"အမ်ဒီ မပြန်သေးဘူးလား .."

"အင်း .. ကိစ္စရှိသေးလို့ .."

အပေါ်ထပ်ကနေ အောက်ကိုသေချာမမြင်ရသဖြင့် အပြင်ထွက်လာခဲ့တာဖြစ်သည်။ တစ်ဖက်က 'တိမ်လွှာ' စတိုးဆိုင်ကိုအကဲခတ်ရင်း ဝသာန် အနားကဖြတ်သွားသည့် ဆီးသီးသည်ကိုခေါ်လိုက်မိ၏။

ပိုက်ဆံအိတ်မကိုင်စဖူး အိတ်ပြားလေးကို ချိုင်းကြားညှပ်ကာ ဖုန်းလာတော့ ဆီးသီးအိတ်ကတစ်ဖက် ဖုန်းပြောရတာတစ်ဖက်နှင့် မျက်လုံးတွေကိုလည်း စတိုးဆိုင်ဆီပို့ထားရသေးသည်။

ဓာတ်ပုံထဲမှာကြည့်ထားသည့် ဦးမင်းနိုင် ကို ရှာနေမိတာဖြစ်ကာ ဇနီးဖြစ်သူ ဒေါ်စန်းယမုံ ရှိနေသေးသလား မရှိတော့ဘူးလားဆိုတာလည်း မသေချာ ..။

စားချင်စိတ်မရှိဘဲ ဝယ်လိုက်သည့် ဆီးသီးက ပါးစပ်ထဲရောက်သွားတိုင်း ချဉ်နေကာ အချဉ်သိပ်မကြိုက်ပေမယ့် အလုပ်မရှိအလုပ်ရှာရင်း စားနေခဲ့ရသည်။

"အမ်ဒီ ဘာစောင့်နေတာလဲဟင် .."

"ဟင့်အင်း .."



ဝန်ထမ်းတွေက တစ်မျိုး ..။

မျက်နှာကိုတစ်ဖက်လွှဲနေရင်း စတိုးဆိုင်ထဲကိုကြည့်နေမိစဉ် ဦးမင်းပိုင် ဟု ထင်ရသည့် ခပ်ပိန်ပိန်အရပ်ရှည်ရှည်လူကြီးတစ်ယောက်ကို မြင်လိုက်ရ၏။

ဆိုင်ထဲကထွက်လာကာ လက်ထဲမှာလည်း ကားသော့နှင့် မိုဘိုင်းဖုန်းဆိုင်လေးဘက်ခြမ်းကိုကူးသွား၏။ ဟုတ်ပါ့မည် ဒီအရပ်အမောင်း လောက် ဒီပုံစံပါပဲ ..။

ဟိုအရင်ကပုံစံတွေကို မှန်းမြင်လို့ရပေမယ့် ပိန်တာဝတာတွေ ခြားနားသွားလျှင် ပုံဖမ်းကြည့်ဖို့က မလွယ် ..။ ညွှန်း အားမလိုအားမရဖြစ်လာကာ ရှေ့ထပ်တိုးပြီး ကြည့်လိုက်စဉ် ...

"ဟာ ..."

"အမလေး .."

လူကို နောက်ကနေ ပခုံးတစ်ခြမ်းပါသွားအောင် တိုက်ချသွား၏။ ညွှန်း ကိုင်ထားသည့် ဆီးသီးထုပ်က ကိုယ့်ရင်ဘတ်ကိုပြန်၍ဖိကပ်သွားသည်။ ပြီးမှ ပြုတ်ကျကာ ...

"ဆောရီး .. ဆောရီး .."

"ဟိတ်ကောင် .. မင်း လုပ်လိုက်ရင် အရမ်းချည်းပဲ .."

အတင်းကြီးပြေးလွှားလာကြသည့် ဗရုတ်သုတ်ခတွေ ..။

ဒေါသထောင်းခနဲဖြစ်သွားကာ ရင်ဘတ်မှာ မဆလာတွေပေကျန်ကုန်တာ ပြန်ငုံ့ကြည့်မိ၏။ လှမ်းသွားပြီးမှ ပြန်လှည့်လာသည့် လူငယ်တစ်ယောက်က ..။

"ဆောရီးနော် .. ကျွန်တော်တို့က ..."

"ရတယ် .. ရတယ် .. ဘာမှမဖြစ်ဘူး .."

"အင်္ကျီတွေပေကုန်တာ တောင်းပန် ..."

"မလိုပါဘူးဆိုမှ .. သွား .. သွား .."

www.burmeseclassic.com



ဟာ .. ကောလုချေလား ..၊

ကွန့် မျက်နှာတင်းသွားသည်။ 'ရပါတယ်' လို့ ပြောတာ သဘောထားကြီးသလိုလိုနဲ့ ..၊

လူကိုပြောသည့်မျက်နှာနဲ့ လေသံက ခွေးမောင်းသလိုပါလား ..။

"လာပါကွာ .. ရပါတယ်ပြောနေတာကို .."

ဆန်းအေး က ကွန့် လက်ကို လာပြန်ဆွဲ၏။ ကွန့် ကတော့ မျက်နှာကြောတင်းတင်းနှင့် လှည့်ထွက်သွားသည့်သူမ၏ ကျောပြင်လေးဆီမှာ အကြည့်တွေကို စူးစိုက်ထားနေဆဲ .. ပြီးတော့ ..၊

"တောက် ..."

"မင်းကလည်း .."

"ငါ ရေရေလည်လည်တင်းတယ် .."

"ဟိုက ပြန်သွားပြီ .."

"အေးလေကွာ .. သူလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်သွားတော့ ရှက်သွားမှာပေါ့ .."

သာလွန် က ကွန့် ကိုပဲ လေပြည်ထိုး၍ ဆန်းအေး ကို မျက်စပစ်သည်။ ကွန့် စိတ်ကိုသူတို့အသိဆုံး ..။

"ကွန် .. ဟိုမှာ မင်းဘိုးတော်ကြီး ကြည့်နေတယ် .."

"ကြည့်တော့ ဘာဖြစ်လဲ .."

"ကဲ .. လာပါဆိုကွာ .."

နဂိုကမှ သားအဖချင်းက အစေးကပ်ချင်တာမဟုတ်၊ ဖအေက ဦးစိတ်တို၊ ကွန့် က ကိုဒေါသ ..၊ **သားအဖကြားမှာ** ထိန်းသိမ်းမည့် မိခင်လည်းမရှိ ..။

"ဒါက ဘာဖြစ်လာကြတာလဲ .."

"ဘာမှမဖြစ်ဘူး အန်ကယ်လ် .. ကျွန်တော်တို့ ငြင်းခုန်လာကြရင်း အားပါသွားလို့ .."

ဖြစ်ပျက်ပုံကို လှမ်းမြင်လိုက်မှာ သေချာနေတာမို့ ဆန်းအေး က



ရယ်ကျဲကျဲမျက်နှာလေးနှင့် ခေါ်ခံရှာသည်။

ဦးမင်းနိုင် က ကိုင်ထားသည့် ကားသော့ကိုလှမ်းပေးကာ ..၊

"ကားက တုန်နေတယ် .. အင်ဂျင်ဝိုင်တွေက မည်းနေပြီ၊ ဝပ်ရှော့ကို ငါ ဖုန်းဆက်ပြီးပြီ အင်ဂျင်ဝိုင်လဲဖို့ .."

"ဟာ .. ကားကိစ္စ ဦးဇော ကို ခိုင်းပါလား .."

ကွန် က ဆိုင်ရှေ့ကမဝင်ဘဲ အပေါ်ထပ်တက်ဖို့ လှေကားဆီ ဦးတည်၏။ ဦးမင်းနိုင် က ရှေ့ကပိတ်ထားလိုက်ကာ ..၊

"ဒရိုင်ဘာက မင်းလောက် စိတ်မချရလို့မဟုတ်ဘူး .."

"မင်း စိတ်မရှည်တာကို ကားကနားလည်ပေးမှာမဟုတ်ဘူး၊ ဈေးသွားဆိုသွားလိုက် ပိုက်ဆံ ငါ့စားပွဲအံဆွဲထဲမှာ ထုတ်ထားပြီးသား .."

"ကျွန်တော်ပိုက်ဆံလိုလို့ ပြန်လာယူတာ ကားသွားပြင်နေဖို့ အချိန်မရတော့ဘူး .."

"ဘာ!..."

အိမ်ထဲတောင် တိတိပပမရောက်သေးဘဲ စစ်ခင်းနေကြသဖြင့် ဆန်းအေး တို့ မျက်နှာတွေပျက်ကာ လမ်းပေါ်ကပြန်ထွက်စောင့်ရတော့မလိုလို အထဲထိ ဆက်ဝင်ရတော့မလိုလို ..။

'ကွန်' ဆိုတဲ့ကောင် လမ်းတည်းက ဒီလောက် တတွတ်တွတ် နှုတ်တိုက်ချပေးလာတာတောင် ပြောတော့တစ်လွဲ ..၊

"သူငယ်ချင်း မွေးနေ့ရှိလို့ .."

"ရှိတော့ ..."

"ဖေဖေကလည်း ပိုက်ဆံတောင်းလိုက်ရင် ဒီလိုချည်းပဲ .."

"မင်းကလည်း တောင်းပဲတောင်းနေတာပြောဦးလေ ကွန် .. အိမ်မှာကျတော့ ဟိုဆိုင်မှာလည်း မထိုင်ချင် ဒီမှာကျတော့ မိန်းကလေးတွေမို့လို့ .."

"ဘယ်လောက်တောင် အလုပ်များနေလို့လဲ ဖေဖေ .. ဒီဆိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



က တွန်းထိုးရောင်းဝယ်နေရတဲ့ဆိုင်တွေလား ..”

“အေး .. ကျီးတဖုတ်ဖုတ်ဖြစ်အောင် ငိုက်မြည်းနေရတဲ့အဆင့်ဆိုရင်လည်း မင်းကို ငါက လေကုန်ခံပြောမနေဘူး၊ အခု ဝန်ထမ်းတွေခန့်ထားရတယ်၊ ငါပဲ လိုက်ကြည့်နေရတယ်၊ ပစ္စည်းတွေသွားကြိုတာ ငွေလွှဲတာတွေ မင်းကို ဘာအားကိုးလို့ရသလဲ ..”

“လုပ်ပေးမယ်ပြောတာပဲ .. အဖေကိုယ်တိုင် ကျွန်တော့်ကို မယုံဘူးလို့ ပြောခဲ့တာ ..”

“မင်းအရွယ်မှရောက်သေးဘဲနဲ့ ငွေတွေလက်ထဲထည့်ပေးရမှာလား .. အခု မင်းက ဒီစကားနဲ့ရှဲ့လို့ကောင်းနေတာပေါ့ ..”

ကွန် က မျက်နှာပုပ်ကြီးချလျက် တစ်ဖက်လှည့်နေ၏။ ဦးမင်းနိုင်က မလှမ်းမကမ်းမှာ ယောင်တောင်ပေါင်တောင်ရပ်နေကြသည့် နှစ်ယောက်ဆီ လှမ်းကြည့်ကာ ..၊

“မွေးနေ့ရှင်က မင်းတို့ထဲက ဘယ်သူလဲ ..”

“ဗျာ ...”

“ကျွန်တော်မဟုတ်ရွေး ..”

“ကျွန်တော်တို့မဟုတ်ဘူး အန်ကယ်လ် ..”

ဦးမိုးနိုင် က ပြုံးလိုက်ကာ ..၊

“မိန်းကလေးမို့လား ..”

ကွန့် မျက်နှာ ဆတ်ခနဲလှည့်လာတော့ လက်ကာပြကာ ..၊

“ရည်းစားတွေ ဘယ်လောက်ထားထား ငါ မပြောဘူး၊ ဒါပေမယ့် ပြဿနာအိမ်ပါမလာစေနဲ့ .. အိမ်က အထုပ်ယူသွားပြီး ပုံချပေးတာလည်း ခွင့်မပြုနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုယ်တိုင်ငွေမရှာနိုင်သေးဘူး .. ငါ့ကို အဲဒီလိုမကြည့်နဲ့ ..”

ဦးမင်းနိုင် က စကားမပြတ်ဘဲ လက်ကာတားဆီးလိုက်သေးသည်။

“မင်းအသက် နှစ်ဆယ်ကျော် အစိတ်ဖြစ်နေပြီ၊ စီဘာဆီမှာ လက်ဝါး



မဖြန့်သင့်တော့ဘူးဆိုတာ ကိုယ့်ဘာသာနားလည်ဖို့ကောင်းနေပြီ ..”

“ဖေဖေ ဒါတွေချည်းပြောနေတာလည်း ကျွန်တော့်လိုသားမို့လို့ပဲ ..”

“အဲ့မယ် ..”

“ဟုတ်တယ် တခြားတစ်ယောက်ဆိုရင် ဒီလောက်သည်းခံပြီးနေနေမှာမဟုတ်ဘူး ..”

“မင်းက ထွက်သွားချင်လို့လား ..”

“အဖေတစ်ခု သားတစ်ခုပဲရှိတော့တာ ကျွန်တော်က နားလည်ပါတယ် ..”

“ငါက နားမလည်တာပေါ့ ..”

“ကျွန်တော်တို့နှစ်ယောက်အတွက် ဒီစီးပွားရေးက လုံလောက်နေတာပဲ ဖေဖေ ..”

“ကွန် ..”

“လောဘနည်းတော့ မွဲတတ်တယ်လို့ပြောမလို့လား ဖေဖေ ဒါက ဖေဖေ့ခေတ်လေ ကျွန်တော်ဦးစီးတဲ့အချိန်ရောက်ရင်တော့ ..”

“ဘယ်တော့လဲ ..”

“ဖေဖေ တတွတ်တွတ်ပွားနေတာတွေ နည်းပါးသွားရင် ဖြစ်လာမှာပေါ့ ..”

“ဘာကွ ...”

တင်းနေသည့် ကွန့် မျက်နှာမှာ မထိတထိမဲ့ပြုံးတို့ စွန်းထင်းသွား၏။ စီးပွားရေးကို သူ ဝါသနာမပါဘူးထင်လို့လား .. ဖေဖေ ပင်ပန်းနေပြီဆိုတာ သူ သိသည်။

ဒါပေမယ့် ဖေဖေလည်း အလတ်ကြီးရှိနေသေးသည်။ သူ့ဖြစ်စဉ်များစွာကလည်း ရပ်ပစ်လို့မရသေး ..၊

လောလောဆယ် ဒီတိုင်လေးသွားနေရင် မရဘူးလား ..၊

www.burmeseclassic.com

www.burmeseclassic.com



"နှစ်သိန်းလောက်ဆို ရပါပြီ .."

"အေးပေါ့ .. မင်း စိတ်ချမ်းသာရင် ကမ္ဘာကြီး ငြိမ်းချမ်းနေတာပဲ.."

"အဟွန်း .."

"ကားက ဘယ်အချိန်ပြင်မှာလဲ .."

"စောစောပြန်လာမှာပါ .. အင်ကျင်ဝိုင်လဲရုံပဲမဟုတ်ဘူးလား .."

"နည်းနည်းပါးပါးတော့ စစ်ရဆေးရဦးမှာပေါ့ကွ .. အဲဒါကြောင့် မင်း သိပ်နောက်ကျလို့မရဘူး၊ မနက်ဖြန် ငါ ခရီးဝေးသွားစရာရှိတယ်.."

"ဟုတ်ကဲ့ .."

ပြောချင်တာပြောပြီးပြီဆို ဖေဖေ အေးဆေးပြန်ဖြစ်သွားတတ်တာလည်း သူသိသည်။ ပြောချင်ထိုင်းပြောလို့မရဘူးဆိုတာကိုတော့ ခုထိ ဖေဖေ သိပ်မသိခဲ့ဘူးထင်သည်။

မျက်နှာမြင်လိုက်တိုင်း အလိုမကျသည့် မျက်လုံးတွေနဲ့ ကြိုဆိုသည်။ ပိုက်ဆံတောင်းလိုက်တိုင်း အလွယ်တကူ 'ရော့ .. အင့်' ဆိုတာ တစ်ခါမှမရှိခဲ့ ...။

ထို့ကြောင့် ဖေဖေနဲ့သူ့ရဲ့ ငြိမ်းချမ်းခြင်း မငြိမ်းချမ်းခြင်း သံသရာကလည်း မပြီးဆုံးနိုင်စွာ ဆက်လက်လည်ပတ်နေခဲ့ရင်း ...၊



## အခန်း (၄)

"တောက် ..."

သွားပြီ ...၊

ကားပျက်ပြီဆိုတာသိလိုက်သည်နှင့် ခေါင်းနားပမ်းကြီးသွားမိ၏။ ဒရိုင်ဘာထားရခြင်း၏ မကောင်းကျိုးတရားတွေကို လက်မခံနိုင်သဖြင့် ကိုယ့်ဘာသာ မောင်းခဲ့သည်။

နှာစေးချောင်းဆိုးလောက်တော့ နှိုက်တတ်ချွတ်တတ်အောင်လည်း လေ့လာထားခဲ့သည်။ တကယ်တမ်းကျတော့ မိန်းကလေးတစ်ယောက်တည်း လမ်းဘေးမှာ ကားပျက်ကြီးကို ကုန်းကွနှိုက်ချွတ်နေတာကို အကျည်းတန်နေပြီဖြစ်၏။

ထို့ကြောင့် စိတ်နောက်ကိုယ်ပါဆင်းသွားမိပေမယ့် ဘောနက်ဖွင့်ထားပြီး ဘာမှလည်း မကိုင်ဖြစ် ...၊

အဘယ့်ကြောင့်ဆိုလျှင် ကားက ဖုံတက်နေသည်။ စက်ခန်းတစ်ခုလုံးမှာဆို နှစ်နဲ့ချီနေတဲ့ဖုံထုက ဟစ်လက်မထုလောက်တောင် တက်နေပြီလားမသိ ...။

ဘောနက်ဖွင့်ထားလိုက်ပြီး ကားနားကပ်ဖို့က ဝတ်ထားသည့်

www.burmeseclassic.com



ဆင်စွယ်ရောင် စကတ်ရှည်ကို ညှာနေရ၏။ မထိမိအောင် ကုန်းကွပြီး နှိုက်ချွတ်ကြည့်ရင်လည်း လက်ကိုပေကျံလာမှာတွေက မျက်နှာတွေ လည်ပင်းတွေထိ ကွင်းဆင်းလေ့လာနိုင်၏။

ကားအကောင်းစားကြီးစီးပြီး ကားရေဆေးဖို့ကျမှ ရေဆေးဆီတိုးကို ကားသွားမထိုးချင်တာနှင့် ကားပျက်တာမဟုတ်ဘဲ ဝပ်ခ်ရှော့ပ်မှာ ဒီတိုင်းသွားထိုးမထားချင်တာနှင့် ...၊

အကြောင်းကြောင်းများကြောင့် ကားက ဖုံတုံးကြီး ဖြစ်နေခဲ့ရသည်။ လမ်းမှာ ထိုးရပ်သွားပြီဆိုမှ ဝပ်ခ်ရှော့ကိုသတိရမိသည်။

ကိုယ့်အပြစ်ပေမယ့် ညွန်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ခြင်းအလုပ်ကို စတတ်နိုင်သမျှရှောင်ရှားကာ ...

"ဟုတ်ပါတယ် .. နှစ်ဆယ့်ကိုးလမ်း အထက်ဘလောက် ဟုတ်ပါတယ်၊ လာဆွဲပေးလို့မရလားရှင့် .."

"..... ..... ....."

"ဘာဖြစ်မှန်းမသိဘူး .. အသံကြမ်းကြမ်းကြီးဖြစ်လာပြီး ထိုးရပ်သွားတာ .."

"..... ..... ....."

"ကျေးဇူးပါပဲ .. ကျွန်မ ဝပ်ရှော့ပ်ကို ကားသော့လာပို့ခိုင်းလိုက်ပါ့မယ်၊ တံခါးလော့ခ်တွေဖြုတ်ခဲ့တယ်နော် .. မြန်မြန်လေးလာပေးပါ.."

ဖုန်းပြောနေတုန်း မျက်နှာစပ်ဖြဲဖြဲနှင့် လူရှယ်နှစ်ယောက်အနားရောက်လာကာ ..၊

"ကားပျက်နေတာလား .."

"ဟဲ .. ဟဲ .. စိတ်ညစ်နေတဲ့ပုံပဲ .. ကူညီမယ်လေ လက်ခပေးဖို့ မလိုပါဘူး .."

"အဲ့ဒီမျက်နှာလေးနဲ့ အနားမှာပြုံးပြုံးလေးပဲ ရပ်နေပေး .."



ညွန်း ဘာမှပြန်မပြောဘဲ လမ်းကူးလာခဲ့သည်။ ကားထဲဝင်ပြီး ရအောင်စက်နှိုးနိုင်ရင်လည်း မောင်းသွားပါစေတော့ ကိုယ့်မှာ အရေးကြီး တွေ့ဆုံဖို့ချိန်းထားတာရှိနေသည်။

လမ်းတစ်ဖက်ရောက်တော့ လိုင်းကားမှတ်တိုင်မှာပဲ ခဏရပ်လိုက်ကာ ဖုန်းခါ၍ ..၊

"အောင်ခြိမ့် လား .. ငါ့ကို အပြင်ထွက်စောင့်နေစမ်း ကားသော့ယူပြီး (××)ဝပ်ခ်ရှော့ပ်ကိုသွားပို့ပေး .."

"..... ..... ....."

"ငါ ကုမ္ပဏီမဝင်နိုင်သေးဘူး .. သွားစရာရှိလို့ .."

"..... ..... ....."

"ငါရောက်ခါနီးရင် ဖုန်းဆက်မယ် .."

ဖုန်းပြောပြီးတာနှင့် ဝသန့် ဆီက ဖုန်းဝင်လာသဖြင့် ..၊

"ဝသန် .. ပြော .."

"..... ..... ....."

"ဟုတ်တယ် .. ငါ ခုထိမသွားရသေးဘူး၊ ကားက တစ်လမ်းလုံး ဒုက္ခပေးလာတာဟာ .. အခု လုံးဝထိုးရပ်သွားပြီ .."

"..... ..... ....."

"ထားခဲ့ပြီ .. မတတ်နိုင်ဘူး၊ ငါ လိုင်းကားပဲစီးသွားတော့မယ် .."

"..... ..... ....."

"အရေးကြီးတာပေါ့ ဝသန် ရယ် .. ကိုယ်ကတွေ့ချင်လို့ကြိုးစားရတဲ့လူလေ .. နောက်ကျလို့ဘယ်ဖြစ်မလဲ .. ဒါတောင် လိုင်းကားစီးပြီး ဘယ်လောက်ကြာဦးမလဲမသိဘူး .."

"..... ..... ....."

"တက္ကစီးလည်း ဘာမှမထူးပါဘူး သိပ်မှမဝေးတာ .."

"..... ..... ....."

www.burmeseclassic.com

www.burmeseclassic.com



"ကပ်စေးနဲ့တာမဟုတ်ဘူး ဝဿန် .. ကားတွေဒီလောက်ကျပ်နေတာ၊ တက္ကစီဖြစ်ဖြစ် ဘာကားဖြစ်ဖြစ် မိုးပျံဂီယာထိုးသွားနိုင်မှပဲ မြန်မှာထူးမှမထူးတာ ဘာလုပ်ဖို့လဲ .. ဒီကြားထဲ တက္ကစီစီးမိကာမှ ဖောရှောလုပ်တတ်တဲ့ ကားသမားမျိုးနဲ့တွေ့ရင် နားမီးနိုးအူပြီ .."

ပြောပြီး မြန်မြန်လက်စသတ်ကာ အဓိပတိကားကြီးထိုးရပ်လာသည်နှင့် ပြေးလွှားတတ်လိုက်သည်။ သူမလက်ထဲမှာ ပိုက်ဆံအိတ်ပြားလေးနှင့် ဖုန်းကလွဲပြီး လက်သန်းကွေးလေးမှာ ချိတ်ထားသည့် ကားသော့ပဲပါသည်။

သို့သော် လက်နှစ်ဖက်စလုံး မအားဘဲဖြစ်နေကာ ကားပေါ်ရောက်သည်နှင့် ထိုင်စရာခုံကို အပြေးအလွှားရှာမိ၏။ မနက်ဆယ်နာရီလောက်ပဲရှိသေးတာမို့ ကားက လူသိပ်မကျပ်ပေမယ့် ချောင်လည်းမချောင်ပေ၊

စပယ်ယာ၏ မှတ်တိုင်တွေရွတ်သံက နားထဲမှာ ဆူညံနေကာ ရုတ်တရက်ကားထွက်လိုက်တာနှင့် လူက ယိုင်ခနဲဖြစ်သွား၏။

ဖုန်းနဲ့ ကားသော့ရှိနေသည့် လက်နှင့် ထိုင်ခုံက ဘေးကွင်းကို ကမန်းကတန်းလှမ်းဆွဲလိုက်၏။

"အား ..."

"ဟင်!..."

"အောင်မလေးဗျာ .. ခြေထောက် .."

ဟင်!...

လက်ကိုင်ကွင်းမှာ အောက်ကပိသွားသည့်လက်ကို ဆောင့်ရုန်းလိုက်နိုင်ပေမယ့် ဒေါင်ဖိနပ်စာမိသွားသည့် ခြေထောက်က မချိမဆန့်နာကျင်သွားကာ ..၊

"တောက် ..."

သူမကိုယ်ကို မညှာမတာတွန်းပစ်လိုက်မိကာ ..၊

"ဒီလောက်ချွန်မြနေတာကြီးစီးပြီး ဘက်စ်ကားပေါ်တက်ရသ



သား .. မင်း .."

"အဲမှာ ..."

သူ တွန်းလိုက်သဖြင့် ရှေ့ခုံတွေကြားထဲ ပုံပျက်လဲပြိုသွားသည့်သူမကာ ပတ်ခနဲပြန်ရပ်လိုက်၏။

ပြီးတော့ သူ့ဘက်ကို ဆတ်ခနဲလှည့်လိုက်သည်။ စောစောကနောက်နားရှေ့မှာပြိုဆင်းသွားသည့်ဆံပင်တွေက လွင့်ခနဲစဖြာသွားလျက်..၊

"ဘတ်စ်ကားပေါ် ဒေါက်ဖိနပ်စီးပြီး မတက်ရဘူးလို့ ဘယ်မှာပြဋ္ဌာန်းထားတာရှိသလဲ .."

ကြည့်စမ်း .. ဒီမိန်းမ ..၊

သူမကို ကွန် ကောင်းကောင်းမှတ်မိနေသည်။ မျက်နှာသည်ပို၍ကျော့တင်မာသွားကာ ..၊

"ပြဋ္ဌာန်းထားတာရှိရှိမရှိရှိ သိတတ်ဖို့ကိုပြောတာ၊ ကိုယ့်ကိုယ်ကိုယ်အတယ်ထင်ပြီး ဘာလုပ်လုပ် အများကြားထဲဝင်တော့မယ်ဆိုရင် သူ့ဖို့ကိုယ့်ဖို့ကြည့်ရတယ် .."

"အေး .. သူ့ဖို့ကိုယ်ဖို့ အများကောင်းဖို့တွေ ကြည့်ပေးမိရင်လည်း သလောက်ရန်ပြန်တွေ့တတ်တဲ့ ယောကျ်ားတွေအတွက်မပါဘူး .."

"မင်း စကားပြောတာ မမိုက်ရိုင်းနဲ့ .."

"ယဉ်သင့်မှ ယဉ်မှာပေါ့ .. မင်း နာသလောက်လူကိုပြန်တွန်းလိုက်တာ ဒီမှာ ဘယ်လိုဖြစ်သွားလဲ မင်း ပြန်ကြည့်မိလား .."

"မကြည့်ဘူး .."

"ငါ့ဖိနပ်ကလည်း အဲဒီလိုလူတွေဆို နင်းပြီးသားပဲ .. ခံရမှာစိုးရင် ဆားဝေးနေ .."

"ဒီမှာ .. ဒီမှာ ဆရာတို့ အစ်မတို့ ရန်မဖြစ်ကြပါနဲ့ဗျာ .. အေးအေးပေါ့.."

စပယ်ယာက ကားခတွေတောင်းနေရင်း မျက်နှာက မိတ်မသည်ပုံနှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ခရီးသည်ချင်း သည်းခံပေးပါ တော်ကြပါတော့ .."

အသံတွေတိတ်သွားပေမယ့် နှစ်ယောက်၏မျက်လုံးတွေက ရှ ရဲရဲရှိနေကြဆဲပင် ...။ ပိုတိုးကျန်ရစ်သည့်ဒေါသများနှင့် ကွန် က သူ ဆံပင်ရှည်တွေနဲ့ကျောပြင်ကို စိုက်ကြည့်နေ၏။

လူကို ခွေးမောင်းသလို မောင်းထုတ်ခဲ့တုန်းကလည်း တကယ် လမ်းဘေးမှ ခွေးတစ်ကောင်ကဲ့သို့ သူပဲ ကျန်ရစ်ကာ သူမက လှည့် ထွက်သွားခဲ့၏။

ခုလည်း ကိုယ်က မှတ်မိလိုက်ပေမယ့် သူမက မမှတ်မိဘဲ သူ ကျောပြင်ကိုပဲ ဒုတိယအကြိမ်အံကြိတ်ငေးရင်း နှုတ်ဆိတ်ကျန်ခဲ့ရ သူ ...၊

မိန်းကလေးဖြစ်ပြီး အရပ်ငါးပေဆယ့်တစ်ရှိသည့် သူနဲ့ လယ် ပဲ ရှိနေသည်။ ဒေါက်ဖိနပ်စီးထားလို့ဖြစ်စေ သူမကိုက အရပ်မြင့်နေ ဖြစ်စေ၊ ယောကျ်ားတစ်ယောက်နဲ့ အရပ်အမောင်းလယ်ဗယ်ရှိနေတာ က မျက်စိစပါးမွေးစူးစရာဖြစ်နေ၏။

ကိုယ့်ရင်ခွင်ထဲမှာ သူမရဲ့ကျောပြင်မထိတထိဖြစ်နေတာကို ဘာ မကျဖြစ်ရရင်း နောက်တစ်မှတ်တိုင်မှာ သူ ဆင်းနေလိုက်သည်။

ဖုန်းဝင်လာလို့ကြည့်လိုက်တော့ ဆန်းဒေး ...၊

"မင်း မလာတော့ဘူးလား .."

"အေး .. ငါ မက်ဆေ့ချ်ပို့ထားတယ်လေ .."

"ခုပဲတွေ့တာ .. ဒါဆို .. ဝါဆိုဦး နဲ့ မင်း မတွေ့ဖြစ်ဘူးပေါ့ .."

"အေး .."

"ဘာဖြစ်လို့လဲ .."

"အနမ်း ရဲ့ မွေးနေ့အတွက် စပရိုက်လုပ်ပေးခဲ့တာကို ကွိုင် နေတာကွာ .. စိတ်ကုန်တယ် .."

"မင်းက အစတည်းက ပြတ်ပြတ်သားသားမှ မလုပ်တာ .."



"ငါ့စိတ်က ဖြစ်တဲ့အတိုင်းပဲ ဆန်းဒေး ...၊ တစ်ယောက်ပြတ်မှ တစ်ယောက်ကိုကြိုက်ရမယ်လို့ တားမြစ်ထားတဲ့ဥပဒေရှိရင်တောင် ငါ လိုက်နာမှာမဟုတ်ဘူး၊ ချစ်ရင်အောင်းမယ် မချစ်ရင် ညောင်း .. ဒါပဲ၊ ပြတ်တဲ့ ဆက်တဲ့အလုပ်တွေလုပ်ရအောင် ငါက အယ်ဒီတာမဟုတ်ဘူး.."

"ကွန်ရာ .. မင်းကတော့ .."

"ဟုတ်တယ်လေ .. ရည်းစားထားတာကို အက်ဒီတင်း လုပ်နေရ မလား ဟော့ကောင် .. စိတ်မဝင်စားဘူး .."

"အေးပါ .. ဒီကောင်မလေးကလည်း ပူစပ်စပ်လေးပါ၊ မင်းအခု ဘယ်မှာလဲ .."

"လမ်းပေါ်မှာ .."

"ဘာလုပ်နေတာလဲ .."

"လမ်းလျှောက်နေတာ .."

"ကားရော .."

"မပါဘူး .. တစ်မနက်လုံး ဘတ်စကားအဆင့်ဆင့်နဲ့ပဲ ကုန်းတစ်ခန့် ရေတစ်တန် .."

"ဟား .. ဟား .. ဟား .."

ဆန်းဒေး ရယ်နေတော့ သူပါ ပြုံးလိုက်မိသည်။

"မင်းကို သာလွန် က ပြောနေတယ်၊ ဒီကောင် ဖအေကို ပြန်ဖား နေတယ်တဲ့ .. အန်ကယ် ခိုင်းတာတွေ တာဝန်ကျေနေတယ်ဆို .."

"ဟုတ်တယ် .. စားသောက်ကောင်းအောင် ပြန်ပေးနေရတာ.."

"အေးပေါ့ကွ .. လုပ်ရမှာပေါ့၊ ငါနဲ့ သာလွန် တောင် တိုင်ပင်ထား ကြသေးတယ်၊ အလုပ်တစ်ခုခုစမ်းလုပ်ပြီး အဆင်ပြေမယ်ထင်ရင် ငွေ စိုက်မယ်ကွာ .."

"လုပ်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. မင်းလို မိဘကအလုပ်လေးလက်ဝင်လွှဲရုံ လုပ်စရာမရှိတော့ .."

"ဘယ်သူက မေးနေလို့ ရှင်းပြနေတာလဲ .."

"ပြောချင်လွန်းလို့ပါ .. ငါတို့က တစ်ဦးတည်းသော သားတော့ မဟုတ်ဘူးလေ၊ ပြီးတော့ .. ဥစ္စာပေါ ရုပ်ချော ပညာတတ်သူဌေးသမီးနဲ့ မကြာခင် လက်ထပ်ရကိန်းရှိတယ်လို့ ဗေဒင်ကလည်း ဟောကိန်းမထုတ်ခဲ့တော့ .."

"ဟိတ်ကောင် .. အဲဒီ ဟောကိန်းကြီးသည့်ပြောမနေနဲ့၊ စာရွက်စုတ်ထဲက တောင်ရေးမြောက်ရေးကို .."

"စာရွက်စုတ်ထဲက တောင်ရေးမြောက်ရေးက မင်းကျမှ ကွဲကွဲပြားပြား တိတိကျကျကြီး .."

"တော်စမ်းပါကွာ .. ဒါပဲ .."

"နေပါဦးဟ .. မင်းကို ငါတို့လုပ်ငန်းအကြောင်းလေး ပြောပြချင်လို့ .."

"ဘာလဲ .. ရှယ်ယာဆွယ်ချင်လို့လား .. လုံးဝစိတ်မဝင်စားဘူး-"

"နားထောင်ကြည့်လိုက်ပါဦး .. မင်းကလည်း .."

"မထောင်ချင်ပါဘူး .. စီးပွားရေးဆို စီးနေတဲ့ရေတောင် ပြေးမကြည့်ချင်ဘူး .."

"ဒါဆို ဘာစိတ်ဝင်စားလဲ .."

"ထိုင်နေရတာ စိတ်ဝင်စားတယ် .."

"သေနာ .."

"ဒါပဲ .."

အဆဲခံပြီးမှ ဖုန်းချလိုက်ရင်း ကိုယ့်ဘာသာပြုံးမိသည်။ သို့သော် သူ့အပြုံးတွေက ရှေ့မှာမျက်နှာချင်းဆိုင်ရပ်လိုက်သူတစ်ဦးကြောင့် တစ်



ပိုင်းတစ်စနှင့် အဆုံးသတ်ခဲ့ပြီး ..၊

"ကို့ကို တွေ့ချင်လို့ လိုက်ရှာနေတာ .."

ဝါဆိုဦး မျက်နှာလေးက တင်းနေသည်။ နာမည်ကြီးမော်ဒယ်ပီပီ ဆေးသားညီနေသည့် ပါးပြင်လေးတွေကအစ နှင်းဆီခင်းလေးလို ပန်းသွေးစို၍ နုညက်နေ၏။

မျက်တောင်ရှည်တွေကတော့ အစစ်မဟုတ်ပါ။ သူမကိုတွေ့လိုက်တိုင်း မျက်တောင်ရှည်တွေက ထူသိပ်ကော့နက်နေတတ်ကာ နှုတ်ခမ်းနီ ရင့်ရင့်နှင့်အမြဲတမ်း ..။

"ဒီည ရှိုးပွဲရှိနေတာတောင် ဘာမှပြင်ဆင်ချင်စိတ်မဖြစ်တော့အောင် ကို့အကြောင်းတွေချည်း ခေါင်းထဲရောက်နေတာ .."

"ဒါဆိုပြောမယ်လေ .. ဘယ်သွားကြမလဲ .."

"ဦး ချိန်းတဲ့နေရာကိုတော့ ဘာဖြစ်လို့မလာတာလဲ ကို .."

"အဲ့ဒါ သိချင်လို့ ဒီထိလိုက်လာတာလား .."

ကွန် က လမ်းဘေးမှာရပ်ထားသည့် ဝါဆိုဦး ရဲ့ ကားကိုလှမ်းကြည့်ပြီးမေးသည်။ သူမက ခေါင်းညိတ်တော့မလို ခါတော့မလိုနှင့် ဘာမှမဖြေဘဲနေလျှင် ..၊

"မင်း သိချင်တာ ဖုန်းဆက်မေးလိုက်လို့ရတာပဲ .."

"မနေ့က ကို ဘာဟင်းနဲ့ထမင်းစားလိုက်သလဲဆိုတဲ့မေးခွန်းမျိုးဆိုရင်တော့ ကိုဆန်မ်ဇ်တို့ကို မေးလည်းရတာပဲလေ၊ ဦး သိတာပေါ့ .. အခု ကို ဖြေတာကိုပဲကြားချင်တာ .."

"မင်း စကားအတိုင်းပြောရရင် ဘာဟင်းနဲ့ ထမင်းစားခဲ့သလဲဆိုတာမျိုးမေးရင်တော့ ကိုယ် ပြန်ဖြေမိမလားပဲ .."

"ဒါက ကို့ လုပ်ရပ်နဲ့ပတ်သက်တဲ့မေးခွန်းပဲလေ .. မျက်နှာများတဲ့ အလုပ်က ပေါ်ပြူလာတစ်ယောက်ဖြစ်ဖို့အထောက်အကူဖြစ်နိုင်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာချေးပေလို့ လူတွေဝိုင်းကြည့်တော့ ဂုဏ်ယူစရာမှမဟုတ်ဘဲ.."

"စကားတတ်တိုင်း ကိုယ့်ကို ဖဲ့ဖို့ဥပမာတွေနဲ့ ချေးငှားမနေနဲ့ဦး၊ အနမ်း ရဲ့ မွေးနေ့အတွက် ကိုယ်လုပ်ပေးခဲ့တာဟုတ်တယ်၊ မင်းပြောချင်တာ ဒါတွေပဲဆိုရင် မင်း ကျေနပ်အောင် ကိုယ်ဖြေရှင်းနိုင်မှာမဟုတ်ဘူး၊ အဲဒီတော့ အခု ကိုယ်နဲ့စကားပြောဖို့စိတ်ကူးရှိသေးလား .. မရှိတော့ဘူးလား .."

ဝါဆိုဦး မျက်နှာလေးနီမြန်းပုပ်သိုးသွားသည်။ ပြီးမှ မေးဖျားလေးပင့်လာကာ ..၊

"ဦး နဲ့ လိုက်ခဲ့ .."

"အိုခေ .."

သူမ လှည့်ထွက်သွားတော့ သူ ပြုံးလိုက်မိသည်။ ကားနားရောက်တော့ ကားသော့ပြန်လှည့်ပေး၏။ ကွန် က ခေါင်းခါ၍ ..၊

"ကိုယ် သူများကားကို မမောင်းဘူး .."

"ဟွန့် .."

မျက်စောင်းလေးတစ်စင်း လက်ခနဲကြွေသွားသည်။ ဘာဖြစ်ဖြစ် သူမကလည်း မီးခဲလေးပါပဲ ..။

တစ်နေရာရောက်ရင်တော့ မီးနဲ့လောင်စာ တွေ့ကြဦးမည်သာ ..၊

ထိုစဉ် ဖုန်းသံကြားသဖြင့် ကားမောင်းထွက်လိုက်ရင်း ဝါဆိုဦး က လှည့်ကြည့်သည်။ ကွန် က ငဲ့ကြည့်ပြီး ..၊

"ကိုယ့် အဖေ .."

လို့ ဖြေ၏။ ပြီးမှ ဖွင့်၍ ..၊

"ဟုတ် ဖေဖေ .."

"... ... ..."

"ဖေဖေ ကျွန်တော် မွေးနေ့နောက်တစ်ခုရောက်နေလို့ .."



ဝါဆိုဦး မျက်မှောင်ကုတ်သွားကာ မလိုအပ်ဘဲ ဘရိတ်နင်းပစ်လိုက်၏။

"ဟ ..."

ကွန် ရှေ့ကိုငိုက်ခနဲဖြစ်သွားကာ သူမကိုလှည့်ကြည့်လိုက်ပြီး ပြုံးသည်။ ပြီးတော့ ...

"ဟုတ်တယ် ဖေဖေ .. နောက်မွေးနေ့တစ်ခု .."

"... ... ..."

"ဟုတ် .. မိန်းကလေးပဲ .."

"... ... ..."

"မဖြစ်လို့ ဖေဖေ .. ပြီးတာနဲ့ ပြန်လ ါ့မယ် .."

"... ... ..."

"တမင်ကားမယူလာတာ .. ဖေဖေ အဲဒါတောင်မှ .."

"... ... ..."

"ဟုတ်ကဲ့ပါ .. ပြောပြတာပါ၊ ပြန်လာခဲ့ပါ့မယ် .."

ဖုန်းပြောနေတာကို မနည်းမျိုသိပ်စောင့်နေလိုက်ရကာ ..၊

"ကို့ အဖေကလည်း သား ရည်းစားတွေများနေတာကို တော်တော်သည်းခံနေတဲ့ပုံပဲ .. ဒါမှမဟုတ် .. ကို့ လိုပဲ .."

"နိုး .. ဖေဖေက အဲ့လိုမဟုတ်ဘူး .."

ကွန် က စိတ်မဆိုးဘဲရယ်လိုက်ရင်း ..၊

"ဖေဖေက အိမ်ထောင်ကျတဲ့အထိ ရည်းစားတောင်မထားခဲ့ဖူးဘူး၊ ပြီးတော့ စီးပွားရေးကလည်း နေ့ဖို့ညစာ မပူပင်ရလောက်တဲ့ အခြေအနေမျိုးပဲဆိုတော့ အိမ်ထောင်စုတစ်စုအတွက် ချေရာမှုမရှိသေးဘူးလေ၊ ဖေဖေက အရှမ်းကြိုးစားတာ .."

"ဒါဆို ကိုက ထိုင်ဖြုန်းနေတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"အပွန်း .."

"မိန်းကလေးတစ်ယောက်က ကို့ကို အားကိုးဖွယ်လည်းမရှိပါဘူး ဆိုပြီး စိတ်ပျက်သွားနိုင်တာ တွေးမိလား .."

"အခု မင်း စိတ်ပျက်နေလို့လား .."

"မေးကြည့်တာပေါ့ .."

"ဒါဆို ကိုယ်လည်းဖြေကြည့်မယ် .."

"အင်း .."

"ကိုယ့်ကိုယ်ကိုယ် မိန်းကလေးတွေအကြိုက်ဖြစ်အောင် နေထိုင်ဖို့ ကိုယ်ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး၊ နောက်လည်း စဉ်းစားမှာမဟုတ်ဘူး၊ ရည်းစားထားတဲ့အလုပ်က ဘဝအတွက်အရေးပါတဲ့ ဘာသာရပ်တစ်ခုမှမဟုတ်တာ .."

ဝါဆိုဦး က ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးမှ ရှေ့ပြန်လှည့်၍ ...

"အဲဒီစကားမျိုးကို ကိုယ့်ရည်းစားရှေ့မှာ ပြောထွက်တာ ကို တစ်ယောက်ပဲရှိသေးတယ် .."

"မင်းသိနေပြီးသားထင်လို့ပါ .."

"သိသာသိစေ မမြင်စေနဲ့တဲ့ .."

"မင်းဘက်က မမြင်စေချင်တာတွေကို ထိန်းသိမ်းတတ်ပေမယ့် ကိုယ်က မထိန်းတတ်ဘူး၊ ဖြွေဖြွေချင်း ခြေမြင်တာမျိုးလို့ပဲ သဘောထားနိုင်ရင် ပြီးပြီ .."

"ကိုက ဦးကို ကဲန်ဆယ်လ်လုပ်ထားလိုက်ပြီလား .."

"မင်းသဘောပါ .."

"ဟွန်း ..."

နှာကျင်သည့်မဲ့ပြုံးလေးနှင့် တစောင်းဖြစ်နေရသည့်မျက်နှာလေးက ပိုလှသွားသည်။ ဒါပေမယ့် မိန်းကလေးတစ်ယောက်၏အလှတရား



ကြောင့် သူ တုန်လှုပ်မိသည်ဆိုလျှင်တောင် ရူးသွပ်စွဲလမ်းသွားခြင်းမဖြစ်ခဲ့ဘူးတာ သေချာ၏။

မပြေလည်သေးသည့် အပြုံးအရယ်တွေကြားမှာ ဖေဖေ့ဆီက နောက်ထပ်ဖုန်းဝင်လာ၏။ သူ မကိုင်ဘဲထားလိုက်သည်။

တစ်ဖက်မှာ ဦးမင်းနိုင် စိတ်တွေတိုနေရကာ ...၊

"သားကတော့ ..."

"ရပါတယ် အန်ကယ်လ် .. သူနဲ့ ညွန်း နဲ့လည်း အစတည်းက ရင်းနှီးကြတာမဟုတ်တော့ ခုတွေ့တာမတွေ့တာ သိပ်မထူးပါဘူး၊ ညကျမှပဲ ဖုန်းဆက်ပါဦးမယ် ..."

"အေး .. သမီးရယ် .. အန်ကယ်လ်က မင်္ဂလာကိစ္စကို လိုလိုလားလား လက်ခံပါတယ်၊ ဒါပေမယ့် အဆောက်အဦ ကိစ္စကြီးပါနေတော့ ဒါတွေနဲ့ ရောထွေးသွားမှာစိုးမိတယ် .."

"ရှင်းရှင်းပြောရရင် ညွန်း အတွက်ကလည်း ဒါကြောင့်သာ ရောက်လာရတာပေါ့၊ စီးပွားရေးဖက်နေတာမို့လို့ တစ်မျိုးကြီးဖြစ်နေနိုင်ပေမယ့် အဲဒီလိုပွင့်လင်းလို့ရတဲ့ လူချင်းမို့လို့လည်း ညွန်း ကိုယ်တိုင်ရောက်လာပြီး ဒီကိစ္စကို ကမ်းလှမ်းတာပါ .."

"အင်း ..."

ဦးမင်းနိုင် ကလည်း ညွန်း ရဲ့ အရည်အချင်း အဆင့်အတန်းနဲ့ လူကြီးချင်းစီစဉ်ခဲ့တဲ့ကိစ္စအတွက် ကိုယ်တိုင်လာပြီး အစဖော်ခဲ့တာကို ကျေနပ်ပါသည်။ ဝမ်းပမ်းတသာလည်း လက်ခံချင်၏။

ဒါပေမယ့် စိတ်ထဲမှာ ခိုးလို့ခုလုတော့ဖြစ်နေမိသည်။ ကိုယ့်ဘက်က နိမ့်ပါးနေသည့် အခြေအနေတစ်ခုမှာ သူမကို မက်မောလို့ လက်ခံလိုက်လျော့ပေးခဲ့တာမျိုးဖြစ်သွားမှာက အသေအချာပင် ...။

ဒါကြောင့် ခေါင်းခါလိုက်ပြန်ရင်လည်း တစ်ဖက်က လာပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာ မိန်းကလေးကိုယ်တိုင်ဖြစ်နေသည်။ ထို့ပြင် သူမကိုယ်တိုင်က ဒီကိစ္စ အခက်အခဲဖြစ်နေလို့ပါလို့ ပွင့်လင်းထားတော့ ပိုဆိုး၏။

ကွယ်လွန်သွားကြသည့် သူငယ်ချင်းတွေမျက်နှာကို ထောက်ထားရမည်။ တစ်ယောက်တည်း ကျန်ရစ်ရှာသည့် မိန်းကလေးတစ်ယောက်အတွက်လည်း မငဲ့ညှာလို့မဖြစ် ..။

မဖြစ်သည့်အဓိကအကြောင်းတစ်ခု ထပ်ရှိတာက ကွန် လက်ခံမှာ မဟုတ်ခြင်းပင် ..။

ဖြစ်လာသည့်အခြေအနေနှင့် လူငယ်တစ်ယောက်၏ အတွေးအမြင်ဆွဲနဲ့ ထော်လော်ကန့်လန့်စကားတွေ ထပြောလာမှာသေချာသလောက်ရှိ၏။

"အန်ကယ်လ် ဘာစဉ်းစားနေလဲဆိုတာ ညွှန့် သိပါတယ်၊ ဟို .. ညွှန့် ဘက်ကလည်း ပွင့်ပွင့်လင်းလင်းပြောပြထားမှဖြစ်မယ့်အခြေအနေ ရှိနေလို့ပါ၊ ဘာပဲဖြစ်ဖြစ် အဆောက်အဦးကိစ္စက လက်ငင်းရှင်းရတော့မှာလေ .."

"အေး .. သမီးကပွင့်ပွင့်လင်းလင်းပြောပြလာတာ ကောင်းပါတယ်၊ အန်ကယ်လ်ကလည်း လူကြီးချင်း ကတိစကားရှိခဲ့တာကြောင့်ပဲ မဟုတ်ဘူး၊ သမီးကိုလည်း ထိန်းကျောင်းခဲ့ဖူးတယ်၊ ချစ်လည်းချစ်ပါတယ်၊ ခုလို တစ်ကောင်ကြွက်ဖြစ်နေတော့ ပိုပြီးကူညီချင်တယ်၊ သမီးရဲ့ ပြဿနာက အန်ကယ့်လ် ပြဿနာပဲ .."

"ဒါဆိုလည်း ခေါင်းညိတ်လိုက်ပါ အန်ကယ်လ် .. ညွှန့် အတွက် အဲဒီပြဿနာကြီးက တကယ့်အကြီးကြီးဖြစ်နေလို့ပါ .."

"သမီးရယ် .. အန်ကယ်လ်က လက်ခံပြီးသားပါ၊ သမီးရှေ့ရောက်မှ သားက မဖွယ်မရာတစ်ခုခုပြောမှားဆိုမှားဖြစ်သွားမှာစိုးတာ၊ လက်မခံနိုင်ပါဘူး ထဖြစ်လိုက်ရင်လည်း သမီးရဲ့ ဂုဏ်သိက္ခာကရှိသေးတယ်လေ.."



"လောလောဆယ် လက်ထပ်ကြမှာလည်း မဟုတ်သေးဘူးပဲ အန်ကယ်လ် .."

ညွှန့် မျက်နှာလေးက သူမ ဘယ်လိုကိစ္စအကြောင်းအရာကို ပြောနေသည်ဆိုတာလည်း ဂရုစိုက်ပုံမပေါ်ပေ ..။ ဦးမင်းနိုင် က ဖုန်းပြောပြီး မထိုင်ဖြစ်သေးသောကြောင့် သူမကလည်း နေရာမှ ထရပ်လိုက်ကာ ဦးမင်းနိုင် ရှိရာ လျှောက်သွားရင်း ..၊

"နောက်ဆုံး သူ့ဘက်က ညွှန့် ကို ဘယ်လိုမှ လက်မခံနိုင်ပါဘူးဆိုရင် နောက်ပြန်ဆုတ်လို့ရပါတယ် .."

"ဒါဆို အန်ကယ်လ်က သမီးအဆင်ပြေအောင် ဒီအဆောက်အဦးကို ဒီတိုင်းပဲ ဖျက်သွားပေးမယ်ဆိုရင်ရော .."

ညွှန့် မျက်နှာလေးတစ်မျိုးဖြစ်သွားသည်။ ပြီးတော့ ဦးမင်းနိုင်ကို သေချာကြည့်ကာ ..၊

"အန်ကယ်လ်က ညွှန့် နဲ့ စေ့စပ်ပေးဖို့ကို .."

"မဟုတ်ဘူး သမီး .. သမီးဖြစ်ချင်နေတဲ့အဓိကက စေ့စပ်ဖို့မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက်အတွက် ဒီလိုစွန့်စားမှုမျိုးမလုပ်သင့်သလို အန်ကယ်လ်ကလည်း လူကြီးတစ်ယောက်ဖြစ်နေတဲ့အတွက် သမီးရဲ့ အခက်အခဲပေါ်မှာ အခွင့်အရေးယူသလိုမလုပ်နိုင်ဘူး .. အဲ့ဒါကြောင့် –"

"အန်ကယ်လ် အဲဒီလိုတွေးပေးတဲ့အတွက် ညွှန့် အရမ်းလေးစားပါတယ်၊ မေမေတို့ရဲ့ မိတ်ဆွေကောင်းတစ်ယောက်နဲ့ ဆုံခွင့်ရတဲ့အတွက် မိဘရင်းအစားရသလိုပဲ ခံစားလို့ရပါတယ် အန်ကယ်လ်၊ တကယ်လို့ ညွှန့် ပြောနေတာက ညွှန့် ရဲ့ဘဝအတွက်လည်းပါတယ်ဆိုရင် အန်ကယ်လ် ပြောတာက ဥပေက္ခာဆန်သွားနိုင်တယ်ဆိုတာ ပြန်စဉ်းစားကြည့်ပါဦး–"

"ဟော !..."

ဦးမင်းနိုင် အံ့သြသွားမိသည်။ ညွှန့် မျက်နှာလေးက ရဲရဲပြောရဲ့

ရင်ဆိုင်ရင်း သူမ လိုချင်တာကို အပိုင်သိမ်းယူနိုင်ဖို့သာ အဓိကဖြစ်နေသော ကြောက်ရွံ့ခြင်းကင်းလျက် ...။

"ဝန်ခံရမယ်ဆိုရင်တော့ အိမ်ထောင်ရေးသက်သက်မဟုတ်ဘူးဆိုတာ မှန်ပါတယ်၊ ညွှန်း လည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပါပြီ၊ ဒါပေမယ့် အဲ့ဒီလိုကိစ္စတွေကို အစတည်းက ဒီနေ့ထိ ညွှန်း စိတ်မဝင်စားခဲ့ဘူး၊ စိတ်မဝင်စားဘဲနေလို့ရပေမယ့် အရေးကြီးဆုံးစိတ်ဝင်စားသင့်တဲ့ကိစ္စဆိုတာလည်း သိနေတယ် .."

သူမ စကားပြောသည့် လေယူလေသိမ်းကတော့ ဆွဲဆောင်မှုရှိနေတာ အမှန်ပင် ...။ လေသံအရရော စကားလုံးကအစ သူများကို စိတ်ဝင်စားခြင်းဖြစ်စေလျက် ...။

"ဒီအဆောက်အဦးနှစ်ခုကို ပူးတွဲပစ်လိုက်ဖို့က ညွှန်း တို့ စေ့စပ်ထားလိုက်တဲ့အတွက် အတွင်းထရံအပြင်ကာသလို ဘေးလူအမြင်မှာ အဆင်ဆိုးတာမျိုးဖြစ်သွားရင်သွားမယ် ညွှန်း တို့အတွက် မျက်နှာစာလှသွားမှာတော့ အမှန်ပဲ အန်ကယ်လ် .. အဲ့ဒါကြောင့် အန်ကယ်လ်စိုးရိမ်နေတာကို ဖျောက်လိုက်ပါ၊ တခြားလူဝေဖန်မှာလည်း ညွှန်း ဂရုမစိုက်ဘူး .."

"သမီးအတွက် ဒီအဆောက်အဦးမပြီးချင်တာအဓိကဖြစ်နေတာပေါ့ .."

"အိမ်ထောင်ရေးလည်းပါတယ်လို့ အန်ကယ်လ်ကို ရှင်းပြနေတာပါ၊ အန်ကယ်လ်နဲ့ ညွှန်း ခုမှ သေချာဆုံဖူးပေမယ့် ဖေဖေတို့ မေမေတို့နဲ့ ဘယ်လောက်ထိရင်းနှီးခဲ့တယ် ဘယ်လိုအရေးကြီးတဲ့အတွင်းရေးတွေထိ အန်ကယ်လ်တို့နဲ့ တိုင်ပင်လုပ်ဆောင်ခဲ့ကြတယ်ဆိုတာတွေထိ ညွှန်း အသေးစိတ်သိတယ် .."

"ဘယ်သူပြောပြတာလဲ .."



"မေမေနဲ့ ဖေဖေ့ ဒိုင်ယာရီတွေကိုရှာဖတ်ရတာပါ၊ အန်ကယ်လ်ကို မြင်လိုက်တော့ ညွှန်း မှတ်မိတယ်၊ ဒါပေမယ့် မသိဘူး၊ အန်ကယ်လ် ဒီစတိုးဆိုင်ကမှန်း မသိခဲ့သေးဘူး။ ညွှန်း ကိုယ်တိုင်က တခြားသူအပေါ်မှာ စိတ်ဝင်စားမှုနည်းတဲ့အကျင့်ရှိခဲ့တာပါ .."

"အင်း ..."

ဦးမိုးနိုင် က ခေါင်းညိတ်ရင်း ဆိုဖာမှာ ဝင်ထိုင်ကာ ...။

"ထိုင် သမီး .. ထိုင် .."

ညွှန်း က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး ...။

"လမ်းချဲ့မယ့်ပြဿနာပေါ်လာမှ ကိုယ့်ရဲ့ အိမ်နီးချင်းတွေကို ဂရုစိုက်မိလာတာ၊ အဲဒီကျမှ အန်ကယ်လ်ကို ညွှန်း သိနေတယ်ဆိုတာ ပြန်ပေါ်လာတာ၊ ကူကယ်ရာမဲ့နေတုန်းမှာ ကယ်တင်ရှင်တွေကို တွေ့လိုက်သလိုခံစားရတယ်၊ ဒါကြောင့် အန်ကယ်လ်ပုံကိုဓာတ်ပုံရိုက်ယူပြီး မန္တလေးက အဒေါ်ဝမ်းကွဲတွေဆီသွားတွေ့ခဲ့တာ .."

ဟိုရောက်တော့ ဦးမင်းနိုင် တို့နဲ့ ဖေဖေတို့ ဘယ်လိုချစ်ခင်ခဲ့ကြတာတွေ၊ သူတို့က ကလေးမရကြသေးသဖြင့် ကလေးချစ်တတ်သော ဦးမင်းနိုင် တို့ လင်မယားက ညွှန်း ကို လက်ပေါ်ကမချအောင်ချစ်ခဲ့ကြတာတွေ ဒေါ်လေးဆွေ က ပြောပြခဲ့သည်။

ဦးစံသုမောင် တို့ လင်မယား တစ်ယောက်နဲ့တစ်ယောက် အထင်မြင်လွဲကာ တစ်ယောက်ကရွှံ့လိုက် တစ်ယောက်က ကောက်လိုက်နှင့် ပြဿနာတွေတက်ကြသေးသည်။

ထိုစဉ်ကလည်း ဦးမင်းနိုင် တို့ လင်မယားကပဲ သက်စွန့်ဆံဖျားသွားရောက်ပြီး ပြဿနာကို အမိဖမ်းဖော်ထုတ်ပေးခဲ့ကြသည်လို့ဆို၏။

ထို့ပြင် ဦးမင်းနိုင် တို့ လင်မယား၏ စိတ်ထားဖြောင့်မှန်ပုံ အရေးကြီးလျှင် သွေးနီးပုံက သွေးသားရင်းချာကဲ့သို့ စွန့်လွှတ်အနစ်နာခံတတ်

www.burmeseclassic.com

www.burmeseclassic.com



ပုံတွေ သေချာသိခဲ့ရသည်။

"ကွဲကွာခဲ့တာကြာနေပြီပေမယ့် သမီးကို မမ သမီးဆိုတာသိသွားတာနဲ့ သူတို့သမီးအရင်းလေးလို ချက်ချင်းရင်းနှီးသွားမှာပါ၊ အကူညီလိုရင် ပွင့်ပွင့်လင်းလင်းပြောပြလိုက် သမီး .. သူတို့ ခေါင်းခါမှာမဟုတ်ဘူး .."

လို့ ဒေါ်လေးဆွေ သေချာပြောတာတောင် တစ်ခြမ်းလုံးပိတ်ထားခဲ့သည့် မေမေတို့ တိုက်ကြီးထဲကနေ ဒိုင်ယာရီတွေ သွားရှာယူခဲ့ပြီး ဖတ်ကြည့်မိသေးသည်။

"ဒိုင်ယာရီဆိုတာ ရင်ထဲက စကားအမှန်တွေပါ အန်ကယ်လ်၊ ဒေါ်လေးဆီက ဒိုင်ယာရီတွေတောင်းယူခဲ့ပြီး မေမေတို့ ရင်ထဲကစကားတွေကို အတိအကျသိရအောင်ကြိုးစားခဲ့တာပါ၊ ဒါကြောင့် အန်ကယ့်လ်ကို မေမေတို့ရဲ့ 'မင်းမင်း' ခေါ် ဦးမင်းနိုင် ဆိုတဲ့လူမှန်းသိလိုက်ရတော့ ညွန့်း ဝမ်းသာခဲ့တယ် .."

"ဟင် ..."

ဦးမင်းနိုင် ခေါင်းခဲသည့် သက်ပြင်းရှည်ကြီးနှင့် မျက်နှာခပ်လွှဲလွှဲဖြစ်နေခဲ့၏။

"ညွန့်း ဘက်က ပွင့်လင်းရဲခဲ့တာ အဲဒီရင်းနှီးမှုတွေကို ယုံကြည်လို့ပါ၊ တစ်ဆက်တည်း ပွင့်ပွင့်လင်းလင်းပြောရဦးမယ်ဆိုရင် ညွန့်း ရဲ့ ယောက္ခမဖြစ်လာမှာပေမယ့် မိဘလိုသဘောထားကိုးကွယ်မှာပါ၊ မိဘလိုပဲပြင်လမ်းပြနိုင်မယ့်လူ ဖြစ်မယ်မှန်းလည်း ယုံကြည်ပါတယ် .."

ညွန့်း က စကားခဏနားလိုက်သည်။ ပြီးမှ ခပ်လွှဲလွှဲငိုင်နေသည့် ဦးမင်းနိုင် ကို ကြည့်၍ ..၊

"ညွန့်း တစ်ယောက်တည်းပြေးလွှားအုပ်ချုပ်နေရတဲ့ အဖြစ်ကနေ အန်ကယ့်လ်ကို တစ်ဖက်တစ်လမ်းက အားကိုးလို့ရမယ်ဆိုရင် .."



"အန်ကယ်လ်က .. ဒီစီးပွားရေးလုပ်ငန်းတွေလောက်ပဲ .."

"အန်ကယ်လ် ကျေနပ်ရောင့်ရဲနိုင်တာ သိပါတယ်၊ ဒါပေမယ့် ကောင်းပန်းဝယ်ပန်းပွင့်လန်းခြင်းဆိုတာ နေရာဒေသနဲ့ သက်ဆိုင်တယ်လေ၊ အန်ကယ်လ် ဒီကဖျက်ပြီး တခြားမှာပြန်လုပ်ရင်တော့ ဒီနေရာမှာအဆင်ပြေသလို ဟိုမှာ ပြေဖို့ မသေချာတော့ဘူး .."

ဦးမင်းနိုင် မျက်မှောင်ကုတ်သွားသည်။

"ဒီကနေ ရွှေ့ဖယ်ပေးဖို့ အန်ကယ်လ် သဘောတူလိုက်တာနဲ့ နောက်တစ်နေရာမှာ ဖြစ်လာမှာတွေကို ထည့်စဉ်းစားရတော့မှာလေ၊ ညွန့်း ကလည်း အန်ကယ်လ် တွေးချိန်မရအောင် အရင်လိုနေတော့ .."

"ဟုတ်တယ် သမီး .. သမီးဆန္ဒကို ဖြည့်ဆည်းပေးဖို့ပဲ ဆုံးဖြတ်ချင်တဲ့စေတနာကရှိပြီးသားပါ၊ အန်ကယ်လ်တို့က ယောကျ်ားသားနှစ်ယောက်၊ သမီးက အန်ကယ့်လ်သူငယ်ချင်းတွေရဲ့ သမီးလေး၊ မိန်းကလေးတစ်ယောက်တည်း အဲ့ဒီအတွက် သမီး ဘယ်လောက်ချမ်းသာနေနေ အကျပ်အတည်းတစ်ခုမှာ ပိတ်မိနေပြီဆိုရင် အန်ကယ်လ်က တတ်နိုင်တဲ့ဘက်က ရှင်းပေးချင်တယ် .."

"ဟုတ်ကဲ့ .. ညွန့်း အကြွင်းမဲ့ယုံကြည်ပါတယ် .."

"သမီး အရင်လိုနေတာကလည်း အခု သမီးပြောနေတဲ့ကိစ္စက ဖြစ်လာမယ့် ကံတရားကို ဖျက်ချပြင်ဆင်ဖို့ကြိုးစားတာမျိုးဆိုတော့ သမီး အရင်လိုစိတ်လှုပ်ရှားနေတာ သဘာဝကျတယ်၊ ဒါပေမယ့် အန်ကယ့်လ်ကို ယုံကြည်တဲ့အပိုင်းအတွက် အန်ကယ့်လ်ဘက်က ကူညီမှာပါ၊ အိမ်ထောင်ရေးကိုတော့ .."

"အိမ်ထောင်ရေးမဟုတ်သေးပါဘူး အန်ကယ်လ် .. စေ့စပ်ထားရုံပါ .."

"စေ့စပ်ပြီးရင် သမီးက ပြန်ဖျက်မှာလား .."

"အဲ့လိုမဟုတ်ပါဘူး၊ သူ့ဘက်က မချေရာတာအတွက် မသေချာ

www.burmeseclassic.com



တဲ့ အပိုင်းကို လွှတ်ထားပေးရမှာမျိုးပါ၊ ရှင်းရှင်းပြောရရင် ညွန်း က ဒီနေရာကိုလည်း လိုချင်တယ်၊ မိဘလိုအားကိုးရတဲ့ အုပ်ထိန်းသူ လူကြီး တစ်ယောက်ကိုလည်း ရချင်တယ် ..''

ဦးမင်းနိုင် မျက်လုံးပြူးသွားသည်။ ညွန်း ကတော့ အေးဆေးပင် ..

''သမီးလို သဘောထားပြီးစောင့်ရှောက်တာယက် ချွေးမဖြစ်နေတဲ့ တော်စပ်မှုပါ ထပ်ရတာဆို ပိုကောင်းတာပေါ့၊ စေ့စပ်ထားဖို့ပဲလိုတာ ပါ၊ လက်ထပ်ဖြစ်တာမဖြစ်တာကြောင့် ညွန်း ကို အန်ကယ်လ် အားနာ စရာမလိုပါဘူး ..''

ဟင် ..၊

အထပ်ထပ်အံ့ဩရရင်း ဦးမင်းနိုင် ရဲ့ မျက်ခုံးတွေပင့်တက်နေရာ ကနေ ပြန်မကျနိုင် ..။

''ဒီတိုင်းနဲ့တောင် အန်ကယ်လ် ခုလောက်ထိ ကူညီပေးနိုင်နေတာ သူနဲ့ ညွန်း နဲ့ စေ့စပ်ပြီးရင် ညွန်း ဘက်ကတော့ ဖျက်ဖို့မရှိဘူးလေ၊ သူ သဘောမကျလို့ ဖျက်သွားရင်လည်း အန်ကယ်လ်က ညွန်း နဲ့ တော်စပ်မှုကို ဖျောက်ဖျက်ပစ်မှာမဟုတ်ဘူးဆိုတာ ညွန်း ယုံတယ်၊ ဒါ့အပြင် ပိုပြီးတော့တောင် နွေးထွေးလာနိုင်သေးတယ် ..''

ဒီကောင်မလေး စေ့စပ်ပြီး ပြန်ဖျက်သွားတာကိုများ လိုချင်နေတာ လား ..၊

မတော်တရော်တွေတွေးမိပြီး နားမလည်နိုင် ..၊

''ညွန်း က အိမ်ထောင်ရေးကို ပေါ့ပေါ့လေး တွက်နေတာမဟုတ် ပါဘူး၊ သူက အန်ကယ့်လ်သားပေမယ့် အန်ကယ့်လ်ကို မိဘလိုယုံကြည် တဲ့အတွက် ကိုယ့်မိဘက စီမံပေးသလိုပဲ ယုံကြည်တာမျိုးပါ ..''

''အင်း ...''

''ဒါပေမယ့် အန်ကယ်လ်စိတ်ပူသလို သူ့ဘက်က သဘောမတူ



ခင်ဆိုတာတွေကိုလည်း ထည့်တွက်ရမှာလေ၊ စေ့စပ်ပြီးဖျက်သွားရတာ ဘက် ညွန်း မှာ ယောက္ခမအရိပ်ရှိတယ်ဆိုတာကို လိုချင်တာ၊ ညွန်း ကတော့ မိဘရသလိုပါပဲ ..''

''မဟုတ်သေးဘူး သမီး .. သမီးက အရမ်းပွင့်လင်းတော့ အန်ကယ်လ် ဘာပြောရမှန်းမသိအောင်ဖြစ်သွားတယ်၊ စေ့စပ်ပွဲဖျက်သွားတာလည်း မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအညွန့်ကျိုးတာပဲ ..''

''ဒါက ရောင်းပန်းမလှတော့တဲ့ ထုတ်ကုန်တစ်ခုလိုမျိုးပြောတာ ပါ၊ ညွန်း ကတော့ နောက်ထပ်ရောင်းပန်းလှတာမလှတာကို ဂရုမစိုက် ဘူးပဲ .. ညွန်း လိုချင်တာ အိမ်ထောင်ဖက်ယောကျ်ားတစ်ယောက် မဟုတ်ဘူး၊ မိဘအုပ်ထိန်းသူတစ်ယောက်ရဲ့ အရိပ် ..''

''သမီးရယ် မိဘတွေကိုယ်တိုင် ကိုယ့်သားသမီးကို သက်ဆုံးတိုင် စောင့်ရှောက်စောင့်ရှောက်မသွားနိုင်ကြလို့ စိတ်ချရတဲ့ခင်ပွန်းကောင်းရဲ့ လက်ထဲ ..''

''မေမေတို့က ညွန်း ကို တစ်ယောက်တည်းထားသွားခဲ့တာ ဟို ငယ်ငယ်လေးတည်းကပါ ..''

ခက်ပြီပဲ ..။

''ဘာဘာဝဆိုတဲ့ ကွန်ချာအောက်မှာ မိန်းမသားတစ်ယောက်တည်း နေပတည်ဖို့ ဘယ်လိုသက်သေနဲ့မှ မတင့်တယ်နိုင်ဘူးဆိုတဲ့ သတ်မှတ် ချက်က ရှိပြီးသား၊ ဒါပေမယ့် တင့်တယ်ခြင်း မတင့်တယ်ခြင်းဆိုတာ မိမိဘာသာ ဆုံးဖြတ်တာပဲ၊ သစ်ပင်တစ်ပင်အောက် ပြေးဝင်လိုက်ါတိုင်း အရိပ်မရပါဘူး ..''

သူမလေးကလည်း ကိုယ့်ဒဿနနဲ့ ကိုယ်ပါလား ..။

''မိန်းမတစ်ယောက်ဖြစ်နေတိုင်း အမှီအခိုရှိနေဖို့မှ မလိုတာ၊ ယောကျ်ားတိုင်းလည်း အားကိုးဖွယ်ဖြစ်မနေပါဘူး ..''

www.burmeseclassic.com

ကိုယ့်သားနဲ့ ပတ်သက်ပြီး ကြားသိထားတာတွေများရှိနေလို့လား နည်းနည်းတော့ မျက်နှာပျက်သွားမိလေသည်။

"ညွန့် က တစ်ယောက်တည်း ရပ်တည်နိုင်တယ်ဆိုပြီး မာန်မာန စကားတွေပြောနေတာမဟုတ်ပါဘူး၊ အန်ကယ်လ်စိတ်ပူနေတာ သိလို့ ပြောတာပါ၊ တစ်ယောက်တည်းနေလာခဲ့ရတာ အကျင့်ပါနေပြီဆိုတော့ ညွန့် အတွက် နှစ်ယောက်ရှိနေဖို့မနေဖို့ကိစ္စက တခြားသူတွေလောက် တော့ အရေးမပါတာ အမှန်ပဲ .."

လူကြီးတစ်ယောက်ရဲ့ ကြိုမြင်တွေးပူတတ်ခြင်းကို လူငယ်တွေ နားမလည်နိုင်ပါ။

ဒီလိုပူပင်တတ်ခြင်းဟာ တစ်ခါတလေ အတ္တဆန်ဆန်လွန်ကဲသွား နိုင်သည်။ လူငယ်တွေအတွက် စေတနာပိုရင်းအဆိပ်အတောက်သဖွယ် သက်ရောက်သွားနိုင်တာလည်း ဖြစ်တတ်သေးသည်။

ဒါပေမယ့် တွေးပူမိတဲ့အတိုင်းဖြစ်လာတတ်တာကတော့ ရှစ်ဆယ် ရာနှုန်းမကရှိနေတာပါ။ ဒါဟာ ကိုယ်တိုင်ဖြတ်သန်းခဲ့ရသော လူတစ် ယောက်ရဲ့ ဘဝပေးအသိဖြစ်သည့်အလျှောက် ဒီလိုအသိမျိုး လူငယ်တွေ မှာ ဘယ်လိုမှ ရှိနေနိုင်မှာမဟုတ် ..။

ညွန့် ဆိုတဲ့ မိန်းကလေးမှာ မိန်းမတစ်ယောက်ရဲ့ စည်းစိမ်ဥစ္စာ မည်သော အလှကျက်သရေအပြည့်ရှိသည်။ ထက်မြက်ကောင်းမွန်သည့် အရည်အချင်းကောင်းတွေလည်းရှိပါ၏။

ဒါပေမယ့် စလယ်ဝင်အိုးက စလယ်ဝင်အိုးပဲဖြစ်သည်။ ပြည်ဝင်အိုး နဲ့ ယှဉ်ဖို့ မလွယ် ..။

သူမလေးကို သူ ပြောပြချင်တာတွေရှိသေးသည်။ သူမက မိဘအရေ ထား၍ ပွင့်လင်းပါသည်ဘယ်လိုပဲပြောပြော ကိုယ်ကတော့ ယောက်ျား လေးရှင်ဘက်က အဖေတစ်ယောက်ဖြစ်နေသည့်အတွက် အပြောခက်



အဆိုခက် ..။

ဒါတွေကို သားနဲ့ တစ်ခါတည်း မျက်နှာချင်းဆိုင်ပြောဖြစ်ကြရင် တော့ သူမရဲ့ ယုံကြည်မှုတွေရော၊ သူ့ရဲ့ ပူပန်မှုတွေအားလုံးရော တစ်ထိုင် တည်းမှာ အဖြေထွက်သွားနိုင်၏။

ဆုံဖြစ်ဖို့လည်း သူ ကြိုးစားခဲ့သေးသည်။ ဒါပေမယ့် ကံကြမ္မာ တကြိုးရှင်က ဘယ်လိုပဉ္စလက်တွေနဲ့ လွဲဖယ်စေခဲ့သည်မသိပေ ..။

သူကတော့ ဒီ့ထက်ဆက်တိုးပြောဖို့ စိတ်မကူးတော့ပါ။ သားနဲ့ သူမ တွေ့ကြပါလိမ့်မည်။ ကာယကံရှင်တွေ ဆုံကြသည့်အခါမှာ ထွက် လာသည့်အဖြေကသာ အဓိက အလိုအပ်ဆုံးမို့ ..၊

"ကောင်းပြီလေ .. သားနဲ့ သမီးတို့ဆွေးနွေးကြဦးပေါ့၊ နှစ်ယောက် အဆင်ပြေမယ့်တစ်ရက်ရက် .."

"ညွန့် က အဆင်ပြေပါတယ် အန်ကယ်လ် .. ဒါပေမယ့် တွေ့ကြ ဖို့လိုပေမယ့် မတွေ့ဘဲလည်း ရပါတယ် .."

"ဘယ်လို .."

"အန်ကယ်လ်က ညွန့် ကို ကိစ္စအားလုံးကူညီပေးဖို့ လက်ခံလိုက် ပြီဆိုရင် အားလုံးအိုခေပါတယ် .."

"မဟုတ်သေးဘူးလေ .."

"ဟုတ်ပါတယ် .. ညွန့် က လိုလိုလားလားလာကမ်းလှမ်းတဲ့ အကြောင်း သူ့ကို ပြောပြလိုက်ပါ၊ သူတွေ့ချင်တယ်ဆိုရင် ညွန့် ဆီကို သူလာလို့ရတယ် ဒီနားကပ်လျက်လေးပဲလေ .. အဲဒီမှာ ညွန့် အချိန် ပြည့်ရှိတယ်၊ မရှိရင် တစ်ခါတလေ တစ်နေကုန်ပဲ အဲဒါမျိုးဆို အိမ်ကို လာလို့ရတယ် .."

သူမချည်းပဲ လိုအပ်တာတွေ ပြောပြသွားကာ ..၊

"အဲ .. သူက မတွေ့သေးဘူးဆိုရင်လည်း ရတယ် မလိုဘူးလို့ ..

www.burmeseclassic.com

www.burmeseclassic.com



နော် .. စေ့စပ်ဖို့ ရက်သတ်မှတ်ပြီး ညွှန်း နဲ့ အန်ကယ်လ်ပဲ စေ့စပ်ပွဲဖြစ်မြောက်ရုံ လုပ်လိုက်မယ်လေ ..”

‘ညည်းအဆင်ပြေရင်ပြီးတာပဲ’ လို့ ပြောရအောင်က စေ့စပ်တာကို တစ်ယောက်တည်း ဖြစ်မြောက်နေလို့လည်းမရ ..၊

သူမကတော့ တစ်ဖက်တည်းဖြစ်ဖြစ် တစ်ခြမ်းတည်းဖြစ်ဖြစ် စေ့ပေးထားပြီးသည့်အဖြစ်ကိုပဲ အလိုရှိနေသည့်လောဘတွေနှင့် ..၊

“ညွှန်း ကို ခွင့်ပြုပါဦး အန်ကယ်လ် ..”

ပြောစရာရှိတာတွေ အိတ်သွန်ဖာမှောက် ဖွင့်ချခဲ့ပြီး ကိုယ်ဆုံးဖြတ်ချက်နဲ့ကိုယ် နှုတ်ဆက်၏။

နီမြန်းထူပြည့်သည့် နှုတ်ခမ်းသားလေးတွေ ပြုံးချိုနေပုံကလည်း လိုချင်တာရသွားသည့် ကလေးတစ်ယောက်လိုမျိုး ..။

ဦးမင်းနိုင် ပြောသင့်ပေမယ့် မပြောလိုက်နိုင်သော စကားလုံးတွေ ပါးစပ်ထဲမှာ တစ်လုံးတစ်ဝမျိုသိပ်ရင်း ကျန်ခဲ့လေသည်။

အဖေနဲ့လည်းမတူ၊ အမေနဲ့လည်းကွဲပြားနေသော တစ်ဦးသောသမီး ညွှန်း ဆိုသည့် မိန်းကလေးကို နားမလည်နိုင်၊ မရှိတော့သည့်လူတွေကို ပြေးမေးကြည့်လို့ရမယ်ဆိုရင်လည်း အကောင်းသား ..။

‘ကိုသု ဘယ်လိုမွေးထားတာလဲ ..’

‘ပြောစမ်းပါ .. ဘယ်သူနဲ့ပုံစံတူထုထားတာလဲ’ လို့ ..။



## အခန်း (၅)

“ဘယ်လို ဖေဖေ .. ညွှန်း ဟုတ်လား ..”

“အေး ...”

“နာမည်က ညွှန်း ပဲလား ..”

“မဟုတ်ဘူး .. ဒါပေမယ့် ငါလည်း မေ့နေပြီ ..”

“ဖေဖေရာ ..”

“ငယ်ငယ်ကတော့ .. ချစ်လွန်း လို့ ရွှေတုံးလေးလို့ပဲ ခေါ်ခဲ့ကြတာ ..”

ဦးမင်းနိုင် မျက်နှာက အတိတ်ဆောင်လိုက်တာနှင့် ကြည်နူးရိပ်တို့ ဖြစ်လာစေလျက် ..၊

“ဝင်းဝင်းညက်ညက် လုံးကျစ်ကျစ်လေးနဲ့ တအားချစ်ဖို့ကောင်းတာ၊ ကလေးဆိုတော့ ပါးဖောင်းဖောင်းမျက်တောင်ကော့ကော့လေးတွေ ထင်းပြီး ..”

“ဖေဖေ ..”

“ဟေ ...”

“ဖေဖေတို့ ချိုပိုးထိန်းကျောင်းခဲ့တာနဲ့ပဲ ကျွန်တော်က ယူရမှာလား..”

“လောလောဆယ် စေ့စပ်ထားရုံပဲ ..”

“လုံးဝကို စိတ်ဝင်စားလို့မရဘူး ဖေဖေ ..”

www.burmeseclassic.com

www.burmeseclassic.com



"ရွှေတုံးလေးကလည်း စိတ်ဝင်စားလွန်းလို့ လာတာမဟုတ်ပါဘူး.."

"ယောကျ်ားလေးတစ်ယောက်ကို ကိုယ်တိုင်လာစေ့စပ်တဲ့ မိန်းမ ဖေဖေတွေ့ဖူးလား .."

"တွေ့ဖူးတယ်လေ .. သူ ငါ့ဆီမှာ သေချာပြောသွားတာပဲ၊ ဒါပေမယ့် မင်းကို လာတင်တောင်းတာမဟုတ်ဘူးနော် .. ငါက အိမ်ဖျက်ပေးပြီး လက်ဖွဲ့ရမှာ .."

"ကျွန်တော် လုံးဝသဘောမတူဘူး ဖေဖေ .."

"မင်း ဒီတိုင်းပြောမယ်ဆိုတာ ငါသိပြီးသားပါ .."

"ဒါနဲ့တောင် ဖေဖေ ဘာလို့ လက်ခံလိုက်ရတာလဲ .."

ဦးမင်းနိုင် က နေရာမှထသွားပြီး ကျောခိုင်းလျှောက်နေရင်း ..၊

"လက်ခံထားပြီးပြီဆိုမှ မင်းလည်းပြီးမှာသိလို့ပေါ့ .."

"ဟာ .. ဖေဖေ့ .."

ကွန် က နေရာမှထရပ်လိုက်သည်။ ပြီးတော့ နေရာမှ မရွေ့ဘဲ..၊

"ဖေဖေ အဲဒါ လုံးဝမမိုက်ဘူးနော် .."

ဦးမင်းနိုင် က ဖျတ်ခနဲပြန်လှည့်ကြည့်ကာ ..၊

"ငါ မမိုက်မှန်း နားလည်ရင်လည်း မင်း မမိုက်ဖို့ကြိုးစားလေ.."

"ဟား .. ကျွတ် .."

ကွန် ခေါင်းခါလက်ခါဖြစ်သွားသည်။ ဦးမင်းနိုင် က ပြန်လှည့်လာပြီး မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းမှာရပ်၏။

"မင်းနဲ့ ဆုံဖြစ်အောင် ငါ ဖုန်းတွေခေါ်နေတာ ဘယ်နှစ်ခါလဲ.."

"ကျွန်တော် ဘာတွေလုပ်နေတယ်ဆိုတာလည်း ဖေဖေ သိသားနဲ့ ဖေဖေရာ .."

"ရည်းစားတွေထားတာ ငါသိတယ်၊ ဒါပေမယ့် အိမ်ထောင်ဘက် ဆိုတာ တစ်ယောက်ပဲရှိရတယ်ကွ .."

"တစ်ယောက်ဆိုတာ အရေအတွက်ကိုပြောတာမဟုတ်ဘူး ဖေဖေ.. အဲဒါ အချစ် .."



ဦးမင်းနိုင် က မဲ့သည်။

"ချစ်လွယ် မုန်းလွယ်လို့ပဲ ရည်းစားတွေထည်လဲတွဲနေပြီးတော့ .. ကွန် .."

"အဲဒါ .."

"မင်း စကားအတိုင်းပြောရရင် .. မင်းတွေ့ခဲ့တဲ့ အမြောက်အများ သော မိန်းကလေးတွေက ရည်းစား၊ ရွှေတုံးလေး ကိုတော့ ကြင်ဖက် သက်လျှာအဖြစ် သဘောထားလိုက်၊ ဒါဆို ပြီးပြီ .."

"ဖေဖေ အဲဒါကရော လွယ်တယ်ထင်လို့လား .."

"ဘာလို့မလွယ်ရမှာလဲ .. ခုမှ ရင်ခုန်သံတွေကို စိတ်ဝင်စားမနေနဲ့၊ မင်းရဲ့ မနက်ဖြန်တွေကို ငါ သိဖို့မကြိုးစားခဲ့ပေမယ့် မနေ့တစ်နေ့က အတိတ်တွေ ငါ့လက်ထဲမှာရှိသေးတယ် .."

ကွန် က စူးစူးရဲရဲပြန်ကြည့်နေ၏။ ဦးမင်းနိုင် က တည်ငြိမ်စွာဖြင့်..၊

"ငါ စီစဉ်နေတာလည်း ချစ်ခန်းဖွင့်ကြဖို့မပါသေးဘူး၊ မင်းရဲ့ မနေ့တစ်နေ့ကအတိုင်း အေးဆေးကျော်ဖြတ်သွားရုံပဲ၊ မင်း သူ့ကိုလေ့လာ လို့ရတယ်၊ လက်ထပ်ဖို့အတွက် ဆုံးဖြတ်ခွင့်ရှိတယ် .."

"ဒါဆို ကျွန်တော့်ကို တံခါးပိတ်ဝါဒနဲ့ စီစဉ်မယ့်ပရော့ဂျက် မဟုတ်ဘူးပေါ့ .."

မေးလိုက်တော့ မျက်လုံးချင်းအတန်ကြာဆုံဆည်းသွားခဲ့၏။

"မဟုတ်ပေမယ့် ညွှန်း ကို မင်း ပုတ်ခတ်ဖယ်ချဖို့တော့ စိတ်မကူး နဲ့ အချိန်ရှိသေးတယ်ကိုပဲပြောတော့ .."

"နေပါဦး ဖေဖေ .. သူ့ကို ကျွန်တော် နာမည်တောင်မသိရဘဲနဲ့.."

"မင်းကို အခန်းတံခါးပိတ်ပြီး ချစ်ပါကြိုက်ပါပြောနေလို့လား ကွန် .. မိန်းကလေးက စပြောလာတာကို ခဏခဏထည့်ပြောပြီး စိတ်အရသာခံမနေနဲ့ မင်း မသိသလို သူကလည်း မင်းကို မသိဘူး၊ ဒီအဆောက် အဦးကိစ္စဖြစ်လာလို့သာ .."

"အဲဒါကိုက ဖေဖေနဲ့ သူ အလျှော်အစားတွေလုပ်နေကြတာ၊

www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုမယ့်ကြားခံပစ္စည်းက ကျွန်တော် ..”

“မင်းကို ငါ အားလုံးပြောပြီးပြီပဲ .. သူက မိန်းကလေးတစ်ယောက်တည်း ..”

“တစ်ယောက်တည်းသမားက သုံ့ငန်းတွေ ခြံမြေတိုက်တာတွေ တစ်ပုံကြီးပဲ ဖေဖေ၊ ပြီးတော့ သူ့ရဲ့ လိုအပ်ချက်အားလုံးအတွက် ကျွန်တော်ကို့ကို ..”

“အကူအညီတောင်းခဲ့တာလို့ပဲ မှတ်လိုက် ..”

“ဒီတစ်ကွက်လုံးဖျက်ပေးရမယ်ဆိုပြီးတော့လား ..”

“ဒါကတော့ ...”

“နောက်ထပ် ယောက်ျားမရှိသော မိန်းမဆိုတဲ့ သူ့ကွက်လပ်ကို ဖြည့်ဖို့ စေ့စပ်ကြမယ် .. ဒါတွေလား ..”

“ကြားရတာ အဆင်ဆိုးလိုက်တာကွာ .. မင်း မြန်မာလူမျိုးဖြစ်ပြီးတော့ မြန်မာစကားဝေါဟာရလည်း နားမလည်ပါလား ..”

ကွန့် မျက်နှာလေးရှုံ့မဲ့နေကာ စိတ်ရှိသလိုပြောခွင့်မရဘဲဖြစ်နေသည့်စကားတွေကြောင့် အနီရောင်ရင့်တက်လာ၏။

“ကျွန်တော် သူနဲ့တွေ့မယ် ..”

“ဟိုဘက်မှာ ကပ်လျက်ပဲလေ .. Sky Lineက ပိုင်ရှင်ဘယ်သူလဲလို့ မင်း သွားမေးပေါ့ ..”

“ဖေဖေတောင် ညွှန်း တစ်လုံးတည်းနဲ့ ဦးစံသုမောင် ရဲ့ သမီးလို့ ယုံကြည်သေးတာ ကျွန်တော်လည်း သိသိမသိသိ မေးလို့ရပါတယ် ..”

ဦးမင်းနိုင် က ပြုံးသည်။ တွေ့ကြပြီဆို အဖြေတစ်ခါတည်းထွက်သွားမှာပဲဆိုတာ သိပြီးသားပါ။

ဒါပေမယ့် သားတော်မောင် မသိသေးတာရှိနေသေးသည်။

အခြေအနေဘယ်လိုရှိရှိ ကိုသု ရဲ့ သမီးလေးကို သူ ဘယ်တော့မှ ပစ်ထားမှာမဟုတ်ဘူးဆိုတာ ..။

“ဟော့ .. ဟော့ .. နေဦး .. မင်း ခြေထောက်က ဘာဖြစ်လာတာလဲ..”



ညာဘက်ခြေဖျားနားမှာ ဗွမ်းနဲ့ ပလပ်စတာကပ်ထားတာမြင်လိုက်သဖြင့် ဦးမင်းနိုင် ပျာပျာသလဲလှမ်းမေးသည်။

ကွန့် က ခြေလှမ်းရပ်သွားပေမယ့် နောက်ကိုလှည့်မကြည့်ဘဲ ဖြေသည်။

“ဘတ်စ်ကားပေါ်မှာ .. ဒေါက်ဖိနပ်စာမိသွားတာ ..”

“ဟော ...”

ဦးမင်းနိုင် အံ့ဩသွားပြီးမှ ဘာကိုတွေးမိသွားသည်မသိ ..၊

“ကိုယ့်လူ ဘာဖိနပ်စီးထားမှန်းတောင် မင်းမသိတာ ခံပေါ့ကွာ..”

ကွန့် ဘာမှပြန်မဖြေတော့ဘဲ ရှေ့ဆက်ထွက်လာကာမှ ..၊

“သူ့စိတ်ထဲက မကျေနပ်တာတွေလည်းဖြစ်နိုင်တာပဲ၊ မင်း သတိထားဖို့လိုနေပြီ ..”

“ကျွတ် ...”

ကိုယ့်ရှည်းစားဖိနပ်နဲ့တက်ကြိတ်မိတယ်လို့များ ထင်ရသေးတယ်..။

စိတ်ထဲမှာတိုတိုတောင်းတောင်းဖြစ်သွားပေမယ့် ဖြေရှင်းချင်စိတ်လည်းမရှိသည်မို့ ထွက်လာခဲ့သည်။ ကား၄ မြှာ နီးကပ်စွာ ဆုံမိခဲ့သည့် ရှုးရဲ့သည့်မျက်လုံးတွေကို သတိရလာသည်။

ပြီးတော့ ဒီနေရာမှာ တစ်ခါ ..၊

သူမနဲ့ တိုက်မိသည့်နေရာကို ဖြတ်လျှောက်ခဲ့စဉ် ဒါကို သတိရဖို့ဖြစ်လာတော့ ခပ်ကြိတ်ကြိတ်တက်ခေါက်မိ၏။ တော်တော်မောက်မာတဲ့ မိန်းမ ..၊

စကားပြောတော့လည်း ပါးစပ်ထဲကထွက်လာတာ လေလုံးတွေမဟုတ်ဘဲ ခါးမိုးလုံ့မိုးရွာချတဲ့အတိုင်း ..။

ကိုယ့်ခြေထောက်ကို ပြန်ကြည့်မိတော့ နှုတ်ခမ်းကမဲ့သွား၏။

မင်းနဲ့ငါ သုံးကြိမ်မြောက်တွေ့ကြရင်တော့ ဒီတစ်ခါ ငါ့အလှည့်ပဲ..

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"မမနဲ့ တွေ့ချင်လို့တဲ့ .."

"ဘယ်သူလဲ .."

"မသိဘူး မမ .. 'ညွှန်း ဆိုတဲ့ ဒီကသူဌေးနဲ့ တွေ့ချင်တယ် ဘယ်မှာလဲ' တဲ့ .."

ကော်ဖီခွက်ကိုင်ထားရင်း ညွှန်း စဉ်းစားလိုက်မိသည်။ သူမက ဝန်ထမ်းတွေအတွက် သီးသန့်ဖွင့်ပေးထားသည့် စားသောက်ဆိုင်လေးထဲမှာဖြစ်သည်။

"ကျွန်မ ဘာပြောလိုက်ရမလဲ မမ .. အဲဒီလူ မျက်နှာကြီးက တင်းနေတာပဲ .."

"တို့အလုပ်နဲ့ ပတ်သက်ဖူးတဲ့လူလား .."

"ဟင့်အင်း တစ်ခါမှ မသိဘူးပါဘူး၊ ဖြူဖြူဖြောင့်ဖြောင့်ပဲ .. ပြီးတော့ တော်တော်ချောတယ် .."

ဒီအချိန်မျိုးမှာ ဘယ်သူလာဖို့ရှိသလဲ ..၊

စဉ်းစားလိုက်တာနှင့် ဖျတ်ခနဲသတိရ၏။ အန်ကယ့်လ်သားများလား..၊

"သွားနှင့် ငါ လာခဲ့မယ် .."

နေခြည်လင်း က ချက်ချင်းလှည့်ထွက်သွားခဲ့ပြီး မတ်တပ်ရပ်နေသူဆီ ရောက်လျှင် ..၊

"ဒီမှာရှင့် .."



စီးကရက်သောက်နေသူက ဖျတ်ခနဲလှည့်ကြည့်သည်။ နှာခေါင်းနဲ့ နှုတ်ခမ်းဖျားတို့မှာ မီးခိုးလွန့်နေပုံက ဒေါသမီးတွေဝေနေသည့်အတိုင်း..၊

"မမက ..."

ပြောမည့်စကားသည် စီးကရက်ကို ပိတ်ထားသည့် လက်တော့ဝ်မှာ ဖိထောက်ချေပစ်လိုက်သည့်မြင်ကွင်းကြောင့် မျက်လုံးပြူးမျက်ဆံပြူးနှင့် ရပ်တန့်သွားခဲ့၏။

"ရှင် ဘယ်လို လုပ်လိုက်တာလဲ .."

"ဘယ်မှာလဲ .. ညွှန်း ဆိုတဲ့ မင်းတို့သူဌေး .."

"အဲဒါပြောမလို့ပါပဲ .. ဒါပေမယ့် ရှင် ဒီလိုလုပ်တာ တော်တော်ကိုလွန်တယ် သိရဲ့လား .."

"ဟွန့် ..."

ကျိုးကြေနေလျက်နှင့် မီးခိုးလွန့်နေသော လက်တော့ပ်ပေါ်က စီးကရက်ကို ပြန်ငဲ့ကြည့်မိရင်း ကျေနပ်အားရစွာပြုံးမိ၏။

ပြီးတော့ ဒီဘက်ပြန်လှည့်လိုက်လျှင် ..၊

ဟင်!...၊

အံ့သြလွန်းသဖြင့် ဘယ်လိုမှ ဟန်မဆောင်လိုက်နိုင် ..၊

သူ့မျက်နှာရှေ့မှာ ဝန်ထမ်းမိန်းကလေးမဟုတ်တော့ဘဲ သုံးကြိမ်မြောက်ဆုံဆည်းခဲ့ရသည့် သူမ ..၊

"မင်း ..."

သေးကိုငဲ့ကြည့်တော့ ဝန်ထမ်းမိန်းကလေးက စိတ်ပျက်သည့်မျက်နှာလေးနှင့် ဖျတ်ခနဲလှည့်ထွက်သွားလေသည်။ သူမကို ဘယ်သူဝါလို့ ပြောပြမသွားပေမယ့် သူ့ သေချာသိလိုက်သည်။

"မင်းက .."

"ဟုတ်တယ် .. စကိုင်းလိုင်းရဲ့ ပိုင်ရှင်က ငါ .."

"ဒါဆို ညွှန်း ဆိုတာလည်း .."

"ငါပဲ .."

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက တည်ငြိမ်အေးစက်နေကာ မျက်ဝန်းလေးတွေက ရန်လိုနေတာ မဟုတ်ဘဲ တလက်လက်ရူးတောက်နေ၏။

"မင်း နာမည်ကိုတော့ ခုထိမမေးခဲ့မိဘူး၊ ငါ့နာမည် .."

"ခင်ဗျားနာမည်ကို သိထားဖို့မလိုပါဘူး .."

"လိုလို မလိုလို ပြောဖို့တာဝန် ငါ့မှာရှိတယ်၊ ငါ့နာမည် ဇံရတီညွန့်း မင်း ငါနဲ့ စကားပြောဖို့လာတာလား .."

"ခင်ဗျားက ကျွန်တော့်ကိုသိနေတာပဲ .."

"သိနေတာမဟုတ်ဘူး .. ရောက်လာတဲ့ဧည့်သည်ဆိုတာကို မှန်းကြည့်လိုက်တာ မြင်လိုက်တော့ ပိုသေချာသွားတယ်၊ ငါ တွက်ထားတဲ့ ပုံစံမျိုးပဲလေ .."

ကွန့် မျက်နှာ မသိမသာတင်းသွားသည်။ သူမချည်းပဲ တလစပ်ပြော သွားပါလား ..။

သုံးကြိမ်မြောက်တွေ့ခဲ့ရင်ဆိုပြီး ကြိမ်းဝါးခဲ့တာက ကိုယ် ..၊

သူမကို ဒီအခြေအနေမျိုးနဲ့ လာပြန်ဆုံရမယ်လို့ နည်းနည်းလေးတောင် မတွေးမိခဲ့သည့် အလစ်ငိုက်မှာ ပြောစရာစကားလုံးက အဆင်သင့်မရှိခဲ့ ..၊

"မင်းက စကားပြောဖို့ရှိရင် လာခဲ့ပါလို့ပြောခဲ့တာတော့ မှန်တယ်၊ ဒါပေမယ့် ဒီနေ့ ချက်ချင်းတော့ မရသေးဘူး၊ ခဏနေရင် အရေးကြီး ဧည့်သည်တွေနဲ့ .."

"ခင်ဗျားအားတဲ့အချိန်ကို မေးစမ်းလာရအောင် ကျွန်တော်က ခင်ဗျားခိုင်းထားတဲ့အလုပ်သမားမှ မဟုတ်ဘဲ .."

ဒေါသဖြစ်သွားတာနဲ့မတူသော သူမ မျက်ခုံးတန်းလေးတွေ စုကျုံ့သွားပုံက နားကြားလွဲသွားသလားလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်တာမျိုး ..။

ပြီးတော့ ပြန်ကြည့်ပုံက သူမကိုယ်သူမ ဆရာမကြီး စတိုင်လ် ..။

"ဟုတ်တယ် .. မင်းက ငါ့အလုပ်သမားမဟုတ်ဘူး၊ ဒါပေမယ့် ဘာမှလည်း မဟုတ်သေးဘူး .."



ပြောပြီး စားပွဲပေါ်က လက်တော့ပ်ကို မျက်တောင်ဖျားတွေစင်းကြည့်ကာ ..၊

"ဆိုတော့ ငါ့အလုပ်ချိန်ကိုဖြတ်ပြီး စကားပြောဖို့ .."

"ခင်ဗျားနဲ့ ပြောဖို့အတွက် အချိန်တွေမလိုဘူး၊ ဒေါ်စံရတီညွန့်း ဆဖေ့ကို ခင်ဗျားပြောသွားတဲ့ကိစ္စ ကျွန်တော် လုံးဝသဘောမတူဘူး၊ အဲ့ဒါလာပြောတာ .."

နေရာက ဧည့်သည်ထိုင်သည့်အခန်းထဲမှာပေမယ့် အလုပ်စားပွဲဆီက အခန်းတံခါးဝမှာပဲရှိနေသည်။ တံခါးဟထားသဖြင့် အားလုံးကို အပြင်ကကြားနေရမှာဖြစ်ကာ ကြည့်မယ်ဆိုရင်လည်း မြင်နိုင်၏။

ညွန့်း မျက်နှာလေး ပျက်သွားပေမယ့် ဒါတွေကို ဂရုစိုက်လို့တော့ မဟုတ် ..။

"ခင်ဗျားက အသက်အရွယ်ကသာ အဲ့နို့(ဒ်)ဒိတ်ဖြစ်နေတာ စိတ်ကူးတွေကတော့ အပ်(ပ်)ဒိတ် အိုင်ဒီယာပဲ .. ပိုတောင်ပိုနေသလားပဲ.."

ကွန် က သူမ မျက်နှာကို စူးစိုက်ကြည့်ပြီးမှ ..၊

ယောကျ်ားတစ်ယောက်ကို ကိုယ်တိုင်သွားတောင်းတဲ့အထိ သဏ္ဌာန်ရာဇ်တွေဖြိုပြစ်လိုက်တာ ရေလည်မိုက်တယ် .. ဟွန့် .. ဒါပေမယ့် ခင်ဗျားလိုချင်တာက 'ကွန်' ဆိုတဲ့ ယောကျ်ားဖြစ်နေတာက ခင်ဗျား ကံဆိုးတာပဲ .."

"မင်းနာမည်က ကွန် လား .."

မေးပုံက ...

"မင်း နာမည်ကိုတောင် ခုမှသိတဲ့ငါက မင်းကိုလိုချင်တာ ဖြစ်ပါ့မလား .. နည်းနည်းတွေးကြည့်ပါဦး .."

ဒီမိန်းမ ဘာပုံစံလဲ ..၊

"ငါလိုချင်တာ စေ့စပ်ခြင်းပဲ .. မင်းကိုမဟုတ်ဘူး.."

"ဘာ!..."

www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ် ငါ့စီးပွားရေးမရပ်တန့်အောင် ငါကိုယ်တိုင် စွမ်းဆောင်နိုင်ဖို့ နံပါတ်နှစ် ငါက စေ့စပ်ပြီးတဲ့မိန်းမတစ်ယောက်ဖြစ်ဖို့ .."

သူ့ မျက်နှာကို တည့်တည့်ကြည့်နေသည့် မျက်ဝန်းလေးတွေကို တစ်ချက်မှမလွှဲဘဲ လက်ချောင်းသွယ်သွယ်လေးတွေကို သူမနှုတ်ကခေါ်တဲ့အတိုင်း တစ်ချောင်းချင်း ထောင်သွားကာ ..၊

"နံပါတ်သုံးက အဲဒီအတွက် ငါ့မိဘကဲ့သို့ အုပ်ထိန်းမယ့်အရိပ်မျိုး ငါ ထပ်ရမယ်၊ ယောက္ခမဆိုတာ မိဘပဲဆိုတော့ ငါ့အတွက်လိုတာ မိဘအရိပ်မျိုး .."

"ယောက္ခမရချင်တာ ဘာခက်လို့လဲ ဒေါ်စံရတီညွှန်း .. ယောကျ်ားယူလိုက်ရင် ယောက္ခမရတာပဲ၊ အဓိပ္ပာယ်မရှိတဲ့စကားတွေနဲ့ဗျာ .. လက်ကြိုကြီးနဲ့ မကာစမ်းပါနဲ့ .."

"ဆုံးအောင်နားထောင်ဦးမှပေါ့ ကွန် .. နိုင်(စ်) နံပါတ် ဖိုး(ရ်).."

သူမရဲ့ လက်ချောင်းလေး လေးချောင်းမြောက်ထောင်ပြီးကာ ..၊

"ကိုယ့်မိဘလိုယုံကြည်စိတ်ချစွာ အားကိုးနိုင်မယ့် ယောက္ခမမျိုးက အန်ကယ်လ် ဦးမင်းနိုင် ပဲ ဖြစ်နိုင်မှာကြောင့်၊ နံပါတ် ဖိုက်(ဗ်) .."

သူမ လက်ဖဝါးလေးဖြန့်ထားပြီး ဖြစ်သွားသည်နှင့် သူ့ဘက်ကို အနည်းငယ်တိုးရပ်လိုက်ပြီး ..၊

"လူတစ်ယောက်ရဲ့ ပါးစပ်ကနေ လူတစ်ရာလောက်က သတ်မှတ်ပေးရင်၊ ဒါမှမဟုတ် စာတစ်ပိုဒ်လောက်နဲ့ ကြေညာပေးလိုက်ပြီး ဘာဖြစ်ဖြစ် စေ့စပ်ပွဲကို ဖြစ်မြောက်သွားဖို့ပဲ နောက်ထပ် ဘာမှမလိုတဲ့အတွက် မင်း သဘောတူတာ မတူတာ ငါ့အတွက် အရေးမပါဘူး .."

"ဩော် .. ဟော် .."

ရင်ထဲမှာ ဒေါသတွေ ရှန်းရှင်းဆန်ခတ်ထဖြစ်ကုန်ကာ ..၊

"ခင်ဗျားက ဖေဖေ့ကို လိုချင်နေတာပဲ .."

ညွှန်း မျက်နှာလေးတွေကွက်ခနဲ ပျက်သွားသည်။ ကွန် အားပါးတရ မှဲ့ပစ်မိကာ ..၊



"ခင်ဗျားအတွက်ဆို ဖေဖေကလည်း အဆင်သင့်ဖြစ်နေတဲ့ပုံပါ၊ ယောက္ခမတော်ဖို့ကြိုးစားနေစရာလိုလို့လား .."

ညွှန်း မျက်ဝန်းလေးတွေ စိန်ပွင့်လေးတွေလို ပြိုးပြက်လက်သွား၊ ပြီးတော့ မသိမသာအေးစက်သွားသည့်လေသံနှင့် ..၊

"ငါ ကြိုတွက်ထားခဲ့တယ်၊ မင်းဟာ ဒီလိုစကားတွေပြောလာနိုင်တဲ့ လူစားမျိုးပဲဆိုတာ .."

သူမ နှုတ်ခမ်းမှာ မတုန်လှုပ်သည့်မဲ့ပြုံးလေးဖြစ်ပေါ်လာခဲ့လျက်..၊

"ငါ့ဘက်က ဒီလိုစီစဉ်ချင်နေရတဲ့အကြောင်းတွေ အန်ကယ့်လ်ကို ပြောပြပြီးသားပါ၊ ခု မေးသလိုမျိုး မင်း အန်ကယ့်လ်ကို ပြန်မေးကြည့်လိုက်လေ .."

ချက်ကျကျမေးခွန်းကိုတော့ သူမ မဖြေနိုင်တော့ဘူးတွေးမိကာ ဒေါသတွေနဲ့ အံကြိတ်မိ၏။ သို့သော် ...

"မင်း မေးမှာမဟုတ်ဘူးဆိုတော့ ငါပဲဖြေပေးမယ် .."

သူမ မျက်ဝန်းအကြည့်တွေက လူကို ခံရခက်စေခဲ့လျက် ..၊

"မင်း လက်ဝါးဖြန့်တိုင်း မုန့်ဖိုးရချင်မှရမှာပေမယ့် ငါက အိမ်ထောင်ပြုမယ့် သတ်မှတ်ပေးပါဆိုတာကို ဘာဖြစ်လို့ သဘောတူခဲ့သလဲဆိုတော့ စံရတီညွှန်းဆိုတဲ့ မိန်းမက ကိုယ်နဲ့ပတ်သက်တော်စပ်မှုမရှိတဲ့ ဘယ်လိုလူမျိုး[illegible] အကူအညီကိုမှ မတောင်းခံခဲ့ဖူးလို့ပဲ .. မိဘမဲ့ဘဝနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ခဲ့တာ ငါ့ရာဇဝင် .."

"တောက် ..."

ဘယ်လိုမှ သည်းခံနိုင်စွမ်းမရှိတော့အောင် တိုက်ရိုက်ပုတ်ခတ်နေခြင်းကို မျိုသိပ်မထားနိုင် ..။

"ခင်ဗျား ..."

"တည်ငြိမ်မှုမရှိတာ သည်းခံနိုင်စွမ်းမဲ့တာ အဲ့ဒါ ယောကျ်ားကောင်းတွေ အလုပ်မဟုတ်ဘူး .."

"ဒုန်း .."

www.burmeseclassic.com

www.burmeseclassic.com



ခုံခြေထောက်တစ်ခုကို လွဲကန်ပစ်လိုက်သဖြင့် ခုံက တခြားကို လွင့်ထွက်မသွားဘဲ စားပွဲခုံခြေထောက်နဲ့ တိုက်ဆောင့်သွား၏။

ထိုအခါ စားပွဲပေါ်မှာရှိနေသော အလှပန်းခြင်းလေးလဲပြိုသွားကာ ကပ်ပန်းတွေ ပြုတ်ထွက်ကုန်၏။ ညွန့်ရဲ့ အကြည့်တွေက ဖြစ်ပျက်သမျှဆီမှာ အစအဆုံး စူးစိုက်နေခဲ့ပြီး ...၊

"ငါ အထင်မကြီးတဲ့ယောကျ်ားမျိုးကို ပြောပြတာနော် .. မင်းကို တိုက်ရိုက်ထိသွားတယ်ဆိုရင် ဆောရီး .."

"ကျုပ်ကလည်း ခင်ဗျားလိုမိန်းမမျိုးက အထင်တကြီးမဖြစ်တဲ့ ယောကျ်ားမျိုးဖြစ်ရတဲ့အတွက် ဝမ်းမနည်းဘူး ဒေါ်စံရတီညွန့် .. တစ်အချက် ဖေဖေ့ကို တော်စပ်ပတ်သက်ဖို့အတွက် ခင်ဗျားကြိုက်တဲ့နည်းနဲ့ ကြိုးစား၊ နှစ်အချက် အသက်ကြီးတဲ့ မိန်းမကို ကျုပ် အလိုမရှိဘူး၊ သုံးအချက် အတ္တလွန်ပြီးတစ်ခန်းလွတ်နေတဲ့ မိန်းမမျိုးတည့်တည့်ပြောရရင် ခင်ဗျား .."

သူမ မျက်နှာကို လက်ညှိုးညွှန်လိုက်ပြီးမှ ...၊

"ကျုပ် လုံးဝမစဉ်းစားဘူး .."

"လေးအချက်က မင်းမှာ ဆုံးဖြတ်ပိုင်ခွင့်မရှိတဲ့အတွက် စေ့စပ်ဖို့က လုံးဝပြီးမြောက်သွားလိမ့်မယ် .."

သူမက ထပ်ချပ်မကွာဖြည့်စွက်ပြောလိုက်ပြီး ...၊

"ကျန်တာတွေနောက်မှဆက်ပြောကြတာပေါ့ ကွန် .. အခု မင်း ပြန်လို့ရမလား .."

"တောက် ..."

လူကို ကပ်ဖဲ့နေမှန်းသိပေမယ့် သူမရဲ့စကားလုံးတိုင်းက ဓားသွားတွေနဲ့ တူနေရာ ...၊

"ဒေါ်စံရတီညွန့် .."

သူမရှေ့ကို ဖျတ်ခနဲကပ်၍ မျက်နှာနှစ်ခုသည် အသက်အောင့်ထားရသည့်အကွာအဝေးနှင့် ...



"ခင်ဗျား အရှိန်အဝါ ကြွားလုံးတွေမှာ ဖေဖေက ဝိတ်မိနေတာ ဖြစ်လိမ့်မယ်၊ ကျုပ်ကတော့ .."

"မင်းလည်း ငါ့အရှိန်အဝါနဲ့ ကင်းနိုင်လို့လား ကွန် .."

သူမက ဘေးကိုခြေတစ်လှမ်းရွှေ့လိုက်ပြီး လက်တော့ပ်ပေါ်မှာရှိနေတဲ့ စီးကရက်အကြေကိုအသာလေးကောက်ယူလိုက်၏။ ပြီးမှ ...၊

"ဒါ ငါနဲ့ စေ့စပ်မယ့်မိန်းမရဲ့ ပိုက်နက်ပဲဆိုပြီး မင်း ထင်တိုင်းကြဲနေတာ .."

ကွန့် မျက်နှာ ရဲခနဲနီရွေးသွား၏။ သူမက စီးကရက်ကျိုးကို အမှိုက်ခြင်းရာ လျှောက်သွား၍ အေးဆေးထည့်လိုက်ပြီးမှ ပြန်လှည့်လာကာ...

"ဝင်လာတည်းက ငါ့ဝန်ထမ်းတွေ ကို မင်းလူမထင်စွာဆက်ဆံခဲ့တာ ဘာအားကိုးနဲ့လဲ .."

ကွန် လက်သီးဆုပ်လိုက်တာကို ဖျတ်ခနဲ မျက်ဝန်းလေးတွေ ရွှေ့ကြည့်ပြီး ပြုံးကာ ...၊

"မင်း ကိုယ်ထိလက်ရောက် ဖျက်ဆီးပုတ်ခတ်နေတဲ့ ငါ့ပစ္စည်းတွေ၊ ငါ့ရဲ့ ဂုဏ်သိက္ခာကရော မင်းက ဘာမို့လို့ ငါက သည်းခံနေတာလဲ.."

"ခင်ဗျား စကားတတ်တိုင်း လျှောက်ပြောမနေနဲ့ .."

"မင်းလည်း လျှောက်ပြောလို့ရပါတယ်၊ တကယ်တော့ လူတိုင်းမှာ သဝန်တိုစိတ်ရှိတာပဲ၊ ပညာရှိတဲ့လူက မသိအောင်နေတတ်တယ်၊ ပညာမရှိတဲ့လူပေွကေ ပေါက်ကွဲတယ် .. ဒါပဲကွာတာ .."

သူမ တစ်ချက်ပြီးတစ်ချက် ပစ်ခတ်နေတာ သူ့ရင်ဘတ်ကြီး ဆန်ကာပေါက်ဖြစ်နေပြီလားမသိ ...။

"ကျောမှီပါတဲ့ ထိုင်ခုံမှာထိုင်မိရင် မှီမယ်၊ ကျောမှီမပါတော့ ဒီတိုင်းနေရမယ်၊ ဒါလည်း သဘာဝကျတာပါပဲ ဒီနေရာမှာ ငါ့ရဲ့ အရှိန်အဝါကို မင်း ထည့်မတွက်ခဲ့ဘူးဆိုရင် 'ပိုင်နက်' ဆိုတဲ့ စည်းကိုမှပြီး မင်း ဘယ်ရမ်းကားရဲပါ့မလဲ .. ဟုတ်တယ်မို့လား .."

သူမရဲ့ ဘောင်ဝိတ်ပတ်ခွေထားသည့် စကားကြားမှာ ကွ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခွန်းမှ မဟနိုင်ခဲ့ပေ ..။

"ရတယ် .. မိန်းမတစ်ယောက်ရဲ့ အောင်မြင်ကျော်ကြားမှုက မင်းအတွက် သည်းမခံနိုင်ဖွယ်ဖြစ်နေရင် နောက်ထပ် ပစ်ခတ်ဖျက်ဆီးသွားပါ၊ ငါ့ဂုဏ်သိက္ခာကလည်း မင်းပါးစပ်ထဲမှာဆိုတော့ ပြောချင်သလို ပြောသွားလိုက်၊ မင်းက ငါနဲ့ စေ့စပ်ရမယ့်လူပဲ .. သည်းခံရမှာပေါ့ .. အိုခေ .."

ဘာ အိုခေတာလဲ ..၊

ပြောချင်ရာ ပြောလိုက်ရလို့ ခင်ဗျား 'အိုခေ' သွားတာလား ..၊

တစစ်စစ်တဖျင်းဖျင်းပူလောင်ရှန်းကြွလာခဲ့သည့် မာနတရားတို့က စကားလုံးတွေသာ ပျောက်ဆုံးနေခဲ့သော်လည်း ..၊

စိန်ခေါ်သည့်အကြည့်နှင့် မဲ့လိုက်မိကာ ..၊

"နံပါတ်လေးအချက်အတိုင်း ခင်ဗျား ဆန္ဒအရ စေ့စပ်ပြီးမြောက်သွားပြီးရင် နံပါတ်ငါး .."

သူ့လက်ငါးချောင်းကို ပူးချိကွာချီဖြန့်ပြ၍ ...

"ကျွန်တော့်ဆန္ဒအရ ခင်ဗျားကို မဖြစ်မနေလက်ထပ်ယူမယ်၊ နံပါတ်ခြောက်ကတော့ ခင်ဗျားရဲ့ အနာဂတ်ပေါ့ .."

ညွှန်း မျက်ဝန်းလေးတွေ ရူးခနဲ လက်တောက်သွား၏။ ကွန့် မျက်နှာမှာ ကောက်ကွေ့လျှို့ဝှက်သော မဲ့ပြုံးတို့ဖြင့် ..၊

"ယောက္ခမလိုချင်ရင် ယောကျ်ားယူလိုက်မှရမှာပေါ့ .. အိုခေ .."

ရင်ဆိုင်ဆုံဆည်းမိကြသည့် မျက်ဝန်းတို့မှာ မီးတောက်မီးလျှံတွေ ပွင့်ထွက်နေကြသည့်အတိုင်း ..၊



## အခန်း (၇)

"ဝွတ်ဒ်တယ် ဟော့ကောင် .. မင်း ပြောခဲ့တာ လုံးဝမှန်တယ် .."

ဆန်းဒေးက လက်ဖျစ်တီး၍ ထောက်ခံ၏။

"ဝွတ်ဒ်ပေမယ့် ပြောသလိုတကယ်လုပ်ရင် မင်း မိန်းမရသွားမှာနော် .."

သာလွန် က ချင့်ချင့်ချိန်ချိန် ..၊

"ငါ မိန်းမရမှာထက် ယောကျ်ားရပြီးတဲ့နောက် သူ့အနာဂတ်ဘယ်လိုလာမလဲဆိုတာပဲ သိသွားစေချင်တာ .."

ကွန့် မျက်နှာပေးက နာကြည်းချက်ကလည်း သေးသေးကွေးကွေးမဟုတ်ပေ ..။

"တော်တော်လျှာစောင်းထက်တဲ့မိန်းမ ရုပ်လေးချောသလောက်လည်ပင်းညှစ်သတ်ပစ်ဖို့ကောင်းတယ် .."

"ရုပ်ချောတဲ့အကြောင်းပါနေတာ မင်းစကားထဲမှာ နှစ်ခါရှိပြီ .."

"အေး .. တော်တော်လှနေတာလား .."

ဒါကျတော့ မဖြေဘဲ နှုတ်ခမ်းကို အကျည်းတန်အောင်မဲ့၏။

"ခုခေတ်မှာ မလှတဲ့လူတွေလည်း လှနေကြတာပဲ .. မဖြူတဲ့လူတွေလည်း ဖြူနေတာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သိသာတာပဲကွာ .."

"မသိသာလို့ လုပ်နေကြတာပေါ့ကွ .. တော်စမ်းပါ၊ လှဟာကို ပြောချင်လို့မဟုတ်ဘူး .."

"ဟုတ်ပါပြီ .."

သာလွန် က ရှုံ့ရှုံ့မဲ့မဲ့ခေါင်းညိတ်လိုက်ရင်း ..၊

"အခု မင့်ဘိုးတော်ကြီးကိုပြောလိုက်ပြီလား .. စေ့စပ်ဖို့ .."

"မပြောပါဘူး .. ဒီလောက်လွယ်လို့လား .."

"အရေးထဲမှာ ဆန်ကြမ်းကစေးနေပြန်ပြီ .."

"ဟော့ကောင် .. ဒီမှာ ရုပ်ကိုကြည့်၊ ဒါ ဆန်ကြမ်းရုပ်လား .."

"မင်းက ယောကျ်ားလေးလေ .."

"ယောကျ်ားလည်း လိုချင်မှ ယူမှာပေါ့ .. ဘာလာလာ ဝဲလ်ကမ်း ဖြစ်နေစရာလား .."

"ဒါပေမယ့် တစ်ခုတော့ရှိတယ် .."

"ငါ့ တစ်ဝက်ပေး .."

ဆန်းဒေး မျက်နှာကြီးကို သာလွန် က မျက်စောင်းလှည့်ထိုး၏။

"ခွဲဖို့ခြမ်းဖို့ဆို ဖရဲသီးတောင်မစားဘူး မျှော်လင့်မနေနဲ့ .."

"ဒါပေမယ့် ဒူးရင်းသီးတော့ မင်းကြိုက်ပါတယ် .. ဘယ်လိုစားလဲ .."

သာလွန် မျက်လုံးပြူးကြီးနဲ့ လှည့်ကြည့်သည်။ ကွန် က စပ်ဖြဲဖြဲနှင့် ..၊

"ဝန်ခံလိုက်စမ်းပါ သာလွန် ရာ .. ဒူးရင်းသီးကိုင်ပြီး မင်း အခန်းထဲဝင်သွားတာ ငါ မြင်ဖူးပါတယ် .."

"ဘာ ..."

"ဆူးများ အယားပြေတဲ့ .."

"မင့်ကြီးတော်လား .."



"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .. ရမ်းနေပြီ ဒီကောင် .."

"ဒုန်း ..."

ကျယ်လောင်သည့်အသံတစ်ခုကြောင့် သူတို့ရယ်သံတွေ တိခနဲ တိတ်၏။

"ဟာ .. သွားပြီထင်တယ် .."

"ဟုတ်တယ် .. ငါ့ကား .."

မှန်ချပ်တွေကို ဖောက်ထွင်းမြင်နေရသဖြင့် ကားပါကင်ကအဖြစ်ကို လှမ်းကြည့်လိုက်မိကာ ကွန် ချက်ချင်း ထထွက်သွား၏။

ဆန်းဒေး တို့ပါ နောက်က ကမန်းကတန်းထလိုက်လာကြလျှင်...

"ဒါ မင့်ကားလား .."

အနက်ရောင် မာစီးဒီးကားပေါ်က ဆင်းလာသူက စံရတီညွန့် ..၊

ဖိတ်ဖိတ်လက်နေသည့်ကားနှင့် အနီရောင်ရဲရဲပေါ်မှာ ကုတ်အင်္ကျီအနက်ထပ်ဝတ်ထားသည့် သူမရဲ့ ဒီဇိုင်းက မဲ့တ်(ရှ်) ဖြစ်နေ၏။ ဆံပင်တွေကို ဖြန့်ချထားပေမယ့် မျက်နှာရှေ့မှာ တစ်ပင်တစ်လေမှမကျအောင် အပြောင်သိမ်းထားသဖြင့် မျက်နှာသွယ်သွယ်လေးက ရှင်းသန့်နေသည်။

အနားရောက်လာပြီး သူ့ကားကို ငုံ့ကြည့်လိုက်သောကြောင့် တင်ပါးလောက်ထိရှည်သည့် ဆံနွယ်တွေ ကျောထက်ကနေ နွဲ့ယိမ်းဖြာဆင်းလာပုံက သူမရဲ့ လှုပ်ရှားမှုကိုင်းကို သတိထားမိစေသလိုဖြစ်လျက် ..၊

"တော်တော်လှတာပဲ .."

"ဟုတ်တယ် .. ဟာ .. သိပြီ .. ဟိုတစ်ခါ ကွန် နဲ့ တိုက်မိပြီး အဲဒါ .. အဲဒါ .. ငါသိပြီ .. အဲဒါ စံရတီညွန့် .."

တအံ့တသြကြီးပြောလိုက်သည့် ဆန်းဒေး အသံ ကျယ်သော်လည်း ညွန့် တို့ သတိမထားမိလိုက်ပေ ..။

"တော်တော်ထိသွားတာပဲ .. ဒါပေမယ့် .."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း ကားနှစ်စီးကြားမှာ ဟိုဘက်လှည့် ဒီဘက်လှည့်ကြည့်နေရင်း ...

"ငါ့ကားလည်း ထိတာပဲ .."

သူမကို မြင်လိုက်တည်းက လက်ပိုက်ထားလိုက်သည့် ကွန့် မျက်နှာမှာ နူးညံ့ဖော်ရွေပုံတစ်စက်လေးမှမရှိဘဲ ..၊

"အဲ့ဒီတော့ ခင်ဗျားက သရေပဲလို့ ပြောချင်တာလား .."

"မပြောပါဘူး .. ငါက နောက်ကတိုက်လိုက်တာ အပြစ်ရှိမှန်း သိပါတယ်၊ ဒါပေမယ့် မင့်ကားကလည်း လူသွားလမ်းမထားဘဲ အတင်း ကပ်ရပ်ပြီး ဒီဘက်ရောက်နေတာပါ .."

"ခင်ဗျား ဘက်ခ်ဆုတ်ပြီး ထွက်သွားလို့မရဘူးလား .."

"ငါလည်း ဘက်ခ်ဆုတ်မလို့ပဲ ထွက်မလို့ ဂီယာချိန်းလိုက်ပြီးမှ ဘက်ခ်ဆုတ်ဖို့သတိရတော့ .."

ဘရိတ်ကို နင်းသည့်ခြေထောက်က ဒေါက်ဖိနပ်နဲ့ ချော်ထွက်သွားပြီး လီဗာကို နင်းပြီးသားဖြစ်သွားခဲ့၏။ ဒါပေမယ့် သူမ ဘာကြောင့် ဒီလိုဖြစ်ရပါသည်ဆိုတာ ရှင်းပြနေဖို့လိုသလား ..၊

ပြောလက်စက ဒီမှာတင်ရပ်သွားခဲ့ပြီး ချာခနဲပြန်လှည့်သွားသည်။ သူမ ဘယ်လောက်ထိ အလျှင်စလိုလုပ်ကိုင်နေကျလဲတော့ မသိပေ ..။

ဖျတ်ခနဲလှည့်လိုက်သည့်တစ်ကိုယ်လုံးက တစ်ပတ်လည်မတတ် မြန်ဆန်ပေမယ့် တစ်ချက်လေးမှ ခြေလှမ်းမှားယိမ်းယိုင်သွားတာမရှိ..။

ဆံပင်တွေ ဝေ့ခနဲလွှန့်ခါသွားတာနှင့် ပိုလို့တောင်ကြည့်ကောင်းနေသေးသည်။

သူမ ကားဆီ ဘာလို့ ပြန်လှည့်သွားတာလဲဆိုတာ စိတ်ဝင်စားရင်း သူမပုံစံလေးကိုလည်း မျက်တောင်မခတ်ကြည့်နေမိကာ ..။

"ဒီကောင် ရွှေထုပ်ကောက်ရတာကို ချေးထုပ်ထင်နေတာကွ သာလွန် မင်းသိလား .."



သာလွန် က ခေါင်းညိတ်မလို့ပါ သို့သော် ..၊

"မီးခွက်ကွဲသွားတာရယ် .. ဒါတွေပြန်ထုဖို့ရယ်ဆိုရင် ငါးသိန်းလောက်ပဲထင်ပါတယ် .. ရော့ .."

သူတို့ရှေ့မှာပဲ လက်မှတ်ထိုးလိုက်ပြီး ချက်တစ်စောင်ကမ်းပေး၏။

"အလျှော်ပေးနေတာလား .."

"မင်းကို ငါက ပိုက်ဆံတွေပေါ်နေလို့ မုန့်ဖိုးပေးတယ်များ ထင်နေသလား .."

"ခင်ဗျား ဘာကြောင့် ပေးနိုင်ပေးနိုင် စိတ်မဝင်စားဘူး၊ အခု ဖြစ်သင့်ဆုံးက ခင်ဗျား တောင်းပန်ဖို့ပဲ .."

"ဘာ ..."

"ဒီကား ပြန်ကောင်းဖို့က ဆော်ဒီရုံကို ပို့ရဦးမှာ ဘယ်နှစ်ရက် ပြန်စောင့်ရမယ်ဆိုတာလည်း မသိဘူး၊ ဝ ခြားကားတစ်စီးမရှိတော့ဘူး ဆိုရင် ခင်ဗျားကြောင့် ဘာတွေဖြစ်ကုန်ႋ ပဲ .."

"အဲ့ဒါတွေအားလုံးက ငါ တောင်းပန်လိုက်တာနဲ့ ပြန်ကောင်းသွားမှာလား .."

"ပြန်ကောင်းကောင်း မကောင်းကောင်း ကျေနပ်ပေးနိုင်မယ့်လု က အဓိကပါ၊ အဲဒါကြောင့် ကျွန်တော် ကျေနပ်ဖို့ ခင်ဗျားတောင်းပန်ရမယ် .."

"ငါ အလျှော်ပေးဖို့မလိုတော့ဘူးပေါ့ .."

"ပိုက်ဆံပေးစရာမလိုဘူးဆိုရင် ကျွန်တော် ခိုင်းသလို ခင်ဗျားလည်း လုပ်မှာလား .."

"ဖြန်း ..."

"ဟာ ..."

"ချတယ် ကြည့်စမ်း .."

ပတ်ဝန်းကျင်လူတစ်ချို့ပါ မျက်နှာတွေ အော်ငိုမိတစ်လှည့်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ကွန့် မျက်နှာ စောင်းကျသွားကာ ညွန်း က တအားလှဲ့ရိုက်ပြီး ဘာတောင် မျက်ဝန်းတို့မှာ မီးဟုန်းဟုန်းတောက်နေဆဲနှင့် …၊

“မှတ်သွားလိုက် ကွန် … ငါ ယောကျ်ားပဲဆိုပြီး အသာစီးကနေ ကပ်ဖဲ့ရိုဖို့မကြိုးစားနဲ့ ငါ ဘာကြောင့် ဒီလိုမေးသလဲဆိုတာ ခေါင်းနဲ့ပဲ တွေး …”

ပြောပြီး နောက်ထပ် ချက်တစ်စောင်ထပ်ဖြုတ်လိုက်ကာ …

“ဒီမှာ ရှစ်သိန်းဖြစ်သွားပြီ … ထပ်လိုသေးရင် မင်း ကုန်ကျသမျှ ဖိုတယ်လ် ငါ့ဆီ ပို့ပေးလိုက် …”

“ဒေါ်စံရက်ညွန်း …”

“ဟာ … ကွန့် မလုပ်နဲ့ …”

“ကွန့် …”

ကွန် က ညွန်း ရဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲသည်။ သို့သော် … ဖမ်းဆုပ်မမိခင် လက်နှစ်ခုထိစပ်ရုံမှာပဲ ဆန်းဒေး က ထိုလက်ကို သူ့ကိုယ်နဲ့ ပြေးတိုက်ပစ်သည်။

သာလွန် က သူ့ပခုံးကို ကိုင်၍ နောက်ပြန်ဆွဲပစ်လိုက်၏။ သူသာလျှင် ဆန်းဒေး တို့ ကြားထဲမှာ ပုံပျက်ကျန်ရစ်ခဲ့ပြီး သူမက ကားပေါ်တက်ကာ တံခါးပိတ်ပစ်လိုက်တာ ဂျိမ်းခနဲ …၊

ပြီးတော့ ဘက်ခ်ဆုတ်၍ မောင်းထွက်သွားလေသည်။

“တောက် … မင်းတို့ …”

ရှက်ဒေါသတို့သည် လူကို သတိလစ်မတတ် ဖုံးလွှမ်းသွားခဲ့ပြီး ဆန်းဒေး ရဲ့ ရင်ဘတ်စကို ကြမ်းတမ်းစွာ ဆောင့်ဆွဲ၍ …

“မင်းကွာ ….”

ကျစ်ခဲသည့် လက်သီးဆုပ်ကြီးက ဆန်းဒေး မျက်နှာရှေ့ထိ အရှိန်နဲ့ ပြေးကပ်၏။

“ကွန် … မင်းကလည်းကွာ … ငါတို့က မင်းတို့ ကျော်မကောင်းကြားမကောင်း ပေါက်ကွဲကုန်မှာစိုးလို့ …”

“ဟေ့ကောင် … မင်း တော်တော့ …”

သာလွန့် စကားသံတိတ်ကျသွားတဲ့အထိ ကွန့် လက်သီးက ဆန်းဒေး မျက်နှာရှေ့မှာ ချိန်ရွယ်ထားဆဲရှိလျက် …

“ဟင် … ကားချင်းငြိကုန်တာလား …”

ပါဆယ်အိတ်လေးနှစ်လုံးဆွဲလာသည့် ဝိတ်တာကောင်လေးက သူတို့မြင်ကွင်းနဲ့ ထွက်သွားသည့် ညွန်း ရဲ့ ကားနေရာကိုကြည့်ကာ နားမလည်သလို ရေရွတ်၏။

ပြီးတော့ နောက်ပြန်ဆုတ်သွားပြီး ခေါင်းကုတ်ကာ …

“ဟိုအစ်မက ပါဆယ်မှာထားပြီးတော့ …”

ညည်းညူရင်း ခပ်မဲ့မဲ့နှင့် ပြန်လှည့်ဝင်သွား၏။ သူတို့သုံးယောက် ဆက်ဖြစ်ဦးမှာလားလို့ အကဲခတ်ကြည့်နေကြတဲ့ လူတစ်ချို့ကြောင့် သာလွန် က ရှေ့တိုးသွားကာ ကွန် ဆုပ်ကိုင်ထားသည့် ဆန်းဒေး ရဲ့ ရင်ဘတ်အင်္ကျီစကို ဖြည်ထုတ်ယူလိုက်သည်။

ပြီးမှ လက်သီးဆုပ်ထားသည့်လက်ကို အသာဆွဲချ၍ …

“ဒေါသကိုထိန်းဦး ဟေ့ကောင် … ပြန်မယ် … လာ …”

သူငယ်ချင်းတွေအပေါ် မပေါက်ကွဲသင့်မှန်းသိပေမယ့် ရင်ထဲမှာ ဒေါသတွေ ပွက်ပွက်ဆူနေဆဲဖြစ်၏။

ဘာလဲ ထိန်းချုပ်ရမယ့်ကာဝန်က သူ့မှာချည်းပဲလား …၊

တွေးနေလေ မကျေနပ်ဖွယ်တွေများပြားလာရလေ …၊

ဘယ်လိုဆုတောင်းတွေကြောင့် လာတွေ့နေရမှန်းမသိပေမယ့် ဆုတောင်းမှားခဲ့တာတော့ သေချာလေသည်။

ဒီလိုမှားယွင်းမှုတွေနဲ့ ဘယ်လောက်ထိ ခရီးဆက်ရဦးမလဲ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ရတယ်လေ .. လုပ်လိုက်ပါ .."

"ဘယ်လို .."

ဦးမင်းနိုင် ကိုယ့်ကိုယ်ကိုယ် နားကြားမှားသွားသလား ထင်မိ၏။ ဈေးစပ်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ဆူဆူပွပွမလုပ်တော့တာကို ထူးခြားနေတယ်လို့တော့ ထင်မိသား ..။

ဒါဖြင့် ဟိုတစ်ခါသွားတွေ့ခဲ့တုန်းက အဆင်ပြေလာကြတာလား..။

ဝမ်းပမ်းတသာ ထဖြစ်လိုက်ချင်ပေမယ့် မျက်နှာကို သေချာအကဲခတ်လိုက်တော့ ဂီတာကြိုးညှိနေသည့်မျက်နှာက လူသေကောင်ဖုတ်သွင်းထားတာလောက်တောင် အသက်မပါ။

ထိုစဉ် ဖုန်းသံကြားလိုက်ရပြီး ကွန် က ဂီတာတစ်ဖက်နှင့် ကောက်ကိုင်လိုက်မှ သူ လှည့်ထွက်လာမိကာ ..၊

"ဈေးစပ်လိုက်ဖို့ မငြင်းဘူးဆိုတာ ကြိုက်လို့လား .. မကြိုက်လို့လား .."

"ငါက တကယ်လုပ်လိုက်ရတာတော့မှာလား .. ထပ်မေးကြည့်ရမှာလား .."

ကိုယ့်ဘာသာ ရေရွတ်နေမိတာ အရှုံးနဲ့တူနေပြီလားမသိ .. ထိုစဉ်...



"အနမ်း ရယ် .. မင်းကို ကိုယ်ပြောပြီးပြီပဲ .. အဲဒါတွေ ပြီးသွားပြီဆိုတာ .."

"..... ..... ....."

"ဒါဆိုလည်း သတ္တိမွေးလိုက်ဦးလေ .. မင်း အဆင်ပြေရင် အွန်လိုက် .. ကိုယ်က အေးဆေး .."

ဦးမင်းနိုင် ခြေလှမ်းရပ်သွားပြီး ပြန်လှည့်ကြည့်မိသည်။ ဂီတာပိုက်ထားရင်း ခပ်ချဉ်ချဉ်ပြုံးနေသော ကွန် ရဲ့ မျက်နှာတစောင်းက ကော့ထင်းနေသည့် နှာတံကြောင့် မျက်နှာကျပုံ အားလုံးပြည့်စုံသွားသလိုပင် ..၊

ဒီနှာတံလေးနဲ့ ထောင့်ချိုးညီနေသည့် နှုတ်ခမ်းအစုံကြောင့် ငယ်ငယ်လေးတည်းက ...

"သားက လှချောလေးပါလား .." လို့ မြင်တဲ့လူတိုင်း ချီးမွမ်းကြတာဖြစ်သည်။

ပြီးတော့ ရှိသေးသည်။

"သူက တည်တည်ခန့်ခန့်လေးနော် .." ဆိုတာတွေက ဒီမျက်နှာထားကြောင့် ပြောသွားကြတာဖြစ်နိုင်၏။ မျက်မှောင်ကုတ်ထားတာမျိုး မဟုတ်ဘဲ ရှုးစိုက်ကြည့်တတ်သည့်မျက်လုံးတွေက တစ်ဖက်လူကို နေရင်းထိုင်ရင်း ပခုံးပုတ်၍ ရန်စချင်တာမျိုး ..၊

အကောင်းနဲ့ ရယ်ပေမယ့်လည်း လှောင်ရယ်သလို အသံထွက်ကာ နှုတ်ခမ်းမဖွင့်ဘဲ ပြုံးလျှင် မျက်နှာကိုက ချဉ်တူးတူးပုံပေါက်သွားတတ်၏။

ဒါတွေကို ခြုံငုံအကဲခတ်ရပါလျှင် အမြဲတမ်း ဒီပုံစံရှိနေတတ်သည့်မျက်နှာကို ဖွေမယူတော့ဘဲ ဈေးစပ်ဖို့ကို လိုလားစွာ လက်ခံနေသည်လို့ မှတ်ယူလိုက်ရုံသာ ..၊

သို့သော် ..၊

"ဟား .. ဟား .. ဟား .. ဟုတ်တယ်၊ မင်းကိုချစ်လို့ မယုံမရှိနဲ့ အနမ်း .. ဒီစကား မင်းကျမှပြောတာ .."

www.burmeseclassic.com

www.burmeseclassic.com



ဟမ် ...၊

ဦးမင်းနိုင် နားရှက်ထောင်သွားသည်။

"မတတ်နိုင်ဘူးကွာ .. သူ့ကို ရွဲ့နေတာလို့ထင်ရင်လည်း မင်းကြိုက်သလို ဆုံးဖြတ်ပေါ့ .."

"..... ..... ....."

"ပြောပြီးပြီလေ .. မင်း အဆင်ပြေလိုက် အွန်လိုက်ပါဆို .."

ခုထိကြားနေရသည့် ON တွေ OFF တွေကြောင့် ရေးနေသည့် ပရိဂရမ်က အောက်(ထ်)ပွတ်(တ်)မထွက်ဘဲ အဲရာ(ရ်) တက်လာပြန်သည်။

ယောက်ျားလေးပဲ ဒီလောက်တော့ ရှိမှာပေါ့လို့ ဘယ်လိုပဲ တစ်ကွက်ချန်ပေးခဲ့ပေမယ့် ရည်းစားတွေများနေပြီလို့ တွေးမိတိုင်း ...၊

ခုလိုမျိုး ဖုန်းပြောနေသံတွေကြားနေရတိုင်း ကိုယ့်ကိုယ်ကိုယ် တရားကျမိ၏။

ယောက်ျားလေးပဲဖြစ်စေ မိန်းကလေးပဲဖြစ်စေ မတော်တာတွေလုပ်နေပြီဆို မိဘတိုင်းသောကများရတာ အတူတူပါပဲ။ မွေးတာရှုပ်တာဂုဏ်ယူစရာများမှတ်နေလို့လား ...၊

"တင်းတောင် ...."

"ဟော .. ညှော်သည်ထင်တယ် .. ကုလား ရေ .."

"လာပြီ ကယ်ကြီး .."

'ကုလား' လို့ခေါ်ပေမယ့် ကုလား မဟုတ်ပါ။ အသားမည်းပြီးမျက်နှာပုံပန်းက ကုလားပုံပေါက်နေတာဖြစ်၏။ ကုလား ဖဲခါးသွားဖွင့်နေလျှင် ....

"ငါလည်း ဘုရားရှိခိုး တရားထိုင်တော့မလို့ .. တော်သေးတယ်.."

ဦးမင်းနိုင် က ဆိုဖာတွေဆီ ပြန်လှည့်လာကာ ကွန် က အထဲဝင်တော့မလို့ ဂီတာဆွဲ၍ထ၏။ သို့သော် ...



"ညွှန်း ဝင်လာလို့ရမလားဟင် .."

စကားသံကြောင့် သားအဖနှစ်ယောက်စလုံး အကြည့်တွေ ဒိုင်းခနဲ ခုန်ရောက်သွား၏။

"သမီးပါလား ..."

ဦးမင်းနိုင် ပြုံးရယ်ကြိုဆိုပေမယ့် ကွန့် မျက်နှာတင်းသွားသည်။

"လာ သမီး .. လာ .. မနေ့ကတောင် အန်ကယ်လ် ဖုန်းဆက်သေးတယ်၊ လိုင်းမကောင်းလို့လား မသိဘူး၊ ခေါ်လို့ကိုမရဘူး .."

"ဖုန်းနံပါတ်သုံးခုပါတယ်လေ အန်ကယ်လ် .. နောက်ဆုံးအလုံးကို ခေါ်သေးလား .."

"ဟာ့အေး .. အန်ကယ်လ် ရှေ့ဆုံးက ဖုန်းကိုပဲခေါ်တာ၊ နေ့လယ်မှပဲ သမီးဆီသွားလိုက်မယ်ဆိုပြီး .."

"ဪ ..."

"ထိုင် သမီး .. ကွန် မင်းလည်း ထိုင်ဦးလေ .."

သားအဖနှစ်ယောက်က တစ်ဖက်ခြမ်းမှာဖြစ်ကာ ညွှန်း က သူတို့နဲ့ တြိဂံပုံစံထိပ်မှာ ထိုင်လိုက်၏။ ပိတောက်ခြောက်ရောင် လည်ဟိုက်ဆွယ်တာပေါ်မှာ ကုတ်အင်္ကျီအနီရဲရဲလေးထပ်ဝတ်ထားသည့် ညွှန်းမျက်နှာလေးက ပါးမို့လေးတွေပါ ပန်းနုရောင်သမ်းနေ၏။

အသားညိုဝင်းဝင်းလေးမို့ ပါးပြင်လေးက နုညက်နေတာ ပို၍သိသာကာ သူမလေးလည်း ကိုယ့်သားလို နှုတ်ခမ်းသားလေးတွေထောင့်ချိုးညီနေတာချင်းတူတာကို သတိထားမိလိုက်သည်။

သူမကတော့ မိန်းကလေးမို့ ချစ်စဖွယ်လေးဖြစ်နေရကာ ...

"ညွှန်း ဒီနေ့ ကုမ္ပဏီမရောက်ဘူး အန်ကယ်လ် .. ကားချင်းငြိမိလို့ ဘော်ဒီရှဲပြေးနေရတာနဲ့ စိတ်တွေလည်း နောက်နေလို့လေ .."

"ဟုတ်လား .. ကားချင်းဘယ်လိုငြိမိတာလဲ .. ပေါ်တော်ထိသွားသလား .. လူကိုရော .."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း က ကွန့် ထံ မရောက်လိုက်သည့် အကြည့်တစ်ချက်နှင့် မျက်လုံးစွေ၏။ ပြီးမှ …

"ပါကင်ထိုးထားတုန်း ဖြစ်တာပါ .."

"သြော်ကွယ် .. တော်သေးတာပေါ့ .."

"ညွန်း က စိတ်လောသွားတာပါ၊ ဆိုင်မှာ ဘဲကင်နဲ့ ကွေ့သယို ဝင်ဝယ်တာလေ၊ ကားတွေထပ်ရောက်လာရင် ပြန်ထွက်ရခက်မှာစိုးလို့ အဆင်သင့်ထုတ်ထားချင်တာနဲ့ ကားရွှေ့ဖို့လုပ်တာ .."

ညွန်း က သူမနဲ့ တခြားတစ်ယောက်ဖြစ်လာခဲ့တာလိုလို တည်ငြိမ်စွာ ရှင်းပြနေပေမယ့် ကြားနေရတာ စိတ်မရှည်အောင်ဖြစ်လာသဖြင့် ကွန် က ဂီတာကြိုးတွေကို ခပ်ကြမ်းကြမ်းဆွဲခြစ်ပစ်လိုက်၏။

ညွန်း စကားရပ်သွားကာ ဦးမင်းနိုင် မျက်နှာကြီးတင်းသွားပြီး လှည့်ကြည့်၏။ ကွန် က မသိသလိုထပ်စမ်းနေလိုက်သည်မို့ ဒီမှာပဲ အမှတ်တမဲ့ ထားလိုက်ကာ စကားတွေပြန်ဆက်၏။

"ဒါဆို သမီး ဟိုကားပိုင်ရှင်ကို လျော်လိုက်ရမှာပေါ့ .."

"ဟုတ်ကဲ့ …"

"သမီးကားက ရှေ့ပိုင်းထိတာဆိုတော့ သမီးလည်း ကုန်ရဦးမှာပဲ .. အင်း .."

"နှစ်ဖက်စာ ကုန်ရတာက ကိုယ့်အမှားပဲဆိုတော့ ဘယ်တတ်နိုင်မလဲ အန်ကယ်လ် .. ဒါပေမယ့် ကားပိုင်ရှင်က ညွန်း လျော်ပေးခဲ့တဲ့ ချက်လက်မှတ်ကို အဲ့ဒီနေရာမှာတင် ဖြဲဆုတ်သွားတယ်ဆိုတော့ .."

"ဟုတ်တယ် .. ဒါကို ဒီထိလိုက်လာပြီး ခင်ဗျား ဘာဖြစ်ချင်တာလဲ .."

ဟင်!…၊

ကွန့် စကားကြောင့် ဦးမင်းနိုင် ဟင်ခနဲဖြစ်သွားပြီး လှည့်ကြည့်မိသည်။



ဘယ့်နှယ် .. လူ့သတ်ပွဲထဖြစ်သွားနိုင်သည့် ဒေါသတွေနဲ့လား …၊

ဒီဘက်ပြန်ကြည့်လိုက်တော့လည်း ညွန်း က 'ရှင် ဒီလိုထပြောလာအောင် စောင့်နေတာ' လို့ ပြောနေသည့်အကြည့်တို့နှင့် …။

"ဘာမှဖြစ်ချင်တာမဟုတ်ဘူး ကွန် .. ရှင်းရမယ့် ပြဿနာကို ရှင်းနိုင်သေးရင် ငါ ထမင်းစားပျက်တယ်၊ ပြီးတော့ ဒါက ငွေရေးကြေးရေးဖြစ်နေတဲ့အတွက် ရှင်းကိုရှင်းရမှာ .."

သူမက ကုတ်အင်္ကျီအိတ်ထဲက ငါးထောင်တန်နှစ်အုပ်ကို ထုတ်ယူလိုက်ပြီး ဦးမင်းနိုင် ရှေ့မှာ တလေးတစားချထားပေးလိုက်၍ …

"အန်ကယ့်လ်ကား ဘော်ဒီရုံမှာထင်တယ်၊ ဒီနေ့လယ်က ညွန်းနဲ့ ကားနဲ့ ချိတ်မိတာ အန်ကယ့်လ်ကားပါ .."

ဦးမင်းနိုင် မျက်နှာကြီးပျက်လျက် ဘာမှမပြောနိုင် …၊

"ဒါကို လက်ခံပေးပါ အန်ကယ်လ် .. လိုနေသေးရင် ညွန်း ကို ဒုန်းဆက်ပါနော် .."

"နေကြပါဦး .. အဲဒီကိစ္စ အန်ကယ်လ် ခုမှ သိရတာ .."

"ဆန်းဒေး အစ်ကိုက ဘော်ဒီရုံထောင်ထားတာ၊ ကျွန်တော် အားမီးခွက်ဝယ်ပေးလိုက်ပြီ၊ ဘာမှမလိုတော့ဘူး .."

ကွန် က ဦးမင်းနိုင် ကို ရည်ညွှန်း၍ပြောကာ နေရာမှထရပ်လိုက်၏။

"ကွန် …"

ညွန်း က သူ့နဲ့ မရှေးမနှောင်း ထရပ်လိုက်ကာ …၊

"မင်းလိုသည်ဖြစ်စေ မလိုသည်ဖြစ်စေ ကားက အန်ကယ့်လ်ကား ဖြစ်နေတဲ့အတွက် ငါ့မှာ ပြန်လျော်ပေးရမယ့်တာဝန်ရှိတယ်၊ ဒါပေမယ့် ခင်းပြောခဲ့တဲ့ စကားနဲ့ပတ်သက်ပြီး ငါ ပြန်လျော်ပေးတာကို မင်း သိ အမှတ်ပြုပေးရမယ် .."

"ဘာပြောလိုက်တယ် ဒေါ်စံရတီညွန်း .. ပြန်ပြောစမ်းပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဂီတာကို ဆိုဖာပေါ်မကြည့်ဘဲ လက်ပြန်ပစ်ချလိုက်ရင်း ...၊

"မကျေနပ်တာတွေ ခင်ဗျားမှာပဲ မကုန်နိုင်တာလား .."

"ဟုတ်တယ် .. မင်းကို ငါ ရိုက်ခဲ့တာ အဲဒါ မှလောက်ဆုံ မင်း အနာပျောက်ပြီပေါ့၊ မင်းရဲ့စကားတွေကသာ ငါ့နားထဲမှာ ခုထိဆူညံနေတုန်း .."

"ခင်ဗျားပေးချင်တဲ့ အလျှော်အစားကို ကျုပ်က အသိအမှတ်မပြုရင်ရော .."

"ဟွန်း ..."

ညွန့်း က သူ့မျက်နှာကို စိုက်ကြည့်ပြီး မဲ့သည်။

"ဖြစ်ပါတယ် .. ငါသိချင်တာလည်း မင်းနဲ့ငါ အဓိပ္ပာယ်ကောက်တွေ လွဲခဲ့တာလား .. ဘယ်သူထင်တာမှန်တာလဲဆိုတာပဲ၊ မင်းကိုက ဒီလိုပြောနိုင်ဖို့အတွက် ဘာနဲ့ဖြစ်ဖြစ် လဲယူမယ်ဆိုတာ သိကာမှတော့.."

"ခင်ဗျား တော်တော့ ..."

"ဟော့ .. ဟော့ .. နေကြဦး၊ ကွန် နောက်ဆုတ်စမ်း နေဦး သမီးလည်း ပြန်ထိုင် .."

လက်တစ်ဖက်စီနဲ့ နှစ်ယောက်စလုံးကို ကာဆီးတားရင်း ဦးမင်းနိုင် ကိုယ်မသိခဲ့ရသည့် ပြဿနာထဲကို ဝင်ဖာခဲ့ရ၏။

"နေကြဦး .. ဒီပြဿနာထဲမှာ ငါ ဝင်ပါလို့ရတယ်၊ ကားတိုက်မိခဲ့တဲ့ကိစ္စအတွက် အလျှော်အစားကဏ္ဍက ငါ့ကဏ္ဍ .. အဲဒီတော့ မင်းတို့ချင်း ဖြစ်ခဲ့ကြတာတွေကို ဖယ်ထားလိုက်တော့ .."

"ကျွန်မတော်ကတော့ ဖယ်ထားလိုက်လို့မရတော့ဘူး ဖေဖေ .. လူဘုံအလယ်မှာ သူ ကျွန်တော့်ကို ပါးရိုက်သွားတာ ..."

ဦးမင်းနိုင် မျက်လုံးတွေ ညွန့်း ဆီ ရောက်သွားပေမယ့် တစ်ဆက်တည်းမှာ သူ တွေးလိုက်မိတာက 'ပါးရိုက်လောက်အောင် သားတော်မောင် ဘာသွားပြောလိုက်လို့လဲ' ဆိုတာပင် ...။



ညွန့်းက ဦးမင်းနိုင် နဲ့ မျက်လုံးချင်းဆုံလိုက်သည်နှင့် မျက်တောင်များလေးတွေ တစ်ချက်လှုပ်ခတ်သွားသည်။ ပြီးတော့ အားနာသည့်အကြည့်လေးတွေဖြစ်သွားပြီးမှ မျက်ဝန်းတို့ကို လွှဲပစ်ကာ ...

"ဆောရီးပါ အန်ကယ်လ် .. အဲ့ဒါ .."

"ဟုတ်ပြီ .. ပြဿနာတစ်ခုရှိလာရင် နှစ်ဖက်စလုံးမှာ ကိုယ့်အယူအဆနဲ့ ကိုယ့်အကြောင်းရင်းဆိုကာ ရှိကြတယ်၊ အဲ့ဒီတော့ သမီးတို့ပြဿနာကို ဘာဆိုတာ အခု အန်ကယ်လ် သိပြီ .. နှစ်ယောက်စလုံး အန်ကယ်လ်ပြောတာကို နားထောင်ကြ .."

မကျေမနပ်တိုင်နေကြရသည့် မျက်နှာတွေထဲမှာ ကိုယ့်သားမျက်နှာက ဒေါသတွေက ပိုပြီးအကဲခတ်ရလွယ်နေတာကို စိတ်တော့မလုံချင် ...။

"အဟမ်း ..."

ဦးမင်းနိုင် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ချပေးထားသည့် ပိုက်ဆံတွေကို ရှေ့နည်းနည်းပြန်တိုးထားလိုက်၏။ ပြီးမှ ခြေချင်းချိတ်ထိုင်လိုက်ကာ ...

"သမီးမှာ မိဘတွေမရှိတော့တဲ့အတွက် သမီးရော သားရော အန်ကယ့်လ် သားသမီးပါပဲ၊ သမီးမှာ စီးပွားဉစ္စာ ပြည့်စုံပေမယ့် မပြည့်စုံသလို ခံစားနေရတယ်၊ သားမှာလည်း မိဘဆိုတာ ရှိနေသေးပေမယ့် ဘဝအတွက် ပြည့်စုံမှုရှိဖို့တွေ အများကြီးလိုနေသေးတယ်၊ အန်ကယ်လ် ပြောချင်တာက သားနဲ့ သမီးတို့ကို နားလည်မှုရှိကြစေချင်တာပါ .."

ပြောပြီး ခဏနားရင်း အကဲခတ်ကြည့်မိသည်။ နှစ်ယောက်စလုံး အသံတိတ်နေကြတာမို့ 'မဆိုးသေး' ဟု တွက်မိကာ ...

"မသိခဲ့တုန်းက ဝေးနေခဲ့ကြပေမယ့် အခု သမီးနဲ့ အန်ကယ်လ်တို့ ပြန်ဆုံကြပြီးမှတော့ အန်ကယ့်လ်ဘက်ကလည်း သမီးရဲ့ မိဘအုပ်ထိန်းသူအဖြစ် ရပ်တည်ပေးချင်တယ်၊ နောက်ပြီး အန်ကယ်လ်တို့ လူကြီးချင်း

www.burmeseclassic.com



ထားခဲ့ကြတဲ့ ကတိစကားလည်းရှိခဲ့တယ်ဆိုတော့ ..''

''ကတိစကားရှိခဲ့တာကို ကျွန်တော် တစ်ခါမှလည်း မကြားခဲ့ဘူး ပါလား ဖေဖေ ..''

'တစ်ခါမှ မကြားခဲ့ဘူး' လို့ ကွန် တမင်တကာပြောချပြောလိုက် တာဖြစ်သည်။ သူ အထက်တန်းကျောင်းသားအရွယ်တည်းက မေမေ ပြောခဲ့ဖူးတာရှိသည်။

''မေမေ့ သူငယ်ချင်းရဲ့ သမီးနဲ့ မင်းကို ပေးစားမှာနော် သား .. လူက တက္ကသိုလ်ကျောင်းသားမဖြစ်သေးဘူး၊ ဘာသံညာသံတွေက ကြား နေရပြီ .. သတိထား ..''

''သူတို့က မေမေတို့ထက် အများကြီးချမ်းသာတယ်၊ သမီးလေး က အရမ်းလည်းလှတယ်၊ ငါ့သားမြင်ရင် သဘောကျမှာပါ၊ ရည်းစား တွေ လျှောက်ထားမနေနဲ့နော် ..'' လို့ ..။

မေမေ ရှိတုန်းက မကြာခဏပြောခဲ့ဖူးသည်။

ဒါပေမယ့် ဒီကိစ္စကို ဖေဖေနဲ့ မပြောဖြစ်ခဲ့ဘူးပဲတွေးကာ၊ ပြီးတော့ ဒီအချိန်မှာ သူ့အတွက် 'မသိ' စကားကသာ အလိုအပ်ဆုံးမို့ ကွန် က ခပ်ပြောင်ပြောင် ..။

''ဒီကိစ္စကို အစဖော်ပေးတဲ့သူရှိလို့ ဖေဖေ သတိရသွားတာမို့လား..''

ဦးမင်းနိုင် မျက်မှောင်ကုတ်သွားသည်။ သူတို့ပြောခဲ့ဖူးတာကို သူ မသိဘဲနေမလား ..၊

ကွန့် ရင်ထဲမှာ အငြိုးကိုပါ တွက်ဆမိသွားသဖြင့် ဖြေရှင်းရမယ့် အစား သားဖြစ်သူမျက်နှာကိုသာ စိုက်ကြည့်နေမိသည်။

ဒီကောင်လေး စေ့စပ်ဖို့ကို သဘောတူပါတယ်ပြောခဲ့ပြီးမှ ဘာဖြစ် ချင်သေးတာလဲ ..၊

''ကျွန်တော်ဆိုလိုတာက ကျွန်တော့်ကို စေ့စပ်ချင်လို့ လာကမ်း လှမ်းတာက ဒေါ်စံရတီညွှန်း ပဲ .. ဟုတ်တယ်နော် ..''



''ကွန် အဲဒါတွေကို မင်း ပြောဖို့မလိုသေးဘူး၊ မင်းအဖေ ငါ ရှိ တယ် ..''

''ကျွန်တော်ကလည်း ဖေဖေ့စကားကို နားထောင်ဖို့ပြင်ဆင်ပြီးသား ပါ ..''

ဦးမင်းနိုင် ကို ရည်ရွယ်ပေမယ့် ကွန့် မျက်လုံးတွေက ညွှန်း ထံမှာ ...လျက် ..၊

''ကိုယ်ကိုယ်တိုင် ရေးတဲ့ပန်းချီပဲ ဘာပုံပေါ်လာလာ အဲဒါ သူ့ ...ဘာ၊ ကျီးကန်းကို မြင်ရက်သားနဲ့ အမောက်လေးထပ်ဖြည့်ပြီး ဇာမဏီ ...ို့ ခေါင်းစဉ်ပြောင်းပေးဖို့မလိုဘူး ..''

တလက်လက်ဆူးရဲလာသည့် မျက်ဝန်းလေးတွေကို ကွန် က အံကြိတ် ...း စိုက်ကြည့်နေလျက် ..၊

''ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် စေ့စပ်ချင်တာက သူမ ..''

''ဟုတ်တယ် .. ငါ ..''

ညွှန်း က ပြတ်သားစွာဝန်ခံ၍ ခေါင်းပါညိတ်၏။

''မင်း ပြောတဲ့ခေါင်းစဉ်မှန်တယ်၊ မင်းလည်း ငါပေးတဲ့ခေါင်းစဉ် ...တိုင်း ရှေ့ဆက်ဖို့ ဆုံးဖြတ်လိုက်တဲ့ပုံပဲ ..''

''ဟုတ်တယ် ..''

''ဆိုတော့ ဒီကိစ္စကို မင်းနဲ့ ငါ သဘောတူပြီးပြီလို့ သတ်မှတ်နိုင် ...ာပေါ့ ..''

''သဲ့တ်(တ်)ရိုက်(ထ်) ..''

''အန်ကယ်လ်လည်း ကြားပြီးပြီဆိုတော့ ကျွန်မတို့ စေ့စပ်ဖို့အတွက် အန်ကယ်လ် စီစဉ်ပေးပါ ..''

ဦးမင်းနိုင် မျက်နှာကြီး နီမြန်းနေ၏။ ပြီးတော့ အံကြိတ်ထားသည့် ...းရိုးနှစ်ဖက်မှာ လှုပ်ခတ်နေခဲ့ပြီး သားဖြစ်သူ၏ မျက်နှာထက်မှာ အတန်ကြာငေးစိုက်နေခဲ့ပြီး ..၊

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .."

ယတိပြတ်ဆိုလိုက်ပြီး နေရာမှထရပ်၏။ စကားသံတို့က ယခင်ကထက်ပို၍ပြတ်သားနေကာ ..၊

"မင်းတို့တွေရဲ့ ဆုံးဖြတ်ချက်အတိုင်း လုပ်ပေးပါဆိုကိုင်း ပေး မပေးနိုင်ဘူး၊ ဒီစေ့စပ်ပွဲ ဖြစ်မြောက်သွားရင်လည်း ငါကိုယ်တိုင် ဦးဆောင်စီစဉ်တာပဲဖြစ်ရမယ် .."

"ဖေဖေ ..."

"မင်း တိတ်စမ်း ကွန် .."

ဦးမင်းနိုင် ဒေါသကို အံ့ဩသလိုဖြစ်သွားပြီးမှ ကွန် အောက်မေးဖျားခပ်လှုပ်လှုပ်နှင့် မဲ့သည်။

"စေ့စပ်ကြမယ်ဆိုရင် မင်း ပြောခဲ့သလိုပဲ ခေါင်းစဉ်က တစ်ခုပဲရှိရမယ်၊ အဲဒါက မင်းတို့ကို လက်ထပ်ပေးဖို့ ငါတို့လူကြီးတွေ ကတိထားခဲ့ကြတာ ဒါကြောင့် အခုဖြစ်လာတယ် ဒါပဲ .."

"ကျွန်တော်ကလည်း .."

"ညွှန်း ကလည်း မင်းကို တမ်းတမ်းစွဲမက်မောလွန်းလို့ ဒီထိလိုက်လာတာမဟုတ်ဘူး ဟုတ်ရဲ့လား ..၊ မင်း သိထားရမှာ အဲဒါပဲ ကွန် .. ယောကျ်ားဖြစ်ပြီး .. မင်း .."

"ယောကျ်ားတွေလည်း ညစ်ရင် ပတ်တတ်တယ် ဖေဖေ .."

"ညစ်ပတ်မှာပါလို့ ပြောနေတာကို စေ့စပ်ခွင့်ပေးရအောင် ငါက ဖဲဒိုင်ကိုင်နေတာမဟုတ်ဘူး၊ မင်း သဘောမတူရင် တစ်ခွန်းပဲပြောရက်(စ်) အော် နိုး .."

"ဟွန်း ..."

ကွန် က ခပ်မဲ့မဲ့ရယ်လိုက်ပြီး ဖြည်းလေးစွာထရပ်လိုက်၏။ ပြီးမှ ညွှန်း ကို ခပ်စိုက်စိုက်ကြည့်ကာ ..၊

"သူတောင် စေ့စပ်ဖို့ရှေ့တိုးနေသေးတာ ကျွန်တော်က ဘာလို့မတိုး



ရှောလဲ .. သွားကြမယ်ဆိုလို့ကတော့ ရေဆုံးရေဖျားပဲ .."

မျက်နှာသည် ကြောက်စရာကောင်းသော လှို့ဝှက်ခြင်းတို့ဖြင့် အေးစက်ခက်ထန်နေခဲ့လျက် ..၊

"ဟုတ်တယ်မို့လား .. ကျွန်တော်တို့ ကိုယ့်ခေါင်းစဉ်နဲ့ကိုယ် ချီတက်ကြတာပေါ့ .."

ကွန် ဆိုသည့် ယောကျ်ား ကိုယ့်ကို နာကြည်းချက်နဲ့ ရွဲ့နေပြီမှန်းသိလိုက်သည်။ ဘာပဲဖြစ်ဖြစ် ဒါလည်း ကိုယ်စခဲ့တဲ့ ဓာတ်လမ်းပဲမို့ အဆုံးထိ ကရမည်သာ ..။

ညွှန်း က မတည်မပြုံးမျက်နှာနှင့် ခေါင်းညိတ်လိုက်သည်။ ပြီးတော့ သူ့ကို စိုက်ကြည့်ရင်း ...

"အပ်(စ်) ယူလိုက်(န်) .."

"အိုခေ .."

ကွန် ပခုံးတွေတွန့်၍ မျက်ခုံးနှစ်ဖက်ပါပင့်တက်သွားပြီး 'အိုခေ' ဟုသည်။ နှစ်ယောက်ရဲ့ အလယ်မှာ အဆင်မပြေနိုင်တာက ဦးမင်းနိုင်ပဲ ဖြစ်ကာ ..၊

အဆင်ပြေနေကြပြီဆိုတာကိုလည်း ဖျက်ပစ်လို့မရ၊ ဒီပုံနဲ့ အဆင်ပြေနေကြတာကိုလည်း ဘဝင်မကျနိုင်ခဲ့ဘဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဖုန်းပြောလို့မရဘူး ကိုမိုးတိမ် လမ်းဘေးခဏချလိုက်စမ်းပါ.."

"ဟုတ်ကဲ့ ..."

မိုးတိမ် က ကားကိုလမ်းဘေးချပေးလိုက်၏။ ညွန်း ကားပေါ်က ဆင်းကာ ကျိုးပဲ့နေသည့်ပလက်ဖောင်းလမ်းပေါ်တက်လိုက်ပြီးမှ ...၊

"အင်း ရပြီ ဝဿန် .. ပြော .. ပြော .. ဘာလဲ လမ်းကိစ္စကိုလား.."

".... .... ...."

"သိတယ်လေ .. မနက်က ဦးတာရာ ငါ့ကို ဖုန်းဆက်ပြောတာပဲ .."

".... .... ...."

ပြောနေရင်း သိပ်မကြားရဖြစ်လာသဖြင့် အောက်ကိုကြည့်လိုက် ရှေ့တိုးလိုက်နှင့် မကြည့်ဘဲ ခြေလှမ်းရွှေ့မိတာလည်းရှိကာ ...

"ငါလည်း ဒီအပတ်မှာ စေ့စပ် .. အခမ့ .."

နောက်ကိုခြေလှမ်းရွှေ့မိတာနှင့် နိမ့်ခနဲဖြစ်သွားကာ လူက နောက်ပြန်ယိုင်သွား၏။ လဲပြီဆိုသည့်အသိနှင့် လန့်ဖျန့်ပူထူသွားသော်လည်း...၊

ဟင်!...၊

"ဆော်ရီးနော် .. လဲသွားမှာစိုးလို့ .."

သူမ ကိုယ်သည် ယောကျ်ားတစ်ယောက်၏ ရင်ခွင်ထဲမှာ ကျောကပ်



မှီလျက်သားပုံကွက်တိကြီးဖြစ်သွားခဲ့၏။ ကြည့်လိုက်တော့ ထိုသူကို သူမ သိနေပြန်ကာ ...၊

"ဒီဂျေ ..."

"ဟုတ်တယ် .. ညွန်း က ကိုယ့်ကို မှတ်မိနေသားပဲ .."

သိသည့်အပြင် ရှက်လည်းရှက်မိကာ .. သူ့ရင်ခွင်ထဲက ရုန်းထွက်ပြီးတာတောင် ပတ်ဝန်းကျင်ကို မကြည့်ရဲဘဲ ကိုယ့်ကိုယ်ကိုယ် ပွတ်သပ်ခါနေမိတာလည်း မပြီးနိုင် ...။

ပန်းသွေးရောင်မြန်မာဝတ်စုံကို ဒီဇိုင်းဆန်းလေးနဲ့ဖြစ်ကာ ရွှေညိုရောင် မှောင်လဲ့နေသည့် ဆံနွယ်တို့နှင့် သူမကို ဒီဂျေ က အပြုံးတို့နှင့် ငေးကြည့်နေကာ ...

"ကိုယ်ကလည်း ညွန်း ကို မြင်လိုက်လို့ နှုတ်ဆက်ရအောင် ဆင်းလာတာ .."

"ဟုတ်လား ..."

လူကို ပွေ့ဖက်ထားသလိုဖြစ်ခဲ့ပြီးမှ ဒီလူနှင့် မျက်နှာချင်းဆိုင်စကားမပြောချင်ပါ။ ပြီးတော့ ဘယ်တုန်းကမှလည်း တရင်းတနှီးရှိခဲ့ကြတာမဟုတ် ...။

"ညွန်း .. အဆင်မပြေဘူးထင်တယ် .."

"ဟင် ..."

"ဒီလိုပါ .. စကားစမြည်ပြောဖို့အဆင်မပြေသေးရင် ကျွန်တော်တို့ နောက်တစ်ရက်ရက်ကျမှ ဆုံကြတာပေါ့၊ ဖုန်းဆက်ရင်တော့ ကိုင်မယ်မို့လား .."

"အင်း .. ညွန်း တို့က မသိတဲ့လူတွေမှ မဟုတ်ဘဲ ဒါပေမယ့် ခုရက်ပိုင်းမှာ ညွန်း စေ့စပ်ပွဲအတွက် အလုပ်ရှုပ်နေမှာဆိုတော့ မကိုင်ဖြစ်ရင် ဆော်ရီးပါ .."

ဒီဂျေ မျက်နှာပျက်သွားသည်။ ညွန်း ရဲ့ ကားပေါ်က မိုးတိမ်ကိုလည်း မသိမသာလှမ်းကြည့်မိ၏။ မိုးတိမ် က သူ့ကိုကြည့်မနေပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ ကားပေါ်က ဆင်းထွက်လာတုန်းကတော့ မြင်မှာပါ။

"မင်း ကြိုးစားကြည့်လေ – သူက အလုပ်သဘောကလွဲရင် ရင်းနှီးတဲ့ ယောက်ျားမိတ်ဆွေရှိတယ်လို့ ငါ မကြားဖူးသေးဘူး .."

လို့ ပြောတုန်းက ညွှန်း နဲ့ ပတ်သက်တာတစ်ခုခုဆို ဒီကောင် ဟိုချွန်ဒီချွန်နဲ့လို့တောင် သူ တွေးမိသေးသည်။

"စေ့စပ်တော့မယ်ဟုတ်လား ညွှန်း .. ကျွန်တော့်ကို တစ်မျိုးထင်လို့ တမင်ကာကွယ်ထားလိုက်တာမျိုးတော့ မဟုတ်ပါဘူးနော် .."

"မဟုတ်ပါဘူး .. ကိုယ့်ကို လာနှုတ်ဆက်တဲ့ ယောက်ျားတိုင်းကို ဟိုလိုဒီလိုထင်နေရအောင်လည်း ညွှန်း က .."

"ညွှန်း က အရမ်းလှပါတယ်၊ ပြီးတော့ အောင်မြင်ကျော်ကြားနေတဲ့ မိန်းကလေးပါ၊ ကျွန်တော်တို့ ပညာအတူတူသင်ခဲ့ဖူးကြပေမယ့် ညွှန်း လောက် မအောင်မြင်တော့ ဟိုအရင်တည်းက နှုတ်ဆက်ချင်တာတောင် ညွှန်း ရဲ့ ဘေးကိုရောက်အောင် မတိုးနိုင်ခဲ့လို့လေ .."

"ခုလို ညွှန်း အတွက် ဂုဏ်ယူဖွယ်တွေရှာကြံပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ စေ့စပ်ပွဲကျရင်လည်း ရှင့်ကို ဖိတ်ပါ့မယ် .."

"အိုခေ .. အိုခေ .. အဲ့လောက် ရင်းနှီးခွင့်ပေးရင် ကျေနပ်ပါပြီဗျာ.. ဒီမှာ ကိုယ့်ရဲ့ ဖုန်းနံပါတ် .."

လိပ်စာကဒ်ကို လှမ်းပေးတော့ ညွှန်း လက်ခံယူရင်း နှုတ်ဆက်လိုက်သည်။ ဒီချေ ဆိုတဲ့လူဟာ နှုတ်ချိုသလောက် စကားပရိယာယ်ကြွယ်သည်။

ထို့ပြင် စီးပွားရှာသည့်နေရာမှာ ဘယ်လိုတစ်ကိုယ်ကောင်းဆန်တတ်သည်ဆိုတာ သတင်းမွှေးနေသည့်လူဖြစ်သည်။

"ဘယ်ကိုမောင်းရမလဲ မစံ .."

"ဗဟိုစည်ဆေးရုံကို .."

ဖုန်းနှစ်လုံးနှင့် အလုပ်ရှုပ်ရင်း မျက်နှာမမော့ဘဲဖြေကာ ..၊

"ဟလို .. ဟုတ်ပါတယ်၊ စကိုင်းလိုင်းက အမ်ဒီပါရှင် .."



".... .... ...."

"ဪ .. ဟုတ်ပါတယ် ရပါတယ် .. ကျွန်မပဲ လက်မှတ်ထိုးပေးလိုက်တာပါ .."

".... .... ...."

"ပို့ပေးတာ ကျေးဇူးတင်ပါတယ်နော် .. ကျွန်မ အလုပ်များနေလို့ ကိုယ်တိုင်လာမယူနိုင်တာပါ၊ သဲ့နှ်ခ်ယူ ပါ .."

ပြောပြီး နောက်တစ်လုံးကိုခေါ်၍ ...

"ဝဿန် ငါ ဆက်သွားဖို့ရှိတယ်နော် .. နင် အားရဲ့လား၊ ငါ နင့်ကို စောင့်နေဖို့အချိန်မရှိဘူး .."

လူမရောက်ခင်တည်းက အချိန်တွေညှိနေရကာ တွေ့ကြတော့ ဝဿန် ကလည်း သူ့ဆေးခန်းနားက ကော်ဖီဆိုင်လေးမှာပဲ ထိုင်ဖြစ်ကြ၏။

"နင် မအားဘဲနဲ့ ဝဿန် ရှယ် .."

"မအားတာနဲ့ပဲ နေရရင် နင်နဲ့ငါ တွေ့ဖြစ်ကြမှာကိုမဟုတ်တော့ဘူး၊ ဘာဖြစ်လို့လဲ ဒီလိုတွေ့တော့ .."

"ငါ့မှာ ကားပါကင်ရှာရတာ လွယ်တာမဟုတ်ဘူး .."

"နင့်တစ်ယောက်တည်းမဟုတ်ဘူး၊ ကားရှိတဲ့လူတိုင်း ဒီလိုပဲ၊ ကိုယ့်ကားကိုစီးလိုက် ခေါင်းပေါ်ရွက်လိုက်နဲ့ ကုန်းတစ်တန် ရေတစ်တန် ဖြတ်သန်းနေကြရတာ .."

ဝဿန် ပြောမှပဲ စိတ်ရှုပ်နေသည့်ကြားက ပြုံးလိုက်မိသည်။

"နင် ညက ငါ့ကိုပြောပြနေတာတွေကြားပြီး စိတ်တွေတိုလွန်းလို့ အိပ်လို့တောင် မပျော်ဘူးသိရဲ့လား .."

"ဘာလဲ .. လင်းတစ်ရေးလား .."

"တကယ်ပြောနေတာ မရယ်နဲ့ .. နေစမ်းပါဦး ညွှန်းရယ်၊ နင် ဒီလမ်းကိုစပေါ်လာမှ ဒီလူတွေကို သတိရတာမို့လား၊ ဦးမင်းနိုင် ဆိုတဲ့ လူကြီးကလည်း ကူညီပါ့မယ် ပြောပြီးပြီ၊ အဲ့ဒါ ဘာဖြစ်လို့ စေ့စပ်ဖို့ကို

www.burmeseclassic.com

www.burmeseclassic.com



ခွတ်ရှေ့တိုးရတာလဲ ..."

"စေ့စပ်ဖို့လိုလို့ပေါ့ .."

"လိုရတဲ့အကြောင်းရင်းက .."

"မရှိဘူး .."

"ဘာ ..."

ညွန်း က တည်ငြိမ်သည့်မျက်နှာလေးရှိနေပေမယ့် မသိမသာ တွန့်ချိုးနေသည့် မျက်ခုံးတန်းလေးတွေအရ စိတ်ရှုပ်ထွေးနေမှန်း သိသာစေလျက် ...၊

"ငါ သူများဆီက အကူအညီကို အသားတင်တောင်းမယူချင်ဘူး.."

"အဲဒါ တခြားနည်းတွေနဲ့ ဖလှယ်ဖို့ကြိုးစားရမှာပေါ့ ညွန်း ရယ်၊ ဘာနည်းလမ်းမှမရှိတော့ရင်လည်း ဒီအဆောက်အဦးကို ဖျက်သင့်ရင် ဖျက်ရမှာပဲ .."

"ငါ မဖျက်နိုင်ဘူး ဝသန် .. ဒီလမ်းကိစ္စကြီးဖြစ်လာတာကိုက ကွယ်ရာကတစ်စုံတစ်ယောက်ရဲ့ လက်ထောက်ချညွှန်ကြားချက်တွေပါတယ် .."

"ညွန်း ရယ် ..."

"ဒီလမ်းချိုးကိုပဲ ရှစ်ပေစီချဲ့မယ်ဆိုတာ နင် စဉ်းစားကြည့်လေ၊ မိုးပြိုအများဆိုပေမယ့် အားလုံးက နှစ်ပေစီလောက်ပဲထိတာ ငါ့ကျမှ.."

"အဲဒါကို ငါတို့သိပေမယ့် ဘာမှမလုပ်မရနိုင်တာ .."

"ရတယ် .. ရအောင်ကိုလုပ်မှာ၊ သူတို့လုပ်လို့ ငါ့ကုမ္ပဏီတစ်ခြမ်း ချစားသွားပြီဆိုတဲ့အဖြစ် အရောက်မခံဘူး၊ သူ လှမ်းတက်လိုက်တဲ့ ခြေလှမ်းကို မရှောင်သာရင် ကိုယ်တစ်လှမ်းဆုတ်မယ်၊ ခြေတစ်ပေါင်ကျိုးလဲကျတဲ့အထိ မဖြစ်ရဘူး .."

"နင် အဲဒီပုဂ္ဂိုလ်လေး လက်ထဲမှာ ဘဝပျက်မှာကျတော့ရော .."

"သူနဲ့ငါ ရည်းစားလည်းမဟုတ်ဘူး၊ ရင်းလည်းမရင်းနှီးဘူး .."

"ဟုတ်တယ်လေ .."



"စေ့စပ်ထားပေမယ့် ဘယ်သူကဖြစ်ဖြစ် နောက်ဆုတ်လို့ရတယ်.."

"အေး .. နင်က ပြန်ဆုတ်ဖို့စဉ်းစားချင်စဉ်းစားလိမ့်မယ်၊ ဒီကောင်လေးက ဆုတ်မယ်လို့ နင်ထင်သလား .."

ဝသန် က ကွန့် ကို မမြင်ဖူးသေးပေ။ ဒါပေမယ့် ဘယ်လိုတွေ့ဆုံဖူးခဲ့သည်၊ ဘာပြဿနာတွေရှိခဲ့သည်ဆိုတာ ကြားနေရတည်းက မလွယ်တဲ့ကောင်လေးဆိုတာ တွက်မိခဲ့တာဖြစ်၏။

"ညွန်း ..."

ဝသန် အားမလိုအားမရဖြစ်လာကာ မလှုပ်တလှုပ်မွှေနေသည့် ညွန်း လက်ထဲက ပိုက်တံလေးကိုဖြုတ်လိုက်ပြီး ကော်ဖီအေးဖန်ခွက်ကိုပါ ဘေးရွှေ့ပစ်လိုက်၏။ ပြီးမှ ...

"ဦးမြတ်မင်းအောင် ဘာဖြစ်လို့ နင့်ကို အငြိုးထားသွားတာလဲ နင် သိတယ်နော် .."

"ဒီလူကြီးအကြောင်း ပြောမနေစမ်းပါနဲ့ဟာ .. သူ့ကို ဘယ်သူ ဂရုစိုက်နေနေ ငါမစိုက်ဘူး .."

"မစိုက်ပေမယ့် သူ့စနက်ကြောင့် နင် အခု ဒုက္ခများနေပြီလေ .."

ညွန်း ဘာမှပြန်မပြောနိုင် ...၊

"စီးပွားဘက်ဖြစ်လာပေမယ့် သူ့လောက် အသိုင်းအဝိုင်းကျယ်ပြန့်ဖို့တော့ နင့်ဘက်မှာ အိပ်မက်တောင် မက်လို့မရသေးဘူး၊ ဒါကြောင့်လည်း နင့်ကို သူ တတ်နိုင်တဲ့နည်းနဲ့ စည်းရုံးဖို့ကြိုးစားခဲ့တာပေါ့၊ သူ့တူကို နင် မမြင်ဘူးပေမယ့် သူ့တူဘက်ကတော့ စွဲလမ်းနေရှာပါပြီဆိုပြီး စကားကမ်းလှမ်းခဲ့တာလည်း အောင်မြင်မယ်လို့ပဲ သူ တွက်ခဲ့တာ.."

"အဲဒါ ငါ့ကို အထင်သေးတာပဲလေ၊ မိဘမဲ့တဲ့ မိန်းကလေးတစ်ယောက်ဆိုပြီး အားကိုးရရင် လိုချင်မှာပဲလို့ထင်တာ .."

"ခုထိ ဒီအဆောက်အဦးကိစ္စအတွက် စိတ်မပူပါနဲ့ သူ ကြိုးစားကြည့်ပေးမယ်လို့ ပြောနေတာလည်း သူ့တူကို နင် လက်ခံလာမလား

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်နေလို့ပဲမဟုတ်ဘူးလား .. ဖြစ်စဉ်အရ သုံးသပ်ကြည့်ရင်း ဒီကိစ္စက နင့်ကို ဝမ်တိန့်ပေးရုံလောက်ပဲရှိသေးတာဟ .. နင် စေ့စပ်ပြီးရင်တော့.."

"တော်စမ်းပါ ဝသန် ရယ် .. ငါ့ဟာငါ လက်ပဲထပ်ထပ် သူ့ကို ဘာလို့ ဂရုစိုက်ရမှာလဲ၊ စကားထဲထည့်ပြောနေစရာတောင်မလိုတဲ့ကိစ္စ.."

"ဂရုစိုက်စရာမလိုဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ကွယ်ရာကနေ ကြိတ်ကြံနေတဲ့လူက ဘာဖြစ်ဖြစ် တစ်လှမ်းသာတာပဲ အနိုင်အရှုံး မပေါ်ခင်မှာ ဒုက္ခများရမှာက နင် .."

"အခု များနေရတာပဲလေ .. ဖြစ်လာရင် ရင်ဆိုင်ရုံပဲ၊ ငါ စိုးရိမ်တာက ဟိုသတ္တဝါလေး .."

ညွှန်း က စိုးရိမ်သည့်အချက်ရှိနေသည်ဆိုတော့ ဝသန် သေချာနားစွံ့နေမိသည်။ ဒါပေမယ့် ဘာမှဆက်မပြောတော့သဖြင့် ..၊

"ဘယ်သူလဲ .. ကွန် လား .."

"အင်း ..."

ခေါင်းညိတ်လိုက်ရင်း ကွန် အကြည့်တွေ အပြောတွေကိုပြန်စဉ်းစားမိသည်။ မိန်းမတစ်ယောက်အပေါ် အသာစီးပြောရဖို့အတွက် ဘာဖြစ်ဖြစ် ဂရုမစိုက်တတ်သူလို့ သူမ ပြောခဲ့သည်။

ယောကျ်ားမာနနှင့် ဆတ်ဆတ်ခါနာသွားရမည့်အစား ကွန် က မဲ့ပြုံးနှင့် ခေါင်းညိတ်၏။ ကိုယ်က သူ့ကိုစေ့စပ်ဖို့ ကမ်းလှမ်းသည့်အဖြစ်ကိုပဲ အရယူပြီး အရွဲ့တိုက်သည်။

နောက်ထပ် ရွဲ့ဖို့တွေ ဘာတွေရှိဦးမလဲ ..၊

တကယ်တမ်းသာ သူ့ဘက်က ငါ ယောကျ်ားပဲဆိုပြီး အမြတ်ထုတ်မည်ဆိုရင် ဘာတွေဆက်ဖြစ်မှာလဲ ..၊

"နင့်ကို အဲ့ဒီကောင်လေးက စိန်ခေါ်သွားတယ်မို့လား ညွှန်း .. သူ့ကို ချာတိတ်လေးတစ်ယောက်လို့မြင်ပြီး လျှော့တွက်ရင်တော့ နင် ခံရမယ်နော် .."



"ဘာ ..."

"စိတ်ညစ်ရမှာကိုပြောတာပါ၊ လူငယ်တွေက ဗိုပြီးလက်ရဲဇက်ရဲနိုင်တယ်၊ မိန်းမတစ်ယောက် မလုပ်ရဲတာတွေ သူတို့က အေးဆေးလုပ်နိုင်တယ်ဟ .. နင့်လို သူ့ထက်အသက်ကြီးတဲ့မိန်းမဆိုရင်တော့ မပြောနဲ့တော့ .. ကိုယ်က ထိန်းချုပ်ရမယ့်ဘက်မှာ၊ သူ့ကျတော့ .."

"တော်ပါတော့ ဝသန် ရယ် .. စိတ်ညစ်လိုက်တာ၊ ပြောသမျှ ငါ သတိထားဖို့ ခံရဖို့ချည်းပဲ .. အသာရဖို့အကြောင်းလေး ဘာလေးများ မရှိတော့ဘူးလား .."

"ဖြစ်နေပုံကြီးကတော့ ရင်လေးစရာပဲလေ ညွှန်း ရယ် .. ကွန် ဆိုတာကိုလည်း ငါ မတွေ့ဘူးသေးတော့ ကြားရတာနဲ့ပဲ ဝေဖန်ကြည့်ရတာပေါ့၊ ငါ အခိုကပြောချင်တာက စေ့စပ်ပြီးတာနဲ့ လက်ထပ်ဖို့ဖြစ်လာရင် .."

"ငါ လုံးဝ မစဉ်းစားတာ အဲဒါပဲ ဝသန် .. အစက ဒီကိစ္စကို ငါ့ အိမ်ထောင်ရေးလို့ပဲ သဘောထားခဲ့တာ၊ ဝန်ခံရရင် အန်ကယ်လ်က ငါ ဘာပဲတောင်းဆိုတောင်းဆို လိုက်လျောမှာပဲလို့ ယုံကြည်ခဲ့တာ၊ စေ့စပ်ဖို့ပြောရင်လည်း လက်ခံပေးမှာပဲဆိုတော့..."

"ဖြစ်မှရလေ ညွှန်း ရယ် .. နင်က ဦးမင်းနိုင်ကြီး ကို စေ့စပ်မှာ မဟုတ်တာ၊ သူ့သဘောတစ်ခုကိုပဲ ထည့်တွေးရသလား .."

ဝသန် ရင်ထုမတတ်ဖြစ်တော့ ညွှန်း ဘာမှမပြောဘဲငြိမ်နေ၏။

"ယောကျ်ားတစ်ယောက်လုံးကြီး ယူမယ့်ကိစ္စကိုများဟယ် .."

"ခစ် .. ခစ် .."

"အံမယ် .. ရှင်က ဘာရယ်တာလဲ .."

"ယောကျ်ားတစ်ခြမ်းပဲ ယူတဲ့လူရှိသေးလားလို့လေ .."

"ရှိရင်လည်း အဲဒါ နင်ပဲဖြစ်မှာ၊ ဘယ့်နှယ် သူများမတွေးတာတွေ တွေး၊ သူများမထင်တာတွေလုပ်၊ နင့်ကိုတော့ ငါ လက်လန့်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မလန်ပါနဲ့ဦး .. ခုမှ ပြောရုံပဲရှိသေးတာ ဘာမှမလုပ်ရသေးဘူး.."

"ငါ တားနေတဲ့ကြားက စေ့စပ်ဖို့ကိစ္စကို ကိုယ်တိုင်သွားပြောတယ်၊ တကယ်ဆို အန်တီဆွေ တို့နဲ့ .."

"တိုင်ပင်ပြီဆိုတည်းက သူတို့ပါလာရတော့မှာလေ .. ဒေါ်လေးက ဦးဦးထွန်း ကို ပြုစုနေရတာ သူ့ဟာသူတောင် ပတ်ဝန်းကျင်ကို မေ့နေတဲ့သူ .."

ဦးထွန်းမြင့် က ကိုယ်တစ်ပိုင်းမသန်မစွမ်းဖြစ်နေခဲ့တာ ကြာပြီဖြစ်သည်။ ကိုယ့်ဘာသာ အနည်းငယ်လှုပ်ရှားနိုင်ပေမယ့် လမ်းမလျှောက်နိုင်ပေ ..။

လုပ်ငန်းတွေကို လူယုံနဲ့လွှဲထားရကာ မယုံရတာ ယုံရတာတွေ သံသယမထားနိုင်ဘဲ လက်ထဲရောက်လာတာလေးနဲ့ပဲ စီးပွားရေးကို လည်ပတ်နေရတာဖြစ်သည်။

ယောက်ျားကို အစတည်းက ချစ်မြတ်နိုးတဲ့သူမို့ ခုလို ရောဂါဝေဒနာဖြစ်သွားတော့ ဒေါ်ခင်ဆွေလှိုင် ဒီယောကျ်ားဘေးက မခွာနိုင်ဖြစ်နေရှာ၏။

"ပြီးတော့ အဒေါ်ဝမ်းကွဲလည်းဖြစ်နေသေးတယ်၊ ဘယ်တုန်းကမှလည်း သူ့ဆီက အကူအညီယူခဲ့တာမဟုတ်တော့ ခုကျမှ ဘာလုပ်မှာလဲ.."

"ညွန်း ရယ် .. ခုကိစ္စက အိမ်ထောင်ရေးလေဟာ .. ဒါပေမယ့် ပြောဆိုပြီးမြောက်ကုန်ကာမှ ပြောနေလည်းမထူးတော့ပါဘူး၊ နင် နောက်ထပ် စိတ်ကူးထားတာတွေကိုသာ မလုပ်ခင် မပြောခင် အထူးစဉ်းစားပါဟာ .. နော် .. ငါ တကယ်စိတ်ပူတယ်သိလား၊ အခု သူ့အိမ်ကို ဖျက်နေပြီလား .."

"လာမယ့် ဖရိုင်းဒေးမှာစမယ် .."

"စေ့စပ်ပွဲကရော .."

"ငါ့အိမ်မှာ စေ့စပ်တောင်းရမ်းတဲ့ပွဲလေးလုပ်ရုံပဲ .. ကြီးကြီးကျယ်



ကျယ်မပါဘူး၊ ညပိုင်းကျရင် မိတ်ဆွေတွေဖိတ်ပြီး ဒင်နာကျွေးလိုက်မယ်၊ အဲ့ဒီမှာ ဦးမြတ်မင်းအောင် ကို သေချာဖိတ်မှာ .."

ဒါကျတော့ ညွန်း မျက်နှာလေးက ကျေနပ်အားရနေသည့်မဲ့ပြုံးလေးနှင့် ..၊

"ဒီစေ့စပ်ပွဲမှာ သူ့မျက်နှာကြီး ဘယ်လိုဖြစ်ပျက်သွားမလဲဆိုတာ သိရဖို့က ငါ့အတွက်အရေးကြီးကိစ္စပဲ .."

ဝဿန် က သက်ပြင်းချ၍ ကော်ဖီခွက်တွေကို နေရာတကျပြန်ရွှေ့လိုက်သည်။ ပြီးမှ တစ်ငုံသောက်လိုက်ရင်း ...

"ဒီလူကြီး မိန်းမလိုမိန်းမရတွေလုပ်တတ် ပြောတတ်တာ သူနဲ့ သိကျွမ်းပတ်သက်နေတဲ့ အသိုင်းအဝိုင်းကလူတွေ သိကြပါ့တယ်၊ နင့်ကျမှ မနာလိုစိတ်ကြီးမားပြီး အမျိုးမျိုးဖြုတ်ချဖို့ ကြိုးစားနေတာလည်း သိကြတာပဲ၊ ဒါပေမယ့် လုပ်ကြံဖန်တီးမှုတိုင်းကို နင်ကြည့်လေ .. အမှန်တရားကို အလွယ်တကူဖော်ထုတ်နိုင်တယ်ဆိုတာရှိလို့လား .."

ဝဿန် က ကော်ဖီသောက်လိုက် စကားပြောလိုက်နှင့် ညွန်း ကို သောက်ဖြစ်အောင် တိုက်တွန်းတာလည်းရှိကာ ...

"သူ့လိုလူကိုရင်ဆိုင်ဖို့အတွက် နင်က မိန်းကလေးဖြစ်နေတာ အဆိုးဆုံးပဲ .."

"သူကလည်း အဲဒါကို အပိုင်တွက်ပြီး လုပ်နေတာပဲလေ၊ ငါ့ကို စည်းတစ်ဖက်ခြားကနေ အောင်မြင်နေတာ သူ လုံးဝ လက်မခံနိုင်လို့ သူ့တူနဲ့ ကမ်းလှမ်းတာ .."

"ဟုတ်တယ် .. ယောကျ်ားတွေ မနာလိုစိတ်ဖြစ်လာရင်လည်း ကြောက်ဖို့ကောင်းတာပဲနော် ..၊ အထူးသဖြင့် မိန်းမတွေ သူတို့ယှဉ်ပြိုင် ထက်တော်လာပြီဆိုရင် သူတို့အတ္တတွေ ဖုံးမရဖိမရ ပေါ်လာတော့တာပဲ .."

"ကဲ ..."

နာရီကြည့်လိုက်ပြီး ညွန်း က ကော်ဖီတစ်ဝက်ကျအောင် သောက်ပစ်လိုက်သည်။ ပြီးမှ ပိုက်ဆံရှင်းဖို့ပြင်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားစရာရှိသေးတယ်၊ နင် ထပ်သိချင်တာ ကဲ့ရယ်ချင်တာတွေ ညကျမှ ဖုန်းနဲ့ပြောတော့ .."

"သိချင်တာ သက်သက်ကြောင့် မဟုတ်ပါဘူးဟယ် .. ငါ အခု ဒေါက်တာစိုးသူကျော် နဲ့ လက်ထပ်ရတော့မှာ နင့်ကို အဲဒါပြောပြချင်လို့ .."

"လုပ်ပြီ ဝသန် ရာ .. ငါ့ကို ထပ်ခေါင်းစားခိုင်းပြန်ပြီ၊ အဲ့ဒီလူကို နင် မကြိုက်ဘူးမို့လား .. ငြင်းလိုက်ပေါ့ .."

"ငြင်းနေတာပဲလေ၊ အခု သူ့မိဘတွေကလည်း ပူပူလောင်လောင်ထဖြစ်လာပြီ၊ အဘွားကလည်း သူသာမရှိတော့ရင် ဘာညာတွေနဲ့ .."

"မရှိတော့ ဘာဖြစ်လဲ .. နင့်မှာ ခုချိန်ထိ အဘွားရှိနေသေးတယ်၊ ငါဆိုရင် အထက်တန်းကျောင်းသူဘဝတည်းက တစ်ယောက်တည်း .."

"ငါက နင်မှမဟုတ်ဘဲ ညွှန်း ရယ်၊ ငါ့မှာ မရှိနိုင်တာတွေ နင့်မှာရှိနေလို့ ငါ နင့်ကို အထင်ကြီးအားကျပြီး ချစ်ပြီးရင်း ချစ်နေရတာပေါ့.."

"ပြောမယ် .. မဟုတ်ကဟုတ်ကတွေ .."

"တကယ်ပြောနေတာ ညညဆို မီးပျက်ရင် တစ်ယောက်တည်း မအိပ်ရဲဘူး၊ အိပ်မက်ဆိုးမက်တဲ့ညဆို ငါ အဘွားကို သွားနှိုးပြီး အဘွားနဲ့ ဝင်အိပ်ရတယ် .."

"သေပေါ့ ..."

"နင့်ကို အားကျပြီး ဆံပင်ရှည်ထားတာ ကိုယ့်ခေါင်းကိုယ် မှန်မှန်မရှင်းနိုင်တာနဲ့ ဆံတိုဂုတ်ဝဲ ဖြစ်သွားရတာကြည့်ဦးလေ .."

ဂုတ်ဝဲဆံပင်လေးကို နောက်မှာစုစည်းညှပ်ထားကာ ကိုင်ပြရင်းပြောနေပုံက သနားစရာတော့ကောင်း၏။

ဒါပေမယ့် ညွှန်း က နှာခေါင်းရှုံ့လေသည်။

"ကြီးကောင်ကြီးမားနဲ့ နွဲ့မနေစမ်းပါနဲ့၊ နင် ယောက်ျားယူလိုက်တော့ရော နင့်ကို ရှုံးရှုံးလိုက်တည်ပေး၊ ခေါင်းဖြီးပေးလုပ်ပေးနေမှာမို့လို့လား .."



"ဟဲ့ .. ဟဲ့ .."

ဒါကျတော့ သူများကြားမှာကြောက်ပြီး ပြူးပြူးပြဲပြဲလေးထဖြစ်၏။

"မတော်တဆ သူများကြားပါ့မယ်ဟယ် .."

"ဟွန်း .. အိမ်ထောင်ပြုချင် ပြုချင်တယ်ပေါ့ .."

"ညွှန်း နော် .. သူ့ကျတော့ .."

"ငါ ဘာဖြစ်လဲ .. စေ့စပ်မှာလေ၊ ရှင်တို့လို ခဏခဏတွေ့ပြီး ရင်ခုန်ဖင်တုန်တွေ မဖြစ် .."

"ညွှန်း ရေ .."

"ဘာလဲ .."

"တောင်းပန်ပါတယ်ဟယ် .. မယူနဲ့ဆို မယူဘဲနေပါ့မယ်နော်.. တော်ပါတော့ .."

"တော် .. တော် .. လူကိုဆွဲမထည့်နဲ့၊ ဘယ်ရက်လဲဆိုတာသာ ခက်ဆော့ခ်ပို့လိုက်၊ ရှင့်အတွက် လက်ဖွဲ့ကို ခေါင်းရှုပ်ခံရဦးမှာ .."

"ဟူး ..."

"အံမယ် .."

"ဩော် .. တော်သေးတာပေါ့လို့ .."

ဝသန် သက်ပြင်းမှုတ်ထုတ်တာလေးတောင် အပြီးမသတ်နိုင်ဘဲ ဘပျာကယာဖြေရှင်းရသည်။

"ညွှန်း ဆိုတဲ့ မိန်းမတစ်ယောက် တကယ်မလွယ်တာ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"တောက် .."

ဧည့်စပ်ပွဲမှာ လူတွေလည်းရှဲနေပါပြီ။ သားတော်မောင် ခုထိရောက် မလာခဲ့သေး ..။

ဦးမင်းနိုင် ရက်လည်းရက် ဒေါသတွေလည်းထွက်ကာ လက်သီး ဆုပ်ထားရတာတောင် ဆုပ်မိသည်လို့မထင် ..။

"ဆောရီးဗျာ ကိုမင်းနိုင်၊ ကျွန်တော့် အမျိုးသမီး လမ်းမှာ ကားပျက် နေလို့ ဖုန်းဆက်နေတယ်၊ ခွင့်ပြုပါဦးနော် .."

"ဟုတ်ပါပြီ ..."

ဦးမင်းနိုင် ရဲ့ နှုတ်ဆက်စကားသံတွေမှာလည်း လိုက်လှဲပျူငှာမှု တွေ လျော့ပါးခဲ့ပြီဖြစ်သည်။

"အစ်ကိုမင်းနိုင် ရေ .. စောင့်နေတာလည်း ကြာပြီဆိုတော့ ခွင့် ပြုပါဦးဗျာ .."

"ကလေးက သူငယ်ချင်းတွေနဲ့ အပျော်လွန်နေတာဖြစ်မှာပါ၊ တခြားယူတွေမှမဟုတ်တာ ရပါတယ် ကိုမင်း ရဲ့ .. ဧည့်စပ်ပွဲပြီးရင်တော့ လက်ထပ်ပွဲပေါ့နော် .."

"ပြန်လိုက်ဦးမယ် ဦးမင်းနိုင် ရေ .. စကားအေးဆေးပြောချင်ပေ မယ် အလုပ်ကိစ္စကလည်း မပြတ်သေးလို့ပါ .."



"သားကို ပြောပြပေးနော် .. ကျွန်မတို့လာပြီး ချီးမြှင့်ပေးတယ် ဆိုတာ .."

"သမီးလေးက ချစ်စရာကောင်းလိုက်တာ ဘာဖြစ်လို့ ဧည့်စပ်နေ ရတာလဲ လက်ထပ်လိုက်ရင်ပြီးတာပဲကို .."

"သွားဦးမယ်နော် .. သားနဲ့ အပြင်မှာများ ဆုံမိမလားပဲ၊ ဒါပေမယ့် ကျွန်တော်တို့တွေ တက်ရောက်ချီးမြှင့်သွားတာကိုတော့ ပြောပေးရမယ်"

တစ်ယောက်ပြီးတစ်ယောက် ..။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထပြန်ကုန်ကြသည်။ စကားလှအောင် တန်ဆာ ဆင်သွားကြပေမယ့် ကိုယ့်ရှေ့က နည်းနည်းလွန်သွားတာနဲ့ ခေါင်းချင်း ရိုက် တွတ်ထိုးသွားကြတာတွေကို စိတ်ကမလုံချင် ..။

ညွှန်း ကို လှမ်းကြည့်တော့လည်း သူမဘက်က မိတ်ဆွေတစ်ချို့ ကို အပြုံးမပျက်ဧည့်ခံနေပေမယ့် တစ်ချက်တစ်ချက်မှာ မျက်ဝန်းလေး တွေ ဒီဘက်ရောက်လာတတ်တာ မျက်လုံးချင်းဆုံမိပေါင်းများပြီ။

ကိုယ်က လူကြီးမိဘဖြစ်ပြီး မွေးထားတဲ့သားတစ်ယောက်ကို ကောင် မနိုင်နင်းတဲ့လူစားမျိုးလား ..။

"ဧည့်စပ်တာပေမယ့် ပွဲတစ်ခုတော့ ဖြစ်ရမှာပေါ့ ဖေဖေ .. သူက သူဖြစ်ချင်တဲ့အတိုင်း လိုးချယူသွားတာ ကျွန်တော်က ဧည့်စပ်ပြီးသားရှိ ဘဲ့ကောင် အချောင်ဖြစ်ရတယ် .."

"နာမည်ကြီးသွားတာ အတူတူပဲ မထင်မရှားနဲ့တော့ မပြီးချင်ဘူး၊ ပြီးရင် သတင်းစာထဲမှာ ငါးရက်တိတိထည့်မယ် .."

ဧည့်စပ်ပွဲကို ဟိုတယ်လ်မှာ အကြီးအကျယ်စီစဉ်ပေးဖို့ တောင်းဆို ခဲ့တာ သူကိုယ်တိုင် ..။

ပြီးတော့ ...

Summit Part View ကိုလည်း ကိုယ်တိုင်ရွေးခဲ့သည်။ ဒီဟိုတယ်လ် မှာပဲလုပ်ချင်သည်။ ဖျော်ဖြေရေးကို ဘယ်လိုထည့်ချင်သည်။ ဒီအချိန် မှာ သတ်မှတ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့်သော ဆန္ဒတွေလည်း သူ့ဆီကချည်း ထွက်ခဲ့တာဖြစ်သည်။ ဒါတွေကို တခမ်းတနားဖြစ်စေခဲ့တာ ခုလို အကြီးအကျယ်အရှက်ကွဲရအောင်လား ...။

"အန်ကယ်လ် .."

ဦးမင်းနိုင် ဆတ်ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ညွန်း က သူ့ဘေးမှာ ရပ်နေလျက် ...၊

"ညွန်း ကို အားနာနေဖို့မလိုပါဘူး၊ ဒါကြောင့် စိတ်ဆင်းရဲမနေပါနဲ့၊ ညွန်း က ရောက်လာခဲ့တယ်၊ အန်ကယ်လ်က သဘောတူပေးခဲ့တယ်၊ သဘာဝမကျတာ အဲ့ဒီကစခဲ့တာပဲ၊ တကယ်ရင်ဆိုင်ရမှာက ညွန်း နဲ့ သူပါ .."

ဦးမင်းနိုင် မျက်နှာလွှဲရင်း နှုတ်ခမ်းအစုံကို တင်းတင်းစေ့ထား၏။ ညွန်း က ဧည့်ခံပွဲထဲမှာ ကျန်ရှိနေသူတွေကို တစ်ချက်လှမ်းကြည့်ရင်း...၊

"ဒီလိုဖြစ်လာနိုင်တယ်လို့ မတွေးခဲ့မိပေမယ့် ဒီထက်ဆိုးမှာတွေကို တွေးထားပြီးသားမို့လို့ ညွန်း ဘက်က နားလည်ပေးရမှာပါ၊ ဒါပေမယ့် ဒီပွဲမှာပဲ စပြီးရင်ဆိုင်ရမယ်ဆိုတာ မထင်ခဲ့တဲ့အတွက် အန်ကယ်လ်ရော ညွန်း ရော အနေခက်စရာတွေ ကြုံကြရတာပဲ .."

"သမီးကို နားလည်ပေးဖို့ အန်ကယ်လ် မတောင်းဆိုရဲပါဘူး၊ ဒါပေမယ့် အန်ကယ်လ်က ကိုယ့်သားကို မဆုံးမ နိုင်တဲ့ မိဘတစ်ယောက်ဖြစ်နေမှန်း နားလည်သွားတယ် .."

ညွန်း က ရှက်၍ အနီရောင်ရင့်နေသော မျက်နှာလေးနှင့် ခပ်ယဲ့ယဲ့ပြုံး၏။

"အန်ကယ်လ် ထင်သလိုမဟုတ်ဘူး အန်ကယ်လ် .. သူ တုံ့ပြန်ချင်တာက ညွန်း ကိုပါ၊ ဒါ သူ့ အခွင့်အရေးဖြစ်တဲ့အတွက် ဆန္ဒရှိတဲ့အတိုင်း တုံ့ပြန်လိုက်တာ .."

"အဲ့ဒီအတွက် သမီးလည်း ဆန္ဒရှိတဲ့အတိုင်း တုံ့ပြန်ပါ၊ အန်ကယ့်လ်ကို အားနာထောက်ထားဖို့မလိုဘူး .."



ညွန်း မျက်နှာငုံ့သလိုလေး လွှဲလိုက်ရင်း နှုတ်ခမ်းသားလေးတွေက ပြုံးရိပ်ထင်၏။

လိုချင်တာက ဒါပါပဲ ...။

"အခွင့်အရေးဆိုတာ လူတိုင်းမှာရှိပေမယ့် အခွင့်အရေးတိုင်းမှာ ချုပ်ချယ်မှုရှိနေတယ်ဆိုတာ သိရမယ်၊ လောကမှာ ဘယ်အရာကိုမှ ကိုယ်လိုသလောက် ဖွဲ့ယူလို့မရဘူး .."

"အဲဒါကြောင့် ညွန်း မှာလည်း အပြစ်ရှိပါတယ် .."

"အဲ့ဒီအပြစ်အတွက်ဆိုရင် သူ ပြောတာတွေနဲ့ ဒီနေ့လုပ်ရပ်ကပဲ …ာန်တဆဖြစ်နေပြီ သမီး .. သမီးက နားလည်တယ်ဆိုရင်တောင် အန်ကယ်လ် ခွင့်မလွှတ်နိုင်ဘူး၊ ဒီ စေ့စပ်ပွဲကိုရော နောက်ထပ်ဖြစ်လာမှာတွေကိုရော သမီး ဆန္ဒရှိတဲ့အတိုင်း ဆုံးဖြတ်ပါ၊ အန်ကယ့်လ်ကို ထောက်ထားအားနာဖို့မလိုဘူး .."

လုပ်ပိုင်ခွင့်တွေ ညွန်း လက်ထဲကို ရောက်လာခဲ့သည့် စက္ကန့်အနည်းငယ်အတွင်းတွင် ...၊

"ဟော .. ကွန် တို့ လာကြပြီ .."

"သူငယ်ချင်းတွေနဲ့ လိမ့်နေတာ ဒီကောင် .."

"ကိုမိုး ရေ .. တော်သေးတာပေါ့၊ ကျွန်မတို့ သားနဲ့မတွေ့ဘဲ ပြန်ကြတော့မလို့ .."

ပြန်မလို့ထလာကြသူတွေရော ထိုင်စောင့်ရင်း လည်ပင်းရှည်နေကြသည့် လူငယ်တွေရော ကွန် တို့လူစု ဝင်လာကြတာ လှမ်းမြင်ပြီး တက်ကြွဝမ်းသာသည့် စကားသံတွေ ထွက်လာကြ၏။

"ဟား .. ဧည့်သည်တွေပြန်ကုန်ပြီလား .."

မေးသည့် ကွန့် မျက်နှာက စိုးရိမ်တာမဟုတ်ဘဲ မချိုမချဉ်စပ်ဖြီး...။

"အချိန်မီအောင်တော့ လာတာပဲ .."

ပြောပြီး ပခုံးတွန့်၍ ...

"မတတ်နိုင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. ဟိုမှာလူကြီးတွေရှိနေသေးတယ်၊ သွားညှော်ခံလိုက်ဦး"

ဧည့်သည်တွေထဲမှာ သာလွန် ရှိနေကာ ကွန် နဲ့ အတူပါနေတာက ဆန်းဒေး ဖြစ်သည်။ တခြားသူငယ်ချင်းတွေကတော့ ဟိုမှာဒီမှာသွားလာရင်းဆုံဖြစ်ကြသည့် သူငယ်ချင်းတွေဖြစ်ကာ ကွန့် အကြောင်းသိထားကြသည့် ဆန်းဒေး နဲ့ သာလွန် တို့ကသာ နှစ်နေရာခွဲ၍ ထိန်းသိမ်းဖို့ကြိုးစားကြရင်း ..၊

"ကွန့် မင်းကလည်းကွာ .."

"ဘာတုန်းကွာ .. လူကြီးတွေရှိနေတာ လူကြီးချင်းဧည့်ခံမှာပေါ့ကွ–"

"သားရေ .. အန်တီတို့ပြန်တော့မယ်နော် .."

"ဩော် .. ဟုတ်ကဲ့ပါ .."

"ကွန်ရေ .. ငါတို့က ပွဲစတည်းက ရောက်နေတာနော် .. အခု မင်း မျက်နှာကိုမြင်ရပြီဆိုတော့ ပြန်ပြီ .."

"အိုခေ ..."

နောက်ပြောင်သွားသည့်လူတွေရော၊ လာနှုတ်ဆက်သည့်သူတွေရော ..။

ကွန် က နေရာမှ မရွှေ့ဘဲ ပြန်နှုတ်ဆက်သည်။ သို့သော် မျက်တောင်ဖျားတွေ မှေးစင်းစင်းနှင့် လူက ခပ်နဲ့နဲ့ ..။

ဘယ်မှာလဲ .. ကိုယ့်ရဲ့ သတို့သမီး ..၊

ပါးစောင်းတစ်ဖက်မှာ ထည့်ထားသည့် ပီကေကို ခပ်ကြိတ်ကြိတ်ဝါးရင်း မျက်လုံးကစားလိုက်တော့ ညွှန်း ကို မိန်းကလေးနှစ်ယောက်နှင့် စကားရပ်ပြောနေတာ တွေ့လိုက်ရ၏။

အပြာနုနုဖွေးထိန်နေသော မီးရောင်အောက်မှာ သူမက မိုးသားရောင်နဲ့ပါလား ..။

အပြာနုရောင်တစ်ရစ် အဖြူတစ်ရစ်သည် တိမ်မျှင်နိုးတွေလို ခပ်ရိပ်ရိပ်ရစ်သိုင်းလျက် ဖြူဖျော့ဖျော့နေရာတွေ တစ်ချက်တစ်ချက်မှာပြိုးပြက်လက်သွားတတ်၏။



ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားကာ အပြာနုရောင် ဘီးကုတ်လေးနှင့် သိမ်းလှန်ထား၏။ သူမ၏ အကြည့်တစ်ချက် ဒီဘက်ကို ရွေ့လျားသာဖို့ စက္ကန့်များစွာ သည်းခံစောင့်နေပေမယ့် ..၊

"ကွန် .. ဟိုမှာ အန်ကယ်လ် မင်းကို ကြည့်နေတယ်ကွ .."

"နေစမ်းပါ .."

ကွန် က ညွှန်း ကို ကြည့်နေဆဲမို့ သာလွန် ခေါ်တော့ လက်ကိုဖယ်ချပစ်၏။ စေ့စပ်ပွဲ၏ အခင်းအကျင်းက မင်္ဂလာညှော်ခံပွဲလောက်ရှိကာ လူမရှိတော့ဘူးဆိုတာတောင် စားပွဲတစ်လုံးမှာ တစ်ယောက်စနှစ်ယောက်စတော့ရှိနေသေးသည်။

ညွှန်း သည် သူနှင့် အလှမ်းကွာသော အစွန်စားပွဲတစ်လုံးမှာရှိနေသဖြင့် ကွန့် ခြေလှမ်းတွေ သူမဆီကို ဦးတည်သွားခဲ့သည်။

သာလွန် နဲ့ ဆန်းဒေး တို့ မတိုင်ပင်ရဘဲ သူ့နောက်ကို ထပ်ချပ်မကွာလိုက်ခဲ့ကြ၏။

ကွန် တစ်ခုခု လွန်ကျွံအောင် ဖြေ လိုက်မှာစိုးလို့ပါ။ သို့သော်နောက်က သူငယ်ချင်းတွေ ထပ်ပါလာကြတာကို သူတို့မသိလိုက်ဘဲ–

"ကွန် မင်းရဲ့ သတို့သမီးလား .."

"အေးလေကွာ .. မိတ်ဆက်ပေးဦးမှပေါ့ .."

"ဒေါ်စံရတီညွှန်း ဆိုတာ ဒီအစ်မကြီးလား .."

"မင်းကလည်းကွာ .. ကွန် ခေါ်သလို မခေါ်ပါနဲ့၊ သိပ်မကြီးသေးပါဘူး .. လှမှလှ .."

"အေးလေ .. ဒီကောင် ဒါတောင်အားမရနိုင်ဘူး .."

အနားမှာ ဝိုင်းဝိုင်းလည်လာရပ်ကြရင်း စကားသံတွေ တစ်ယောက်တစ်ခွန်းအမျိုးမျိုးထွက်လာကြသည်။ ညွှန်း လှည့်ကြည့်တော့ မျက်ခမ်းစပ်တွေနီရဲလျက် မထိတရိပြုံးနေသည့် နှုတ်ခမ်းပါးအစုံကလည်း အဝတ်စနီကဲ့သို့ရှိနေသော ကွန် သည် ...

"ဒေါ်စံရတီညွှန်း .."

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနားကပ်ခေါ်လိုက်တော့ ညွှန်း မျက်နှာလေး နောက်တွန့်သွားသည်။ ခေါင်းလှမ်းထပ်ရွှေ့လိုက်တော့ သူမနောက်မှာ စားပွဲ ...၊

"ကျွန်တော် အချိန်မီလာပေးတယ်နော် .."

ညွှန်း ကိုယ့်စိတ်ကို ဘယ်လိုတည်ငြိမ်အောင်ကြိုးစားပေမယ့် ဘယ်လိုမှ မအောင်မြင်ပေ ..။ သူ ဝင်လာတာသိတည်းက တစ်နေရာကို ခွဲထွက်သွားခဲ့သည့် ဦးမင်းနိုင် ကလည်း ညွှန်း နဲ့ သူ့ကို ပြန်လှည့်ကြည့်၏။

သို့သော် ခုချိန်မှာ ကွန် နဲ့ မျက်နှာချင်းဆိုင်မိတာနှင့် သူ လက်ပါမိတော့မှာကို ကိုယ့်ဘာသာသိနေသည်။

ထို့ကြောင့် ညွှန်း နဲ့ သူတို့ကို ကျောခိုင်းထားလိုက်မိ၏။ ကွန် ပြုံးနေသည့်အပြုံးတွေ ရှုးစိုက်ကြည့်နေသော မျက်လုံးတွေမှာ ပတ်ဝန်းကျင်တစ်ခုလုံး သူနဲ့ ညွှန်း သာ ရှိနေသည့်အတိုင်း ..။

"ကျွန်တော် လာလာမလာလာ ဖေဖေက သဘောတူရင်ပြီးတာပဲလေ၊ ဟုတ်တယ်မို့လား .."

မေးရင်း ပခုံးချင်း ကပ်တွန်း၍ ...

"အခု ဘယ်လိုလဲ .. အဆင်ပြေတယ်ဆိုလည်း နည်းနည်းပါးပါးပြုံးလေဗျာ .."

ညွှန်း က ဘေးထပ်ရွှေ့စရာမရှိတော့သည့်အဖြစ်ကနေ ကိုယ်ကိုရှို့ထားရင်း ပြန်မော့ကြည့်သည်။

"ပြုံးချင်တိုင်း ပြုံးလိုက်ရင် ငိုချင်လာတဲ့အခါ မျိုသိပ်ထားလို့ဘယ်ရတော့မလဲ၊ ငါ ပြုံးချင်နေသလား ငိုချင်နေသလား မင်း သိဖို့မလိုဘူး၊ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်းပြုံးနေနိုင်ဖို့ပဲ ကြိုးစားထား .."

"ဟား .. ဟား .. ဟား .. ဟုတ်လိမ့်မယ်၊ ခင်ဗျားက အဲဒီလိုမိန်းမပဲ၊ ဒါပေမယ့် သိပ်မကြာပါဘူး၊ ခင်ဗျား ငိုရလိမ့်မယ်၊ ကျွန်တော့်ရှေ့မှာ မျက်ရည်စက်လက်နဲ့ ဟား .. ဟား .. ဟား .. ဘာတွေဖွင့်ချပြောရင်း ငိုမလဲဆိုတာကတော့ .."



"ငါ မျက်ရည်ကျမိရင်လည်း စစ်မြေပြင်မှာ စစ်သူကြီးတစ်ယောက်ကျတဲ့မျက်ရည်မျိုးပဲ ကွန် .. ငိုလွယ်ရယ်လွယ်တာ ကလေးသူငယ်လေးတွေအလုပ်ပဲ ဥပမာ မင်း ရယ်မောနေသလိုမျိုးပေါ့ .."

ကွန့် မျက်ခုံးတန်းတို့ တွန့်ကုတ်သွားခဲ့၏။

"ဝမ်းသာလွန်းလို့ လက်ခုပ်လက်ဝါးတီးပြီး ရယ်တဲ့အလုပ်မျိုး သူကြီးတစ်ယောက်က လုပ်ပါ့မလား .."

"သိပ်မှန်တာပေါ့ .. အခု ခင်ဗျား ရွေးခဲ့တာ အဲ့လိုကောင်ပဲ၊ ဟွန်း.. ကျွန်တော့်ဆီက လူကြီးလူကောင်းဆန်တာတွေ မျှော်လင့်နေရင်တော့ ခင်ဗျားက သနားစရာမိန်းမပဲ .."

ကွန့် မျက်နှာမှာ ညွှန်း ရဲ့ ထိုးနှက်မှုတိုင်းအတွက် ပြန်လည်တုံ့ပြန်ဖို့အဆင်သင့်ရှိနေသည့် အရွတ်ဆန်ခြင်းတို့နှင့် ..၊

"ဒီမှာ ရေပြင်ပေါ်က တစ်စုံတရာကိုလိုချင်ရင် ဂယက်ထအောင်မလုပ်ရဘူး၊ ဂယက်ထလေ အဲ့ဒါက ‌ ဗျားနဲ့ ဝေးလေပဲ .."

သူ့မျက်နှာသည် ညွှန်း ရဲ့ နဖူးပြင်လေးနဲ့ ထိမတတ်နီးကပ်လာကာ..

"ခင်ဗျားရဲ့ မာနတွေ မီးထတောက်တော့မယ် သတိထားဦး .."

တအံ့တဩ ဝိုင်းကြည့်နေကြသည့် မျက်နှာတွေက သူတို့ပြောနေကြတာတွေကို မကြားတကြားမို့ အထူးတလည်အာရုံစိုက်နေကြ၏။

ညွှန်း စိတ်တိုလာကာ သူ့ရင်ဘတ်ကို ပြန်တွန်းပစ်လိုက်၏။ သို့သော် ..၊

ကွန် သူမထက်ပိုမြန်သည်။ ညွှန်း ရဲ့ လက်တွေကို ဖျတ်ခနဲပုတ်ချပစ်ကာ ပခုံးသားလေးကို ဆွဲဖက်ထားလိုက်ပြီး ..၊

"ပော့ကောင် .. ရော့ .."

"အိုခေ .."

အစတည်းက တိုင်ပင်ထားကြသည့်အတိုင်း ဖုန်းပစ်ပေးလိုက်သူကလေးသည်။ ကွန် က ဖမ်းထားလိုက်ပြီး Selfie ပုံတွေ တဖျတ်ဖျတ်ရိုက်ပစ်၏။

"မင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ရှန်းနေတာလဲ .. တော်ကြာ ခင်ဗျားကို ဖေဖေနဲ့ ဆွေစပ်တယ်ထင်နေကြမှာစိုးလို့ .."

"ဟေး ..."

"လှတယ် .. လှတယ် .."

"မင်းတို့နှစ်ယောက် တကယ်မိုက်တယ်ဟ .."

လက်မတွေထောင်ပြကြ ဝိုင်းရယ်ကြနှင့် ယောကျ်ားလေးဘွေ အလယ်မှာ ညွှန်း သည် ကွန့် ရင်ခွင်ထဲက သနားစရာမိန်းမတစ်ယောက် ..။

ညွှန်း ခံပြင်းစိတ်တို့ကြောင့် အသားတုန်မတတ်ဖြစ်နေခဲ့၏။ သူ့ကိုယ်ကရနေသည့် ရေမွှေးနံ့လိုလို အနံ့အသက်တစ်မျိုးကြောင့် ရှုံမှုန်းမိသည့်စိတ်ပါ ထပ်ဆင့်တိုးလေသည်။

ကွန် ဆိုသူကို ခုမှ သေချာမြင်ဖူးကြသည့် ဝသန် နဲ့ စနီး တို့က မမြင်ဘူးလို့ကြည့်နေဆဲမှာ ဘာတွေပြောကြဖြစ်ပျက်သွားကြမှန်း လိုက်မမီနိုင်အောင် ဖြစ်ခဲ့ကြရင်း ..၊

"သူတို့ချင်း မရင်းနှီးကြဘူးဆို .."

ဝသန့် ကို ကပ်မေး၏။ ယောကျ်ားလေးတွေ ဝိုင်းအုံခဲနေသည့် အလယ်မှာ ကွန် ကလည်း ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားသဖြင့် ခြေဖျားထောက်ကြည့်နေရင်း ဝသန့် မှာ ရုတ်တရက် ပြန်မဖြေနိုင် ..။

သူမ သိနေသည်က ညွှန်း ဒုက္ခရောက်နေပြီဆိုတာပင် ..။

စနီး မြင်နေရသည်က ...

"သူ့ဘဲက တော်တော်မိတယ်နော် .. နှစ်ယောက်လိုက်တယ် .." တဲ့..။

မသိတတ်လေခြင်း ..။



အခန်း (၁၁)

"ဟိတ်ကောင် .. မသိတတ်ဆိုးရွား လာရှုတ်မနေနဲ့ .."

"မသိတတ်ဆိုးရွားတာမဟုတ်ဘူး မင်း လွှင့်တင်ထားတဲ့ ကြော်ငြာ အသီးသီးက ဆွေစပ်ပွဲဓာတ်ပုံထဲမှာလေ .."

"တော်တော့ .."

"ဒီမှာကြည့်လေ .. မင်းက သွားကြီးအဖြီးသားနဲ့ သူက တင်းနေတာ ဒါပေမယ့် မင်းထက်လှတယ် .."

"သာလွန် ..."

"မြင်တဲ့အတိုင်းပြောတာ မကျေနပ်လည်း မတတ်နိုင်ဘူး .."

သာလွန် ကလည်း ဇွတ်တိုးပြောနေဆဲဖြစ်ကာ ...

"တော်တော်ကို မုန်းလို့ဖက်ထားတာတဲ့၊ ပြောကိုမပြောချင်တော့ဘူး .."

"အဲ့ဒီအချိန်မှာ သူ့ရင်ထဲမှာ ဘာဖြစ်နေသလဲ မင်းတို့မှမသိတာ.."

"မသိဘူးလေ .. ငါကလည်း သူ့ရင်ထဲကို ပြောနေတာမှမဟုတ်တာ၊ ဖက်ထားတဲ့ မင်းရဲ့ လက်တွေ မင့်သွားကြီးဖြီးနေတာတွေ .."

"အဲဒါမှတ်ထား အောင်နိုင်သူအပြုံးလို့ခေါ်တယ် .."

"ဟွန်း ..."

သာလွန် က မဲ့လိုက်ပြီး ဆန်းဒေး က စပ်ဖြဲဖြဲနှင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်နေတာလဲ .. ပြောစမ်းပါ၊ မင်းရော သူ့သွားကြီးတွေ အပြင်ထိ ခုန်ထွက်မလို့ တာစူနေတာ ဘာကို မုန်းလို့လို့ထင်လဲ .."

"မသိဘူးလေ .. အဟီး .."

ဆန်းဒေး က ခေါင်းခါလိုက်ပြီး မချိုနိုင်မသိပ်နိုင် ..၊

"အံမာ မင်းတို့က ငါ့ကို အဲ့ဒီကြီးတော်ကြီးနဲ့ ထိချင်ငြိချင်လွန်းလို့ ထင်နေတာလား .."

"ကိုယ့်ဟာကိုယ် သိမှာပေါ့ .."

"အသိသာကြီး .."

"ဟား ..."

ကွန် က ဂျာနယ်ကိုဖြစ်သလို ဆွဲယူလိုက်ပြီး သုံးချိုးလောက်ချိုး၍ ပတ်လိပ်လိုက်ကာ ..၊

"ဖြောင်း ..."

"ဟာ .. ကြည့်စမ်း .."

သာလွန် အရိုက်ခံလိုက်ရသည့် လက်မောင်းကိုပွတ်၍ ပြုံးပြုံးပြိပြိ ဖြစ်သွား၏။

"အဲ့ဒါ သတိပေးတာ .."

"ဘာအတွက်လဲ .."

"မြင်တဲ့အတိုင်း မသုံးသပ်နဲ့၊ ငါတို့ရင်ထဲမှာ ဗျူဟာတွေနဲ့ .."

"အေး .. ဘာတွေရှိရှိ ငါ ခုတည်းက ပြောရဲတယ် .."

"မပြောနဲ့ .."

"ပြောမှာပဲ .. စံရတီညွှန်း ကို မင်း .."

"ဖြန်း .."

"မင်း လွန်ပြီနော် .."

"ထပ်ပြောကြည့်လေ .."

"ငါ ဘာမှမပြောရသေးဘဲနဲ့ ထဖြစ်နေတာ မင်းနော် .. မလုံမလဲ ဖြစ်နေတာ ဘယ်သူလဲ .."



"အေးလေကွာ .. လျှောက်ပတ်ရမ်းမနေစမ်းပါနဲ့၊ မင်းက မုန်း ဘယ်သာဆိုတယ် မင်း မုန်းတဲ့ပုံက .."

"အဲဒါကြောင့်ပြောနေတာ .. မသိရင် လျှောက်မပြောနဲ့ .."

လူကို ဂရုစိုက်စရာယောကျ်ားတစ်ယောက်လို့ မမြင်တဲ့ မိန်းမ..။

လူကြီးတွေအားကိုးနဲ့ အရာရာကို လိုချင်သလို ချုံ့ချဲ့ယူဖို့ကြိုးစားတဲ့သူ ..၊

ဥစ္စာ ပညာ အရည်အချင်းကောင်းများစွာတို့နှင့် မာန်မာနတွေ မိုးထိထိုးတက်နေတာလည်း စည်းလွတ်ဝါးလွတ် ..၊

"အဲ့ဒီမိန်းမကို စတွေ့ဖူးတည်းက ငါ့ရဲ့ စိတ်ဝင်စားမှုတွေက အမုန်းနဲ့ပဲ .."

စိတ်ဝင်စားခြင်းမှာ ခေါင်းစဉ်တွေ ဘယ်လောက်တောင်များပြားနေလို့လဲ ..၊

သာလွန် နဲ့ ဆန်းဒေး မျက်လုံးချင်းဆုံသွားသည်။ တကယ်ဆို မိန်းမသားက မိန်းမသားပါပဲ။ သူမဘက် ဘယ်လိုပုံစံရှိနေနေ ကိုယ်နဲ့ စေ့စပ်ဖို့လက်ခံနေမှတော့ အိုးရှဲ့တွေ စလောင်းရှဲ့တွေလုပ်ပြီး ဘာလုပ်ဖို့လဲ ..၊

"ငါ့ကို ချေသွားတာ တော်လ်ကီတွေရေလည်ကြမ်းတယ်၊ အဲ့ဒါ အတွက် ငါလုံးဝ ခွင့်မလွှတ်ဘူး .."

"အေးလေ .. ဒါပေမယ့် မင်းကယောကျ်ားပဲကွ .. သူက မိန်းမမို့ မိန်းမကျင့်မိန်းမကြံတွေရှိရင် သဘာဝကျတယ်၊ ဒါကို မင်းက ထပ်တုံ့ပြန်ရင် ဘာဖြစ်သွားမလဲ .."

"ဘာဖြစ်သွားမလဲဆိုတဲ့ ခေါင်းစဉ် သူ တပ်ပေးပြီးပြီ .."

"ဟင်!..."

"ဘယ်လို .. ဘယ်လို .."

နှစ်ယောက် အံ့ဩသွားတော့ ကွန် က 'သိပြီလား' ဆိုသည့်အကြည့်နှင့်မဲ့၍ ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ငါ ခံလိုက်ရတာ ငါပဲသိတယ်၊ မင်းတို့ကို မပြောချင်လောက်အောင် မျိုသိပ်ထားရတဲ့ နင့်သည်းမှုတွေနဲ့ ငါ ဘာလုပ်လုပ်တရားတယ်၊ မတရားသဖြင့် ဖြစ်နေရင်လည်း ဂရုမစိုက်ဘူး၊ ငါက သူငယ်နှပ်စားကောင် မိန်းမတစ်ယောက်ကို အနိုင်ယူနေရရင် သာယာနေတဲ့ကောင် .."

"ကွန် .. မင်းကို သူ အဲဒီလိုတွေပြောခဲ့တာလား .."

"အေးလေ .. ဒါတော့ လွန်တယ် .."

"မလွန်ပါဘူး .. ငါ ပြန်ပေးတာတွေ သူရတဲ့အခါကျရင်သာ ကြောက်ပါပြီ မအော်မိအောင် အံကြိတ်နေနိုင်ပါစေ .."

"မင်းတို့ဟာကလည်း .."

သာလွန် တို့ ခေါင်းတွေကုတ်နေကြ၏။

"သူ့ခေါင်းစဉ်အောက်မှာပဲ ငါနေမယ်၊ သူ ငါ့ကို စော်ကားသမျှသူ့ဆီ ပြန်ပေးမယ်၊ အဲ့ဒီအတွက် ငါ ဘာကောင်ဖြစ်သွားသွား .."

"မင်းကိုယ်မင်း ဘာကောင်ဖြစ်ဖြစ်ဆိုပေမယ့် မင်းရဲ့အဖေ တစ်ယောက်လုံး မသေသေးဘူးကွ .."

သူတို့စကားဝိုင်းထဲကို ဦးမင်းနိုင် ဒေါသတွေနဲ့ ဝင်လာသည်။ ဧည့်စပ်ပွဲပြီးသွားတည်းက သူလည်း အလုပ်တွေပြန်လည်ပတ်ဖို့နဲ့ ရွှေ့ပြောင်းဖို့ အစီအစဉ်တွေ ဆွဲနေခဲ့ရတာ တစ်ချက်မှ မနားခဲ့ပေ ..။

ညွှန်း ထံက ဧည့်စပ်ပွဲနဲ့ပတ်သက်ပြီး မကျေလည်တာတစ်ခုခု ပြောလာဦးမလား တွေးမိပေမယ့် ညွှန်း လည်း အဆောက်အဦးကိစ္စတွေနဲ့ အလုပ်ရှုပ်နေခဲ့၏။

ဧည့်စပ်ပွဲအကြောင်းကို မျက်နှာချင်းဆိုင်လည်းမပြော၊ ဖုန်းနဲ့လည်း မပြောခဲ့ပေ ..။ ဒီဘက်ကို ပြန်လှည့်ကြည့်လိုက်ရင်တော့ ကိုယ့်သားက အမြဲတမ်း သူငယ်ချင်းတွေနဲ့ စုရုံးရယ်မောနေကာ ကြားလိုက်ရရင် ဒီအကြောင်း ..။

"မင်းကို ငါ ဘာမှမပြောဘဲကြည့်နေခဲ့တာ မပြောရဲလို့ မဟုတ်ဘူး၊



ညွှန်း ရဲ့ ဂုဏ်သိက္ခာကိုငဲ့နေတာ .."

"ကျွန်တော် သိပါတယ် .."

ကွန် ပြန်ပြောပုံက ရွဲ့တာလိုလို ..၊

"အေး .. မင်းသိဖို့ပဲလိုတာ၊ နောက်ထပ် သိထားရမှာက ညွှန်းကို ဒုက္ခပေးမယ်ကြံရင် ကိုယ့်ကိုယ်ကိုယ် ဥက္ကပေါက်တာလား၊ သန္ဓေတည်ပြီး မွေးဖွားလာသလားဆိုတာ အရင်စဉ်းစား .."

"ဟား .. အဲ့ဒါမျိုး မေးလာလို့ကတော့ ဖြေပြီးသားပဲ၊ စံရတီညွှန်းဆိုရင် ပြန်မေးဖို့တောင်ရှိသေးတယ် .."

"ဘာကွ ..."

"ဖေဖေ့စကားအတိုင်းပြောတာလေ၊ ဖေဖေက ကိုယ့်သားကိုတော့ လူဆိုးထင်ပြီး ဒုက္ခတွေအထုပ်အထည်နဲ့ လာပေးတဲ့မိန်းမကျတော့ မေခလာတ်သမီးလား .."

"ဟုတ်လိမ့်မယ် .. ငါ့အတွက်တော့ မိဘမဲ့မိန်းမငယ်လေးဖြစ်သွက်နဲ့ ငါ့ရှေ့ထိ ရောက်အောင်လာရှာတာ၊ ငါ ကြွေးဆပ်ဖို့ ရလာတဲ့အခွင့်အရေးပဲ .. ငါ့အတွက် မှန်တယ် .."

လူငယ်တွေက သားအဖနှစ်ယောက်ရဲ့ အရေးအခင်းကို တိတ်ဆိတ်စွာ ကြည့်နေခဲ့ကြ၏။ ဦးမင်းနိုင် က သူတို့ဘေးမှာပဲရပ်နေကာ သူရပ်နေသည့်အောက်က မြက်ခင်းစိမ်းစိမ်းတို့ကို ငုံ့ကြည့်ငေးနေရင်း ..၊

"သူတို့ကျေးဇူး ငါ့အပေါ်မှာရှိခဲ့လို့မဟုတ်ဘူး၊ တခြားပတ်သက်မှုလည်း ဘာမှမရှိခဲ့ဘူး၊ ငါတို့ချင်း ခိုင်မာခဲ့ကြတာက ဖြူစင်တဲ့ သံယောဇဉ်တွေပဲ၊ ကိုသု တို့က ချမ်းသာသလောက် မာန်မာနလုံးဝမရှိကြဘူး.."

"သူ့သမီးကို ကြည့်ချင်းအားဖြင့် ဖြစ်နိုင်ပါတယ် .."

ကွန် က ခပ်တည်တည်နဲ့ ရွဲ့၏။ ဦးမင်းနိုင် က လှည့်ကြည့်ကာ..

"လောကအလယ်မှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ မိန်းကလေးတစ်ယောက်က ဒီလောက်မှ မာန်မာနမရှိရင် ပတ်ဝန်းကျင်ကဘယ်လိုရင်ဆိုင်မလဲ၊ ဒီလောက်တော်တဲ့ ပညာအရည်အချင်းတွေ ဘယ်ကရ

www.burmeseclassic.com

www.burmeseclassic.com



လာမှာလဲ … မာန်မာနဆိုတာ ယုံကြည်ချက်ကနေလာတာကွ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့လူတိုင်းက မာနနဲ့ပဲ ရပ်တည်တယ် …”

“ဒါကတော့ ‘ကိုယ်ထင်ရင် ခုတင်ရွှေနန်း’ ပါ …”

“ကွန် ရာ … မင်းကလည်း …”

ကြာကြာပြောနေကြလျှင် မလွယ်တော့တာမို့ ဆန်းဒေး က မရဲတရဲဝင်တား၏။

“အန်ကယ်လ်ကလည်း မိဘအနေနဲ့ မင်းကို အမြင်မတော်တာတွေရှိမှာပေါ့ကွာ … ကိုယ်လည်း ဒီတိုင်းရှေ့ဆက်ဖို့ဆုံးဖြတ်ပြီးနေမှ …”

ပြောချင်တာကတော့ ကွန့် ကိုချည်းပဲမဟုတ်ပါ။ မိဘစကားကို ကွန့် ဘက်က မပယ်ရှားခဲ့တာလည်း ဦးမင်းနိုင် ကို သတိရစေချင်တာဖြစ်သည်။

ဦးမင်းနိုင် ဘာမှဆက်မပြောတော့ဘဲ စားပွဲပေါ်က ဂျာနယ်နှစ်စောင်နဲ့ သတင်းစာဖွင့်လျက်သားဆီ မျက်လုံးတွေရောက်သွားခဲ့သည်။

စေ့စပ်ပွဲကို တစ်နိုင်ငံလုံးသိအောင် ဂျာနယ်ကျော်လုပ်နေတာ ဘယ်လိုစိတ်ကူးနဲ့လဲ …။

သတင်းစာထဲမှာ ငါးရက်တိတိ ထည့်ခိုင်းထားတယ်ဆိုတာလည်း သူ့ဆန္ဒနဲ့သူ …။

“အေး … မင်း ဖအေကို ဘယ်လိုထင်နေနေ သဘောရှိပဲ၊ ဒါပေမယ့် တစိမ်းမိန်းကလေးကို ပုတ်ခတ်စော်ကားတဲ့အပြောမျိုးတွေကို ရပ်တန်းကရပ်ပါ၊ သူ ချိုးဖဲ့ပြောနေသမျှ မင်းချည်းပဲ ခံနေရတယ်ဆိုတာ ငါ အခု သိရပြီ၊ ဒါပေမယ့် သူ ဘယ်လိုခံစားရပါတယ်ဆိုတာမျိုး ညွှန်းက ဖွင့်မပြောသရွေ့ ဘယ်သူ ဘယ်လောက်နစ်နာပါတယ်ဆိုတာ ငါ မဆုံးဖြတ်နိုင်ဘူး …”

**ဖေဖေ ဘယ်လိုသဘောနဲ့ပြောတာလဲ …၊**

**ကွန့် က ဦးမင်းနိုင် နှုတ်ခမ်းတွေကိုစိုက်ကြည့်ရင်း** အတွေးနက်၏။

“ငါ တာဝန်ရှိတယ်လို့ ယူဆထားတဲ့အတွက် ညွှန်း ဆိုတဲ့ မိန်း



…လေးကို မင်းနဲ့ တန်းတူအခွင့်အရေးပေးရမယ်၊ စောင့်ရှောက်ရမယ်၊ …့ မလိမ္မာတာဖြစ်စေ မင်းထက်ဆိုးနေတာဖြစ်စေ မင်းအပေါ်မှာ …လွှတ်ပေးနေရတာထက်ပိုပြီး ခွင့်လွှတ်ပေးရမယ်၊ ဘာဖြစ်လို့လဲဆို …့ မင်းက ငါ့သား သူက မိဘမဲ့နေတဲ့ တစိမ်းမိန်းကလေးဖြစ်နေလို့…”

ဦးမင်းနိုင် က ဂျာနယ်တွေဆီ နောက်ထပ်စေ့ကြည့်ပြီးမှ လှည့်…ထွက်သွားခဲ့၏။ ကွန့် မျက်နှာမှာသိသာစေသည့်မဲ့ပြုံးတို့ဖြင့် ပေါ်လာခဲ့…တ် …၊

“ငါ့ကိုပဲ အတိုင်းအတာထူတဲ့ကောင်လို့ ဖေဖေပြောသွားတာ…”

“မင်းကလည်းကွာ …”

“မင်းတို့မကြားဘူးလား … ငါ့ချည်းပဲ ဒါတွေပြောနေတယ်၊ ဟို…င်ယောက်က ဘာမှမပြောဘူးလို့ တိုက်ရိုက်ကြည့်ပြောသွားတာ …”

“ဘာဖြစ်နေနေ အန်ကယ်လ် မျက်နှာလိုက်နေတယ်ဆိုရင်လည်း …င်း သဝန်တိုစရာမလိုပါဘူးကွာ … ဟုတ်လည်းဟုတ်တာပဲ စံရတီညွှန်း… မိန်းကလေးတစ်ယောက်လေ ပြီးတော့ …”

“လာပြန်ပြီ မိဘမဲ့တွေ အရည်အချင်းရှိတာတွေလား …”

“မဟုတ်ပါဘူး … အဲ့ဒါတွေက မင်းတို့ ညားသွားကြရင် ပြီးသွား…ာပဲ၊ မင်းလည်း သူ ကိုယ့်ဇနီးဖြစ်လာရင် သူတို့သမီးယောက္ခမအဆင်…နေတာကို ကျေနပ်သွားလိမ့်မယ်၊ သူများတွေဆို မိန်းမနဲ့ ကိုယ့်…သားစုမပြေလည်လို့ ဘယ်လောက်ထိစိတ်ညစ်ကြရလဲ …”

“နေပါဦး ကွန် က ဒီလောက်တင်းနေတာ လက်ထပ်ဖ်ို့အထိ…ကို့မြဲပါ့မလား …”

ဆန်းဒေး က သာလွန် ပြောနေသည့်စကားထဲဝင်မေးလိုက်၏။ …သာလွန် ကလည်း ခေါင်းခါပြပြီး ကွန့် ကို လှည့်ကြည့်သည်။

“ကွန် …”

“ဘာလဲ …”

“မင်းရဲ့ ‘မျိုးရိုးလေး သိပါရစေ …”

www.burmeseclassic.com



"ငါ့ဟာငါတောင် စိတ်မဝင်စားဘူး .."

"ဟီး .. ဟီး .. ဟီး .."

"အဲ့ဒါ ဘာသံလဲ .."

ကွန် က ပုပ်သိုးသိုးမျက်နှာနှင့်မေးလျှင် ဆန်းဒေး က ဒီတိုင်းထပ်ရယ်ကာ ..၊

"ဘာမှမဟုတ်ပါဘူး မုန်တိုင်းက ကြေညာသလောက်မပြင်းဘူးလားလို့ .. ဟီး .. ဟီး .."

"မင်းကလည်း မိုးလေဝသတင်းပဲ လွဲတာလေးတော့ရှိမှာပေါ့.."

"အနာဂတ်ကိုးကွ .."

ပြောချင်ရာပြောကြပါစေ ကွန် က လှည့်မကြည့်တော့ဘဲ ပါးစပ်ထဲက ပီကေကို ထုတ်ပစ်သည်။ ပြီးတော့ စီးကရက်ဘူးကောက်ယူလိုက်ပြီး မီးခြစ်ရှိရာ ထလာခဲ့၏။

အနာဂတ်မှာဘာဖြစ်လဲ ဒီလိုပဲ ကိုယ့်စိတ်အဆင်ပြေတဲ့အတိုင်းပေါ့ ..။

သူ့အတွက် အဆင်ပြေဖို့ဆိုတာကတော့ ..၊

ခင်ဗျားရဲ့ ထွက်ဆိုချက်တိုင်းက ခင်ဗျားအတွက် အနာဂတ်ပဲ ဒေါ်စံရတီညွှန်း ..၊

အဲ့ဒါ ဆုံးဖြတ်ချက် ..၊



## အခန်း (၁၂)

"ဒါဆို အန်ကယ်လ် ရှယ်ယာထည့်မယ့်ကိစ္စအတွက် မနက်ဖြန်ဘုမ္ဗဏီကိုလာခဲ့ရမှာပေါ့ .."

"လာစရာမလိုပါဘူး အန်ကယ်လ် .. ရှယ်ယာဝင်လည်း သိပ်မရှိပါဘူး၊ ဒါရိုက်တာဦးကြယ်စင် က ညွှန်း သူငယ်ချင်းရဲ့ ဦးလေးပါ၊ ဒီလကုန်တဲ့နေ့မှာ နှစ်ပတ်လည်အစည်းအဝေးရှိတယ်လေ၊ အဲ့ဒီ အစည်းအဝေးကို အန်ကယ်လ်တက်ဖို့ ဖိတ်ပါ့မယ်၊ တစ်ခါတည်းပဲ ရှယ်ယာကိစ္စကို အတည်ပြုမှာပါ .."

"ခင်ဗျားက အတည်ပြုပေးဖို့အဆင်သင့်ဖြစ်နေပေမယ့် ပါဝင်ဖို့ကိစ္စကို ကျွန်တော်က ကန့်ကွက်တယ် .."

ဟင် ..၊

ဦးမင်းနိုင် မျက်နှာပျက်သွားသည်။ ပြီးတော့မှ နောက်လှည့်ကြည့်ကာ ...

"မင်းက ဘာကိုကြားလိုက်လို့ ကန့်ကွက်စကားဝင်ပြောတာလဲ.."

"အားလုံးကြားတယ် ဖေဖေ .."

ကွန် က မီးခိုးရောင်ကုတ်အင်္ကျီလက်ရှည်ကို တံတောင်ဆစ်အောက်ရောက်တဲ့အထိ သေချာလိပ်တင်နေရင်း အိမ်ဆောင်ထဲက ထွက်လာ၏။

လှေကားထိပ်မှာရပ်ပြီး ဒီက စကားတွေကို နားထောင်နေခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မှန်း သိလိုက်ကာ ...

"ငါ ဘာလုပ်မယ်ဆိုတာ မင်း ဒီမှာ သေချာလာနားထောင်လို့ရတယ် ကွန် .. ဘာဖြစ်လို့ သူများဆွေးနွေးနေတာကို မလိုအပ်တဲ့ဆုံးဖြတ်ချက်တွေနဲ့ ဝင်ပါရတာလဲ .."

"ဖေဖေ ဒီလုပ်ငန်းစီးပွားတွေကို အမှိုက်တွေလိုစုပုံရှင်းပြီး သူ့ဆီမှာ အင်အားဖြည့်ပေးဖို့လုပ်နေတာ ကျွန်တော်နဲ့ မဆိုင်ဘူးလား .."

"ဆိုင်တယ်လေ .. မင်းရဲ့ သဘောတူညီမှုကိုလည်း ငါယူခဲ့ပြီးသား .."

"ကျွန်တော် သဘောတူတာက စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ဖို့ပဲ .. 'စကိုင်းလိုင်း' မှာ ရှယ်ယာတည့်ဖို့မဟုတ်ဘူး .."

"ငါ ဒီမှာလုပ်တဲ့အလုပ်ကို နေရာတိုင်းမှာ ဖြန့်ခင်းအစပျိုးဖို့ကမလွယ်ဘူး၊ မြေစမ်းခရမ်းပျိုးမယ်ဆိုရင်တောင် ပြန်လည်ထူထောင်လာတဲ့အထိ ဒီငွေက .."

"ဒါဆို ဖေဖေ ဒီအဆောက်အဦးဖျက်ဖို့စိတ်ကူးတည်းက သူနဲ့ပူးပေါင်းဖို့အစီအစဉ်နဲ့လား .."

ဦးမင်းနိုင် ပါးစပ်ပြင်လိုက်သေမယ့် နှုတ်ခမ်းပွင့်လျက်နှင့် ဘာပြောရမှန်းမသိ ...။

အပြင်သွားဖို့ထွက်ခဲ့တာမို့ ကွန် က ဆိုဖာမှာ မထိုင်ပေ ..၊

မီးခိုးရောင်ဘောင်းဘီရှည် မီးခိုးရောင်ကုတ်အင်္ကျီကို အဖြူရောင်တီရှပ်အတွင်းခံနှင့် ဝတ်ထား၏။ ဆံပင်က မတိုမရှည်ပေမယ့် ခပ်အုပ်အုပ်မို့ နားသယ်စပ်တွေကို သိမ်းလှန်ထားပုံက ကြည့်ကောင်းနေသည်။

"ငါ စုံစမ်းပြီးပြီ ညွန်း ရေ .. အဲ့ဒီကောင်လေးက ရည်းစားတွေမှိုလိုပေါက်ထားတာတဲ့၊ ငါ ထင်တော့ထင်သားပဲဟယ် .. ဒီလောက်ချောနေတဲ့ရုပ်က ပွေလောက်တယ်လို့ .."

"ရည်းစားထားတာ မဆန်းပေမယ့် ရည်းစားဘဝထက်ပိုပြီး အခွင့်အရေးယူတတ်တာ ရှုံ့ဖို့ကောင်းတယ်၊ အဲဒီကောင်လေးက အဲ့ဒါမျိုးတဲ့



သိလား .."

ချောမှန်နေသည့် မျက်နှာကိုစိုက်ခနဲကြည့်မိပေမယ့် ချက်ချင်းလွှဲခဲ့မိသည်။ သို့သော် ဝသန် ပြောပြချက်တွေနဲ့ သူ့မျက်နှာက စိတ်အာရုံမှာ ကပ်ငြိပါနေခဲ့၏။

"ဒီလိုယောကျ်ားမျိုးက မသိကျွမ်းမရင်းနှီးဘဲ စေ့စပ်ဖို့သဘောတူလိုက်တာ အံ့ဩဖို့တော့မရှိပါဘူး၊ နင်ကလည်း အရမ်းလှတာပဲဟာ ဒါပေမယ့် နင်တို့ချင်းမပြေလည်မှုတွေနဲ့ စသိခဲ့ကြတာကို မေ့ထားလို့ မရဘူးနော် .. အန္တရာယ်ရှိလာနိုင်တယ် .."

လို့တောင် သတိပေးခဲ့သေးသည်။

ဝသန် မပြောခင်တည်းက ဒါကို သူမ တွေးထားပြီးသားပါ။ သူ့ရဲ့ အရှုပ်ဆန်သည့်အကျင့်ကို သိလိုက်ပြီးမှ ပို၍တောင် စိုးရိမ်မိသေးသည်။

အဘယ့်ကြောင့်ဆိုသော် ဒီလိုလူမျိုးနဲ့ သူမ လက်မထပ်နိုင် ..။ အတွေးကိုယ်စီရှုတ်တရက် ဖိစီးလျက် ငြိမ်ခန်းထဲမှာ တိတ်ကျသွားခဲ့သည်။ ကွန် က လက်နှစ်ဖက်စလုံးက အင်္ကျီလက်ဝတွေကို တံတောင်ဆစ်အောက်နားထိ သေသပ်စွာ ခေါက်တင်လိုက်ပြီးမှ အသံတိတ်နေသည့် ဦးမင်းနိုင် ကို လှမ်းကြည့်၏။

နောက်ထပ် ဘာမှပြောမလာတော့မှ ..၊

"ဒီတစ်ခုကို ကျွန်တော် လုံးဝကန့်ကွက်တယ် ဖေဖေ၊ ဖေဖေ့မှာ အရင်ကနေ ခုချိန်ထိ ဘယ်လိုမိုင်မာတဲ့ အစီအစဉ်တွေပဲရှိရှိ စကိုင်းလိုင်းမှာ ရှယ်ယာဝင်ဖို့ ကျွန်တော် သဘောမတူဘူး .."

ပြောပြီး တစ်ခွန်းမှဝင်မပြောဘဲ ထိုင်နေသည့် ညွန်း ဘက်ကိုလှည့်ကာ ...

"ခင်ဗျား ဂရုမစိုက်တာတွေပြောပြဖို့ စကားလုံးတွေရှာတာဆိုရင် ပြန်မျိုချပြီး လှည့်ပြန်လိုက်တော့ ဒေါ်စံရတီညွန်း .."

"ကွန် .."

www.burmeseclassic.com



ဦးမင်းနိုင် နေရာမှထရပ်၍ ...

"မင်းက ဖအေကိုရှေ့မှာထားပြီး ညွှန်ကြားနေတာလား .."

"ကျွန်တော် သဘောတူထားပြီးထင်ပြီး ဖေဖေ စာချုပ်ချုပ်ဖို့ လုပ်နေတာကို ကန့်ကွက်တာပါ၊ ဖေဖေက ကျွန်တော့်အဖေ၊ ကျွန်တော်က သူ့ စေ့စပ်ချင်ပါတယ်ဆိုလို့ စေ့စပ်ခဲ့တဲ့ ယောကျ်ား၊ ကျွန်တော်တို့က သူ့ဆီက ပြန်ပြီး လက်ဝေခံယူနေရဦးမှာလား .."

"စီးပွားရေး ဆွေးနွေးနေကြတာ စီးပွားရေးရှုထောင့်ကပဲပြောပါလား .. မင်း ပြောတဲ့ ပါစင်နယ်ကိစ္စတွေက .."

"ဒေါ်စံရတီညွှန်း .."

ခါးနှစ်ဖက်ထောက်၍ သူမဘက်လှည့်ရပ်လိုက်ကာ ...၊

"ခင်ဗျား စိတ်မဝင်စားတဲ့ အရေးမပါဘူးထင်တာတွေ အများကြီးရှိသလို ကျွန်တော် စိတ်မဝင်စားတဲ့ အများကြီးထဲမှာလည်း စီးပွားရေးက ထိပ်ဆုံးကပဲ .."

"တောက် .. ကွန် .."

ဦးမင်းနိုင် တက်ခေါက်၍ အံကြိတ်သံနှင့်ခေါ်သည်။ ကွန် က သူ့ခေါ်သံဆုံးမှ တည်ငြိမ်သည့်မျက်နှာနှင့် ခပ်စောင်းစောင်းငဲ့ကြည့်၏။

"မင်း တော်မလား .. တော်သွားအောင် ငါ ဆုံးမရလား .."

"သဘောပဲ ဖေဖေ .. ကျွန်တော် စေ့စပ်ထားရတဲ့ မိန်းမတစ်ယောက်နဲ့ ကျွန်တော်က စကားပြောခွင့်မရှိဘူးဆိုရင် ဖေဖေပဲ ပြောပါ .."

"ဟိတ်ကောင် .."

လှည့်ထွက်သွားဖို့ခြေလှမ်းပြင်လိုက်တာနှင့် ဦးမင်းနိုင် က မိုးငြိမ်းသံလိုအသံမျိုးနှင့် တားဆီးကာ ..၊

"စေ့စပ်ထားတဲ့ မိန်းမလို့မြင်ရင် စေ့စပ်ပြီးတာနဲ့ ပတ်သက်တဲ့ စကားတွေပဲ မင်းပြော .. ငါက လူကြီး၊ ငါ့စီးပွားရေးကိစ္စကို မင်း ဆုံးဖြတ်ဖို့မလိုဘူး .."

တင်းမာစွာပြောပြီး နေရာမှ ထွက်ခွာသွားခဲ့၏။ စူးရဲသည့် မျက်ဝန်း



တို့ ဆုံမိကြစဉ် ညွှန်း က နေရာမှ အေးဆေးစွာ ထရပ်လိုက်၏။

"မင်း ဆက်ပြောဖို့ရှိသေးလား ကွန် .."

"ရှိတယ် .."

ညွှန်း က သက်ပြင်းလေးရှိုက်၍ ပြန်ထိုင်မယ်ပြင်လိုက်လျှင် ..၊

"ဒီတိုင်းပဲရတယ် .."

မထိုင်နဲ့လို့ တားဆီးလိုက်တာမို့ ညွှန်း မျက်နှာလေးမသိမသာတင်းသွားသည်။ ဒါပေမယ့် သူပြောတဲ့အတိုင်းပဲ ရပ်နေလိုက်၏။

"ပြော ..."

"ခင်ဗျားရဲ့ ခြေလှမ်းတွေကို ရှေ့ဆက်မတိုးပါနဲ့ .."

"ဘာကိုလဲ .. စီးပွားရေးကိုလား လက်ထပ်ဖို့ကိစ္စလား .."

"စီးပွားရေး .."

"ဟွန်း .."

ညွှန်း က ဖေဒါရောင်ရင်ဖုံးအင်္ကျီ သားရဲ့ ရင်ဘတ်လှလှထဲမှာ လက်ကိုင်ပဝါခေါက်လေးကို အေးဆေးစွာထည့်လိုက်၏။ ရင်ဖုံးအင်္ကျီအပေါ်ဖုံးစမှာ လက်ကိုင်ပဝါအစွန်းလေးချန်ပြီး သေးတိုက်ထိုးညှပ်ထားတဲ့ ခေတ်က ကျန်ခဲ့ပါပြီ။

ထို့ပြင် ခုခေတ်မှာ လက်ကိုင်ပဝါခါးကြားညှပ်တဲ့ မိန်းကလေးဆိုတာလည်း မရှိတော့ပေ ...။

ရင်ဖုံးတွေဝတ်ကြပေမယ့် ရင်ဘတ်ကြားထဲ ထည့်ကြတာလည်း မမြင်ဘူးပါ။ သူမ လှုပ်ရှားမှုတိုင်းကို လိုက်ကြည့်နေမိရင်း ..၊

"ကျွန်တော့်ဆန္ဒကိုပြောပြီးပြီဆိုတော့ ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ စဉ်းစားပေါ့၊ ဒါပါပဲ .."

"ငါကတော့ မင်းနဲ့ စီးပွားရေးအကြောင်းတွေပြောရလိမ့်မယ်လို့ မထင်ခဲ့ဘူး .."

ကွန့် မျက်ဝန်းတွေ အေးစက်သွား၏။ သို့သော် မျက်နှာပြင်သည် သိသာစွာ ပြောင်းလဲသွားခြင်းမရှိခဲ့ဘဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရှယ်ယာကိစ္စပြောဖို့ ဒီနေရာကို ငါ လာခဲ့တာက အန်ကယ့်လ်ကို လေးစားသမှုနဲ့ပါ၊ သူ့ဘက်က ထည့်ဝင်ချင်တယ်ဆိုတာလည်း ရင်းနှီးမြှုပ်နှံဖို့ သက်သက်ပဲ .. မင်း ဆန္ဒမရှိရင် အန်ကယ့်လ်ကိုပဲ ပြောလိုက်လို့ရတယ်၊ မိဘက သားသမီးသဘောဆန္ဒလည်း ပါစေချင်တာရှိမှာပေမယ့် ငါ့အတွက်ကတော့ ဒါ ငါ့စီးပွားရေး .."

ကွန် မျက်မှောင်ကုတ်သွားတော့ တစ်ခုခုပြောမှာလား စောင့်လိုက်သေးသည်။ ပြီးတော့မှ ...

"ဒီရှယ်ယာလောက်က ငါ့အတွက် အရေးမပါပါဘူး၊ ရှယ်ယာဝင်ထပ်ခေါ်ဖို့လည်း ဘယ်တုန်းကမှ ဆန္ဒမရှိခဲ့ဘူး၊ ဒါပေမယ့် အန်ကယ်လ်ပါဝင်ချင်တာကိုလည်း ငါက ခေါင်းခါမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ အန်ကယ်လ်က ဦးမင်းနိုင် ဖြစ်နေတဲ့အတွက်၊ ပြီးတော့ ဒါက စီးပွားရေးကိစ္စ ပါစင်နယ်တွေထည့်ပြီး ကလေးကလားဆုံးဖြတ်လို့မဖြစ်ဘူး .."

ဒီစကားအဆုံးသတ်က ကွန့် မျက်နှာတစ်ခုလုံးကို ဆေးနီမှုန့်တွေနဲ့ ပက်ပစ်လိုက်သလို ဖျန်းခနဲရဲတက်သွားစေလျက် ...၊

"ဒေါ်စံရုတီညွန်း .."

သူမရှိရာလှျောက်သွားပြီး အေးစက်စက်ခေါ်လိုက်ကာ ...၊

"ခင်ဗျားကို ပွင့်ပွင့်လင်းလင်းမေးချင်တာရှိတယ် .."

ညွန်း က မျက်မှောင်ကုတ်သွားပြီးမှ ...၊

"ဘာလဲ ..."

ကွန် ကလည်း မျက်နှာခပ်လွှဲလွှဲနှင့် ခဏတိတ်နေပြီး ...၊

"မမေးတော့ဘူး .. ကျွန်တော်နဲ့ ခင်ဗျားကြားမှာ ပွင့်လင်းကြဖို့မှ မလိုတာ .."

"သဘောပဲလေ .."

သူမ ပြောနေတုန်း ဖုန်းလာသဖြင့် ဒီတိုင်းကိုင်ထားသည့်ဖုန်းကို နားထောင်ရင်း အပြင်ထွက်သွား၏။ ဖုန်းပြောနေတာပဲထင်ပေမယ့်



သူမက ကုမ္ပဏီဘက်ထိ တောက်လျှောက်ပြန်ကူးသွားခဲ့သည်။

"ဟွန်း ..."

ပခုံးတွန့်မဲ့လိုက်ရင်း သူမ ထိုင်ခဲ့သည့်နေရာမှာ ဝင်ထိုင်လိုက်လျှင် သင်းပျံ့သည့် ရေမွှေးနံ့တစ်ချက် နှာခေါင်းထဲဝင်လာ၏။ ပက်ခနဲမို့ထိုင်လိုက်ပြီးမှ ကိုယ်ကိုပြန်မတ်လိုက်မိ၏။

ပြီးတော့ မျက်နှာကိုငုံ့လိုက် ဘေးနှစ်ဖက်ကို လှည့်ပတ်လိုက်နှင့် အနံ့ခံကြည့်မိပြန်သည်။ သေချာပါသည်။

ဒီနေရာမှာ သူမရဲ့ ကိုယ်သင်းနံ့စွဲကျန်ခဲ့ပြီဆိုတာ ...၊

"ဟင်း ..."

သက်ပြင်းရှည်ကြီးချကာ နောက်မှာမှီ၍ မျက်နှာလှန်ထားလိုက်တော့လည်း ကိုယ်သင်းနံ့က လှုနှားကပ်၍ တစ်ခုခုတီးတိုးပြောနေသလိုကြီး ...။

မျက်လုံးမှိတ်ထားရင်း ထိုမွှေးရနံ့ကို ရှူရှိုက်နေမိပြီးမှ ဆတ်ခနဲဖြစ်သွားသည်။ ပြီးတော့ နေရာမှ ချက်ချင်းထရပ်လိုက်မိသည်။

သွားလေရာမှာ ကိုယ်နံ့ကျန်ခဲ့၊ ဘက်အောင် ဒီလောက်ပဲ အမွှေးအကြိုင်တွေသုံးရသလား ...၊

ကိုယ်အနံ့ကို သူများကြိုက်မှန်းမသိ မကြိုက်မှန်းမသိ ...၊

"တောက် ..."

စိတ်တိုသွားခဲ့ရင်း ခြေလှမ်းကျဲတွေနဲ့ ထွက်လာခဲ့မိသည်။

ဘာကို စိတ်တိုမှန်းတော့ မသိ ...၊

ဒီအနံ့ကိုလား ကိုယ့်ကိုယ်ကိုယ်လား ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"အန်ကယ်လ် .. ဒီပန်းအိုးစားပွဲက ဒီနားမှာ ထားမှာလား .."

"မင်းကလည်း ဒီနေရာမှာ မလှပါဘူး ရှိုးကေ့စ်နားကပ်လိုက်ပါ၊ ဟုတ်တယ်မို့လား အန်ကယ်လ် .."

"အေး .. အေး .. ကြည့်သာလုပ်ကွာ .."

သာလွန် နဲ့ ဆန်းအေး တို့က အိမ်ကကားတွေစိုက်ကြသည်။ ကိုယ်တိုင် ပစ္စည်းတွေထမ်းပိုးသယ်မ,ပေးကြ၏။ သေချာစီစဉ်ချထားပြီးသည့် ဆိုဖာတစ်လုံးမှာ ကွန် က ဖုန်းတစ်လုံးနှင့် စီးကရက်လက်ကြားညှပ်လျက် ..၊

သာလွန် တို့က လှည့်မကြည့်ကြပေမယ့် ဦးမင်းနိုင် က မကြာမကြာ လှမ်းကြည့်၏။ ပစ္စည်းကြီးတွေကို အလုပ်သမားတွေ ရွှေ့ချပေးသွားပေမယ့် အထဲမှာ ပြန်၍နေရာချနေရတာလည်း လွယ်တဲ့အလုပ်မဟုတ်ပေ..။

ကွန် တို့က ခြေမထိ လက်မထိ ..၊

ဦးမင်းနိုင် ပင့်သက်ရှိုက်ရင်း ကိုယ့်အလုပ်ကို ဆက်လုပ်နေလိုက်၏။ ဒါပေမယ့် စိတ်က သားဖြစ်သူကိုပဲ သတိရနေမိကာ ဒီအခြေအနေမျိုးနဲ့ ဘယ်လောက်ထိ စခန်းသွားကြဦးမလဲဆိုတာ ပူပန်လာမိ၏။

သူ့ဘဝမှာ ဇနီးရယ်၊ ဒီသားရယ်သာ သူ့ဘဝရဲ့ အရိပ်တွေဖြစ်သလို



ချစ်ရဆုံးလူဆိုရင်လည်း သူတို့ပဲဖြစ်လေသည်။ ဇနီးမရှိတော့သည့်နောက်မှာ သားနဲ့သူက သားအဖလည်းဟုတ်၊ ညီအစ်ကိုဆိုလည်း မမှားပေ ..။

တစ်ယောက်ပခုံးတစ်ယောက်ပုတ်၍ စကားပြောရယ်မောကြတဲ့အထိ လွတ်လပ်ပွင့်လင်းခွင့်ပေးခဲ့သည်။ သားက ဖေဖေလို့ခေါ်တာပဲရှိကာ သူကတော့ ကိုယ့်ကိုယ်ကိုယ် "ဖေဖေ" လို့ ထည့်မပြောခဲ့ဖူးဘူး ထင်သည်။

"အစ်ကိုရယ် သားနဲ့ ညီအစ်ကိုပြောမပြောနဲ့တော့လေ .. တော်ကြာ ဖအေကို လေးစားရကောင်းမှန်းမသိဘဲနေဦးမယ် .."

ဇနီးသည်က ဤသို့ပြောပေမယ့် သူ ဂရုမစိုက်ခဲ့ ..။

"တို့သားက ချစ်တာမှန်း နားလည်ပါတယ်ကွာ .. သားသမီးရိုင်းစိုင်းတယ်ဆိုတာ မိဘအုပ်ထိန်းမှုနဲ့လည်း ဆိုင်ပါတယ်၊ ကိုယ် ဒီလိုရင်းနှီးပေးမှ သားလေး အဖော်ရှိမှာပေါ့၊ မင်းက ထပ်မွေးပေးရင်တော့ တစ်မျိုး .."

လို့ ပြောတုန်းက သိပ်မကြာခင်နှစ်ပိုင်းအတွင်းမှာ သူမ သေဆုံးသွားမည်ဆိုတာ နိမိတ်အရိပ်လေးအဖြစ်တောင် သိခွင့်မရခဲ့သေးပါ။

သားက မမိုက်ရိုင်းခဲ့ပါ။ ဒါပေမယ့် ဒီနေ့အခြေအနေတွေမှာတော့ သူ့ဆန္ဒအတိုင်း ဖွတ်တိုးပြောဆိုရဲနေပါပြီ။ ဒီနေ့ အိမ်ပြောင်းလာခဲ့တဲ့အထိ လိုက်ပါလာခဲ့တာတောင် မနက်ဖြန် ဘယ်လိုအချိုးမျိုးနဲ့ မကျေလည်တာကိုပြဦးမည်မသိ ..။

"ကွန် .. ဟော့ကောင် ဒီမှာလာကြည့်ဦးကွ .."

"အေးလေ .. ငါတို့က သူ့အိပ်ခန်းကို စီမံခန့်ခွဲနေရတယ်၊ သူက အပြင်မှာ မျက်လုံးလေးတောင် ဖွေကြည့်ဖော်မရဘူး၊ ခွေးကောင် .."

ဆန်းအေး က ခပ်ကြိတ်ကြိတ်ဆဲ၏။ ခြံက မျက်နှာစာသိပ်မကျယ်ပေမယ့် မြို့ထဲမှာနဲ့စာလျှင် နောက်ပိုင်းမှာတော့ တော်တော်လေးကျယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခြံကို ဝယ်ထားတာကြာပြီဖြစ်သည်။ ကွန် တို့ သူငယ်ချင်းအုပ်စုလည်း နှစ်ခါလောက် ဒီမှာလာနေကြဖူးသည်။

ဒါပေမယ့် အဲ့ဒီမှာနေပါလားမေးလျှင် အမြဲခေါင်းခါခဲ့သည်။

"သူများနေသွားတဲ့ အိမ်ကြီး ကျောမချချင်ပါဘူး၊ ဘာမှလည်း မပြင်ဆင်ရသေးဘူး၊ ကျွန်တော်ကတော့ နယူးယောက်(စ်)မှာ ကိုယ့်စိတ်ကြိုက် ဒီကရေးရှင်းလုပ်နေရမှ .." တဲ့ ..။

မြို့ထဲမှာ မျက်နှာစာဆိုင်ခန်းတွေနှင့် နောက်ပိုင်းမှာပဲ တစ်ဝက်နေရာယူပြီး သားအဖနှစ်ယောက် မကျဉ်းမကျယ်နေလာခဲ့ရသည်။

တိုက်ပုပြားပြားလေးမှာရှိတဲ့ မြေနေရာလေးကိုမြက်ခင်းလေးတွေ စိုက်ထည့်ပြီး သား စိတ်ချမ်းသာအောင်လုပ်ပေးခဲ့ရ၏။

ခုတော့ အခြေအနေအရ ပြောင်းလာခဲ့ရတာမို့ ဒီခြံ ဒီအိမ်ကိုလည်း သေချာပေါင်းနုတ် မြက်ရိတ်ချိန်မရသလို အိမ်ထဲမှာလည်း ဒီတိုင်း ..။

"သွားကြည့်လေ .. ညနေ အိမ်သန့်ရှင်းရေးလုပ်ဖို့ အလုပ်သမားတွေ ခေါ်ထားတယ်၊ နောက်နေ့ဆို မင်း အပြင်ထွက်တုန်း ဆေးသုတ်ခြယ်မှုန်းလိုက်ရင် .."

ပြောနေတုန်း ကွန် က စီးကရက်ကို ထိုးချေပစ်လိုက်သဖြင့် ဦးမင်းနိုင်စကားရပ်သွားခဲ့သည်။

"ဆေးသုတ်တာ လက်ရုတ်လိုက်တာနဲ့ အနံ့ပျောက်သွားတာမှ မဟုတ်ဘဲ ဖေဖေ .. လုပ်မနေပါနဲ့၊ ဖေဖေ အလုကြိုက်ရင်သာလုပ် ကျွန်တော့်အတွက် မလိုဘူး .."

"ဆေးနံ့မခံနိုင်ရင်လည်း မခံနိုင်ဘူးပေါ့ကွ .. မကြိုက်ဘူးလည်း ပြောသေးတယ် မလိုဘူးဆိုတာက .."

"သူများအဆင်ပြေဖို့ ဖုတ်ပူမီးတိုက်ရွှေ့ပေးခဲ့ပြီးပြီ ကျွန်တော် အဆင်ပြေတာ မပြေတာ ဘာအရေးကြီးလို့လဲ .."

"ကွန် .."

ဦးမင်းနိုင် က ကွန့် သေးမှာ ဖျတ်ခနဲထိုင်ချလိုက်ကာ ..၊



"မင်း ပြောတဲ့စကားတွေက မရင့်ကျက်သေးတဲ့ ချာတိတ်တစ်ယောက်ရဲ့ စကားတွေနော် .. မင်းကို သူများက ဒီလိုပြောရင် ငါ ခံနိုင်စရာမဟုတ်ဘူး၊ သူများမပြောအောင် မင်းရဲ့အပြောအဆိုတွေပြင် .."

"ဘာကိုလဲ ဖေဖေ .. ရင်ထဲမှာရှိတဲ့အတိုင်းပြောတာ ရင့်ကျက်ဖို့ ထပ်လိုသေးတာလား .."

"ဟ .. လိုတာပေါ့ကွ .. မင်းက ကလေးမှမဟုတ်တာ၊ ညွန်း ကို ငါ အရေးပေးနေတယ်၊ မင်းကို ဂရုမစိုက်ဘူးဆိုတဲ့စကားတွေနဲ့ မျက်နှာ ရှုပ်ချအေါကန်နေတာ .. မင်း .."

"မတတ်နိုင်ဘူး ဖေဖေ .."

ကွန် က နဖူးကဆံပင်တွေထဲ လက်ထည့်ဖွပစ်ကာ ဆိုဖာမှာ ဆောင့်ခနဲ မှီချလိုက်သည်။

"ကျွန်တော့်ကို သူများပြောတာမကြိုက်တဲ့အထဲမှာ ဒေါ်စံရတီညွန်း ပြောတဲ့စကားတွေကို ချန်လှပ်ပြီးတော့လား .."

မဆီမဆိုင် မေးလိုက်တာမို့ ဦးမင်းနိုင် ကြောင်သွားသည်။

"ဒါမှမဟုတ် ဒီမိန်းမပြောနေသမျှ ကျွန်တော့်ကို ငြိမ်ခံနေစေချင်တာလား .."

"မင်း ဘာတွေပြောနေတာလဲ ငါ့သား .. မင်းနဲ့ ငါ .."

"ဖေဖေနဲ့ ဒီမိန်းမ ညီညွတ်နေသမျှ ကျွန်တော့်ဘက်မှာ အချေခံရဖို့ချည်းပဲ .."

ဘာစကားတွေလဲ ..၊

"သူ့ရဲ့ လုပ်ပိုင်ခွင့်မှန်သမျှကို ဖေဖေ ပေးထားတာ ကျွန်တော့်အတွက် မကောင်းခြင်းမှန်သမျှက ဖေဖေရှိနေတဲ့ လေညာအရပ်ကလာတာပဲ .. ကျွန်တော့်မှာ ပြောပိုင်ခွင့်မရှိဘူး၊ ဘာမှလည်း လုပ်လို့မရဘူး၊ အရှုံ့တိုက်ပစ်တော့ ဒီကောင်က ကလေးကလားကောင် .."

"နေဦး သား .. မင်းကိုငါက ရွေးချယ်ခွင့်ပေးခဲ့တယ်နော် .. ခေါင်းညိတ်ခဲ့တာက မင်း .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာလို့ ခေါင်းညိတ်ခဲ့တာလဲ ဖေဖေ သိပါတယ် .."

"သိလို့ မိန်းမသားဘက်မှာ ထိခိုက်သွားမှာစိုးတာပဲ ကွန် .. ယောကျ်ားမှန်ရင် ယောကျ်ားပီသရမယ်၊ မိန်းမတစ်ယောက်နဲ့ပြိုင်ပြီး တုံ့ပြန်တာတွေ အငြိုးထားတာတွေက .."

"ဖေဖေတောင် မကြားချင်တဲ့စကားမျိုးတွေနဲ့ ကျွန်တော့်ကို အမြဲတမ်းချေနေတာဆိုရင်ရော .."

ဦးမင်းနိုင် မပြောနိုင်မဆိုနိုင်ဖြစ်ရပြန်သည်။ သားအဖ အဆင်မပြေတာတွေ ပြောနေကြမှန်း သိကြသဖြင့် ဆန်းဒေး တို့လည်း ဒီဘက်ကို ထွက်မလာကြတော့ပေ ..။

"လက်နက်တစ်စုံတစ်ရာနဲ့ တိုက်ခိုက်တာထက် စကားလုံးတွေနဲ့ တိုက်ခိုက်တာက သေရာပါတယ်လို့ ဖေဖေပဲပြောခဲ့တာ .."

"သူများပြောတာမကြိုက်ရင် မပြောအောင် နေရတယ်လို့လည်း မင်းကို ငါ သင်ခဲ့တယ်မို့လား .."

"ပတ်ဝန်းကျင်ကဲ့ရဲ့စကားဆိုတာ ရေသောက်တာတောင် အပြောမလွတ်ဘူးဆို .."

"ငါပြောနေတာ မင်းနဲ့ ညွှန်း နှစ်ယောက်တည်းရဲ့ကိစ္စ .."

"ဒါဆို ပိုရှင်းသွားပြီဖေဖေ .. လူတိုင်းက ကိုယ့်လက်ပူမှ ပူမှန်းသိတာတဲ့၊ 'ကိုယ့်ဥမှ ကိုယ့်ဥ' ဆိုတာတွေရော ဘယ်ရောက်ကုန်ပြီလဲ၊ ဖေဖေကိုယ်တိုင်က နှစ်ဖက်ယှဉ်လာရင် ကျွန်တော့်ကိုပဲ အရာမဝင်သလို ချောင်ထိုးခဲ့တာ .."

"ဆန်ရင်းနာနာဖွတ်တဲ့ ကွန် .. ပြီးတော့ ငါ့ဘက်က တာဝန်ရှိတဲ့ အပိုင်းတွေ မင်းကိုပြောပြပြီးသား .."

"တာဝန်ရှိတာတွေထဲမှာ ကျွန်တော့်ကိုဖယ်ပြီး သူ့တစ်ယောက်ကိုပဲ သမီးရင်းလို သတ်မှတ်ပေးပါဆိုရင်ရော .."

"အဲဒီမေးခွန်းကိုက ကလေးဆန်လွန်းနေပြီ၊ ဒါ မင်း မေးသင့်တဲ့ မေးခွန်းမဟုတ်ဘူး .."



"သင့်သင့် မသင့်သင့် ကျွန်တော်ကတော့ မေးဖို့လိုပြီထင်တာပဲ၊ သူကပြောတယ် ဖေဖေ့ကိုပဲ လိုချင်တာတဲ့ ဖေဖေကလည်း လက်တွေ့သက်သေပြနေတာ၊ အသက်ကိုပဲ ပေးရပေးရ .."

"ပြောပါဦး .. မင်း ဘာများတွေးမိသွားသလဲ .."

"ဖေဖေ့ ဂုဏ်သိက္ခာကို လုံးဝယုံကြည်ပေးလိုက်တော့၊ ကျွန်တော်က သားအရင်းမှ ဟုတ်ရဲ့လားလို့ မဟုတ်တရုတ်တွေတွေးမိလာတာပေါ့၊ ဘာမှမသက်ဆိုင် မပတ်သက်ခဲ့တဲ့ ကျွန်တော့်သက်တမ်းတစ်လျှောက်လုံး နေလာခဲ့တာ အခု ရောက်လာတာနဲ့ ချက်ချင်းကြီး ဖေဖေ လုပ်ပေးခဲ့တာတွေ .."

"အဆောက်အဦးဖျက်ပေးလိုက်တာ နာမည်ကြီးနေသလား ကွန် .. အဲဒီအတွက် သူ ပြန်ပေးမယ်ဆိုတာတွေ .."

"တော်ပါတော့ ဖေဖေ .. ကျွန်တော်တို့ သူ့လောက်မချမ်းသာပေမယ့် သူပေးတာတွေကို အာသာငမ်းငမ်း မက်မောလောက်တဲ့အထိ မနိမ့်ပါဘူး၊ မခိုင်လုံတာတွေဆွဲထည့်မနေပါနဲ့၊ ကျွန်တော်ကတော့ ကိုယ့်သိက္ခာနဲ့ ကိုယ်ပဲ .."

"ဟင် .."

ဦးမင်းနိုင် သက်ပြင်းချမိပြန်ပါပြီ။

"ဖြေရှင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စေတဲ့အလုပ်၊ ကိုယ်မဟုတ်တိုင်း ဖြေရှင်းနေဖို့မလိုဘူး၊ သူက ဒါထင်ရင်ဒါပဲ၊ ရွံ့တယ်ဆောင်းတယ်ထင်ရင် ရွံ့တယ်၊ သူ အေးဆေးဆို ကိုယ်လည်း အေးဆေး.."

"ကွန် .. တစ်ဖက်ကလူကို အရှုံးမပေးချင်တာတစ်ခုတည်းနဲ့ ကိုယ့်ဂုဏ်သိက္ခာကို ထိုးမကျွေးနဲ့ သား .. ဒီလိုနည်းနဲ့ အနိုင်ယူနိုင်ရင်လည်း မင်း ပျော်ရွှင်ရမှာမဟုတ်ဘူး၊ ဒါကို သူ့ဘက်က လိုက်ပြောတယ်ထင်ရင်တော့ မင်းမှာ အကုသိုလ်စိတ်တွေ ဖိစီးနေပြီပဲ .."

"ဟွန်း ..."

"ရှုံးနိမ့်သူက ရောင့်ရဲနှားလည်နိုင်တဲ့အပြုံးနဲ့ နှုတ်ဆက်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ရသွားတဲ့လူရဲ့ မျက်ဝန်းမှာ မျက်ရည်တွေဝေ့တတ်နေတယ်၊ အနိုင်ရတိုင်း ပျော်စရာမကောင်းဘူးဆိုတာ မင်း နားလည်တဲ့အထိ ငါ စောင့်ကြည့်မနေချင်ဘူး၊ အဲဒီလိုလည်း မခံစားစေချင်ဘူး၊ ဒါကြောင့် မင်းအဖေအပေါ် မင်း နားလည်စမ်းပါ၊ သူ့ကို တစ်ကောင်ကြွက် မိန်းမသားတစ်ယောက်အဖြစ်ပဲ ..”

“ဖြစ်မှ မဖြစ်နိုင်တာ ဖေဖေ .. ဒေါ်စံရတီညွန့် ဆိုတဲ့ မိန်းမမှာ သနားဖို့ကောင်းတာ ဘာမှမရှိပါဘူး ..”

“ကျွတ် ...”

“ကျွန်တော်ကတော့ အရှုံးမပေးနိုင်တဲ့အတွက်နဲ့ပဲ ခရီးဆက်မှာ အနိုင်ရတဲ့အခါ မျက်ရည်ဝဲစရာအကြောင်းမရှိလို့ အဲ့အတွက်လည်း ဖေဖေ မပူနဲ့၊ ဒရာမာတွေ ကျွန်တော် မကြိုက်ဘူး ..”

“အခု ဒီအိမ်ပြောင်းလာရတဲ့ကိစ္စမှာ မင်း ခံစားချက်တွေ အရှုံးရှင် သွားတာလား ..”

“ဟုတ်မယ်ထင်တယ်၊ ဖေဖေလည်း ဖေဖေ့အိတ်ကို ပခုံးထမ်းလာတာဆိုတော့ ကျွန်တော်ကလည်း မနှစ်မြို့တာတွေကိုထားပြီး ကိုယ် သဘောကျတာ ဘာမဆို ထမ်းချင်တာ ထမ်းမှာပဲ ..”

သားက ကိုယ့်ကို အတိအကျစိန်ခေါ်နေပါလား ...။ ပြောပြီးတဲ့ စကားတွေအရ သူ့ကိုယ်သူ သားအရင်းမဟုတ်ဘူးလို့ တွေးမိတယ်ဆိုတာ ဟုတ်ရဲ့လား ...။

အဲဒီလိုတွေးတာမဟုတ်ဘဲ ညွန့် နဲ့ သူ့အပေါ်မှာ တခြားနည်းနဲ့ တလွဲမြင်နေတာဆိုလျှင် ...၊

တွေးရင်း ဦးမင်းနိုင် မျက်နှာကြီး ရင့်ရော်သွားခဲ့သည်။ ဒီလိုတွေးနေနိုင်သည်လို့ မထင်ခဲ့မိတာ သူ့ဘက်က ရိုးသားစွာနဲ့ပါ။

ဒီမိန်းကလေးကို စေ့စပ်ခဲ့သည်။ ဒါပေမယ့် တွေ့လိုက်တိုင်း မချေမင်ဆက်ဆံသည်။ ခုကျတော့ ကိုယ့်ကို ခွဲခြားဆက်ဆံပါသည်လို့ပြောလာပါပြီ။



ဘွန် ဖြစ်နေတဲ့ပုံစံက ဖအေ နောက်အိမ်ထောင်ပြုတော့မှာမို့လို့ ...မလိုချင်လို့ ဆန္ဒပြနေသလိုပင် ...၊

ဒါကို သေချာမေးပြန်ရင်ရော ဟောခနဲ ဒိုင်းခနဲ မေးခွန်းပြန်ထုတ် ...သည့် ကွန် နဲ့ သူ အမေးအဖြေတွေ အဆင်ပြေပါ့မလား ...၊

ဦးမင်းနိုင် အံကြိတ်လိုက်မိသည်။ ဒီတိုင်း တကယ်ထင်နေတာဆို ...င် သားကို သူ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင် ...။ သားအဖချင်း ပေးစား ...ည့် ဆဲခြင်းမျိုးကို ခေါင်းငုံ့ခံနေတာ မြင့်မြတ်သည့် သည်းခံခြင်းမဟုတ် ... ...၊

တစစ တင်းမာပြောင်းလာလဲသည့် ဦးမင်းနိုင် ကို ကြည့်၍ ကွန် ... ထိုင်နေရင်း ဒူးနှစ်ဖက်ပေါ် လက်တွေတင်လိုက်ပြီး ...၊

“ဖေဖေ့ကို ကျွန်တော်က ရန်လိုနေပြီလို့ မထင်နဲ့နော် .. အဲ့လို ...င်စရာတွေဖြစ်လာမှာကို ခုမှပြောရမှာ ..”

“ဘာ ...”

“တကယ်လို့ ထင်စရာဖြစ်ခဲ့ရင် မထင်ရအောင်ကြိုပြောချင်တာ ...ါ ..”

“ဘာတွေလဲ .. ငါက မင်းရဲ့အဖေဆိုတာတော့ မမေ့သေးဘူးမို့ ...း ..”

“ဒါဆို ဖေဖေ အဲလိုထင်နေတာ သေချာပါပြီ ..”

“မထင်သေးဘူးပဲထားပြီး မင်း ကြိုပြောချင်တာကို ပြောစမ်းပါ..”

“အရင်ဆုံးပြောချင်တာက သူနဲ့ ကျွန်တော့်ရဲ့ ရင်ဆိုင်မှုတိုင်းကို ...ဖေ ဥပေက္ခာထားလိုက်ပါ ..”

“ဘယ်လို ...”

မသိလို့ ပြန်မေးတာမဟုတ်ပါ။

ကိုယ့်သားဘက်က သိသာစွာရိုင်းပျခဲ့သည်များအတွက် ညွန့်ကို ...ကိုယ်တိုင် ဒီအခွင့်အရေးပေးခဲ့ပြီးပြီ ...၊

ဆန်ရင်းနှာနာဖွတ်ဆိုတာလို သားကိုတော့ သားအချင်းနားလည်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောဆိုဆုံးမမည်ဟု တွက်ထားခဲ့၏။

ခုတော့ သားဖြစ်သူက ဒီတိုင်းတောင်းဆိုလာခဲ့ပြန်ပြီ ..၊

"သူ ဘယ်လိုထင်ထင် ကျွန်တော့်ကို ဘာနဲ့နှိုင်းနှိုင်း ဂရုမစိုက်ဘူး လို့ ဖေဖေ့ကို ခုနက အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်က ဆုံးဖြတ်ထား တာ .."

ဦးမင်းနိုင် ရင်ခုန်သံတွေမြန်လာခဲ့ပြီ ..၊

"သူပြောသမျှ ကျွန်တော်က ဆေးစက်ကျရာ အရုပ်ထင်စေမယ့် သူပဲ၊ သူက ကလေးသူငယ်လိုပြောလာရင် ကျွန်တော်က ကလေးသူငယ် တိရစ္ဆာန်လို ရိုင်းစိုင်းတယ်ပြောလာရင် ပိုရိုင်းပြမယ်၊ လူယုတ်မာဆိုလည်း ယုတ်မာပေးဖို့ အဆင်သင့်ပဲ၊ ဘာပြောပြော မနာတတ်တဲ့ မျက်နှာ ပေါ့ .."

"ကွန် .. မင်း .."

"ဖေဖေ ဝင်မပါဘူးဆိုရင် အဆင်ပြေပါတယ်၊ သူကလည်း ဂ မစိုက်တတ်တဲ့ မိန်းမ .. ကျွန်တော်က နောက်မဆုတ်မယ့်သူ .."

"မင်းကို သူ အဲ့လောက်ထိ ခေါင်းထဲမထားဘူး ကွန် .. ငါ သေ ပြောရဲတယ်၊ မင်း ပြောခဲ့သမျှ မင်း မဖွယ်ရာတဲ့ပုံလုပ်ခဲ့သမျှ ငါ့ကို ဘယ်သူ့ကိုမှ မကျေနပ်ကြောင်း ပြောတယ်လို့ မကြားခဲ့ဘူး .."

"ဒါ သူ့အပိုင်း .."

"မင်းက တစ်ဖက်သတ်ကြီး .."

"ဖေဖေ့ကို ခုကစပြီး ဝင်မပါပါနဲ့လို့ ထပ်တောင်းပန်ရတော့မ ထင်တယ် .."

"ဟ .. ငါက မင်း အဖေကွ .."

ဦးမင်းနိုင် ဝုန်းခနဲထရပ်သည်။ မလွယ်ပါလားဆိုသည့်မျက် နှင့် ကွန် က ခေါင်းခါ၏။ ပြီးတော့ ဆိုဖာမှာ ခပ်လျော့လျော့မှီ ရင်း ဦးမင်းနိုင် ကို မော့ကြည့်သည်။

"ကျွန်တော်က ဖေဖေနဲ့ ဒီလိုမျိုးတွေမဖြစ်ချင်ဘူး၊ ဖြစ်လာရင်



ဆေ ကာကွယ်လိုက်တာ သူ့ဘက်ကိုပဲ .. အဲဒီတော့ ကျွန်တော့် က ပြောစရာဘာတွေရှိလာသလဲ ဖေဖေ တွေးကြည့်လေ .."

"ကျွတ် .. မင်းကွာ .."

"ဟုတ်တယ် .. ကျွန်တော် စေ့စပ်တာကို လက်ခံခဲ့တာ .. နောက် ည်းဖျက်မှာမဟုတ်ဘူး .."

ပြောရင်း ခါးညောင်းတဲ့လူ ခြေလက်ဆန့်သလို ဖြည်းလေးစွာ ပ်လိုက်၏။

"ကျွန်တော် ရှက်ကြောဖြတ်ထားပြီးပြီမို့လို့ ဖေဖေ့ကို တောင်းပန် ပါ .."

"မင်း ဘာပြောလိုက်တယ် ကွန် .."

"အကြောင်းရင်းက ရှေ့လျှောက် မျက်နှာပြောင်တော့မှာမို့လို့၊ သမယ့် တစ်ခုတော့ ခြွင်းချက်ရှိပါတယ်၊ သူ ဖြစ်စေချင်သလို ဘယ် ော့မှ မဖြစ်စေရဘူး .."

"အေး .. မင်းတို့လုပ်ကြ .. မင်းတို့မှာပဲ လုပ်ခွင့်ရှိတာကိုး .."

ဦးမင်းနိုင် အသားတုန်အောင်ဖြစ်ရသည့်ဒေါသတို့နှင့် တက်ခေါက် လေသည်။ သူ လှည့်ထွက်လာခဲ့တာတောင် နောက်ကနေ ခပ်တိုးတိုး ပြောနေသေးသည်။ သင်းက ...

"ဖြစ်ပွားစဉ်ကာလအတွင်းမှာ 'မင်း အဆင်ပြေလား' လို့ ဖေဖေ ာမမေးရင် ကျွန်တော်နဲ့ ဖေဖေ အေးဆေး .." တဲ့ ..။

ဒီဖအေက ဆွံ့အနားမကြားမို့လို့လား ..၊

www.burmeseclassic.com



## အခန်း (၁၄)

"ဒီလက်စွပ်လေးကြိုက်လား ဝဿန် .."

"ညွှန်း ရယ် .. မင်္ဂလာဖြင့် မဆောင်ရသေးဘူး၊ ခုတည်းက ပြထားတာကြီးကို စပရိုက်လည်းမဖြစ်တော့ဘူး .."

"လုပ်မနေနဲ့ မိန်းမ .. ရှင်က ကျုပ်ရဲ့ချစ်သူမို့လို့လား .. ဒါ မွေးနေ့လက်ဆောင်လည်းမဟုတ်ဘူး၊ စိတ်ကူးတွေ နောက်မှယဉ် .."

ဝဿန် က ခရီးသွားဦးမှာမို့ မိဘတွေရဲ့ ဓာတ်မြေမှာ မင်္ဂလာဆောင်ဖြစ်သွားရင် သူမ လိုက်နိုင်မှာမဟုတ်ပေ ..။ ထို့ကြောင့် တမင်အချိန်ယူပြီး ထွက်လာခဲ့ရတာဖြစ်သည်။

"မလုပ်ပါနဲ့ ညွှန်း ရယ် .. နင့်မှာလည်း ကုန်စရာတွေအများကြီးရှိသေ ာကို .."

"လာပါ .. အရမ်းလှတယ် စွပ်ကြည့် .."

"ဒါဆိုလည်း တခြားဟာထဲကကြည့်မယ်၊ ဒါက ဆယ့်နှစ်သိန်းတောင်မှ .."

"ဝဿန် ရယ် .. အဘွားအိုပေါက်စလေးကျနေတာပဲ၊ နင်က ငါ့အတွက် ဒီ့ထက်မကတန်ဖိုးကြီးတဲ့ သူငယ်ချင်းပါ၊ ငါကလည်း ဒီ့ထက်ဈေးကြီးတာကို ဝယ်ပေးချင်သေးတာ၊ ဒါက နည်းတောင်နည်းသေး



ာယ်၊ ပစ္စည်းရဲ့တန်ဖိုးက ငါတို့ချင်း အပြန်အလှန်ထားတဲ့ သံယောဇဉ်တွေနဲ့ဆို မနှိုင်းယှဉ်သာပါဘူး၊ ပေါ့ပေါ့ပါးပါးတွေးစမ်းပါ .."

"ဒါလေး မဆိုးဘူးကွ .."

ယမကာဆန်သည့် ကိုယ်နံ့တစ်ချက်နှင့် ဘေးမှာကစ်လျက်လာရပ်သူကို သူမ လှည့်ကြည့်လိုက်မိသည်။ အသံကိုကြားလိုက်တည်းက သိနိုက်ပေမယ့် နားအလို မျက်လုံးကလိုက်ကာ မကြည့်ချင်မြင်လျက်သားသည်းဖြစ်လျက် ..၊

"မင်းလည်း ကြည့်ပေးစမ်းပါ၊ လှရဲ့လားလို့ ဆန်းဒေး .."

"မသိဘူးကွာ .. မင်း ဇယ်မှာ မင်း ကြိုက်ရင်ပြီးတာပဲကို .."

ဆန်းဒေး ဆိုသူက ညွှန်း နဲ့ မျက်လုံးချင်းမဆုံအောင် နှာခေါင်းရှုံ့သလိုလို ဆံပင်ကပ်သလိုလိုနှင့် စကားတွေလည်း မှားနေ၏။

ကွန် က ညွှန်း နဲ့ ပခုံးချင်းမထိတထိရပ်နေရင်း ..၊

"ဟိုဘက် အစွန်က ရင်ထိုးလေးပြပါ .."

ဟိုဘက် အစွန်ဆိုတာ ဝဿန့် ရှေ့မှာ ဖြစ်သည်။ ကြည့်လိုက်တော့ ဘတ်ယူလိုက်သည့် ရင်ထိုးက ဂီတာတစ်လက်နှင့် နှင်းဆီတစ်ပွင့်ကို ဆုံကလေးထဲမှာထည့်ထားသည့် ဒီဇိုင်းလေး ..၊

လှလိုက်တာလို့ ရင်ထဲမှာဖြစ်သွားလောက်အောင် ဆွဲဆောင်မှုရှိတာ စိန်တွေချည်းမဟုတ်ဘဲ တခြားရတနာကျောက်မျက်တို့နှင့် သေချာခြယ်ထားတာမို့ အဓိပ္ပာယ်တွေရှိနေမှာလည်း သေချာ၏။

သူမတို့က လက်စွပ်ဝယ်ဖို့စိတ်ကူးနဲ့ ရောက်လာကြတာမို့ တခြားဘယ်ကိုမှ သေချာမကြည့်ဖြစ်ခဲ့ပေ ..။

"အဲ့ဒါလေး ဘယ်လောက်လဲဗျ .."

"ခဏလေး တွက်ပေးမယ်နော် .."

"ဒီမှာ ညီမ .. တို့လက်စွပ်ကို အတိအကျတွက်ပေးဦး သွားစရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိလို့ ..."

"ဟာ .. နေဦးလေ .. ဒါလေးကို ခန့်မှန်းဈေးအရင်ပြောစမ်းပါ၊ ပိုက်ဆံမလောက်မှာစိုးလို့ .."

"ဟုတ်ကဲ့ .."

မိန်းကလေးက ရှူးကော့စ်ကို ပြန်ပိတ်လိုက်ပြီး ရင်ထိုးကိုကိုင်ကြည့်ကာ ...

"သိပ်မရှိပါဘူး .. ခြောက်သိန်းခွဲလောက်ပဲကျမှာပါ၊ အတိအကျတောင် .."

"နေဦး .. တို့ကို အရင်တွက်လိုက် .."

အရေးကြီးသံနှင့်ဆိုရင်း ညွှန်း က ပိုက်ဆံတွေ အုပ်လိုက်ဆွဲထုတ်ပြီး တွင်တွင်တွန်းပေးနေ၏။

"ဘယ်လိုဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ ဒေါ်စံရတီညွှန်းဘာလဲ .. ကျွန်တော့်ကို ဝယ်ပေးရတော့မှာသိနေလို့လား .."

"ဘာ ..."

"ကျွန်တော့်မှာ ပိုက်ဆံမပါဘူး .."

"မပါဘဲနဲ့ စိန်ဆိုင်ကို ဘာဝင်လုပ်တာလဲ .."

"ခင်ဗျားကိုမြင်လို့လေ .. ဒါလေးတောင် ဝယ်မပေးချင်ဘူးလား.."

ညွှန်း အံ့ဩလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပေ ..။ ယောကျ်ားတစ်ယောက်၏ မာန်မာနနဲ့ မတိုင်းတာရင်တောင် လူပျို လူလွတ်ယောကျ်ားလေးတစ်ယောက်က သူစိမ်းမိန်းကလေးတစ်ယောက်ထံမှာ ..။

အထူးသဖြင့် ကိုယ်နဲ့စေ့စပ်ပြီးတဲ့ မိန်းမဆီက လက်ဝါးဖြန့်ဖို့ဆိုတာ ..။

"ငါ့မှာ အဲ့လောက်မပါဘူး .."



"ဟုတ်လား .."

ပြတ်သားစွာငြင်းပြီး ဒီဘက်လှည့်လိုက်တော့ ဝဿန် ရှေ့မှာ ချပေးခဲ့စိန်ဘူးကို အရောင်းစာရေးမိန်းကလေးလက်ထဲကနေ လှမ်းယူထားလိုက်ပြီး ဖွင့်ကြည့်၍ ..။

"ဒါ ဘယ်လောက်လဲ .."

"ဆယ့်နှစ်သိန်း တစ်သောင်းပါ .."

"အဲဒါ ခဏပြန်ထားမယ် .. ဒါပဲယူမယ် .."

"မင်း .. မင်း .. ဘာလုပ်တာလဲ .."

ညွှန်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကွန် က မျက်ခုံးခပ်ပင့်ပင့်နှင့် ပြန်ငဲ့ကြည့်ကာ ..။

"ကျွန်တော့်သူငယ်ချင်းက    ၎ ဘက်သိဒေး .."

"အဲ့ဒီတော့ .."

"ကျွန်တော်က ပိုအရေးကြီးတယ်လေ၊ ဒီက ဒေါ်ကြီး ဆောရီးနော် .. ကျွန်တော် အိမ်ပြန်ချိန်မရှိတော့လို့ပါ .."

"ဟင် .. အဲ .. ရ .. ရပါတယ် .."

ဝဿန် က ကမန်းကတန်းခေါင်းညိတ်မိသည်။ စေ့စပ်မင်္ဂလာပွဲမှာတည်းက ညွှန်း ကို ဘာတွေကပ်ကြိမ်းခဲ့တယ်ဆိုတာ သူမကို ညွှန်းပြန်ပြောပြီးသားပါ။ သို့သော် ..။

"ကွန် .."

"ပြောစရာရှိတာ နောက်မှပြောပါ၊ ကျွန်တော်က ခင်ဗျားလို အလုပ်အကိုင်ဝင်ငွေမရှိတာသိတယ်မို့လား .. ဒါကိုပြန်လိုချင်ရင် ဖေဖေ့ဆီမှာပြန်တောင်းလိုက် .. အိုခေ .."

ညွှန်း နှုတ်ခမ်းလေးတွေ ဖိပိတ်၍ ကွန့် မျက်နှာကို စူးစိုက်ကြည့်နေမိသည်။ တွက်ချက်ပြီးတော့ ပိုက်ဆံတွေကို သူ့ပဲ ပိုင်စိုးပိုင်နင်း တွန်း

www.burmeseclassic.com



ပို့ပေးလိုက်ပြီး ညွန့် ကို မေးဆတ်ပြကာ 'သူ ရှင်းပေးလိမ့်မယ် ..'တဲ့ ..။

ပိုက်ဆံပေါ်မှာ စိန်လက်စွပ်ဘူးပါနေသဖြင့် လက်စွပ်မယူဘူးဆိုသည့် ဆုံးဖြတ်ချက်ကို သူ့သဘောနဲ့သူ ချမှတ်သွားခဲ့တာဖြစ်သည်။

"အစ်မ ရင်ထိုးဖိုးပဲ တွက်ယူလိုက်မယ်နော် .."

"လက်စွပ်လည်းယူမှာ .. တွက်လိုက် .. ထပ်ပေးမယ် .."

"ဟုတ်ကဲ့ရှင် .."

ညွန့် က တစ်သောင်းတန်အုပ်တွေ ထပ်ထုတ်ယူကာ လက်စွပ်ကို ဝသသန့်ဘက် ပြန်ပို့၏။ စိတ်ထဲမကောင်းပေမယ့် ဒီတစ်ခါ ငြင်းနေလျှင် ညွန့် ထံမှ စကားကောင်းပြန်လာမှာမဟုတ်တာကို သိနေသောကြောင့် ..။

"ညွန့် ရယ် .."

"မိန်းမ ဒီတစ်ခါ ပွစိပွစိထပ်လုပ်ရင် ငါ ဟိုအမှိုက်ပုံးထဲ သွားထည့်မှာနော် .."

ထင်သည့်အတိုင်း ညွန့် ခေါကန်နေပါပြီ။ မျက်နှာပြင်လေးသည် တည်တင်းနီမြန်းနေကာ ဆိုင်ထဲက ထွက်လာကာမှ ..။

"ဘယ်လိုသတ္တဝါနဲ့ ပတ်သက်မိမှန်းမသိဘူး .. တောက် .."



## အခန်း (၁၅)

"ဪ .. ဦးမြတ်မင်းအောင် .."

"ဟုတ်ပါ့ဗျာ .. တမင်တကာ ရောက်အောင်လာကာမှပဲ မစံ က ပြန်တော့မလို့လား .."

ရုံးခန်းထဲကထွက်လာကာမှ မျက်နှာချင်းဆိုင်မိသဖြင့် ညွန့် ကလည်း ပြန်ထိုင်ပြီး ဧည့်ခံဖို့စိတ်မကူးသလို ဦးမြတ်မင်းအောင် ကလည်း မတောင်းဆိုပါ။

သူမ ခြေလှမ်းခပ်နှေးနှေးနှင့် ကားပါကင်ထိလျှောက်လာတော့လည်း အတူပါလာကာ တစ်ဖက်ခြမ်းဖြိုချနေသည့် အဆောက်အဦးကို မော့ကြည့်၍ ..။

"အကောင်အထည်ဖော်တာ မြန်လှချေလား မစံ ရဲ့ .. ဒီဘက်က ဖျက်နေတာလည်း မစံ ဝယ်ထားတာဆို .."

"ဝယ်တာမဟုတ်ပါဘူး .."

"ဒါဆို အန်ကယ်ဇော်တို့ကြားထားတာ ဟုတ်နေပြီထင်တယ် .."

"ဟုတ်လား .. ဘာကြားထားလို့လဲ .."

ညွန့် ကားနားမှာပဲရပ်နေလိုက်ပြီး ကိုင်ထားသည့်လက်ဆောင်ကို ဘောနက်ပေါ်မှာ ကိုင်လျက်တင်ထား၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ညွန့် စေ့စပ်လိုက်တာကိုလား .."

"ဟုတ်တယ် .."

"ကြည့်ရတာ အဲ့ဒါကို မေးမြန်းဖို့စိတ်ကူးနဲ့ရောက်လာတဲ့ပုံပဲ .."

"အဲ့လိုပြောလို့လည်းရပါတယ်၊ ဒီအကြောင်း တစ်ခါမှ စကားမစပ်ခဲ့ဘူးတော့ အန်ကယ်လ် ဘာကစမေးရမှန်းမသိလို့ .."

"ဦးမြတ်မင်းအောင် တို့ မရှိပေမယ့် စေ့စပ်ပွဲတုန်းက ဖိတ်စာပို့လိုက်ပါသေးတယ် .."

"ဟုတ်တယ် .. ဇနီးသည်ကပြောပါတယ်၊ သူလည်း လေးဘက်နာပြန်ဖြစ်နေလို့ မသွားလိုက်နိုင်ဘူးတဲ့၊ ဒီလိုလုပ်ပါလား မစံ အန်ကယ်လ်တို့ စကားပြောလို့ကောင်းမယ့် တစ်နေရာမှာ ထိုင်ကြရင် မကောင်းဘူးလား .."

"ကောင်းလောက်ပါတယ် .. ဒါပေမယ့် စကားပြောရတာ ပြောလို့ကောင်းနေတုန်း ဖြတ်လိုက်ရင် တကယ်ပြောဖို့ကျတော့ အာမတွေ့ဘူးဖြစ်တတ်တယ်၊ ညွန့် က မထိုင်ချင်လို့မဟုတ်ပါဘူး၊ အချိန်လည်းရပါတယ် ဒီမှာပဲပြောပါလား .."

ဦးမြတ်မင်းအောင် ခေါင်းညိတ်လိုက်ရသည်။ စံရတီညွန့် ဆိုသည့် မိန်းကလေးက တစ်ခါတစ်ခါပြောဆိုဆက်ဆံရတာ ပွတီးပွကျပါ။

စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားပေမယ့် မျက်နှာမှာ အရိပ်အမြွတ်လေးတောင် မပေါ်လွင်စေရအောင် ချိုသာစွာပြုံး၍ ...

"တခြားတော့မဟုတ်ပါဘူး .. မစံ စေ့စပ်လိုက်တဲ့ ချာတိတ်လေးနဲ့ ပတ်သက်လို့ပါ .."

"ချာတိတ်လေးတော့ မဟုတ်ပါဘူး ဦးမြတ်မင်းအောင် ဘွဲ့ရပြီး အလုပ်အကိုင်မယ်မယ်ရရမရှိသေးတဲ့ လူငယ်တစ်ယောက်ဆိုပါတော့.."

"မှန်တယ် .. အဲဒါကစပြီးအံ့ဩတာ၊ မစံ လို မိန်းကလေးက ရွေးချယ်မယ့်အိမ်ထောင်ဘက်အမျိုးသားတစ်ယောက်က ခုလို လူငယ်တစ်ယောက်ဖြစ်နေတာ၊ အဲ .. အဲ့ဒါလည်း သိပ်မထူးဆန်းသေးဘူးပဲ



ထားပါ၊ ဒါပေမယ့် မစံ တို့ချင်း မေတ္တာမျှတာလည်း မဟုတ်ဘူးဆိုတော့.."

"ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ် .. ဦးမြတ်မင်းအောင် ဘာသိချင်တာလဲ .."

"ပြောရရင်တော့ အန်ကယ်လ် စိတ်မကောင်းဖြစ်မိတာက စရမှာပဲ၊ မစံ ကို အန်ကယ့်လ်တူနဲ့ စေ့စပ်ပေးချင်တယ်ပြောလိုက်ကာမှ ချက်ချင်းကြီးဆိုတော့ .."

"ဟွန်း .."

"ဒါပေမယ့် ထပ်ကြားလိုက်တာက ကောင်လေးရဲ့ မိဘက မစံ မိဘတွေနဲ့ ငယ်သူငယ်ချင်းဆိုလား .."

"ဟုတ်တယ် .."

"ပြီးတော့ ဒီအဆောက်အဦးကို တစ်ဖက်မှာ အစွန်းပြန်ထွက်ဖို့အတွက် ကောင်လေးမိဘက သူ့အိမ်ကို ချက်ချင်းဖျက်ချပေးခဲ့တယ်တဲ့ .."

"အဲ့ဒါလည်းဟုတ်တယ် .."

"မစံ ရဲ့ အဆောက်အဦးကိစ္စပြေလည်ဖို့အတွက် ဒီလို ချာတိတ်လေးတစ်ယောက်နဲ့ စေ့စပ်လိုက်တယ်ဆိုတာ တကယ်ပဲလား မစံ .."

"ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဒါတွေက ညွန့် လျှို့ဝှက်ထားတာတွေမှမဟုတ်ဘဲ၊ စီးပွားရေးနဲ့ ကိုယ်ရေးကိုယ်တာရောသွားပေမယ့် သပ်သပ်စီပါ .."

"ဆောရီးပါ မစံ ရယ် .. ဆောရီးပါ၊ အန်ကယ်လ် စည်းကျော်သွားမိတယ် .."

ဦးမြတ်မင်းအောင် မျက်နှာမှာ အလွန်အမင်းစိတ်မကောင်းဖြစ်နေခြင်းတို့ ဖြန့်ခင်းလျက် ...၊

"အန်ကယ်လ် ထင်တာက ဒီအဆောက်အဦးကိစ္စအတွက်နဲ့ စေ့စပ်လိုက်တာမျိုးဖြစ်သွားသလားလို့ပါ၊ တကယ်ဆို မစံဒါကို အလျှင်စလိုဆုံးဖြတ်ဖို့မလိုပါဘူး၊ အန်ကယ်လ်တို့နဲ့ တိုင်ပင်လို့ရတာပဲ .."

www.burmeseclassic.com



"အန်ကယ်လ်က ဒီကိစ္စကို ကူညီနိုင်တယ်လို့ပြောတာလား .."

သူ့မျက်နှာ ကွက်ခနဲပျက်သွား၏။

"ဒီလိုပါ .. ဒါကြောင့် စိတ်အနှောက်အယှက်ကြီးဖြစ်နေရတယ် ဆိုရင် အန်ကယ်လ်တို့က မိတ်ဆွေရင်းတွေပဲ၊ တတ်နိုင်သလောက် ဝိုင်း စဉ်းစားပေးမှာပေါ့ .."

ညွှန်း က မျက်လွှာချသလိုဖြစ်နေသည့် ဦးမြတ်မင်းအောင် ကို ကြည့်ပြီး ပြုံးလိုက်ကာ ..၊

"ဟုတ်သားပဲ .. အန်ကယ်လ်က ဆက်ဆံရေးနယ်ပယ်ကျယ်ပြန့် တဲ့သူပဲ၊ လူကြီးပိုင်းတွေထဲမှာတောင် အန်ကယ့်လ် မိတ်ဆွေရင်းကြီးတွေ ရှိတယ်ဆိုတော့ ဒီကိစ္စလောက်က လက်တစ်ချက်တို့လိုက်တာနဲ့ ပြီးရင် ပြီးသွားမှာ .."

"အဲ့ .. ဒီလိုတော့လည်း မဟုတ်ပါဘူး .. ဟို .."

စကားလုံးက အဆင်ပြေပြေမထွက်ဘဲဖြစ်နေပြီးမှ ..၊

"လိုလျှင်ကြံဆ နည်းလမ်းရဆိုတဲ့ စကားရှိတယ်မို့လား .. အန်ကယ်လ် ကူညီနိုင်ရင် ကူညီပေးလို့ရတယ်လေ၊ ခုတော့ .. အန်ကယ်လ် လုံးဝ မထင်ထားခဲ့ဘူး .."

ညွှန်း ဖွဖွလေးလက်ပိုက်၍ ပြုံးလိုက်ရင်း ..၊

"ဒါက ဖြစ်ပျက်သဘောတရားတစ်ခုပါပဲ၊ တစ်ပါးသူ လုပ်ကြံ ခြိမ်းခြောက်လို့ ဆိုးသည်ကောင်းသည်မသိဘဲ ခေါင်းညိတ်ခဲ့တာလည်း မဟုတ်ဘူးလေ၊ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မှားသွားလည်း မှောက်အိပ် လိုက်ရုံပဲပေါ့၊ ညွှန်း ဖိအားတစ်စုံတစ်ရာကြောင့် စေ့စပ်ခဲ့တာမဟုတ် ဘူးဆိုတာ ပြောပြတာပါ .."

ဦးမြတ်မင်းအောင် က ငေးကြည့်နေ၏။

"ဖိအားတစ်ခုခု လွှမ်းမိုးလာမှာကိုပဲ ရှောင်တိမ်းခဲ့တာ၊ ကိုယ် လျှောက်မယ့်လမ်းကို ကိုယ်တိုင်ထွင်ပြီး လျှောက်ခဲ့ရတာ အကျင့်ပါနေ တာဖြစ်မယ်၊ အခက်အခဲဖြစ်လာရင် အကူညီရှာတတ်တဲ့အကျင့် ညွှန်း



မှာ မရှိဘူး၊ ဆိုရိုးစကားလည်းရှိတယ်လေ မိတ်ဆွေယောင်ဆောင်တဲ့ ရန်သူက ကြောက်စရာအကောင်းဆုံးပဲတဲ့ .."

ပြောပြီး သွားလေးတွေပေါ်အောင်ပြုံးလိုက်ကာ ..၊

"ရန်သူမိတ်ဆွေခွဲခြားနိုင်စွမ်းရှိနေရင်လည်း ကောင်းသား၊ တကယ် တမ်းကျတော့ လူညာတွေ အမြဲတမ်းရှိနေသလို အညာခံနေရတဲ့လူတွေ လည်း ရှိနေတာပဲ .."

"ဒါကတော့ မစံ .. ပျက်စီးဆုံးရှုံးမှုတိုင်းမှာ ကံ့,ကံ၏အကျိုးလည်း ပါပါတယ်၊ ကိုယ်ပြုခဲ့တဲ့အတိုင်း ကိုယ်ပြန်ခံရတာလို့ ဖြေကြည့်ရင် နေသာမှာပါ .."

ဦးမြတ်မင်းအောင် ကလည်း တုံ့ပြန်ချေပဖို့ ပြင်လာ၏။

"ဟုတ်တယ် .. ညွှန်း ကတော့ လူကိုလည်း မယုံဘူး၊ ကံကိုလည်း မပုံဘူး၊ လူတစ်ယောက်က အကောင်းဆုံးဖြစ်နေဖို့ထက် အကောင်းဆုံး လုပ်နေဖို့ပဲလိုတာ၊ ညွှန်း ဘယ်သူ့ကိုမှ ရည်ရွယ်တာမဟုတ်ဘူးနော်.. ပြောပြတာ၊ ညွှန်း တို့နေတဲ့ ကမ္ဘာကြီးတောင်မှ တိမ်းစောင်းလည်ပတ် နေတာမို့လား၊ လူနဲ့ ကံတရားဆိုတာလည်း တည်ငြိမ်ရိုးစင်းတယ်ဆိုတာ မရှိဘူး .."

"မစံ က ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းနေတာပဲ .."

"တစ်ယောက်တည်း ရပ်တည်လာခဲ့ရတဲ့ဘဝတစ်လျှောက်လုံး ရင်ထဲမှာထည့်ရေးသိမ်းဆည်းလာခဲ့တဲ့ အမှန်တရားတွေပါ .."

"အန်ကယ်လ်ကလည်း မှန်တယ်လို့ သပ်စွဲထင်နေတာကိုပဲ ပြော တာပါ၊ နေရာတိုင်းမှာ အမှားအမှန်အဆိုးအကောင်းတွေ ဒွန်တွဲနေတာ ပဲ၊ မင်းပဲပြောသွားတာလေ .."

"ညွှန်း ကလည်း နေရာတိုင်း လူတိုင်းထဲမှာ ညွှန်း တစ်ယောက်ပဲ မှန်နေတယ်လို့ပြောတာမဟုတ်ပါဘူး၊ သူများတွေ မှန်တာမှားတာ ကိုယ့် အလုပ်မှမဟုတ်တာ ညွှန်း နဲ့ သက်ဆိုင်တာကိုပဲပြောတာ၊ ဦးမြတ်မင်းအောင် ညွှန်း ကို အထင်လွဲနေပြီထင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"မလွဲပါဘူး .. အန်ကယ့်လ်ကိုပဲ မစံ တစ်မျိုးမြင်နေတာလားလို့ တွေးမိလာတာ .."

"ဟင့်အင်း .. ဦးမြတ်မင်းအောင် ဘယ်လိုစေတနာဖြောနဲ့ ရောက်လာတယ်ဆိုတာ ဦးမြတ်မင်းအောင် ကိုယ့်ကိုယ်ကိုယ် သိတာပဲ၊ မသိတမ်းတရားနဲ့ ညွန်း မစော်ကားရဲပါဘူး၊ ငယ်ငယ်က ဖေဖေ ဆုံးမခဲ့ဖူးတယ်၊ လူ့ဝတ်ကြောင် စွန့်မထားပေမယ့်လည်း မေတ္တာတရားနဲ့ သီလသမာဓိပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေရှိတယ်တဲ့၊ လူတစ်ယောက်အကြောင်း မသိဘဲနဲ့ စိတ်အထင်နဲ့ မဝေဖန်နဲ့ အတင်းအဖျင်းမပြောနဲ့ အရမ်းအပြစ်ကြီးတယ်တဲ့ .."

သူမ စကားတွေကြောင့် ဦးမြတ်မင်းအောင် အနေရခက်နေတာ သိသာလျက် ပြန်ဖို့လည်း မျက်လုံးကစားလာ၏။

"ဘုရားဒကာ ကျောင်းဒကာလို့ သတ်မှတ်ခံထားရတဲ့လူတိုင်းလည်း မေတ္တာစိတ်ပြည့်ဝကြတာမှမဟုတ်ဘဲ၊ တကယ်တော့ လူကဲခတ်တဲ့အလုပ်လောက် ခက်ခဲတာမရှိဘူး၊ အဲဒါကို စိတ်မဝင်စားလို့လည်း သူများကို ယုံကြည်အားကိုးဖို့ ညွန်း အားမထုတ်ခဲ့တာ .."

ပြောနေရင်း ထိုမျက်နှာကြီးကို စိုက်ကြည့်ကာ ..၊

"ယုံကြည်ထိုက်တဲ့သူဆိုတာ နဖူးမှာ စာမပါဘူးလေ၊ ကျေးဇူးတစ်ခုအရင်းပြုပြီး လက်တစ်ဆုံးနိုက်မယ့်လူမျိုးနဲ့ ဆုံမိရင် ဘယ်လိုလုပ်မလဲ .."

ရင်ထဲမှာ ဝမ်းမြောက်ကျေနပ်သွားမိကာ ဝဿန့် ကို သတိရမိသေးသည်။

နင့်ကို ငါ ပြချင်တယ် ဝဿန် .. ဒီလူကြီးရဲ့ မျက်နှာကို ..၊



## အခန်း (၁၆)

"ဘာပြောတယ် .."

သေချာချိန်းဆိုထားပြီးသားကို ဖျက်လိုက်သည်ဆိုသည့်သတင်းကြောင့်၊ ဒေါ်သက ရှုံ့ခနဲထဖြစ်၏။

" 'ဆွေမြန်မာ' ဦးအေးကို က ကျွန်တော့်ဆီပို့မယ့် ကုန်ကြမ်းပစ္စည်းအားလုံးအတွက် တာဝန်ခံပြီး သွင်းလာပေးတာ .."

"ဒါဆို ကိုရီးယားက ထွက်လာတည်းက ပစ္စည်းတွေကို ဦးအေးကိုကပဲ သယ်လာတာပေါ့ .."

"မဟုတ်ဘူး အမ်ဒီ .. ကုန်ကြမ်းစာရင်းက ဂျူမ်းဆော့ယောင်း ရဲ့ လက်မှတ်နဲ့ တက်ထားတာ၊ ဒီဘက်ဝင်လာကာမှ ဦးအေးကို လက်ထဲ .."

"ငါသိပြီ ..."

ညွန်း နေရာမှာထိုင်ရင်း ဖုန်းကောက်ဆက်သည်။

"ဟုတ်ပါတယ်ရှင် .. စကိုင်းလိုင်း ရေမွှေးကုမ္ပဏီကပါ ဟုတ်ကဲ့၊ ချိန်းဆိုမှုကို ဖျက်သိမ်းရတဲ့အကြောင်းလေးသိချင်လို့ ဒေါ်သီရိသန္တာရှိရင် တစ်ချက်လောက်ပြောပြပေးနိုင်မလား .."

"... ... ..."

"ဪ .. ဟုတ်ပါတယ် စံရတီညွန်း ပါ၊ ဒေါ်သီရိ ကို ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ကများ ဒီသတင်းပေးလိုက်တာလဲမသိဘူး ..."

"...... ...... ......"

"အဲဒါကို ကျွန်မကိုယ်တိုင်အတည်မပြုသေးပါဘူး၊ သတင်းက အခုပဲ ရောက်လာတာ .."

"...... ...... ......"

"မဟုတ်ဘူးလေ .. ဒေါ်သီရိသန္တာ တို့ ကုမ္ပဏီအတွက် တစ်ဆင့် ကိုယ်စားလှယ်ယူပေးထားတာ ကျွန်မပါ၊ ဦးအေး ကို မဟုတ်ပါဘူး၊ ပစ္စည်းအပြည့် ရ,မရကို ကျွန်မက အကြောင်းပြန်မှာမို့လို့ ဦးအေးကို ဆီက ကြားတဲ့ သတင်းကြောင့် အလုပ်ကိစ္စကို ဖျက်ဖို့မလိုပါဘူး .."

"...... ...... ......"

"အာမခံဖို့က ကျွန်မကိုယ်တိုင်သိရဖို့ လိုပါသေးတယ်၊ ဒေါ်သီရိသန္တာ တို့ကို ဘယ်သူက အာမခံပြီး သတင်းပို့သလဲ မသိပေမယ့် ကျွန်မတို့ သဘောတူလုပ်ကိုင်နေတဲ့အလုပ်ကိစ္စတွေကို ချက်ချင်းဖြတ်ဖျက်ပြင်ဆင်ဖို့တော့ ဆုံးဖြတ်ချက် မချပါနဲ့လို့ ကျွန်မ မေတ္တာရပ်ခံပါတယ် .."

"...... ...... ......"

"စိတ်ချပါ .. အတိအကျအကြောင်းပြန်ပါ့မယ်၊ ဒီညနေ သုံးနာရီ မကျော်ခင် သိရမှာပါ .."

ဖုန်းချလိုက်ပြီး နှုတ်ခမ်းလေးကိုက်၍ ငြိမ်သက်နေမိသည်။ ပြီးမှ ပူလောင်လှုပ်ရှားနေသည့် ကိုယ့်စိတ်ကို အရင်ဆုံးထိန်းချုပ်၍ သက်ပြင်း တစ်ဝ ရှိုက်ပစ်လိုက်မိ၏။

"မိုနာ .."

"ရှင် .. မမ .."

"အောက်ထပ်က တာဝန်ခံဖုန်းနဲ့ 'မယ်မဒီ' အလှကုန်ကို ဖုန်းဆက် ဘယ်အကြောင်းနဲ့ဖြစ်ဖြစ် သတင်းရအောင်ယူ၊ ဒီနေ့ ဦးမြတ်မင်းအောင် ကုမ္ပဏီကိုလာသလား မလာဘူးလား၊ ဦးအေးကို နဲ့ ဒီနှစ်ရက်အတွင်း



ဘယ်လိုဆက်သွယ်ချက်တွေရှိသလဲ မရှိဘူးလား အဲဒါတွေ ငါသိချင်တယ်၊ ဦးအေးကို နဲ့ အဖွဲ့ကို သိတယ်မို့လား .."

"သိတယ် မမ .. ဦးကျားကြီး ဖုန်းနံပါတ်တောင်ရှိတယ်၊ သူ့ကို အတွင်းရေးမှူးလို့ရတဲ့လူကိုလည်း မိုနာ သိတယ် .."

"အေး .. အဲ့ဒါတွေသိရရင် ပြီးတာပဲ .."

ပြောပြီး ဘဲလ်တီးလိုက်သဖြင့် လူရွယ်တစ်ယောက်ဝင်လာ၏။

"ငါ အပြင်သွားမယ်၊ ဒရိုင်ဘာ ဦးလှတင် ကို ငါ့ကားတစ်ချက် စင်ပေးထားလို့သွားပြော .."

"ဟုတ်ကဲ့ .."

သူမ ယူစရာရှိတာယူပြီး ဒရိုင်ဘာ မိုးတိမ် ဆီ ဖုန်းဆက်ကြည့်လိုက်သည်။

"သက်သာနေပြီ မမစံ မနက်ဖြန်စောစော ကျွန်တော် လာခဲ့ပါမယ်.."

"အင်း .. ပြီးရော .."

ကျန်းမာရေးနဲ့ ပတ်သက်လာရင်တော့ ဘာမှမတတ်နိုင်ပေ ..။ မိုးတိမ် ခွင့်ယူထားတာ ဒီနေ့နဲ့ဆို သုံးရက်ရှိပြီဖြစ်သည်။ သူမ အပြင်ထွက်သာတိုင်း အလုပ်ကိစ္စနဲ့သာ များတာမို့ စိတ်တခြားလူတခြားနဲ့ ကား မောင်းရတာ အဆင်မပြေ ..။ ဒရိုင်ဘာ မထားချင်ပေမယ့် ထားရသည်။ ထားသည့်ကြားက ခုလို မလာတဲ့ရက်တွေရှိလာတော့ စိတ်ပျက်ဖွယ် ကောင်းလေသည်။

"ဟလို .."

ကားပေါ်တက်ကာမှ ဖုန်းလာသဖြင့် နားကျပ်တပ်လိုက်ရကာ ..

"လုပ်ငန်းလည်ပတ်တာနဲ့ အဆောက်အဦးကိစ္စက ဘာမှမဖြစ်ပါ ဘူး၊ ကုမ္ပဏီကိုလည်း ဘယ်မှမပြောင်းဘူး၊ အလုပ်ပျက်ဖို့လည်းမလိုဘူး၊ နေပါဦး အခု ဖုန်းဆက်နေတာ ကုမ္ပဏီမှာကားမောင်းသူ .."

"...... ...... ......"

www.burmeseclassic.com

www.burmeseclassic.com



"အင်း သိပြီ .. မောင်ထိန်လင်းဦး ရဲ့ ဇနီး .. ဒီမှာညီမ မင်း မှတ်ထားရမှာက ကုမ္ပဏီမှာ အလုပ်နားရက်လိုချင်တာကို ဖုန်းဆက်ခွင့်တိုင်လို့မရဘူး၊ ကုမ္ပဏီရွှေ့ပြောင်းခြင်း မပြောင်းခြင်းကိုလည်း မင်းတို့ ဆွေးနွေးဖို့မလိုဘူး၊ အလုပ်မလုပ်ခင်တည်းက စည်းမျဉ်းစည်းကမ်းတွေကို မင်းယောကျ်ားသိပြီးသား .."

ကားမောင်းရင်း ဒေါသမဖြစ်သင့်ဘူးဆိုတာ သိနေပေမယ့် ထိန်းချုပ်ဖို့က ခက်နေ၏။ အောက်ပိုင်းအလုပ်သမားတွေ ခွင့်လိုချင်လာကြတာ ဒီရက်ပိုင်းမှာ ဆက်တိုက် ..။

လမ်းအတွက် အဆောက်အဦးရွှေ့ပေးရမယ့်ကိစ္စနဲ့ပတ်သက်ပြီး ကုမ္ပဏီအပေါ်မှာ ဘယ်လိုကျရောက်နိုင်တယ်လို့လည်း သူမ တစ်ခွန်းတစ်ပါဒမျှမပြောခဲ့ဘူးပါ။

အလုပ်သမားတွေကတော့ အဆောက်အဦးရွှေ့ပြောင်းနေစဉ်ကာလမှာ ခွင့်လိုချင်တယ်၊ ဘာတွေလုပ်ဖို့စီစဉ်မယ်စသဖြင့် ကိုယ့်ဆီရောက်လာတဲ့ စကားတွေလည်းရှိသလို အချင်းချင်းအတိုင်းအဖောက်ညီနေကြတာတွေလည်း မကြားချင်မှအဆုံး ..၊

ဒါဟာ တစ်ယောက်ယောက်ရဲ့ လက်ချက်ပဲဖြစ်သည်။ ကိုယ့်ပြဿနာကို ကိုယ့်ဘာသာဖြေရှင်းဖို့ကြိုးစားနေတာတောင် ဒီပြဿနာပြန့်ကားအောင် ပုံကြီးချဲ့နေကြ၏။

"အဲဒါ 'မယ်မဒီ' က အုပ်ချုပ်ရေးမှူးရဲ့တူမ စဖြန့်တာ အမ်ဒီအဲ့ဒီအမျိုးသမီးက နည်းနည်းလည်းရှုပ်တယ်၊ ငွေလည်းမက်တယ်ကျွန်တော်တို့ကုမ္ပဏီက အနိမ့်တန်းဝန်ထမ်းတစ်ချို့နဲ့လည်း ပရောပီတွေရှိတယ်၊ ကျွန်တော့်အထင်ပြောရရင် သူ့ကို တစ်ဆင့်ကွန်ထရိုးလုပ်နေတဲ့သူရှိသေးတယ် .."

"ဦးမြတ်မင်းအောင် ပေါ့ .. အသိသာကြီးပဲ .."

အစည်းအဝေးအပြီးမှာ မန်နေဂျာနဲ့ သူ့လက်ထောက်တို့ သူမ



ဒီဆိုင်းသတင်းပေးခဲ့ကြသည်။

ဦးမြတ်မင်းအောင် ဘာဖြစ်လို့ ကိုယ့်အပေါ် မည်းခြေတင်နေတာလဲ ..၊

စင်ကာပူကုမ္ပဏီကြီးတစ်ခုက ချိတ်ပိတ်တင်ဒါကိစ္စကနေ အစပြုပြီး ရှုံးမည်းမည်းနေသည့်အဖြစ်ဟာ မျက်နှာမှာ သကာလောင်းပြီး ဆောက်လာလိုက် ...

ပျောက်သွားတာနှင့် ဒုက္ခအထုပ်တစ်ခုခု ဖြုတ်ချထားခဲ့လိုက် ...၊

ဘာပြဿနာဖြစ်ဖြစ် အလံမလှဲတမ်းရင်ဆိုင်ဖြေရှင်းနေခဲ့ရသည့်သူ့အတွက်က မသက်သာလှပေ ...။

မသိရင်တော့ ဒီမိန်းမ တော်လိုက်တာပေါ့။ ဘာဒုက္ခအခက်အခဲနဲ့လာလာ ရင်ဆိုင်ဖြေရှင်းနိုင်သူကြီး ..၊ တကယ်တမ်း ဆင်းရဲပင်ပန်းသမျှကို မျိုသိပ်ကာတင်းနေရတဲ့ အထီးကျန်ဘဝကို လူမသိ ..၊

"တီ .. တီ .."

ဟင် ..၊

စိတ်က လွင့်မျောနေခဲ့သဖြင့် မီးပွိုင့်စိမ်းနေတာကို သတိမထားမိပေ ..။ ဟွန်းတီးကျော်တက်သွားသည့်ကားကို မြင်မှ ကမန်းကတမ်းမောင်းထွက်လိုက်ရလျှင် ..၊

ဘယ်လိုဖြစ်တာလဲ !...၊

ကားမောင်းရတာ စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။ ပြီးတော့ ဆေ့ကြောအတိုင်းထွက်လာခဲ့ပြီး ဘရိတ်ကို ထပ်နင်းကြည့်တော့ နင်းနေရင်း ထိတ်ခနဲဖြစ်သွား၏။

ဘရိတ် ဘာဖြစ်တာလဲ ..၊

လူတစ်ကိုယ်လုံး ပူထူသွားပေမယ့် ကားကို လမ်းဘေးက ကားရပ်ထားသည့် လမ်းသွယ်တစ်ခုထဲကို ထိုးဝင်ပစ်လိုက်သည်။ ပြီးတော့ မီးပွိုင့်မှာ ကားကိုထိန်းဖို့ကြိုးစားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် .. ကားက ဘာဖြစ်တာလဲ .."

"ကားမှောင်းနေပြီး ကိုယ့်ကိုယ်ကိုယ် ဒုံးပျံစီးနေတယ်ထင်နေတာလား .."

လမ်းပေါ်မှာ ကားမရှိပေမယ့် လူတွေစက်ဘီးတွေအပြင် ကလေးပုစုခရုလေးတွေက ပြေးလွှားရှောင်ရှမ့်နိုင်ပါ့မလား မသိ ..။

လူကြီးတွေက ကိုယ့်ကလေးတွေကို ပြေးဆွဲအော်ခေါ်နှင့် ဆူညံသွား၏။

တခြားလူတွေ အန္တရာယ်ဖြစ်မှာနဲ့ ကိုယ့်ကိုယ်ကိုယ် ကိုယ့်ကားဘာကိုပျက်စီးခံမလဲ ..၊

ကားကိုထိန်းနေရင်း ကန်စွန်းခင်းကြီးတစ်ခုတွေ့လိုက်တာနှင့် စတီယာရင်ကို ဆွဲလှည့်ပစ်လိုက်သည်။

တိမ်တိမ်လေးလို့ထင်ရသည့်ရေက ဇောက်နက်ကြီးဖြစ်နေလျက် ကားဦးစိုက်ဆင်းသွားသည်နှင့် ရင်ဘတ်နဲ့ စတီယာရင် ပစ်တိုက်မိ၏၊

နောက်ထပ် ကားစောင်းသွားတာနှင့် လူသည် တံခါးဘက်ကို ပစ်ကျသွားတာ ဒုန်းခနဲ ..၊

သူမ တစ်ကိုယ်လုံးကို တစ်စုံတစ်ယောက်က ထိုးနှက်ကန်ကျောက်နေသကဲ့သို့ဖြစ်ကာ သူမ ဘာမှမသိတော့ပေ ..။



## အခန်း (၁၇)

"အ ..."

"သမီး .. သမီး သတိရပြီလား .."

ဟင် !..၊

မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ သူမ ဆေးရုံခုတင်ပေါ်မှာဖြစ်နေ၏။

"အန်ကယ်လ် .."

ထိတ်လန့်အံ့သြသွားကာ 'ငါ ဘာဖြစ်သွားသလဲ' ဆိုသည့် မေးခွန်းက ဖျတ်ခနဲဝင်လာ၏။ ထို့ကြောင့် လှုပ်လဲထလိုက်မိစဉ် ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး ရှူးရှဲနာကျင်သွား၏။

"မထနဲ့ဦးလေ သမီး .. သမီး ဘယ်နေရာမှာ ထိခိုက်သွားတယ်ဆိုတာ ဖြည်းဖြည်းချင်းစစ်ကြည့်ရမှာ .."

"အန်ကယ်လ် .. ကျွန်တော်တို့ဒေါက်တာကိုသွားခေါ်လိုက်မယ်.."

"ဟင့်အင်း .."

ညွှန်း က တားဆီးလိုက်ရင်း အသာလေးပြန်လှဲသည်။ သူမ ဘာဖြစ်ခဲ့တာကို သိပေမယ့် ဆေးရုံကို ဘယ်လိုရောက်လာသလဲဆိုတာ မသိသေးသဖြင့် စကားပြောချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဦးမင်းနိုင် ရဲ့ဆေးက သာလွန် တို့ နှစ်ယောက်ကို သူမ မြင်လိုက်ရသဖြင့် ဆေးဘီကို မျက်လုံးကစားရင်း ...၊

"ညွှန်း နေသာပါတယ်၊ ဒေါက်တာ မခေါ်ပါနဲ့ဦး၊ ညွှန်း ကို ကန့်ထဲကနေ ဘယ်သူတွေဆယ်ထုတ်ခဲ့တာလဲဟင် .. ကားရော .."

ဦးမင်းနိုင် က ဆေးမှာရှိနေသည့် သာလွန့် ကို ငဲ့ကြည့်ကာ ပြီးမှ ညွှန်း ဘက်လှည့်၍ ...၊

"သမီးကို အရင်ဆုံးတွေ့တာကတော့ .."

"ကျွန်တော်ပါပဲ အစ်မ .."

သာလွန် က သူ့ကိုယ်သူ မိတ်ဆက်ပေးပြီးမှ ဆန်းဒေး ကို ပြန်ငဲ့ကြည့်ကာ ...၊

"ကျွန်တော်နဲ့ ဆန်းဒေး လေ .."

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က အဲ့ဒီလမ်းထဲမှာ ကားတာယာ အပေါင်းတွေ ကွန်ပေါင်းလုပ်ပေးနေတယ်ကြားလို့ သွားကြည့်ကြရင်း ကား တွေ့လိုက်လို့လေ၊ ပုံမှန်မဟုတ်ဘဲ မောင်းလာတာကို သိလိုက်ပြီး ဆိုင်ကယ်လ်တွေနဲ့ လိုက်ကြတာ .."

"ဟုတ်လား .."

ညွှန်း ကျေးဇူးတင်သွားမိသည်။ ထိုနေရာတစ်ဝိုက်မှာ အိမ်တွေ မပြတ်ပေမယ့် ကန့်စွန်းခင်းရဲ့တစ်ဖက်မှာတော့ ဘုန်းကြီးကျောင်းဝင်း လား ဌာနအဆောက်အဦးတစ်ခုခုလား ...။

သူမ ဘာမှန်းမသိလိုက်ခင် သတိလစ်သွားခဲ့တာဖြစ်သည်။

"ညွှန်း အလုပ်ကိစ္စနဲ့ အပြင်ထွက်လာတာ မီးပွိုင့်ဖြတ်ကာမှ ကား ဘရိတ်လွတ်သွားတာ .."

"ဒါပေမယ့် အစ်မ တော်ပါတယ်၊ ဘယ်သူကိုမှ မထိခိုက်မိဘဲ ထိန်းလို့ရသွားတာလေ .."

"တို့ တော်လို့မဟုတ်ပါဘူး၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကြောင့် ပါ၊ တစ်ခုခု ဒုက္ခတွေ့တော့မယ်ဆို ကိုယ့်ကိုယ်ကိုယ်ထက် ကိုယ့်ကြောင့်



သူတစ်ပါးထိခိုက်ရမှာ၊ မျက်ရည်ပေါက်ကြီးငယ်ကျရမှာ၊ အဲ့ဒါမျိုးကို ပိုစိတ်ပူတယ် .."

"သာဓုပါကွယ် .. ကိုယ့်စေတနာကိုယ့်အကျိုးပေးတာလေ၊ ဒါ ကြောင့် သမီး ထိခိုက်မိပေမယ့် ဆိုးဆိုးရွားရွားမဖြစ်တာပေါ့ .."

ခေါင်းညိတ်ရင်း နဖူးကနေ ပတ်စီးထားသည့် ပတ်တီးကို ကိုင် ကြည့်လိုက်မိသည်။ တံခါးဆောင်နဲ့ တိုက်ဆောင့်မိသွားပေမယ့် ခုထိ တော့ မခံရပ်နိုင်အောင် နာကျင်တာမရှိသေးပေ ...။

"သမီး လက်တွေခြေတွေကို အားစိုက်ကြည့်ပါဦး .."

"ဟုတ် .."

ညွှန်း မိမိဘာသာ လှုပ်ရှားကြည့်ရင်း ...၊

"မတ်တပ်ရပ်လိုက်ရင်တော့မသိဘူး၊ ခုတော့ ကျောထဲကလား ရင်ဘတ်ကလားပဲ၊ အသက်ပြင်းပြင်းရှူရင်နာနေတယ် .."

"အစ်မညွှန်း .. ကျွန်တော် ဆရာဝန်သွားခေါ်လိုက်မယ်နော် .."

ပြောပြီးတာနှင့် ဆန်းဒေး က တန်းထွက်သွား၏။ ပြီးတော့ သာလွန့် ကိုတော့ နေခဲ့ဖို့ လက်နဲ့ဖိချပြီ သတိပေးသွားသေးသည်။ ဦးမင်းနိုင် က ဆရာဝန်လာတော့မှာမို့ နေရာမှထပြီး နောက်ဆုတ်ရပ်လိုက်ကာ ...

"ဆရာဝန် လာကြည့်ရင် ဖြစ်နေတဲ့အတိုင်း ပြောပြလိုက်နော် .. ဒါမှ လိုအပ်တာ သူ အကုန်လုပ်ပေးမှာ .."

မှာနေရင်း မျက်နှာသည် စိတ်မကောင်းဖြစ်သွားသလို သက်ပြင်း ချလျက် ...၊

"ဒီလောက်ထိ အလုပ်ရှုပ် အတွေးများနေတဲ့လူက ကားကို ကိုယ် တိုင် မမောင်းသင့်ဘူး သမီး .."

"ဒရိုင်ဘာရှိတယ် အန်ကယ်လ် .. နေမကောင်းဖြစ်နေလို့ .."

"အဲဒါမျိုး မလစ်လပ်ရအောင်ကြိုတင်စီစဉ်ထားရမှာ သမီးရဲ့၊ ကုမ္ပဏီကားတွေမောင်းတဲ့ .."

"ညွှန်း လူတစ်ယောက်ကိုယုံကြည့်ဖို့ တော်တော်ကိုမလွယ်တာ

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်လ်၊ အဲ့ဒါလည်း အကျင့်တစ်ခုလိုဖြစ်နေပြီ၊ ယုံကြည်သင့်တဲ့ လူလား မယုံထိုက်ဘူးလားဆိုတဲ့ စိတ်ကူးမျိုးလည်း မကူးမိသလောက်ပဲ၊ လူတွေကို ယုံကြည်ဖို့လည်း မကြိုးစားချင်ဘူး၊ သူတို့ကို အကဲခတ်နေရမယ့်စိတ်ကူးက ကိုယ့်ရဲ့ ရွှေထွက်မယ့်အတွေးဉာဏ်တွေအတွက် အနှောင့်အယှက်ပဲ ..”

“ဒီလို အမြဲတမ်းနေသွားလို့မရဘူး သမီး .. အသိုင်းအဝိုင်းကျယ်ပြန့်လာလေ ဆက်ဆံရေးနယ်ပယ်ကအရေးကြီးလေပဲ၊ သူများကို စိတ်မဝင်စားဘဲနေရင် သူများက ကိုယ့်ကို စိတ်ဝင်စားနေတာတွေ သမီးဘာမှ သိခွင့်ရမှာမဟုတ်ဘူး၊ လူတွေလက်ထဲမှာ လည်ပတ်နေတဲ့ ငွေကြေးဟာ သမီးဆီ တန်းရောက်လာပြီး သမီးလက်ထဲမှာပဲ နေနေတာမှမဟုတ်ဘဲ ..”

ညွန်း မျက်နှာလေး ငေးငေးလေးဖြစ်သွားသည်။

“တိုးတက်ပြောင်းလဲခြင်းဆိုတာ ရွေ့လျားခြင်းပဲလေ၊ ဒီငွေတွေကိုလည်ပတ်ဖို့ ပတ်ဝန်းကျင်ကို သမီး မျက်ခြေပြတ်လို့မရဘူး ..”

ပြောနေတုန်းမှာ ဆရာဝန်နဲ့ သူနာပြုတွေရောက်လာသည်။ ဦးမင်းနိုင် နောက်ထပ်ဆုတ်လိုက်ရင်း သာလွန် တို့ကို လှည့်ကြည့်သည်။

“အဟွန်း ..”

သာလွန် က ဘာရယ်မဟုတ်ဘဲ သွားဖြီးရယ်ပြ၏။ ဆန်းဒေး က ပြုံးပြပေမယ့် မျက်လုံးချင်းမဆုံဘဲ ဟိုကြည့်ဒီကြည့် ..၊

ဦးမင်းနိုင် မျက်နှာကြီး မသက်မသာ ညှိုးလျော်နေခဲ့၏။

စိတ်ပျက်ရခြင်းများစွာဟာ ကိုယ့်သားနဲ့ချည်း ဆက်နွှယ်နေရခြင်းနှင့် ပတ်သက်၍ ..၊



## အခန်း (၁၈)

“အေး .. ရောင်းမှာ၊ အဲ့ဒါကြောင့် လုံးဝနဂိုအတိုင်းပြန်ဖြစ်လာအောင် လုပ်ခိုင်းနေတာပေါ့ ..”

ဦးမင်းနိုင် ဖုန်းပြောနေရင်း ဆိုင်ကယ်လ်သံကြားသဖြင့် လှည့်ကြည့်လိုက်မိသည်။ ကွန် က ဆိုင်ကယ်လ်ကို အိမ်ခြေရင်းဘက်က ကားဂိုဒေါင်ထိမောင်းဝင်သွား၏။

အိမ်ရှေ့မှာပဲရပ်ထားနေကျမို့ ထူးဆန်းပြီးလိုက်ကြည့်နေမိကာ—

“သြော် .. အေး .. ပြောပြော .. ကြားတယ် .. ဘယ်လို ဘယ်လောက်”

“.... .... ....”

“ဘာဖြစ်လို့လဲ မနေ့ညနေက ပြောတော့တစ်မျိုး ..”

“.... .... ....”

“ကားမှန်ကွဲတာဟုတ်လား .. အေး သိတယ်လေ .. အဲ့ဒါ .. ဘာ..”

“.... .... ....”

“ကားမှန်က ရိုက်ခွဲထားတာဟုတ်လား ..”

“.... .... ....”

ပြောတာတွေကို နားထောင်ပြီး ညွန်း ကို သနားကရုဏာစိတ်တွေနှင့် ဦးမင်းနိုင် ရင်နင့်နေမိသည်။ ဘရိတ်ဖြတ်ခံထားရသည်ဆိုတာ သိပြီး

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ခု ထပ်ပြီး ကားမှန်ကို ရိုက်ခွဲထားသည်ဆိုတာ ဘာဖြစ်ချင်သေး လို့လဲ ...၊

"ကားက ဘာနဲ့မှ မတိုက်မိဘဲ လယ်ကွင်းထဲကို ထိုးဆင်းသွားတာ၊ ခေါင်းကလည်း နွံထဲမှာ နစ်နေတာလေ၊ မှန်ကွဲလောက်စရာ အဲဒီနားမှာ အမာခံသစ်ပင်ကြီးငယ်လည်း ဘာမှမရှိဘူး၊ နွံနစ်နေတဲ့ဘက်ခြမ်းက မှန် ဘာမှမဖြစ်ဘဲနဲ့ ထောင်နေတဲ့ဘက်က ကွဲကျသွားတာ .." တဲ့...။

ပြန်စဉ်းစားရင်း ဦးမင်းနိုင် ဆန်းဒေး တို့ကို သတိရသွားသည်။ ထို့ကြောင့် အိမ်ထဲမဝင်သေးဘဲ ဆန်းဒေး ဆီကို ဖုန်းထပ်ခေါ်၍ ...

"အေး .. မင်းကို မေးချင်တာရှိတယ်ကွ .. အန်ကယ်လ်က ညွန်း ရဲ့ကားကိုပြင်ဆင်ပြီးတာနဲ့ ပြန်ရောင်းထုတ်မှာလေ၊ ကားဆိုတာ တစ်ခါမှောက်သွားရင် သုံးဖို့မသင့်တော့ဘူးလို့ အန်ကယ်လ်က အစွဲရှိတယ်၊ အဲဒါကြောင့် ကားပြင်ဖို့ရော ရောင်းထုတ်ဖို့အတွက်ရော အန်ကယ်လ် လူတွေနဲ့ လွှဲပေးထားလိုက်တာ .."

"ဟုတ်ကဲ့ .. ဘာဖြစ်လို့လဲ အန်ကယ်လ် .."

ဟိုဘက်က သတင်းပို့သမျှကို ဦးမင်းနိုင် ပြန်ပြောပြလိုက်ရင်း...

"သူတို့က အဲ့ဒီသက်သေတွေနဲ့ အမှုဖွင့်ထားဖို့တောင် အကြံပြုနေသေးတာ၊ အန်ကယ်လ်လည်း ညွန်း အတွက် စိတ်ပူတာပဲ၊ ဒါပေမယ့် ကာယကံရှင်ကိုယ်တိုင်ဆန္ဒရှိမှ ဖြစ်မှာလေ၊ မင်းတို့ သူ့ကို ကယ်ထုတ်ခဲ့တုန်းက မှန်တွေဘာတွေခွဲပြီးတော့ ဆွဲထုတ်ရတာများရှိခဲ့သလား .."

"ဗျာ ..."

"ကားရှေ့ပိုင်းက နွံထဲမှာဆိုတော့လေ .."

"မဟုတ်ပါဘူး အန်ကယ်လ် .. ကန်စွန်းခင်းလေးပါ၊ ရေတွေထဲ ထိုးကျပြီး ရွှံ့ဗွက်ကြောင့် ဖော်ရခက်သွားတာ .."

"အန်ကယ်လ် သိချင်တာက သူ့ကိုဘယ်လို .."

"အဲဒါက အများနဲ့ဆိုတော့လေ ဟို .. ဒီလိုပါ .. ကျွန်တော်တို့



ပြေးသွားကြတာနဲ့ အဲဒီနားကလူတွေလည်း ဝိုင်းလာပြီး ဟိုကဆွဲပါ ဒီကထုတ်ပါနဲ့ ရှုပ်ယှက်ခတ်နေတော့ .."

"မင်းတို့ နှစ်ယောက်ရှိနေတာတောင်မှ ကားမှန်တွေ ဘယ်လိုကွဲတယ်ဆိုတာ မသိတာလား .."

"ဗျာ ..."

ဆန်းဒေး ရဲ့ တဗျာဗျာယောင်ချာချာလုပ်နေပုံကြောင့် စိတ်တော့ ပျက်မိလေသည်။

"သူ့ကို မင်းတို့ကိုယ်တိုင်ဆွဲထုတ်ခဲ့တာ မဟုတ်ဘူးလား .."

"မဟုတ် .. အဲ .. ဟုတ်ပါတယ် ကားမှန်တွေကွဲကျသွားတာလည်း သိလိုက်တယ်၊ ဒါပေမယ့် တစ်ယောက်ယောက်ခွဲပစ်လိုက်တာလား၊ လူမထိခိုက်အောင်ကြိုးစားရင်း မတော်တဆကွဲတာလားဆိုတာ တော့မသိလိုက်ဘူး .."

ဒါလည်း ဖြစ်နိုင်သည်ပဲ ...၊

"အဲဒီနားမှာအားလုံးကတော့ ကားထဲကလူနာကို အမိကထားကယ်ဖို့ပဲ ပူပန်နေကြတာပါ အန်ကယ်လ်ရယ်၊ အစ်မညွန်း ရဲ့ နောက်ကွယ်က ရန်ငြိုးရန်စရှိမရှိတော့ မသိဘူး၊ တကယ်လုပ်ကြံချင်တဲ့လူကလည်း ကားရေထဲကျသွားကာမှ ထပ်ချပ်မကွာပြေးလိုက်ပြီး မှန်ခွဲမှာမဟုတ်ပါဘူး .."

"အင်း ..."

"အစ်မညွန်း ရဲ့ အနားကို ကျွန်တော်တို့ အရင်ရောက်သွားကြတာပဲ၊ ဘယ်သူမှ မှန်ပြေးခွဲပြီး နောက်ထပ်လုပ်ကြံဖို့စီစဉ်ချိန်မရှိပါဘူး .."

"အေးလေ .. မင်းတို့က အရင်ဆုံးရောက်သွားကြတာဆိုပို့လည်း သိမလားလို့မေးကြည့်တာပါ၊ မသိလိုက်ဘူးဆိုတာလည်း ဖြစ်နိုင်ပါတယ်၊ လုပ်ကြံမှုမှန်ရင်တောင် မှန်ကွဲတာကတော့ အကြောင်းဒန့်ကြောင့်ပဲဖြစ်မှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းနိုင် ဖုန်းပြောပြီး အိမ်ထဲပြန်ဝင်လာခဲ့သည်။ အထဲမှာ ကွန့်ကို မတွေ့သဖြင့် ဟိုဟိုဒီဒီလိုက်ကြည့်နားစွံ့မိစဉ် ကုလားက ကော်ဖီပူပူ တစ်ခွက်နှင့် ထွက်လာသဖြင့် ...၊

"ကုလား .. ဒါ ကွန့် အတွက်လား .."

"ဟုတ်ကဲ့ .."

"ထမင်းစားချိန်တောင်ကျော်နေပြီ ထမင်းမစားဘဲနဲ့ ကော်ဖီ ဘာလုပ်ဖို့လဲ .."

"အစ်ကိုလေး နေမကောင်းဘူး ကယ်လေး .."

"ဘာ ..."

"ကိုယ်တွေပူနေတာ ကျွန်တော်နဲ့ထိမိလို့မေးတော့လည်း ဘာမှမဖြစ်ဘူးတဲ့၊ အသားတွေလည်း ရဲနေတာပဲ .."

"ကျွတ် .. ဒီကောင်လေးတော့ .."

ဦးမင်းနိုင် ကုလား စကားကို ဆုံးအောင်နားမထောင်ဘဲ ခြေလှမ်းကျဲကြီးများနှင့် လျှောက်ထွက်သွား၏။ တံခါးတွန်းပြီးဝင်လိုက်တာနှင့် ကွန် က ခုတင်စွန်းမှာထိုင်နေကာ ဘာတွေငုံ့ကြည့်နေသည်မသိ ...၊

အိပ်ရာပေါ်မှာ စောင်ခြုံကွေးနေပြီထင်သဖြင့် ငုတ်တုတ်ထိုင်နေတာ မြင်လိုက်တော့ စိတ်တထစ်အေးသွားမိကာ ...

"ကွန် .."

ပေါ့ပေါ့ပါးပါးအသံပေးလိုက်တာပဲဖြစ်သည်။ သို့သော် ကွန် ဖျတ်ခနဲ လှည့်ကြည့်ကာ လျှပ်ရှားမှုတွေ မြန်မြန်ဆန်ဆန်လက်စသပ်ဖို့ကြိုးစားလိုက်သဖြင့် ဦးမင်းနိုင် မျက်မှောင်ကုတ်သွားမိ၏။

ပြီးတော့ ကွန့် ရဲ့ ကွယ်ရပ်အခြမ်းက တစ်စုံတစ်ရာကို စိတ်ဝင်စားကာ မျက်နှာရှေ့ထိ မြန်မြန်လျှောက်သွားပြီး ငုံ့ကြည့်လိုက်မိ၏။

"ဟင် .. ဒါ .. ဒါကြီး .."

"ဘာမှမဖြစ်ဘူး .. အပေါ်ယံရှသွားယုံတင် .."



"ဟာ .. ဟော့ .. ဟော့ .. အင်္ကျီမဝတ်နဲ့လေ .. ဒါ နည်းနည်းနောနော မဟုတ်တာ၊ ပြစမ်း .."

"ဘာမှမဖြစ်လောက်ပါဘူး ဖေဖေရာ .."

"ဖြစ်တာမဖြစ်တာ ငါ ကြည့်မှာပေါ့ကွ .. မင်းလက် .. ဟာ .."

ကိုင်လိုက်တာနှင့် ကိုယ်တွေပူနေတာ ခြစ်ခြစ်တောက် ...၊

"ကြည့်စမ်းကွာ .. မင်းကိုယ်တွေ .. ဟင် .."

နဖူးစမ်းမလို့ လက်တင်လိုက်တော့ ကွန် က မျက်နှာငဲ့ရှောင်ပစ်၏။ ထိုအခါ လည်တိုင်အထက်နားမေးရိုးအောက်စပ်မှာလည်း သုံးလက်မလောက်ရှည်သည့် ဒဏ်ရာတစ်ခု ...၊

"ကွန်း ..."

စိတ်တွေအကြီးအကျယ်လှုပ်ရှားဗျာများသွားကာ ကွန် ခေါ်သံက ကွန်း အသံထွက်ခဲ့ရသည်အထိ ...၊

"မင်း ဒီလောက်ဖြစ်နေတာကို ဖအေကို အသိမပေးဘဲထားတယ် ဟုတ်လား .."

ကွန် က ဘာမှမပြောဘဲ ဂျစ်တီးဂျစ်ကန်မျက်နှာနှင့် အင်္ကျီဝတ်ဖို့ပဲ တာစူနေ၏။ ဦးမင်းနိုင် က လက်ကိုဆွဲထားပြီး အသံတွေတုန်လျက်-

"လက်မှာလည်း လက်ဖျံကနေ လက်မောင်းရင်းထိ ဒဏ်ရာတွေ ပွထနေတာပဲ၊ အဲဒါတွေ ဘာဖြစ်လာတာလဲ ပြောစမ်း .. မင်း ဆိုင်ကယ်လ်မှောက်လာတာလား .."

"မဟုတ်ပါဘူး .. ရန်ဖြစ်ထားတာ .."

"ဘာ!..."

"ကျွန်တော့်အပြစ်နဲ့ ကျွန်တော်မို့လို့ မပြောဘဲနေတာ ဖေဖေ၊ ဘာမှလည်းဖြစ်လောက်တာမဟုတ်ဘူး .."

"ဘာကွ .. ဟော့ကောင် .."

ဦးမင်းနိုင် နာကျင်သွားသည့်ရင်ထဲမှာ လူမမာရဲ့ပခုံးကိုကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ခါပစ်မိတဲ့အထိ ..။

"ကိုယ့်အပြစ်နဲ့ကိုယ်မို့ မပြောဘဲနေတာ ဟုတ်လား .. ကိုယ်ဖြစ်ကိုယ်ခံဆိုပြီး ဘယ်မြောင်းထဲ ပြုတ်ကျသေသေ လှည့်မကြည့်တဲ့ မိဘရှိသလား .. မင်းဘာသာ ရန်ဖြစ်ပြီး ဘယ်ကောင်သတ်သတ် ငါ့ဆီပြေးလာမပြောနဲ့လို့ရော မင်းကို ငါ ပြောခဲ့ဖူးလား .."

ကွန် မော့ကြည့်လိုက်တော့ ဦးမင်းနိုင် မျက်နှာကြီးက ချုံးမွဲချင့်တော့မတတ် နီရဲညိုမှောင်နေခဲ့၏။

"မင်းက ဖအေကို အရှုံ့တိုက်နေတာလား ကွန် .."

"ဖေဖေရာ .."

"မင်းမကြိုက်တဲ့မိန်းမနဲ့ စေ့စပ်ဖို့တိုက်တွန်းခဲ့တာ ငါမှားသွားတယ်၊ ဒါပေမယ့် မင်းကို .."

"မဆိုင်ပါဘူး ဖေဖေရာ .. ဆူတာပူတာတွေမကြိုက်တာ ဟိုတုန်းတည်းကပဲ ဖေဖေသိရဲ့သားနဲ့ .."

"မင်းလည်း အသေခံပြီး မရှုံ့ခဲ့ဖူးဘူးလေ .."

"ကျွန်တော် ရန်ဖြစ်ခဲ့တာ အပြစ်ရှိတယ်ထင်နေလို့ပါ၊ ဘာဖြစ်လို့ ဖေဖေ့ကို ရှုံ့တယ်ထင်နေရတာလဲ .."

"မြင်နေတာပဲကွ .. မင်း ရန်ဖြစ်ရင်း အဲ့ဒီမှာပဲ လက်နက်တစ်ခုခုနဲ့ ပွဲချင်းပြီးသွားနိုင်တယ်လေ၊ ဟိုတုန်းကလို ပစ္စည်းကြီးဖို့၊ ငွေကြေတွေရှင်းဖို့ကိစ္စတွေနဲ့ ငါ ဒီတိုင်းခရီးထွက်သွားရင်ရော .. ဒီဒဏ်ရာတွေက အဖျားဝင်ပြီး မင်း သေမသွားနိုင်ဘူးလား .."

ကွန် ဘာမှတိုးမပြောတော့ဘဲ ခေါင်းငုံ့နေလိုက်ရတော့သည်။ မျက်လွှာချလိုက်တာနှင့် နှာခေါင်းတွေ မျက်ခွံတွေ ပူထူနေကာ ဒဏ်ရာမှ တိုးဆောင့်ကိုက်ခဲခြင်းတို့သည် တစ်ကိုယ်လုံးကနေ ခေါင်းတစ်ခုလုံးပွင့်ထွက်တော့မတတ် ..။

"ကုလား .."



"ဗျာ .. ကျွန်တော် ဒီမှာပါ ကယ်လေ .."

"ဒေါက်တာကျော်ဝင်း ကို ဖုန်းဆက်စမ်း .."

"ဟုတ်ကဲ့ ..."

ကုလား က အခန်းရှေ့မှာရှိနေတာမို့ ချက်ချင်းပြေးထွက်သွား၏။ ဦးမင်းနိုင် ကွန့် ကိုယ်ပေါ်က တီရှပ်အပါးလေးကိုကြည့်ပြီး ခုထိ မဝတ်ဖြစ်သေးသည့် ရှပ်အင်္ကျီလက်ရှည်ကိုကောက်ယူလိုက်သည်။

"အဲ့ဒီအင်္ကျီပါချွတ် .. ဒဏ်ရာတွေနဲ့ ဒါတွေဝတ်လို့မရဘူး .."

"ရတယ် ဖေဖေ .. တခြားနေရာမှာမရှိတော့ပါဘူး .."

ဟင်!...၊

ဦးမင်းနိုင် အဆင်ပြေသည့်အင်္ကျီတစ်ထည်လောက် ထုတ်ယူမလို့ လှည့်ထွက်သွားပြီးမှ ခြေလှမ်းတုံ့သွားသည်။

ပြီးတော့ ဖျတ်ခနဲပြန်ကြည့်၍ ...

"တခြားနေရာမှာမရှိတော့ပါဘူးဆိုတဲ့စကားက ရှိနေသေးတယ်လို့ ပြောလိုက်တာလား .."

"မဟုတ်ဘူး .. တကယ် မရှိတာ .."

"ဖယ်ပေး .. ငါ ကိုယ်တိုင် ချွတ်ပေးမယ် .."

"ရတယ် .. ဖေဖေ့ .."

လက်ကာရှောင်တိမ်းနေပေမယ့် ဦးမင်းနိုင် က သေချာကပ်ထိုင်ပြီး ဆွဲချွတ်ပေးလျှင် ..၊

"ကြည့်စမ်း .. မင်း .."

ခါးစပ်တွေ ကျောပြင်တွေမှာပါ ဓားသွားရာကြီးတွေလား တုတ်ချက်တွေလားမသိ ..၊

အရိုးရာအစင်းရာတွေနှင့် မြင်မကောင်းပေ ..၊

သွေးထွက်နေသည် ဒဏ်ရာတွေက နီရဲဖောင်းကြွနေကာ သွေးခထွက်သည့်နေရာတွေက သွေးခြည်ဥညိုပုပ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေဘယ်လိုရလာတာလဲ မင်းကို ဒီလောက်တောင် ဝိုင်းလုပ်လိုက်ကြတာလား ကွန် .. အဲ့ဒါ ဘယ်ကောင်တွေလဲ၊ ဘာရန်ငြိုးတွေနဲ့လဲ၊ မင်းနည်းနည်းမှ မတုံ့ပြန်နိုင်ခဲ့ဘူးလား .. ဘယ်လိုလုပ်ကြဲလိုက်ကြတာလဲ ပြောကောင် ပြောစမ်း .."

"ပြီးခဲ့ပြီ ဖေဖေရာ သုံးရက်တောင်ရှိပြီ၊ ပြီးတော့ ကျွန်တော် လွန်တာမို့လို့ သူတို့ .."

"ဒါဖြင့် ငါ လွန်တာပဲဆိုပြီး မင်းက သူတို့ခြေထောက်တွေရှေ့မှာ ကျောခင်းပေးခဲ့တာပေါ့၊ သူများက ကျောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ်ခတ်လိုက်တာကို မင်း .."

"မများပါဘူး ဖေဖေရာ .. အပေါ်ယံ ခိုက်မိတာတွေပါ၊ ပြီးတော့ ဖေဖေ ပြောသလို ဖြစ်တာလည်းမဟုတ်ပါဘူး .."

ဖေဖေ့ ဒေါသပုပန်မှုတွေ လျော့ကျအောင် ဘယ်လိုအဆင်ပြေအောင် ဖြေမလဲ ..၊

ကွန် အိပ်ရာထဲ လှဲချလိုက်ကာ မျက်နှာကတော့ အနည်းငယ်ရှုံ့မဲ့ဖြစ်သွားလျက် ..၊

"ကျွတ် .. ကျွတ် .."

ရှူးခနဲ အောင့်ခနဲနာကျင်သွားတာတွေကို အံကြိတ်ခံဖို့သတိမရလိုက်ပေ ..။ သို့သော် ...

"ကျွန်တော်က သူတို့ ပိုကာဆွဲနေကြတဲ့နေရာထိသွားပြီး စိန်ခေါ်ခဲ့တာ .."

"ဘာဖြစ်ထားခဲ့လို့လဲ .."

"နည်းနည်းငြိထားတာရှိလို့ပါ၊ ကျွန်တော့်တစ်ကိုယ်လုံး ကိုက်ခဲနေပြီ ဖေဖေ .. နောက်မှပဲ .."

ဒီ့ထက်လည်း ပိုမပြောချင်တော့တဲ့ရှိကာ မျက်လုံးတွေကိုမှိတ်ထားလိုက်မိသည်။ ထိုအခါ မြင်လွှာပိတ်သွားပေမယ့် ငါ့တစ်ကိုယ်လုံးက



ဒန်းဆေါက်လွင့်မျောနေသလို ရင်တွေပါတလှပ်လှပ်တုန်၏။

"အေး .. မင်း အဖျားတတ်နေပြီမှန်း အဖေ သိတယ်၊ ဒါပေမယ့် ဘာစ်ခုတော့ဖြေဦး၊ မင်း ဖြစ်တာ ညွှန်း ဆေးရုံရောက်တဲ့နေ့လား .."

ကွန် က အတန်ကြာမှ ခေါင်းညိတ်၏။

"မင်း အကြောင်းကြီးငယ်ရှိရင် ဒီအဖေကို မပြောလို့ ဘယ်သူ့ကိုသွားပြောမှာလဲ ကွန် .. ငါက သူများသားသမီးကို ဆေးရုံပြေးတင်ပေးနေတုန်းမှာ ကိုယ့်သားသမီးက တစ်နေရာမှာ မသေရုံတစ်မယ်ဖြစ်ပျက်နေတာကို ဘာမှမသိခဲ့ရဘူး .."

ဖေဖေ့အသံ ငိုသံပါနေတာကို သိနေသည်။ ပြီးတော့ လှုပ်ရှားမှုတစ်ခုခု၏ အသံဗလံတွေကြားနေပြီး မကြာမီ နဖူးပေါ်မှာ ရေအေးဖက်တင်ပေးလိုက်တာ ခံစားလိုက်ရ၏။

"သား .. ကွန် .. မင်း နေသာရဲ့လား .."

သူ ခေါင်းညိတ်ပြမိသည်၊ ဟုတ်ကယ်ပြမိတာလား၊ မပြမိလိုက်ဘူးလားဆိုတာ မသိ ..၊

"တော်ကြာ ဆရာဝန်လာတော့မှာကွ .. ဖေဖေ ပြောနေတာတွေ ကြားတယ်မို့လား၊ သတိလစ်သွားဦးမယ် မင်းနော် .."

သူ သိနေပါသည်။ မျက်လုံးတွေ မဖွင့်ချင်တာတစ်ခုမှလွဲ၍ ...

"မင်းကို ဖေဖေ ဆူတယ် အော်တယ်ဆိုတာ မုန်းလို့မှမဟုတ်တဲ့ကွ .. မင်းမို့လို့ကွာ .. မင်းဘာသာ တစ်နိုင်ငံလုံးမှာရှိသမျှလူတွေကို ခေါင်းလိုက်ဖြတ်နေရင်တောင် အဲ့လောက်ထိ ဆောင်းကျွန်းရမ်းကားနေတဲ့ကောင်လေးက ငါ့သားပဲ .. ကွန် ဆိုတဲ့ကောင်လေးက ဖေဖေ့သားပါ .."

ဖေဖေ ငိုနေပြီ ..၊

မဟုတ်ဘူး .. သူ ကယောင်ကတမ်းတွေကြား နေတာဖြစ်မယ်၊ ဆဲဆက ယောကျ်ားမျက်ရည်မြေမကျစတမ်းလို့ ငါ့ကို သက်မထောင်

www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ခဲ့တဲ့သူ ..။

"ယောက်ျားပဲကွ .. ဘယ်တော့မှ မျက်ရည်မကျနဲ့ .." လို့ မျက်ရည်ကျခြင်းကို ကဲ့ရဲ့ခဲ့သေးတာ ..၊

ပြီးတော့ အကြောင်းအရာတစ်ခုကို ဒီလိုနူးညံ့လွန်းတဲ့စကားတွေနဲ့ ဘယ်တုန်းကမှ ပြောပြစည်းရုံးခဲ့တာမရှိ ..။ လိတ်ပတ်လည်အောင် မပြောခဲ့တဲ့သူ ..၊

"သား .. ကွန် .."

သူ့ပါးကို အေးစက်နေတဲ့လက်ဖျားတို့နဲ့ ဖိကပ်၍ခေါ်သည်။ ပြီးတော့ ချက်ချင်း ..၊

"ဟော .. ကားသံကြားတယ်ကွ .. ဆရာဝန်လာပြီ .."

သူ တံတွေးမျိုချလို့မရတော့အောင် လည်ချောင်းတွေကျပ်ခဲနာကျင်နေပြီဖြစ်သည်။ အသက်ရှူတွေကျပ်လာရင်း သူ ခံစားနေရတာတွေကို ဖေဖေ့ကိုပြောပြဖို့ကြိုးစားရင်း ..၊

"သား .. ကွန် .. လူလေး၊ ဒေါက်တာ .. ကြွပါ ဒေါက်တာ .. သားကိုကြည့်ပေးပါဦး သူ့ကိုယ်မှာလည်း ဒဏ်ရာတွေရှိနေသေးတယ်၊ သူငယ်ချင်းတွေနဲ့ ရန်ဖြစ်ထားလို့ ဖအေကို မပြောဘဲနဲ့ ဆရာဝန်နဲ့လည်း ပြထားတဲ့ပုံမရှိဘူး .."

"ဒဏ်ရာတွေရင်းနေတာလား ဦးမင်းနိုင် .."

"ဟုတ်တယ် .. ကျွန်တော် ခုနကပဲသိတာ ဒေါက်တာ .. ကြည့်ပေးပါ၊ လိုအပ်တာ ဘာဖြစ်ဖြစ်ပြောပါ ဒေါက်တာ .."

ဒေါက်တာ ဦးကျော်ဝင်း က ခေါင်းညိတ်ပြီး လူနာကို စမ်းသပ်သည်။ ပြီးတော့ စိုးရိမ်နေသည့်မျက်နှာနှင့် ..၊

"ရန်ဖြစ်တဲ့ ဒဏ်ရာတွေဆိုတော့ ပြဿနာတော့ရှိတယ် ဦးမင်းနိုင် ဒါပေမယ့် သူ့ကို ဆေးရုံတင်ရလိမ့်မယ် .. လူနာက သတိလစ်နေပြီ.."

"ဟင်!..."



ဦးမင်းနိုင် မျက်နှာညှောင်ရှက်လေးလောက် ငယ်ကျသွားသလား ထင်ရ၏။ ပြီးတော့ ကမန်းကတန်းခေါင်းညိတ်၍ ..၊

"လုပ်ပါ .. ဆေးရုံတင်ပါ့မယ်၊ ကျွန်တော့်သားအတွက် လိုအပ်သမျှ အကုန်လုပ်ပါ့မယ် .."

ညွှန်း အိမ်ပြန်ရောက်သွားသည့်နေ့မှာပဲ ကွန့် ကို ဆေးရုံတင်လိုက်ရသည်။ ဒဏ်ရာတိုင်းက သိပ်မနက်ပေမယ့် ခါးစပ်နဲ့ လက်ဖျံက ဒဏ်ရာနှစ်ချက်ကြောင့် ကွန် နှစ်ဆယ့်လေးနာရီကျော်ကျော် သတိလစ်နေခဲ့၏။

"သူ သတိရနေပြီ အန်ကယ်လ် .."

"ဟော ..."

ဦးမင်းနိုင် ကော်ရစ်ဒါမှာရပ်ရင်း ရသမျှ ပရိတ်တော်တွေ သုတ်ဆွ အထပ်ထပ်ရွတ်နေမိသည်။ ဆန်းဒေး လာခေါ်တော့ ကမန်းကတန်း ပြေးဝင်ခဲ့၏။

မျက်တောင်ဖျားတို့ ခပ်စင်းစင်းနှင့် ဖြူဖျော့ချောင်ကျနေသည့် ကွန့် မျက်နှာကို မြင်လိုက်ရခြင်းသည် သီတာခုနစ်တန်နဲ့တောင် မနှိုင်းသာနိုင် ..၊

ကွန် သတိရရင်တော့ သောကဗျာပါဒမီးတွေ ငြိမ်းသေကာ နားတွေ မီးခိုးအူတော့မှာကို တွေးမိလိုက်ရင်း ဆန်းဒေး နဲ့ သာလွန် တို့ ကိုယ့်အနာဂတ်ကို ကြိုတွက်နေမိကြ၏။

"ဆန်းဒေး .."

"ဗျာ .. အန်ကယ်လ် .."

သတိရရင်တော့ ခဏပြန်လိုက်ဦးမယ်ဆိုပြီး အမြန်ပြန်လစ်ပေမယ့် ဦးမင်းနိုင် က လိုက်ပါလာခဲ့ပြီး ..၊

"ခဏနေကြပါဦး .. မင်းတို့ကို အန်ကယ်လ် ကျေးဇူးတင်စကား မပြောရသေးဘူး .."

"ဟာ .. အန်ကယ်လ်ကလည်း ကျွန်တော်တို့သူငယ်ချင်းပဲဟာ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ မလိုပါဘူး .. အခု ခဏပြန် ..”

“မင်းတို့သူငယ်ချင်းတွေ ဘာတွေဖြစ်လာတယ်ဆိုတာလည်း မင်းတို့ပဲ သိမှာမို့ပါ ..”

“အဲ့ ..”

“အဟဲ .. အဲ့ဒါ ..”

ဦးမင်းနိုင် က သူတို့နှစ်ယောက်ရဲ့မျက်နှာကို တစ်လှည့်စီကြည့်နေသဖြင့် မပြောလို့လည်း မပြီး ..၊

“သူပြောပြတဲ့ထဲမှာ အန်ကယ်လ် မသိစေချင်လို့ ချန်ထားခဲ့တာတွေ ရှိနေဦးမယ်ဆိုတာ သိတယ်၊ ကွန် ဆိုတဲ့ကလေးက သူ့အသားကိုကိုင်ရင် ဘယ်တုန်းကမှ ခေါင်းငုံ့ခဲ့တာမရှိဘူး၊ ငါ့သား သူများစော်ကားတာ မခံတတ်အောင် ပြဿနာရှိလာရင် ငါ ကိုယ်တိုင် သားရှေ့ကနေ ကာတ်ဆွဲမားဆွဲထွက်ခဲ့တဲ့အထိ ရမ်းကားခွင့်ပေးထားခဲ့တာ ..”

အတိတ်ကို ပြန်မြင်နေသည့် မျက်ဝန်းတို့နှင့် ဦးမင်းနိုင် က ရေရွတ်နေ၏။ ပြီးမှ နှုတ်ခမ်းခပ်ဖိဖိနှင့် မဲ့၍ ...

“ငါတို့သားအဖ ညီအစ်ကိုလိုနေလွန်းလို့ သားအဖလို ဗွာန်ကရိုဏ်းကျကျတောင် နေတတ်ပါဦးမလားလို့ သားရဲ့အမေက တွေးပူနေခဲ့တာ..”

ဦးမင်းနိုင် ပူလောင်သောကများနေခဲ့တဲ့ပုံကို ပြန်မြင်ယောင်ရင်း သာလှန် တို့ နားလည်သွားကြသည်။ ခက်သည်က ကွန် ပဲ ဖြစ်လေသည်။

ဒါကိုမပြောနဲ့ဆို နည်းနည်းလေးမှ ဟတာမကြိုက်၊ ‘ဒါတော့ ရှော်ပေး’ ဆိုလျှင် မဖြစ်နိုင်ဘူး မငြင်းလိုက်နဲ့၊ ကွန့် အကျင့်ကိုက ဒါဆိုမှ ဒါ ..။

“ပြောပြတာပါကွာ .. သားအမေ မရှိတော့တဲ့နောက်မှာတော့ အန်ကယ်လ် အများကြီး ဆင်ခြင်ထိန်းချုပ်ခဲ့ပါတယ်၊ သားကို မကြောက်တတ်အောင်ပဲ သင်ခဲ့တာ၊ မိုက်ရူးရဲ ရမ်းကားဖို့မဟုတ်ဘူး၊ ငါ့သားကလည်း ငါ ပုံဖော်ခဲ့တဲ့အတိုင်း ငါ့ရင်ခွင်ထဲမှာ လူလားမြောက်ခဲ့တဲ့သား



ပါ ..”

“ဟုတ်ပါတယ် အန်ကယ်လ် .. ကွန် က စိတ်ဆတ်ပေမယ့် ရိုင်းစိုင်းတဲ့လူမဟုတ်ပါဘူး၊ သူကစပြီး မိုက်ရိုင်းရမ်းကားခဲ့တာလည်းမရှိခဲ့ဘူး ..”

“ဒါပေမယ့် အခု ပြဿနာကို သူက စခဲ့တာလို့ပြောနေတယ်လေ..”

“အဲ့ဒါက ..”

“အန်ကယ်လ် သိတယ် .. တစ်ခုခုတော့လွဲတာရှိနေဦးမှာ၊ ဘယ်သူက စတာဖြစ်ဖြစ် ငါကစလို့ သူတို့လုပ်သမျှ ငြိမ်ခံလိုက်မယ်ဆိုတာမျိုး ငတုံးတွေတောင် စိတ်ကူးမှာမဟုတ်ဘူး၊ ဒီလောက် တစ်ကိုယ်လုံး ဒဏ်ရာတွေများနေတာက .. ကျွတ် ..”

ဦးမင်းနိုင် မျက်နှာကြီး နီမြန်းလာခဲ့လျက် ..၊

“အန်ကယ့်လ်ကို အဲဒါတစ်ခုပဲ ကူညီပါ၊ သူ့ကို ဘယ်သူတွေဝိုင်းလုပ်လိုက်တာလဲ ..”

ခေါင်းကို မိုးကြိုးပစ်စေသည့် မေးခွန်းက တိုက်ရိုက်ကျလာ၏။

“ဘာဖြစ်ကြတာလဲဆိုတာ ထားလိုက်ပါတော့၊ အဲဒီကာလေးတွေကို အန်ကယ်လ် သိပါရစေ ..”

“ကျွန် .. ကျွန်တော်တို့ တကယ်ကိုမသိတာပါ အန်ကယ်လ် ..”

“ဟုတ်ပါတယ် အန်ကယ်လ် .. အဲဒီနေ့က အစ်မညွန့် ကား အက်ဆီးဒန့်ဖြစ်သွားတဲ့နားက အလုပ်ရုံလေးမှာဆုံကြဖို့ ချိန်းခဲ့ကြတာ မှန်ပါတယ် .. သူရောက်မလာသေးခင် ကျွန်တော်တို့ ရောက်နှင့်နေကြတာပါ..”

“ဖြစ်သွားတာကို မသိလိုက်ရင်လည်း ဖြစ်ပြီးတော့ ဘယ်လိုဘယ် အကြောင်းဆိုတာ ..”

“အန်ကယ်လ်ရယ် .. ကွန့် အကြောင်းလည်း အန်ကယ်လ် သိသားနဲ့ သူ မပြောချင်ရင် ဘယ်လိုမေးမေးမပြောပါဘူး၊ အန်ကယ့်လ်ကို ပြန်ပြောဖို့လည်း သေချာကြီးကိုပိတ်ထားတာ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံဆေးခန်းပြဖို့တောင် မင်းတို့ မတိုက်တွန်းရဲတဲ့အထိ သူ့ကို ကြောက်ရတာလား .."

သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

"ဆေးခန်းပြပြီးပြီလို့ သူ ပြောခဲ့လို့ပါ၊ ဒဏ်ရာတွေ ဒီလောက်လည်း ကျွန်တော်တို့ မမြင်ရတော့ .."

"အင်း .."

ဦးမင်းနိုင် ဘာမှမတတ်နိုင်တော့ပါ။ အံတကြိတ်ကြိတ်ရှိနေဆဲပေမယ့် မေးလည်းထူးမှာမဟုတ်တာမို့ ထိုနေ့က မေးမြန်းခြင်းကို ဒီမှာပဲ တစ်စခန်းရပ်ခဲ့၏။

နောက်နေ့မှာ လေးယောက်ဆုံမိကြစဉ် ..၊

"သူတို့ကြောင့်ချည်းပဲ ဒီဒဏ်ရာတွေရခဲ့တာမဟုတ်ပါဘူး၊ ကစားဝိုင်းကို ရဲလာဖမ်းလို့ အားလုံးပြေးကြရင်းနဲ့ ခွေးတိုးဝက်ဝင်ရခဲ့တာတွေပါ .."

ကျေနပ်လက်ခံနိုင်ဖွယ် ကွန် က ရှင်းပြခဲ့ပေမယ့် ..၊

"ခွေးတိုးဝက်ဝင်ပဲ ပြေးရပါစေဦးကွာ .. ခွေးတိုးပေါက်က မဆန့်မပြလေးဘက်ထောက်ထွက်ရင်တောင် မင်းလောက် ဒဏ်ရာများမှာမဟုတ်ပါဘူး၊ နေပါဦး ဘယ်လို လျှိုမြောင်ချိုင့်ဝှမ်းက ပြေးရတာမို့လို့လဲ .. အဲ့ဒီနေရာပြောစမ်းပါ .."

ဟု မေးခဲ့သေးသည်။

တကယ် .. မလွယ် ..၊



## အခန်း (၁၉)

"ရပါတယ် ဝသန် ရယ် .. ငါ အခု ကောင်းနေပြီပဲ၊ နင့်ကို တမင်မပြောဘဲနေတာကိုက မင်္ဂလာကိစ္စနဲ့ နင် အလုပ်ရှုပ်နေမယ်မှန်း သိလို့လေ .."

"ဖြစ်ရလေ ညွန်း ရယ် .. နောက်ဆို [illegible]လိုမတွေးစမ်းပါနဲ့၊ သက်ရှိသတ္တဝါတိုင်းက သေမျိုးချည်းပဲဟာ၊ ငါက နိမိတ်မရှိတဲ့စကားပြောတာမဟုတ်ဘူး၊ ငါတို့တွေ တွေ့ကြတဲ့အချိန်နာရီတိုင်းက နောက်ဆုံးဖြစ်သွားနိုင်တယ် သိရဲ့လား .."

"အဲဒီတော့လည်း ပျော်ရွှင်ခြင်းနဲ့ လမ်းခွဲကြတဲ့သဘောပေါ့ဟယ်၊ ငါကတော့ ငါ ချစ်ခင်တဲ့ လူ့ရဲ့ လက်ပေါ်မှာ မသေချင်ဘူး .."

"ဖြစ်ရလေ .."

"ကျန်ခဲ့တဲ့လူကို သောကများပြီးကျန်ခဲ့တာ မဖြစ်စေချင်လို့ပါ၊ ငါ့စိတ်ကိုလည်း ဘယ်သူ့အတွက်မှ နောက်ဆံတင်းမခံစားချင်ဘူး၊ ဒါပေမယ့် အခု ဖြစ်သွားတာကတော့ ဘာမှရည်ရွယ်ရပ်သိမ်းချိန်မရလိုက်တာ တကယ်ပါ၊ ငါ့ကိုယ်မှာ ဒဏ်ရာမရပေမယ့် ခေါင်းမှာသည်းထိတော့ထိပေမယ့် နည်းနည်းပဲလေ၊ တစ်ကိုယ်လုံးကတော့ ဟိုင်ရိုက်ခံထားရသလိုပဲ .."

"ခြုံငုံကြည့်လိုက်တော့ ဘာမှမှမဖြစ်တာဆိုပြီးတော့ နေခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ..”

“ဟုတ်တာပဲလေ .. နင် မအားတာကိုလည်း သိနေသားနဲ့ ဘာလုပ်ရမှာလဲ၊ ကဲပါ ဝသန် ရယ် .. ဖုန်းထဲမှာငိုလို့ပဲနော် .. မျက်နှာချင်းဆိုင်နေကြရင် ငါ့လက်မောင်းတွေ ဘယ်လောက်တောင်စုတ်ပြတ်အောင် ရိုက်မလဲမသိဘူး ..”

“ငါ မရိုက်ရဘဲနဲ့ နာနေပြီးသားကို ဘယ်နေရာရိုက်ဖို့ကျန်သေးလို့လဲ ..”

“အခု တော်တော်သက်သာနေပါပြီ၊ ငါ နေမကောင်းတာ သိသိချင်းမှာပဲ ခရီးသွားရတော့မှာဆိုပြီးလည်း စိတ်မကောင်းဖြစ်မနေနဲ့ နင့်သူငယ်ချင်းအသက်နဲ့ အဝေးကြီးပဲ ..”

“ညွန်း ..”

“ပြော ..”

“နင် ကွန့် ဆီကို လှနာသွားမေးသေးလား .. အဲလေ .. နင်လည်း လူနာဖြစ်နေတာကို ဒါပေမယ့် သူက အခြေအနေတော်တော်ဆိုးတယ်ဆိုတော့ ဖုန်းဖြစ်ဖြစ်ဆက်သင့်တယ် ..”

“ဘာလုပ်ဖို့မှမလိုဘူး .. အန်ကယ်လ် ဦးမင်းနိုင် က နားလည်ပြီးသားပါ ..”

“ဒါပေမယ့် ညွန်း ရယ် .. ငါပြောတာလည်း အန်ကယ်လ် ဦးမင်းနိုင် မျက်နှာကြောင့်ပါပဲ၊ သာရေးက အကြောင်းမဟုတ်ဘူးလေ .. နာရေးဆိုတာ ..”

“သေသွားတာမှမဟုတ်တာဟာ .. ငါ့အသက်ကို ကယ်ခဲ့တဲ့ ဆန်းဒေးတို့နှစ်ယောက်ကိုတောင် ဆေးရုံမှာ ငါသတိရမှ နှစ်ခါပဲတွေ့လိုက်တယ်၊ နောက် မတွေ့တော့ဘူး ..”

“ကျေးဇူးတင်ပါတယ် ပြောလိုက်သေးလား ..”

“ပြောမိတယ်ထင်ပါတယ် ..”



“ဟယ် ...”

“ငါ တကယ်ကျေးဇူးတင်ခဲ့တာပါ၊ ပြောလိုက်တာ မပြောလိုက်တာကတော့ သူတို့ကို အန်ကယ်လ်ကပဲ စကားတွေပြောနေတော့ ငါပြောတာ သေချာကြားချင်မှကြားမှာပေါ့ ..”

“ညွန်း ရယ် .. သူတို့နောက်ကျရင် နင် ရေနစ်ပြီးသေသွားနိုင်တာနော် ..”

“တခြားလူတွေလည်း ရှိကြပါသေးတယ်၊ ငါ သူတို့လူစုနဲ့ ဘာအကြောင်းနဲ့မှ မပတ်သက်ချင်ဘူး ..”

“ဒါက မဆိုင်ဘူးလေ .. ညွန်း ..”

“မသိဘူး ..”

“မသိလို့မရဘူး .. လူတွေပြေးလာကယ်ကြပေမယ့်တောင် နင့်ကို မသေခင်ဆွဲထုတ်နိုင်ကြမှာမဟုတ်ဘူး၊ နင့်ကားနောက် သူတို့အမီလိုက်လာလို့ နင် အသက်ရှင်တာ ..”

“ဟုတ်ပါတယ် .. ငါ့အသက်သခင်ကျေးဇူးရှင်တွေပါ ..”

“သိသေးတယ် ..”

“သိပါတယ်ဆိုမှ .. ဒါပေမယ့် ..”

“ဒါပေမယ့်မနေနဲ့ နောက် လမ်းမှာဆုံဖြစ်ကြရင် ကွန့် သူငယ်ချင်းတွေဆိုတဲ့အမြင်နဲ့ မှန်ကုတ်ကုတ်ခပ်ကြောကြောမနေနဲ့တော့ ..”

“ကျေးဇူးတရားဆိုတာ ဘယ်တော့မှမမေ့ဖို့ပဲ ဝသန် .. ကျေးဇူးကန်းတဲ့အပြောအဆိုအပြုအမူမျိုးလည်း ငါ မလုပ်ဘူး၊ ဒါပေမယ့် ကျေးဇူးကြောင့် နေရာတိုင်းမှာ ဖော်ရွေပျူငှာဖို့တော့ ဆောရီးပဲ ..”

ဝသန့် ထံမှ အသံခဏတိတ်သွားခဲ့၏။

“အေးပါ နင်ပြောတာကို ငါ နားလည်ပါတယ်၊ ဒါပေမယ့်ဟာ နင်တို့နှစ်ယောက်စလုံးပြိုင်တူကြီး ဒီလိုဖြစ်ခဲ့ကြတယ်၊ ငါက ဆရာဝန်တစ်ယောက်ဖြစ်နေသားနဲ့ နင်တို့ကို ..”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲဟာ .. လျှောက်တွေးပြီး စိတ်ဆင်းရဲခံနေတယ်၊ နင် ဆရာဝန်ဖြစ်တာနဲ့ပဲ ရောဂါဖြစ်လာသမျှ လူအားလုံးကို နင့်ချည်းပဲ ကုနေနိုင်မလား၊ ငါ့ကိုလည်း တခြားလူတွေက ဆေးရုံကိုခေါ်လာပေးကြတယ်၊ သူ့ကိုလည်း .."

ပြောနေရင်း စကားထဲထည့်ပြောမနေချင်တော့တာမို့ ရှေ့မဆက်ဖြစ်ဘဲ ရပ်သွားခဲ့၏။

"သူ့ကို ဘယ်ဆေးရုံမှ မတင်ဘဲနဲ့ ဒဏ်ရာတွေ ရှန်းကြွသတိလစ်ကာမှ ဆေးရုံရောက်လာတာတဲ့ .."

"ဟုတ်လား .."

"ငါက အဲဒီဆေးရုံက ခွဲစိတ်အထူးကုဆရာဝန်ကြီးနဲ့ အရမ်းရင်းနှီးတာလေ၊ အဲဒီဆရာဝန်ကြီးကလည်း အန်ကယ်လ် ဦးမင်းနိုင် ကို သိတယ်၊ သူတို့ကလည်း ပကာသနဂုဏ်သိပ်မရှိပေမယ့် ပညာတတ်အသိုင်းအဝိုင်းမိတ်ဆွေတွေတော့ တောင့်တယ်ဟ .. ဆရာဝန်တွေ တော်တော်များများ သူတို့ကိုသိတယ် .."

"သိတာပေါ့ အန်ကယ့်လ်ဇနီးက ကျန်းမာရေးမှူးလေ .."

"ဟုတ်လား .."

"သူ ရာထူးတက်ကာမှ ဆုံးသွားတာ၊ အန်ကယ်လ်ကလည်း ပညာတတ်ပါပဲ၊ ဒါပေမယ့် စီးပွားရေးသမားပေါ့ .. သားကျမှ ဘယ်ဘက်ကမှ သုံးစားမရဖြစ်နေတာ .."

"ရုပ်ရည်ရှုပါကတော့ အဖက်ဖက်မှာ သုံးစားရနိုင်တဲ့အဆင့်ရှိတယ်ဟ .. သင်တန်းတက်နေကြတဲ့ ငါ့ညီမဝမ်းကွဲတွေက နင်တို့ရဲ့ ဇေ့စပ်သတင်းတွေဖတ်ပြီး ငါ့ကို မေးလိုက်ကြတာများဟယ် .."

"ဟွန်း ..."

"တကယ်ပြောတာ သူ့အကြောင်းတွေ ပြောလိုက်တာလည်း မကြားချင်မှအဆုံးပဲ၊ သူတို့က နင့်ကို ကွန် က ချစ်လို့ဇေ့စပ်လိုက်တာထင်ပြီး



အားကျနေကြတာ .."

ဝဿန် က မျက်နှာချင်းဆိုင်ရှိနေလျှင် ဟားတိုက်ရယ်လိုက်ချင်သေးသည်။

"အေးပေါ့ .. ဓာတ်ပုံတွေကလည်း ထင်ချင်စရာကို .."

"နင်ကရွဲ့ပြောတာလား .. ငါ မြင်တဲ့အတိုင်းပြောရရင် ပုံထဲမှာတော့ သူ့အပြုံးအရယ် ထိတာကိုင်တာတွေက .."

"ဝဿန် .."

"ပြောချင်တာက အဲဒါတွေမဟုတ်ပါဘူးဟယ် .. လူတွေထင်စရာဖြစ်အောင် ရွှံ့နိုင်စောင်းနိုင်လွန်းတာကိုပြောမလို့ပါ၊ ငါက နင့်တို့အကြောင်းအိမ်မှာ နည်းနည်းပြောပြတော့ ဘာပြောကြလဲသိလား၊ ယောကျ်ားလေးတွေက မချစ်ဘဲနဲ့တော့ ဒီလောက်သရုပ်ပါအောင်ဟန်မဆောင်နိုင်ကြပါကြပါဘူး၊ ဟန်ဆောင်နေရင်လည်း မပိရိဘူးတဲ့ .."

"ဘာလဲ .. ဘာပြောချင်တာလဲ .."

"သူတို့ကတော့ ဒီလူ နင့်သူငယ်ချင်းကို .."

"တော်စမ်းပါ .."

"ဪ .. သူမေးလို့လည်း ပြောရသေးတယ် .."

"မဟုတ်ဘူး .. ငါစိတ်တိုနေတာ၊ အဲဒီသတင်းကို အားလုံးသိကုန်အောင်လုပ်ပစ်ပြီး ဘာညစ်ပတ်မှန်းမသိဘူး .."

"ဇေ့စပ်ပြီးရင် လက်ထပ်ကြမှာပဲဟာ .. ခုသိသိ နောက်မှသိသိ ဘာထူးလို့လဲ .."

"ထူးတယ် ဝဿန် .. ဇေ့စပ်ထားတိုင်း ညားကြလို့လား .."

"နင်ကရော လက်ထပ်ချင်မှ ဖြစ်တာဆိုတဲ့စိတ်မျိုးနဲ့ ဇေ့စပ်ခဲ့တာလား .."

"အစကတော့ မဟုတ်ဘူးလေ .."

"ခု ဟုတ်တယ်ပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဟုတ် မဟုတ်ဟုတ် သူ့ဘက်ကဖြစ်ဖြစ် ငါ့ဘက်ကဖြစ်ဖြစ် ပြောင်းလဲဖို့တွေအများကြီးရှိလာနိုင်တာပဲ၊ အထူးသဖြင့် သူ့လိုရုပ်ချော နေတဲ့လူကို ယုံစားလို့ရမလား၊ သူ့လိုလူကိုရော ငါက လက်ထပ်ဖို့အတွက် ချည်တိုင်နားကနေ ငုတ်တုတ်ထိုင်စောင့်နေရမှာလား .."

"အင်း ..."

"ဘာ 'အင်း' တာလဲ .."

"ချည်တိုင်ဆိုလို့ပါဟယ် .."

"ဘယ်လို .."

"ငါ့အစ်ကိုက ပြောတာရှိသေးတယ် ကွန့် ကို သိတယ်တဲ့၊ ဒီကောင်က မော်ဒယ်လ်တွေထက်တောင် လူကြိုက်များသေးတယ်တဲ့၊ ကိုချစ် ပြောပုံဆိုရင် ယောကျ်ားချင်းမို့အတင်းပြောသလိုဖြစ်မှာစိုးတယ် ဆိုတော့ သူတော်တော် ပွေတာသေချာတယ်၊ ဒီလိုကောင်မျိုးက ချည်တိုင် နား ဘယ်တော့မှ လာမှာမဟုတ်ဘူးတဲ့ .."

"ဖြစ်နိုင်တာပဲဟာ .."

"သူတို့ကို ချည်တုပ်လွှမ်းမိုးခံမှာမဟုတ်ဘူးတဲ့ သူတို့တကယ်ချစ် တာနဲ့ဆိုရင်တော့ မပြောနိုင်ဘူးတဲ့၊ ပြောသမျှကြားသမျှတွေကတော့ သိပ်မကောင်းဘူး၊ ဒါပေမယ့် အဓိပ္ပာယ်တွေကတော့ သူ နှင့်ကိုချစ်နေ လားမသိဘူးလို့ တွေးစရာတွေနော် .."

"တော်ပြီ ဝဿန် .. ငါ အလုပ်ရှိသေးလို့ .. ဒါပဲ .."

"အေးပါ .. မပြောစေချင်ရင်မပြောတော့ပါဘူး၊ နေမကောင်းနဲ့ အလုပ်တွေတော့လုပ်မနေပါနဲ့ .."

"မလုပ်လို့မရဘူး .. ငါ့မှာရှင်းရမယ့် ပြဿနာတွေရှိသေးတာ နှင် သိရဲ့သားနဲ့ .."

"သိတယ် .. နှင့်အတွက်လည်း ငါ စိတ်ပူတယ် ညွှန်း ရယ်၊ နှင် အန်ကယ့်လ် သားနဲ့ စေ့စပ်ဖို့ကိစ္စကိုယ်တိုင်ပြောမယ်ဆိုတော့ မသင့်



တော်ဘူးဆိုတာသိပေမယ့်၊ ငါ မရမကမတားခဲ့ဘူး ဘာဖြစ်လို့လဲဆို တော့ နှင့်အတွက် တိုးတိုးဖော် ရဲဘော်ရဲဘက် ဘယ်လိုဖြစ်ဖြစ်၊ ကိုယ် နဲ့ ကျော်ချင်းကပ်ပြီး ဘဝကိုအတူရင်ဆိုင်မယ့် အိမ်ထောင်ဘက်တော့ လိုတာပဲဆိုပြီးတော့လေ .."

"ဟုတ်တယ် နှင်အထပ်ထပ် သတိပေးတဲ့ကြားက အန်ကယ့်လ် တစ်မျက်နှာတည်းကြည့်ပြီး ငါ လုပ်ချင်ရာလုပ်ပစ်လိုက်မိတာ၊ မရှက် တမ်းဝန်ခံရရင် လက်ထပ်ကြမယ်ဆိုတာထိ အခိုင်အမာတွေးခဲ့တာမျိုး မရှိဘူး၊ ငါ့အလုပ်နဲ့ ငါ့ကို တိုက်ခိုက်ချင်တဲ့လူတွေ အံ့သြမှင်တက်မိကုန် တာမျိုးဖြစ်စေချင်တာ .."

"ခက်တာပေါ့ ညွှန်း ရယ် .."

"သူတို့ကို ဂရုစိုက်လွန်းလို့မဟုတ်ပေမယ့် ငါ့ရဲ့မသိစိတ်က ငါ့ စီးပွားပျက်မှာကို ကြောက်နေခဲ့တာပဲ၊ မမြင်ကွယ်ရာကနေ ကြံစည်တာ ကို အရမ်းမုန်းတယ်၊ သူတို့ကြံစည်လို့ အငိုက်မိသွားခဲ့ရင် ငါ့စီးပွားပျက် မယ်၊ လူကို တော့ဂတ်ထားတာဆိုရင်လည်း ငါ့ဘဝပျက်မှာလေ .."

"ဒါပေမယ့် တောမီးလောင်တာကိုသတ်ဖို့ တုတ်ပြေးဆွဲသလိုပဲ ညွှန်း .. နှင် လုပ်လိုက်တာ .."

"ဟုတ်တယ်ဆိုမှ တလွဲဖြစ်သွားပြီဆိုတာသိတယ်၊ ဒါပေမယ့် အန်ကယ့်လ်ကိုပါ ယုံကြည်ခဲ့တာတော့မမှားပါဘူး၊ သူနဲ့ ငါ စေ့စပ်တာ ဖျက်သိမ်းလိုက်ရင်လည်း အန်ကယ့်လ်ကို ငါ ယုံကြည်လို့ရတယ် .."

"သတိတော့ထားပေါ့ဟာ .. နှင့်အတွက် သူ တတ်နိုင်သမျှ မားမား မတ်မတ်ရပ်တည်ကူညီမယ့်သူဆိုတာ ဖြစ်နိုင်ပါတယ်၊ အခု သူမ ကူညီ နိုင်တာလည်းရှိတယ်ဆိုတာတော့ မမေ့သင့်ဘူးနော် .. အိမ်ထောင်ရေး ဆိုတာ နှစ်ဖက်မိဘက စီမံညွှန်ကြားရုံပဲ တတ်နိုင်တာ ပေါင်းရမှာက လူငယ်ချင်းလေ .."

"ငါကလည်း သူ့သားကို လက်ထပ်ဖို့ပြောပေးပါ၊ နားပူချင်တာ

www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်ဘဲ အခု ငါလိုချင်တာရတယ်လေ၊ အဆောက်အဦးကိစ္စအဆင်ပြေပြီဆိုတော့ ကျန်တာက အရေးကြီးမှမဟုတ်တော့တာ .."

"ဟင် .. ဘယ်လို .."

"ဘာပဲဖြစ်ဖြစ် ဖေဖေတို့သူငယ်ချင်းကောင်းတစ်ယောက်နဲ့ ငါ ပြန်ဆက်သွယ်နိုင်ခဲ့တယ်၊ ပတ်သက်မှုတစ်ခုလည်းရှိနေပြီးပြီ .."

"ငါပြောတာ နားထောင်ဦး ညွန်း .."

"ပြော .."

"အန်ကယ်လ် ဦးမင်းနိုင် ကလည်း ကွန့် ကို မွေးခဲ့တဲ့အဖေပဲနော်.."

"အဲဒါ ဘာဖြစ်လဲ .."

"သားအဖက ညီအစ်ကိုလိုပဲ ဈေးစပ်ပွဲမှာတောင် ကြားလိုက်သေးတယ်၊ သူ့ကို လူငယ်တစ်ချို့က ကယ်လ်လေး လို့ ခေါ်ကြတာ .."

"ဘာပြောချင်တာလဲဟာ .. ပြောစမ်းပါ .."

"နင်က စကားပြောရင် တုတ်ထိုးအိုးပေါက်ကြီး၊ ကွန် က ရှဲ့တတ်တယ်၊ နင် ငါ့ကို ပြောတဲ့စကားမျိုးတွေ သူ့ရှေ့မှာပြောမိရင် နင့်ကို သူ့အဖေနဲ့ ပေးစားလိမ့်မယ် .."

"အဟွန်း .. ဟွန်း .."

"ဘာရယ်တာလဲ .."

"နင်ပြောတာ နောက်ကျနေသေးတယ် .."

"ဟင် ..."

"ကွန့် ကို ဒီလောက်တောင် လျှော့တွက်ရသလား ဝဿန် ရယ်၊ သူ့လောက်မိုက်ရိုင်းဖို့ ဝန်မလေးတာ သူပဲ .."

"နင် အဲဒါ ငါးချက်ဆယ်ချက်လောက် ရိုက်ပေးလိုက်ပါလား.."

"ငါ မရိုက်ပါဘူး၊ အဲ့ဒီစကား သူ့အဖေကြားသွားဖို့ပဲလိုတာ၊ သူပြောတာကို ငါ စိတ်တိုရင် ပြန်ဖြေရှင်းစရာစကားမှမရှိတာ၊ ငါ့အတွက်လိုအပ်တာလည်း အုပ်ထိန်းသူမိဘမျိုး လူကြီးတစ်ယောက်လေ၊ ယောကျ်ားမဟုတ်ဘဲ .."

"ဖြစ်ရတယ် .."

"အုပ်ထိန်းသူအလိုရှိပါတယ်လို့ အင်တာနက်က ခေါ်လို့လည်းမရဘူး၊ လမ်းမထွက်အော်လို့လည်းမဖြစ်နိုင်တော့၊ ငါတတ်နိုင်တဲ့နည်းလမ်းနဲ့ ငါရှာတာ .."

"ညွန်း ရယ် .."

"အန်ကယ့်လ်ကို ဖေဖေနဲ့ မေမေ ဘယ်လောက်ယုံကြည်ချစ်ခင်ခဲ့ကြသလဲ သေချာသိလိုက်ရတဲ့နောက်မှာ ငါ အနီးစပ်ဆုံးတိုင်ပင်သင့်တဲ့လူကြီးတစ်ယောက်က အန်ကယ်လ်ဦးမင်းနိုင် ပဲဆိုတာ သိလိုက်တယ်၊ ခေါ်လေးခွေ နဲ့ တိုင်ပင်တော့လည်း မကန့်ကွက်ဘူး၊ 'အစ်ကိုမိုးနိုင်' ဆိုရင်တော့ ခေါ်လေးလည်း စိတ်ချပါတယ်တဲ့၊ သူ့ကို ဘယ်မှာသွားဆွဲတာလဲတဲ့ .."

သူမ မန္တလေးသွားတုန်းက ပြောဖြစ်ခဲ့တာတွေပါ ပြန်ပြောပြမိသည်။

"အားလုံးက အရင်အတိုင်း နေသားတကျရှိနေသေးတာကိုး၊ ဒါဆမယ့် ငါ ခုနပြောသလိုပေါ့၊ နင် လိုချင်တာတွေပဲ ရဲဝံ့စွာကြေညာမနေနဲ့ ညွန်း ...၊ နင့်စိတ်ကို ဘယ်သူကမှနားမလည်ဘဲ နားလည်သလိုဆွေးကြမှာပဲ၊ ငါ နင့်ကို အိမ်ထောင်ဘက်ကောင်းနဲ့ အဆင်ပြေစေချင်တာဟာ .. အဲဒီလူက ကွန် လိုလူဖြစ်နေတာဆိုးတယ် .."

ကိုယ် ဘယ်လိုလူနဲ့ တွေ့နေသည်ဆိုတာ သူမ မသိဘဲနေမလား...၊ ဒါဆမယ့် သူမ ခြေလှမ်းကျူးခဲ့ပြီးပြီမို့ နောက်ထပ်လှမ်းမည့်ခြေလှမ်းကို ကျော်ချထားလို့မရတော့ပေ ...။

မလိုသူတွေပြောကြပါစေ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဒေါ်စံရတီညွှန်း .."

စားပွဲရှေ့ထိ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသဖြင့် အသံကြား လိုက်တာနဲ့ ဖျတ်ခနဲမော့ကြည့်လိုက်မိသည်။

မီးခိုးရောင်နဲ့ နက်ပြာရောင်ရင့်ရင့် ကန့်လန့်စင်းပါသော ဘီရှပ် လက်ရှည်နှင့် စတိုင်လ် ဘောင်းဘီရှည်နက်ပြာရောင်က ပြောင်နေသည်။

မျက်နှာကသိသာစွာ ချောင်ကျသွားပေမယ့် ထူနက်သည့် မျက်ခုံး တန်းတို့ ပို၍ပေါ်လွင်လာသလို နှာတံက သိသာထင်ရှားသည့်အစိတ် အပိုင်းတစ်ခုလို ဖြစ်လာသည်။

မျက်လုံးတွေက ပို၍စူးရဲလာပြီး နှုတ်ခမ်းသားတွေလည်း ပြန်လည် နီမြန်းနေပြီဖြစ်၏။ ကွန့် တစ်ကိုယ်လုံး ဒဏ်ရာများစွာရခဲ့သည်လို့ သူမ သိထားမိခဲ့သည်။

မြင်ရတော့လည်း ကြွင်းကျန်ရစ်သည့် ဒဏ်ရာဒဏ်ချက် သူ့ကိုယ် ပေါ်မှာ အဖုအပိန့်လေးတောင် မမြင်ပါလား ..။

"ထိုင်ပါပြောဖို့မေ့နေတာလား .."

ပြောလိုက်ရင်း ကိုယ့်ဘာသာဝင်ထိုင်လိုက်သည်။ ထိုအခါမှ ညွှန်း



မျက်နှာမသိမသာတည်သွားခဲ့ပြီး ..၊

"ဘာကိစ္စရှိလို့လဲ .."

"သတင်းလာမေးတာ .."

"ဘာသတင်းလဲ .."

"ခင်ဗျား ဆေးရုံတက်လိုက်ရတယ်ဆို .. အဲ့ဒီနေ့ကပဲ ကျွန်တော် ..ည်း လူနာဖြစ်သွားတော့ ခင်ဗျားကို သတင်းလာမမေးလိုက်ရလို့ .."

"မလိုပါဘူး .. ငါ့သူငယ်ချင်းအရင်းကြီးကိုတောင် အသိမပေး ..တာ .."

"ကျွန်တော်က ခင်ဗျားနဲ့ စေ့စပ်ထားတဲ့လူ .."

အကြည့်ချင်းဆုံသွား၏။ ပြီးတော့ မျက်နှာပြန်လွှဲကာ တင်ထား ..ည့် ဖိုင်အထပ်လိုက်ကို ဆွဲချယူရင်း ..၊

"နောက်ဆို ငါ့ရုံးခန်းထဲမဝင်ခင် မက်ဆေ့ချ်အရင်ပို့နိုင်းပါ .."

"ကျွန်တော့်ကို မြင်လိုက်တာနဲ့ သူတို့ပဲ ဝင်သွားပါလို့ပြောတာ.."

ညွှန်း မျက်နှာပျက်သွားတော့ ကွန့် က စားပွဲပေါ်မှာ လက်နှစ်ဖက် ..င်လိုက်ပြီး ..၊

"အပြင်ကလူတွေကို သွားဆူမနေနဲ့နော် .. သူတို့က မဝင်ခိုင်း ..ည်း ကျွန်တော်က ခင်ဗျားခွင့်ပြုချက်ပြေးယူပြီး ပြန်ဖြေမှာကို စောင့် ..မှာမဟုတ်ဘူး .."

စိတ်တိုသွားပေမယ့် စိတ်ရှိတိုင်းမပြောမိအောင် ထိန်းလိုက်ရသည်။

"ငါဆေးရုံက ဆင်းလာတာ ဆယ့်သုံးရက်ရှိပြီ .."

"ကျွန်တော်က တစ်ပတ်ပဲရှိသေးတာ .."

"အဲ့ဒီတော့ မင်းကို လူနာမေးစေချင်တာလား .."

"ခင်ဗျားလိုပဲထင်တယ် .. ခင်ဗျား သတိရလာတော့ ကျွန်တော့် ..် ..မှာမိသေးလား .."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း မျက်နှာကို ရေနွေးနဲ့အပက်ခံလိုက်ရသလို ဖျန်းခနဲပူရှိန်းသွားသည်။ သို့သော် သူမ ကိုယ့်စိတ်ကို လိပ်ပြာသန့်ဖို့ပြန်ဆန်းစစ်မိသည်။

သတိရရချင်းရှာမိတာမှ မဟုတ်ဘဲ၊ ဆန်းအေး တို့ကို မြင်လိုက်လို့ သူရှိနေလားလို့ကြည့်မိတာ ..၊

"ဘယ်လိုလဲ .. ကျွန်တော်ရှိမနေလို့ မသိတတ်လိုက်တာဆိုပြီး တင်းသွားတယ်မို့လား .."

"ငါ့တော့မှာ ကျွန်တော် ကျွန်မ ဘယ်သူရှိနေနေ မနေနေ သိတတ်လို့ပဲလာလာ သိတတ်တယ်ထင်ရအောင် လာတာဖြစ်ဖြစ် ငါ့အတွက် ဘာမှမထူးခြားဘူး၊ လူတစ်ယောက်ပိုရင် ဧည့်ထောက်ခံစကားပြောရတာ တစ်ယောက်ပိုတယ် .."

"ယုံပါတယ် .."

"ငါ့လက်ထဲကထွက်မယ့် ငွေနဲ့ ငါ ပြန်ရမယ့်အမြတ်အစွန်းက လွဲရင် လူမှုရေးတွေပြောရတာကို စိတ်ရှုပ်တယ် .."

"ဒါဆို လူမှုရေးတွေမပြောတော့ဘဲ ကျွန်တော်တို့ ကျန်းမာရေး အတွက် ကန်ပေါင်မှာ လမ်းသွားလျှောက်မယ် .."

"ဘာပြောတယ် .."

ညွန်း မျက်နှာတင်းမာသွားတော့ သူက စိုက်ကြည့်သည်။

"ဘာဖြစ်သွားတာလဲ .."

"မင်းက ဘာမို့လို့ ဒီလိုတောင်းဆိုရဲတာလဲ .."

"ကျွန်တော်က တောင်းဆိုခွင့်မရှိရလောက်အောင် ခင်ဗျားကရော ဘာမို့လို့လဲ .."

"မင်းနဲ့ ဘယ်တော့မှ အဆင်ပြေပြေပြောဆိုဖြစ်မှာမဟုတ်တဲ့ မိန်းမပဲ"

"ကျွန်တော်ကလည်း အဆင်ပြေဖို့ကြိုးစားနေတာမဟုတ်ပါဘူး ဒါပေမယ့် ကျွန်တော့်မှာ တောင်းဆိုခွင့်ရှိတယ်၊ ကျွန်တော် ရသင့်ရထိုက်



ဘာမှန်သမျှ ရအောင်ယူမယ် .. အိုခေ .."

"မင်း အိုခေနေအောင်ပဲ ကြိုးစားစမ်းပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဆီက မင်း ဘာမှရမှာမဟုတ်လို့ပဲ .."

ကွန် က ခပ်မဲ့မဲ့ပြုံးသည်။ ပြီးတော့ ခေါင်းညိတ်၍ ..၊

"အင်း .. ကြိုးတုပ်ခေါ်သွားလို့လည်းမရတော့ ကိုယ့်ဘာသာထ လိုက်လာအောင်ပြောရတော့မှာပေါ့ .. ခင်ဗျားကို လုပ်ကြံတဲ့လူတွေကို မသိချင်ဘူးလား .."

ညွန်း စိတ်ဝင်စားသွားသည်။

"ပြီးတော့ ခင်ဗျားရဲ့ အဆောက်အဦးပြန်လည်ထူထောင်ရေးကိစ္စ ဘာရော ဒီတိုင်းဆက်လက်ပြီး အောင်မြင်စွာအဆုံးသတ်သွားနိုင်လိမ့်မယ်လို့ ထင်နေသလား .."

"မင်း ဘာပြောချင်တာလဲ ကွန် .."

"နောက်ထပ် ခင်ဗျား မဆုံးရှုံးချင်တာတွေကျန်သေးတယ်နော်၊ အဲဒါတွေအတွက် ခင်ဗျား ကျွန်တော့်ကို မြင်တိုင်း စယ်ပယ်နယ်နယ် ချိုဖို့ အဆင်သင့်ဖြစ်နေတာတွေကို ပြင်ဖို့လိုတယ် .."

"ဟွန်း .."

ညွန်း က လက်တော့ပ်ကိုဖွင့်ပြီးမှ ဘေးတိုးထားလိုက်ပြီး လက်နှစ် ဖက်တင်၍ ...

"မင်းကိုယ်မင်း ဘာထင်နေလို့ ဖန်ဆင်းရှင်လိုလို ကြွားလုံးထုတ် နေတာလဲ ကွန် .."

"ခင်ဗျားမသိလို့ပါ .."

"ငါ သိချင်တဲ့အကြောင်းအရာတွေထဲမှာလည်း မင်း အကြောင်း ဘယ်တော့မှ ပါမှာမဟုတ်တာသေချာတယ်၊ ငါ ဆုံးရှုံးခံနိုင်သမျှ အရာရာကလည်း မင်းလိုလူနဲ့ ဘာမှမသက်ဆိုင်တာတွေပါ၊ အဲဒီတော့

www.burmeseclassic.com



ကိုယ့်လိုင်းနဲ့ကိုယ် အေးဆေးနေပါလား ကွန် ..”

“လုပ်ပါ .. အကြံပေးစမ်းပါ ..”

“မင်းနဲ့ ငါ စေ့စပ်ထားတာကို စာရွက်ပေါ်ကနေ တစ်ကမ္ဘာလုံး သိအောင် ကြေညာပစ်လိုက်နိုင်ပေမယ့် ငါ့လက်ကိုတွဲပြီးကြေညာဖို့ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ဘူး ..”

“အနာဂတ်ထိ ကျွန်တော့်ကို စိတ်ဝင်စားနေတာလား .. ကျွန်တော်က ခင်ဗျားတွေးသလို တစ်ခါမှမတွေးဖူးဘူး၊ ခင်ဗျားက မမြင်ဘူးတဲ့ ယောကျ်ားတစ်ယောက်ကို စေ့စပ်ဖို့ကမ်းလှမ်းခဲ့တယ်၊ ကျွန်တော်က ဘုမသိဘမသိစေ့စပ်ခဲ့ရတယ်၊ ခင်ဗျားက လိုချင်တာရသွားတယ်၊ ကျွန်တော်ကတော့ ဟက်ကာဝင်ဖောက်သွားတာခံလိုက်ရတဲ့ ဆာဗာကြီးလိုပဲ ..”

သူမ ဘယ်လိုစကားလုံးတွေနဲ့ ဖွဲ့ရွဲ့ပြောနေနေ ကွန် က တည်ငြိမ် မပျက်နှင့် ...၊

“စေ့စပ်လိုက်တာနဲ့ ကျွန်တော် ဘူပိတ်သွားတာ ခင်ဗျား သိလား..”

“ရည်းစားမရှိရင် မနေတတ်တာကိုယ့်အကြောင်းကိုယ်သိရင် အစတည်းက အကျယ်တဝင့်လုပ်သင့်မသင့် မင်း စဉ်းစားပါလား ..”

“ခင်ဗျားက တစ်သက်မှာ တစ်မင်္ဂလာမို့လို့ အကျယ်တဝင့်လုပ်ချင်ပါတယ်လို့ပြောခဲ့ရင်တော့ နောက်ဖေးမီးဖိုချောင်ထဲမှာ တံခါးတွေ အလုံပိတ်ပြီးဖြစ်ဖြစ် စေ့စပ်လိုက်မိမှာ ..”

ကိုယ်က အကျဉ်းချုံးလုပ်လိုက်ချင်တယ်ဆိုလို့ သူ တမင်ရွဲ့လုပ်ပစ်တာကိုပြောပုံက ဆေးဆေး ...။

“ခင်ဗျားက လုပ်ချင်တာကိုဖြစ်အောင်လုပ်တတ်သလို ကျွန်တော်လည်း ဒီတိုင်းပဲ၊ ခင်ဗျားကိုကြည့်မရတာနဲ့ ခင်ဗျား ပြောသမျှတွေအားလုံးကို နက်(ဂ်)တစ်လုပ်ဖို့ အတိအကျဆုံးဖြတ်ထားတာ ..”

“ပေါ်တင်ကြီးပါလား ..”



“မလိုအပ်တာတွေပြောနေရတာ အချိန်ကုန်လို့ ..”

“ဒါဆို မင်းနဲ့ ငါ လိုရင်းကိုပြောပြီးတာကြာပြီ၊ မင်း ပြန်တော့..”

“ရတယ်လေ .. ခင်ဗျားရဲ့ အချစ်တော်ကြီး ‘မယ်မဒီ’ ဦးမြတ်မင်းအောင်က ဦးအေးကို ကို ဘယ်မှာသွားဖွတ်ထားတယ်ဆိုတာ စိတ်မဝင်စားရင်နေပေါ့၊ ပြီးတော့ ခင်ဗျားရဲ့ အစပျောက်နေတဲ့ငွေတွေ ..”

“နေဦး ..”

ကွန် ကျောခိုင်းလိုက်တာနှင့် ညွှန်း ဖျတ်ခနဲထရပ်လိုက်သည်။ ပြီးတော့ သူမဘက်ပြန်လှည့်မလာသည့်ကျောပြင်ကို စိုက်ကြည့်ကာ...

“အဲဒါတွေ မင်း တကယ်သိထားတာလား ..”

“သိတယ်ထင်တာပဲ ..”

“ဘာ ...”

“သိပေမယ့် ကိုယ်သိထားတဲ့အတိုင်း မှန်,မမှန်ထိ အာမမခံနိုင်ဘူး၊ ကျွန်တော်က ခင်ဗျားလို အနာဂတ်တွေကြိုတွေးပြီး စိတ်ကူးယဉ်တဲ့ အကျင့်မရှိတော့ ..”

စကားအဆုံးမသတ်ဘဲ ပခုံးတွန့်သည်။ ပြီးတော့ ခဏရပ်နေပြီးမှ ဆက်ထွက်သွားလျှင် ...၊

“ငါ လိုက်ခဲ့မယ် ကားနားကစောင့် ..”

ကွန် ဖျတ်ခနဲလှည့်လာသည်။

“ကားမပါဘူး .. အွန်ဖုတ်(တ်)နဲ့လာတာ ..”

“ငါ့ကားရှိတယ် ..”

“ခင်ဗျားကားနားက ခင်ဗျားလာတာကိုစောင့်ရအောင် ကျွန်တော်က ဒရိုင်ဘာလား ..”

ညွှန်း စိတ်မရှည်သည့်မျက်နှာလေးနှင့်ကြည့်ကာ ပိုက်ဆံအိတ်ပြားလေးတစ်ခုတည်း ထုတ်ယူပြီး ဖုန်းနဲ့ ထပ်ကိုင်သည်။ ပြီးတော့ ရှေ့ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာရင်း ..။

"မင်းနဲ့ငါ ဘာလဲဆိုတာ မင်းလည်းသိတယ် .. ငါလည်းသိတယ်"

"အားလုံးလည်းသိပြီးသား .."

"အို .. ဟဲ့ .."

သူမရဲ့ လက်ဖဝါးလေးကို ဆွဲကိုင်လိုက်သည်။ ဘယ်လိုမှ ပြန်ဆွဲထုတ်လို့မရတော့အောင် ဖိဆုပ်ထားရင်း အပြင်ထွက်၏။ အပြင်မှာ ရှိသမျှ အလုပ်စားပွဲအသီးသီးရှေ့ကနေ ကျော်ဖြတ်ခဲ့ရင်း တအံ့တသြမျက်နှာတွေရှေ့မှာပဲ ကွန် က ပြုံးသည်။

ထို့ပြင် စိတ်ထဲမှာရေရွတ်သော ရေရွတ်လိုက်သည့်စကားသံတွေကို ကိုယ့်ဘာသာ သဘောကျသွားမိ၏။

"စာရွက်ပေါ်မှာပဲ ကြေညာနိုင်တာမဟုတ်ဘူး ဒေါ်စံရတီညွှန်း အခု ခင်ဗျားလက်ကိုဆွဲပြီး အားလုံးသိအောင်ကြေညာတော့မယ် .."



## အခန်း (၂၁)

"မသိဘူး .."

"ဘာပြောတယ် .. မင်း .."

ဒေါ်သက ထောင်းခနဲထွက်သွားကာ ဒီ ညာခံလိုက်ရခြင်းဆိုသည့် အသိက ရုတ်တရက်အားလုံးကိုမေ့၏။ ထိုစဉ် ...

"တီ ..."

ကားဟွန်းသံတစ်ချက် အနီးကပ်ပေါ်လာကာ ...

"အမေ့ .."

သူမ လက်မောင်းကို ကွန် က ဆွဲယူပစ်လိုက်စဉ်မှာ ကားက ဝေါခနဲ မောင်းတက်သွား၏။ ဒီလောက်ကန့်ပတ်လမ်းလေးမှာ ကားကို ဒီအရှိန်မျိုးနဲ့ မောင်းလာလိမ့်မည်လို့ မထင်ခဲ့မိပေ ..။

ရင်ထဲမှာ တလှပ်လှပ်တုန်ယင်သွားလျက် သူနဲ့ ပခုံးချင်းပစ်တိုက်မိကာ သူ့ခါးကိုတောင် ဖက်ထားလိုက်မိသေးသည်။ ဒီလိုမှ အမှီအခိုမလုပ်လိုက်နိုင်ရင်လည်း သူမ ခုလောက်ဆို ကားမတိုက်မိဘဲ ပိုးစိုးပက်စက်လဲနေလောက်၏။

"ဒေါ်သအမောင်ဖုံးပြီး ကားတိုက်သေသွားဦးမယ် စိတ်လျှော့.."

"မင်းကရော လူကို မင်းကစားနေတဲ့ ဂိမ်းတစ်ခုမှတ်နေသလား.."

"ဒါကတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကွန် .."

သူ့ကို ဖတ်လိုက်မိသည့် ကိုယ့်ကိုယ်ကိုယ် ပွတ်သပ်ခါချလို့မပြီးနိုင်ဘဲရှိနေခဲ့ရင်း ..၊

"မင်း ငါ့ကို ဒီထိလှည့်ပတ်ခေါ်ထုတ်လာနိုင်တာ ဂုဏ်ယူစရာလို့ မှတ်နေရင် လုံးဝမှားတယ်နော် .. မျက်နှာပြောင်ပြောင်နဲ့ လိမ်ညာရဲတာ သတ္တိမဟုတ်ဘူး .."

"ကျွန်တော့်ကိုယ်ကျွန်တော် သတ္တိကောင်းပါတယ်လို့ ပြောလိုက်မိလို့လား .."

"မင်းရဲ့အပြုံးတွေက ဝန်ခံနေတာပဲ၊ ငါ မင်းနဲ့ စုံတွဲလျှောက်ချင်လို့ ဒီထိလိုက်လာတာမဟုတ်ဘူး .."

"သိသားပဲ .."

"မင်း ညစ်ပတ်တာ .."

"ခင်ဗျားက ညစ်ချင်စရာကောင်းနေတာကိုး .."

"ငါ ထပ်မေးမယ် ကွန် .. ဦးအေးကို ဘယ်မှာရှိသလဲ မင်း သိလား"

"မြေပြီးပြီလေ .."

"မဟုတ်ဘူး .. ဦးမြတ်မင်းအောင် နဲ့ ဦးအေးကို တို့ ပါတနာတွေဆိုတာ တော်ရုံလူသိကြတာမဟုတ်ဘူး .."

"ကျွန်တော်က တော်ရုံလူမှမဟုတ်တာ .."

"ကွန် ..."

စိတ်မရှည်ဖြစ်လာကာ ကွန့် အကျီလက်မောင်းကို ဆောင့်ဆွဲခေါ်လိုက်မိ၏။

"ငါ့ကို ကလေးကလားစကားတွေနဲ့ လှည့်ပတ်မနေနဲ့၊ မင်း သိတယ် .. သိရက်နဲ့ တမင်မဖြေတာ .."

"ဟုတ်တယ်ဆိုတော့ .."

"ဘာ ..."

ကွန် က ခပ်မဲ့မဲ့ပြုံးကာ သူ့အကျီကိုဆုပ်ကိုင်ထားသည့် ညွန်း



လက်ကို အသာလေးဖြုတ်ချပစ်လိုက်၏။ ပြီးတော့ စိုက်ကြည့်နေရင်း..၊

"သိသိ မသိသိ ကျွန်တော်ဆန္ဒရှိမှဖြေမယ်၊ သိအောင်တမင်ကြိုးစားထားတာဆိုရင်လည်း အဲဒါ ခင်ဗျားအတွက် မဟုတ်လို့ ခင်ဗျားသိချင်နေတိုင်း မဖြေနိုင်ဘူး .."

"မင်း ဘာပြောတယ် .. ဘာပြောလိုက်တယ် ကွန်၊ ငါ့အတွက်မဟုတ်ဘူး၊ ဖြေချင်မှဖြေမယ်ဟုတ်လား .. မင်း ခုနလေးတင် ငါ့ကိုပြောတော့ .."

"ပြောတာဘာဖြစ်လဲ .. ကျွန်တော့်ရဲ့လိုရင်းက ခင်ဗျားလက်ကို ဆွဲထွက်လာနိုင်ဖို့ပဲ .."

"မင်း ..."

"ခင်ဗျားနဲ့ ပတ်သက်ချင်လွန်းလို့ ငဗျားလိုအပ်မယ်ထင်တဲ့ သတင်းအချက်အလက်လေးတွေ ပြေးလွှားစုဆောင်းပြီးမှ မျက်နှာချိုလာသွေးရအောင် ကျွန်တော်က ဘယ်သူမို့လို့လဲ .."

ညွန်း သူ့မျက်နှာကို စိုက်ကြည့်ပြီး အံကြိတ်လိုက်တော့ ကွန် က မျက်နှာမော့ရယ်သည်။

"တောက် ..."

ညွန်း ဆုံးဖြတ်ချက် ချက်ချင်းချသည်။ သူ့ရယ်သံမစဲမီ နေရာမှ လှည့်ထွက်လာခဲ့၏။ သို့သော် .. ကွန် က လက်ကိုပိုင်စိုးပိုင်နင်းပြန်ဆွဲပစ်လိုက်ပြီး ..၊

"ခင်ဗျား အဲဒီလို မောက်မာတဲ့အချိုးတွေ ပြင်စမ်းပါ .."

အရှိန်နှင့်ပါလာသည့် ညွန်း ကိုယ်လေးကို ပြန်ခွာမသွားအောင် ပခုံးလေးတစ်ဖက်ကို ဖမ်းဆုပ်ကိုင်ထားပြီး မျက်နှာချင်းကပ်၍ ..

"ခုလောက်ဆိုရင် ကျွန်တော် ဘာတွေတတ်နိုင်သေးတယ်ဆိုတာ ခင်ဗျား သဘောပေါက်ရောပေါ့၊ အပ်လေးတစ်ချောင်းနဲ့ တူးဆွတိုက်ခိုက်နေတာကို ခြောက်မြှောင်းသွားမိန်းနဲ့ တစ်ခါတည်း ထိုးသတ်ချင်အောင်မလုပ်နဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .. ကြောက်စရာကြီးပါလား၊ မင်းနိုင်ရင်လုပ်လိုက်စမ်းပါ၊ ကိုယ်ညှဲ့လို့ခံရတာဆိုရင် နောင်တရဖို့မရှိပါဘူး .."

"သေချင်နေတဲ့လူကိုသတ်ရတာလောက် စိတ်ပျက်ဖို့ကောင်းတာမရှိဘူး၊ ကျွန်တော်ကလည်း ခင်ဗျားဆန္ဒနဲ့ အမြဲတမ်း နက်(ဂ်)တစ်လုပ်မှာလို့ ပြောပြီးသားပဲ .. ဒီမှာ .."

သူ့မျက်နှာရှေ့ထပ်ကပ်လာတော့ ညွှန်း မျက်နှာ နောက်ထပ်တွန့်သွား၏။

"သေမှာမကြောက်တဲ့လူရှိရင်ရှိမယ်၊ သေရတာထက်ဆိုးတဲ့ ဆင်းရဲပင်ပန်းမှုကိုတော့ မကြောက်တဲ့လူမရှိဘူး ဟုတ်တယ်မို့လား .. ကွန်ဆိုတဲ့ ကျွန်တော့်ခေါင်းထဲမှာ ကိုယ့်ကို စော်ကားထားတဲ့လူအတွက် တုံ့ပြန်ဖို့နည်းတွေ အများကြီးရှိသေးတယ် .."

မျက်ဝန်းတို့သည် သံလိုက်ကဲ့သို့ တွယ်ကပ်စူးစိုက်နေခဲ့ကြ၏။

ညွှန်း သူ့လက်ထဲကရုန်းဖို့ မေ့နေခဲ့သည်။ ဒီလောက်ထိ ဘာတွေအငြိုးထားနေတာလဲဆိုသည့် မေးခွန်းနှင့်အတူ စိုးရိမ်အံ့ဩသည့် မျက်ဝန်းလေးတွေ သိသာစွာဖြစ်နေခဲ့ရင်း ...၊

"မင်းကို ငါ အံ့ဩတယ် .."

အေးစက်သည့်မဲ့ပြုံးနှင့် ကွန် က မျက်လုံးမလွှဲဘဲ ...၊

"ကျွန်တော်ကတော့ မအံ့ဩဘူး .."

ပြောလိုက်ရင်း မိဆုပ်ထားသည့်လက်တို့ကို ဖြည်လွှတ်ပေး၍ ...၊

"ခင်ဗျားရဲ့ စတင်ဆုံဆည်းခဲ့တည်းက ခင်ဗျားက ဒီလိုမိန်းမမှန်းသိခဲ့တာ၊ ခုထိ ဒီတိုင်းပဲ နောက်လည်း ခင်ဗျား ပြောင်းလဲမှာမှမဟုတ်ဘဲ၊ ဘဝအမိပ္ပာယ်ကိုက ရင်ဆိုင်ခြင်းဆိုတော့ ကျွန်တော်တို့ ဒီတိုင်းပဲအဆင်ပြေပါတယ် .. အိုခေ .."

ညွှန်း သူနဲ့ပတ်သက်ပြီး ပထမဆုံး ဆွံ့အခဲ့ရခြင်းဖြစ်သည်။ ကားမောင်းထွက်လာခဲ့တဲ့အထိ စိတ်က သူ့ဆီမှာကျန်ခဲ့ရင်း ...၊

ငါ ဘာလုပ်ခဲ့မိသလဲ ...၊



"ခင်ဗျားနဲ့ စတင်ဆုံဆည်းခဲ့တည်းက ခင်ဗျားက ဒီလိုမိန်းမမှန်းသိခဲ့တာ .."

ဒါဆို ကိုယ်မသိလိုက်တာ ဘာရှိခဲ့တာလဲ၊ ဘာတွေဖြစ်ခဲ့ဖူးတာလဲ...။

မေးခွန်းတွေနဲ့ ရစ်ပတ်နေခဲ့၏။ ပြီးတော့ ကားမောင်းသည့်စိတ်ကို ပြန်စုစည်းရင်း ကိုယ့်အန္တရာယ်ကို ကာကွယ်ဖို့ကြိုးစားနေရသည်။ သို့သော် ...

"ခုလောက်ဆိုရင် ကျွန်တော် ဘာတွေတတ်နိုင်သေးလဲဆိုတာ ခင်ဗျားသဘောပေါက်ရောပေါ့ .."

"ခင်ဗျား ဆန္ဒ နဲ့ အမြဲတမ်း နက်(ဂ်)တစ်ဖြစ်အောင်လုပ်မှာ .."

"ခင်ဗျားက ညစ်ချင်စရာကောင်းနေလို့ .."

အာရုံဖြတ်ထားဖို့ကြိုးစားရင်း သူ့မေးခွန်းတွေဆီပဲ ပြန်ပြန်ရောက်နေ၏။ ညွှန်း စိတ်တွေ တုန်လှုပ်နေခဲ့ပြီဖြစ်၏။ ကွန် ဆိုသည့် ယောက်ျားက ဘယ်လိုလူမျိုးလဲ ...၊

ကိုယ့်ထက်အသက်ငယ်ပါလျက်နှင့် ရိုင်းစိုင်းစွာတုံ့ပြန်သည်။ ကိုယ့်အတွက် အသာလေးကျော်ဖြတ်သွားနိုင်မည်ထင်ခဲ့သော စေ့စပ်ခြင်းရဲ့နောက်နေ့တွေက အနီရောင်ဖြစ်နေ၏။

သူမ ကျားမြီးဆွဲလိုက်မိတာလား ...၊

"ခင်ဗျားသိချင်နေတိုင်း မဖြေနိုင်ဘူး .."

"ခင်ဗျားနဲ့ ပတ်သက်ချင်လွန်းလို့ ခင်ဗျားလိုအပ်မယ်ထင်တဲ့ သတင်းအချက်အလက်လေးတွေ ပြေးလွှားစုဆောင်းပြီးမှ မျက်နှာချိုလာသွေးရအောင် ကျွန်တော်က ဘယ်သူမို့လို့လဲ .."

"ခင်ဗျား .. အဲ့ဒီလိုမောက်မာတဲ့အချိုးတွေကို ပြင်စမ်းပါ .."

ကိုယ်ကတော့ အမြဲတမ်းနေနေတဲ့ ပုံမှန်ပါပဲ။ သူ့ကျမှ မောက်မာသလိုဖြစ်နေတာလား၊ သူ့ကျမှ မောက်မာရအောင် သူက ကိုယ့်အတွက် အထူးသတိထားဆက်ဆံရမယ့်လူစားထဲမှာပါလို့လား ...၊

မဟုတ်ဘူး .. တစ်ခုခုတော့ လွဲနေပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေရင်း ခေါင်းခါပစ်မိသည်။ ဦးမြတ်မင်းအောင် နဲ့ သူမ ကားအက်ဆီးဒန့်မဖြစ်ခင်လေးမှာ ရှိသွားခဲ့တဲ့ ပြဿနာကို သိတဲ့လူ ဘယ်နှစ်ယောက်ရှိသေးလို့လဲ ..၊

ဒါ့အပြင် ဦးအေးကို က 'မယ်မဒီ' ရဲ့ အဆက်အနွယ်ပဲဆိုတာ သိတဲ့လူသိပ်မရှိပေ ..။ ဒါကို ကွန် က သိနေသည်။ ဦးအေးကို ဘယ်မှာရှောင်တိမ်းနေသည်ဆိုတာကိုလည်း သူသိနေမည်သာ ..။

ဒါပေမယ့် မသိဘူးလို့ ခေါင်းခါခဲ့သည်။ ကွန့် ကို သူမ စိတ်ဝင်စားဖို့အကြောင်းတွေရှိလာခဲ့ပြီဖြစ်၏။ ဒါမှမဟုတ် သူမအတွက် နောက်ထပ် ရန်သူတိုးလာတာလား ..၊

တွေးနေတုန်း ဖုန်းဝင်လာတော့ ချက်ချင်းဖွင့်လိုက်လျှင် ..၊

"သမီး ညွန်း .. အန်ကယ်လ်ပါ .."

"ဟုတ်ကဲ့ ပြောပါ အန်ကယ်လ် .."

"သမီးကို အန်ကယ်လ် အရေးကြီးပြောစရာရှိလို့ သမီး ခုဘယ်မှာလဲ .."

"ညွန်း .."

ကားမောင်းနေသည်ဆိုလျှင် ဖုန်းချသွားနိုင်၏။ ထို့ကြောင့် ..၊

"ရပါတယ် .. အန်ကယ်လ် ဘယ်မှာဆုံချင်လဲ ပြောလေ .."

"သမီးက ကျန်းမာရေးကောင်းသေးတာမှမဟုတ်ဘဲ အပြင်ထွက်မလာနဲ့လေ .. အခု ကုမ္ပဏီမှာလား .."

"ညွန်း က .."

ဘယ်လိုဖြေရမလဲ အပြေးအလွှားစဉ်းစားလိုက်ရကာ ...

"နောက်တစ်နာရီကျော်ကျော်လောက်ကြာမှရောက်မှာ အန်ကယ်လ်.. အိမ်မှာနည်းနည်းအလုပ်များနေလို့ နေ့လယ်ပိုင်းမှပဲ ကုမ္ပဏီကိုသွားမယ်ဆိုပြီးလေ .."

"အေး .. အေး .. ဒါဖြင့် သမီး ဟိုရောက်ရင် အန်ကယ့်လ်ကို ဖုန်းဆက်လိုက်နော် .."



အရေးကြီးပြောစရာရှိတယ်ဆိုတာ နောက်ထပ် စိတ်ရှုပ်စရာတစ်ခုခုများလား ..၊

အန်ကယ်လ်ကတော့ ခုလိုအချိန်မှာ စိတ်ညစ်စရာတွေထပ်မပေးလာမည်မထင်ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်မှာလည်း တိုင်ပင်ချင်တာတွေရှိနေသည်မို့ တွေ့မှဖြစ်မှာပါ။

စိတ်ရှုပ်နေတာတွေကြားထဲကနေ ဦးမင်းနိုင် ကို တိုင်ပင်လို့ရသေးဘာ သတိရလိုက်သဖြင့် ကျေနပ်သွားမိသည်။

နေရာတကာမှာ သံသယထားတတ်သည့် သူမရဲ့စိတ်တွေ ဦးမင်းနိုင်ကိုကျမှ ဘာဖြစ်လို့ ကိုယ့်မိဘရင်းသဖွယ် ယုံကြည်အားကိုးစိတ်တွေဖြစ်နေခဲ့မှန်းမသိ ..၊

ဒီသားနဲ့ ဒီအဖေ စိတ်တူစရိုက်တူဖြစ်လျှက် သူမအတွက် အုပ်ထိန်းသူနဲ့ ဘဝကြင်ဖော်ပါတစ်ပြိုင်တည်း ရခဲ့မည်ဆိုလျှင် ..၊

ညွန်း နှုတ်ခမ်းလေးမဲ့သွားမိသည်။ ကိုယ့်အတွေးကိုပြန်၍ စိတ်ပျက်မိကာ ..၊

ဒါ လုံးဝမဖြစ်နိုင်ဘူး ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဟော .. မစံ ရေ ပြန်တော့မလို့လား သမီး .."

"ဟုတ်ကဲ့ အန်တီခင် မိုးသိပ်ချုပ်ရင် မကောင်းဘူးလေ၊ အန်တီ့ကို နှုတ်ဆက်မလို့စောင့်နေတာ .."

"အေးပါ သမီးရယ် .. သွဲ့နံ့ခယူပါ၊ အန်တီကတော့လေ မွေးနေ့တစ်ခါရောက်ရင် ကိုယ့်အသက်တစ်နှစ်ကြီးသွားတယ်ဆိုတာ သတိထားမိပေမယ့် အဲဒါကို စိတ်မပူပါဘူး၊ တစ်နှစ်မှာတစ်ခါ ကိုယ့်ရဲ့ သားသမီးတွေ တူသားနောင်မယ်တွေနဲ့ ဆုံရတာကိုပဲ အရမ်းပျော်တာ.."

အသက်ခြောက်ဆယ်ဆိုပေမယ့်လည်း ဒေါ်ခင်သူဇာ က ဝပြည့်ပြည့်နှင့် မျက်နှာကြီးက အစဉ်ပြုံးချိုနေတတ်သူပါ။ ဒါကြောင့်လည်း ကြည့်လိုက်လျှင် အသက်ငါးဆယ်ကျော်ရုံလောက်သာ ထင်ရလေသည်။

မွေးနေ့ရောက်တိုင်းလည်း တက်ရောက်လာကြသည့် မိတ်ဆွေသင်္ဂဟအင်အားကနည်းတာမဟုတ် ..။ ညွှန်း က စောစောလာပြီး စောစောပြန်ဖို့ ထထွက်လာခဲ့သည်။

သို့သော် ကားတွေရပ်နားဖို့သတ်မှတ်ပေးထားသည့် ခြံထောင့်မှောင်ရိပ်စပ်စပ်ကို ရောက်လာသည့်တိုင် ဒရိုင်ဘာမိုးတိမ် ၏ အရိပ်အယောင်ကို မမြင်ရသေးပေ ..။

ဖုန်းခေါ်တော့လည်း ဝင်နေလျက်နှင့်မကိုင်၊ ကားသော့လည်း ယူ



လိုက်သဖြင့် အခက်တွေ့နေ၏။

ကြည့်ဒီကြည့်နှင့် လူရှင်းသည့်နေရာမှာ မတင့်တယ်တာမို့ သွေ့ခံပြန်သွားပြီး ထိုင်နေရမှာလား၊ ဆက်စောင့်နေရမလား ဘာလုပ်ရမှန်း ဖြစ်နေစဉ် ..၊

"မစံ .."

လူရိပ်နှင့်အတူ ခေါ်သံပါလာသဖြင့် လှည့်ကြည့်လိုက်မိသည်။ သူမ လျှောက်လာနေသည့် ဒီရော့ က မီးခိုးရောင်ဝတ်စုံပေါ်မှာ ကုတ်အင်္ကျီ ထပ်ဝတ်ထားကာ လူပုံက ရှင်းသန့်နေ၏။

"ဘယ်သူ့ကိုရှာနေတာလဲ .."

"ဒရိုင်ဘာလေ .. ဖုန်းခေါ်တာလည်းမရဘူး၊ ဘယ်ရောက်နေလဲ သိဘူး .."

"ဘယ်ဒရိုင်ဘာလဲ မစံ ကားမောင်းနေတဲ့ မိုးတိမ် ဆိုတာလား"

ညွှန်း က ကိုယ့်ကားကို ကုမ္ပဏီကဒရိုင်ဘာတွေကိုတောင် ခေါ်မောင်းခိုင်းခဲ့တာမဟုတ်ပေ ..။ ဒါပေမယ့် အပြင်လူကတော့ သူမရဲ့ အကျင့်ကို မသိနိုင် ..။

"ဟုတ်တယ် .. ညွှန်း သိပ်မကြာဘူးလို့ သေချာပြောခဲ့တာကို .."

"သူ့ကို ခုန ဒီနားမှာပဲ လူနှစ်ယောက်နဲ့ စကားပြောနေတာတွေ့လိုက်သေးတယ် .."

ဟင် ..၊

"ကြည့်ရတာ ပြဿနာတစ်ခုခုရှိတဲ့ပုံပဲ .."

"ဟုတ်လား .."

ညွှန်း စိုးရိမ်သွားမိသည်။ မိုးတိမ် တို့က သိပ်မပြေလည်ကြပေ။ ကြွေးမြီတွေရှိလို့ အိမ်သားချင်းလည်း မကြာခဏ စကားများကြသည်လို့ ပြောတာ ကြားဖူး၏။

သူ့ရဲ့ ကြွေးရှင်တွေဘာတွေများလား ..၊

www.burmeseclassic.com



"သူ့ဖုန်းနံပါတ်ပေးလေ .. ကျွန်တော် ခေါ်ကြည့်ပေးမယ် .."

"နေပါစေ .. ခဏတော့ စောင့်ကြည့်လိုက်ဦးမယ် .."

"သူ ရောက်မလာရင် ညွန်း ဘာလုပ်မှာလဲ .."

"ဘာလို့ မလာရမှာလဲ .. ဘာပြဿနာရှိရှိ အိမ်တော့ပြန်ရမှာပဲဟာ .."

ဒီရေ အသံတိတ်သွားသည်။ ပြီးမှ ခေါင်းညိတ်လိုက်ကာ ..၊

"ကျွန်တော်ရှိနေတုန်း တစ်ခုခုကူညီနိုင်မလားလို့ပါ၊ ဒီနေရာမှာ မိန်းကလေးတစ်ယောက် ယောင်တောင်ပေါင်တောင်ရပ်နေလို့လည်း မကောင်းဘူးလေ .."

ညွန်း စိတ်တော့ပူသွားမိသည်။ မိုးတိမ် ကို အကဲခတ်ရသလောက် လူကောင်းတစ်ယောက် ဟုတ်မဟုတ် မပြောနိုင်ပေမယ့် မိကောင်းဖခင် သားသမီးမှန်းတော့ သိသာပါသည်။

ကားဆိုတာလည်း ပါသွားတာကို ပြန်မလာဘဲနေလောက်အောင် ဘာကိစ္စမျိုးရှိနေနိုင်မှာလဲ ..။

စဉ်းစားနေရင်း ဖုန်းပဲတွင်တွင်ခေါ်နေမိသည်။ ဒီရေ က ခဏရပ်ကြည့်နေပြီးမှ ..။

"ရပါတယ် .. မစံ စောင့်ချင်သေးတယ်ဆိုလည်း ဒီမှာတော့ တစ်ယောက်တည်းရပ်မနေပါနဲ့၊ ကျွန်တော်တို့ ဒီဘက်အစပ်က စားပွဲတစ်လုံးမှာ ထိုင်စောင့်ကြတာပေါ့ .."

လှမ်းကြည့်လိုက်တော့ ကားပေါ်ကင်နေရာကို လှမ်းမြင်နိုင်သည့် စားပွဲတွေကို မြင်ရ၏။ ဒါပေမယ့် သူမ ယောကျ်ားတစ်ယောက်နဲ့ စီးပွားအလုပ်ကိစ္စမှလွဲ၍ နှစ်ယောက်တည်း ဆိုင်မထိုင်ခဲ့ဘူးပေ ..။

ခုလို ပွဲမျိုးမှာ ပိုဆိုးနိုင်၏။ ရောက်လာသူချင်း အိမ်ထောင်သည် လူကြီးပိုင်းတွေပဲများကာ စုံတွဲတွေမို့ ကိုယ့်ကိုရောဆွေးထင်သွားမှာကိုမခံနိုင်ပါ။



တစ်ယောက်နဲ့ ချိန်းထားတာမကြာသေးဘဲ နောက်တစ်ယောက်နဲ့ အတူတွဲရှိနေသည်ဆိုလည်းမကောင်း။ ကွန့် ကိုမသိကြတဲ့လူတွေက ချိန်းလိုက်တာ သူလားလို့ မေးလာကြလျှင် သွားပြီ ..။

"မစံ ဘယ်လိုလဲ .. ကျွန်တော်နဲ့ အတူတူ မထိုင်ချင်တာလား.."

"အဲ့ဒါက .. ဟို .."

"ဟုတ်ပါပြီ .. ကျွန်တော်ကလည်း ပြန်ဖို့ထွက်လာတာပါ၊ ဒါပေမယ့် ကားပေါ်မှာ ကျွန်တော်ရှိမယ်လေ၊ မစံ ရဲ့ ဒရိုင်ဘာမလာမချင်း ကျွန်တော် ကားပေါ်က စောင့်နေပေးပါ့မယ် .."

"ဟင် .. အဲ့လိုတော့ .."

ညွန်း မပြောရသေးခင် ဒီရေ က လှည့်ထွက်သွား၏။ ကိုယ့်အတွေးတွေကို ဖော်ထုတ်မေးသွားပြီးမှ ဒီလောက်ထိ အခွင့်အရေးယူလိုက်ရင်တော့ မကောင်းဘူးထင်သည်။

ထို့ပြင် တစ်ကြိမ်တစ်ခါလောက် ပတ်သက်မိတာနဲ့တော့ ဆိုးရွားတာတွေ ချက်ချင်းထဖြစ်မလာနိုင်ပါ။

"ဒီရေ ခဏ .."

ဒီရေ က လှည့်ကြည့်ပြီး ချက်ချင်း ပြန်လှည့်လျှောက်လာ၏။

"ဆောရီးနော် .. ညွန်း အတွေးတွေလွန်သွားလို့ပါ၊ ဟိုအစပ်နားက စားပွဲမှာ ခဏထိုင်ပေးလို့ရတယ်မို့လား၊ သူ သိပ်မကြာဘူးထင်ပါတယ်"

"တောင်းပန်ဖို့မလိုပါဘူးဗျာ .. မစံ လို မိန်းကလေးက အကူအညီလိုတယ်ဆိုရင် ဝမ်းသာဝမ်းသာနဲ့ ပြေးကူရမှာပါ .."

ဒါက သဘောကျစရာစကားပေမယ့် အပိုအလိုတွေထည့်ပြောနေသည့်အတွက် အနေခက်ရခြင်းကို ညွန်း မနှစ်သက်ပေ။ အရာရာကို တန်ဖိုးဖြတ်ယူလို့မရနိုင်သည့်အတွက် တန်ဖိုးဖြတ်လို့မရနိုင်တာတွေကြောင့် ကြွေးမတင်ချင် ..။

အထူးသဖြင့် ယောကျ်ားတစ်ယောက်ထံမှ ရက်ရောမှုတွေပဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကို ကိုယ်တိုင်ရွေးချယ်ထိုင်လိုက်ပြီး ဒီရေ့ က ညွှန်ခံပေးနေသည့်ထဲက တစ်ယောက်ကိုခေါ်ပြီး အအေးပို့ပေးဖို့ မှာလိုက်၏။ ပြီးတော့ ...

"ဒီတိုင်းနဲ့ဆိုရင် အအေးလေးသောက်ရင်းစောင့်ရတာ ပိုကောင်းမလားလို့ပါ၊ မသောက်ချင်လည်းဖြစ်တာပဲလေ .."

"အင်း .. ကောင်းပါတယ် .."

ညွှန်း ရဲ့ စိတ်တွေက မိုးတိမ် ဆီ ပဲ ရောက်နေမိကာ၊ ဘယ်လိုပဲ ထိန်းချုပ်ထားပါစေ ဒေါသက အမြစ်တွယ်စရာမလိုဘဲ အညွှန့်ထောင်တက်လာ၏။

ဘာအကြောင်းတွေပဲရှိနေနေ ဒီမှာ အချိန်နဲ့ ပြန်ရမှာကို သူသိရမည်။ ကိုယ်ရေးကိုယ်တာကိစ္စကို ဖြေရှင်းဖို့ရှိရင်တောင် ကားသော့ယူသွားပြီး ဒီလိုနေတာက လွန်နေပြီဖြစ်သည်။

"ရှော့ပါ .. နည်းနည်းရင်အပူငြိမ်းသွားအောင် သောက်လိုက်ပါဦး၊ အေးနေတာပဲ .."

"နေပါစေတော့ .. ညွှန်း တစ်ခုခုစိတ်စောနေရင် ဘာမှစားလို့မရဘူး .."

"ဒါက အရည်လေးပဲ မစံ ရယ် .."

"အဲ့ဒီ အရည်မှာ ဆေးခပ်ကြတာတွေ တစ်ပုံကြီးပဲ .."

ဟင်!..၊

ဒီရေ့ ဖျတ်ခနဲ လှည့်ကြည့်သည်။

"ကွန် .."

ညွှန်း က သူ့စကားကို သေချာကြားလိုက်ကာ ကွန့် ကို ခေါ်ရင်း အအေးထည့်ထားသည့် ဖန်ခွက်တွေကို ပြန်ငုံ့ကြည့်သည်။

"ဒီမှာသော့ .."

ကွန် က ကားသော့ကို မြင်သာအောင်ပင့်တင်၍ ပြန်ဖမ်းထားလိုက်



ကာ ...

"သွားမယ် .. ထ .."

ညွှန်း ရဲ့ လက်တစ်ဖက်ကို ဆွဲယူလိုက်သည်။ ညွှန်း သူ ဆွဲတဲ့အတိုင်း ထရပ်လိုက်မိကာ လက်ကိုင်အိတ်လေးကို ကမန်းကတန်းကောက်ယူလိုက်ရ၏။ ထိုစဉ် ဒီရေ့ က ဆတ်ခနဲထရပ်ကာ ..၊

"ဟေ့ .. ဒီမှာ .."

မကျေမနပ်ရပ်လိုက်သည့် ကွန့် ပခုံးကို နောက်ကနေ ဖတ်ခနဲ လှမ်းပုတ်၍ ဆုပ်ကိုင်လိုက်သည်။ ညွှန်း ကို လက်ဆွဲထွက်လိုက်ပြီးမှ ကွန်က ဒီတိုင်းရပ်နေလိုက်၏။

ဒီရေ့ ကလည်း ကွန့် ပခုံးကို ဆုပ်ကိုင်ထားလျက်နှင့် မဲ့လိုက်ပြီး..၊

"ပြောချင်တာပြောပြီး ဒီလိုထွက်သွားတာလား၊ ငါက မစံ ရဲ့ စီးပွားရေးပါတနာဆိုလည်းဟုတ်တယ်၊ မင်းရဲ့ အဆင့်မရှိတဲ့ စကားတစ်ခွန်းကြောင့် ငါ့ဘက်မှာ ဘယ်လောက်ထိခိုက်သွားသလဲ နားလည်လား၊ မိန်းမတစ်ယောက်က အထင်ကြီးစေချင်ရင် ဒီလိုနည်းနဲ့ .."

"ကျွတ် ..."

ကွန် စုတ်တစ်ချက်သပ်ကာ ညွှန်း ရဲ့လက်ကို လွှတ်လိုက်သည်။ ပြီးတော့ ပခုံးပေါ်တင်ထားသည့် ဒီရေ့ လက်ကို ဖတ်ခနဲအုပ်ကိုင်ပြီး အသာလေးဆွဲလှန်ပစ်လိုက်၏။

"အား ..."

ဒီရေ့ သည် ကျော့ကော့လျက်သားနှင့် ကွန့် လက်ထဲမှာ မလှုပ်နိုင် ...။

"အဆင့်မရှိတဲ့ စကားတွေကို အဆင့်မရှိတဲ့လူတွေပဲ ဘာသာပြန်နိုင်တာ .."

"မင်း .. မင်းနော် .."

"မင်း ဘာတွေလုပ်ထားသလဲ မင်း ကိုယ်မင်းသိတယ်၊ အရှက်ခရို လျှောက်ပြောမနေနဲ့၊ နောက်ထပ်အသံထွက်လာရင် ကျုပ်လက်သီး

www.burmeseclassic.com

က ဘာသာပြန်နေမှာမဟုတ်ဘူး .."

"အဲ ..."

"ဒုတ် ..."

ဆောင့်လွှတ်လိုက်သဖြင့် ဒီဂျေ စားပွဲပေါ် မှောက်ထိုးလဲသွားသည်။

"ဘာလဲ .. ပြေးထူပေးချင်လို့လား .."

ညွှန်း မျက်နှာလေး ရဲတက်သွားသည်။ ကွန့် က မေးခွန်းထုတ်ပြီး ပြန်ပြောတာကိုမစောင့်ဘဲ လက်ကို ပြန်ဆွဲယူသည်။

"သွားမယ် .."

ညွှန်း ဒေါသထွက်ကာ လက်ကိုပြန်ဆောင့်ရုန်း၏။ သို့သော် ဒီတိုင်း ကားထဲရောက်သွားခဲ့ရတာ ...

"ဒုတ် .. ဒုန်း .."

"အဲ .."

ကားကိုပါ ကင်ထဲကနေ ခေါခနဲဆောင့်ထွက်လိုက်သဖြင့် ကားက ကျွင်းကျွင်းကျွန်ကျွန်ပင် ခုန်မြောက်ထွက်၏။

"ကားသော့ကို ဘယ်ကတွေ့လာတာလဲ .."

ညွှန်း လေသံက နူးညံ့ပြေပြစ်ခြင်းအလျှင်းမပါ။ ကွန် ကလည်း လှည့်မကြည့်ပေ ..။

"ခင်ဗျား ဒရိုင်ဘာနဲ့ ဒီလူ အပေးအယူလုပ်ထားတာ .."

"ဘယ်လို .."

"မွေးနေ့ရှင်ရဲ့တူက သူနဲ့ ရင်းနှီးတယ်၊ ဒီပွင့်ရအောင် တမင်ဖန်တီးတာ၊ ခင်ဗျားရဲ့ မိုးတိမ် က အိမ်ထဲမှာ အကောင်းစားတွေစားသောက်ပြီး ငြိမ့်လို့ .."

"မိုးတိမ် က ဟုတ်လား .. ဒီဂျေ နဲ့ .."

ညွှန်း လေသံအရ မယုံနိုင်အောင်ဖြစ်နေမှန်းသိလိုက်သည်။ သူလည်း ဘာဆိုတာ သေချာတော့မသိခဲ့ပါ။ ဒါပေမယ့် မွေးနေ့ရှင် ခေါ်ခင်သူ၏ရဲ့တူတွေ လေးငါးယောက်ရှိတဲ့ထဲမှာ အငယ်ဆုံးတူက သူငယ်ချင်းဖြစ်



နေသဖြင့် သူက အိမ်ထဲမှာရှိနေခဲ့တာဖြစ်သည်။

အပေါ်ထပ်က ဆင်းလာမှ ညွှန်း ရဲ့ ဒရိုင်ဘာကို ထမင်းစားခန်းထဲမှာ လှမ်းမြင်လိုက်တာဖြစ်သည်။ အမှတ်တမဲ့ဖြစ်ကျော်လာခဲ့ပြီးမှ စိတ်ထဲမှာ သံသယမကောင်းဖြစ်သွားမိသည်။

ထို့ကြောင့် ပြန်လှည့်ကြည့်လိုက်မိလျှင် ...

"တော်ပြီ .. ဒါတော့မဖြစ်ဘူး။ [illegible] ပြန်သွားပြရမှာ၊ ဒီအနံ့ပါနေလို့မဖြစ်ဘူးလေ၊ ငါ့သူဌေးက စည်းကမ်းလည်းကြီးတယ်၊ ဒေါသလည်းကြီးတယ်ကွ .."

"ဘာတွေကြီးကြီး မိန်းမက မိန်းမပါပဲကွာ .. ဒါနဲ့တောင် ယောက်ျား မယူဘူးလေ၊ ဘာလေးနဲ့ မာန်စွာတ်နေသေးတယ် .."

"ဒါပေမယ့် ချာတိတ်တစ်ယောက်နဲ့ စွဲစွဲလိုက်ပြီမို့လား .."

မသိသည့်နှစ်ယောက်က မေးမြန်းနေသည်။ မိုးတိမ်ဟူ၍ ခေါင်းခါ လက်ခါနေ၏ ..

"မာနကတော့ တော်တော်ကြီးတယ်ကွ .. လူတွေပြောကြသလို သူက မိန်းကလေးချင်းပဲ သဘောကျနေသလားမသိဘူး၊ ချာတိတ်က တော်တော်မိုက်တယ်နော် .. အဲဒါတွေခေါင်း [illegible] .."

"ဟုတ်ရဲ့လား .."

"တကယ်ပဲ [illegible] ချက်ချင်း [illegible] ယောက်ျား မယူနဲ့ သူ့ကိုပြောကုန်ကြပြီလေ၊ [illegible] .."

"သူ့ [illegible] .."

"ခုတော့ ငါတို့ဆရာနဲ့ အိုခေပြီပေါ့ကွာ .. သူ့ ... ဖြစ်ပြီး ငါတို့ဆရာက ... ဖြစ်သွားမှာ စိတ်ချ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .. ယုတ္တိရှိအောင်ထိုးရမှာနော် .. အားတော့နာတယ်၊ ဟဲ .. ဟဲ .. နည်းနည်းတော့ အောင့်ခံ .."

ပြောနေကြတာတွေကြားလိုက်ရပြီး သေးမှာချထားသည့် ကားသော့ ကြောင့် သူ သဘောပေါက်သွားသည်။ ဒေါသကို တစ်ခါတစ်လေ လွှတ်ပေးတတ်ပေမယ့် ဒီနေရာမှာတော့ ဘာလုပ်ရမယ်ဆိုတာ သိခဲ့၏။

ထမင်းစားခန်းထဲဝင်လိုက်ပြီး တံခါးကို အရင်လှည့်ပိတ်ထားလိုက်သည်။

ထို့နောက် ရှောင်တခင်မှာ ဝုန်းဒိုင်းကြဲသွားပေမယ့် အပြင်လူတွေ ဘယ်သူမှ မသိလိုက်ကြပေ။ သူငယ်ချင်းကို လိုရင်းပဲရှင်းပြနိုင်ကာ ညွှန်း ပါသွားမှာစိုးသည့်ဇောနှင့် ပြေးထွက်လာခဲ့မိ၏။ ကိုယ် ဘာတွေကြား သိလာခဲ့တာကို တစ်ချက်တော့ ပြန်တွေးမိသော်လည်း ရှင်းပြရခြင်းအလုပ်ကို သူ စိတ်မရှုည်ဆုံး ...။

"မင်း သိနေတာတွေ များလှချေလား ကွန် .. အဲ့ဒီအိမ်ထဲကကိစ္စတွေကို မင်း ဘယ်လိုသိလာတာလဲ မိုးတိမ် က .."

ပြောပြီးမှ တစ်ချက်စဉ်းစားကာ ...၊

"ငါ့ ဒရိုင်ဘာကို ဒီချေ က စည်းရုံးတယ်ဆိုတာ မဟုတ်သေးဘူး ဒီချေ နဲ့ ငါ သူ အဲ့ဒီလိုစိတ်ကူးရလောက်တဲ့အထိ ဘာမှမဟုတ်ဘူး .."

"အဲ့ဒီတော့ ခင်ဗျားက ကျွန်တော့်ကို မယုံဘူးလို့ဆိုလိုတာလား.."

"ယုံတာမယုံတာက မင်းပြောတဲ့ပေါ်မှာမူတည်တာလေ၊ မေးနေတာကို မင်း ဘာမှမဖြေနိုင်ဘဲနဲ့ .."

ကွန် က ကားမောင်းနေရင်း အေးစက်စက်မဲ့ပြုံးနှင့် အံကြိတ်၏။

"မိုးတိမ် က ဒီလိုလုပ်တယ်ဆိုရင် ဒီချေ ပေးတာနဲ့ပဲ သူ သူဌေး ဖြစ်သွားမှာမို့လို့လား .."

"ခင်ဗျားက အဲ့လောက်မကတန်နေလို့ လဲယူတာရောမဖြစ်နိုင်ဘူးလား .."



"မင်း စကားပြောတာကြည့်ပြော ကွန် .. ချက်ချင်းကြီး ဘာတွေ ဖြစ်ကုန်မှန်းမသိဘူး၊ မိုးတိမ် ရုတ်တရက်ပျောက်သွားတာ မင်း ရုတ်တရက်ကြီးပေါ်လာတာ .. အဲ့ဒါတွေက .."

"ခင်ဗျား ယုံကြည်သင့်တဲ့ဘက်ကိုရွေးလိုက် .."

"မရွေးနိုင်ဘူးလေ .. ပြဿနာရှိလာရင် တစ်ဖက်တည်းစကားကို နားထောင်ပြီး ဆုံးဖြတ်လို့မရဘူး .."

"အဲ့ဒီကားသော့ ခင်ဗျားလက်ထဲ ပြန်ရောက်လာတာတောင်မှ လား .."

"အဲ့ဒီလိုဖြစ်လာအောင် မင်းက ကြိုတင်ခင်းကျင်းထားတာလည်း ဖြစ်နိုင်တာပဲ .."

"ကျွိ .."

"အား ..."

ကားက ရုတ်တရက်ထိုးရပ်သွားသည်။ ညွှန်း အရှိန်မီ လက်မ ထောက်လိုက်နိုင်ပျှင် နဖူးကွဲမလား၊ မှန်ကွဲမလားမသိ ...။

"ရှော့ .."

ကားကို စက်သပ်ပြီး သော့ပါထစ်ခါတည်းဖြုတ်ပေး၏။ ပြီးမှ တံခါးဖွင့်လိုက်ပြီး မဆင်းသေးဘဲ ပြန်ငဲ့ကြည့်၍ ...

"ကျုပ် နေရာတကာသိနေတာတွေ ပြောပြဦးမယ်၊ အဲဒီလူက ဦးမြတ်မင်းအောင် ရဲ့ တူ၊ ခင်ဗျားရဲ့ ဒရိုင်ဘာက သူ့ရဲ့ ကျောင်းနေဘက် သူငယ်ချင်း .."

"ဟင် !..."

"ခင်ဗျားဆန္ဒရှိရင် စု ပြန်လှည့်သွားပြီး ပြောထုပေးလို့ရသေးတယ်၊ သေချာတယ် .. အရှိက်ထိပြီး ထနိုင်ဦးမှာမဟုတ်ဘူး .."

"ဂျိမ်း ..."

တံခါးဆောင့်ပိတ်လိုက်တာတုန်ခါကျန်ရစ်၏။ မှောင်နဲ့မည်းမည်း

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်မှာ ဒီတိုင်းဆင်းလျှောက်သွားသဖြင့် ညွန့်း သမင်လည် ပြန်လိုက်ကြည့်မိလေသည်။

ကားဦးတည်ရာကိုမသွားဘဲ နောက်ကိုပြန်လျှောက်သွားသော ကြောင့် ချက်ချင်းလှည့်ကြည့်မိတာတောင် ဘယ်ရောက်သွားမှန်းမသိ တော့ပေ ..။

ဂျာကင်အနက် ဘောင်းဘီရှည်အနက်နှင့် တစ်ကိုယ်လုံးနက်ဗွေး နေသောကြောင့် အမှောင်ထဲမှာ သူ့ကို မမြင်နိုင်တော့တာသေချာသည်။

ညွန့်း ကားထဲကထွက်ကားမောင်းသူနေရာကို ကမန်းကတန်း ပြေးဝင်လိုက်ရ၏။ ဒီလိုလုပ်သွားမည် မထင်သောကြောင့် စိတ်တို့တာ ရော စိုးရိမ်တာရော ဘာတွေဖြစ်မှန်းမသိဘဲ ရင်တုန်နေခဲ့သည်။

စိုးရိမ်တာက တစ်ယောက်တည်း ကျန်ခဲ့သည့် ကိုယ့်ကိုယ်ကိုယ် လား သူ ဒီတိုင်းဆင်းသွားတာကိုလား ...။

တော်တော် ...

ဒေါသတွေဖြစ်လာတော့ တက်ခေါက်မိ၏။ မီးတွေဖွင့်လျက်သား နှင့် စက်နှိုးဖို့သတိမရဘဲ ဒီရျေ နဲ့ မိုးတိမ် တို့ရဲ့မျက်နှာတွေက ပေါ်လာ ပြန်၏။

ကိုယ့်ကိုယ်ကိုယ် လုပ်ကြံခဲ့လိုက်ရပြီဆိုတာမသိလို့မဟုတ်ပေ။ ဒါပေမယ့် ဘာတစ်ခုမှ လိတ်ပတ်လည်အောင်မပြောဘဲ ကိုယ်ချည်းပဲ သိနေလို့ ဖြစ်သလား ...။

စကားပြောလျှင် လူကိုအဖက်မတန်သလိုလို မပြောချင်သလိုလို သူ့ကိုစိတ်တိုလွန်းလို့ တမင်ပြောချလိုက်တာ ခုလိုဆင်းသွားစရာလိုလို့ လား ...။

ကားကို စက်နှိုး၍ နောက်ပြန်လှည့်လာခဲ့မိသည်။ ဒီလိုနေရာတွေ မှာ ဓာတ်တိုင်အေးဖို့မလွယ်ပေ ...။ မွေးနေ့ရှင်ရဲ့အိမ်ကို ပြန်သွားတာဆိုရင် တောင် ဟိုမှာ အန္တရာယ်ဖြစ်သွားနိုင်၏။



ကားမီးရောင်အောက်မှာတောင် တစ်ကိုယ်လုံးမည်းနေသည့် သူ့ ကို မနည်းကြည့်ယူရသည်။ ခုအချိန်လေးအတွင်းမှာ ဒီလောက်အဝေးကြီး ရောက်နေတဲ့အဖြစ်ကိုလည်း အံ့ဩမိ၏။

"တီ .."

အနားမှာအရှိန်ချလိုက်တဲ့ကားကို နည်းနည်းလေးမှ လှည့်ကြည့် ဖော်မရဘဲ ဟွန်းတီးလိုက်မှ မျက်နှာငဲ့လာသည်။ ညွန့်း က အားမှန်ချ လိုက်ကာ ...

"ဟော့ .. ကားပေါ်တက် .."

"မလိုပါဘူး .. ကျွန်တော့်မှာ ကားပါတယ် .."

"ကားပါမယ်ဆိုတာသိတယ် .. အဲဒီ သွားပြီ ပြဿနာထပ်ဖြစ် မှာစိုးလို့ .."

အကျီအနက်တွေရဲ့အလယ်မှာ ဖြူဝင်းနေသည့်မျက်နှာက တည် တင်းနေကာ ခြေလှမ်းကိုလည်း နည်းနည်းမှ မလျှော့ ..။

"ပြဿနာဖြစ်မှာကိုကြောက်ရမှာက ကျွန်တော်မဟုတ်ဘူး၊ ခင်ဗျား ဘယ်သူ့ကိုစိုးရိမ်နေတာလဲ .."

သူက မကြည့်ပေမယ့် ရှက်စိတ်ကြောင့် မျက်နှာပြင်မှာ ပူရှိန်း သွား၏။

"ဘယ်သူ့အတွက်မှ ပူတာမဟုတ်ဘူး၊ ငါ့ဝိုဏ်သီကျွာပွန်းပဲ့သွား မှာစိုးလို့ ကြိုက်တဲ့နေရာကြွ၊ ငါက အနေသာကြီး .."

ပြောပြီးတာနှင့် ကားကိုချက်ချင်းဆွဲဝိုက်ပစ်လိုက်လျှင် ...

"တီ ..."

"အား ..."

"ဂျိး ..."

နောက်ကနေ တလကြမ်းမောင်းလာသည့်ကားတစ်စီးက ရပ်(ဒ်) များလွန်သဖြင့် ညွန့်း ရဲ့ကားကိုလွတ်အောင်မရှောင်လိုက်နိုင် ...။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကား၏နောက်မြီးသည် ညွန်း ရဲ့ ကားနှုတ်ခမ်းမွေးနှင့် ကပ်ငြိသွားကာ သူလည်း ဘေးကိုချော်ထွက်သွားလျှင် ညွန်း လည်း ကားကိုထိန်းရင်း တစ်ပတ်လည်သွား၏။

ကားနှစ်စီးအနီးမှာမို့ ကွန် ကမန်းကတန်းစုန်ရှောင်လိုက်ရတာ လွတ်ရုံလေးပဲဖြစ်သည်။ ဟိုကားက လမ်းဘေးထိ ကပ်ဆင်းသွားပြီးမှ ရပ်သွားသည်။

ပြီးတော့ ဝုန်းဒိုင်းကြဲတော့မည့်အသွင်နှင့် လူနှစ်ယောက်ထွက် ရပ်လိုက်တာမြင်ရသည်။ သို့သော် ညွန်း ရဲ့ ကား သံစ်ပင်တစ်ပင်ကို ဝင်ဆောင့်ထားတာမြင်သွားလျှင် ပြန်တက်မောင်းပြီး ထွက်ပြေးကြလေ သည်။

"ဒေါ်စံရတီညွန်း .."

ဘယ်သူတွေ ဘယ်လိုရပ်ကြည့်တာ ပြေးသွားတာ ကွန် ဘာမှမကြည့် နိုင်အားဘဲ ညွန်း ဆီ ပြေးသွားကာ မှန်ချလျက်ရှိနေသေးသည့် တံခါး ကို ကိုယ်ဘာသာဆွဲဖွင့်ပစ်လိုက်၏။

"ဒေါ်စံရတီညွန်း .."

"ဟင် ..."

လေအိတ်ပွင့်နေသည့်နောက်မှာ ညွန်း ရဲ့ ညည်းသံစွတ်သည့်အသံ လေးကို ကြားလိုက်ရသည်။

"ခင်ဗျားရရဲ့လား .. ဘာဖြစ်သွားသေးလဲ၊ နေဦး ကျွန်တော်ထုတ် ပေးမယ် .."

လေအိတ်ပြန်ပိသွားချိန်မှာ ညွန်း က သူ့ရင်ခွင်ထဲခွေခေါက်လဲကျ လာ၏။

"ဒေါ်စံရတီညွန်း .."

"ငါ .. ငါ ဘာမှမဖြစ်ဘူး၊ အား .. ခေါင်းတွေမူးနောက်နေတယ်၊ မျက်လုံးဖွင့်လို့ကိုမရဘူး .."



"မဖွင့်နဲ့ဦး ခဏပိတ်ထား .."

ညွန်း ကို နောက်ခန်းထဲပြောင်းထည့်ကာ သူပါ ဝင်ထိုင်လိုက်ရင်း...၊

"ခင်ဗျားသတိလစ်သွားနိုင်လား .."

"ရတယ် .."

"ကျွန်တော် ကားစမ်းမောင်းကြည့်မယ်၊ ရမလားမသိဘူး .."

သူတစ်ယောက်တည်းပြေးလွှားလှုပ်ရှားနေရင်း ကားပြန်နိုးလို့ရ တော့ ဒေါသထွက်ရရင်း ...၊

"ဒီကနေကားဆောင့်တားဖို့ပဲရှိတော့တယ်၊ တက္ကစီကတော့လာ မှာမဟုတ်ဘူး .. ကျွတ် .."

"ကားလာတဲ့အထိပဲစောင့်ပေးပါ၊ ငါ ဘာမှမဖြစ်ဘူး .. ထပ်မခေါ် နဲ့တော့ .."

ညွန်း အသံက အခြေအနေမကောင်းတာကိုဖော်ပြနေ၏။ နာရီ ကြည့်လိုက်တော့ ည ကိုးနာရီကျော်နေပြီဖြစ်၏။

"ဒေါ်စံရတီညွန်း .."

စိတ်ထင့်သွားမိပြီး အနားသွားခေါ်လိုက်လျှင် ညွန်း တုတ်တုတ်မှ မလှုပ်တော့ပေ ...။

"ဒေါ်စံရတီညွန်း .."

အတွင်းမီးဖွင့်၍ သူမခေါင်းနဲ့ လည်ပင်းကြားတွေထိ စိုးရိမ်တကြီး လျှောက်စမ်းကြည့်မိသည်။ ဒဏ်ရာမတွေ့ရပေမယ့် ပူထူသွားသည့်စိတ် က မပြောဘဲရှိကာ ကားမီးရောင်မြင်လိုက်သည်နှင့် ကမန်းတန်းခြေး ထွက်တားမိ၏။

ဒီည ဘယ်လိုညမျိုးလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဒီမှာ .. ဟော .. ကောင်လေး .. ကောင်လေး .."

"ဟင် ..."

သူ့အသိတွေကိုယ်မှာပြန်ကပ်လာသည်နှင့် ခေါင်းကနာကျင်ခြင်းကို ပထမဆုံးခံစားမိရသေးသည်။ ပြီးတော့ မြင်လွှာတွေထဲမှာ မျောင်နက်သည့် မိုးကောင်းကင်နဲ့ ကြယ်တစ်ချို့ ..။

ဟော် .. ညွန့် .. ဒေါ်စံရှုတီညွန့် ..

မွေ့ယူထားသည့်လူကို တွန်းဖယ်ပြီး ကွန် ဆတ်ခနဲထရိုက်မိသည်။ လှမ်းကြည့်လိုက်တော့ ညွန့် ရဲ့ကားက သစ်ပင်ကိုဦးတိုက်လျက်သား ရှိနေသေးရှာ။

"ဒေါ်စံရှုတီညွန့် .."

ကမန်းကတန်းကျူးထပြီး ကားဆီပြေးကြည့်လိုက်လျှင် ညွန့် ကို မတွေ့တော့ပေ ..။

"မင်းက ဒီကားကလား ညီလေး .."

"ဟုတ်တယ် .. ခင်ဗျား ကျွန်တော့်ကိုပဲတွေ့တာလား၊ ဘာတွေ့လိုက်သေးလဲဟင် .."

"မတွေ့ဘူး .. အချိန်ကိုလည်းကြည့်လေ၊ ဆယ်နာရီခွဲနေပြီ၊ မင်း



က မည်းမည်းသည်းသည်းထွက်ထားပြီး လမ်းပေါ်မှာ တုံးလုံးလဲနေတယ်၊ ကိုယ်ကလည်း ဟိုကားကိုစိတ်ဝင်စားပြီး လှမ်းကြည့်နေမိတာ၊ ကံကောင်းလို့ မင်းကို မကြိတ်မိတာကွ .. ကားထဲမှာ ဘယ်သူလဲ .."

ဆောရီးပါဗျာ .. ကျေးဇူးတင်ပါတယ် ..

ဟော့ .. ဟော့ .. နေဦးလေ၊ မင့်ခေါင်းမှာ သွေးတွေနည်းတာမဟုတ်ဘူး၊ ဘာဖြစ်တာလဲ ကိုယ့်လိုက်ပို့လို့ရတာပဲ .."

လိုက်ပို့ပြီး မေးသမျှဖြေနေရမှာကို စိတ်မရှည်ပါ။ ကွန် ဒီတိုင်းပဲ ပြေးထွက်လာမိသည်။ ပြေးနေရင်း ဆန္ဒသွေး ဆို့ ဖုန်းဆက်မိ၏။

"ကျွီ ..."

"ဟေး ..."

ကားတစ်စီးက လမ်းကြောထဲကနေကွေ့လာပြီး သူ့ကိုပွတ်ကပ်ရှောင်လိုက်ရသည့်အဖြစ်နှင့် ဒေါသတကြီးခေါင်းထွက်အော်၏။

"ညဥ့်နက်နေမှ သူရိုးဂျိုးလိုပြေးနေတာ လမ်းဘေးဆင်းပြီး ပြေးပါလား .. ကားတွေကို ပြဿနာရှာချင်လို့ .."

"ဆောရီး .. ဆောရီး .."

ကိုယ်ပဲလွှန်တာမို့ လှည့်တောင်းပန်မိစဉ် တဏ္ဍစီမှန်းသိလိုက်သဖြင့် လစ်နေသည့်အသိစိတ်က ပြန်ကပ်လာသည်။

"ကျွန်တော့်ကို အင်းယားလမ်းပို့ပေးပါ .."

ခေါင်းမှာ သွေးစိမ်းရှင်ရှင်စီးနေပေမယ့် လက်ဖဝါးနဲ့ပဲ ပွတ်သပ်ဖျက်ချရင်း ညွန့် ရဲ့ နေအိမ်ကိုရောက်သွားခဲ့၏။ သို့သော် ...

"သမီးညွန့် ကို သူ့မိတ်ဆွေတစ်ယောက် ဆေးရုံတင်ပေးလိုက်ရတယ်လို့ ခုနကပဲ ဖုန်းဆက်တယ်ကွယ် .. သားက သမီးနဲ့ ရင်းပ်ထားတဲ့ ကလေးမို့လား၊ အဒေါ်ပဲကွယ် (...)ဆေးရုံမှာ လိုက်သွားကြည့်ပေးစမ်းပါ၊ အဒေါ်က အိမ်စောင့်ရမှာမို့လို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



အိမ်အကူအမျိုးသမီးကြီးလား ခွေနီးမျိုးစပ်အုပ်ထိန်းသူထဲကလား မသိ ...။

အိမ်ကိုလည်း သူတစ်ခါမှမရောက်ဖူးခဲ့ပါ။ ဒါပေမယ့် ညွန့်း ကို ဆေးရုံတင်ပေးထားသည်ဆိုသောကြောင့် ဒီရေ နဲ့ ပါမသွားတာ သိလိုက်ရ၏။

စိတ်တော့တစ်ထစ်အေးသွားသော်လည်း နောက်ထပ်တွေးစရာတွေ ထပ်ပေါ်လာကြ၏။

ဒီရေ ဘယ်လိုဖြေယားခင်းလိုက်တာလဲ ...၊



## အခန်း (၂၄)

သတိရလာတဲ့အထိ ညွန့်း ရဲ့ ခေါင်းတွေမူးရိပ်ရီဝေနေဆဲဖြစ်သည်။ ပြီးတော့ ပြန်အိပ်ချင်နေသလိုလို၊ ကိုယ့်ရဲ့ခြေလက်တွေကို ပြန်မသယ်ချင်အောင် လေးလံနေသလိုလို ...။

ထို့ပြင် ဘယ်ကိုကြည့်ကြည့် မရင်းနှီးသည့်မျက်နှာတွေနှင့် မယုံနိုင်ဖွယ်အဖြစ်တို့သည်။

"ညွန့်း အိမ်ပြန်မယ် .. ဖုန်းပြောပါရစေ .."

"ပြန်ရပါ့မယ် .. ပြန်ပို့ပေးမှာပါ၊ ဒါပေမယ့် .."

"ဟင့်အင်း .. ညွန့်း ကို လာခေါ်နိုင်းလို့ရတယ်၊ ဖုန်းပဲပြောပါရစေ .."

ဒီရေ က ဘေးကနှစ်ယောက်ကို တစ်ချက်ကြည့်၏။ ပြီးမှ ဖုန်းထုတ်ပေးရင်း ...၊

"မစံ ကျွန်တော့်ကို မယုံကြည်ဘူးထင်တယ် .."

"ရှင့်ကိုမှ မဟုတ်ပါဘူး ခုထိ ညွန့်း မှားနေတာတွေ မရပ်သေးဘူး၊ ဘယ်သူ့ကို ယုံကြည်ရမလဲဆိုတာလည်းမသိဘူး .."

"ကျွန်တော်က မစံ ရဲ့ ကောင်လေး စွပ်စွဲသလို လုံးဝမဟုတ်ဘူးဆိုတာ ယုံပေးပါ၊ ထပ်ပြီးတော့ တောင်းပန်ပါတယ်၊ မစံ ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြံစည်စရာအကြောင်းလည်းမရှိဘူး၊ ကျွန်တော့်မှာ အိမ်ထောင်နဲ့ပါ ..."

ဖုန်းကိုင်နေရင်း ညွန်း ရဲ့ လှုပ်ရှားမှုလေးတွေ တုံ့နှေးသွားသည်။ ဖုန်းကိုကြည့်နေသည့် မျက်ဝန်းတို့ သူ့ဘက်ကို ဖျတ်ခနဲရွေ့လျားသွားတာမြင်လိုက်လျှင် ဒီဂျေ ဝမ်းသာအားရဖြစ်သွားပြီး ...၊

"မစံ နဲ့ ပြောဆိုဆက်ဆံသမျှ ကျွန်တော့်ဘက်က လေးစားမှုနဲ့ပါ၊ ခုလည်း ကျွန်တော်တို့ပြန်လာရင်း မစံ ကို ကယ်လာခွင့်ရတဲ့အတွက် စိတ်ထဲမှာကျေနပ်မိတယ်၊ အက်ဆီးဒန့်ဖြစ်ခဲ့တာ မစံ အန္တရာယ်ကြီးခဲ့တာမှန်ပါတယ်၊ ကျွန်တော့်အတွက်ကတော့ သက်သေပြစရာရသွားလို့ ..."

"ဒီဂျေ က သက်သေပြဖို့ဒီလောက်ထိ ဘာဖြစ်လို့ လုံးပမ်းနေရတာလဲ ..."

"မေးရက်တယ် မစံ ရယ် ... မစံ ရဲ့ကောင်လေး စွပ်စွဲသွားတဲ့ကိစ္စကြီးက ကျွန်တော်နဲ့ ကျွန်တော့်အသိုင်းအဝန်းရဲ့ ဂုဏ်သိက္ခာကို ဘယ်လောက်ထိ ကျဆင်းသွားသလဲဆိုတာ ..."

ပြောပြီးမှ အားနာသလို တစ်ချက်ကြည့်ကာ ...

"အရေးကြီးတာကို ပြောပြချင်တာပါ၊ မကျေနပ်ဖြစ်နေတာမျိုးတော့ မဟုတ်ပါဘူး ..."

ညွန်း ဘာမှမပြောတော့ဘဲ ဖုန်းခေါ်ဖို့ဖွင့်လိုက်လျှင် ချက်ချင်းကြီးပေါ်လာတာက ဗီဒီယိုဖိုင် ...၊

ဟင် ...၊

ကားထဲမှာ သူမခေါင်းလေး ငုံ့ဆောင်းလျက် သတိလစ်နေကာ ကွန်က သူမကိုယ်ပေါ်မှာ လည်တိုင်မှာ မျက်နှာအပ်လျက် ...၊

"ဒါ ဘာလုပ်တာလဲ ဒီဂျေ ..."

"ဟင် ... ဩော် ... အဲ့ဒါ ဆောရီးပါ ... မစံ ကိုပြပြီးရင် ဖျက်ပေး





မှာပါ၊ ကျွန်တော်တို့ပြောပြတာဆို မစံ မယုံကြည်နိုင်ဘူးဖြစ်နေမှာသီလို့ သက်သေပြရုံ ..."

"ရှင် တကယ်ယောကျ်ားပီသရင် ရှင့်ကို ညွန်း က ယုံကြည်ဖို့မကြိုးစားဘဲ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက်ပဲ ဦးစားပေးစဉ်းစားရမှာ ..."

ရှက်လွန်းသဖြင့် ညွန်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြသည်။ ဒီဂျေ တို့ ရောက်လာကြတော့ ကားပျက်ထဲမှာ ကွန်က သူမကိုဆေးရုံပို့ဖို့မကြိုးစားဘဲ အခွင့်အရေးယူနေသည်တဲ့ ...။

ညွန်း မယုံနိုင်အောင်ဖြစ်ခဲ့သည်။ သို့သော် ပြဿနာကို စဉ်းစားဖို့ ထက် လူက ခေါင်းမထူချင်အောင်ဖြစ်နေသည်မို့ ကားအက်ဒီးဒန့်ကြောင့်ငါ ဘာဖြစ်သွားခဲ့သလဲဆိုတာသာ ရှုပ်ထွေးစွာရှိနေခဲ့သည်။

ဒါမှမဟုတ် ဒီလိုမဖြစ်နိုင်ဘူးဆိုသည့်ယုံကြည်စိတ်က ဒီဂျေ ပြောနေတာတွေကို အရေးတယူမစဉ်းစားခဲ့တာလား၊ ခုတော့ ဗီဒီယိုနဲ့တကွရှိနေပါပြီ။

ကိုယ့်လက်နဲ့ကိုယ် ဖျက်ပစ်ပြီးတဲ့အထိ ဖုန်းကိုင်ထားသည့်လက်က ဆတ်ဆတ်တုန်နေဆဲ ...။

"ဆောရီးပါ မစံ ... အဲ့လို လုံးဝမရည်ရွယ်ပါဘူး၊ ထပ်ပြီးမှားသွားတယ်ဆိုရင်လည်း အဲဒါ မစံ နဲ့ အဆင်ပြေနေတဲ့ ဆက်ဆံရေးကို ဆုံးရှုံးရမှာကြောက်လို့ဖြစ်ရတာပါ ..."

"တော်ပါတော့ရှင် ..."

ငိုနေရင်း ခေါင်းတွေက မူးနောက်ရီဝေလာပြန်သည်။ ယောကျ်ားတွေအလယ်မှာ ယုံကြည်ခြင်း မယုံကြည်ခြင်းကိုလည်း ဒီထက်တွန်းလှန်ပြီး ငြင်းမနေချင်တော့ပေ ...။

"အန်ကယ်လားဟင် ... ညွန်း ပါ ..."

"သမီး ... ညွန်း ဘာဖြစ်လို့လဲသမီး ... နေမကောင်းလို့လား ..."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း ဘယ်သူနဲ့စကားပြောနေမှန်းသိလိုက်တာနှင့် ဒီဂျေ မျက်နှာ ပျက်သွားသည်။ ဒီလိုအချိန်အခါမျိုးမှာ ညွန်း ယုံကြည်စွာအားကိုးလိုက် သူက ဘယ်သူဖြစ်နိုင်လို့လဲ ...၊

"မစံ သူတို့သားအဖကို ခုထိယုံကြည်နေသေးတာလား ..."

ဖုန်းကိုင်ထားရင်း ညွန်း က မျက်လုံးဝင့်ကြည့်၏။ ပြီးတော့ လေးလံ စွာ ပြန်စင်းကျသွားခဲ့ပြီး ...၊

"ကျေးဇူးပြုပြီး ညွန်း ရဲ့ ကိုယ်ရေးကိုယ်တာကို မစွက်ဖက်ပါနဲ့..."

ဘယ်သူ့မျက်နှာကိုမှ မကြည့်တော့ဘဲ ဆေးရုံအခန်း၏ မျက်နှာ ကျက်ကို ငေးကြည့်နေလိုက်သည်။ သူမ မျက်လုံးတွေပိတ်ကျသွားလို့ မဖြစ် ...၊

ဦးမင်းနိုင် ရောက်မလာခင်မှာ သူမ အသိစိတ်မဲ့သွားလို့မဖြစ်ပေ။ ဘယ်သူ့ဘယ်ဝါ့ကို ယုံကြည်သည်ဆိုတာထက် ခုချိန်မှာ သူမအတွက် ဒီဂျေ တို့က ဘာမှမသက်ဆိုင်ကြသည့်လူတွေဖြစ်နေသည်။

"မစံ ကျွန်တော်ဟို့ အန်ကယ်လ် ဦးမင်းနိုင် လာတဲ့အထိ စောင့် နေပေးလို့တော့ရတယ်မို့လား ..."

မီးရောင်အောက်မှာ မှုန်ညက်ညက်ပါးမို့လေးတွေက ရွှေဝါရောင် အရိပ်နှင့် ပန်းသွေးစို့နေ၏။ ပြီးတော့ မျက်တောင်ကော့တို့၏ အရိပ် ထင်နေပုံက ပါးမို့လေးတွေပေါ်မှာ ယပ်တောင်လေးဖြန့်ကာထားသလို ပင် ...။

ထူခဲညိုမှောင်သည့်ဆံနွယ်ရှည်တို့သည် ခေါင်းအုံးထက်မှာ ကပို ကရိုဖြန့်ခင်းနေရင်း စံရတီညွန်း ဆိုသည့် သူမ၏ မဟာဆန်ဆန်သော အလှကို ဖော်ကျူးနေလေသည်။

မက်မောလာခဲ့သည့်စိတ် စတင်ဖြစ်တည်လာပြီဆိုတည်းက အမှတ် တမဲ့နေခဲ့မိသည့်ကာလများစွာကို ဒီဂျေ နှမျောနေမိသည်။

ခုတော့ အိမ်ထောင်ရှိခဲ့ဖူးတာကို ဝန်ခံလိုက်ရသည့်အတွက် သူ့



ကြိုးစားမှုက နောက်ထပ်ဆုတ်ခွာပေးကွာခဲ့ပြန်ပြီထင်သည်။ ထို့ကြောင့် ဦးလေးဖြစ်သူက ကဲ့ရယ်ခဲ့တာပါ။

"ရွှေထုပ်မှန်းမသိ ချေးထုပ်မှန်းမသိ အသုံးမကျတဲ့ကောင်" တဲ့...။

ညွန်း ရဲ့ မျက်တောင်ဖျားလေးတွေ မေးစင်းကျသွားလိုက် ပြန် ပင့်လာလိုက်ရှိနေတာကို ငေးရင်း ဒီဂျေ အတွေးတွေနဲ့ နစ်မျောနေခဲ့၏။

ထိုစဉ် သူနာပြုဆရာမဝင်လာသဖြင့် ဒီဂျေ နေရာမှ ထဖယ်ပေး လိုက်လျှင် ...၊

"ဒီဂျေ .. ကွန် ဘယ်မှာကျန်ခဲ့တာလဲ .."

ဟင်!...၊

ကွန့် ကို စိတ်ပူနေသေးတာလား ...၊

ဒီဂျေ မျက်နှာပျက်သွားသည်။ ဒီလိုမေးလာလျှင် ဘယ်လိုဖြေမလဲ ဆိုတာ တွေးထားခဲ့တဲ့ထဲမှာမပါပေ ...။

ညွန်း က လှဲနေရာမှ ကြိုးစားပမ်းစား ထထိုင်လိုက်ကာ ...၊

"ရှင့်ကို စွပ်စွဲခဲ့တဲ့ငြိုးချက်နဲ့ သူ့ကို တစ်ခုခုလုပ်ခဲ့သလား .."

ဒီဂျေ ခေါင်းခါပေမယ့် ဘာမှပြောမထွက်သေးဘဲရှိစဉ် အခန်းတံခါးဝ တနေ ဖျတ်ခနဲ ဝင်လာသူက ကွန် ...၊

သို့သော် ...

အထဲက အခြေအနေကိုမြင်လိုက်တာနှင့် ကွန့် ခြေလှမ်းတွေတုံ့ခနဲ ဖြစ်သွားသည်။

ဒီဂျေ နဲ့ လူနှစ်ယောက် ...၊

ပြီးတော့ ညွန်း ...၊

သူ့ကို လှမ်းကြည့်ကြသည့်အကြည့်တွေထဲမှာ ညွန်း ရဲ့ မျက်ဝိုး မင်းတွေကြောင့် သူမနဲ့ မျက်ဝန်းချင်းဆုံလိုက်တာနှင့် စိတ်ထဲမှာ တစ်စုံ တစ်ရာကိုခံစားမိလိုက်၏။

ဟုတ်ရဲ့လား ...၊

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသလိုမယုံကြည်နိုင်သည့်စိတ်နှင့် စူးစိုက်ကြည့်မိလျှင် ညွန်းက တင်းကပ်နေအောင်ဖိပိတ်ထားသည့် နှုတ်ခမ်းလွှာတို့ကို ခပ်လွန်လွန်မဲ့၍ ...၊

"ကွန် ..."

မျက်နှာတည့်တည့်ကြည့်နေကြတာမို့ ကွန် က မထူးပါ။ ညွန်းကလည်း ပြန်ထူးဖို့အတွက်ခေါ်တာမဟုတ်ခဲ့ရာ ...၊

"မင်း ငါ့ကို တစ်ခုခုပြောစရာရှိလား ..."

ကွန့် မျက်ခုံး ဆတ်ခနဲကုတ်ကျသွားသည်။ ပြီးတော့ သူ့မသားကို တစ်လှမ်းချင်း တိုးလျှောက်သွားကာ မျက်ဝန်းတို့သည် ဒီဂျေ တို့ကို ကြည့်နေမိ၏။

ဒီဂျေ က ညွန်း ရဲ့ မေးခွန်းကိုကြားမှ ပြုံးတေ့တေ့နှင့် မေးဆတ်၍ ...

"ဖြေလိုက်လေကွာ .. ကောင်းတယ်၊ ခုလို မျက်နှာစုံတုန်း မေးလိုက်တော့ ရှင်းသွားတာပေါ့ .."

"ဘာကိုလဲ .."

"မင်း ဘာလုပ်ခဲ့လဲ ငါ့ကို လာမေးရသလား ကွန် .. မစံ သတိလစ်နေတုန်း မင်းကိုပညာပေးပြီး ငါတို့ မစံ ကို ကယ်ထုတ်ခဲ့ရတာ .."

"ဘယ်သူခိုးမှ ခိုးတယ်ပြောမှာမဟုတ်ဘူး အာစရိ - ဒီကောင် ခွေးကျင့်ခွေးကြံကြံဖို့ကြိုးစားနေတာ၊ ဗီဒီယိုဖွင့်ပြလိုက် မဟုတ်ရင်လိမ်ဦးမှာ .."

ဘာတွေလဲ ...၊

ကွန် မျက်နှာပျက်သွားသည်။ ညွန်း က မမိုတ်မသုန်ကြည့်နေ၏။ တစ်ခုခုလွဲနေပြီဆိုတာသိပေမယ့် ဘာမှန်းမသိရသေးတာကို ဘာမှမဖြေရှင်းနိုင် ...။

သူခိုးက လူဟစ်နေသည့်အဖြစ်ကို ညွန်း ရဲ့မျက်လုံးစိမ်းတွေ ထဲ ဘာဖြစ်လို့ သူ့ဆီတည့်တည့်ရောက်လာခဲ့တာလဲ ...။ ထို့ပြင် သူ့



အံ့ကြိတ်ထားသေးသည်။ မျက်ရည်ကြည်တို့တစေ့စေ့ပြည့်တက်လာနေ၏။ ပြီးတော့ ...

"မင်း တစ်ခုခုဖြေရှင်းနိုင်သလား .."

"ဘာ .. ဘာကိုဖြေရှင်းရမှာလဲ .."

"ငါမေးနေတယ်၊ မင်း ဘာလုပ်ခဲ့တာလဲ .. ခု ဖြေရှင်း .."

အော်ဟစ်လိုက်မိပေမယ့် ရှိုက်သံနှင့် ကတုန်ကယင်တိမ်ဝင်သွား၏။ ပြီးတော့ မျက်ရည်စက်တွေ ဖြေးဆင်းလာတာကို သူ မယုံနိုင် ...။

အံ့ဩမင်တက်ဖြစ်ရခြင်း၏နောက်မှာ တစ်စုံတစ်ရာကိုနားလည်သွား၏။ လက်ဖဝါးနှစ်ဖက်ကို ခါးချပ်စွာဆုပ်ကျစ်လိုက်မိသည်။

တစ်ခါအညာခံရတော့ သူ ညစ်ပတ်တာ၊ နှစ်ခါခံရပြီဆိုရင်တော့ ကိုယ်ညံ့တာပါ။

ထို့ကြောင့် ခံပြင်းဒေါသတွေက ယုံအောင်ညာနိုင်တဲ့လူတွေဆီကို မဟုတ်တော့ဘဲ ညာတိုင်းယုံတဲ့ မိန်းမဆီကိုတိုက်ရိုက်ကျလေသည်။

"ငါ မင်းဆီကစကားကို စောင့်နေတယ် ကွန် .."

"ဘာစကားမှ မပြောလင့်နဲ့ .. ခင်ဗျားလို မိန်းမကို ဖြီးဖြန်းလိမ်ညာနေစရာမလိုဘူး၊ ကျုပ် ဘယ်လိုကောင်လဲဆိုတာ နားလည်ထားရင်ပြီးပြီ .."

"မင်း ဘာပြောတယ် .."

ကွန် အံ့ကြိတ်ပြီး နောက်ပြန်လှည့်၏။

"ကွန် .."

ညွန်း က မျက်ခုံးဆင်းရပ်ပြီး သူ့လက်မောင်းကိုဆွဲလှည့်လိုက်သည်။ ထို့နောက် ...

"မင်း .. ကဲဟာယ် .."

"ဖြန်း .."

ကွန့် ပါးတစ်ဖက်မီးလောင်သကဲ့သို့ ပူစပ်နာကျင်သွား၏။ ဖောင်း

www.burmeseclassic.com

www.burmeseclassic.com



ခနဲ မီးပွင့်သွားသည့်နောက်မှာ ညွန့် က ခုတင်ဘေးမှာ ခွေခေါက်ပြိုလဲ နေခဲ့၏။

"တောက် ..."

အရိုက်ခံလိုက်ရသည့်ပါးကို လက်ခံနဲ့ ကပ်ရင်း ညွန့် ကို ငုံ့ကြည့်၏။ အံတကျိကျိကြိတ်နေရင်း ခဏကြာမှ သူမကို ငုံ့၍ပွေ့ယူလိုက်သည်။

"လူနာဘာဖြစ်သွားတာလဲ .. ဒေါက်တာလာလိမ့်မယ်၊ ခုတင်ပေါ် ချလိုက်ပါရှင် .. ရှင်တို့ ဘာတွေဖြစ်နေကြတာလဲ .. ဒုက္ခပါပဲ .."

ခုနတည်းက ခဏအကဲခတ်ပြီး ပြန်ထွက်သွားသည့် သူနာပြု ဆရာမက ပြေးဝင်လာပြီး ပျာပျာသလဲဖြစ်နေ၏။

"နေဦး .."

ညွန့် ကို ခုတင်ပေါ်မှာ ပြန်ချလိုက်ပြီးမှ ထွက်ခွာသွားကြဖို့ ခြေလှမ်းပြင်လိုက်သည့် ဒီရေ တို့ကို ကွန် က လှမ်းတားသည်။

"မင်းနဲ့ မစံ ရဲ့ ပြဿနာနော် ကွန် .. မင်းကို သူ ရှင်းခိုင်းနေတာ ရှင်းလိုက်ပေါ့ကွ .. မနိုင်နိုင်ရာမဲဖို့ မစဉ်းစားစမ်းပါနဲ့ ငါတို့က မင်းနိုင်နင်းမယ့် အရုပ်တွေမဟုတ်ဘူး .."

"မင်းပါးစပ်ကို ပိတ်ထားစမ်း .."

"ဒုန်း .."

"ဟော့ .. ဟော့ .. ဘာတွေဖြစ်ကြတာလဲ .."

ဆရာဝန်နဲ့ သူနာပြုတစ်ယောက် ထပ်ဝင်လာကာ နံရံမှာ လက်ဖျံနဲ့ ဖိကပ်ခံနေရသည့် ကွန့် လက်ထဲက ဒီရေ့ ကို ကယ်တင်ဖို့ကြိုးစားကြ၏။

ဒီရေ့ လူနှစ်ယောက်ကလည်း မလှုပ်ရှားပေ ..။ ဒီရေ့ မျက်နှာကလည်း အေးစက်စက်မဲ့ပြုံးနှင့် တည်ငြိမ်နေကာ ...

"လုပ်လေ .. မင်းရဲ့ လက်သီးစာအမိခံပြီး ဒါမှမဟုတ် လည်ပင်းကို ဖိသတ်ခံပြီး လူတော်လူကောင်းလုပ်ပြသွားလိုက်မယ်၊ ဆက်လုပ်



စမ်းပါ .."

နှုတ်ခမ်းလှုပ်ရုံ မသတိစရာလေသံနှင့် ကပ်ရီနေသေးသည်။ ပြီးတော့ ...

"မင်းက ဖြေရှင်းရတာကိုမကြိုက်တဲ့ကောင်ပဲ .. မင်းလိုကောင် ဘယ်တော့မှ .."

"ဟာကွာ .. မင်း .."

"အ .. အစ် .. အစ် .."

"ဟော့ .. လုံခြုံရေးခေါ်စမ်း .."

"ကွန် .. ကွန် လွှတ်လိုက်စမ်း .. ဟော့ .."

ရုတ်ရုတ်သဲသဲတွေဖြစ်သွားတုန်းမှာ ဦးမင်းနိုင် အပြေးတစ်ပိုင်း ဝင်လာခဲ့၏။

"ဘယ်လိုဖြစ်ရတာလဲ ကွန် .. မင်းကွာ .."

သားဖြစ်သူလက်တွေကို ဖြုတ်ချပစ်၍ မချိတရိ ညည်းညူလေသည်။

ပြဿနာဖြစ်လို့ပြေးလာကြည့်လိုက်ပြီဆို .. အဲ့ဒါ ကွန် ..။

www.burmeseclassic.com



အခန်း (၂၅)

"ဆွေ ကလည်း ကိုယ်မကူညီနိုင်တဲ့အဖြစ်၊ ကိုယ့်ထက်စာရင် ပါ၀င်ကူညီနေရတဲ့လူတွေကို တော်ပါတယ် ညံ့ပါတယ်မပြောချင်ပါဘူး၊ ဒါပေမယ့် အစ်ကိုမင်း စဉ်းစားကြည့်လေ .. ဆွေ ကိုယ်တိုင် အစ်ကိုမင်း ရဲ့သားနဲ့ဆိုရင်တော့ စိတ်ချပါတယ်လို့ မျက်နှာလွှဲ ခဲ(ဂဲ)ပစ် ခေါင်းညိတ်ခဲ့တာ .."

"ဟုတ်ပါတယ် မိဆွေ .. နင် ပြောတာမှန်ပါတယ်၊ ငါ့ကိုယ်ငါလည်း နင်မပြောခင်တည်းက သိနေပါတယ် .. ငါက .."

"ဆွေ က အစ်ကိုမင်း ကို အပြစ်တင်ချင်တာမဟုတ်ဘူး၊ လူငယ်တွေကိစ္စကို မိဘတွေနေရာကကာ ပါ၀င်ချုပ်ကိုင်မရမှန်း ဆွေ နားလည်တယ်၊ ဒါပေမယ့် ညွန့်း ကိုတော့ အစ်ကိုမင်း စောင့်ရှောက်လို့ရတယ်လေ မဟုတ်ဘူးလား .. ညွန့်း က မိဘလိုချင်လို့ပါလို့ ခပ်ရိုင်းရိုင်းဝန်ခံတော့ ပတ်ဝန်းအခြင်မှာ သို့လောသို့လောတွေဖြစ်လာမယ်၊ အဲဒါ အစ်ကိုမင်း ဘက်က ဒါ ငါ့သမီးဆိုပြီး မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးလို့ မရဘူးလား .."

ဦးမင်းနိုင် က ငေးကြည့်နေ၏။ မပြောတတ်လို့မဟုတ်ပါ။ သူ့မှာလည်း ကိုယ့်ယုံကြည်ချက်နဲ့ကိုယ့်အစီအစဉ်တွေရှိခဲ့သည်။

ဒါပေမယ့် ညွန့်း ရဲ့အခေါ် ဒေါ်ခင်ဆွေလွင် ပြောပြသွားတာတွေ



ကြောင့် ကိုယ့်ကိုယ်ကိုယ် တာဝန်မဲ့သလိုနေခဲ့မိတာလားလို့ မယုံကြည်စိတ်တွေနဲ့ သိမ်ငယ်မိ၏။

"ညွန့်း ရဲ့အတွေးက ရိုင်းပေမယ့် အစ်ကိုမင်းတို့ ဆွေ တို့က နားလည်ပေးရမှာပေါ့၊ အချစ်ရေး အိမ်ထောင်ရေးဆိုတာကို သမီးလေး လုံးဝစိတ်မဝင်စားခဲ့ဘူး အစ်ကိုမင်း၊ အဲဒါ ဆွေ့ ထက် ဘယ်သူမှပိုသိမှာ မဟုတ်ဘူး၊ သူ့အလုပ်နဲ့ ပတ်သက်ပြီး အဲဒီအိမ်နေရာတွေကို စုံစမ်းရင်း အစ်ကိုမင်း ကို သူသိသွားတာ၊ ဆွေ က ထောက်ခံလိုက်လို့ အဲ့ဒီလူက အစ်ကိုမင်း ဖြစ်နေလို့ .."

ဒေါ်ခင်ဆွေလွင် က ပြောရင်း အားပါ ကကာ ဆိုဖာမှာထိုင်ရင်းကနေ ခါးလေးပါ မတ်ဆန့်နေလျက် ...၊

"အဲဒါကြောင့် ဓာတ်စပ်ဖို့ကိစ္စကိုအစဖော်ပြီး အစ်ကိုမင်း ကို အကူကိုးဖို့ကြိုးစားခဲ့တာ၊ ခု ပြဿနာတွေတစ်ခုပြီးတစ်ခု ဖြစ်လာသမျှ အစ်ကိုမင်း ကူညီပေးမလိုက်တာ ဘာမှလည်းမပါပါလား .."

"ငါ နာကျင်မိရတာလည်း အဲဒါကြောင့်ပဲ မိဆွေ .. ဒါပေမယ့် နင် တွေးသလိုတော့မဟုတ်ဘူး .."

ဦးမင်းနိုင် က ဆိုဖာမှာ ခပ်မတ်မတ်မှီ၍ လက်တစ်ဖက်ဆန့်တင်လိုက်ပြီး ...

"ငါ ရပ်တည်ပေးနိုင်တာ မိဘနေရာပဲ၊ သူ့တစ်ဘ၀လုံးအတွက် လုံခြုံဖို့ အရိပ်မဟုတ်ဘူး၊ ကလေးက သဘာဝမကျတဲ့တောင်းဆိုမှုနဲ့ စလာပေမယ့် လူကြီးတွေက သဘာဝကျကျနေရာချပေးရမယ်၊ ချစ်ခြင်းမေတ္တာကို အလိုမရှိဘဲ မေတ္တာနဲ့ မိုးပေးမယ့်အရိပ်ကို သူ ဘယ်လိုမှမရနိုင်ဘူး .."

"အစ်ကိုမင်း ပြောတာဘာလဲ .."

"ငါ ဖြစ်စေချင်တာက သားနဲ့သမီးကို ကြင်ကြင်နာနာပေါင်းဖက်သွားကြစေချင်တာ .."

"ဒါ ဖြစ်မှ မဖြစ်နိုင်ဘဲ .."

www.burmeseclassic.com



"ဒါ မဖြစ်နိုင်ဘူးဆိုရင် သမီး ကားအက်ဆီးဒန့်ဖြစ်မယ့် အန္တရာယ်မျိုး မကျအောင်၊ မနေ့တစ်နေ့ကလို သူများကြံစည်တာမျိုးမရှိရအောင် သမီးညွန့် ရဲ့ဘေးမှာ ငါ အမြဲတမ်းတကောက်ကောက်လိုက်ပြီး ဓား ထမ်းတုတ်ထမ်းကာကွယ်စေချင်တာလား .."

ဒေါ်ခင်ဆွေလွင် က မျက်မှောင်ကုတ်နှင့် ကြည့်နေ၏။

"ပြောစမ်းပါ မိဆွေ .. နေ့နေ့ညည သားသမီးနောက် လျှောက်လိုက်ပြီး ကာကွယ်ပေးနေတဲ့မိဘရှိသလား၊ ဥပမာ ဒီအရွယ်မိန်းကလေး တစ်ယောက်ကို ယောက္ခမလောင်းဖြစ်တဲ့ လူကြီးတစ်ယောက်ကပေါ့ .."

မရှင်းတတ်တော့ မထားတတ်သည့်မျက်နှာက ငုံ့တော့မလို လွှဲတော့မလိုနှင့် မျက်တောင်တွေ တဖျတ်ဖျတ်ခတ်၏။ ပြီးမှ မော့လာကာ...

"ဘယ်သူနားလည်လည် မလည်လည် .."

"ငါတို့ချည်းပဲ နားလည်နေလို့မရဘူး မိဆွေ .. လောကီဥပဒေမှာ နားလည်မှုနဲ့ စီရင်ချက်ချပေးတာမျိုးမရှိသလို လောကခံရဲ့ စီရင်ချက် အတိုင်းက ပိုပြီးပြတ်သားတယ်၊ လူတစ်ယောက်ရဲ့ဘဝဟာ ကိုယ်လုံး တီးနဲ့စပြီး လောကထဲကိုဝင်လာတယ်၊ ပြီးတော့ ငိုယိုခြင်းနဲ့စတယ်၊ လောကရဲ့ လေစိမ်းထိတွေ့တဲ့ဒဏ်ကိုမှ မခံနိုင်တာ .. အဲဒီတော့ သူ့ကို အနီးလေးထဲထည့်ထုပ်ပေးရတယ်လေ .."

ပြောနေသည့်စကားတွေက သိမ်မွေ့နက်နဲလာခဲ့လျက် ကိုယ့်ဘာသာ တိုးတိတ်စွာရေရွတ်နေတာနဲ့လည်းတူ၏။

"လောကကြီးထဲမှာ သူ့ခြေထောက်လေးနဲ့သူ ခိုင်ခိုင်ရပ်နိုင်တဲ့ အချိန်မှာ သူ့အတွက် နက်ဆဲ့စရီတွေ ဘယ်လောက်ထိဖြည့်ပေးခဲ့ရသလဲ၊ ဒါက မိဘအုပ်ထိန်းသူတွေဖြည့်ဆည်းပေးနိုင်သေးတဲ့ သူ့ရဲ့အရွယ်မရောက် ခင်ဘဝ .."

ဦးမင်းနိုင် က နေရာမှထရပ်လိုက်ပြီး စိတ်ဖိစီးမှုကြောင့် အိုးမင်း ရင့်ရော်သလိုဖြစ်နေသည့် မျက်နှာကြီးနဲ့ ခပ်လှုပ်လှုပ်လျှောက်သွား၏။

ပြီးမှ ခြေလှမ်းရပ်လိုက်ကာ ...



"အရွယ်ရောက်နေပြီး မိဘလည်းမဲ့နေတဲ့ မိန်းမပျိုလေးတစ်ယောက် ရဲ့ဘဝကို နင်တို့ငါတို့ပဲ နားလည်နေရင်ပြီးတာပဲလို့ ဘယ်လိုစိတ်ကူးနဲ့ ပြောလိုက်တာလဲ မိဆွေ .. နင် ပြန်တွေးကြည့်ပါဦး .."

"အစ်ကိုမင်း က ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်းနေတာပါ .. ညွန့် ကိုယ်တိုင်တောင် .."

"သူ့ခြေထောက်ပေါ်သူရပ်တည်နေတာလို့ ပြောချင်တာလား၊ အဲဒါ နင်ထင်နေတာပဲ .. ငါတို့အားလုံး ပတ်ဝန်းကျင်လေကို ရှူရှိုက်အသက် ရှင်နေကြသရွေ့ ပတ်ဝန်းကျင်ကိုမေ့လို့မရဘူး၊ အဲ့ဒီလေထုညစ်ညမ်း လာရင် မကြာခင် လူကယိုင်လဲသွားမှာပဲ .."

"မဟုတ်ဘူး .. အစ်ကိုမင်း က အစွန်းရောက်နေတာ .."

"အစွန်းမရောက်ဖို့ကို ငါပြောနေတာပါ၊ ဂရုစိုက်သင့်တာရှိသလို မစိုက်ဘဲနေလို့လည်းရတယ်၊ ညွန့် အတွက်က ပတ်ဝန်းကျင်ကိုဖယ် ထားလို့မရဘူး၊ ဒီအသက်အရွယ်ထိ သူ ဘာလိုအပ်သလဲဆိုတာ သူ့အတွက် နက်ဆဲ့စရီ သူကိုယ်တိုင်သိလာခဲ့တာ၊ ဒါပေမယ့် အမှားကင်းတဲ့လူမှ မရှိဘဲ၊ အိမ်ထောင်ရေးကို နက်ဆဲ့စရီ ထဲမှာထည့်တွက်တော့ မှားတယ်"

"အစ်ကိုမင်း ဆွေ က အစ်ကိုမင်း ဆီလာပြီး ညွန့် လုပ်နေတာ တွေ မှားသလားမှန်သလား လာဆွေးနွေးတာမဟုတ်ဘူး .."

"နင် ဘာအကြောင်းနဲ့ပဲလာလာ ငါကလူကြီး နင့်ထက်လည်း အသက်ကြီးတယ်၊ ပြောသမျှကို လက်ညှိုးထောင်ခေါင်းညိတ်လုပ်လို့ မဖြစ်ဘူး၊ ဒီမှာ မိဆွေ မိတ်ဆွေကောင်းဆိုတာ အန္တရာယ်ရှိမှန်းသိရင် အမှန်းခံပြီး တားဆီးရတယ် .. ငါ့သူငယ်ချင်းတွေမရှိတော့တဲ့အတွက် ညွန့် က ငါ့သမီးလေးပါ .."

"အဲ့ဒီတော့ ပြောပါဦး .. အစ်ကိုမင်း က ဘာတွေစိတ်ကူးထားလို့ လဲ၊ ဘယ်လောက်ထိ ဒီတိုင်းနေမှာလဲ၊ သမီးလေးရဲ့ဘေးမှာ ခုချိန်ထိ အုပ်ထိန်းသူမဲ့နေသေးတာကို အစ်ကိုမင်း က စဉ်းစားပေးဘူးလား .."

"ငါက သူ့အဖေမဟုတ်လို့ စဉ်းစားနေတာ .."

www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းနိုင် က တစ်ခွန်းတည်းနဲ့ ပိတ်ပြောလိုက်၏။

"အကျိုးတရားတစ်ခုဖြစ်လာတာကိုကြည့်ရင် သူ့အကြောင်းက ရှိကိုရှိနေမှာပဲ၊ သမီး ခုတလောမှာ အသက်အန္တရာယ်ရှိလာတဲ့အထိ ဒုက္ခတွေကြုံလာခဲ့တယ်၊ မနေ့တစ်နေ့ကဖြစ်လာတဲ့ ပြဿနာမှာ ငါ့သားက မုဒိန်းသမားလို့သတ်မှတ်ခံခဲ့ရတယ်၊ ဒါတွေမှာ တကယ့်အမှန်တရားက .."

"အဲဒါကို ဆွေ တို့ကမယုံပါဘူး .."

"မယုံတာက ငါ့သားမို့လို့ပါ၊ ငါ့ကို ယုံကြည်တာထက် ငါ့သားကို ညွန့် ကိုယ်တိုင်ယုံကြည်မှုဖြစ်မှာ၊ သူတို့နှစ်ယောက်အဆင်မပြေဖြစ်နေကြတာကြောင့် သူတို့အိမ်ထောင်ရေးကို ငါ လက်မလျှော့ဘူး မိဆွေ .."

"လောလောဆယ် သေချာတာကတော့ ညွန့် လက်ခံမှာမဟုတ်ဘူး .."

ဦးမင်းနိုင် နှုတ်ခမ်းမှာ ခပ်ယဲ့ယဲ့အပြုံးတစ်ချက်ဖြစ်ထွန်းလျက်..၊

"သမီး ယုံကြည်အောင် နင် မလုပ်နိုင်ဘူးလား .."

"အစ်ကိုမင်း ရယ် .. ဒါက .."

"ငါ့ကိုနားလည်ပေးသင့်ပြီလို့ တောင်းဆိုတာပါ .."

ဒေါ်ခင်ဆွေလွင် မျက်နှာမကောင်းဖြစ်သွားသည်။

"နင့်ထက်ပိုပြီးပြင်းပြတဲ့ဆန္ဒ ငါ့မှာရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကလေးက ဆက်သွယ်လာမှ ငါက .."

"ဆွေ နားလည်ပါတယ် အစ်ကိုမင်း ရယ်၊ အစ်ကိုမင်း က တမင်ရှောင်ပုန်းနေခဲ့တာမှမဟုတ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ဝေးကွာခဲ့ပြီးမှ အားလုံးကိုယ့်သောကနဲ့ကိုယ်ပါ .."

"နားလည်ပေးနေတာကိုက ငါ့အတွက် ဝန်ထုပ်ဝန်ပိုးပါ ဆွေ ရယ်၊ ဒါကြောင့် သမီးကို ငါ တတ်နိုင်သလောက်ကူညီဖြည့်ဆည်းချင်တယ်.."

"အစ်ကိုမင်း ကူညီခဲ့တာပဲ၊ ကိုယ့်သားကလည်း သဘောမပါဘဲ





အိမ်ခြေယာခြေဖျက်ပေးခဲ့တဲ့အထိ ဘယ်သူပေးဆပ်နိုင်လို့လဲ၊ သားနဲ့သမီးကို အစ်ကိုမင်း နီးစပ်စေချင်တယ်ဆိုတာ ဆွေ က မယုံလို့မဟုတ်ပါဘူး အစ်ကိုမင်း ရယ် .. ဒါပေမယ့် ဝေးနေသေးတာကိုစောင့်ပြီး ဒီတိုင်းကြည့်နေရင်းနဲ့ သမီးက တစ်ယောက်တည်း ဒုက္ခများတော့မယ် .."

တိုင်ပင်မထားရဘဲနှင့် နှစ်ယောက်သားဆိုဖာမှာ အသီးသီးငြိမ်ထိုင်မိကြကာ ...

"သူတို့ဆက်ဆံရေးက ဆိုးရွားနေတယ်ထင်ရပေမယ့် ဇော်စပ်ဖို့တိုသားကိုယ်တိုင် သဘောတူခဲ့တဲ့အတွက် ငါ ဖျော်လင့်ခဲ့တာ သမီးကို ငါ့သားက စိတ်ဝင်စားတယ်၊ ခုလိုကြံစည်မှုမျိုး ငါ့သားဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတာလည်း ငါ ယုံတယ်၊ မယုံရဲတာဖြစ်မိတာက သမီးက မောက်မာတယ်လို့ သားကထင်နေတဲ့အတွက် .."

"ဟုတ်တယ် .. သမီးကလည်း သူ့ကိုအရှက်ခွဲရုံသက်သက်ဒုက္ခပေးတာလို့ထင်နေတာ၊ ဘာပဲဖြစ်ဖြစ် သူတို့ကိစ္စကိုတော့ လောလောဆယ်လက်လျှော့ထားရမှာပဲ အစ်ကိုမင်း .. ကွန့် ကို စိတ်ဆိုးလို့မဟုတ်ပေမယ့် ဖွတ်ဆတ်ဆတ်မာကျောကျောပုံစံကို ပြုပြင်စေချင်တာအမှန်ပဲ .. ဒါကလည်း သမီးကို သူကိုယ်တိုင် မနှစ်သက်သာရှ ဖြစ်မှာမဟုတ်ဘူး .."

"ဒီတော့ ငါ ဘာလုပ်သင့်သလဲတွေးကြည့်ဦး မိဆွေ .. နင် မတွေးတာတွေ ငါတွေးမိတယ် အဲဒါပဲ၊ သမီးကို ငါက ကြည့်ရှုစောင့်မထားမယ်ဆိုရင်တောင် ကြားလူရှိနေသရွေ့ သူတို့ချင်း ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး .."

ဒါလည်းဟုတ်တယ်ဆိုသည့်အကြည့်နှင့် ခေါင်းညိတ်ဖော်ရလာသည်။

"ရန်ဖြစ်နေတဲ့လူနှစ်ယောက်ကို ဝင်ဆွဲကြရင် ပိုဆိုးတယ်မို့လား၊ သမီးရည်းစား လင်မယားကြားဆိုတာလည်း တခြားလူကြားမဝင်သင့်ဘူး၊ လူ့သဘာဝကိုက တားနေရင် ပိုလုပ်ချင်တယ်၊ တိုက်တွန်းရင် ရှောင်ချင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



“အစ်ကိုမင်း က ကြားမဝင်ဘူး၊ သူတို့ချင်းလည်း အခု ပိုဆိုးကုန်ကြပြီ၊ ဒါဆို ဆွေ က ဒီထိရောက်လာပြီး ဘာတွေလုပ်ပေးရမှာလဲ၊ ဆွေ လုပ်ပေးခဲ့နိုင်တာ ဘာမှမရှိတော့ဘူးလား .. သမီးလေးကို အထီးကျန်ထားခဲ့ပြီး ဆွေ ဘယ်လိုပြန်ရမှာလဲ အစ်ကိုမင်း ရယ် .. တွေးလည်းကြည့်ပါဦး ..”

“ငါ့ကိုယုံကြည်ရင် နင် ပြန်ပါ၊ ဟိုမှာလည်း ကျန်းမာရေးမကောင်းတဲ့ ခင်ပွန်းနဲ့ စီးပွားရေးနဲ့ နင်ပဲရှိတာမို့လား၊ သမီး နောက်ထပ်ဒီလို မဖြစ်ရအောင် နေထက်ပိုပြီး ငါ ဂရုစိုက်ပါ့မယ် ..”

“တကယ်လို့ အစ်ကိုမင်း သားက သမီးလေးကို မေတ္တာမထားနိုင်ပါဘူးဆိုရင်ရော နောက်ဘယ်တော့မှလေ ..”

“မဖြစ်နိုင်ဘူး၊ ကွန့် ဘက်က ဒီလိုပြောလာမှာမဟုတ်ဘူးလို့ ငါ့စိတ်က ယုံကြည်နေတယ်၊ သမီးက အဲဒီလိုငြင်းလာရင်သာ ..”

“ခုဖြစ်ရတဲ့ပြဿနာမှာ ကွန့် ပယောဂမပါဘူးဆိုတာ သမီးယုံကြည်တယ်ဆိုရင် သမီးကို ဆွေ အမိန့်ပေးနိုင်ပါတယ် ..”

လူကြီးတွေကတော့ ရင်တမမနှင့် အနာဂတ်ခရီးအတွက် ပလန်ခင်းကြလေသည်။



## အခန်း (၂၆)

“ပြန်ပါ ဒေါ်လေးဆွေ ရယ် .. ညွန်း က ကလေးမှမဟုတ်တာ၊ ဟိုမှာ ဦးလေးစိုး ဆေးရုံတင်ထားရတယ်ဆိုပြီးတော့ ..”

“ဟိုမှာက ဆေးရုံပေါ်မှာလေ၊ ညည်းလေးက တစ်ချက်တည်းနဲ့ ခေါက်ခနဲ သေသွားနိုင်တဲ့အဖြစ်တွေနဲ့၊ ပြီးတော့ အသွားမတော်တစ်လှမ်းတဲ့ .. ငါ ဘယ်လိုစိတ်ချရမှာလဲ ..”

“ခက်တော့တာပဲ .. မျက်ရည်ကလည်း လွယ်လိုက်တာနော် ..”

“ဟုတ်တယ် .. ကျုပ်က ညည်းလိုမှအသည်းမမာနိုင်တာ မယ်စံရှာဘီညွန်းရယ်၊ အဒေါ်တစ်ယောက်လုံးရှိတာကို တစ်မြို့တစ်ရွာမှာ တစ်ယောက်တည်း ခွဲထွက်နေတယ်၊ လုပ်တိုင်းဖြစ် ကြံတိုင်းအောင်နေတော့ ဒီအဒေါ်ဘာပြောပြော နားထောင်ရကောင်းမှန်းမသိဘူး ..”

“ဒေါ်လေး ကလည်း ညွန်း ကပဲ မာန်တက်နေတဲ့ မိန်းမကျနေတာပဲ ..”

“မာန်တက်နေရင်လည်း ညည်းတော်တာကို ဒေါ်လေး က ဂုဏ်ယူတယ်၊ ခွင့်လွှတ်တယ် .. ကိုယ်လည်း တကောက်ကောက်လိုက်နေနိုင်တာမှမဟုတ်တာ ..”

ဒေါ်ခင်ဆွေလှိုင် က တစ်ရှူးစထုတ်ယူပြီး နှပ်သုတ်သည်။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ်တစ်စနှင့် မျက်ရည်သုတ်၍ တစ်ရှုံးစတွေကို လုံးထွေးပြီး အမှိုက်ပုံးထဲပစ်ပေါက်ထည့်၏။

ထိုစဉ် ဝသန့် ဆီက ဖုန်းလာပေမယ့် နောက်မှပြန်ခေါ်မည့်အကြောင်း မက်ဆေ့ချ်ပို့လိုက်ပြီး ညွှန်း မကိုင်ဘဲ နေလိုက်ရ၏။

"ကဲပါ ဒေါ်လေးဆွေ ကလည်း ခဏနားလေ နော် .. ညနေခရီးသွားဖို့ပြင်ဆင်ရဦးမှာ၊ တော်ကြာ ပင်ပန်းပြီး ဟိုရောက်တာနဲ့ ဒေါ်လေးပါ လဲလိမ့်မယ်လေ .."

"ဘာလဲ .. ဘယ်သူပြန်မယ်ပြောလို့လဲ၊ ယောကျ်ားကိုပြုစုနေရလို့ ညည်းလေးကို တောက်လျှောက်ပစ်ထားခဲ့ရတာ ခုတော့ ဒီမှာစိတ်မချရဘဲ ငါ မပြန်နိုင်ဘူး .."

"ဟာ .. မဟုတ်တာ .."

"ဘာကိုမဟုတ်တာလဲ ညွှန်း ရယ် .. ဟင် .. ဆေးရုံပေါ်ကလူမမာကို စပါယ်ရှယ်နာ့စ်နဲ့လွှဲထားလို့ရတယ်၊ ညည်းကို ဘယ်သူနဲ့စိတ်ချရမလဲ .."

"ကိုယ့်ကိုယ်ကိုယ်တောင် မကာကွယ်နိုင်တာကို ဘယ်သူကာကွယ်ပေးဖို့ မျှော်လင့်ရမှာလဲ ဒေါ်လေးရဲ့ တစ်လောကလုံးမှာ တစ်ကောင်ကြွက်ရပ်တည်နေတဲ့ မိန်းမသားတွေမရှိတော့တဲ့အတိုင်းပဲ၊ ညွှန်း လိုတောင်မှ ပြည့်ပြည့်စုံစုံမရှိဘဲ ကိုယ့်ဘဝကို ရုန်းကန်တူထောင်နေကြရတာ .."

"တစ်လောကလုံးက မိန်းကလေးတွေအတွက်လည်း ငါ လိုက်ပူမပေးနိုင်ဘူး၊ ညည်းကိုပဲပြောနေတာ .. လိမ္မာပါ့သမီးရယ်နော် .. သမီးအိမ်ထောင်ပြုပါ၊ ကွန့် ကို အခုကိစ္စအတွက် မယုံကြည်ဘူးဆိုရင် သမီးစိတ်ထဲမှာ ယုံကြည်နေတဲ့သူရှိသလား .. သမီး စိတ်ဝင်စားမိတဲ့သူ .."

"ယောကျ်ားတွေကို ညွှန်း စိတ်ဝင်စားလို့ကိုမရတာ ဒေါ်လေး.. ဘုရား ..၊

ဒေါ်ခင်ဆွေလှိုင် မျက်လုံးဝိုင်းသွားသည်။

"ခုလို ယုတ်ယုတ်မာမာတွေကြုံရတော့ ပိုဆိုးတယ် .."



"ဝသန့် လည်း အိမ်ထောင်ပြုဖို့သေချာနေပြီမို့လား .."

"ဝသန့် နဲ့ ဘာဆိုင်လို့လဲ .. ဘာဖြစ်လို့ ဝသန့် ကို ထည့်ပြောနေတာလဲ .."

"မဟုတ်ဘူးလေ သူတောင် သီးချိန်တန်သီးပွင့်တန်ပွင့် .."

"သူ ဒီလိုစိတ်ကူးဖြစ်သွားပေမယ့် ညွှန်း မှ မဖြစ်တာ .."

"သမီးကမဖြစ်လည်း သမီးလိုလှလှပပမိန်းကလေးက ချစ်သူမရှိအိမ်ထောင်မရှိ ရပ်တည်နေရင် နောက်လည်း အလားတူပြဿနာတွေ ထပ်ရှိလာဦးမှာပဲ .."

"ညွှန်း လှလွန်းလို့သဘောကျတာမဟုတ်ဘူး ဒေါ်လေးဆွေ၊ တမင်ကြံစည်တာ .. အရှက်ကွဲရုံလုပ်ကြံတာ .."

"သမီးတို့အဲ့လိုဖြစ်ကုန်အောင် ဒီရေ ဆိုတဲ့ကောင်လေးက ကြံစည်တာလို့ရော နည်းနည်းမှ သံသယမဖြစ်ဘူးလား .."

သိပ်ဖြစ်တာပေါ့ လို့ရင်ထဲမှာ ဖြေလိုက်မိ၏။ ဒါပေမယ့် ညွှန်း ဝါးစပ်ပိတ်နေခဲ့မိသည်။ ဒီရေ့ မရိုးသားဘူးဆိုတာ ဖြေရှင်းချက်တ ထွက်မလာခဲ့ပေ ..။

"ပြောပါဦး သမီးရယ် .. ညည်းပဲ အစ်ကိုမင်း ကို မိဘလိုအားကိုးချင်တယ်ဆို .."

"အန်ကယ်လ်က ညွှန်း အတွက် ဘာမဆိုကူညီပေးမယ့်သူပါ၊ ဒါပေမယ့် .."

"ဟုတ်တယ် သမီး .. သူ့သားနဲ့လည်း စေ့စပ်ပြီးပြီ၊ ဆွေမျိုးဆွေချင်ရင် သွေးချင်းပေါင်းမှရမှာလေ၊ သမီး သူနဲ့ လက်ထပ်ဖို့စဉ်းစားပါ၊ ဒီပြဿနာဖြေရှင်းတဲ့အထိ ဒေါ်လေးစောင့်မယ် .."

"မဟုတ်တာ ဒေါ်လေးရာ .."

"ဟုတ်တယ် .. ဒီတစ်ခါတော့ မသေချာမရေရာဘဲ ထွက်မသွားဘူးလို့ ဆုံးဖြတ်ထားတယ် .."

"ဘာကိုသေချာရမှာလဲ .. ကွန် က သူကိုယ်တိုင်ဝန်ခံခဲ့တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဝန်ခံခံ သူ့စိတ်ကိုသမီးတို့ချင်း မခံစားမိရင်တောင် ဒီကလေးယုတ်မာပါတယ်လို့ ဒေါ်လေးကတော့ ဘယ်တော့မှပြောမှာ မဟုတ်ဘူး .."

"သူက တရားခံပဲဖြစ်နေရင်တောင်မှလား .."

"အဲ့ဒါမဖြစ်နိုင်ဘူးလို့ယုံကြည်တာ ညွန်း .. အစ်ကိုမင်း ရဲ့သားက ဒီလိုလူမဖြစ်နိုင်ဘူး၊ ပြီးတော့ ကောင်လေးကလည်း သမီးလောက်တော့ ချောတာပဲလေ၊ မထိမတွေ့ဘူးတဲ့ ယောကျ်ားတစ်ယောက်လည်းမဟုတ်ဘူး .."

"သူ့ ရည်းစားများတာတော့ ဒေါ်လေးက လက်ခံသားပဲ .."

"ရည်းစားများတိုင်း ဒီယောကျ်ားမကောင်းဘူးလို့ သိမ်းကျုံးမပြောနဲ့လေ၊ 'မရှိရှား ပေါများ' တဲ့၊ ဒီလိုလူက သမီးကို ထိကိုင်မိပြီး ရင်တုန်ပန်းတုန်ဖြစ်လို့ ကျူးလွန်ဖို့ကြိုးစားတယ်ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စကြီးပါ၊ ဒီလိုနည်းနဲ့ မိန်းမတစ်ယောက်ကို အငြိုးထားဖျက်ဆီးတယ်ဆိုတဲ့ စိတ်ဓာတ်အဆင့်ကလည်း မိုင်းနပ်(စ်)ဓါးရိုးပဲ၊ ဒီကောင်လေး အဲ့လိုမျိုး မဖြစ်နိုင်ဘူး .."

သူမရင်ထဲမှာတော့ ဒေါ်လေး ချိန်ထိုးကြည့်ခဲ့သလောက်မများပါ။ ဒါပေမယ့် ခံစားမိနေတာက ကွန် ဒီလိုမဖြစ်နိုင် ..။

"အဲ့ဒီတော့ ဒေါ်လေးကို နင် ဘာပြောပြီး ပြန်လွှတ်လိုက်တာလဲ ညွန်း .."

ဝသုန် နဲ့ ဖုန်းပြောဖြစ်တော့ ညပိုင်းကျမှပါ။ ဒေါ်လေးတွေ ကို အမျိုးမျိုးတောင်းပန်ချော့မော့ခဲ့ရတာ ပြန်တောင်ပြောမပြချင်တော့ပေ။

"ပြောစမ်းပါဟယ် .. ငါ ထွက်လာကာမှ နင့်မှာ တစ်ခုပြီးတစ်ခု ပါလား၊ အခေါ်ဖြစ်တဲ့သူက ဘယ်လိုလုပ်ကြည့်နေနိုင်တော့မှာလဲ .."

"နင်ကလည်း တစ်လေသံတည်းပဲနော် .. ငါနဲ့ ခုလေးတင်ပြဿနာ ဖြစ်ထားတာကို ခုချက်ချင်းလက်ထပ်ဖို့ပြောနေတာ ဘယ်လိုလုပ်ရမလဲ ပြော .."



"ကွန် က ဖြေရှင်းမလာတာကိုပဲ နင် တင်းနေတာပါဟာ၊ သူ ဒီလိုမဟုတ်မှန်းသိနေမှတော့ .."

"ဟင့်အင်း ငါ လုံးဝလျှော့မပေးနိုင်ဘူး၊ သူပဲဖြစ်ဖြစ် ဒီကျေ ဖြစ်ဖြစ် ယုတ်မာတဲ့သူကို ဖော်ထုတ်ရမှာပဲ၊ သူ ငါ့ကိုရွဲ့ပြီး ဒီလူညစ်ပတ်တာ သိသိနဲ့ ရေငုံနှုတ်ပိတ်နေတာဆိုရင် တွေးကြည့်စမ်း၊ ဘယ်လောက်ထိ ကောက်ချိတ်ရွဲ့စောင်းချင်တဲ့စိတ်ဓာတ်မျိုးလဲ .."

"ဟဲ့ .. စေတနာစော်ကားခံရတာ ဘယ်လောက်ခံရခက်လဲ၊ ခံဖူးတဲ့လူမှသိတာ .."

"နင် ခံဖူးလို့ပြောနေတာလား .."

"သိပ်ခံဖူးတာပေါ့ ညွန်း ရယ်၊ နင်ကို ငါ့ဦးလေးရဲ့မိန်းမအကြောင်း ပြောဖူးသားပဲ၊ သူတို့ကျေးဖူး ငါတို့မှာရှိခဲ့တာမှန်တယ်၊ ဒါကြောင့်လည်း အမြဲတမ်းသတိရအောက်မေ့နေတဲ့စိတ်နဲ့ ငါ့ပညာနဲ့ ပြုစုစောင့်ရှောက်ပေးခဲ့တယ်၊ ပြီးတော့ ဘာပြောခံရသလဲ နင် မသိပါဘူး၊ ပြီးတော့ ငါတို့ Second MB မှာတုန်းက မာလာလှိုင် .."

နားထောင်နေရင်း ထိုစဉ်ကအဖြစ်တွေကို ဝသုန် ပြောပြခဲ့တာ သတိရလာမိသည်။ သိပ်ချစ်တဲ့သူငယ်ချင်းတွေပေမယ့် ယူခဲ့ကြတဲ့ မေဂျာတွေ ကွဲသွားတော့ မတွေ့တစ်လှည့် တွေ့တစ်လှည့်နှင့် တစ်နှစ်တစ်ခါတောင် မဆုံဖြစ်ကြပါ။

ထိုစဉ်ကတော့ တိုက်ဆိုင်စွာတွေ့ဖြစ်ကြပြီး လတ်လတ်ဆတ်ဆတ် ခံစားနေရသည့်မျက်ရည်တွေနဲ့ ဝသုန် ရင်ဖွင့်ခဲ့ရှာသည်။

"ကိုသန့်ဇင် ကို သူနဲ့မတွဲခင်က ငါ သဘောကျတယ်လို့ပြောခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူနဲ့ ချစ်သွားတော့ ငါ့ဘက်က ဘာမှရှေ့ခံမရှိဘူး၊ ဟိုက ဆရာမတစ်ယောက်နဲ့ ဈေးစပ်မယ်ကြားပြီး သူ အရှမ်းငိုနေလို့ ငါက စေတနာနဲ့ကြိုးစားပေးတာပါ ညွန်း ရယ်၊ အဲ့ဒါ ငါ့ကို လက်ညှိုးထိုးပြောသွားလိုက်တာ ရက်ရက်စက်စက်" တဲ့ ..။

"နင် မှတ်မိသေးလား ညွန်း .. ငါပြောတာကြားလား .."

www.burmeseclassic.com



တွေးနေမိတုန်း ဝဿန့် အသံကိုပြန်ကြားလိုက်ကာ ...၊

"နားထောင်နေတာပါ .. နင်ပြောပြခဲ့တာကို ပြန်တွေးနေမိလို့လေ.."

"အဲ့ဒါပဲ .. ကိုယ်ချစ်ခင်ရတဲ့သူက စေတနာစော်ကားရင် ပိုပြီး နင့်အောင်နာတယ်သိလား၊ လူမပြောနဲ့ အိမ်မှာမွေးထားတဲ့ တိရစ္ဆာန်လေးတောင်မှ ငါ့ကိုချစ်တဲ့ ပိုမာလေးဆို အိမ်ကလူတွေ ဘယ်လိုဆူဆူ ဘယ်လိုတွန်းတွန်း အသွားမပျက် အစာမပျက်ပဲ၊ ဒါပေမယ့် ငါက သူ့ကို စိတ်မရှည်တဲ့အခါ လေသံမာမာနဲ့ တွန်းထိုးပစ်လိုက်ကြည့် တစ်နေကုန် အစာမစားဘဲ ငါ့ကွယ်ရာမှာ သွားအိပ်နေတော့တာပဲ .."

"သိပါတယ် .. အဲဒါတွေပြန်ပြောပြီး မျက်ရည်ကကျလာဦးမယ်"

အဖြူရောင် ပိုမာရိန်းနယားလေး က ခုတော့ မရှိရှာတော့ပါ။

"ဟုတ်တယ် .. သူ သေခါနီးတော့လည်း တစ်နေ့လယ်လုံး ရေတောင်မဝင်တော့ဘဲနဲ့ ငါ စာမေးပွဲဖြေပြီးပြန်လာတဲ့အထိ စောင့်နေရှာတယ်၊ ငါ သူ့ကိုကိုင်ပြီး နာမည်ခေါ်လိုက်မှ သူ အသက် ..."

"ကဲပါ .. တော်ပါပြီ ဝဿန် ရယ်၊ နင်ပြောချင်တာကို ငါ နားလည်ပါပြီ၊ ဒါပေမယ့် သူ့ကို နားလည်ဖို့တော့ ကြိုးစားရဦးမှာပေါ့၊ ခုဆို သူ ငါ့ကို ပိုပြီးရွဲ့လို့ကောင်းပြီလေ .."

"ဟုတ်တယ် .. နင် ပါးရိုက်လိုက်တာလွန်တော့ မလွန်ပေမယ့် မြန်လွန်းတယ် .."

"ဒေါသဆိုတာ ဘရိတ်မိခဲပါတယ်၊ ပြီးတော့ ငါဖြစ်ခဲ့ရတဲ့ ဒေါသက ရှက်ဒေါသ .."

ထိုစဉ် ...

"သမီးရေ .. ဖုန်းလာနေတယ် သမီး .."

ဒေါ်နန်း က အခန်းရှေ့ကနေ သတင်းလာပို့သဖြင့် ဝဿန် နဲ့ စကားပြောခြင်းကို ဖြတ်ထားခဲ့ရကာ ...၊

"ဟလို ..."

"မမစံ .."



ဒီအသံကိုသိနေသဖြင့် ညွန်း မျက်မှောင်ကုတ်သွားမိသည်။

"မမစံ .. ကျွန်တော် မိုးတိမ် ပါ .."

"သိတယ် .. ဘာကိစ္စလဲ .."

"ကျွန်တော် .. ကျွန်တော် မှားသွားပါတယ်၊ ဖုန်းမချလိုက်ပါနဲ့နော် .. မမစံ ဆီက အလုပ်ပြန်လိုချင်လို့မဟုတ်ပါဘူး၊ ဒီချေ ဆီကလည်း ကျွန်တော် ဘာမှယူမထားခဲ့ပါဘူး၊ သူငယ်ချင်းတွေမို့လို့ သူ့ကိုတစ်ခါတော့ ကူညီမယ်လို့ စိတ်ကူးခဲ့တာဖါ .."

မိုးတိမ် က စကားရပ်ပြီး သူမဘက်က တစ်စုံတစ်ရာအသံထွက်လာမလား မျှော်လင့်နေသေးသည်။ ပြီးမှ ...

"မမစံ နားထောင်နေပါတယ်နော် .. ကျွန်တော့်ကို သူပြောတော့ မမစံ နဲ့ စကားပြောချင်လို့ ခဏလောက်အချိန်ဆွဲထားပေးရုံပဲတဲ့၊ သူပြတဲ့အကြောင်းပြချက်တွေကို ကျွန်တော် ယုံခဲ့မိပါတယ်၊ ဒါပေမယ့် မမစံ ခုလို ဖြစ်သွားရတယ်ဆိုတော့ .."

"ရှင် ဖန်ခံတာက ကားသော့ကို သူများပြန်ယူသွားတော့ မဖြစ်မနေ ပေါ်သွားလို့မို့လား .."

"ကျွန်တော့် စေတနာအရင်းခံကတော့ ကျွန်တော် မှားသွားပြီဆိုတာ နားလည်ခဲ့လို့ပါ၊ ပြီးတော့ ကားသော့ပြန်ယူသွားတာက မမစံ ရဲ့ ခင်ပွန်းလောင်းဖြစ်နေတဲ့အတွက် ခုထပ်ပြီး ရှုပ်ထွေးနေတဲ့ပြဿနာကို ရှင်းပေးသင့်တယ်ထင်လို့ပါ၊ ဘယ်သူဘာထပ်လုပ်လဲမသိပေမယ့် ညနေခင်းမှာ မမစံ ဘက်က ကာကွယ်ရပ်တည်သွားတဲ့သူက မမစံ ရဲ့ ခင်ပွန်းလောင်းပါပဲ"

ညွန်း နှုတ်ခမ်းလေးဖိတ်ပိတ်ထားရင်း ကွန့် မျက်နှာကိုမြင်ယောင်သာမိသည်။ ဒါတွေကို သူများရှင်းရမှာမှမဟုတ်ဘဲ ဖုန်းချထားလိုက်တဲ့အထိ ရင်ထဲမှာ တင်းကျပ်နေတာကမပြေ ...။

ဒီလို ကိုယ့်မာနကို အရောင်တင်ကြေးဆိုရင် ဒီက မိန်းမသား...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ကျွန်တော် လက်မထပ်နိုင်ဘူး .."

အိမ်ရှေ့တံခါးထဲကို ခြေလှမ်းဝင်လိုက်ပြီးမှ စကားသံကို ကြားလိုက်တော့ ပြန်ဆုတ်ဖို့ခက်သွား၏။

"ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက်လိုအပ်နေတိုင်း ဖြည့်ဆည်းပေးရအောင် ကျွန်တော်က သူ အချိန်မရွေးသုံးစွဲလို့ပစ်နိုင်တဲ့ နဲ့က်ဆဲ့စရီ တစ်ခုမဟုတ်ဘူး .."

"ကွန့် .. လက်ထပ်ကြတာကို လက်ထပ်တာပဲတွေး၊ မင်း ဘယ်က အကိုးအကားတွေ ဆွဲထုတ်နေတာလဲ .."

"အိမ်ထောင်ပြုဖို့မသင့်တဲ့ အကိုးအကားတွေထဲက တစ်ခုခုပါ၊ ပြောတိုင်းယုံတဲ့ မိန်းမမျိုးကို ကျွန်တော်အထင်ကြီးလို့မရဘူး .."

"မင်းက အထင်မကြီးတာထားစမ်းပါ၊ မင်းကို သူ့အထင်ကြီးရဲ့လားပဲမေးပါဦး၊ ဒီမှာ ကွန် .. ခုဖြစ်ခဲ့တဲ့ကိစ္စမှာ မင်းလည်း မဖြေရှင်းဘူး၊ သူကလည်း မင်းကိုမယုံသင်္ကာစစ်ဆေးခဲ့တာမဟုတ်ဘူး .."

"ဟား .."

ပြောလိုက်သည့်အသံကတော့ တကယ့်ကို နာနာကြည်းကြည်းပါ



လား ..။

ညွန်း နေရာမှာပဲ မလှုပ်မယှက်လေးရပ်နေခဲ့မိ၏။

"ကျွန်တော် သက်တမ်းတစ်လျှောက်မှာ ကိုယ်က ဖြေရှင်းဖို့မပြောနဲ့၊ ကိုယ့်ကိုရှင်းပြမှာ နားထောင်ဖို့တောင် စိတ်မဝင်စားခဲ့ဘူး၊ စိတ်ထဲမှာ ဒီလူမဟုတ်ဘူးဆင်လာရင် သွားပဲ .. ကြားမြင်ရတာတွေထက် ကိုယ့်စိတ်က ဖြစ်လာတဲ့အတိုင်း အတည်ပြုခဲ့တာ၊ မျက်စိ နား နှာခေါင်းတွေရဲ့ နောက်မှာ ခေါင်းကအကြီးကြီး၊ အဲ့ဒီခေါင်းက ဘာလုပ်ဖို့ထားတာမို့လို့လဲ .."

"ဟ .. နေရာတကာ ငါမှန်တယ်ရှ ဦးတွက်ပြီး ရှေ့နှုတ်ပိတ်လုပ်နေလို့မရဘူးလေ၊ တစ်ခါတစ်လေ လူဖန်တီးတာထက်ပိုပြီး ကြောက်စရာကောင်းတဲ့တိုက်ဆိုင်မှုတွေက အမှန်တရားကို ပျောက်ကွယ်သွားစေနိုင်တယ် .."

"အဲဒါမျိုးဖြစ်တတ်တာလည်း သူ နားလည်ရမှာမဟုတ်ဘူးလား ဖေဖေ .. သူ ကျွန်တော့်ထက် အသက်ကြီးတယ် .."

"ဒါကြောင့် မင်းကို သူ ဘာပြဿနာရှာခဲ့လို့လဲ .."

"ဟွန်း .. ပါးတစ်ဖက်ကျန်သေးတာကိုး .."

"ဘယ်လို!..."

ကွန် က ဘာမှထပ်မပြောဘဲ တိတ်ဆိတ်သွား၏။

"ကွန် .. မင်းတို့ ပါးရိုက်နားရိုက်တွေဖြစ်ခဲ့ကြတာလား .. မိန်းကလေးကို မင်း ဘာပြန်လုပ်ခဲ့သလဲဟင်၊ ညွန်း ဒီလောက်ဖြစ်သွားတာ မင်းကြောင့်လား .."

"စော်ကားပါတယ် စွပ်စွဲလိုက်၊ ပါးရိုက်နားရိုက်ပါတယ်ဖြစ်လိုက်နဲ့၊ အဲဒီလိုထင်ခံရတာတောင် ဘာဖြစ်လို့ ကျွန်တော်ရှည်းပဲ ဖြစ်နေတာလဲ ဖေဖေ .."

www.burmeseclassic.com

www.burmeseclassic.com



အသံတွေတိတ်ကျသွားသည် ..။ ညွန်း ကိုယ့်လက်ဖဝါးတစ်ဖက်ကိုပြန်ငုံ့ကြည့်မိရင်း နောက်ပြန်လှည့်ခဲ့၏။

"မျက်စိ နား နှာခေါင်းတွေ နောက်မှာ ခေါင်းကအကြီးကြီး .."

"အဲဒီခေါင်းက ဘာလုပ်ဖို့ထားတာလဲ .."

ကွန့် စကားတွေက လူကိုသိမ်ငယ်သွားစေခဲ့လျက် ရင်ထဲမှာပါ ပူလောင်လာခဲ့၏။

"ကြားရမြင်ရတာတွေထက် ကိုယ့်စိတ်က ဖြစ်လာတဲ့အတိုင်း အတည်ပြုခဲ့တာ .." တဲ့ ..။

သူမစိတ်ထဲမှာရော ကွန့် ကို တရားခံမဟုတ်ဘူးလို့ခံစားနေမိသလား ..။ ဒီတိုင်းရှိနေမှာပဲလို့ ကွန် က တွက်ပြီး တမင်စွပ်စွဲခဲ့တာလို့ ပြောချင်တာလား ..။

"ဒေါ်စံရတီညွန်း .."

အိမ်ရှေ့လှေကားထစ်ပေါ် ခြေတစ်ဖက်ချဆင်းလိုက်ကာမှ နောက်က ခေါ်သံပေါ်လာ၏။ ခြေလှမ်းပြန်ရုတ်လိုက်ရင်း နောက်လှည့်ကြည့်လိုက်လျှင် ကွန် က ဘယ်လိုခြေလှမ်းမျိုးနဲ့ ထွက်လိုက်လာမှန်း မသိ..။

သူမနောက်ကိုရောက်နေပြီဖြစ်ကာ ..။

"မေမေနဲ့ ဆွေးနွေးစရာတွေရှိလို့ လာတာမဟုတ်ဘူးလား ..။ ပြန်မပြေးပါနဲ့ .."

"ဘာလုပ်တာလဲ .. လွှတ် .."

ကွန် က သူမလက်မောင်းတစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်လိုက်ပြီး..။

"ပြောချင်တာ သွားပြောလို့ရတယ်၊ ခင်ဗျားရှိတဲ့အတိုင်း .."

"ငါ့လက်ကိုလွှတ်စမ်း၊ ငါပြောချင်တာ မပြောချင်တာ မင်း ကန့်သတ်ပေးဖို့မလိုဘူး၊ လွှတ်လို့ပြောနေတယ်နော် .."

ညွန်း အတင်းရုန်းနေသဖြင့် ဒေါသစိတ်က မရည်ရွယ်ပါဘဲ တိုးပွား



လာသည်။ သူမ လက်မောင်းနှစ်ဖက်စလုံးကို ဆွဲယူလိုက်ကာ တံခါးတစ်ဖက်ခြမ်းမှာ ဖိကပ်ချုပ်ထားလိုက်မိရင်း ..။

"ခင်ဗျားလောက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတဲ့ မိန်းမ ခင်ဗျားပဲရှိတယ်၊ လူတွေကို ခင်ဗျားဘာထင်နေသလဲ ဒေါ်စံရတီညွန်း.."

"မသိဘူး .. မင်းကတော့ ကိုယ့်အဆင့်ကိုနိမ့်ချသတ်မှတ်ပြီး ဘာ ရည်ရွယ်ချက်မှမရှိတဲ့ ချာတိတ်တစ်ယောက်ဆိုတာ ငါသိတယ် .."

"ဟား ..."

မျက်နှာတစ်ဖက်လှည့်သွားပြီး ဟားခနဲ ဖြစ်သွား၏။ ပြီးတော့ အံကြိတ်ပြုံး၍ သူမကိုစိုက်ကြည့်ကာ ..။

"ဟုတ်တယ် .. ဒါပေမယ့် အခုကစပြီးမဟုတ်တော့ဘူး၊ အဲဒီ ချာတိတ်ဆိုတဲ့ကောင် ခင်ဗျားကြောင့် ရည်ရွယ်ချက်တွေဖြစ်သွားပြီ၊ မကြာခင် ခင်ဗျားသိရတော့မယ် .."

"မင်း လက်တွေကို လွှတ်လိုက်စမ်းပါ .."

"ဒီမှာ ..."

ပြောလိုက်မှ ပိုရွဲ့သည်။ နံရံမှာ ဖိကပ်ချုပ်ကိုင်ထားရာကနေ ဆတ်ခနဲ ဆွဲယူလိုက်၏။ ညွန်း ထိတ်လန့်သွားကာ သူ့ရင်ဘတ်ကို ပြန်တွန်းထားမိလျက် ..။

"မင်း ဘာလုပ်တာလဲ .."

"ခင်ဗျားပြောသမျှ ကျွန်တော့်ဘက်က နက်(ဂ်)တစ်ပဲလို့ပြောပြီးသားနော် .. အဲဒါကြောင့်ပြောချင်ပေမယ့် မျိုသိပ်နေလိုက်ဖို့ စိတ်ကူးလိုက်ပြီဆိုရင်လည်း မရတော့ဘူး၊ ခင်ဗျားက ကျွန်တော့်အကြောင်းသိနေသလို ခင်ဗျားအကြောင်းကိုလည်း ကျွန်တော်ကသိနေပြီ.."

သူ့မျက်နှာကပ်လာလေ ညွန်း မျက်နှာလေးမော့သွားလေဖြစ်ရကာ—

"အဲ့ဒါက ခင်ဗျားဘာတွေလိုလားပြီး ဘာတွေကိုသဘောမကျနိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသလဲဆိုတာတွေအားလုံးပဲ ..”

သူ့ထံမှ ဝင်သက်ထွက်သက်လေငွေ့နွေးကြောင့် ညွန်း မှာ ရက်စိတ်တွေသာကြီးစိုးနေခဲ့လျက် ဘာမှတုံ့ပြန်မပြောနိုင် ..။

“အခု ခင်ဗျားကိုယ်ခင်ဗျား သံသယဝင်နေပြီ၊ ဒေါ်ခင်ဆွေလွင့်ကြောင့် .. ပြီးတော့ ခင်ဗျားရဲ့တွေဝေမှုကြောင့် လက်ထပ်ပါ့မယ်လို့ ပြောလာဖို့လည်းရှိတယ်၊ ကျွန်တော့်ကို မြင်လိုက်တိုင်းလည်း အထင်သေးရွံ့ရှာနေတယ် ..”

ညွန်း က ဟုတ်တယ်လို့ဖြေနေသည့်အကြည့်တို့နှင့် စူးစိုက်နေခဲ့၏။

“ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေတာက ကျွန်တော်နဲ့သက်ဆိုင်သော ဘယ်အရာမဆို ခင်ဗျားဆန္ဒရှိတဲ့အတိုင်း ဘယ်တော့မှ ဖြစ်ခွင့်မရှိဘူးဆိုတာပဲ ..”

“မင်းရှိတဲ့နေရာကို ငါရောက်လာတာနဲ့ပတ်သက်ပြီး ဒီစကားတွေပြောနေတာလား ကွန် ..”

“ဟုတ်တယ် ..၊ ဒီထိ ခင်ဗျားခြေဦးလှည့်လာရတဲ့အတွေးတွေကို ကျွန်တော်ကသိနေတာ၊ လုပ်လေ .. မဟုတ်ဘူးလို့ ညာချင်ရင်လည်း ညာပေါ့၊ တစ်ခုထပ်ပြောနိုင်တာက ခင်ဗျားက လက်ထပ်ဖို့ခေါင်းညိတ်မယ်ဆိုရင် ကျွန်တော်က နိုး .. ခင်ဗျားက နိုးဆိုရင်တော့ မရရအောင်ယူဖို့က ကျွန်တော့်တာဝန် ..”

“တောက် ..”

မျိုသိပ်ဟန်ဆောင်ထားသင့်ပါလျက်နှင့် ဒေါသကြောင့် အသားများတောင် တုန်လေသည်။ သူ့လက်တွေကို အင်အားရှိသလောက် ဆောင့်ခါရုန်းပစ်လိုက်မိ၏။

ကွန် က ဆောင်းဘီအိတ်နှစ်ဖက်ထဲကို လက်တွေထည့်ထားလိုက်ပြီး ခပ်ရိရိမဲ့ပြုံးနှင့် ရှေ့တိုး၏။



“ဘာလဲ .. ပါးရိုက်ချင်တာလား .. လုပ်လေ ..”

မေးရင်း ထပ်တိုးလိုက်တော့ ညွန်း က နောက်ဆုတ်လိုက်လျှင် နံရံပေါ်ပဲကျောကပ်လျက် ပြန်ကျ၏။ ရင်ဘတ်ချင်းထိဆက်တော့မတတ် နီးကပ်နေလျက် ဒီတစ်ခါ ညွန်း သည်းမခံနိုင်တော့ဘဲ သူ့ရင်ဘတ်ကို တအားတွန်းပစ်လိုက်ပြီး ပြေးထွက်ခဲ့မိသည်။

ကားထဲမှာ ဒရိုင်ဘာစောင့်နေသဖြင့် သူမ ပြေးထွက်သွားတော့ ဒရိုင်ဘာက ကြောင်တောင်တောင်လိုက်ကြည့်၏။ ပြီးမှ ကမန်းကတန်း ညွန်း နောက်လိုက်မောင်းသွားလေသည်။

ဦးမင်းနိုင် က မြင်ကွင်းကို အစအဆုံးစူးစိုက်အကဲခတ်ရင်း ကွယ်ရာကနေ ခေါင်းညိတ်နေ၏။

တကယ်တော့ သူ ဒီတိုင်းထင်ထားပြီးသားပါ။

ညွန်း ကို ကွန် က မုန်းနေတာမှမဟုတ်ဘဲ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"ဒေါ်စံရတီညွန်း .."

"တီ ..."

ခေါ်သံနှင့် ဟွန်းသံက တစ်ထပ်တည်းနီးပါးထွက်လာသည့် ကိုယ့်ကိုခေါ်မှန်းသိပေမယ့် မိုးသံနှင့်ရောချ မကြားသလိုဆက်လျှောက်လာခဲ့သည်။

"ဒေါ်စံရတီညွန်း .."

နောက်ထပ်ခေါ်လိုက်တော့ ကားက ကိုယ့်ကိုလွန်သွားပြီး ရပ်တန့်ခဲ့ပြီဖြစ်၏။ ကားထဲကနေ ထီးကြီးတစ်ချောင်းနှင့် ပြေးလွှားဆင်းလာသူက မကြာသေးခင်ကမှ ပြောဆိုရင်းနှီးခဲ့သော ကန်ထရိုက်တာ ဦးချစ်ကိုကို ဖြစ်နေ၏။

ဗိုက်အနည်းငယ်စူပွပွရှိပေမယ့် ဖြူဖြူထောင်ထောင်မောင်းမောင်း ပဲဖြစ်ကာ လူပျိုကြီးတစ်ယောက်ဖြစ်ကြောင်းလည်း သေချာထုတ်ဖော်ပြောထားခဲ့လေသည်။

"လူက ခပ်ဖြောင့်ဖြောင့်နော် .. ဒါပေမယ့် ယရစ်နဲ့ပြုံနေတကွ၊ ရေရေလည်လည်ရှုပ်တာ .." လို့ ကုမ္ပဏီက ဝန်ထမ်းတွေထဲမှာ တီးတိုး ပြောနေကြတာ ကြားခဲ့သေးသည်။



အဆောက်အဦးဖြို့ချတာရော၊ ကွန် တို့ ခြံထဲမှာ အုတ်မြစ်ချဖို့ဝါ အင်ဂျင်နီယာရှာတော့ ကန်ထရိုက်တာလည်းဖြစ်သည့် ဦးချစ်ကိုကို နဲ့ ပတ်သက်ခဲ့ရသည်။

ကိုယ့်ဘက်က အလုပ်သဘောပေမယ့် ..၊

"မိုးတွေအရမ်းရွာနေတာ ထီးလည်းမပါ ကားလည်းမပါနဲ့ ဘယ်ထိသွားမှာလဲ .."

"ဒီနားတင်မို့ပါ .."

ရှေ့ကပိတ်ထားပြီး ထီးတောင်လှမ်းမိုးပေးထားသေးသည်။ ထိုမြင်ကွင်းကို မျက်နှာစာပြုပြင်နေသော တိုက်ခန်းတစ်ခန်းထဲကနေ ကွန် က စူးစိုက်ကြည့်နေခဲ့၏။

ဆိုက်ဆိုက်မြိုက်မြိုက် ကိုယ့်ရှေ့မှာမှ လာဖြစ်နေကြသဖြင့် စီးကရက်ကို တအားရှိုက်ဖွာရင်း နှုတ်ခမ်းတွေမဲ့သွားခဲ့၏။

"စံရတီညွန်း ပါလား .."

သာလွန် က အနားမှာလာရပ်ကြည့်သည်။ ဆန်းဒေး ကပါ မီးကြိုးတွေ အခွေလိုက်ကြီးကို ပခုံးတစ်ဖက်မှာ ချိတ်ထားလျက် ဖရိုဖရဲတစ်လာပြီး လမ်းပေါ်ကိုလိုက်ကြည့်သည်။

"ဟာ့ .. မင်းရဲ့ မမပဲကွ .. ဘဲကြီးက လီဗာတွေစွပ်တင်နေပုံပဲ.."

ကွန် က ဘာမှမပြောဘဲ မီးခိုးတွေလွင့်နေသည့် စီးကရက်နဲ့ လက်ကို မှန်ပြင်ပေါ်မှာ ခပ်ဖွဖွထောက်လိုက်၏။ ပြီးတော့ မိုးစက်တွေနဲ့ ရေစိုစိုမိန်းမတစ်ယောက်၏ ရုပ်ပုံရှာ မျက်ဝန်းတို့က မမှိတ်မသုန် ..၊

ညွန်း ကိုယ်တိုင်လည်း တစ်ကိုယ်လုံးက ရေစိုနေပြီမို့ ဒီပုံစံနဲ့ လမ်းလျှောက်ရတာလည်း စိတ်ကမလုံခြုံ ..၊

မတ်တပ်ရပ်ပြီး စကားစမြည်းပြောနေရအောင်လည်း မိုးရေထဲမှာ ယောကျ်ားတစ်ယောက်နှင့် ..၊

"လာပါ .. ဒေါ်စံရတီညွန်း .. နီးနီးလေးလေး ကျွန်တော် လိုက်ပို့ပါ့မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ .. ဟိုနားဒီနားမှာမို့လို့လည်း ဒီတိုင်းထွက်လာတာပါ၊ စိုလည်း စိုနေပြီဥစ္စာ .."

"ရေစိုစိုမို့လို့ လျှောက်သွားနေလို့ မကောင်းတာပေါ့ဗျာ .."

သူနဲ့အတူ တွဲသွားလိုဟန်ပြနေတာမဟုတ်ဘဲ စကားတွေဖောင်းသာစေအောင်ပြောပြီး ဒီတိုင်းထီးမိုး၍ လိုက်လာ၏။ ညွန်း ရှက်လည်း ရှက်လာသည်။ စိတ်ထဲရှိသလိုပြောလွှတ်လိုက်လို့မဖြစ်သေး ..။

ပန်းရင့်ရောင် မြန်မာဝတ်စုံခါးကျလက်ပြတ်လေးဖြစ်ကာ သုံးလွှာစကတ်မို့ လမ်းလျှောက်ရတာ အဆင်ပြေပေမယ့် မိုးရေနဲ့ စိုကပ်နေတော့ ဒုက္ခရောက်နေ၏။

ထီးမိုးပေးရင်း ထိကပ်မတတ် ရပ်နေသည့် ဦးချစ်ကိုကို က သူမရဲ့ ပြည့်ဝန်းသော လက်မောင်းသားလေးတွေမှာ မိုးရေတွေစိုနေတာကို ဆောင်းနှမျောတသခြင်းကြီးစွာဖြစ်နေသည့် မျက်လုံးရွဲကြီးများနှင့် တကြည့်ကြည့် ..၊

"ကဲဗျာ .. ခေါ်စံရတီညွန်း က ကားနဲ့မပို့စေချင်ဘူးဆိုရင်လည်း ကျွန်တော်လည်း ဒီတိုင်းပဲ ထီးမိုးပေးရင်း လမ်းလျှောက်လိုက်ခဲ့တော့မယ် .."

သူချည်းပဲ ဟန်ပြင်နေလျက် ညွန်း က တစ်လှမ်းမှမရွေ့သေးပေ ..။ ထိုစဉ် ...

"ဘယ်လိုတွေလဲ .."

မထင်မှတ်ဘဲ ကွန် ရောက်လာသဖြင့် ညွန်း အံ့သြသွားသည်။ ကွန် က ဘာမှန်းမသိပေမယ့် ဝင်လာပြီး သူ့ခေါင်းနဲ့မလွတ်မလပ်ဖြစ်နေသည့် ထီးရွက်ကို လက်တစ်ဖက်နဲ့ ဆွဲပင့်လိုက်၏။

ပြီးတော့ နှစ်ယောက်ကို ဝေ့ခနဲကြည့်ကာ ညွန်း ထံ ပြန်ရောက်ပြီး ..၊

"ဒီတိုင်းအဆင်ပြေနေတာလား .."

နောက်ထပ်မေးခွန်းတစ်ခုထွက်လာသည်။ သို့သော် ဒီက ဘယ်လို



ဖြေရင် သူက ဘယ်လိုပြန်ရှုမှာလဲဆိုသည့်အတွေးကြောင့် ညွန်း ရုတ်တရက် မဖြေဘဲနေလျှင် ..၊

"ချာတိတ်က ဘယ်သူလဲ အသိတွေလား .."

ကွန် က ဦးချစ်ကိုကို ကို စိုက်ခနဲတစ်ချက်ပဲကြည့်ပြီး ညွန်း ဘက် ပြန်လှည့်ကာ ...

"ခင်ဗျားရှေ့ကနေ ခေါ်ထုတ်သွားခွင့်ရှိတဲ့လူ .."

ညွန်း ရဲ့ ပခုံးကနေ လောင်းကုတ်အကျီကြီး လွှားခြုံပေးလိုက်ပြီး ပခုံးလေးကိုဖက်၍ခေါ်ထုတ်သွားခဲ့၏။ ဦးချစ်ကိုကို ထီးကြီးကိုင်၍ ဒီတိုင်းရပ်လျက်ကျန်ခဲ့ကာ ထီးမပါဘဲ ပူးကပ်ဖက်ထားပြီး မိုးရေထဲမှာ လျှောက်ထွက်သွားကြတာကို မယုံနိုင်စရာ ..၊

"ဒီကောင်က ဘာမို့လို့လဲ .."

ဒေါသစိတ်က ကပ်လျက်ပါ၏။ တက်ခေါက်ပြီး ကားရှိရာပြန်လှည့်သွားချိန်တွင် ညွန်း ကလည်း ပခုံးပေါ်ကလက်ကို ဖယ်ချပစ်၏။

သို့သော် ဖယ်ချကာမှ ပို၍ဆွဲကပ်ဖက်ထားလိုက်ကာ ..၊

"ကိုယ့်ကိုယ်ကိုယ် ဘာပုံစံဖြစ်နေပြီလဲသိရဲ့လား .."

"ငါ့ဘာသာ ဘာပုံစံဖြစ်ဖြစ် မင်း ကာကွယ်ပေးဖို့မလိုဘူး၊ လွှတ်နော် .. လမ်းပေါ်မှာ ရုပ်ပျက်ဆင်းပျက်မဖြစ်ချင်ဘူး .."

"ဟား .. ဟား .. ဟား .."

ဖမ်းသာအားရ လှောင်ရယ်သံက ခပ်စိပ်စိပ်မိုးစက်တို့၏ ဆူညံသံတို့ ထွင်းဖောက်၍ ..၊

"ကျွန်တော်ကတော့ ဖြစ်ချင်တာ .. ကွန် ဆိုတဲ့ကောင်နဲ့တွဲလျှောက်သွားရလိမ့်မယ်လို့ ခင်ဗျား ဘယ်တုန်းကမှ မတွေးမိခဲ့ဖူးဘူးမို့လား .. အဲဒီကောင်က ခပ်ရှုပ်ရှုပ်လူပွေ၊ စိတ်ဓာတ်က ခပ်နိမ့်နိမ့်နဲ့လေ .."

ညွန်း သူ့လက်ကို ဖယ်ချမရဘဲ တံတောင်နဲ့ကြိတ်တွန်းပိုက်ဖဲ့ခုံးကျုံ့ရုန်းလိုက်နှင့်ရှိရင်း ...

"သိတယ် .. ခင်ဗျား စေ့စပ်ခဲ့မိပြီဆိုတော့ ဒါတွေကြားရှေ့လ

www.burmeseclassic.com

www.burmeseclassic.com



ရင်နာလေပေါ့ .. ပြီးတော့ နောင်တတွေရ .."

ပြောပြီး မျက်နှာမော့ရယ်သည်။ စကားငုံ့ပြောလိုက် ပခုံးကိုဆွဲညှစ်ဖက်လိုက်နှင့် မသိလျှင် မိုးရေထဲမှာ ချစ်သူတွေကြည်ကြည်နူးနူး လမ်းလျှောက်နေသလိုပင် ..။

"ကြိုက်တယ် .. အဲ့ဒီအတိုင်းဖြစ်ရမှာ၊ ခင်ဗျားက မကြားချင်ပေမယ့် အားလုံးသိလေ ပိုကောင်းလေ .. ဒါနဲ့တောင် ဟိုချီးထုပ်က မသိဘူးဖြစ်သေးတယ်၊ ဒါပေမယ့် ခုတော့ သိသွားပါပြီ .."

ပြောနေရင်း လူကိုဖက်လျက်သားနှင့် လမ်းဘက်ကို နှစ်ယောက်ပူးလှည့်ရပ်လိုက်သည်။ ပြီးတော့ တက္ကစီတစ်စီးလှမ်းတား၍ ...

"လိုက်သွားတော့ ကျွန်တော်အလုပ်ရှိသေးလို့ .. အဲ .. တခြားလမ်းကြောင်းလေးတွေရှိသေးလို့ .."

တက္ကစီက သူတို့နားထိ ကွေ့ဆင်းလာပြီး ထိုးရပ်သွား၏။ သို့သော် ကွန် တံခါးဖွင့်လိုက်တာနှင့် အထဲက ဆံပင်ကျော့လောက်အဖျားကောက်လေးတွေနှင့် မိန်းမလှလေးတစ်ယောက် ဖျတ်ခနဲ ဆင်းချလာ၏။

သူမလေးက ညွန်း ကို စူးစူးရဲရဲကြည့်၏။ ပြီးမှ အံကြိတ်၍ ...

"ရှင် စေ့စပ်လိုက်တာ သူလား .."

"ဟုတ်တယ် .."

ညွန်း မျက်နှာလေးနီရဲသွားသည်။ ယောကျ်ားတစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက် ...၊

ပြဿနာတက်ရသည့်အကြောင်းက ဒီပုံစံကိုလှမ်းမြင်လိုက်ကြတာနှင့် လူတိုင်းသိကြလိမ့်မည်။ အနီးစပ်ဆုံးရှိနေသော တက္ကစီဒရိုင်ဘာ၏ အကြည့်တွေကြောင့် ညွန်း သူတို့ပြဿနာထဲက ရုန်းထွက်ဖို့ သူ့လက်ထဲက အတင်းရုန်းမိသည်။

ကွန် က အေးစက်စက်မျက်နှာနှင့် ညွန်း ကို ဖက်ထားတာကိုလည်း မလွှတ်ဘဲ သူမကိုကြည့်၍ ...

"မင်း နောက်ထပ်သိချင်တာတွေရှိသေးတယ်မို့လား .. ကိုယ်ပြော



ပြမယ် .. ဒီမှာနေခဲ့ .."

"ဒီမှာရပ်ပြီး မိုးဆိုခံနေစရာအကြောင်းမရှိဘူး၊ လာ .. ကွန် လိုက်ခဲ့"

သူမက ကွန့် လက်ကို အပိုင်ဆွဲ၍ ကားထဲဝင်ဖို့လုပ်၏။ ကွန် က လက်ကို အသာလေးပြန်ရုန်းလိုက်ကာ ...၊

"သူ့တစ်ကိုယ်လုံး စိုရွှဲနေလို့ မင်း ခဏဖယ်လိုက် .."

"ဘာ ..."

လက်တစ်ဖက်သည် သူမ လက်ကိုဆွဲ၍ တံခါးနားကဖယ်စေကာ ဖက်ထားသည့် ညွန်း ကို ကားထဲထည့်ပေးလိုက်၏။ ပြီးတော့ ...

"ဂျိမ်း .."

တံခါးကို တွန်းပိတ်ပစ်လိုက်ကာ ...၊

"အိုခေ .."

ဒရိုင်ဘာကို သွားတော့ဖို့လက်ပြလိုက်၏။

"ကွန် .. ရှင် တော်တော်မျက်နှာပြောင်ပါလားဟင် .. ရှင့်ကိုချစ်နေတဲ့ မိန်းကလေးတစ်ယောက်အပေါ်မှာ .."

"အေးအေးပြော နှင်းဆီ .. ဗရုတ်ဗရက်တွေလာမလုပ်နဲ့ .."

တွန်းထိုးရိုက်ပုတ်လာသည့် နှင်းဆီ ရဲ့ လက်တွေကို ဖမ်းကိုင်ထားလိုက်ပြီး သတိပေးသည်။ ပြီးတော့ လွှတ်ပေးလိုက်ရင်း မျက်နှာပေါ်က ရေတွေကိုသပ်ချလိုက်ကာ ...၊

"ပြော .. ဘယ်သွားကြမလဲ .."

မိုးစက်တွေကသည်းလာသည်။ မျက်နှာကို တစ်ချက်ပွတ်ချလိုက်ရုံနဲ့ အဆင်မပြေတော့ဘဲ ဆံပင်တွေကို နောက်သိမ်းလှန်လိုက် မျက်နှာကို သပ်ချလိုက်လုပ်နေရ၏။

ခုလေးတင် ကားထဲကထွက်လာခဲ့သည့် နှင်းဆီ ရဲ့ အပြာနုရောင် ဆွဲသားဝတ်စုံလေးက ကိုယ်မှာတပ်ချပ်သွားခဲ့ပြီဖြစ်ကာ သူမရဲ့ကိုယ်ခန္ဓာကောက်ကြောင်းလေးတွေကလည်း ထင်ရှားရှန်းကြလာပြ၏။

"ဘယ်သွားကြမလဲ ဟုတ်လား .. အခု နှင်း မှာ ရေတွေစိုရွှဲနေပြီ

www.burmeseclassic.com



## အခန်း (၂၉)

"ဘယ်သူ့ဖုန်းလဲ .."

"ဆယ်ရာရ် .."

"ဆယ်ရာ်ရ် ဟုတ်လား .."

ဆန်းအေး က ပြူးတူးပြဲတဲ မျက်နှာနှင့် ပြန်လှည့်လာ၏။ ဆယ်ရာရ် ဆိုတာ ကွန့် ရဲ့ ရည်းစားတွေထဲက စီနီယာကျခဲ့သူဖြစ်သည်။ ချမ်းသာသလောက် ခေတ်မီသည်။ ပြီးတော့ ထက်မြက်မှုအပြည့်နှင့် မိန်းကလေး..။

"သူ ဂျပန်မှာနေတော့မှာဆိုပြီး ဘာဖြစ်လို့ .."

"သူ့ဟာသူ ဘာကြောင့်ပြန်လာလာ .."

"ဒါဆို မင်းက ဘာလုပ်ဖို့ ပြင်ဆင်နေတာလဲ .."

"သူက တွေ့ချင်တယ်ဆိုလို့ .."

"ဟာကွာ .. မင်း ဥစ္စာမဟုတ်သေးပါဘူး .."

ကွန် က အပြင်သွားခါနီးတိုင်း စီးကရက်ခဏတော့သောက်တတ်သည့်အကျင့်အတိုင်း မီးညှိပြီး ပြတင်းတံခါးနားသွားရပ်၏။ ဆန်းအေး က သူ့ဆီးရောက်လာကာ ..၊

"ဒီကောင်မလေးကို မင်း လျှော့မတွက်နဲ့နော် .. ပြီးလက်စနဲ့ ပြီးသွားတာကောင်းတယ်၊ ခုပဲ နှင်းဆီနိုင် ကြောင့် မင်း ရှင်းရဦးမှာ .."



"တမင်တကာပွဲဆူအောင်ဖွတာကို သိသိကြီးနဲ့ ဂရုစိုက်ဖို့မလိုပါဘူး .."

"ဒါ တမင်အကာလို့ပြောလို့မရဘူးလေ၊ ကားထဲကနေ သူ ထွက်လာတာနေခဲ့ဖို့မှမဟုတ်တာ၊ မင်းပဲ ဆွဲဖယ်ပစ်လိုက်ပြီး စံရတီညွှန်းကို ကားထဲထည့်လိုက်တာလေ၊ သူ့အထုပ်ကျန်ခဲ့တာက မတော်တဆ.."

ဒါပေမယ့် နှင်းဆီနိုင် ကတော့ အရှုံးထဲကအမြတ်လို့တွက်ပြီး အားပါးတရရယ်ခဲ့တာပဲ ..၊

တွေးမိတော့ ကွန် မျက်နှာမှာ ခပ်ချဉ်ချဉ်မဲ့ပြုံးနှင့် ..၊

"သူတို့လည်း ပိုင်ပြီထင်ရင် ဆော်တာပဲ .."

လို့ပြောပြီး စီးကရက်ကို ပြတင်းပေါင်နဲ့ ဖိကပ်ချေပစ်လိုက်၏။ မိုးသည်းသည်းမှာနှင်းဆီ ဟားတိုက်ရယ်ခဲ့တာကို နားထဲမှာကြားနေမိရင်း စီးကရက်က မွမွကြေခြင်းသို့ရောက်၏။

"ဟား .. ဟား .. ဟား .. ကောင်းလိုက်တာ၊ လုံးဝကို ကွက်တိပဲ၊ ဒီလိုဖြစ်အောင်လုပ်ရင်တောင် ဒီလိုဖြစ်လာမှာမဟုတ်ဘူး၊ ခုတော့ ကားပေါ်ပါသွားတဲ့ နှင်း ရဲ့ အိတ်ထဲမှာ ရှင်က ဘယ်သူ့ရဲ့ သတို့သားလဲဆိုတာ သက်သေပြဖို့ပစ္စည်းကပါသွားပြီ ဘာလေးလဲ သိချင်သေးလား.." တဲ့ ..။

"ကွန် .."

စိတ်တိုနေရသည့်ကြားထဲ ဆန်းအေး က လက်တို့မေးလာသေးသည်။

"မင်း အဲ့ဒီကိစ္စက မင်းပစ္စည်းတွေမဟုတ်တာ သေချာပါတယ်နော် .."

"ဟော့ကောင် .. ငါ ငတုံးမဟုတ်ဘူး .."

"ဒါပေမယ့် မတော်တဆများ .."

"လျှောက်ပြောမနေနဲ့ .."

"နေပါဦးဟ .."

www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကွန် ဘယ်ကားပေါ်တင်ပေးမှာလဲ၊ ဒီခန္ဓာကိုယ်မှာ ရေတွေနဲ့မြင် မကောင်းအောင်ဖြစ်နေပြီ၊ ဘာနဲ့ ကာကွယ်ပေးမှာလဲ ..”

ညွန်း ကိုယ်ပေါ်မှာ သူ ခြုံပေးလိုက်တဲ့ ကုတ်အကျီကို ကွိုင်ရှာပြီ မှန်း သူသိသည်။ သို့သော် ...၊

“ဒီနားမှာတင် ကိုယ့်ဆိုင်ရှိတယ်၊ ဒါပေမယ့် မင်း လိုက်လို့မရ လောက်ဘူး၊ အဲ့ဒီမှာလည်း ယောကျ်ားတွေချည်းပဲ ..”

“တော်ပါတော့ ..”

နှင်းဆီ က လက်သီးလေးနှစ်ဖက်ဆုပ်ပြီးအော်ကာ လွယ်ထားသည့် ဆလင်းဘက်ခ်ကြိုးရှည်အိတ်လေးကို ခေါင်းကနေပြောင်း၍ စွပ်ချလိုက် သည်။

ပြီးတော့ ဘာတွေဒေါသတကြီးပြောနေသည်မသိ တော်တော်ဝေး နေမှ လှမ်းမြင်ရတာတောင် အချေအတင် စကားတွေများနေကြတာမှန်း သိသာ၏။

ညွန်း မျက်နှာပြန်လှည့်၍ မတ်မတ်ထိုင်လိုက်ရင်း မျက်လုံးတွေ ကိုပါ မှိတ်ပစ်လိုက်မိသည်။ ကားမောင်းနေမှန်းသိလျက်နှင့် လူတွေဝိုင်း ကြည့်နေကြသည့် လမ်းမကြီးပေါ်မှာ တစ်ယောက်တည်းလျှောက်ရသလို မလုံခြုံနိုင် ...။

ပြီးတော့ မိုးရွာနေသည့်အသံကို မကြားရသော်လည်း ကားနဲ့အပြင် ဘက်မှာ မိုးတွေသည်းနေတာကို အာရုံထဲမှာတိုက်ရိုက်ခံစားမိနေ၏။

မျက်လုံးတွေကို မှိတ်လိုက်ပေမယ့် ပစ္စက္ခအခြေအနေတစ်ရပ်ကို ဖျောက်လို့မရပါလား ...။ ရှက်နေသည့်စိတ်က ကြွင်းကျန်ခဲ့လျက် လူကို အကြီးအကျယ်ဒုက္ခပေးနေသည်။

ကွန် ဆိုတာ ဘယ်လိုယောကျ်ားအမျိုးအစားမှန်း သူမ မသိခဲ့ပေ။ ပတ်သက်ကြရမည်ဆိုသည့်အချိန်မှာ ကြားသိလာရတာတွေကိုလည်း မတုန်လှုပ်ခဲ့ပါ။ သို့သော် ...

ဟင်!...၊



မျက်လုံးတွေမှိတ်၍ ကူရှင်မှာမှီလိုက်စဉ် ဒေါ့းကိုချလိုက်မိသည့် လက်တစ်ဖက်က တစ်စုံတစ်ခုကို ထောက်မိလိုက်သလိုဖြစ်သွား၏။ လက်ကပျာကယာပြန်ရုတ်၍ ငုံ့ကြည့်လိုက်လျှင် ချည်ကြိုးလေးနှစ်ဖက် နှင့် ကတ္တူအိတ်သေးလေးတစ်လုံးဖြစ်နေသည်။

ထို့ပြင် အိတ်က လဲကျနေကာ အထဲက ပစ္စည်းတစ်ချို့ ဆိုဖာပေါ် ထွက်ကျနေ၏။

ဒါတွေ ဟိုမိန်းကလေးကျန်ခဲ့တာတွေမှန်းတွေးမိကာ ရုတ်တရက် စိတ်က ပျာယာခတ်သွား၏။ သူမကို ဆွဲဖယ်ပစ်ပြီး ကိုယ့်ကို ဇွတ်တွန်း တင်ပေးလိုက်တာမို့ ဒါက သူမနေရာ ...။

ထွက်ကျနေသည့် မျက်တောင်အတုနှစ်ဘူးနှင့် လက်သည်းဖျက် ဆေးဘူးလေးရယ်၊ မျက်နှာသစ်ကရင်(မ်)ရယ်ကို အိတ်ထဲပြန်ကောက် ထည့်လိုက်မိ၏။ ပြီးတော့ ...၊

ပလတ်စတစ်အကြည်ရောင်အိတ်လေးနှင့် အထဲမှာ ဘာပစ္စည်းလေး မှန်း မသိသဖြင့် ကောက်ကြည့်လိုက်မိလျှင် ...

ဟင်!...၊

‘ဘုရား’ တလိုက်ရင်း ကယောင်ကတန်းလွှတ်ချလိုက်မိ၏။

သူမက ကိုယ်ဝန်ဆောင်တစ်ယောက် ...၊

www.burmeseclassic.com

www.burmeseclassic.com



ဆန်းဒေး က သူ့ခြေလှမ်းပြင်လိုက်တာနှင့် တားဆီးပြီးသားဖြစ်နေကာ ...

"မင်းကို ငါ ပြောချင်တာက ဒီလိုကိစ္စတွေဖြစ်လာရင် ယောကျ်ားလေးလည်း နာမည်ပျက်တာပဲကွ .. ပြီးတော့ မိန်းကလေးဘက်က ဘာပြောပြော မဲသာတယ် .."

"ကလေးမွေးလာရင် မဲခွဲပြီးများတဲ့ဘက်က ဒီအင်နဲ့အေနဲ့ ထွက်လာတာလား .."

"လုပ်ပြီ .."

"နှင်းဆီခိုင် ဆိုတဲ့တစ်ယောက်အကြောင်း မင်းထက် ငါ ပိုသိတယ်.."

"အေးလေ .. မင်း ပစ္စည်းပဲဟာ .."

"အိတ်ပါသွားပြီဆိုမှ အဲ့ဒီကိစ္စထဖြစ်တာ .. ဒါ တကယ်သာဆိုရင် ငါ့ရှေ့မှာ မရှုနိုင်မကယ်နိုင်ပေါက်ကွဲမှာမဟုတ်ဘူး .."

"ဒါတစ်ချက်နဲ့ပဲ မင်းက စိတ်ချနေတာလား .. မင်းကိုယ်မင်း သေချာရဲ့လား ကွန် ရာ .. စံရတီညွှန်း ကို ချိန်ထားပြီး ဒီလိုကိစ္စမျိုးရှိလာတာ ရှော့ခ်အကြီးကြီးနော် .."

"ဘာရှော့ခ်မှ ဖြစ်ဖို့မရှိဘူး .."

"နောက်ဆိုဆင်ခြင်ကွာ .. ရည်းစားဆိုလည်း ရည်းစားပေါ့၊ ဟိုမရောက်ဒီမရောက်ကိစ္စတွေက ကိုယ်တကယ်ချစ်တာလေးနဲ့တွေ့လာရင် .."

"မင်း ပွားနေတာ ပြီးဦးမှာလား .."

"မင်း အခုသွားဖို့ပြင်နေပြီလေ၊ အဲဒါကို စိုးရိမ်လို့ပြောနေတာ၊ မိန်းကလေးတွေက ပွင့်လင်းတာလိုလို ခေတ်မီတာလိုလိုနဲ့ နိုင်ငံခြားက ဘာညာကွိကွနဲ့ ပြန်လာတာတွေဆိုပိုဆိုးတယ် .."

ဆန်းဒေး က ကွန် ထွက်လာတဲ့အထိ ပါလာကာ ...၊

"မိန်းကလေးတွေ လိုက်လျောတိုင်း အလွယ်လေးမယူနဲ့၊ သူတို့က လွယ်စရာရှိရင်တော့ လက်ကုန်ပဲ၊ ပြီးတော့ မိန်းကလေးဇာတိက ပြလာတာပဲ .."

"ငါလည်း ယောကျ်ားလေးပဲ .."

"အေး .. မင်းပဲပြောတော့ .."

"မပြောအားသေးဘူး ဖုန်းလာနေတယ် .."

သူ ဖုန်းထုတ်ကိုင်လိုက်တာနှင့် ဆန်းဒေး က အထဲကိုပြန်လှည့်ဝင်လာလျှင် ...၊

"ခုလာတော့မလို့ .."

"...... ...... ......"

"ဘာ .. မင်းရဲ့ ကာစင် နဲ့ ဟုတ လား .."

ဆန်းဒေး ခြေလှမ်းရပ်သွားပြီး နောက်ပြန်လှည့်ကြည့်သည်။ ကွန့်မျက်နှာပေါ်က မထိတထိအပြုံးကို လှမ်းမြင်လိုက်ရကာ အိတ်ထဲက မျက်မှန်ထုတ်တပ်ပြီးမှ ကားထဲဝင်၏။ ပြီးတော့ ...

"ဘာမဖြစ်စရာရှိလို့လဲကွာ .. ကိုယ်က ဆွေပြမျိုးပြလာတွေ့တာမှမဟုတ်တာ၊ နိုးပရိုဘလန်(မ်) .."

ဘာတွေ ပြဿနာမရှိနေတာလဲတော့ မသိ ...။

ဆန်းဒေး အထဲပြန်ရောက်တာနှင့် အိတ်ထဲက ဖုန်းကထမြည်လာ၏။

"ဟလို .."

"...... ...... ......"

"ဟာ .. အန်ကယ်လ် .."

"ခုလေးတင် ထွက်သွားတာ အန်ကယ်လ် .."

"...... ...... ......"

"ဗျာ ..."

ဘယ်သွားတာလဲဆိုတာကို ဘယ်လိုဖြေရမှန်းမသိ၊ အထဲကထွက်လာသည့် သာလွန် ကို ဖုန်းပြပြီး မေးဆတ်မေးမိ၏။ သာလွန် က ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ဆိုသည့် အမူအရာနှင့် ခေါင်းငုံ့ပြသော်လည်း ...၊

"ဘယ်သူလဲမသိဘူး၊ ဖုန်းဆက်လို့ထထွက်သွားတာ အန်ကယ်လ်... အရေးတကြီးတော့မဟုတ်လောက်ဘူးထင်တယ်၊ အန်ကယ်လ်က အရေးကြီးလို့လား ..."

ဒီလောက်ဆို ဦးမင်းနိုင် နားလည်နေပြီဖြစ်သည်။ ဖုန်းကိုင်ရင်း ဒီဘက်ပြန်လှော့က်လာတော့ စားပွဲပေါ်မှာတင်ထားသည့် စာရွက်ခေါက်လေးက လေနဲ့လွင့်ကျသွားတာ မြင်လိုက်ရကာ ...၊

"ကျွတ် ..."

ကပျာကယာပြေးကောက်မိမလိုဖြစ်သွားပြီးမှ စုတ်သပ်ကာ ...၊

"ကုလား ..."

ကုလား ကို ခေါ်သနှင့် ခေါ်လိုက်မိ၏။ ဒီခေါ်သံဘယ်လိုရောက်လာမှန်း ကိုယ့်ဟာကိုယ်တောင် နားမလည်နိုင် ...။ ထူးသံကျယ်ကျယ်နှင့် ကုလား ပြေးထွက်လာမှ ကိုယ့်အသံပြန်မှန်အောင် အသက်တစ်ဝရှိုက်၍ ...

"ဟိုမှာ စာရွက်လွင့်ပါသွားပြီ အိမ်ရှေ့မှာ ..."

"ဟုတ် ..."

ကုလား က ခေါက်ချိုးချိုးရှုံ့ ပိပြားနေသည့် စာရွက်ကို အိမ်ရှေ့ထိ သွားပြေးကောက်သည်။ ပြီးတော့ နောက်ထပ်တစ်မျိုးထပ်ခေါက်လိုက်ပြီးမှ ဦးမင်းနိုင် လက်ထဲပြန်လာထည့်ပေး၏။

"ဒီစာရွက်ကို ခြံဝမှာညှပ်ခဲ့တာ ကလေးလေးတစ်ယောက် သေချာလား ..."

"သေချာပါတယ် ... အဲဒီချာတိတ်လေးက ကျွန်တော် ထွက်လာတာမြင်မှ ခြံဝကနေထွက်ပြေးသွားတာပါ ..."

"တောက် ..."

ဦးမင်းနိုင် ဒါကိုတော့ ဘယ်လိုမှ သည်းမခံနိုင်ပေ ...။ ဖြစ်ချင်တော့



တရားထိုင်ပြီး ဆင်းလာတာ ထိုင်တောင်မထိုင်ရသေးပေ ...။ သူ ဆင်းလာတာနှင့် ကုလား က စာကိုကိုင်ပြီး ဝင်လာတာတန်းတိုးသည်။

"ကယ်လ်လေး ကျွန်တော် ဘာမှန်းမသိလို့ ဖြန့်တော့ ဖြန့်လိုက်တယ်၊ အန်ကယ်လ် ဦးမင်းနိုင် လို့ တွေ့တာနဲ့ ဆက်မဖတ်ဘဲယူလာတာပါ ..."

ဆိုပြီး သူ့လက်ထဲထည့်ခဲ့တာဖြစ်၏။ ဒုတိယတစ်ခါ စာကိုပြန်ကောက်ခိုင်းရသည့်အဖြစ်က စာပါအကြောင်းအရာတွေကို သိထားပြီးပြီမို့ လက်ထဲရောက်လာသည်နှင့် ဖိညှစ်ဆုပ်ထားလိုက်မိ၏။

သို့သော် ဒီစာကိုဖတ်ဖို့ တစ်ဆယာက်ကျန်နေသေးတာတွေးမိပြီး လက်ကိုပြန်လျှော့လိုက်၏။ ပြီးတော့ တော်တော်ကြေမွသွားသလားဆိုသည့်စိတ်နှင့် စာကိုပြန်ဖြန့်လိုက်မိလျှင် ...၊

အန်ကယ်လ် ဦးမင်းနိုင် သို့ သိစေအပ်ပါသည်။

သမီးက နှင်းမိုးရာသီ ပါ။ အန်ကယ်လ်သားရဲ့ အလေးထားခြင်းခံရသော ချစ်သူတွေထဲက စီနီယာဆိုရင် ပိုမှန်ပါတယ်၊ ရည်းစားတွေကို ထည်လဲတွဲတာလွယ်ပါတယ်၊ မိန်းကလေးတစ်ယောက်ကို ကျူးကျော်ဖျက်ဆီးခဲ့ပြီဆိုရင်တော့ တာဝန်ယူရမှာပါ။

နှင်း ဘယ်လိုမိန်းမမျိုးလဲဆိုတာ မတွေးဘဲ ငါ ဘယ်လိုအဖေမျိုးဖြစ်လာမလဲဆိုတာဖဲ ကိုယ့်အနာဝတ်ကိုတွေးမိုလည်း အန်ကယ်လ် သတိပေးပေးပါ။

ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်လ် သူ့ကို သင်ထားမို့သင့်တာတွေ အများကြီး မေ့နေခဲ့တာလေ ...။ ဘာတွေသင်ပေးရမယ်ဆိုတာတွေကို နှင်းက သတိပေးတာပါ။

ဒီညနေ သုံးနာရီ တလေးပို့လိုက်ပါ့မယ်။ ကွန် ဆိုတဲ့ကလေးနဲ့အဖေက အိမ့်မတုတ် သူ့အဘိုး ဦးမင်းနိုင် တို့က လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ ယုံကြည်တာ မယုံကြည်တာတွေလည်း ယုံရမိုက်သော —

နှင်းမိုးရာသီ

www.burmeseclassic.com

www.burmeseclassic.com



"တောက် .."

နောက်တစ်ခေါက်ထပ်ဖတ်လိုက်မိတာကိုက ငါ့အမှားလို့ အော်ပစ်လိုက်ချင်၏။ ရည်းစားထားတာ ဒီလိုပုံစံတွေ မမှားမိပါစေနဲ့လို့ စကားကြုံတိုင်းထည့်ပြောခဲ့သည်။

တမင်တကာမေးပြီး သတိပေးဆုံးမခဲ့၏။ အဖေတစ်ယောက်အနေနဲ့ သူ့တာဝန်ပျက်ကွက်ခဲ့တာရှိသလား ..။ မိခင်အုပ်ထိန်းတာနဲ့ ဖခင်အုပ်ထိန်းမှု ဘယ်လိုကွာခြားသည်မသိပေမယ့် သားကို သူ့ဘဝနဲ့ ထပ်တူချစ်ခဲ့သည်။ ကိုယ့်မှာ ပေးနိုင်သမျှ ဒြပ်ရှိဒြပ်မဲ့အားလုံးပုံပေးပြီး ချစ်ခဲ့သည်။

ကိုယ့်ဘက်ကတော့ လိုလေသေးမရှိချစ်ခဲ့တာပါ။ ဒါပေမယ့် ဒီစာရွက်တစ်ရွက်ပေါ်က စာကြောင်းတွေကြောင့် သူဟာ သားတစ်ယောက်ကို ဘယ်လိုမွေးမြူစောင့်ရှောက်ခဲ့သလဲဆိုတာ ပြန်တွေးရတော့မည်လား။ ဒါမှမဟုတ် ....၊

"ငါ့သား မင်းက အဖေတစ်ယောက်ဖြစ်တော့မှာမို့လို့ မင်းရဲ့ စိတ်ကို ဘယ်လို ဘာညာ .." တွေနဲ့ အစချီပြီး သားရဲ့ အနာဂတ်မှာ အဖေတစ်ယောက်အဖြစ်လျှောက်လှမ်းဖို့ ထရိန်းနင်း လုပ်ပေးရတော့မှာလား...။

စာရွက်ကိုဖြန့်လျက်သားကိုင်ရင်း ဧည့်ခန်းကိုပဲ ပတ်လျှောက်နေခဲ့တာ ဘယ်နှစ်ခေါက်မှန်းမသိ ..။ ထို့ပြင် ဒေါသလား .. ရှက်သည့်စိတ်ကြောင့်လားမသိ ..၊

ကြမ်းခင်းနဲ့ ခြေထောက် မထိသလိုလို မတ်တပ်ရပ်မနေချင်သလိုလို လူက ချက်ချင်းကြီး နုံးခွေတုန်ယင်လာ၏။ နာရီကိုလှည့်ကြည့်လိုက်တော့ နေ့လယ်တစ်နာရီထိုးတော့မည်။

ဖုန်းခေါ်ကြည့်တော့လည်း ဝင်နေပေမယ့် မကိုင် .. ထိုစဉ် ... ညွန်း ဆီက ဖုန်းဝင်လာ၏။

"ဟလို .. သမီး ပြော .."

"... ... ..."



"အေးလေ .. လာရမှာပေါ့၊ သမီး စောင့်ရမယ့်ညှိသည်ဆိုတာ ရောက်ပြီလား .."

"... ... ..."

"သြော် .. ဟုတ်လား၊ စိတ်မထင့်ပါနဲ့ ဒါက အဆောက်အဦးတစ်ခုလုံးဆောက်တာမှမဟုတ်ဘဲ၊ စိတ်အေးအေးထား သမီး .. ဖောင်ဒေးရှင်း မလုပ်ခင် ကြိုတင်ပြင်ဆင်ဖို့တွေ အန်ကယ်လ် စီစဉ်ပြီးပြီ .."

ဖုန်းထဲကကြားရသမျှ ဦးမင်းနိုင် စကားကြောင့် ညွန်း စိတ်တော့ ချမ်းသာသွားမိသည်။ ဖုန်းကိုင်ရင်း ပင့်သက်ရှိုက်လိုက်တော့ နေဝန်းက ချစ်စနိုးအကြည့်နှင့် ..၊

"ဘယ်လိုဖြစ်နေတာလဲ မျက်နှာကြီးက .."

"နင် မသိပါဘူး နေဝန်း ရယ် .. ငါ့အလုပ်ထဲမှာ ပြဿနာတွေ ခဏခဏပေါ်နေတာ၊ အန်တီချော တို့ ဓနီးမောင်နှံရောက်လာမှ အဆင်ပြေမှာ၊ ငါရမယ့် အင်ပို့တွေ ငါ့လက်ထဲကို ရှောရှောရှူရှူရောက်ဖို့ ကြားမှာ တစ်ထစ်ဟာနေတယ်၊ အဲဒီ ဟာကွက်ကို အန်တီချော တို့ပဲ ကူညီဖြည့်ဆည်းနိုင်မှာ .."

"အင်း .. ငါ့သူငယ်ချင်း ဒီလောက်တောင်အရေးကြီးနေတာလား စိတ်ချပါဟာ .. ငါမပြန်ခင် အန်တီတို့ရောက်လာအောင် အစွမ်းကုန် ကြိုးစားပေးပါ့မယ် .."

"ရပါတယ်ဟာ နင်လည်းကြိုးစားခဲ့တာပဲ၊ ကိုယ်လိုအပ်တိုင်းတော့ ဘယ်အရာမှ အဆင်သင့်ရှိမနေတတ်ပါဘူး .."

"အဲ့ဒါမှန်ပေမယ့် နင်က လိုအပ်တိုင်း အကူအညီခေါ်နေရတဲ့သူမှ မဟုတ်ဘဲ အန်တီ့ခများလည်း ဟိုမှာ သူ့အိမ်ထောင်ရေးအတွက် တော်တော်လုံးပမ်းနေရလို့ပါ၊ ငါ သေချာမပြောပြနိုင်တာ ခွင့်လွှတ်ပါ .."

"မဟုတ်တာ .. အဲ့လောက်ဆို ငါ နားလည်ပါတယ်၊ ငါလည်း ဒီလောက်အရေးတကြီးလိုအပ်နေတာမဟုတ်သေးပါဘူး၊ မနက်ဖြန် ငါ

www.burmeseclassic.com



ကုစ္စထီအသေးစားပြင်ဆင်မှုလုပ်မှာလေ .. အဲ့ဒီမှာ အန်တီချော တို့ ရှိနေစေချင်လို့ပါ .. ဒါမှလည်း .."

ပြောနေရင်း ဆိုင်ထဲကိုဝင်လာသည့် လူတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် ပြောလက်စက တုံ့နေးသွားသည်။ ကွန် က ပိတောက်ခြောက်ရောင်တီရှပ်လက်ရှည်ကို တံတောင်ဆစ်အောက်နားလောက်ထိ ဆွဲတင်ထား၏။ ဖြူဝင်းနေသည့် မျက်နှာသည် အကျီရောင်အတိုင်း ဝါရွှေသည့်အရောင်လိုက်သွားပြီး တစ်မျိုးကြည့်ကောင်းနေသည်။

ရင်ဘတ်နဲ့ ဗိုက်ပြင်မှာ အဆီပိုမရှိသဖြင့် ပန်းနှစ်ဖက်ခပ်လျော့လျော့ထားကာ ခြေလှမ်းမှန်မှန်လှမ်းပုံက စမတ်ကျ၏။

သူ့ကို မျက်နှာတစောင်းဖြစ်ဖြစ် ရှေ့ကကြည့်ကြည့် ထင်းနေသည်က ထောင့်ချိုးတွေညီနေသော နီမြန်းသည့် နှုတ်ခမ်းသားတွေပဲဖြစ်သည်။

တစ်ယောက်ယောက်ကိုရှာဖွေနေပုံပေါ်သောကြောင့် ညွှန်း ကပျာကယာမျက်နှာပြန်လွှဲမိသည်။ သို့သော် ထိုဆီကျန်ရစ်သည့်မသိစိတ်ကြောင့် မျက်ဝန်းထောင့်ကနေ သူ့အရိပ်ကို ဖမ်းနေမိခဲ့သည်။ သူမတို့က ဆိုင်မျက်နှာစာနှင့် ကပ်နေသည့် စားပွဲမှာမို့ အထဲကိုလှမ်းဝင်လိုက်တာနှင့် ကျောပေးသလိုဖြစ်သွားခြင်းက အမှတ်တမဲ့ကျော်လွှားသွားခဲ့၏။

ကွန် က သူမတို့ကိုမမြင်ပေ၊ သူ လှမ်းမြင်လိုက်တာက သူ့ဆီထလျှောက်လာနေသည့် ဆယ်ရာရ် ပဲဖြစ်ကာ ..၊

"ဘာလဲ .. ဒီမှာမဟုတ်ဘူးလား .. ဘယ်ထပ်ရွှေ့ဖို့ရှိသေးလို့လဲ.."

"ဒီမှာပါပဲ ကွန် ရယ်၊ တို့ကာစင်က ညှိုသည်နဲ့ စကားပြောနေလို့ ဟိုမှာပဲ သွားထိုင်ရအောင် .."

ဆယ်ရာရ် က သူ့လက်ကို လာချိတ်သည်။ သူမရဲ့ ဖွင့်လင်းပုံက ဟိုတုန်းကလည်း ဒီတိုင်းပဲဖြစ်သည်။

"လာ .. ဟိုဘက်ခြမ်းမှာ .."

"နေပါစေကွာ .. သူများကိစ္စကြီးထဲ .."



"ဆယ်ရာရ် ကိစ္စကလည်း အရေးပါတာပဲ ကွန် ရဲ့၊ ကွန် လာဖို့ မသေချာလို့ ဆယ်ရာရ် က သူ့ညှိုသည်အတွက် အချိန်ပေးထားတာ၊ တော်ကြာ ယူက ပေါ်မလာရင် ဆယ်ရာရ် ငွမ်းမှာလေ .."

သူမက ဟိုမှာလို့တွင်တွင်ပြနေပေမယ့် ကွန် က စိတ်မဝင်စားပေ။ လှည့်လည်းမကြည့်ဘဲ သူမ ထလာခဲ့သော စားပွဲမှာပဲ သွားပြန်ထိုင်ကာ..၊

"မင်း ဘာဖြစ်ချင်တာလဲပဲပြော .. သူ့ကိုခေါ်လာတာ ဘာလဲ .. ကိုယ့်ကိုခေါ်တာကရော .."

"အဲ့လောက်အကြီးကြီးမဟုတ်ဘူး ကွန် .. ယူ့သမိုင်းကိုလည်း မလှန်ဘူး၊ ယူနဲ့ တို့ရဲ့ စာမျက်နှာတွေကိုလည်း မဖွဘူး၊ ဒါပေမယ့် ဂျာနီမှာ ဒက်ဒီက ကိုယ့်နိုင်ငံသားချင်းပဲ လက်ထပ်ရမယ်လို့ပြောတော့ .."

"အင်း .. ပြော .."

"မြန်မာပြည်ပြန်ရမှာလားဆိုတော့လည်း မပြန်ရဘူးတဲ့၊ ဒါပေမယ့် သူ့ရွေးချယ်မှုတွေ တို့မှ စိတ်မဝင်စားတာ .."

"အဲဒီတော့ .."

"တို့ကာစင်က ဒက်ဒီ့ အတွင်းရေးမှူးလေ၊ ဒက်ဒီ စီစဉ်သမျှ ပရောဂျက်တိုင်းက သူ ပြီးမှပြီးတာ .."

"သိပြီ .."

"ဘာသိတာလဲ .."

"ကိုယ့်ကို တစ်ခုခု ခုတုံးလုပ်ဖို့ရှိတာတော့သေချာတယ် .."

"ဟင့်အင်း .. ဒါက ဆယ်ရာရ် ရဲ့ရည်းစားယောင်းလို့ ပြရုံလေးပဲ .."

"ပြီးတော့ရော .."

"ယူ့ထက်မှ မချောရင် လုံးဝ လက်မထပ်ဘူးလို့ ငြင်းမလို့ .."

"ဟား .. ဘဝင်တောင်မြင့်ချင်လာပြီ .."

"မြင့်လို့ရတယ် .. လွှတ်မြင့်လိုက် .."

ပြောနေရင်း ရေသန့်တစ်ခွက်ထည့်ပြီး တိုးပေးသဖြင့် ကွန် က

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာ ...၊

"ရေပဲလား ..."

"ကိုကို လာမှာမယ်လေ ..."

"သူက နှစ်ပိုင်းဆက်မှာသေချာလို့လား ... ကိုယ် ဘာမှမစားရသေးဘူး ..."

"ကွန် ..."

"ပြော ..."

"ယူ့ ဘာမှမပြောင်းလဲသေးဘူး ..."

"ဟုတ်တယ်ထင်တာပဲ ..."

"တစ်ယောက်ယောက်ကြောင့် အသည်းမကွဲခဲ့ဘူးလား ..."

"နိုး ..."

"ဆယ်ရာရှ် က ဂျပန်ကိုမပြောမဆိုထွက်သွားပြီး ဘာမှလည်း မဆက်သွယ်ဘဲနေတာရော ..."

"အောင့်သက်သက်တော့ဖြစ်တာပေါ့ ..."

"ဟွန့် ... အဲဒါက ယူ့ကိုထားခဲ့ဖူးတဲ့ရည်းစားမှမရှိဘဲ မာန်တက်ပြီး အောင့်တာပေါ့ ..."

"ကိုယ်ကတော့ မင်းက မာန်တက်သွားတယ်ပဲထင်တာ ..."

"ဘယ်လို ..."

"မင်းက ကုန်သည်ကြီး ဦးအေးကျော် ခေါ်ချောရတနာ တို့ရဲ့ တစ်ဦးတည်းသော သမီးလေးလေ၊ ကိုယ်နဲ့ဆို အဝေးကြီး ..."

"အဲဒါတွေနဲ့ မဆိုင်ပါဘူး ... အဲ့အချိန်တုန်းက ယူ့ကို တို့ကတင်းနေတော့ ဖြေရှင်းခိုင်းနေလည်း မထူးဘူးဆိုပြီး ထွက်သွားလိုက်တာပါ၊ ယူကလည်း မချော့ဘူးလေ ..."

ကွန် က မျက်မှန်ချွတ်တော့မလို ကိုင်လိုက်ပြီးမှ ပြန်တပ်ထားပြီး ပြုံးသည်။



"ဘာပြီးတာလဲ ... အဆင့်အတန်းဆိုတာကို ဂရုစိုက်နေရင် ဆယ်ရာရှ်က ဦးအေးကျော် ရဲ့ သမီးဖြစ်နေဝါ့မလား၊ ဒက်ဒီလည်း ဆယ်ရာရှ်လိုပဲ ပြောရင်ပြတ်တယ်၊ လုပ်ရင်ရှင်းတယ် ... ဘယ်လိုလဲ အခု သက်သေပြရမလား ..."

"ရပါပြီ ... အဟွန်း ... ကိုယ် အရှက်ပြေအောင် ပြောပေးဖော်ရတဲ့အတွက် ကျေးဇူးပါပဲ ..."

"ယူ့ နေစပ်ပြီးပြီဆို ..."

"အင်း ..."

"ကိုဆန်း တို့ ပြောတော့ ယူက သူ့ကိုချစ်နေတာဆို ..."

ဟင်!...၊

သူ့မျက်ခုံးတန်းတွေ မျက်မှန်ကိုကျော်လွန်ပြီးမြင့်တက်သွား၏။ ဘယ်လို ပုံစံဖြစ်နေလို့ ဒီတိုင်းအဖြေထွက်သွားတာလဲ၊ ဘယ်တုန်းကလဲ ...၊

ဆန်းအေး နဲ့ သာလွန် ... ဒါတော့ လွန်ပြီထင်သည်။

"ဘာလဲ မဟုတ်ဘူးလား ... တို့ ထင်သားပဲ ..."

လုပ်ပြန်ပြီ ...၊

"ဘာထင်တာလဲ ..."

"ယူက ချစ်တတ်တဲ့လူစားမျိုးမှ မဟုတ်ဘဲ ..."

ပြောပြီးရယ်လိုက်တော့ ဒီအဖြေအတွက် ကိုယ့်ဘာသာကျေနပ်သွားတာမှန်း ဆယ်ရာရှ် မျက်နှာလေးမှာ ပေါ်လွင်နေသည်။

"နေဦး ... ကွန် မလိုက်ချင်ဘူးဆိုရင် ကိုကို့ကို ဒီဘက်ခေါ်ခဲ့မယ်"

စကားပြောနေရင်း ဆယ်ရာရှ် ရုတ်တရက်ထသွားသဖြင့် ကွန်က သမင်လည်ပြန်လှည့်ကြည့်သည်။ အမှတ်တမဲ့ လှည့်ကြည့်မိတာသေမယ့် ညွှန်း ကို မြင်လိုက်သဖြင့် မေးဖျားက ပခုံးမှာ ဖိကပ်သွားသည့်အထိ စူးစိုက်မိကာ မျက်မှန်ပါ ချွတ်လိုက်မိတဲ့အထိ ...၊

ညွှန်း က ဖျတ်ခနဲလှည့်ကြည့်လိုက်တာနှင့် မျက်လုံးချင်းဆုံသွားခဲ့

www.burmeseclassic.com



၏။ ဒီနေ့ကျမှ တိုက်ဆိုင်သည်မှာ ညွှန်း ကလည်း စကားဝါရောင်နဲ့ ပိတောက်ခြောက်ရောင်ကို သက်တန့်လို ရစ်သိုင်းထားသည့် ကိုယ်ကျပ်ဝတ်စုံနဲ့ဖြစ်၏။

လက်မောင်းနှစ်ဖက်မှ လက်ဖျားထိ အသားရောင်အပါးသားလေး ထည့်ထားတာမို့ ဖြူဝင်းနုမွတ်နေသည့် သူမရဲ့ အသားပေါ်မှာ အပါးသား လေး ပျောက်နေ၏။

ထိုပေါ်မှာ အဝါနှစ်မျိုးကို သက်တန့်လို ချည်ထိုးထားသဖြင့် နုယဉ်သည့် မြန်မာဝတ်စုံလေးက မဟာဆန်အောင်လှနေခဲ့၏။

သူမ၏ တင်းပြည့်လှပသည့် ကိုယ်ဟန်နှင့် ဆံနွယ်ရှည်ဖြန့်ချထားပုံသည် မြန်မာ့ဝတ်စုံတွေဝတ်တိုင်း ကြည့်လို့မရိုးအောင်လှသည်။

ကွန် လိုက်ငေးနေချင်အောင် ဆွဲဆောင်နိုင်သည့် မိန်းမဟာ စံရတီညွှန်းပဲဖြစ်ပေသည်။ ဆယ်ရာရဲ့ ဘာတွေပြောပြီး ပါအောင်ခေါ်နေရသည် မသိ ...။

သူ ကြည့်နေတုန်းမှာ ညွှန်း က ဆယ်ရာရဲ့ နဲ့ သူ့ကို တစ်ချက်စီ ကြည့်သည်။ ပြီးတော့ လက်ကိုင်အိတ်လေးကို ကောက်ယူပြီး ထဖို့ပြင်လျှင် ...၊

"မမက ကိုကို့ညှိသည်ပဲဟာ ... ပြန်ဖို့မလိုပါဘူး၊ လာပါ ... ဟိုမှာ အတူတူလိုက်ထိုင်လိုက်ရင် ရပါပြီ၊ ဆယ်ရာရဲ့ ကလည်း ကိုကို့ကို မိတ်ဆက်ပေးရမယ့်သူရှိလို့ ခေါ်နေတာကို မမနဲ့လည်း မိတ်ဆက်ပေးမယ်လေ ..."

"နေပါစေ ညီမရယ် ... တို့က မောင်နှမတွေကြားထဲ ဝင်ထိုင်နေမိသလိုဖြစ်နေပါပြီ ..."

"လုပ်တော့မယ် ညွှန်း ရာ ... ပြောရမယ့်လူတွေကျနေတာပဲ ..."

"မဟုတ်ပါဘူး ... မောင်နှမနှစ်ယောက် ရောက်တုန်း ကိုယ့် သူငယ်ချင်းမိတ်ဆွေတွေနဲ့ တွေ့ရမှာကို ပြောတာပါ ..."

ညွှန်း က ဒီမိန်းကလေးရဲ့ညှိသည်ဟာ ကွန် မှန်းသိလိုက်တည်း



က ဒီနေရာကနွာဖို့ ခြေလှမ်းပြင်နေတာဖြစ်၏။

သို့သော် နေဝန်း က ညွှန်း ရဲ့လက်ကိုင်အိတ်လေးအစွန်းကို လှမ်းကိုင်ထားလိုက်ကာ ...၊

"ငါ ရောက်လာတာကတော့ နင်နဲ့တွေ့ဖို့ကလည်း အရေးကြီးကိစ္စတစ်ခုပဲ၊ ပြန်ထိုင်စမ်းပါ ညွှန်း ရာ ..."

ညွှန်း ကို ပြောနေရင်း အနားရောက်လာသည့်အရိပ်ကြောင့် မော့ကြည့်လိုက်လျှင် ဆယ်ရာ ကလည်း မြင်သွားကာ ...

"ဟော ... ဒီမှာလေ ... ဆယ်ရာ့ ညှိသည်ကတောင် ဒီထိလာပြီ ... ပြန်ထိုင်ပါဦး မမရဲ့ ..."

ညွှန်း နဲ့ ကွန် အကြည့်ချင်းဆုံသွားသည်။ ရယ်မြူးရိပ်သမ်းနေသည့် ကွန့် မျက်ဝန်းတွေရှေ့မှာ ညွှန်း နေစရာမရှိအောင် ချောက်ချားနေခဲ့သည်။

ကိုယ့်သူငယ်ချင်းရဲ့ရှေ့မှာ ကိုယ့်ကို မမလို့ခေါ်နေသည့် မိန်းကလေးရဲ့ သူငယ်ချင်း ...။

"အဟွန်း ... ဒီမှာပဲထိုင်တော့မယ် ... ရတယ်မို့လား ..."

"ရတယ် ... ရတယ် ညီလေး ထိုင်၊ လက်စသတ်တော့ ကွန် ဆိုတာ မင်းကိုး ..."

"ဟုတ်တယ် သူပဲ ... ကွန် သူက ဆယ်ရာ့ ကာစင်ပေါ့၊ နာမည်က နေဝန်း တဲ့ မှတ်ထားနော် ... ဒီမမနဲ့လည်း သူငယ်ချင်းပဲ၊ မမက ..."

"ဟုတ်သားပဲ မိတ်ဆက်ပေးဖို့နေတာ သူက ကိုယ့်ရဲ့ ... အဲ ..."

"ပြောပါ ကိုကိုရဲ့ ... ဘာလဲ ဂဲလ်ဖရန့်(ဒ်)လား ..."

"အို ... မဟုတ်ပါဘူး ..."

"မဟုတ်ပါဘူး ဆယ်ရာ ရယ် ... အလိုလိုကာမှ ညွှန်း က ဒါမျိုးဆို ပြောမှားဆိုမှားတောင် သည်းခံတာမဟုတ်ဘူး၊ ရှုပ်ကုန်တော့မှာပဲ ..."

ညွှန်း ကလည် မျက်နှာတော်တော်ကြီး ပျက်နေသဖြင့် ဆယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မစရဲဘဲဖြစ်သွား၏။ သို့သော် ကွန့် ဘေးမှာဝင်ထိုင်လိုက်ရင်းရယ်ကာ…၊

"ဆောရီးပါ မမရယ် … ကိုကိုက စကားဆုံးအောင်မပြောဘဲ ပြောရခက်သလိုကြီးလုပ်နေတော့ …"

"ကဲ … တော်ပါတော့ဆိုကွာ …"

"အဟွန်း … မမက လုတယ်နော်၊ တစ်ကိုယ်လုံး အပြစ်ပြောစရာမရှိအောင်ပဲ … ဒါကြောင့် ကိုကိုက ဟိုမှာ မမအကြောင်း …"

"ခေါက် …"

"ဟယ် …"

"ဆောရီး … ဆောရီး …"

ကွန် က တစ်ရှူးဘောက်(စ်)ကို ရွှေ့လိုက်သလိုနှင့် ရေတစ်ဝက်လောက်နဲ့ ဖန်ခွက်ကို တိုက်ချပစ်လိုက်၏။ ခွက်က လဲကျသွားကာ ဆယ်ရာ့ ဆီကိုပဲ ရေစီးကြောင်းက လျှင်လျှင်မြန်မြန်စီးကျလေသည်။

ရုပ်ပျက်ဆင်းပျက်ထလို့လည်း မကောင်းတတ်တာမို့ ပေါင်တစ်ဝက်လောက် ဂျင်းဘောင်းဘီတိုလေး၏ အဖြစ်သည် …၊

"သွားပါပြီ ကွန် ရယ် … ရေစိုပုံကြီး မသိရင်သူများ …"

"ဆယ်ရာ … ဟဲ့ … ဒီကောင်မလေး လျှောက်ပြောတော့မယ် …"

နေဝန်း ကမန်းကတန်းထရပ်လိုက်ကာ ဆယ်ရာ့ ကိုလည်း ဆူရင်း …၊

"ကဲ … ကဲ … ထ … ဘာလဲ ပြန်ထိုင်မလို့လား …"

"ဆယ်ရာ ဘာလုပ်ရမှာလဲလို့ … အပြင်ထွက်ရင်လည်း သူများတွေဝိုင်းကြည့်ကြမှာ၊ ကွန် တကယ်မကောင်းဘူးကွာ … ဒီလောက်တောင်အရမ်းလုပ်ရသလား …"

"ဆောရီးလို့ပြောနေတာကိုကွာ …"

"ဟီတ် … ဟာ … ဒီကောင်မလေး …"

ဆယ်ရာ က ကွန့် လက်မောင်းကို ထုသလိုရိုက်သလိုဆိုးနွဲ့နေသဖြင့် နေဝန်း မျက်နှာပူသွားမိ၏။ ထို့ကြောင့် ဆယ်ရာ့ ကို လက်ဆွဲခေါ်မိ



ကာ …၊

"ကိုယ် ပြန်ပို့မယ်လေ လာ … တစ်ခါတည်းသွားရအောင် …"

ကွန် က ဝိတ်တာခေါ်၍ ပိုက်ဆံရှင်းပေးနေရင်း ခပ်ဖီဖီနှုတ်ခမ်းတို့က ပြုံးယောင်သမ်းနေ၏။

"ဟာ … ညီလေး မလုပ်ပါနဲ့ ကိုယ်တို့စားထားတာကို …"

"ရှင်းပလေ့စေ ကိုကို … သူ့ကို ဒဏ်ပေးရမှာ၊ အဲ့ဒါ ကွန် ဆိုတဲ့ ယောကျ်ားလေ … ဘာလုပ်လုပ် ဘယ်တော့မှ သူများဘက်ကိုမကြည့်ဘူး…"

ရုတ်တရက် ပိုက်ဆံရှင်းတာတွေရော၊ အပြစ်တင်သံတွေပါ ရောထွေးနေကာ လူစုခွဲကြဖို့ဖြစ်လာလျှင် …၊

"ရတယ် ညွှန်း က ဧည့်သည်နဲ့ချိန်းထားတာရှိသေးလို့ …"

"ညွှန်း … ဟာကွာ … ကိုယ်ပြန်ပို့မှာပေါ့ …"

ညွှန်း အတင်းလှည့်ထွက်သွားသဖြင့် နေဝန်း ပြောရင်းတားရင်း ကျန်ရစ်လေသည်။

"ကိုကိုရာ … ကိုကို့ ဖရန့်(ဒ်)ကလည်း ခေတ်မီမလိုနဲ့ မမိုက်ပါဘူး၊ ကြည့်ရတာ လူတောထဲမရောက်ဘူးတဲ့ ကျေးတောသူနုနုငယ်ငယ်လေးကျနေတာပဲ …"

"အေးပေါ့ … နင်နဲ့မှ မတူတာကိုး …"

"ဆုတောင်းလေ … ဟွန်း ဆယ်ရာ့ လိုဖြစ်ပါလိမ့်မယ် အားကြီး…"

"လုံးဝသေချာတာပေါ့၊ ငါကလည်း ကိုယ့်ညီမလိုပုံစံမဟုတ်တဲ့ မိန်းကလေးမျိုးပဲရှိနေတာ တူစရာလား …"

"ဟား … ဟား … လူရှိန်အောင်ပြောနေပြန်ပြီ၊ ဟိုကဖြင့် သူ့ကို …"

"အဟမ်း …"

ကွန် က ချောင်းဟန့်လိုက်ကာ …၊

"ကိုယ်ပြန်မယ် …"

ဆယ်ရာ့ ကို နှုတ်ဆက်ရင်း နေဝန်း ကိုပါ နှုတ်ဆက်ပြုံးပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူရှာနေတာက ညွန့် ဘယ်ရောက်သွားလဲဆိုတာပင် ..။ ပတ်ဝန်းကျင်မှာ ကားလည်းမတွေ့ ..။

ကြည့်ရတာ ဒရိုင်ဘာကို ပြန်လာကြိုဖို့မှာထားပြီး ကားမလာခင် ကတိုက်ကရိုက်ထသွားတဲ့ပုံ ..။

"ကွန် .. ယော .."

လက်ခုပ်သံလေးတစ်ဖတ်ဖတ်ပါကြားတော့ လှည့်ကြည့်လိုက်လျှင် ဘောင်းဘီရေစိုနှင့် ဆယ်ရှာ့ ခမျာ လိုက်လည်းမလာနိုင်ဘဲ သူ့ကို မပြန်နဲ့ဦးလို့ ပုံစံလုပ်ပြရင်း လက်ယပ်ခေါ်နေ၏။

သူ လက်ပြန်ပြခဲ့ပြီး ရှေ့ဆက်ထွက်လာခဲ့သည်။

ညွန့် ကတော့ ကိုယ့်ခြေထောက်တွေကိုတောင် အားမရနိုင်အောင် ခြေလှမ်းကျဲနေခဲ့၏။

"ငါ့ညီမ ပါသေးတယ် .. နင်နဲ့ မိတ်ဆက်ပေးချင်လို့ .."

"ဘယ်မှာလဲ .."

"ဟိုစားပွဲက လည်စည်းအနက်ရောင်လေးနဲ့ တစ်ယောက်လေ၊ သူလည်း သူ့ကောင်လေးနဲ့ ချိန်းထားတာ၊ အစ်ကိုဖြစ်နေရပေမယ့်လည်း မတာတ်နိုင်ဘူးလေ၊ ဟိုတုန်းတည်းက ပွင့်လင်းခဲ့ကြတော့ မိတ်ဆက်ပေးရင်တော့ လက်ဆွဲနှုတ်ဆက်ပေးရမှာပဲ .."

လို့ ပြောနေတုန်းက သူမ လှည့်ကြည့်လိုက်မိသည်။ ကွန် နဲ့ အတူတူ ထိုင်လိုက်တာခြင်လိုက်ရသဖြင့် သူမတို့နဲ့ မျက်နှာချင်းဆိုင်ဖြစ်တော့မှာကို သိလိုက်၏။

ဘယ်လိုရှောင်ထွက်ရမလဲ စဉ်းစားရင်း ထွက်မသွားနိုင်ခဲ့ပေ ..။ သူ့ဟာသူ မိန်းကလေးတွေ တစ်ဖက်ဆယ်ယောက်လောက် တွဲလာပါစေ သူ့သမိုင်းနဲ့ သူ ..။

ကိုယ်နဲ့ လာငြိမည့်သမိုင်းကိုတော့ ပြင်ဆင်ချိန်လိုချင်သေးသည်မို့ ဒီအချိန်မှာ လူသိမခံနိုင်ပေ ..။ နေဝန်း ရဲ့ မျက်လုံးထဲမှာ 'ဒီချာတိတ်



နဲ့ ဇာစပ်တာလား' ဆိုတဲ့ အကြည့်မျိုးဖြစ်လာမှာကို ရှက်မိသည်။

ထို့ပြင် ကွန် ဘယ်လိုစကားတွေထပြောလိုက်မယ်ဆိုတာလည်း အစိုးမရနိုင် ..။ ဒီနေ့ သူမစိတ်တွေ မကြည်လင်ခဲ့တာ တောက်လျှောက်ပါလား ..။

"အမေ့ရေ .."

ပလက်ဖောင်းပေါ်ကို လှမ်းတက်လိုက်ကာမှ ဒေါက်ဖိနပ်က ကျောက်ခဲနင်းမိပြီး လိမ့်ထွက်သွား၏။ ထိုအခါ လှမ်းတက်လိုက်သည့် ခြေထောက်ကလည်း လိုရာမရောက်တော့ဘဲ ပလက်ဖောင်းနဲ့ ခလုတ်တိုက်ခြင်းဆို့ရောက်ကာ လူဘုံအလယ်မှာ ခွေးလဲဝက်လဲ လဲလေသည်။

"ဟယ် .. အစ်မ .. အစ်မ ရရဲ့လား .. ထူပေးရမလားဟင် .."

စုံတွဲတစ်တွဲက ကပျာကယာအနားရောက်လာပြီး ကူညီဖို့ပြင်၏။ ရှက်သည့်စိတ်နှင့် ညွန့် ရုတ်တရက်ပူထူပြာနှမ်းနေကာ ..၊

"ရတယ် .. ရတယ် .. ဘာမှမဖြစ်ဘူး .."

လက်ကာတာ ခေါင်းခါတာတွေက အိုဗာဖြစ်နေလျက် ထလည်းမထနိုင်သေးသဖြင့် ကောင်လေးနဲ့ ကောင်မလေး နောက်ဆံတင်းနေသေးသည်။ ပြီးတော့ ..၊

"သမီး ရရဲ့လား .. ခေါ်လေး ထူပေးမယ်လေ .."

"ရှင် .. ဟင့်အင်း .. ရပါတယ် .."

"ယော .. လိုအပ်ရင် ခေါ်လိုက်နော် .. တို့ရှိတယ် .."

"ငါသွားမယ် .. သူ့ဆီကို .."

သီချင်းအော်ဆိုတဲ့သူကဆိုနှင့် ဘတ်စ်ကားပေါ်က အသံတွေပဲ့တင်ထပ်ခဲ့၏။ ညွန့် ပူထူအောင်ရှက်နေမိသည့် ကိုယ့်စိတ်ကို ချုပ်တီးလောက်အောင် ထရပ်လိုက်သည်။ သို့သော် ...

"အား .. ကျွတ် .. ကျွတ် .."

"မလဲသွားနဲ့ ပြန်လဲကျသွားရင် နင်တော့သွားပြီ .."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း ကိုယ့်ကိုယ်ကိုယ် အားပေးမိသည်။ ပိုက်ဆံအိတ်ကို တင်းနေအောင် ဖိဆုပ်ထားရင်း နာကျင်မှုကို ဖုံးဖိလျှောက်ဖို့ကြိုးစားသည်။ လူက ဘယ်လိုပင် အလံမလှဲသော်လည်း သိုင်းကြိုးပြုတ်သွားသည့် ခေါက်မြင့်ဖိနပ်ကြောင့် ဒုတိယတစ်ခါ ယိုင်ခနဲပြန်ဖြစ်လျှင် ...၊

"ဒီတစ်ခါတော့ အကျလှမှာမဟုတ်ဘူး .."

သူမခန္ဓာကိုယ်က နောက်မှီစရာတစ်ခုမှာ ကျကျနနလေးပစ်ကပ်ကျသွားပြီး မှတ်မိနေခဲ့သော ကိုယ်သင်းနံ့ကြောင့် ထိတ်လန့်သွား၏။ ထို့ပြင် ကွန့် စကားသံကိုပါ ကြားလိုက်ရသဖြင့် ...၊

"ဘာလုပ်တာလဲ .. ဖယ် .. ဖယ် .."

"ဘာလုပ်တာတွေ့လို့လဲ .. လူကို ခွေးမောင်းသလိုမောင်းပြီးပြီနော် .. ဒီတစ်ခါမရဘူး .."

"အ ..."

ကွန် ကလည်း ဒေါသနှင့်တုံ့ပြန်၏။ ညွန်း ကိုယ်လေးကို ပခုံးနဲ့တိုက်လွှတ်လိုက်ကာ သူ့ရင်ဘတ်ကို ရှောင်ထွက်လိုက်၏။ သူမ လူကမတ်မတ်ပြန်ဖြစ်သွားသော်လည်း ကိုယ့်ဘာသာ မတ်တပ်ရပ်ယူလိုက်တာ မဟုတ်သောကြောင့် ပုံပျက်ပန်းပျက် ...။

"မင်း .. တောက် .."

"တက်ခေါက်လိုက်တာလား .. ကျွန်တော့်ကို ခွင့်မတောင်းဘဲလာမှီလိုက်တာ ခင်ဗျား .."

"မင်းကို မှီတာမဟုတ်ဘူး .."

"သြော် .."

"မင်းက ငါ့နောက်ကို ဘာအကြောင်းနဲ့ ရောက်နေတာလဲ .."

"ခင်ဗျားက ကျွန်တော့်ရှေ့က သွားနေလို့ပေါ့၊ ဘာထင်လို့လဲ .."

ညွန်း သူနဲ့ပြိုင်မပြောချင်တော့ဘဲ ရှောင်ထွက်ဖို့ကြိုးစားလိုက်သည်။ ဒါပေမယ့် သူမ ဘယ်လိုမှ မဟန်နိုင် ...။



"ကျွတ် .. ကျွတ် .."

"ခြေထောက်မှာ သွေးထွက်နေတယ်၊ အခု ဘာလုပ်ချင်တာလဲ.."

ကွန့် အသံကို ထပ်ကြားလိုက်ရသဖြင့် ဝမ်းသာသွားမိ၏။ မဟုတ်လျှင် သူမကပဲ ပြန်လှည့်ပြီး အကူအညီတောင်းရတော့မှာဖြစ်သည်။ ညွန်း နောက်ကို ခပ်စောင်းစောင်းပြန်ငဲ့လိုက်ကာ ...၊

"တစ်ခုလောက် ကူညီစမ်းပါ .. လမ်းပေါ်တက်ပြီး တက္ကစီခေါ်ပေး .."

"ခင်ဗျားပေမယ့် နှစ်ထောင်လောက်ကို ဘယ်တက္ကစီသမားက လိုင်စင်အသိမ်းခံပြီး လာတင်မှာလဲ .."

ကွန် က လမ်းမပေါ်ကို လှမ်းကြည့်လိုက်ပြီး မျက်မှန်ထုတ်တပ်လိုက်ကာ ...၊

"ဒီမှာ ကားရပ်လို့မရဘူး .."

"ဒါဆို .."

"ဟိုဆိုင်မှာ ခဏသွားထိုင်မယ် .. ပြီးမှ .."

"မစားချင်ပါဘူး .. ဒီမှာ အရမ်းနာနေတာ .."

"ခင်ဗျားကို ဘယ်သူက စားခိုင်းနေလို့လဲ .. အိမ်ကကား ခေါ်တာကိုမှ မစောင့်နိုင်ရင် ခင်ဗျားကို ထမ်းခေါ်သွားဖို့ပဲရှိတာ .."

မတတ်နိုင်သည်မို့ သူပြသည့်ဆိုင်မှာပဲ သွားထိုင်လိုက်ရသည်။ လက်တွန်းလှည်းအသုပ်ဆိုင်လေးဖြစ်ကာ လမ်းဘေးတိုက်ရိပ်လေးမှာ ထီးမိုးလေးနှင့် ပလတ်စတစ်ခုံလေးတွေ ချခင်းထားတာဖြစ်၏။

"သင်္ဘောသီးထောင်းနဲ့ ဗွေးသီးပေါင်း ပါဆယ်လုပ်ပေး .."

ဘာရယ်မဟုတ်ဘဲ ညွန်း မျက်နှာလေး ရဲတက်သွားကာ ဖျတ်ခနဲကြည့်တော့ ကွန် က 'ဘာလဲ' မေးဆတ်မေး၏။ ထို့ပြင် ဈေးသည့်ဘက်ပြန်လှည့်၍ ...

"အဲဒီမှာ နူးပြီးသားကြီးတွေမလိုချင်ဘူး၊ မာမာလေးလိုချင်တာ အသစ်လုပ်ပေး .."

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ .."

"ထွေးသီးကိုပြောတာ .."

"အစ်ကို ထွေးသီးပေါင်းဆိုရင် ပေါင်းပြီးသားက .."

"ပေါင်းပေါင်း မပေါင်းပေါင်းကွာ .. ပြောသလိုလုပ်ပေးစမ်းပါ.."

"ကဲ .. တော်ပါပြီ .."

"ဘုတ် ..."

"ဟား ..."

လက်ခုံကို လက်ကိုင်အိတ်နဲ့ ပုတ်ပစ်လိုက်သဖြင့် ကွန် လက်ကို မြှောက်ကြည့်ပြီး အူကြောင်ကြောင်နှင့် ...

"ဘာဖြစ်တာလဲ .. ရေစိမ်ပြီးသားကြီးက ပျော့စိစိ .."

"ကွန် .."

နှုတ်ခမ်းလေးစူပြီး အံကြိတ်သံနှင့်ကပ်ကြိမ်းတော့ ကွန် က မချို မချဉ်မျက်နှာနှင့် ...၊

"ရှိုးရှိုးပဲတွေးစမ်းပါ၊ စားစရာမှာနေတာ ကြားမကောင်းတာ ဘာရှိလို့လဲ .."

"တော်တော့ .."

"ပြောပြတာ .."

"တော်တော့လို့ .."

မျက်မှန်ထဲက ရှန်းတောက်နေသည့် မျက်လုံးတွေကို ညွန်း စိတ်တိုတိုနှင့် စိုက်ကြည့်မိသည်။ ကြောင်တောင်တောင်ပုံနဲ့ တမင်လုပ်နေတာ...။

ကွန် ကလည်း ထိုအကြည့်တွေကိုသိကာ အသံတိတ်ခေါင်းခါပြီးမှ ...၊

"ကားစောင့်လို့ရအောင် တမင်အလုပ်ပေးရတာလေ၊ လျှောက်နောက်နေတယ်ထင်လို့လား .."

ဒါလည်း ဟုတ်သားလို့ တွေးမိပြီး ညွန်း မျက်ခုံးကုတ်ကွေးနေတာ



လေးတွေ ပြေကျသွားစဉ် ...၊

"ခင်ဗျားရဲ့ ပါးလေးတွေ နီရဲသွားတာလည်း ချစ်ဖို့ကောင်းလို့.."

ကြည့်စမ်း ...၊

နောက်ထပ် ရဲတွက်သွားတော့ ကွန် က ဖျတ်ခနဲမျက်နှာလွှဲပစ်ကာ ...၊

"အအေးမပါဘူးလား .. ဒီမှာ ဟိ(တ်)တက်နေလို့ .."

"မင်း အဲ့လို ဗရုတ်သုတ်ခတွေ ပြောချင်လို့ ငါ့ဒုက္ခကို စောင့်ကြည့်နေတာလား ကွန် .."

ဒေါသထွက်နေသူကို ပြန်လှည့်ကြည့်တော့ ခပ်တည်တည် ...၊

"ဟုတ်တယ် စောင့်ကြည့်မရ၊ ဒါပေမယ့် ဗရုတ်သုတ်ခတွေ ပြောဖို့မဟုတ်ပါဘူး၊ ခင်ဗျား ကယောင်ချောက်ချားနဲ့ ဟတ်(တ်)အတဲက်(စ်)ရသွားရင် အိမ်ပြန်ပို့မယ့်လူမရှိမှာစိုးလို့ .."

"ဘာ .."

"နေဝန်း ဆိုတဲ့ပုဂ္ဂိုလ်ရှေ့မှာ ခင်ဗျား ဘာတွေဖြစ်နေလဲ .."

"ဘာမှမဖြစ်ဘူး .."

"ဟား .. ဟား .. ဟား .."

"မင်းရော မကြောက်လို့လား .."

"ဘာကိုလဲ .."

"ရည်းစားရှေ့မှာ ငါ့ကိုတွေ့လိုက်တော့ .."

"ကျွန်တော် ခြေတုန်လက်တုန်ဖြစ်သွားတာ မြင်လိုက်လို့လား .."

ညွန်း မျက်နှာလွှဲမိမလိုဖြစ်သွား၏။ ခြေတုန်လက်တုန်ဖြစ်ခဲ့ရတာ က သူမ ...။

"ဒေါ်စံရတီညွန်း .."

ကွန် က စားပွဲပေါ်မှာ လက်တင်၍ မျက်နှာရှေ့တိုး၍ကြည့်နေသည်။ စားပွဲလေးက နှစ်ပေနီးပါးလောက်ပဲကျယ်တာမို့ သူ့ကိုငုံ့ကြည့်ပြီးပါ ရှေ့တိုးလိုက်တော့ မျက်နှာချင်းက နီးသွား၏။

www.burmeseclassic.com



"ခင်ဗျားကို အဲ့တစ်ယောက်က ပရိုပို့စ်လုပ်ထားဖူးတယ်မို့လား.."

"အဲ့ဒါ မင်းနဲ့ မဆိုင်ဘူး .."

"ဆယ်ရာ က ကျွန်တော်နဲ့ မပတ်သက်တော့တာကြာပြီဖြစ်တဲ့ မိန်းကလေး .."

"အဲ့ဒါတွေ .."

"မဆိုင်ဘူးလို့မပြောနဲ့နော် .. ခင်ဗျားက ကျွန်တော်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေး .."

ညွန်း မျက်နှာတင်းသွားသည်။

"ခုနတုန်းက ဘာမှမပြောဘဲ ဒီပါးစပ်ကိုပိတ်ထားပေးလိုက်တာ သဘောကောင်းလွန်းလို့မဟုတ်ဘူး၊ ကျွန်တော် နှောင့်ယှက်စရာမလိုဘဲ ခင်ဗျား ဒုက္ခရောက်နေတာ ကြည့်လို့ကောင်းလို့ .."

"ဘာကြောင့်ဖြစ်ဖြစ် ကျေးဇူးပဲ .."

"ဘာကြောင့်ဖြစ်ဖြစ် ခင်ဗျားက ချာတိတ်တစ်ယောက်ရဲ့ ဇနီးပဲ ဖြစ်မှာဆိုတော့ မထွေပ်တိုင်တက်နေဖို့လည်း မလိုဘူးလေ၊ ကျေးဇူးမတင်နဲ့ဦး .."

"မင်းလိုလူရှေ့မှာ ငါ့ဆန္ဒတွေကို ထုတ်ဖော်ကြော်ငြာနေရလောက်အောင် ငါ မမိုက်မဲဘူး ကွန် .. မင်းနဲ့ လက်ထပ်ဖြစ် မဖြစ်ဆိုတာ ဖြစ်မြောက်ခဲ့ရင် ဖြစ်မြောက်ပြီလို့မှတ်ပဲ၊ မင်း ဘယ်တော့မှ ကြိုသိရမှာမဟုတ်ဘူး .."

ပြောပြီး စကားမဆက်ချင်တော့သည့်မျက်နှာနှင့် လက်က နာကျင်တာကို ငုံ့ကြည့်မိသည်။ ပိုက်ဆံအိတ်ကိုင်ထားခဲ့သည့် လက်ဆစ်တွေမှာ ပွန်းပဲ့သွေးစို့နေတာမြင်တော့ လန့်သွား၏။

ကိုယ့်ဘာသာ ဘယ်လိုထိမိုက်မိခဲ့သလဲဆိုတာတောင် မသိလိုက်တဲ့အဖြစ် ...။

"ဟွန်း .. လောဘကတော့ သေးသေးကွေးကွေးမဟုတ်ဘူးနော်၊ လူသာအရုပ်ကြိုးပြတ်လဲသွားတယ်၊ ပိုက်ဆံအိတ်ကို မလွှတ်ဘူး .."



ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းတောင်မသိခဲ့ဘဲ ကိုယ့်မျက်လုံးရောက်တဲ့နေရာတိုင်း သူကချည်း လိုက်ကြည့်ပြောနေပါလား ...။

"သွေးတွေတောင် ထွက်နေပြီဆိုတော့ ဒဏ်ရာက မနည်းဘူးပဲ.."

သူက ထထွက်သွားပြီး နေရောင်ကာထားသည့် တိုက်ခန်းတစ်ခုထဲဝင်သွားသည်။ အထဲမှာ ဆိုင်လား ဘာလားမသိပေမယ့် ဒီတိုင်းထိုင်နေပြီး စကားကောင်းပြောရဖို့လည်းမရှိသည့်အတူတူ ကိုယ့်ဘာသာထပြန်ချင်စိတ်တွေပဲဖြစ်လာခဲ့၏။

သို့သော် မတ်တပ်ရပ်ကြည့်မိပြီးမှ ကိုယ့်အခြေအနေကို နားလည်ကာ ပြန်ထိုင်လိုက်ရ၏။ ဖုန်းထပ်ခေါ်တော့ ကားက လာနေပြီဆိုပြီးပေါ်မလာ ...။

"ဒီဘက် လှည့်ထိုင်လိုက်ပါလား .."

ကွန် က သူမနားရောက်လာကာ ခြေထောက်ရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်၏။ ဘာမှလည်းမဟုတ်ဘဲ ညွန်း ရှက်သွားမိသည်။

"ခြေထောက်မှာ သွေးထွက်နေတယ်၊ ပလတ်စတာဝယ်လာတယ် .. ကပ်ပေးမလို့ .."

"နေပါစေ .. သွေးတောင်ခြောက်နေပြီကို .."

"ဒါပေမယ့် ခင်ဗျား ဖိနပ်စီးပြီး လမ်းလျှောက်လို့ရမှာမဟုတ်ဘူး၊ လုပ်ပေးမှာကို အေးဆေးခံလိုက် .."

"ဘာ ..."

"ဒီမှာလေ .."

ပလတ်စတာကို ခွာထုတ်ပစ်လိုက်ပြီး ညွန်း ရဲ့ ခြေထောက်က ဖိနပ်ကို သူ့ဘာသာ ချွတ်ယူလိုက်၏။ ပြီးတော့ ခြေထောက်ကို ဖိနပ်ပေါ်ပြန်တင်ကာ ခြေသန်းလေးနဲ့ ခြေသူကြွယ်မှာ ပွန်းရှထားသည့် ဒဏ်ရာတွေပေါ် ထပ်အုပ်ပေးလိုက်၏။

ကွန့် လက်ချောင်းတွေက မိန်းကလေးလို သွယ်ပေမဟုတ်ပေမယ့် သေးသွယ်ဖြူနုနေလျက် လက်ဖဝါးစောင်းနဲ့ လက်ချောင်းတစ်ချို့နေရာ

www.burmeseclassic.com

www.burmeseclassic.com



တွေမှာ မွေးညှင်းနုတို့ ဖေးတင်နေကြ၏။ မျက်နှာငုံ့နေသဖြင့် မျက်မှန်ထဲက မျက်ခုံးတန်းတို့နှင့် မျက်တောင်ဖျားတွေကို ဒီတိုင်းမြင်နေရသည်။

ဒီလောက်ချောနေလို့ ရည်းစားတွေထည်လဲတွဲနေတာလား ..။ ချောတဲ့ယောကျ်ားလေးတိုင်းတော့ သူ့လိုမဟုတ်ဘူးထင်သည်။

ထိုအခါ ကိုယ့်ကျမှ ဒီလိုလူရွယ်တစ်ယောက်နဲ့ ဆုံဆည်းခဲ့ရသလား ဆိုသည့် နောင်တက ဝင်လာခဲ့သည်။

မဟုတ်ဘူး၊ ကိုယ်က လက်မခံဘဲ ဆုံဆည်းတယ်လို့ ပြောလို့မရဘူး ..။ ဒီလိုယောကျ်ားမျိုးကိုလည်း ငါ ဘယ်တော့မှ မစဉ်းစားဘူး ..။

ကိုယ့်စိတ်က သေချာပြီးပေမယ့် ထပ်တွေးမိနေသည်။ ပြီးတော့ ကားပေါ်မှာတွေ့ခဲ့ရသည့် နှင်းဆီခိုင် ဆိုသော မိန်းကလေးရဲ့ပစ္စည်းတွေထဲက တစ်စုံတစ်ရာကို မြင်ယောင်လာ၏။

ကွန် ဆိုတာ ဒီလိုယောကျ်ားမျိုး ..၊

"အ ..."

"ဆောရီး .. ခင်ဗျားက ပိုက်ဆံအိတ်ကို လက်ကမှမချတာ၊ ဘာလဲ.. ဘယ်သူလုယူမှာစိုးလို့လဲ .."

"စကားများမနေပါနဲ့ .. ပြီးပြီမို့လား .. ဖယ် .. လွှတ် .."

"မပြီးသေးဘူး ခုမှစမှာ .."

လက်ကို တစ်ဖက်ကကိုင်ထားပြီး ခုံလှမ်းဆွဲသည်။ အနားမှာထိုင်ချလိုက်တာ လူချင်းမကပ်ပေမယ့် ခေါင်းချင်းတိုက်တော့မလားထင်ရ၏။

ထိုပြင် ညွှန်း ကိုင်ထားသည့်အိတ်ကို ဆွဲယူလိုက်ပြီး သူ့ပေါင်ပေါ်တင်ထားကာ ..၊

"တော်တော်ပွန်းသွားတယ်၊ ကိုယ့်အသားအနာခံပြီးတော့များ အိတ်ကိုကိုင်ထားရတယ်လို့ .."

"ဒါပဲဘာဖြစ်လို့ ခဏခဏပြောနေတာလဲ .."

"ဒီမှာဖြစ်နေတာကြည့်လေ .. ခင်ဗျား လက်ဆုပ်ထားလို့ လက်ဆစ်တွေ ပေါက်ပြဲကုန်တာပေါ့ .."



"ငါ့ဘာသာ ကျိုးကြေသွားသွား မင်း မြည်တွန်တောက်တီးနေဖို့ မလိုဘူး။ လွှတ် .. လက်ကို .."

"ဆုတောင်းလေ .."

"အား ..."

သူ ဘာလုပ်လိုက်မှန်းမသိဘဲ ညွှန်း မျက်ရည်လည်အောင် နာသွား၏။

"မင်း ..."

"ဒီမှာတွေ့လား .. လက်တွေအရေလန်ပြီး .."

"မလုပ်နဲ့ ဖယ် .. သွား .."

"ဟား .. ဘယ်လိုဖြစ်နေတာလဲ .."

လက်ကို ဘယ်လိုပြန်ဆွဲနုတ်လို့မှမရဘဲ အတင်းရုန်း၍ ထုရိုက်ဖို့ကြိုးစားနေသဖြင့် နှစ်ယောက်သားဆွဲလားရမ်းလားတွေ ဖြစ်ကုန်လေသည်။

ညွှန်း ကိုယ်တိုင် သူမ ဘယ်လိုစိတ်လွတ်သွားပြီး ဘာပုံစံတွေလုပ်နေမိမှန်း ကိုယ့်ကိုယ်ကိုယ် သတိမထားမိလိုက်ပေ ..။ ကွန် က သူမ လက်ကလေးတွေကို ဖိဆုပ်ထားရင်း ပြုံးနေလျက် ..၊

"ဆောရီးပါ .. ခင်ဗျား သတိမထားမိခင် ဆွဲနုတ်လိုက်တာပဲ၊ အဲ့ဒါ ခင်ဗျား အော်လိုက်လို့တလွဲတွေဖြစ်ကုန်တာ .."

"ဘာပြောတယ် .."

"အရေခွံတွေ စုတ်ပြတ်ပြီ လိပ်နေတာလေ .. တော်ကြာ အနာဖြစ်သွားမှာစိုးလို့ ဆွဲနုတ်လိုက်တာ .."

"တော်တော့ .."

"စေတနာနဲ့ လုပ်မိတာကိုပြောပြတာ၊ လူက အဘွားကြီးဖြစ်နေပြီ ဒီလောက်တောင် ပျော့ရသလား .."

"မင်းနော် .."

"ဘာလဲ .. အဘွားကြီးမို့ အဘွားကြီးပြောတာ နာနေတာလား..၊ မျက်ရည်တွေကျမနေနဲ့ .. သူများတွေ ရယ်ဦးမယ် .."

"တောက် .."

www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ပြီး ထက်ခေါက်လိုက်တာကို ကွန် ကြားသည်။ သူ့ဘာသာဝဲ အတင်းဆွဲချုပ်ပြီး အရက်ပုံးဆွတ်၍ ပလတ်စတာကပ်ပေးရင်း ..၊

"တော်တော် သဘောကျနေတယ်ဟုတ်လား .."

"ခင်ဗျားက ကျွန်တော့်မျက်နှာကိုပဲ ဘာလို့ကြည့်နေတာလဲ .."

"ဘာ ..."

"ကျွန်တော် ဘယ်တော့မှ သွားအဖြီးသားနဲ့ မပြုံးဘူး၊ ဒါတောင်မြင်တယ်ဆိုတော့ .."

"သွားဖြီးတာမြင်ဖို့မလိုဘူး၊ သူများဒုက္ခရောက်တိုင်း မင်း ကျေကျေနပ်နပ်ပြုံးနေမှာပဲဆိုတာ နားလည်နေတာ .."

"နားလည်ဖို့ကြိုးစားနေတာလား .. အဟွန်း .."

"ကွန် .."

"ပြီးပြီ .."

ညွှန်း က လက်ကိုဆတ်ခနဲဆွဲယူပစ်လိုက်ကာ ..၊

"ငါက ပြောရင် မင်းတလွဲမတွေးနဲ့ .."

"တလွဲတွေးနိုင်စရာတွေပြောတော့မလို့လား .."

"ဟုတ်တယ် .. မင်းနဲ့ငါ အသက်ကွာတာ မင်းသိတယ် .."

"ဟွန်း .."

နှုတ်ခမ်းမပွင့်ဘဲ မဲ့လိုက်တာလည်း မမြင်ရပေမယ့် ဟွန့်ခနဲမျက်နှာလွှဲပစ်ပုံက ခပ်ရိရိလှောင်ရိပ်တို့နှင့် ..၊

"ဆက်ပြောလေ .."

"မင်းဘက်က ဆင်ကြဲတွေ ကျားကြဲတွေ ဘာတွေကြဲနေသလဲ မသိဘူး၊ ငါ့ဘက်ကတော့ လုံးဝရှင်းတယ်၊ မင်းကို ငါ ဈေးစပ်ခဲ့တာ ငါ့စီးပွားနဲ့ပတ်သက်နေတဲ့အကြောင်းအရာတစ်ခုကြောင့် အဲဒီထက် ဘာမှမပိုဘူး .."

ကွန် က လက်ပိုက်လိုက်ပြီး မျက်နှာကိုသေချာစိုက်ကြည့်နေ၏။ မျက်မှန်နောက်ကွယ်က မျက်ဝန်းတွေကို ညွှန်း စိတ်မဝင်စားပါ။ သူမ



သိနေသည်က ကိုယ်ပြောလိုက်သမျှကို သူ့ဘက်က တိုက်ဖျက်ဖို့အဆင်သင့်ပြင်ဆင်နေခြင်း ..။

"ဘယ်ဘက်မှာမှ ကောင်းကျိုးဖြစ်လာဖို့မရှိတဲ့ ဈေးစပ်ပွဲက မင်းရှေ့ဆက်မယ်ဆိုရင်တော့ မင်းဘက်မှာပဲ သမိုင်းတွင်ရစ်မယ့် အမည်းစက်တွေ မိုးသီးမိုးပေါက်တွေလိုကျလာမှာ .."

"Why! ..."

"ဟွန်း .. မင်း လျှောက်ခဲ့တဲ့လမ်းမှာ ဆူးဘယ်နှစ်ခါစူးခဲ့သလဲ ခလုတ်ဘယ်နှစ်ကြိမ်တိုက်ခဲ့သလဲ မင်းပဲသိမှာပေါ့ .."

လူကို လှောင်ရယ်နေသလိုမဲ့ကာ စဉ်းစားသည့်ပုံစံတွေလုပ်နေ၏။ ညွှန်း က နှုတ်ခမ်းလေးကို တင်းကပ်နေအောင်ထားရင်း ...

"မင်းက ကြေညာထားတဲ့အတွက် ငါက ကိုယ်တိုင်စိန်ခေါ်ထားခဲ့ပြီးသားကို ဘွာမခတ်ပါဘူး .."

"ခင်ဗျားက ဟားတိုက်ရယ်ဖို့ကြိုးစားနေပေမယ့် ငိုသံပါကြီးနဲ့ဖြစ်နေပြီ .. အဲဒါသိလား .."

"ငါ ငိုချလိုက်ရင်လည်း မင်း ရယ်ဖို့ရသွားတာပေါ့၊ မင်းလို သတ္တဝါလေးကို ငါ လုံးဝစိတ်မဝင်စားဘူး.."

"စိတ်ဝင်စားလို့ပဲ ခင်ဗျား ကျွန်တော့်သမိုင်းကို တော်တော်နှောကျနေတာပါ၊ ဒီမှာ ဒေါ်စံရတီညွှန်း .. ရည်းစားများတာကို ရှုံ့စရာလို့မြင်နေရင် ရည်းစားမထားပေမယ့် လောက်ကိုက်အောင်ပုပ်ပွနေတဲ့ လူစားမျိုးတွေကို ဘယ်လိုသတ်မှတ်သလဲဆိုတာ ပြောနိုင်အောင်ကြိုးစားဦး၊ ဥပမာ ခင်ဗျားလို မိန်းမမျိုး .."

"မင်း ယောကျ်ားတစ်ယောက်ဖြစ်ပြီး နှုတ်လျှာ်ထိုးတတ်လှချေလား .."

"ယောကျ်ားတွေက သစ်ငုတ်တိုတွေမှမဟုတ်ဘဲ ခင်ဗျားသိထားသလောက် မာနတွေ ဒေါသတွေ ခင်ဗျားမှာပဲရှိနေတာမဟုတ်ဘူး၊ မိန်းမတွေခဲ့ စိတ်ဆိုးတတ်တာမဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားတွေစိတ်ဆိုးတတ်တာ ငါသိတာပေါ့၊ ဒါပေမယ့် ယောကျ်ားက ယောကျ်ားလိုပဲရှင်းကြတာ .. မင်းလို .."

"ခင်ဗျားလို မိန်းမနဲ့ တိုက်ခိုက်ဖို့က ကွယ်ရာမှာ အျုပြောတာတွေခင်းကျင်းပြီး ဟန်ရေးပြင်လို့မှမရတာ၊ ပြိုင်ကြပြီဆိုရင် နိုင်ဖို့က အဓိက၊ ရန်သူက မိန်းမတစ်ယောက်ဖြစ်နေရင် လက်နက်ချအရှုံးပေးရမယ်လို့ ဘယ်သမိုင်းမှာသင်ခဲ့ရလဲ .."

ကြည့်စမ်း .. စကားနဲ့တောင် နည်းနည်းလေးမှ အကြောမခံ ..၊

"အဲ့ဒီတော့ ခင်ဗျားက ဘွာမခတ်ဘူးဆိုရင် တိုက်ကြရုံပေါ့၊ ရေကုန်ရေခမ်း .."

သူက ညွန်း မျက်နှာကို တည့်တည့်ကြည့်ပြီး စိန်ခေါ်သည်။

"ကျွန်တော့်သမိုင်းမှာ အမည်းစက်တွေဘယ်လောက်ဖြစ်သွားသွား အဲ့ဒါတွေက ခင်ဗျားနဲ့တွေ့မှ မိုးပေါ်ကပြုတ်ကျလာမှာတွေမဟုတ်တော့ ပူမနေနဲ့ .."

မကောင်းခဲ့တဲ့ ကိုယ့်အကြောင်းကိုပဲ အားပါးတရကြီးကြေညာနေသေးသည်။ ပြီးတော့ ညွန်း ရဲ့ လက်ကိုင်အိတ်ကိုဖွင့်၍ ရောက်နေပြီဖြစ်သည့် ပါဆယ်ထုပ်တွေအတွက် ရှင်းပေး၏။

ပြီးမှ သူ့မ ရှေ့မှာ ပြန်ချပေးကာ ...

"ကျွန်တော့်မှာ ချစ်သူတွေဘယ်နှစ်ယောက်ရှိခဲ့ရှိခဲ့ အဲ့ဒါတွေနဲ့ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ .."

"ကလေးအဖေ ဖော်မယ့်သူတွေရောက်လာလာ မလာလာလို့ ထည့်ပြောဦး .."

သူက နှာခေါင်းတွန့်၍မဲ့သည်။ ပြီးတော့ ခေါင်းခါ၍ ...

"အဲ့ဒါကြောင့် လန့်ဖျန့်သွားမယ်ထင်နေရင် စိတ်မကောင်းစရာပဲ ကျွန်တော့်မှာ အဲ့ဒါမျိုးတွေမရှိဘူး .."

"ဟုတ်ရဲ့လား ကွန် .. နှင်းဆီခိုင် ကို မင်းမေ့နေလို့ဖြစ်မယ် .."

"နှင်းဆီခိုင် မှာ ပြဿနာရှိရင် နှင်းဆီခိုင် လာပါစေ၊ ခင်ဗျားစိတ်



ပူဖို့မလိုဘူး၊ ခင်ဗျားပူရမှာက အဲ့ဒီကောင်ကို ခင်ဗျားလက်ထပ်ရတော့မယ်ဆိုတာပဲ .."

"ဟွန်း .."

"ကားရောက်လာပြီ .."

ညွန်း မျက်နှာပေါ်က ကောက်ကြောင်းတွေမည်သို့ရှိစေ ကွန် က ပြောချင်ရာပြောပြီး နေရာမှထရပ်သည်။ ပြီးတော့ ပြန်ငုံ့ကြည့်၍ ...

"ရလား .."

"ရတယ် .."

ညွန်း က စားပွဲစွန်းကို လက်ထောက်ပြီးထရပ်၏။ သို့သော် ...

"အား ..."

"ခုကျတော့ ခင်ဗျားမာနတွေ ပြေးထူဖော်တောင်မရပါလား .."

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဒယိမ်းဒယိုင်ဖြစ်သွားသည့် ကိုယ်ကို ထိန်းမတ်၍ သူ့ကိုကြည့်လိုက်လျှင် ...၊

"မင်း ..."

"ငြိမ်ငြိမ်လေးနေ .. တွဲခေါ်လည်း ခင်ဗျားလျှောက်နိုင်မှာမဟုတ်ဘူး .."

"အဲ့ဒါ .. အဲ့ဒါ မင်း .."

ဆွဲခနဲပွေ့ချီလိုက်တာနှင့် ညွန်း ပတ်ဝန်းကျင်ကို ဘာမှမမြင်တော့သလိုပင် အားလုံးဝိုင်းကြည့်နေကြမှာကို သိနေကာ ရှက်သည့်စိတ်ကြောင့် သူ့အင်္ကျီရင်ဘတ်စကို တင်းနေအောင် ဆုပ်ဆွဲထားမိရင်း ...၊

ဒီနေရာကနေ အငွေ့ပျံပျောက်ကွယ်သွားပါရစေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ရပြီ အထဲမဝင်နဲ့ .."

ဘယ်သူကရော အထဲထိလိုက်ပို့ပါ့မယ်ပြောနေလို့လဲ ..၊ မြန်မြန်ဆင်းသွားလေ ကောင်းလေ ..။

ညွန်း သူ့မျက်နှာကို တစ်စက်လေးမှ လှည့်မကြည့်ဘဲနေမိသည်။

တစ်လမ်းလုံး ကားတစ်စီးတည်းစီးလာခဲ့ရခြင်းကြောင့် ကျဉ်းကျပ်ဆင်းရဲနေခဲ့သည့်စိတ်ဟာ ကွန် မြန်မြန်ဆင်းသွားဖို့သာ အဓိကအရေးကြီးဖြစ်နေခဲ့၏။

**သို့သော်** ကွန် မဆင်းခင် ခြံထဲကိုလှမ်းကြည့်လိုက်တော့ အိမ်တံခါးဝမှာ **ဦးမင်းနိုင်** ကို လှမ်းမြင်လိုက်ရကာ ...

"နေဦး ..."

ဒီဘက်ကိုမျှော်ကြည့်နေတာမို့ ကိုယ်နဲ့လည်း မျက်နှာချင်းဆိုင်မိပြီးဖြစ်သောကြောင့် အိမ်ရှေ့ကာစနေ လှည့်ပြန်သွားလို့မကောင်းတော့ပေ..။

"မြင့်နိုး အထဲကိုမောင်းတော့ .."

ကွန် ကလည်း တံခါးဖွင့်ဖို့ပြင်ပြီးမှ လက်ပြန်ရုတ်လိုက်ပြီး လှည့်ကြည့်၏။ အိမ်ထဲကအဖြစ်ကို သူတို့မသိကြသော်လည်း ဦးမင်းနိုင် ကတော့ မျက်လုံးပြူးသွားလေသည်။



ကွန့် ကို မျှော်နေမိပေမယ့် ညွန်း ရဲ့ ကားနဲ့တိုက်တိုက်ဆိုင်ဆိုင်နှစ်ယောက်စလုံး ရောက်လာကြခြင်းသည်။

"နှင်းမိုး .."

အိမ်ရှေ့အဝင်ဝမှာ နှစ်ဖက်ဆုံမိကြလျှင် ကွန့် နှုတ်ဖျားမှ နာမည်တစ်ခုကို ရေရွတ်လိုက်သံနှင့် နှင်းမိုးရာသီ ၏ ခပ်ဟက်ဟက်ရယ်သံကရှေ့ဆင့်နောက်ဆင့် ..။

ညွန်း မှန်ကို တဆုံးထိချပစ်လိုက်ရင်း မြင်ကွင်းကို သေချာကြည့်မိသည်။ ဦးမင်းနိုင် သည် နီရဲနေသည့်မျက်နှာကြီးနှင့် ကွန့် ကို စူးစိုက်ကြည့်နေကာ နှင်းမိုးရာသီ နဲ့ ဦးမင်းနိုင် ရဲ့ အလယ်မှာ ကျစ်ဆံမြီးနှစ်ဖက်ကျစ်လေးနှင့် အိမ်အကူပုံစံမိန်းကလေးတစ်ယောက် ..။

ထို့ပြင် မိန်းကလေးရဲ့လက်ထဲမှာ အနီးဖြူဖြူလေးနှင့် ထုပ်ပတ်ထားသည့် ကလေးနီကြာရဲလေးကို ချီပွေ့ထားလေသည်။

ဦးမင်းနိုင် ရယ် ကလေးချီထားသည့် မိန်းကလေးရယ်အပြင်၊ နှင်းမိုးရာသီ တို့က အိမ်အဝင်ဝမှာ ရှိနေကြလျက် ကွန် က လှေကားထစ်သုံးထစ်ကို တစ်ထစ်ချင်းနင်းဖြတ်တက်သွားရင်း နှင်းမိုးရာသီ ရှေ့မှာရပ်၏။

ဦးမင်းနိုင် ကိုရော ကလေးရှိနေခြင်းကိုပါ တစ်ချက်လေးမှ စောင်းငဲ့ကြည့်ဖော်မရဘဲ ..၊

"ဆို .. ဘာလာလုပ်တာလဲ .."

"သိချင်ရင် ရှင် ကြည့်လိုက်လေ .."

နှင်းမိုး က မေးဆတ်ပြမှ မျက်တောင်ဖျားတွေစင်းချထားလျက်နှင့် ငဲ့ကြည့်သည်။ ကလေးနီကြာရဲက အိပ်နေတာမဟုတ်ဘဲ ငိုလည်းမငိုပေ ..။

လက်ဖဝါးလေးနှစ်ဖက် ဆုပ်လိုက်ဖြန့်လိုက်နှင့် လူးလူးလွန့်လွန့်..။

"အဲ့ဒါ ရှင့်ရင်သွေး .."

ကားထဲကကြည့်နေရင်း ညွန်း ရင်တွေအဆမတန်ခုန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းမိုး ဆိုသည့် မိန်းကလေးက အရပ်လေးခပ်ပုပု ဆံပင်ကမတိုမရှည်နှင့် ဆွဲသားအကျီ်ခါးရှည်ကျစ်ကျစ်ကို စတော့ကင်နဲ့ ဝတ်ထား၏။

ကွန့် ထက်တောင် အသက်ငယ်ဦးမည့်ပုံပါ။ သို့သော် အနီးထဲက ကလေးနီတြာရဲလေးကို မွေးထားခဲ့သည့် မိခင်တစ်ယောက်နဲ့တော့ မတူပေ ..။

ကွန့် မျက်နှာက အေးဆေးရှိနေတာကိုကြည့်၍ ညွန်း အံ့လည်း အံ့ဩသည်။ ဒီလောက်ထိ ရှုပ်ထွေးရမ်းကားနေသည့်အဖြစ်ကို ယုံလည်း မယုံနိုင် ..။

'သိသာသိစေ မမြင်စေနဲ့' တဲ့ ..။

ကွန် ဆိုသည့်ယောကျ်ားအကြောင်း ကြားလိုက်ရတာတွေရှိပေမယ့် ကိုယ်နဲ့မသက်ဆိုင်သလိုနေနိုင်ခဲ့သည်။ ခုတော့ သူမ မြင်ခဲ့ရတာချည်းပဲ မိန်းကလေး သုံးယောက်ရှိပါပြီ။

တစ်ယောက်သည် ဒီယောကျ်ားကိုပဲ ရယူဖို့ကြိုးစားနေဆဲဖြစ်ကာ တစ်ယောက်က ကိုယ်ဝန်နဲ့၊ ကလေးနီတြာရဲလေးနဲ့တစ်ယောက်ကတော့ ..၊

"မင်း အေးဆေးထွက်သွားမလား .. ငါ ဆွဲထုတ်ရမလား .."

"ရှင်ဆွဲထားလည်း နှင်း က မနေပါဘူး၊ ဒါပေမယ့် ကိုယ့်တာဝန်ကိုတော့ ရှင်ယူရမယ် .."

အေးစက်တင်းခဲနေသည့် ကွန့် မျက်နှာပေါ်က အစိုင်အခဲတွေ ပြိုကျဖျက်စီးကုန်ခဲ့လျက် ..၊

"နှင်းမိုးရာသီ .."

သူမ လက်မောင်းတစ်ဖက်ကိုဆောင့်ဆွဲပြီး ကလေးရှိနေသည့် ဘက်ကို တွန်းပို့လိုက်ကာ ..၊

"ခေါ်သွားလိုက်၊ အဲ့ဒီသတ္တဝါလေးကဘာဖြစ်ဖြစ် ခြေယောက်နှစ်ချောင်းကကိုင်ပြီး ငါ ဆွဲလွှင့်ပစ်မှာ .."

"ဒါ ရှင့်သွေးသားပဲ ရှင်ကမှသတ်ရဲရင် .."



"တောက် .. ကွာ .."

"ဟိတ်ကောင် .."

ကွန် တက်ခေါက်ကာ ကလေးနားကပ်လိုက်တာနှင့် ဦးမင်းနိုင်ရဲ့ လက်သီးချက်က တန်းခနဲပစ်ဝင်၏။ မျက်လုံးတွေမှာ မီးတောက်မီးပွားတွေ စင်ထွက်ကုန်၏။

သို့သော် လည်ထွက်သွားသည့်မျက်နှာကို ချက်ချင်းပြန်လှည့်ကာ မျက်နှာတစ်ခြမ်းမှာအုပ်ကျသွားသည့် ဆံပင်တွေကို ဆတ်ခနဲခါထုတ်ပစ်၏။

"ထိုးပါ .. ဖေဖေ ကိုယ့်သားကိုမယုံရင် ဒီနေရာမှာတင် ပုံကျသွားအောင်ထိုး .."

"မင်းနော် .. ကွန့် .."

"ကျွန်တော် မူးရူးသောက်စားနေတတ်တဲ့ယောကျ်ားမဟုတ်ဘူး၊ ကိုယ် ဘာလုပ်နေသလဲ ကိုယ့်ဘာသာသိတယ် .."

"တာဝန်မယူတတ်တဲ့လူတွေ ဒီလိုပြောကြတာပဲ၊ ရှင်က ဖအေတစ်ယောက်လုံးကိုတောင် ဂရုမစိုက်မလေးစားတတ်မှတော့ နှင်း က ဒီလိုအားကိုးတကြီးလာမိတာ မှားပြီပေါ့ .."

ဦးမင်းနိုင် မျက်နှာကြီးညိုမှောင်သွားသည်။ ဒီမိန်းကလေး လူကြီးကိုပဲ ခလုတ်တိုက်နေသည်။ သားအဖ ထိပ်တိုက်တွေ့စေမယ့်စကားတွေနဲ့ တို့ထောင်နေ၏။

သိနေသော်လည်း လူကြီးဖြစ်လျက်နှင့် ခံရခက်က မသက်သာ..။

လှမ်းကြည့်လိုက်တော့ ညွန်း ရဲ့ ကားက ဘယ်အချိန်ကထွက်သွားသည်ကိုမသိလိုက်ပေ ..။ တစ်သက်လုံး ရှင်သန်လာခဲ့သမျှ ဒီနေ့အသက်ရှူနေရခြင်းကိုတော့ စိတ်ပျက်မုန်းတီးမိလေသည်။

"တောက် ..."

"ဝုန်း ..."

"ဒုန်း .. ခွမ်း .. ချလွမ် .."

www.burmeseclassic.com

www.burmeseclassic.com



"ကွန် .. မင်းရပ်လိုက်စမ်း .. ရပ်စမ်း .. ခု .."

နှင်းမိုး တို့ ပြန်သွားပြီးမှ အိမ်ထဲကရှိသမျှပစ္စည်းတွေကို ဆွဲလွဲ ရိုက်ချိုးပစ်တာ ညှေ့ခန်းမှာ ကွဲရှရှပ်ပွသွား၏။ ဦးမင်းနိုင် ရဲ့ လက်သီး ချက် နောက်ထပ်တစ်ချက်ပစ်ဝင်သွားကာ ကွန့် ရဲ့ ရင်ဘတ်စကို ဆောင့် ဆွဲ၍ ...

"မင်း ဘာဖြစ်ချင်တာလဲ မင်းမှားတဲ့အမှားကို ဘယ်သူက .."

"ကျွန်တော် မမှားဘူး ဖေဖေ .. နှင်းမိုးရာသီ ဆိုတာ သက်တံမိုး ရဲ့ ညီမ၊ သူ့အစ်ကို ကျွန်တော် ငြင်းခဲ့လို့ မကျေနပ်ပြီး ဒေါက်ဖြုတ်တာ.."

"ဘာ .. မင်း ဘာပြောလိုက်တယ်၊ မိန်းကလေးတစ်ယောက်က ဒီပုံစံနဲ့လာပြီး မင်းကို ဒေါက်ဖြုတ်ဖို့အတွက်နဲ့ ဟုတ်လား .."

"ဖေဖေ မယုံဘူးမို့လား .."

"ယုံကြည်ဖွယ် မင်းလုပ်ခဲ့တာ ရှိဖူးလို့လား ပြန်တွေး .."

ဦးမင်းနိုင် က ရင်ဘတ်ကိုလွှတ်ကာ ကျောခိုင်းရပ်လိုက်ပြီး ..၊

"အေး .. မင်း ဘာလုပ်ခဲ့တာ မင်းသိတယ်၊ အဲ့ဒါ မှန်တယ် .. ဒါပေမယ့် မင်း ခြေလှမ်းမှားလို့ ချေးနင်းမိတာပဲ ရည်းစားထားတွေနဲ့ ပတ်သက်ပြီး ငါ အတန်တန်တားခဲ့တာ ဒီလိုတွေဖြစ်လာမှာစိုးလို့၊ အခု ဖြစ်လာတော့ မှန်တာမှားတာ ဘယ်သူမှစိတ်မဝင်စားဘူးကွ .. ဒီကောင် က လူပွေလူရှုပ် မိန်းကလေးတွေကို ဖျက်ဆီးပြီးထားခဲ့တဲ့ကောင်၊ မင်းရ တာ ဒါတွေပဲ .."

"အဲ့ဒီစကားတွေ ဖေဖေက မပြောရင်ပြီးတာပဲ .."

"ညွန်း ကိုရော .."

ကွန့် အသံတိတ်သွားသည်။

"ညွန်း အားလုံးသိသွားတယ်၊ သူ့ကိုလည်း မင်း ဂရုမစိုက်ဘူးပဲ လား .."

"မလိုပါဘူး ဖေဖေ .. ကျွန်တော် ဘာ့ကောင်လဲဆိုတာ သူလည်း စိတ်မဝင်စားပါဘူး .."



"ဟ .. ငါက မင်းအဖေလေ .. ငါ့သားဆိုတဲ့ ယုံကြည်မှုတွေကို.."

"ကျွန်တော်လုံးဝ မလိုချင်တာ ဖေဖေ့သား ဖြစ်နေရခြင်းပဲ .."

"ဘာကွ .."

"အဲ့လို ယုံကြည်တာကို မလိုချင်တာ .."

"ဘာလဲ .. မင်းကို ညွန်း က သီးသန့်ယုံကြည်စေချင်တာလား .."

ကွန် က နှုတ်ခမ်းထောင့်က သွေးစကိုလက်ခုံနဲ့ကပ်သုတ်ပစ်ရင်း ဘာမှမဖြေဘဲ လှည့်ထွက်သွား၏။

"ကွန် .. ညွန်း ကို မင်းစိတ်ဝင်စားနေတယ်ဆိုတာ ငါသိတယ်၊ အေး မင်း မသိသေးတာ အခုပြောမယ် .."

ကွန့် ခြေလှမ်းတုံ့ခနဲရပ်သွား၏၊ ဦးမင်းနိုင် က သူ့ကျောပြင်ကိုပဲ ကြည့်၍ ..၊

"မင်းကို ညွန်း နဲ့ လက်ထပ်ပေးဖို့ ငါ ဘယ်တုန်းကမှ စိတ်မကူး ခဲ့ဘူး၊ ဒါကြောင့် .. မင်း .."

"ကောင်းတာပေါ့ ဖေဖေ .. ကျွန်တော်ကလည်း ဖေဖေ့အားကိုးနဲ့ မလိုချင်ပါဘူး .."

လှည့်ပြောလာသည့် မျက်နှာက ထိမထင်ဟန်တွေအပြည့်နှင့်ရှိကာ အထိုးအကြိတ်ခံထားရသည့် ကွန် ဆိုတာ ဘယ်ရောက်သွားသည်မသိ။

"စံရတီညွန်း ဆိုတဲ့မိန်းမ သိပ်ချမ်းသာလို့ သူ့ရဲ့ ထူးချွန်ပြောင် မြောက်မှုတွေနဲ့ သိမ်းပိုက်သွားတယ်ဆိုတာမျိုးလည်း ဘယ်တော့မှ ဖြစ် လာမှာမဟုတ်ဘူး၊ ကျွန်တော်က သူ ဆုပ်ချေကိုင်တွယ်ထားတဲ့တစ်ရှူး စမှမဟုတ်တာ .."

ဦးမင်းနိုင် က မျက်မှောင်ကုတ်သွားပြီးမှ မဲ့၍ ...

"ညွန်း က မင်းကို အဲ့လောက်တောင်ထင်ရဲ့လား၊ အစတည်းက မင်းအပေါ် သူ ဘယ်လိုဆက်ဆံသလဲသိတာပဲ၊ ခု ဖြစ်ပျက်နေတာတွေ လည်း သိသွားပြီဆိုတော့ .."

ကွန် က ဘာမှထပ်မပြောတော့ဘဲ မျက်နှာလွှဲပစ်၏။ ပြီးမှ လှည့်

www.burmeseclassic.com

ထွက်သွားသည်။ သားအဖ တစ်နေရာစီဖြစ်သွားကာမှ ကုလား တံမြက်စည်းတစ်ဖက် ဂေါ်တစ်ဖက်နှင့်ပြေးလာရှာ၏။

"ကုလား .."

"ခင်ဗျာ .. ကယ်လေး .."

"မင်း အဲ့ဒါပြီးရင် ဒီဖုန်းထဲက တက္ကစီကိုတွေ့အောင်ရှာ .."

ဖွင့်ပြီးသားဖုန်းကို လှမ်းပေးတော့ တက္ကစီ၏နောက်ကြီးပုံနှင့် နံပါတ်က ထင်းနေ၏။ နှင်းမိုးရာသီ ရောက်လာတုန်းက တက္ကစီပါ။

"တွေ့ရင် ဒီခြံကိုလိုက်ပို့နိုင်းတဲ့ ပါစင်ဂျာ ဘယ်က တားစီးတာလဲလို့မေးပြီး အဲ့ဒီနေရာတစ်ဝိုက်မှာ စုံစမ်းခဲ့ .."

"ဟုတ်ကဲ့ .."

"တက္ကစီပေါ်မှာ တစ်ခုခုပြောဆိုတာကြားလိုက်မိသေးလားလို့ ဒရိုင်ဘာဆီမှာလည်း စုံစမ်း .. ရော့ .."

လက်ကိုင်အိတ်ထဲက ငါးထောင်တန်တွေ ဆွဲဖြုတ်ပေးလိုက်ကာ..။

"တစ်ခုခု ထူးခြားတာ ငါကြားချင်တယ် .."



## အခန်း (၃၁)

"ဝသာ .."

"မေး .. [illegible?]တည်း နောက်..ချလိုက်တာ .."

အိမ်[illegible?]တည်းက ဝသာန် ထိုင်စောင့်နေတာကိုမြင် လိုက်သည်။ မတွေ့တာကြာပြီဖြစ်တဲ့သူငယ်ချင်းကို ခရီးဝေးကနေ ပြန်ရောက်လာတာမှန်းလည်းသိလျက်နှင့် ညွှန်း ရဲ့စိတ်တွေ ထွေပြားနေတာ ပြီးပြီ ဖို့တောင်[illegible]..။

"ညွှန်း .. နင် ဘာဖြစ်လာတာလဲ .."

"ဝသာန် .."

"အင်း .. ပြောလေ .. ငါ ပြန်ရောက်တည်းက နင့်ဆီလာခဲ့တာ နေ့လယ်နှစ်နာရီတည်းက .."

ခုတော့ ညနေခင်းတောင်ရောက်နေပါပြီ။ ဒါလည်း ဝသာန့် ကို ကျေးဇူးတင်အားနာရမှန်းမသိ၊ သူမ မြင်ခဲ့ကြားခဲ့ရသမျှတွေကို ထိတ်လန့်အံ့ဩရင်း ..၊

"အဲ့ဒါတွေ အဲ့ဒီလိုတွေဖြစ်နေတဲ့ယောကျ်ားတစ်ယောက်ကို ငါ.. ငါ စွဲစပ်ခဲ့တာ .."

ပြောပြပြီး တုန်လှုပ်ချောက်ချားနေသည့်မျက်နှာလေးက သွေးပျက်

www.burmeseclassic.com

www.burmeseclassic.com



မေတတ် ...။

"ညွန်း ရယ် ... နင်ပြောတဲ့ပုံအရဆို ..."

"မဖြစ်နိုင်တာတွေ ရှာကြံပြောဦးမလို့လား ဝဿန် ..."

"မဟုတ်ဘူး ညွန်း ... ငါ နင့်ဆီကိုရောက်ရောက်ချင်းပြေးလာခဲ့တာ၊ နင့်အတွက် အရေးကြီးတဲ့အကြောင်းတွေပြောစရာရှိလို့၊ ပြီးတော့ ကွန် နဲ့ပတ်သက်တာရောပဲ ... ဒါပေမယ့် ခုလိုအကြောင်းတွေတော့ မဟုတ်ဘူး ..."

"နေဦး ... နေပါဦး ..."

ညွန်း လက်ကာတားရင်း ကိုယ့်စိတ်လှုပ်ရှားနေတာတွေငြိမ်သက်ဖို့ သံပုရာရည်နှစ်ခွက် ထဖျော်သည်။

ဒေါ်နန်း က ဝိုင်းကူလုပ်ပေးနေရင်း ...၊

"သမီး ... ဒေါ်နန်း ဖျော်လိုက်ပါ့မယ်၊ သွားနားလေ ... သွား ..."

"ရပါတယ် ... ညနေစာချက်ရင် ဝဿန် ကြိုက်တတ်တာလေးတွေ ဝါပါစေနော် ..."

"စီစဉ်ပြီးပြီ သမီး ... အားလုံးအတွက်ပါတယ် ..."

ထိုစဉ် ဝဿန် ကပါ မီးဖိုခန်းထဲထိလိုက်လာပြီး ညွန်း လက်ထဲက သံပုရာရည်ဖန်ခွက်ကို ဒီတိုင်းလှမ်းယူလိုက်၏။

နှစ်ယောက်သား အအေးတစ်ယောက်တစ်ခွက်ကိုင်၍ အပြင်မှာ ပြန်ထိုင်ဖြစ်ကြကာ ...၊

"နင့်အတွက် အန္တရာယ်ကြီးနေပြီ ညွန်း ... ဦးအေးကို ကို နင် တရားစွဲခဲ့တဲ့ကိစ္စလေ ..."

"ငါ ပြန်ရုပ်သိမ်းပေးခဲ့တာပဲ ..."

"ညွန်း ရယ် ...ပွဲကပြန်ကဖြစ်ပေမယ့် ပွဲလန့်သွားပြီဆိုရင် အားလုံး နေရာပျောက်ကုန်ကြတာပဲ၊ ဇရတ်သုတ်ခ ဝရုန်းသုန်းကားတွေလည်း ဖြစ်ကုန်တာပဲလေ၊ ဦးအေးကို ကို စွဲဆိုခဲ့တုန်းက 'မယ်မဒီ' ဂရု(စ်)တစ်



ခုလုံး တစ်တန်းကြီးပါသွားခဲ့တာပဲ ..."

"သူတို့ ကြိုးကိုင်ထားတာ မပါလို့ဖြစ်မလား၊ ငါ့ကို မိန်းမသားပဲ ဆိုပြီးအမျိုးမျိုးလုပ်ကြံခဲ့တာ၊ ကိုယ့်စီးပွားကိုယ်ရှာကြတာ ကိုယ့်လိုင်းနဲ့ ကိုယ်ပြေးကြရုံပဲ၊ မနာလိုမစ္ဆေယစိတ်တွေ ကြီးမားပြီး သူတစ်ပါးနဲ့မှ လက်မထပ်ရင် ငါက သူ့ထက် တိုးတက်မြင့်မားခွင့်မရှိတော့သလိုမျိုး..."

"သူ့တူက ဒီဂျေ ပဲလေ၊ ဒီဂျေ ကိုယ်တိုင်က နင့်ကို လိုချင်လို့ ဦးလေးအကူအညီနဲ့ ဒီလိုတွေကြိုးစားနေတာမဖြစ်နိုင်ဘူးလား ..."

"မသိဘူး ... ငါ အဲ့ဒါတွေမသိချင်တော့ဘူး ဝဿန် ... ဒီဂျေ နဲ့ ကွန် ရဲ့ ကြားမှာ ငါ့သိက္ခာ ဗုန်းဗုန်းလဲခဲ့ရပြီးပြီ၊ ကိုယ့်ကြောင့် ဖြစ်ရတဲ့ ပြဿနာကိုရှင်းရတာထက် ကိုယ့်ကို ပြဿနာရှာခံရလို့ရှင်းနေရတာ အချိန်ကုန်အလုပ်ရှုပ်ဆုံးပဲ ..."

"ရှင်းဖို့လိုအပ်လာရင် ရှင်းရမှာပဲ ညွန်း ရယ်၊ နင်က အောင်မြင်နေတာ တစ်ယောက်တည်းထီးထီးမားမားရယ်၊ သူများတွေက ဘက်ခ်ရောင်း(န်)ရှိတယ်၊ အင်အားကြီးတယ်၊ နင်က သူတို့လိုအင်အားမကြီးပေမယ့် တစ်ယောက်တည်းထိုးထွက်လာတော့ သူတို့တွေထက် ပိုပြီး လူသိများတယ်လေ ..."

"အဲ့ဒါတွေက ဘာဖြစ်နိုင်လို့လဲ ..."

"ရန်သူများရတဲ့အကြောင်းတွေဖြစ်လာတာပေါ့ ... မနာတဲ့စိတ်ထ သိပ်ဆိုးတာ နင်သိလား၊ အထူးသဖြင့် ယောကျ်ားတွေက ဦးဆောင်နိုင် သူဆိုတဲ့ မာနနဲ့ ရပ်တည်နေကြတာလေ၊ ယောကျ်ားတိုင်း ဦးမြတ်မင်းအောင် လို မညစ်ပတ်ပေမယ့် မာနရှိကြတာတော့ အတူတူပဲ၊ နင်က သူတို့ ဂရုမစိုက်တဲ့အပြင် တရားစွဲပြီး အတန်းလိုက်ဆွဲထုတ်ဖို့ကြိုးစားခဲ့တာ..."

"အဲ့ဒါကို ငါ့ခေါင်းထဲမှာမရှိတော့ဘူး ..."

"နင် ဖျက်သိမ်းပေးခဲ့တာက စာရွက်တစ်ရွက်ပေါ်မှာ လက်မှတ် တစ်ချက်ပဲ၊ ပျက်စီးသွားတဲ့ဂုဏ်သိက္ခာကိုတော့ သူတို့ဘာနဲ့မှ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှမသိလိုက်ကြဘူး ဝသန် .. သူတို့ဘာသာ ကိုယ့်လက်ရှိ မှ ပူမှန်းသိနေကြတာ .."

"နင်က ထင်တာကိုး .. ငါ ကြားခဲ့တာတော့ အဲဒီအမှုကိစ္စမဖြစ်လိုက်ပေမယ့် ဦးမြတ်မင်းအောင် နဲ့ သူ့ရဲ့ ပါကနာတွေ တော်တော်အဆင်မပြေဖြစ်ခဲ့ကြတာတဲ့ .."

ညွန်း စိတ်ပျက်သည့်မျက်နှာလေးနှင့် ကျွတ်ခနဲဖြစ်သွားသည်။ ဝသန် က သူမကိုယ်တိုင် ဆရာဝန်အဖြစ်ရပ်တည်နေခဲ့ပေမယ့် သူမရဲ့ မွေးချင်းမောင်နှမတွေကတော့ ဆရာဝန်၊ အင်ဂျင်နီယာ ဘယ်သူဖြစ်ဖြစ် ဘွဲ့ရလက်မှတ်တွေကို သိမ်းဆည်းပြီး စီးပွားရေးလုပ်ငန်းတွေမှာပဲ ကြီးစားအောင်မြင်နေကြတာဖြစ်သည်။

ထို့ကြောင့် အလုပ်တာဝန်ကနဲ့ပေမယ့် ညွန်း နဲ့ ပတ်သက်သည့် စီးပွားရေး၊ လူမှုရေးတော်တော်များများကို သူမ သိနေကာ ကိုယ်တိုင်လည်း ကူညီခဲ့တာတွေရှိသည်။

ခုလည်း သူမ သေချာသိထားခဲ့တာတွေရှိသည်။ ထို့ကြောင့် ညွန်းအတွက် စိတ်ပူနေခဲ့လျက် ..၊

"နင့်ကို တစ်ခုခုတုံ့ပြန်မယ်လို့ ဒင်နာမှာ သေချာကြိမ်းဝါးနေတာတဲ့ သိလား .."

"ငါ့ကို သတ်ချင်လို့တဲ့လား .."

"ဘာမဆိုဖြစ်နိုင်တယ်လေ၊ ပြီးတော့ .. ဒီကျေ ကလည်း .."

"တော်ပါတော့ ဝသန် ရယ်၊ ကားဘရိတ်ဖြတ်နိုင်းပြီးလုပ်ကြံတဲ့အထိ သူတို့လုပ်ပြီးပြီ၊ အခုက်ကို ကြံစည်တာထက် ပိုကြီးမားတာဘာရှိသေးလို့လဲ၊ ငါ့ကို သူတို့အကြောင်းတွေမပြောပါနဲ့တော့၊ သူများလက်နဲ့ သေရမယ့် .. ငါလာရင် သေမှာပဲ .."

"ဒါဆို နင်က ဘာကိုကြောက်တာလဲ၊ အခု ဒါမပြောပါနဲ့ဆိုတော့ ကွန့် အကြောင်းပြောဖို့ရှိနေတာလည်း မပြောရတော့ဘူးလား .."



ညွန်း က လှည့်ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ သံပုရာရည် သောက်နေ၏။

"နင် အခုသိလာတဲ့ သူ့ကိစ္စတွေကိုတော့ မှားသလား မှန်သလား ငါမသိဘူး .. ငါသိ .."

"အမှားအမှန်ခွဲခြားနေဖို့ ဘာလိုသေးလို့လဲ .. ငါ့ရှေ့မှာပဲ သူ ရှုပ်နေတာတွေ .."

ကျွတ်ခနဲဖြစ်သွားရင်း ဆက်မပြောချင်တော့သလို သံပုရာရည်ကိုပဲ ဖိသောက်နေ၏။

"သူ့အရှုပ်တွေ ဖော်လိုက်လို့ ရှက်နေလိုက်တာ ကလေးလေးတိုတောင် ကိုင်ပေါက်ပစ်တော့မယ်ပုံ .."

"သူ့ကလေး တကယ်မဟုတ်လို့လားမှမသိတာ .."

"ဘာရယ် .. နင် ဘာပြောလိုက်တာလဲ ဝသန် .. မိန်းမတစ်ယောက်က .."

"မထင်မှတ်တာတွေ လုပ်တတ်ကြတာ မရှိဘူးလို့လား .. ဘယ်နေရာမဆို အဆိုးအကောင်း အနည်းအများဆိုတာရှိတာပဲ၊ မိန်းကလေးဖြစ်တိုင်း ရှက်ကြောက်ရည်မွန်နေကြတယ်လို့ နင်ထင်သလား၊ ခုခေတ်မှာ ကံခေလို့ ရပ်မလှတဲ့သူဆိုတာလည်း မရှိတော့ဘူး၊ အားလုံးကို ပြင်ဆင်ဖန်တီးလို့ရတယ်၊ ဖြတ်လို့ရသလို ဖြည့်လို့လည်းရတယ်၊ မျက်စိနဲ့ထင်အပ်မြင်တာပဲဆိုပြီး မြင်မြင်သမျှမှန်နေတယ်လို့ သတ်မှတ်လို့တော့ မရပါဘူး .."

"ကွန့် ပုံစံကို နင်ကြည့်ဦး ဒီလောက်မောက်မာ မာန်တက်နေတဲ့ယောကျ်ားက မိန်းကလေးတွေအပေါ် ဒီလိုဆက်ဆံတာ မဖြစ်နိုင်တာဘာရှိလဲ .."

"မှန်တစ်လုံးနဲ့ ရပ်တည်ပြီး မောက်မာတယ်လို့ ရပ်စွဲခံနေရတဲ့လူတွေလည်းရှိတာပဲ၊ ငါ့ကို သာလွန် ပြောပြတာတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ဟုတ်တယ် .. သူတို့လုပ်ငန်းတစ်ခုထောင်နေကြတယ်၊ သာလွန် တစ်ယောက်တည်း ကုန်ကြိုထွက်လာတာ ငါနဲ့ လေဆိပ်မှာတွေ့လို့ လေ .."

"သူ့ကို ဘုရားထူးနေကြတဲ့ကောင်လေးတွေကို ဝသန် ရယ် .."

"ဘုရားထူးတာမဟုတ်ဘူး .. ချစ်ကြတာပါ၊ ဆန်းအေး တို့ သာလွန် တို့က ကွန့် ထက်တောင် ချမ်းသာကြသေးတယ်၊ ပြီးတော့ ယောကျ်ား လေးတစ်ယောက်အကြောင်းကို သူနဲ့ အနီးဆုံးနေကြတဲ့သူငယ်ချင်းချင်း လောက် ဘယ်သူမှပိုမသိဘူး၊ ပြောရရင် ဒီလိုကိစ္စမျိုးမှာ မိဘတောင် သူငယ်ချင်းလောက်မသိနိုင်ဘူး .."

"နင့်ကို ဘာပြောလိုက်လို့လဲ .."

"နင် ကားအက်ဆီးဒန့်ဖြစ်တုန်းက ရေထဲမှာ ကားရောလူရော ခေါင်းစိုက်နစ်နေတဲ့ နင့်ကို သူတို့ဆွဲထုတ်ခဲ့တာမဟုတ်ဘူး .."

"ဘယ်လို!...."

ညွန်း တစ်ခုခုဆိုတာ ချက်ချင်းခံစားမိလိုက်သည်။ မယုံကြည်သလို လို ထိတ်လန့်သွားခြင်းက ဘာကြောင့်မှန်းမသိ ...။

"နင့်ကို ကားထဲကနေ အချိန်မီဆွဲထုတ်လိုက်နိုင်တာ သူ အနာခံ ပြီး ကယ်ခဲ့လို့ ညွန်း ...၊ ခေါင်းထိပြီး သတိလစ်နေတဲ့လူက ရေထဲမှာ ကိုယ်တစ်ပိုင်းနစ်နေတာ သွေးလွန်လို့ သေမယ့်လူထက် ပိုအရေးကြီး တယ်၊ ဒါကြောင့် စောင်းနေတဲ့ကားထဲဝင်ဖို့ မှန်ကိုခွဲပြီး သူမရမက ဝင်ခဲ့တာ .."

ပြောပြနေတုန်းက သာလွန် မကျေနပ်ဖြစ်နေတာကိုတော့ ထည့် မပြောမိတော့ပါ။

"မစံ တကယ် ရက်စက်တယ်ဗျာ .. ကွန် က ရွံ့တတ်တဲ့နေရာ မှာ နစ်ယောက်မရှိဘူး၊ ဒါပေမယ့် သူ ဘာလုပ်လုပ်ဂရုမစိုက်တဲ့သူက



တော့ အေးချမ်းနေတာပဲ၊ သူ့မှာသာ သေမလောက်ဒဏ်ရာတွေရလိုက် နာဘူးလိုလို ပိုင်းလုံးလိုလိုသတ္တဝါဖြစ်သွားလိုက် .."

"ဒါကတော့ သူ့ ပါးစပ်ကပြောနေတာတွေ ရုပ်လုံးဖော်မှာပဲလေ၊ ယောကျ်ားလေးဖြစ်နေပြီး ရွံ့တာကိုက မကောင်းတဲ့အကျင့်ပဲကွ .."

"သူတို့စတွေ့တည်းက မစံ က လူတစ်ယောက်ကို ခွေးနာတစ် ကောင်လို ဆက်ဆံခဲ့တာ .." တဲ့ ...။

ဝသန် က ကိုယ့်သူငယ်ချင်းဘက်က ကာကွယ်ပေမယ့် သူတို့ ဘက်ကလည်း ပြောစရာတွေအဆင်သင့်နဲ့ပါ။

"အဲ့ဒီနေ့က ကျွန်တော်တို့ အဲ့ဒီနားမှာ လုံးဝမရှိဘူး၊ အလုပ်ကိစ္စ နဲ့ ချိန်းထားကြပေမယ့် ကွန် က အရင်ရောက်နေတာ၊ မစံ ရဲ့ ကား သူ့ရှေ့မှာတင် ဗရမ်းဗတာဖြစ်သွားတာမြင်ပြီး ဒီကောင် နောက်ကနေ ဆိုင်ကယ်လဲ ဆွဲလိုက်တာ .."

သူ့ရှေ့မှာပဲ ကားက ကန်စွန်းခင်းထဲ ထိုးဆင်းသွားသည်။ ရေက နစ်နေသဖြင့် ခပ်စွေစွေထိုးဆင်းသွားသည့်ကားက ရေနက်ဘက်ကို တစောင်းလဲကျပြီးမှ ရှေ့ပိုင်းနစ်ဆင်းသွား၏။

ရုတ်တရက် လူကိုရှာမတွေ့သဖြင့် စိတ်ပူကာ ရေပေါ်မှာရှိနေ သည့် ကားမှန်တစ်ချပ်ကို ခွဲချလိုက်ရ၏။ ထို့ပြင် တံခါးလော့ခ်တွေ ကျသွားတာကို ပြန်ဖြုတ်လို့မရတော့သောကြောင့် ...၊

"ကျွန်တော်တို့ရောက်သွားတော့ မစံ ကို ကားထဲကနေထုတ်ယူ နေကြပြီ ကွန် ကတော့ ကားထဲမှာပဲရှိသေးတယ်၊ အဲဒါ ရေတွေနီနေ တာကို မစံ ရဲ့ သွေးတွေဆိုပြီး ကားခေါ်တာတွေဘာတွေမစောင့်ဘဲ သူပဲ လမ်းမထိ မစံ ကို ပွေ့ပြေးခဲ့တာ တကယ်တော့ ကားထဲကရေတွေ နီနေတာ သူ့သွေးတွေကြောင့်ပါ .."

လူနာတွေအဖြစ် ဆေးရုံကိုရောက်သွားကြတော့ ရခဲ့ကြသည့်ဒဏ်ရာ ချင်းက မယှဉ်သာ ...။ ညွန်း မှာက ခေါင်းတိုက်မိထားသည့်ဒဏ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com



လွဲ၍ ကြီးကြီးမားမားဘာမှမဖြစ်ခဲ့ဘဲ ...။

"အဲ့ဒါ ဘာဖြစ်လို့ သူက ဖုံးကွယ်ထားတာလဲ .."

"သူ့စိတ်ကို ကျွန်တော်တို့လည်း နားမလည်နိုင်ကြဘူး၊ ဒါပေမယ့် အဲ့ဒီတုန်းကတော့ မစံ ကို ကားပေါ်တင်ပေးလိုက်ပြီး လူကလည်း သွေး သံရဲရဲနဲ့ 'သူ့ကို ငါ ဆွဲထုတ်ခဲ့တာပြောလိုက်ရင် မင်းတို့နဲ့ငါ ဒီတစ်သက် ပြတ်ပြီ' တဲ့ .. ကဲ အဲ့ဒါကို ကျွန်တော်တို့ ဘယ်လိုဖွင့်ပြောရမလဲ .." တဲ့ ...။

ဝဿန် က သူမ မေးခဲ့ကြားခဲ့တာတွေကိုပြောပြရင်း ...၊

"နင့်ကို သူ ဘယ်လိုသဘောထားသလဲမသိပေမယ့် နင် မုန်းသလို မုန်းမနေဘူးဆိုတာတော့ ငါ ပြောရဲတယ် .."

"ငါက ဘာဖြစ်လို့မုန်းရမှာလဲ .. ယောကျ်ားတစ်ယောက်ကို ချစ်တာမုန်းတာတွေအတွက် စဉ်းစားကြည့်ဖို့ ငါ့မှာ အချိန်လည်းမရှိဘူး.."

"နင် ချစ်တာမှ မတွေ့သေးဘဲ ညွန့်ရဲ့ ...၊ ဘာပဲဖြစ်ဖြစ် နင် သူ့ကို အထင်မြင်သေးတဲ့စိတ်ကိုတော့ ဝန်ခံစမ်းပါ .."

"အမှန်ပဲ .. ငါ စေ့စပ်ခဲ့မိတဲ့ ယောကျ်ားမျိုးက ဒီပုံစံဖြစ်လာတာကို .."

"ကိုယ့်ဘက်က စေ့စပ်ခဲ့တာကို မမေ့နဲ့လေဟာ .. သူ့အဖေက လည်း နင့်ဘက်က လုံးဝပါနေတာ၊ ပြီးတော့ နင်က ကိုယ်ဖြစ်ချင်သလို ဖွဲ့ယူချင်ခဲ့တာတွေတွေးကြည့်ဦး .."

"သူသာ ချွေးနွေးလို့ရတဲ့ ယောကျ်ားဆိုရင် ခုလိုဖြစ်ကြဖို့မရှိဘူး.."

"ဒါကတော့ နင့်ရဲ့အထင်မြင်သေးတဲ့ အပြောတွေ အကြည့်တွေကို တော်ရုံယောကျ်ားတောင်ခံနိုင်ဖို့မလွယ်တာကို .."

"ဝဿန် ရယ် .. နင်က သူ့ဘက်ကလုံးလုံးပြောနေတော့တာပဲ၊ အထင်သေးတာမခံနိုင်ရင် အထင်ကြီးစရာရှိလာအောင်ကြိုးစားပေါ့၊ သူ ကိုယ်တိုင်က သူ့ကိုယ်သူ အသုံးမကျတဲ့လူပါလို့ပြောနေတာ .."

"ဟုတ်မယ် .. သူကလည်း နင်အထင်ကြီးကြီးသေးသေး ဂရုမစိုက်



ဘူးဆိုတာကိုသိစေချင်နေတာပဲ .."

ညွန့် က သံပုရာရည်ခွက်ကို အမိပွာယ်မဲ့စိုက်ကြည့်နေရင်း ဝဿန့် စကားကြောင့် မျက်မှောင်ကုတ်သွား၏။ ပြီးတော့ မျက်နှာကိုစိုက်ကြည့် ကာ ...၊

"အဲဒီလိုဖြစ်ဖို့ကို သူ ဘာဖြစ်လို့ အထူးတလည်ကြိုးစားနေရတာ လဲ .."

"နင် တကယ်မသိဘူးလား .."

ထပ်မေးလိုက်မှ ညွန့် မျက်နှာလေးပျက်သွားသည်။

"ပြီးတော့ အရမ်းအံ့ဩဖို့ကောင်းတာရှိသေးတယ်၊ နင့် အမှိုင်ဘာ နဲ့ ဒီရေ နဲ့ ပူးပေါင်းကြံတဲ့ညက နင် ကားအက်ဒီးဒင့်ဖြစ်တော့ .."

"ငါ မအံ့ဩပါဘူး၊ ဒီရေ ဘယ်လိုလူဆိုတာသိပြီးတည်းက သူ ဒီလိုမလုပ်ဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် အဲဒီတုန်းကလည်း ငါ့ဆို သူ ဘာတွေပြောသွားလဲသိလား .."

"နင် ပြောပြလို့သိတယ်လေ၊ ဒါပေမယ့် အဲ့ဒါလည်း နင်ပြောသလောက် မရိုးရှင်းဘူးဟ ..နင် သတိလစ်သွားလို့ အစူအညီတောင်းဖို့ ကားပြေးတားတော့ သူ တားလိုက်တဲ့ကားက ဒီရေ တို့ကားဖြစ်နေ တာ .."

ညွန့် က စိတ်ဝင်တစားနားထောင်နေခဲ့၏။

"ကစ်ယောက်နဲ့ စကားများနေတုန်း၊ တစ်ယောက်က တစ်ဖက် နေဆင်းလာပြီး ခေါင်းရိုက်သွားကြတာ ကွန် သတိရတော့ လမ်းမပေါ် မှာပဲတဲ့ .. နင့်ကိုကြံစည်နေတဲ့ပုံမျိုး သူတို့ဘာသာလုပ်ကြံဖန်တီးပြီး ရိုက်ယူသွားတာဟ .. အရမ်းရှုပ်ဖို့ကောင်းတာပဲ .."

ဒါကြောင့် ကွန် ဆေးရုံကိုအမောတကောရောက်လာခဲ့တာပေါ့...။

ထိုစဉ်မှာတည်းက သူ ဖြေရှင်းမလာလို့ မျှော်လင့်ခဲ့ပါသေးသည်။ ဒီတိုင်းမှာ မျိုသိပ်ထားလိုက်တဲ့အတွက် ယုတ်မာတဲ့လူတွေပဲ ကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



အားရသွားကြမှာမဟုတ်ဘူးလား ..။

"သူ့ရည်ရွယ်ချက်ကဘာလဲ .. ဒီဂျေ တို့ကို ငါက တရားခံမှန်း မသိဘဲ နောက်တစ်ခါကြံစည်ခံရဖို့အတွက်လား .."

"ငါထင်တာကတော့ နင့်ကို နာကြည်းသွားတာထင်တယ်၊ ကျေးဇူးတင်မခံချင်လို့ပဲ .. သူ အသက်စွန့်ကယ်ခဲ့တာကိုတောင် ဖုံးကွယ်ခဲ့သေးတာ ဆေးရုံထိ လိုက်လာတယ်ဆိုတဲ့စိတ်က နည်းနည်းပါးပါးစိုးရိမ်ခဲ့တာမှမဟုတ်ဘဲ ဒါကို နင်က ဒီဂျေ တို့ စကားနဲ့ သူ့ကို တရားခံကြည့်ကြည့်ပြီး .."

"တော်တော့ ဝသန် .. ငါ စိတ်တွေအရမ်းမွန်းကျပ်နေပြီဟာ .. အဲဒါတွေမကြားချင်တော့ဘူး .."

"ဒါပေမယ့် ကောင်းနေတဲ့လူကို အဆိုးမြင်တာတော့ မကောင်းဘူးလေဟာ .. အခု နင်မြင်ခဲ့တာတွေကိုလည်း စဉ်းစားကြည့်ပါဦး၊ ပြီးတော့ အန်ကယ့်လ် မျက်နှာလည်းရှိသေးတယ်လေ နော် .. နောက်ပြီ .."

"ဝသန် .."

"အေးပါ .. တော်ပါပြီ၊ ငါပြောချင်တာက ဦးမြတ်မင်းအောင်တို့ လူစုကိုလည်း သတိထားဦး၊ နင့်ကို ဘာမှမဟုတ်တဲ့ မနာလိုစိတ်လေးနဲ့တောင် ကုမ္ပဏီနေရာပျောက်အောင် သူ လုပ်နိုင်တာနော် .. အခု သူ့ကို တိုက်ရိုက်ထိခိုက်သွားတဲ့ကိစ္စကြီး .."

"အေးပါ .. ငါ့ဘက်ကတော့ သတိထားရမှာကို နားလည်ပါပြီ၊ ဒါပေမယ့် ဒါကိုတွေးပြီး ကြောက်မနေနိုင်ဘူး၊ ဦးအေးကို နဲ့ ငါ မပြီးပြတ်သေးတဲ့အမှုကိစ္စကိုတော့ ရှင်းရမှာပဲ .. ငါ့ငွေတွေကို .."

"လိမ်သွားအောင် တွန်းအားပေးခဲ့တာ သူတို့တွေလေ၊ တစ်ဝက်ကျော်ကျော်ပြန်ရပြီးပြီပဲ ညွန်း ရယ်၊ အမှုကိုလည်း ရုတ်သိမ်းပြီးမတော့.."

"ငွေအကျေပြန်ဆပ်မယ်လို့ ရက်စွဲနဲ့တကွ သူ လက်မှတ်ထိုးထားတာ ဝသန် .. ပြီးတော့ ဒီငွေကျေမှ အမှုကိုလုံးဝပိတ်ပေးနိုင်မှာ၊ သူတို့



က ယောကျ်ားတွေ အင်အားများတာနဲ့ပဲ မိန်းမသားဆိုပြီး လျှော်ပစ်ရမှာလား .. လုံးဝပဲ .."

"ညွန်း ရယ် .. ငါ အဲ့ဒါကို စိုးရိမ်လို့ ပြောလာခဲ့တာ .."

"မစိုးရိမ်နဲ့ .. နင့်မင်္ဂလာပွဲကို စိတ်အေးလက်အေးလုပ်၊ သူများသတ်လို့သေရတဲ့သေခြင်းမျိုးနဲ့ ငါ ဘယ်တော့မှ မသေဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ် .."

"ကံကိုယုံပြီး ဆူးခြုံနင်းလို့မရဘူးလေ၊ မိန်းမတစ်ယောက်ရဲ့ဘဝမှာ အသတ်သေခြင်းထက်ဆိုးရွားတာတွေလည်း အများကြီးပဲ၊ နေရာတကာမှာ အရှုံးအနိုင်ဆိုတာရှိတာပဲ၊ ယောကျ်ားမို့လို့ မိန်းမမို့လို့ဆိုတဲ့ မာနတွေနဲ့ မကြည့်ပါနဲ့ .."

လူတိုင်းက ဘာဖြစ်လို့ ကိုယ့်ကိုပဲ မာနတွေထားနေသည်လို့ထင်ရတာလဲ ..၊

သူမ တကယ်ပဲ မာနတွေနဲ့ အတ္တလွန်မိန်းမဖြစ်နေတာလား ..၊

ပြိုင်ဆိုင်လာသည့် ကွန် ဆိုသော ယောကျ်ားရဲ့ တိုက်ခိုက်မှုတွေကို ကြုံလာရကာမှ သူမက ဒီလောက်တောင်မှန်းတီးခံပြင်းဖွယ်ကောင်းအောင် မာနတွေကြီးနေခဲ့တာလားဆိုတာ စဉ်းစားမိလာသည်။

ကိုယ့်ဘက်ကတော့ ခုချိန်ထိ အပိုအလိုမရှိခဲ့ဘူးထင်ခဲ့သော်လည်း..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဘာကိစ္စရှိလို့လဲ .."

"ဟုတ်တယ် .. ကိစ္စရှိလို့လာတာ .."

ကွန့် က သူမရှေ့မှာမထိုင်ဘဲ ဆေးမှာမတ်တပ်လာရပ်ပြီး စားပွဲမှာ လက်နှစ်ဖက်ထောက်ငုံ၍ ..၊

"မေမေ့ကို စင်ကာပူလွှတ်လိုက်တာ ဘာဖြစ်လို့ ကျွန်တော် မသိရတာလဲ .."

"မလိုလို့ဖြစ်မှာပေါ့ .."

"ဘာ ...."

"ဟုတ်တယ် .. မင်းမသိပါစေနဲ့လို့ ငါ မှာထားတာမှမဟုတ်ဘဲ၊ မင်းကို အသိပေးသင့်တာ မပေးသင့်တာကို အန်ကယ်လ် သူ့သဘောနဲ့သူ ဆုံးဖြတ်တာ .."

"မေမေ ကျွန်တော့်ကိုပြောတယ်၊ ကျွန်တော်က တားခဲ့တယ်၊ အဲဒါ မေမေ့ကျန်းမာရေးကြောင့်၊ မေမေက ကျောက်ကပ်သိပ်မကောင်းဘူး .."

ညွန့် မျက်ခုံးမဲ့ကြည့်သည်။ မျက်ဝန်းမှာ အုံ့ညိုသွားသည့်စိုးမိမ့်မှုအရွေ့ဖြစ်သည်။ ညို့သော် ချက်ချင်းမျက်နှာပြန်လွှဲပစ်ကာ ..၊



"အဲဒါ ငါမသိဘူး .."

"သိသိ မသိသိ ခင်ဗျား မေမေ့ကို မခိုင်းသင့်ဘူး ဒေါ်စံရတီညွန့်.."

"ငါ ခိုင်းတာမဟုတ်ဘူး၊ အန်ကယ်လ် အရမ်းစိတ်ထိခိုက်နေတာ၊ ဗုဒ္ဓဂါယာဘုရားဖူးထွက်မယ်ဆိုလို့ .."

"အဲဒါနဲ့ .. ဘုရားဖူးထွက်မယ့်အတူတူ စင်ကာပူကိစ္စလေး ဆောင်ရွက်ပေးပါဆိုပြီး ခိုင်းလိုက်တာလား .."

"ငါ မခိုင်းဘူးလို့ပြောပြီးပြီပဲ .."

ညွန့် နေရာမှထရပ်လိုက်ကာ ကိုင်ထားလျက်ရှိသည့် ဘောလ်ပင်ကို ပစ်ချ၍ ..၊

"ငါ့ကုမ္ပဏီတစ်ခုလုံးကကိစ္စတွေကို အန်ကယ်လ်သိတယ်၊ ဒီမှာဝင်ထွက်တာ သိပ်မကြာသေးပေမယ့် ငါကိုင်ထားသမျှ စာရင်းအင်းတွေ ငါ့အလုပ်အကြောင်း ဘာမဆို အန်ကယ်လ် သိတယ်၊ အခု အလုပ်ကိစ္စကို ငါပြောစရာမလိုဘူး၊ သွားပေးပါလို့လည်း တောင်းဆိုခဲ့တာမဟုတ်ဘူး .."

"ယုံပါတယ် .. ခင်ဗျားက သိပ်တော်သိပ်ထက်တဲ့ မိန်းမပဲ၊ ခင်ဗျားရဲ့ ရွေးချယ်ကောက်နှုတ်ချက်မှန်ကန်နေတဲ့သဘောပေါ့၊ မေမေ့ကို ခင်ဗျားအဲ့လို အသုံးချနိုင်မယ်မှန်း အစောကြီးတည်းက ပေသီးခေါက်ပြီးသား.."

"ဟုတ်တယ် .. ဒါပေမယ့် မင်း အထင်ကြီးသလောက်တော့ မဟုတ်သေးဘူးထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရှုပ်ပါတယ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ထိရှုပ်နိုင်သလဲဆိုတာ ငါ မခန့်မှန်းနိုင်ခဲ့လို့ .."

မျက်လုံးချင်းဆုံနေကြချိန်မှာ ကွန့် မျက်လုံးတွေ စူးခနဲဖြစ်သွားတာ ညွန်း သေချာစိုက်ကြည့်မိ၏။ ရင်ဘတ်တစ်ခြမ်းမှာ သွားနှင့်ရောင်ခေါင်းပုံတစ်ခု ကန့်လန့်စင်းလိုပါသော နံ့သာရောင်ရှပ်အင်္ကျီလက်တိုဝတ်ရှုနှင့် ကွန့် မျက်နှာက ဖြူဝင်းချောမွေ့နေ၏။

www.burmeseclassic.com



ကော်ဖီရောင်စတိုင်ဘောင်းဘီနှင့် ဘယ်အချိန်ကြည့်ကြည့် ကွန့်ဆိုသည့်ယောကျ်ားရဲ့အသွင်သဏ္ဍာန်မှာ ညှိုးနွမ်းမှိန်ဖျော့နေသည်ဆိုတာမတွေ့ ..။

ညွန်း က တစ်ကိုယ်လုံးကိုဝေ့ခနဲကြည့်လိုက်ပြီးမှ မျက်ဝန်းမှာလှောင်ရိပ်တစ်ချက်ထင်လျက် ..။

"သူများအပြစ်လိုက်ထောက်နေမယ့်အစား အန်ကယ်လ်ထွက်သွားချင်လောက်အောင် စိတ်ညစ်နေတာ ဘယ်သူ့ကြောင့်လဲလို့ မင်းကိုယ်မင်း ပြန်တွေးကြည့်ပါလား .."

"ဟား .. မနေ့တစ်နေ့ကမှ အဖေ တော်ပါရစေဖြစ်လာတဲ့ ခင်ဗျားက ဖေဖေ့အကြောင်း ကျွန်တော့်ထက် ပိုသိနေတာလား .."

"မသိပါဘူး .. မင်း မသိသေးတာကိုပဲ စဉ်းစားဖို့ပြောချင်တာ.."

"စဉ်းစားစရာမလိုဘူး ဒေါ်စံရတီညွန်း .. ဖေဖေနဲ့ကျွန်တော့်မှာဘယ်သူ့မှာ ဘယ်လိုပြဿနာအခက်အခဲပဲရှိနေနေ ဘယ်သူမှားမှားဘယ်သူမှန်မှန် အိမ်ကထွက်မသွားရဘူးဆိုတဲ့ကတိတွေရှိတယ်၊ ဘယ်တုန်းကမှလည်း ဒီအတွက်နဲ့ စိတ်မညစ်ခဲ့ရဖူးဘူး .."

ညွန်း က ငြိမ်သက်စွာ နားစွံ့နေခဲ့၏။

"အိမ်ထဲမှာ သားအဖအတူရှိနေတဲ့အချိန်ဆို ဘယ်လိုပြဿနာတွေရှိထားထား ထမင်းထွက်မစားဘဲ ဒေါသပြနေခဲ့တာမျိုးတောင်မရှိခဲ့ဘူး ကျွန်တော့်ကြောင့်လို့ လွှဲချဖို့မကြိုးစားနဲ့ .."

"အရင်က ပြဿနာမရှိခဲ့ဖူးရင်လည်း ခုဖြစ်နေတဲ့ ပြဿနာကိုခွင့်မလွှတ်နိုင်လို့နေမှာပေါ့၊ ငါကလည်း တစ်လက်စတည်းပြောချင်တယ်၊ မင်းကိုယ်မင်း ဘယ်လိုလူဆိုတာ နားလည်နေရင် နောက်ထပ်ငါ့ကုမ္ပဏီကို ခုလို အချိန်မရွေးထင်သလို ဝင်ထွက်တာမျိုးမလုပ်ပါနဲ့.."

"လုပ်တော့ ..."

"မင်း မကြားချင်တာတွေ ကြားရမှာပေါ့၊ စံရတီညွန်း ဆိုတဲ့ငါ့ကိုစီးပွား၊ ငါ့ဂုဏ်သိက္ခာကလွဲရင် အားလုံးက ငါ့အတွက် တန်ဖိုးမဲ့ပဲ.."



"ခင်ဗျားတစ်ယောက်တည်း ဘာတွေပဲခံစားနားလည်ထားခဲ့တာတွေ ခေါက်လိုက်တော့ အခု နှစ်ယောက်ဖြစ်နေပြီ .."

"ဘယ်သူနဲ့ နှစ်ယောက်လဲ .."

"ကျွန်တော် .."

"ဟွန်း ..."

ညွန်း က မဲ့လိုက်ပြီး မေးဖျားလေးလှုပ်ခတ်သွားတဲ့အထိ အံကြိတ်လျက် ..။

"နေ့စပ်ထားတဲ့အချက်ကို အားကိုးပြီး ကျေနပ်အားရဖြစ်နေတဲ့ပုံပဲ၊ မင်းက စိန်ခေါ်ထားတဲ့အတွက် ငါ မျိုသိပ်ထားမလို့ပါပဲ၊ ဒါပေမယ့်ခုပြောမှဖြစ်မယ်၊ မင်းလို ဂုဏ်သိက္ခာ ကို ဂရုမစိုက်ဘဲ ထင်သလိုခြေထင်ရာလုပ်တတ်တဲ့ ခပ်ရှုပ်ရှုပ်ချာတိတ်တစ်ယောက်ကို ငါ ဘယ်တော့မှ မစဉ်းစားဘူး .."

ကွန့် ကလည်း သူမ စကားကြောင့် ပြုံးလိုက်ကာ ..။

"ဒါပဲလား .."

"ငါလိုချင်တာ အန်ကယ့်လ်လို ယုံကြည်ရတဲ့လူကြီးမိဘတစ်ယောက်ကို အဖေလိုဆွေမျိုးတော်နိုင်ဖို့ပဲ .. အခု ငါ တော်ခွင့်ရပြီးပြီ၊ နေ့စပ်ပွဲဖြစ်ခဲ့တဲ့အတွက် လက်ထပ်ကြသည်ဖြစ်စေ မထပ်ကြသည်ဖြစ်စေ ငါက အန်ကယ့်လ်သမီးပဲ .."

ပြောနေရင်း စားပွဲအပြင်ကို လှမ်းထွက်လာပြီး တစ်ဖက်ကနေပတ်ကွေ့လျှောက်လာ၏။ ပြီးမှ ...

"အဲ့ဒီလိုပတ်သက်မှုကို အန်ကယ်လ် ဘယ်တော့မှ ဖျောက်ဖျက်ပစ်မှာမဟုတ်ဘူးဆိုတာလည်း ယုံကြည်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်လ်က ငါ့အတွက် ယောက္ခမတော်ရုံပဲပတ်သက်တဲ့ သားရှင်တစ်ယောက်မဟုတ်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားက ကျွန်တော့်အဖေကို ထူးဆန်းသော ဖြစ်ရပ်ဆန်း တစ်ခုအနေနဲ့ အောင်မြင်စွာ ရယူသွားနိုင်တာပဲ သားလူကြားလို့ကောင်း မကောင်းဘူးနော် .."

"သားလူကြားကောင်းဖို့ ငါ ကြိုးစားနေတာမဟုတ်ဘူး .."

"ဟုတ်ပြီလေ .. ဒါဆိုလည်း ဒီတိုင်းပဲ ရှေ့ဆက်ကြတာပေါ့၊ ကျွန်တော့်ဆီက ခင်ဗျားလိုချင်သမျှ ရခဲ့တယ်ပဲထားလိုက်ပါ၊ ဒီတစ်ခါ ကျွန်တော့်အလှည့် .."

ညွန့် က သူ့မျက်နှာကိုကြည့်ပြီး အဓိပ္ပာယ်ရှာ၏။ ကွန် က ခပ်မဲ့မဲ့ ပြုံးလိုက်ရင်း သူမရှေ့ကို တိုးလျှောက်လာ၍ ..၊

"သိရမှာပါ .. ဆန္ဒမစောပါနဲ့ .."

စကားပြောပြီဆို မဲ့ပြုံးနှင့် လူကိုစိုက်ကြည့်တတ်သလို စိန်ခေါ်မယ့် စကားမျိုးဖြစ်လျှင် မျက်နှာနားကပ်ကြိမ်းတတ်သည့် ယောကျ်ား ..။

"လိုချင်တာရတဲ့အထိ စောင့်နေတတ်ရင် ဆုံးရှုံးကျန်ရစ်ခဲ့ရတဲ့ အချိန်မှာ ဘယ်လိုဖြစ်သွားမလဲ ခင်ဗျား စိတ်ဝင်စားမှာပါ၊ ခင်ဗျားက စံရတီညွန့် ဖြစ်သလို ကျွန်တော်ကလည်း 'ကွန်' .."



# အခန်း (၃၃)

မိုးစက်လေးတွေ တဖွဲဖွဲကျနေ၏။ အုံ့ပျက်ညှိုမှောင်နေသည့် တစ် မိုးလုံးက ပြိုကျတော့မတတ်ရှိကာ ကျဆင်းနေသော မိုးစက်လေးတွေ က ပန်းဝတ်မှုန်လေးတွေ လွင့်ကျနေသလိုမျိုး ..။

ရာသီဥတုက ကမ္ဘာမြေပြင်၏အချိန်စက်ကွင်းကို ပဋ္ဌလက်အတတ် တွေနဲ့ လှည့်စားနေလေသည်။ အလင်းမရောက်သေးသည့် နံနက်မိုး သောက်ချိန်လား၊ ညနေညိုအစ်ကို မသိတသိအချိန်လားထင်ရလောက် အောင် မိုးမှောင်ကျလျှက် ..၊

တကယ်တမ်းက နေ့လယ်ဆယ့်နှစ်နာရီ နေမွန်းတည့်ချိန်သာဖြစ် လေသည်။ ဒီလိုရာသီဥတုမျိုးဆင်နေခဲ့သော ဒီနေ့မှာပဲ ညွန့် ဘဝအတွက် အကြီးမားဆုံး ထိခိုက်နာကျင်ဖွယ်ကွဲဆိုးခြင်းတစ်ရပ်ကို သူမ လက်ခံ ရရှိတော့မည်ဆိုတာ ..၊

"မဖြစ်နိုင်ဘူး .."

ညွန့် တဒင်္ဂကြက်သေသေသွားခဲ့သည်။ ပြီးတော့မှ ခေါင်းခါမိ ကာ ဒါပဲထပ်ပြောရင်း ..၊

"ဒါ .. ဒါ မဖြစ်နိုင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးက ဒကာမကြီးကို မဟုတ်ဘဲမပြောပါဘူး၊ ဒကာမကြီး ကိုယ်တိုင် ဆရာတော်ကြီးကို .."

"ဒီလိုမဟုတ်ပါဘူး ဘုရား .. တပည့်တော်မပြောတာက .."

သူမစကားသံရပ်သွားသည်။ တစ်ဖက်က ပလက်ဖောင်းဘေးမှာ ရပ်သွားသည့် ကားအဖြူရောင်ထဲက ဆင်းလာသော ဦးမြတ်မင်းအောင်နှင့် သူ့ရဲ့အကြံပေး ပုဂ္ဂိုလ်ကြီးတို့ ဒီဘက်ကို လျှောက်လာကြတာ ကြွားကြွားရွားရွား ..၊

ကလေးတွေ ရန်ဖြစ်ထားကြသလို ငါနဲ့လည်း မခေါ်ဘဲနဲ့လို့တော့ မတွေးဖြစ်ပေမယ့် တစ်ဖက်နဲ့ တစ်ဖက် ပုတ်ခတ်တုံ့ပြန်နေခဲ့ကြတဲ့ အဆင်မပြေမှုတွေကို လူတိုင်းသိသည်။

ထို့ကြောင့် ဒီပုံစံရောက်လာတာကို အံ့သြသွားမိသည်။ ဒီမှာ ပြဿနာရှိနေတုန်း တိုက်တိုက်ဆိုင်ဆိုင် ရောက်လာကြတဲ့အကြောင်းကရော ဘာလဲ ..၊

"တိုက်တိုက်ဆိုင်ဆိုင်ဗျာ .. ဘာလဲ .. ဒီနေ့ပဲ တစ်ဖက်ခြမ်းစတော့မှာလား .."

အနားရောက်လာတာနှင့် မေးခွန်းက ထွက်လာသည်။ ပြီးတော့ ဆရာတော်နဲ့ ကိုရင်လေးတစ်ပါးကိုရော အင်ဂျင်နီယာတွေနဲ့ တာဝန်ရှိသူတွေပါ များပြားသည့် လူတစ်စုလုံးကို အပြုံးနှင့် ကြည့်လိုက်ပြီး ..၊

"တော်တော် တခမ်းတနားစီစဉ်ထားတဲ့ပုံပဲ၊ ကျုပ်က ဒီဘက်ထဲကို တစ်ခြမ်းပဲဝင်မယ်လို့ကြားတာ အခု အဆောက်အဦးတစ်ခုအသစ်ဆောက်တော့မယ့်ပုံပဲ .."

သူ စကားပြောတိုင်း ညွှန်း က ဘာမှပြန်မဖြေသဖြင့် ဦးမြတ်မင်းအောင်ကလည်း ခေါင်းညိတ်ကာ ..၊

"ဒါပေ့ါလေ .. ယောက္ခမတော်သွားပြီဆိုတော့ အားလုံးပိုင်သွားတာကိုး .. ကွန်ဂရက်ကျူလေးရှင်း .."



ပြောပြီးလက်လှမ်းတော့ ညွှန်း က လက်ကိုကြည့်လိုက်ပြီးမှ ဖြေးကာ ..၊

"ဦးမြတ်မင်းအောင် ချီးမြှောက်ဂုဏ်ပြုတာ စောပါသေးတယ်၊ အခုထိ ညွှန်း ဘာမှမအောင်မြင်သေးဘူး .."

"အို .. ဆောရီး .."

"မလိုပါဘူး .. ဦးမြတ်မင်းအောင် ဒီရောက်လာရတဲ့အကြောင်းကိုပဲပြောပါ၊ ညွှန်း အလုပ်ရှုပ်နေလို့ .."

ဦးမြတ်မင်းအောင် မျက်နှာပျက်သွားသည်။

"တိုက်ဆိုင်တာပါ .. ကျုပ်က ဟိုဘက်ကို အလုပ်ကိစ္စနဲ့လာတာ။ ဒီက အလုပ်လုပ်နေကြတာ လှမ်းမြင်လိုက်တာနဲ့ လှည့်ဝင်လာခဲ့တာလေ .. လုပ်ပါ မစံ တို့ကို ကျုပ်မနှောင့်ယှက်ပါဘူး .."

ဦးမြတ်မင်းအောင် က ဒီတိုင်းဆက်နေဦးမယ့်ပုံစံနှင့် မျက်နှာပြောင်ပြောင်ပဲပြောသည်။ ညွှန်း က မျက်မှောင်ကုတ်သွားတာမြင်မှ ..၊

"သဘောပေါက်ပါပြီဗျာ .. ကျုပ်တို့သွားပါဦးမယ်၊ ဩော် .. ဒါနဲ့ .."

သွားဖို့ခြေလှမ်းပြင်ပြီးမှ လက်တစ်ဖက် တားဆီးသလိုမြှောက်လာကာ ..၊

"ကိုအေးကို ပြဿနာနဲ့ ကျုပ်တို့ဆက်ဆံရေးကို ရောထွေးမဝစ်လိုက်ပါနဲ့နော် .. အပွန်း .. ကျုပ်က မစံ ကို လေးစားခင်မင်နေတဲ့သူပါ၊ ကျုပ်တို့တွေ ကလေးတွေမှမဟုတ်ကြဘဲ စိတ်အခန့်မသင့်တိုင်း မခေါ်မပြော ပြတ်တောက်သွားဖို့မလိုပါဘူး .. ဟုတ်တယ်မို့လား .."

ညွှန်း က ခေါင်းမညိတ် ခေါင်းမခါ ..။

"အပွန်း .. မစံ စိတ်ထဲမှာ ကိုအေးကို နဲ့ ရှင်းခဲ့ဖူးတဲ့ ပြဿနာကြီး ထည့်ထားမှာစိုးလို့ပါ၊ မစံ က လူငယ် ကျုပ်က လူကြီးလေ၊ လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တွေဘက်က အထင်လွဲ အပြောများတွေရှိရင် လူကြီးက နားလည်ပေးရမှာပဲ .. မစံ ဘက်က လိုအပ်သလိုလုပ်သွားခဲ့တဲ့ပေါ်မှာ ကျုပ်က အမှတ်မထားဘူးဆိုတာ ပြောပါရစေ ..”

သူ ဘယ်လောက်ထိ နာကြည်းခံပြင်းနေခဲ့သလဲဆိုတာကို မျက်လုံးကနေ အရိုးအဆွေ့တွေအဖြစ် ထုတ်လွှင့်ပြသနေခဲ့လျက် နှုတ်ခမ်းဖျားတွေက ပြုံးနေခဲ့သည်။

နူးညံ့ချိုသာသည့် စကားလုံးတွေနောက်မှာ ထက်မြက်စူးရှသောဓားသွားက တလက်လက်ထနေ၏။ သည်းခံနိုင်ပါသည်လို့ ပြောနေသည့် စကားတွေဟာ သည်းခံနိုင်စွမ်းကုန်ပြီဆိုသည့် အဓိပ္ပာယ်သာဖြစ်လေသည်။

သူ့ဟာသူ ဘယ်လိုခံစားချက်တွေဖြစ်နေနေ ကိုယ့်ဘက်က ဂရုစိုက်ဖို့မရှိပါ။ ခုချိန်ကျမှ ဒီနေရာကိုရောက်လာခဲ့ခြင်းကသာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရလျက် ..၊

“ဒကာမကြီး စိတ်ထဲမှာ မရှင်းလင်းတာရှိရင် ဆရာတော်ကြီးဆီလာပြီး ကိုယ်တိုင်လျှောက်လှည့်ပါ၊ ဒီမြေကွက်ကို ကျောင်းပိုင်နယ်မြေအဖြစ် သတ်မှတ်ပြီး သိမ်၊ ဇရပ်၊ ကျောင်း လိုရာဆောက်ပါလို့ လှူဒါန်းသွားခဲ့တာ ဆရာတော်ကြီး ရှင်းပြမိန့်ကြားပါလိမ့်မယ် ..”

ဘုန်းတော်ကြီးက ဒီထိထပ်ပြောပြီး ပြန်ကြွသွား၏။ ထိုအခါကျမှ မြေကွက်၏ မျက်နှာစာထောင့်မှာ မြေကျင်းတူးပြီး စိုက်ထူနေကြသော ဆိုင်းဘုတ်ကို ဦးမြတ်မင်းအောင် တို့ သတိထားမိသွားကြ၏။

“ကျောင်းပိုင်နယ်မြေ ..”

အဖြူရောင်ပေါ်မှာ စလုံးအနီရောင်ကြီးတွေက ထင်းနေ၏။ ညွန်းမျက်နှာလေးက ရုတ်တရက်အံ့သက်မဲ့သူကဲ့သို့ မြေပြင်ကိုသာ ငေးစိုက်နေခဲ့လျက် ..၊

“စိတ်မဆင်းရဲပါနဲ့ ဒေါ်စံရတီညွန်း ရယ် ..”



ကန့်ထရိုက်တာ အင်ဂျင်နီယာ ဦးချစ်ကိုကို က ညွန်း အတွက် စိတ်မကောင်းခြင်းများနှင့် နှစ်သိမ့်၏။ သေးမှာလည်း အင်ဂျင်နီယာ တစ်ယောက်ရှိနေသေးသည်။

သူကတော့ ညွန်း နဲ့ ခင်ခင်မင်မင် ရှိပေမယ့် ဒီအချိန်မှာ ညွန်း ဘယ်လိုခံစားနေရမယ်မှန်းသိကာ နှစ်သိမ့်ပေးချင်ပေမယ့် ဦးချစ်ကိုကို စကားထဲ တိုးမဝင်ဘဲနေခဲ့၏။

“ရုတ်တရက်ကြီးကွယ် .. လှူဒါန်းတာကောင်းပါတယ်၊ ဒါပေမယ့် ခုလိုလုပ်လိုက်တာတော့ ..”

“ဟုတ်တယ်ဗျာ .. ဦးမင်းနိုင် တို့ သားအဖ ဘယ်လိုလုပ်တာလဲ မသိဘူး ..”

“အကြောင်းတော့ရှိပါလိမ့်မယ် .. မိန်းကလေး သူတို့နဲ့ပဲ ဆွေးနွေးသင့်တယ် ..”

“ဘာလုပ်မှာလဲ .. လှူပြီးနေပြီဟာ ..”

“ဟုတ်တယ် ဘုရားတည်ပြီးရင်လည်း မဖျက်ကောင်းဘူး၊ ဘုရားမြေ ကျောင်းမြေဆိုတာလည်း လူနေအိမ်မရှိသင့်ဘူးလေ ..”

ပတ်ဝန်းကျင်မှာရှိနေကြသည့် လူကြီးတစ်ချို့နဲ့ ဒီနေ့အလုပ်စဖို့အတွက် ရောက်နေကြသည့် ပန်းရံသမားတွေထဲကရော စကားသံတွေထွက်လာကြသည်။

တစ်ချို့ကသိပေမယ့် အားလုံးကတော့ ဦးမင်းနိုင် တို့နဲ့ ညွန်း တို့ ဘယ်လိုပတ်သက်ခဲ့ကြသည်ကို မသိကြပေ ..။

သို့သော် ..၊

“သြော် .. ဒီလိုပြဿနာတွေရှိနေကြတာလား .. ဒါကြောင့် မစံက ကျုပ်ရောက်လာတာကို တစ်မျိုးတစ်မည်ထင်တဲ့ပုံပေါက်နေတာကိုး၊ တိုက်ဆိုင်သွားတာပါဗျာ .. ဒီလိုဖြစ်နေကြတာမှန်း လုံးဝမသိခဲ့ပါဘူး..”

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သလိုလို အားနာသံနဲ့ ပြောတာပေမယ့် သူ့စကားတွေက အားလုံးကြားနိုင်လောက်သည့်အကျယ်အဝန်းနှင့် …၊

“ဒါဆို မစံ ဘက်က အများကြီးနစ်နာခဲ့တာပဲ၊ ဒီခြံပေါ်မှာ အဆောက်အဦးဆောက်ဖို့အတွက်နဲ့ စေ့စပ်ဖြစ်ခဲ့တာကို ..”

“ဦးမြတ်မင်းအောင် ..”

ဒီထိ ညွန့် သည်းမခံနိုင်တော့ပေ …။

“အားလုံးကို သိပြီးပြီဆိုတော့ အခု ညွန့် တို့ အရေးကြီးတဲ့ ဆွေးနွေးမှုတွေလုပ်ရမှာပါ၊ ဦးမြတ်မင်းအောင် သက်တောင့်သက်သာပြန်လို့ရပါပြီလား ..”

ပြုံးနေသည့်မျက်နှာကို မချိုမချဉ်ပုံစံနှင့် ခေါင်းညိတ်၍ …၊

“ဟုတ်ပါပြီဗျာ .. နှင်လွှတ်တဲ့အထိနေခဲ့မိတာ တောင်းပန်ပါတယ်၊ တစ်ခုတော့ သတိပေးချင်သေးတယ် မစံ .. ဝင်္ဂဆိုတာလည်းတတ်တယ်၊ နေရာတကာမှာ အမြဲတမ်း မှန်မနေသလို အမြဲတမ်း လိုတရနေတဲ့သူလည်းမရှိဘူး၊ ကိုယ်ဒုက္ခရောက်တိုင်း ဘယ်သူ့ကြောင့်လို့ သံသယတွေပွားနေမယ့်အစား ငါ ဘာတွေလုပ်ခဲ့သလဲဆိုတာ ..”

“ညွန့် ဘာလုပ်ခဲ့တယ်ဆိုတာ ပြန်တွေးနေဖို့မလိုဘူး ဦးမြတ်မင်းအောင် .. သံသယတွေနဲ့ လူတကာကို လိုက်ကြည့်ပြီး ပုတ်ခတ်ခဲ့ဖူးတာလည်းမရှိခဲ့ဘူး၊ မကောင်းတာလုပ်ခဲ့တဲ့သူကို သူ့အပြစ်အတွက် ဥပဒေဘောင်ထဲကနေ အပြစ်ပေးရတယ်၊ အဲဒီလူ ဘာကြောင့် လုပ်သလဲဆိုတာဖော်ထုတ်ရင်လည်း အကြောင်းရင်းက ပေါ်လာမှာပဲ ..”

ညွန့် စိတ်တွေတိုနေကာ ကိုယ့်စကားတွေ ကလေးဆန်နေလည်း မတတ်နိုင် …။

“ခွေးကိုက်ခံရပေမယ့် ရှူးတိုက်တာသိနေရင် ဘယ်သူရှူးတိုက်သလဲဆိုတာ စုံစမ်းရမှာပဲ၊ ကိုယ်တိုင် ရင်မဆိုင်ရဲတဲ့လူတွေက ရှူးတိုက်



တိုင်း ကိုက်တတ်တဲ့ခွေးတွေ မွေးကြတယ်လေ ..”

ပြောချင်သလို ပြောပစ်ခဲ့ပြီး ဖုန်းဖွင့်၍ လှည့်ထွက်လာခဲ့သည်။ ရှိနေကြသည့်လူတွေအားလုံး ဘာတွေကြားရပြီး ဘာတွေဖြစ်ခဲ့ကြသလဲဆိုတာ နားမလည်စွာ တိတ်ဆိတ်ကျန်ရစ်ကြ၏။

“ဟလို ..”

“တို့ပါ .. ကွန့် ကို ဖုန်းခေါ်နေတာမရလို့ ..”

“သူ ကျွန်တော်တို့ဆီလည်း မလာဘူး မမစံ .. မနေ့ နေ့လယ်တည်းက ဒီမှာလုပ်စရာတွေရှိလို့ ဖုန်းခေါ်တာ ခဏပဲပြောလို့ရတယ်၊ တစ်ယောက်တည်း ဘာတွေအလုပ်ရှုပ်နေမှန်းမသိဘူး ..”

တစ်ယောက်ယောက်ကို ဒုက္ခပေးဖို့အတွက် ဒီလောက်ထိ လုံးပမ်းနေခဲ့တာလား …။

ညွန့် နှုတ်ခမ်းသားလေးကို တင်းခနဲဖိပိတ်၍ စိတ်ကိုထိန်းချုပ်နေရ၏။ ပြီးမှ …၊

“သူ့ဆီ ဖုန်းခေါ်ကြည့်စမ်းပါ၊ ဒီတစ်ခါ ပြောဖြစ်ရင် တို့က တွေ့ချင်နေတဲ့အကြောင်းပြောပေး ..”

“စိတ်ချပါ .. ကျွန်တော် ပြောပေးပါ့မယ်၊ ဒါနဲ့ မမစံ ညပိုင်းတစ်ခေါက်လောက် ဆိုင်ကိုလာကြည့်လိုက်ပါလား .. ဒီကောင် အန်ကယ်လ်ခရီးထွက်သွားတည်းက ဆိုင်မှာ လာအိပ်တာများတယ် ..”

ဆန်းအေး က လိပ်စာကိုသေချာပြောပြနေ၏။ ဟိုးကနေ သာလွန်က နားစွင့်နေကာ …၊

“ဟိုကလာတွေ့မှာကျနေတာပဲ မင်းကလည်း ပြောပေးဆို ပြောပေးလိုက်ပြီးတာပဲ ..”

“ပြောပေးရအောင် ဟိုပုဂ္ဂိုလ်လေးက ငါတို့ဆီဝေ[illegible] ဖုန်းဆက်ဖို့လား .. တော်ကြာ မမစံ က ငါတို့ညာနေတယ်[illegible]ရင် ကြားထဲက

www.burmeseclassic.com

www.burmeseclassic.com



အမုန်းခံရဦးမယ် ..."

"ဒီလိုပြောလိုက်တာနဲ့ပဲ ယုံသွားရောလား ..."

"ယုံတာ မယုံတာ လာကြည့်လိုက်ရင်ပြီးပြီ ..."

"ဟိုကောင်က ပြန်လာဦးမှ ..."

"လာလာ မလာလာ ..."

သူတို့မှာ ဆိုင်ဖွင့်ဖို့အားလုံးအဆင်သင့်ဖြစ်နေကာမှ ဒီရက်ပိုင်း လူစုံပြီး ဆွေးနွေးရတယ်လို့မရှိ ...၊

ဘယ်သူမရှိတာလဲကြည့်လိုက်လျှင် ကွန် ပဲဖြစ်ကာ ...

"အဲဒါ ထားလိုက်ဦး ဒီ့ထက်အရေးကြီးတာတွေရှိသေးတယ် ..." လို့ နောက်ပိုင်း အမှောင်ချပြောတတ်သေးသည်။ ဘာတွေလုပ်နေမှန်း မသိသော်လည်း အရင်လို ရှုပ်ရှုပ်ပွေပွေတွေ လုပ်နေတာမဟုတ်မှန်းတော့ သေချာသိနေပါသည်။

ကွန့် ခြေလှမ်းတွေ လောဘဇောတိုက်နေတာပါ။

ဘာအတွက်ဆိုတာတော့ သူပဲသိလိမ့်မည် ...။



အခန်း (၃၄)

ဆိုင်လို့ပြောနေတာတော့ ကြားဖူးသည့် ဘာဆိုင်မှန်းမသိပေ ...။ ပြောသည့်လိပ်စာအတိုင်း ညွှန်း ရောက်လာခဲ့သည်။

'1' '2' '3' ရေးထားသည့် အခန်းသုံးခန်းတွဲက မှန်တံခါးအသစ်တွေနှင့် လက်လက်တောက်နေ၏။ ဒီလောက်အကြီးကြီး ဘာဆိုင်လဲ...။

'3' အခန်းမှာ မီးရောင်မြင်နေရသဖြင့် ထိုရှေ့မှာပဲ ကားရပ်ကာ တံခါးကို တွန်းကြည့်လိုက်၏။ တံခါးကလည်း ပွင့်သွားသည်။ အထဲမှာ လူရှိနေမှန်းသိ၍ ဝင်လိုက်ပေမယ့် ကွန့် ကို ရှာဖို့ထက် အထဲကပစ္စည်းတွေကြောင့် အံ့သြသွားမိသည်။

ရင်ဝလောက်ရှိမည့် ရှိုးကေ့စ်ကြီးတွေက ဂငယ်ကွေ့သဏ္ဌာန်အခန်းတိုင်းမှာရှိနေကာ အထဲမှာ အပိုစက်ပစ္စည်းအသေးစားလေးတွေအပြည့် ရှိနေ၏။

နံရံပတ်လည်က အထပ်စင်တွေပေါ်မှာလည်း သူ့အကန့်နဲ့သူ စက်ပစ္စည်းတွေချည်းဖြစ်နေသည်။ ထိုပြင် ကြမ်းပြင်ပေါ်မှာ အင်ဂျင်တွေလား အပစ္စည်းတွေမှန်းမသိသည့် အကြီးစားစက်လုံးတွေလည်းရှိ၏။

ဒီတိုင်းလျှောက်ကြည့်နေရင်း အတွင်းရောက်လာတော့ ကင်ပုံး ......တွေ အချောင်းတွေ ဒီတိုင်းပုံထားတာတွေရှိနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးလင်းနေတာက မှန်တစ်ဝက်နှင့် ရုံးခန်းလိုနေရာကဖြစ်၏။ သို့သော် သူမ ထိုရှေ့ရောက်တဲ့အထိ အတွင်းမှ လူသူတစ်စုံတစ်ယောက်မှ ရှိမနေ ..။

တံခါးလည်း ဖွင့်ထားကာ တိုက်ခန်းနံပါတ်လည်း မှန်သည်။ သို့သော် ဒါ ဆန်းဒေး တို့ တိုက်ခန်းဟုတ်ရဲ့လားလို့ တွေးမိပြီး စိုးရိမ်စိတ်ဖြစ်လာခဲ့၏။

ဟုတ်ဟုတ် မဟုတ်ဟုတ် လူတစ်ယောက်မှ ရှိမနေသည့်သူများ ပိုင်နက်ထဲမှာ ဆက်ရှိမနေချင်တော့သဖြင့် ပြန်ထွက်လာခဲ့လျှင် ...၊

"ဒေါ်စံရတီညွန်း .."

ရုတ်တရက်အသံထွက်လာတော့ လန့်သွား၏။ လှည့်ကြည့်လိုက်တော့ ကွန့် က ဘေးလှကားလေးတစ်ခုကနေ ဆင်းလာတာဖြစ်ကာ အပေါ်မှာ ထပ်ခိုးရှိနေမှန်း ခုမှသတိထားမိ၏။

ဂျင်းဘောင်းဘီရှည်ဝတ်ထားပေမယ့် အဖြူရောင် စွပ်ကျယ်ချိုင်းပြတ်နဲ့မို့ ပြေပြစ်ကျယ်ပြန့်သည့် ရင်အုံနှင့် လက်မောင်းကြွက်သားတွေ ဖြိုးဝင်းနေတာကို ဒီတိုင်းမြင်နေရသည်။

ပြီးတော့ အဆစ်ပျောက်ပလက်တီနမ်ကြိုးပျော့တစ်ကုံး လည်ပင်းမှာရှိကာ ကွန် ဆိုသည့်အင်္ဂလိပ်လိပ်နံးစာလုံးတွေကို စိန်တွေနဲ့ဖော်၍ သော့တစ်ချောင်းလို လော့ကတ်လေးလုပ်ထား၏။

ယောက်ျားတန်မယ့် အလှအပတွေဝါသနာထုံတာ အထင်ကြီးဖွယ် မရှိသည့်တိုင် သူ့လည်ပင်းမှာ ဒီကြိုးက ဆွဲဆောင်မှုရှိနေတာတော့ အမှန်ပင် ..။

ညွန်း က သူ့ဘက်ကို လှည့်ရပ်၍ လူကိုစေ့စေ့စပ်စပ်ကြည့်သည်။ ပြီးမှ မျက်နှာဆီအကြည့်တွေ ပြန်ရောက်ပြီး ...

"မဆိုးဘူး .. မင်းက တကယ်ချောတယ်၊ ဘာဝတ်ဝတ် ဘယ်လိုနေနေ ချောမှန်နေတာပဲ .."



"အဲ့ဒီတော့ ခင်ဗျားလည်း ခိုက်သွားပြီလား .."

"နိုး .."

နှုတ်ခမ်းမဲ့၍ လေးဖင့်စွာခေါင်းခါလိုက်သည့်မျက်ဝန်းတို့မှာ မုန်းတီးစက်ဆုပ်ခြင်းတွေပြည့်နှက်နေခဲ့လျက် ...၊

"ဘယ်လောက်ချောနေနေ တရားသိတဲ့ပုဂ္ဂိုလ်ကကြည့်ရင် ရွံစရာအပုပ်ကောင်ကြီးပဲ၊ ငါကတော့ တရားမသိပေမယ့် မင်းရဲ့စိတ်ဓာတ်ကို သိနေလို့ မစင်ပုံတစ်ပုံကို မြင်နေရသလိုပဲ ကွန့် .."

"ဟား .. ဟား .. ဟား .."

ကွန် က ဆံပင်တွေသပ်ရင်း ခါးထောက်ရယ်သည်။

"ခင်ဗျားသိတာမဟုတ်ပါဘူး၊ ကျွန်တော်က သိစေချင်တာတွေပဲ သိတာ .. ခင်ဗျားအတွက် နစ်နာရတာတွေချည်းပဲသိနေတော့လည်း ကျွန်တော်က မစင်ပုံဘဝရောက်ပြီပေါ့၊ ဒီထိ ဘယ်သူမှ မမှားသေးဘူးမို့လား .."

"ဟုတ်တယ် မင်း မှန်တယ် ငါပဲမှားခဲ့တာ .. ငါ ဒေါသထွက်ခဲ့ပေမယ့် အဲ့ဒီဒေါသတွေကို ချိုးနှိမ်ထားနိုင်ကာမှ မင်းဆီကိုလာတွေ့တာ .."

"အကြောင်းက .."

"မင်းနဲ့ငါ ရှေ့ဆက်ပြီး ဘာမှပတ်သက်မှုမရှိတော့ဘူး၊ အန်ကယ်လ်ဦးခင်နိုင် ကိုရော မင်းတို့နဲ့ ငါ ပတ်သက်ခဲ့ဖူးသမျှ .."

"အားလုံးပြီးသွားပြီလား .. အိုခေ .. လိုချင်တာက အဲ့ဒါပဲ .."

သူ့ကိုစိုက်ကြည့်ပြီး ညွန်း က ခေါင်းညိတ်သည်။ ပြီးတော့ ထိုမျက်ဝန်းတို့သည် ကွန့် မျက်နှာထက်မှာပဲ ရှုံးနစ်ငြိမ်သက်နေခဲ့ရင်း ...၊

"မပေးချင်ရင် ငါ့ကို မင်းပြောလို့ရတယ်၊ ဒါကိုမပြောဘဲ လူတစ်ယောက်ရဲ့ အားနည်းဆုံးအချိန်ထိအောင့်အင်းစောင့်ဆိုင်းနေနိုင်တာ မင်းတော်ပါတယ်၊ မင်းဖြစ်စေချင်တဲ့အတိုင်းပဲ ဖြစ်ခဲ့တာပေါ့၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ငါ အရှုံးအနိုင်ပြဲတယ် ကွန် .. မိန်းမတစ်ယောက်က မင်းကို ကမ်းလှမ်းဖော်စပ်ခဲ့တဲ့အဖြစ်အတွက် ဒီလောက်ထိ ပြင်းပြင်းထန်ထန်နာကြည်းမုန်းတီးသွားတာ နားမလည်နိုင်ဘူး .."

"ခင်ဗျား မကြည့်လို့မသိတာပါ .."

"ဒါကြောင့် ငါမှားတာကို ဝန်ခံတယ်၊ အခု ငါ မင်းရဲ့အောင်မြင်မှုအတွက် ဂုဏ်ပြုဖို့လာတာ .."

တစ်ခွန်းချင်းပြောနေသည့်စကားလုံးတွေနောက်မှာ မျက်ရည်တွေ တစ်ရစ်ချင်းပြည့်တက်လာ၏။ ပြုံးကျလုလုလှုပ်လီလှုပ်လဲ့ မေးတင်လာကြလျှင် ညွန့် ဆတ်ခနဲမျက်နှာလွှဲပစ်လိုက်သဖြင့် မျက်ရည်စက်က လက်ခနဲစင်ထွက်သွား၏။

အစအဆုံးကို ငေးကြည့်နေသည့် ကွန် ရဲ့ မေးရိုးနှစ်ဖက် အံ့ကြိတ်လိုက်ခြင်းကြောင့် လှုပ်ခတ်သွားကြ၏။

"မင်းလိုချင်တာ မင်း ပြန်ယူနိုင်ပေမယ့် မင်းအဖေကို ငါ့အဖေဖြစ်ဖို့မကြိုးစားတော့ဘူး၊ အားလုံးက မှတ်တိုင်တစ်ခုမှာ မတော်တဆတိုးတိုက်မိကြတာပါ၊ မင်းနိုင်တယ် .. ငါ ရှုံးတယ် .."

"ဒေါ်စံရတီညွန့် .. နေဦး .."

သူ ဒီတိုင်းရပ်ကျန်ခဲ့ပြီးမှ လွှားခနဲ ပြေးဆွဲလိုက်လျှင် ညွန့် ကိုယ်လေး သူ့ဘက်ပြန်လှည့်လာ၏။ သို့သော် ...

"ဖြန်း .."

ပေါက်ကွဲသည့်ယမ်းအားက ပြင်းထန်လွန်း၏။ ရိုက်ချပစ်လိုက်ပြီး သူ ဆွဲထားသည့်လက်ကို ဆောင့်ရုန်းသည်။ ကွန် က ထပ်ဖိကိုင်ထားကာ ...

"ခင်ဗျားကို .."

"ဖြန်း .."

နောက်ထပ်ပါးတစ်ဖက်မှာ မီးပွင့်သွားသည်။



"မင်းလက်တွေကို ခုချက်ချင်း လွှတ်လိုက်စမ်း .."

"မလွှတ်နိုင်ဘူး .."

"ဖယ် .. လွှတ်စမ်း .."

စိတ်ရှိသလောက် ကျိုးအော်ပစ်ကာ ညွန့် တအားဆောင့်ရုန်းသည်။ ခြေလှမ်းတွေယိမ်းယိုင်ကုန်လျက်အထပ်စင်တွေမှာ ကျောကပ်မိလျှင် လက်လှမ်းမီရာဆွဲယူပြီး သူ့ကို ခေါင်းရိုက်ခွဲဖို့ကြိုးစား၏။

"ဒုန်း .. ခေါင်း .."

သံထည်ပစ္စည်းတွေချည်းမို့ ဒါတော့ အရှုံးမပေးနိုင်ပေ ..။ ကွန် က သူမလက်ကို ဖမ်းကိုင်ထားလိုက်ပြီး ပစ္စည်းကိုလွှတ်ကျသွားအောင် ပုတ်ချပစ်လိုက်၏။

"ဒေါ်စံရတီညွန့် .. ခင်ဗျားချည်းပဲ ပြောချင်တိုင်းပြော လုပ်ချင်တာလုပ်လို့ အဆင်ပြေမနေနဲ့၊ အဲ့ဒါတွေကို ကျွန်တော်တမင်လုပ်နေတာ၊ ခင်ဗျားရဲ့ ရလိုမှုတွေကို ဘာမှမပေးနိုင်လို့ နိဂုံးချုပ်သွားအောင် တမင်လုပ်နေတာ၊ အဲဒါ ဘာဖြစ်လို့လဲ ခင်ဗျားဘာလို့မမေးတာလဲ .."

"မင်းက လူယုတ်မာပဲ .. သူများကို နိုင်ဖို့အတွက် ဘယ်နည်းဖြစ်ဖြစ်သုံးမယ့်လူစား .."

"ဟုတ်တယ် .. ပြိုင်ရင်နိုင်ရမှကြိုက်တာ၊ ဒါပေမယ့် အခုလုပ်တာ နိုင်ချင်လို့မဟုတ်ဘူး .."

"မပြောနဲ့ မင်းအသံလုံးဝမကြားချင်ဘူး၊ လွှတ်နော် မင်း .."

"မလွှတ်နိုင်ဘူး၊ ပြောတာကိုနားထောင်ရမယ် .. ခင်ဗျားလို မိန်းမတို့ ပိုင်ရဖို့အတွက် ဘယ်နည်းလမ်းမှ မလွယ်ဘူး ဒေါ်စံရတီညွန့် .. ဒီအဖြစ်ထိရောက်အောင် ကျွန်တော် ဘယ်လောက်ထိခက်ခက်ခဲခဲ ကြိုးစားခဲ့ရသလဲ အဲ့ဒါ ခင်ဗျားသိလား .."

ပြောနေရင်း ရုန်းနေသည့် ညွန့် ကို အတင်းချုပ်ကိုင်ထားလျက် နှစ်ယောက်စလုံး တစ်ပတ်လည်သွားခဲ့၏။ ကွန် စိတ်မရှည်နိုင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ညွန်း ပခုံးလေးနှစ်ဖက်ကို နံရံမှာ ဖိကပ်ချုပ်ထားလိုက်ပြီး …၊

"ခင်ဗျားကစပြီး ပတ်သက်ချင်ခဲ့သမျှ ဒီနေ့ကစပြီး ဘာမှမရှိတော့ဘူး .."

"ဟုတ်တယ် .. မရှိတော့ဘူး၊ မင်းလိုသတ္တဝါနဲ့ ဘာမှမပတ်သက်တော့ဖို့ သေချာဆုံးဖြတ်ပြီးမှ လာပြောတာ .."

လွှတ်မှာမဟုတ့်ပေမယ့် သူ့လက်တွေကို ဖယ်ချရင်း ညွန်း တက်ခေါက်မိကာ …၊

"ကြာကြာနေရင် ငါနဲ့ပတ်သက်နေရမလားဆိုပြီး ဖအေကိုပါ ခေါင်းလောင်းထိုးလျှော့ပစ်မယ့်သားမျိုး၊ မင်းကို ငါ အရမ်းအံ့သြတယ် မုန်းတယ် မမြင်သလို မကြားသလိုနေလာခဲ့သမျှ မင်းရဲ့ မထီမဲ့မြင်လှောင်ရယ်မှု အားလုံး ဒီနေ့ စုပုံပြီးမုန်းတယ် .."

"တစ်ဆုံးထိမုန်းတာလား သေချာပြီဆိုရင်ပြော .."

"ကွန် .. မင်းလက်တွေကို ခုချက်ချင်းဖယ်ပေးဖို့ ငါပြောနေတယ် .."

"ခင်ဗျားကို ပြောစရာရှိလို့ ဒီမှာ တမင်လာစောင့်နေတာ၊ ခင်ဗျားချည်းပဲပြောပြီး ပြန်ထွက်သွားလို့မရဘူး .."

"စိတ်မဝင်စားဘူး ကွန် .. ငါ့မှာ ပြောစရာကုန်ပြီ၊ မင်းနဲ့ငါ တစ်မိနစ်တစ်ကြန့်မှ မျက်နှာချင်းဆိုင်ဖို့မရှိတော့ဘူး .."

"ကျွန်တော်က .."

"မိန်းမတစ်ယောက်က ပါးရိုက်ဖို့ပဲတတ်တာလို့ မင်း ထင်နေရင်မှားလိမ့်မယ်၊ အခု မင်းလက်တွေကိုလွှတ်မလား .. မလွှတ်ဘူးလား .."

"ခင်ဗျားက လူကသာ အရွယ်ဟိုင်းနေတဲ့ဒေါ်ကြီးဖြစ်နေတာ စိတ်ကတော့ ကလေးပေါက်စလိုပါလား .."

လူကို အဘွားကြီးပြောလိုက် အရွယ်ဟိုင်းပြီပြောလိုက် …။

နချင်ငယ်ချင်လွန်းလို့မဟုတ်ပေမယ့် သူ ဒီလိုပြောတိုင်း ရှက်ရွံ့



စိတ်တွေဖြစ်ရတာ ကြာတော့ သည်းမခံချင် …။

"ဟုတ်တယ် .. အဘွားကြီးဖြစ်ဖြစ် သေခါနီးဖြစ်ဖြစ် ဒေါ်သကအရာရာကို အားပြင်းစေတယ်၊ မင်းကိုလည်း ခု .."

"ကျွန်တော်ကတော့ ဂရုမစိုက်ဘူး .."

"အ …"

ညွန်း ကိုယ်လေးကို ဆွဲယမ်းပစ်လိုက်ကာ သူက ညွန်း ရဲ့နောက်ကို ရောက်သွားခဲ့ပြီး …၊

"မင်း .. မင်းနော် .."

"ခင်ဗျားရဲ့ မာနတွေက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်၊ အခု ဘယ်လိုလုပ်ဦးမလဲ .."

"မင်း မယုတ်မာနဲ့နော် .. လွှတ် .."

ကွန် က ညွန်း ရဲ့လက်ဖမိုးလေးတွေကို ဖိဆုပ်ကိုင်ထားကာ နောက်ကနေ သိမ်းဖက်ထားသဖြင့် သူ့လက်ထဲမှာ သူမက လက်ပိုက်လေးဖြစ်နေခဲ့လျက် …၊

"တောက် .. ကွန် နော် .. မင်း မလုပ်နဲ့ .."

မွှေးပျံ့သော ဆံနွယ်ရှည်တို့ကို သူ့မျက်နှာနဲ့ တိုးတိုက်ဖယ်ရှား၍ သူမရဲ့ ဝင်းအိနူးညံ့နေသော ဂုတ်သားလေးတွေမှာ စက္ကန့်များစွာ နစ်မျောနေမိသည်။

ပြီးတော့ လှပလုံးဝန်းသော ပခုံးစွန်းလေးတွေကို ဖိကပ်နမ်းမိရင်း…၊

"ခင်ဗျားကို ပိုင်ဆိုင်နိုင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ဘာကောင်မှန်းမသိတော့အောင် အစွမ်းကုန်ရမ်းကားခဲ့ရတာ ဒေါ်စံရတီညွန်း အဲ့ဒါတွေကို ခင်ဗျား ဒီတိုင်းထားပြီး ထွက်သွားလို့မရဘူး .."

ပြောနေရင်း ညွန်း ရဲ့ ပခုံးလေးတွေကို ဆွဲလှည့်ယူလိုက်ချင် မျက်နှာချင်းဆိုင်ပြီးဖြစ်သွားခဲ့ပြီး …၊

"ခင်ဗျားကို ကျွန်တော် .."

www.burmeseclassic.com

www.burmeseclassic.com



မီးဝင်းဝင်းတောက်နေသည့်မျက်ဝန်းတို့ကို စူးစိုက်ကြည့်ရင်း ...

"ခင်ဗျားကို သွားခွင့်မပေးနိုင်ဘူး .."

"ငါကလည်း ဒီတိုင်းမသွားဘူး .. ပူမနေနဲ့ .."

"ဒုတ် ..."

"အား ..."

ခြေသလုံးကို ဖိနပ်ဦးနဲ့တိုက်ဆောင့်ပစ်လိုက်၏။ ကွန် ရှုံ့မဲ့ညွှတ်ကျသွားလျှင် ညွန်း ရုန်းထွက်လိုက်သည်။ ပြီးတော့ မျက်နှာကိုစေ့စေ့ကြည့်၍ ...

"အဲဒါ ယုတ်မာဦး .."

ပါးကိုဖြောင်းခနဲမြည်အောင် ရိုက်ပစ်လိုက်သည်။

"ငါ့လိုမိန်းမကို မင်း အဆင့်လောက်နဲ့ ထိပါးဖို့မကြိုးစားနဲ့၊ ယုတ္တိမတန်တာတွေစိတ်ကူးယဉ်ခဲ့မိလို့ ငါ့ဘဝ အိပ်မက်ဆိုးမက်ခဲ့တာ၊ နောက်ဆို ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး .."

ချာခနဲလှည့်ထွက်သွားကာ ဒီတိုင်းဖြစ်သလိုချခင်းထားသည့် ဆက်တီခုံပေါ်က ရေသန့်ဘူးကိုမြင်တော့ ထိုဘေးမှာရပ်လိုက်၏။ ပြီးတော့ ...

"တောက် ..."

ဒေါသကြောင့် လူတစ်ကိုယ်လုံး ကတုန်ကယင်တွေဖြစ်နေကာ ရေသန့်ဘူးထဲက ရေတွေကို လက်ခုပ်လေးထဲ လောင်းထည့်၍ ...၊

"ဖတ် .. ဖတ် .. ဖတ် .."

"ဗျန်း .. ဗျန်း .."

ကမူးရှူးထိုးသွန်ချပြီး ဆံပင်တွေကို မျက်နှာမော့၍ လွှဲဖယ်ရင်း လည်ဂုတ်ကို ပွတ်သပ်ဆေးချ၏။ ရေတွေမကုန်မချင်း လက်ခုပ်ထဲ သွန်ထည့်ကာ ပခုံးစွန်းတွေကိုပါ ပွတ်သပ်ချပစ်သည်။

"အိပ်မက်ဆိုးမက်လို့ အိပ်မက်ထဲမှာ စုန်းကိုက်ခံရတာ အိမ်ရောက်ရင် ရွှေရည်ငွေရည်နဲ့ရေချိုးပြီး နံ့သာရည်နဲ့ ခေါင်းလျှော်ပစ်မယ် .."



မျက်ရည်စက်တို့ ဗိုးဗိုးပေါက်ပေါက်ကျရင်း နှုတ်ဖျားကနေ တတွတ်တွတ်ရေရွတ်၏။ ရေလုံးဝကုန်သွားတဲ့အထိ မရမကခါချနေသေးသည်။ ပြီးတော့မှ ဘူးကိုလွှင့်ပစ်ကာ နေရာမှ လှည့်ထွက်လိုက်လျှင် ...

"သေချာဆေးကြောပစ်ဦး မပြောင်ဘဲနေဦးမယ် .."

ရှေ့ကပိတ်ရပ်လိုက်သဖြင့် ညွန်း နဲ့ ရင်ဘတ်ချင်းကပ်မိသွား၏။ သူမ ချက်ချင်းပြန်ဆုတ်လိုက်သော်လည်း ...၊

"နမ်းလိုက်တာကို ရေနဲ့ဆေးချလို့ရပေမယ့် ဘယ်တော့မှ မေ့ပျောက်မသွားနိုင်တာတွေရှိသေးတယ်၊ ကြည့်ရတာ ခင်ဗျားမသိသေးဘူးဖြစ်မယ် .."

"အား ..."

ညွန်း ကိုယ်လေးကို ဖျတ်ခနဲဆောင့်ဆွဲလိုက်ကာ သူ့လက်ထဲမှာ ဇွေ့ခနဲပွေ့ယူလိုက်၏။

"မင်း ဘာလုပ်တာလဲ .. လွှတ်စမ်း .. ခု ပြန်ချပေး .. ချလို့ပြောနေတယ်နော် .. ကွန် .. မင်း မယုတ်မာနဲ့ .. ဟင့်အင်း .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဘယ်လိုလဲ .."

"မဖွင့်သေးဘူး .."

"ဘာ!..."

"တိတ်တိတ်နေစမ်းပါကွာ .. ညစ်နေရတဲ့ထဲ .."

"ဟော့ကောင် မင်း ဘာသာ ပြဿနာရှာပြီး ခါးကျိုးနေတာ၊ အဲဒါက ပြဿနာမဟုတ်ဘူး .."

"ဆန်းဒေး .."

ကွန် က စီးကရက်မီးညှိနေရင်း မာဆတ်ဆတ်ခေါ်၏။ ပြီးတော့ စီးကရက်ကိုခွက်ထဲမှာ ဒီတိုင်းဖိချေပစ်လိုက်ပြီး ..၊

"ဒီဆိုင်ဖွင့်ဖို့ထက် ငါ့ရင်ဘတ်ကြီးပွင့်ထွက်ပြီး တစ်စစီဖြစ်မသွားဖို့ ကြိုးစားရဦးမယ်၊ ခဏဝေးဝေးနေပေး .."

"အံမာ .."

"ပြောပုံကကြည့်စမ်း .. ဒီကောင် .."

"ဟုတ်တယ် .. နှစ်ရက်ရှိပြီ ပြောင်းလဲနေဟာ ရုပ်က .."

သူတို့နှစ်ယောက်ပြောနေတုန်း ကွန် က ဖုန်းဆက်နေတာလည်း အထူးအဆန်း ..၊



"ဟုတ်တယ် ဖေဖေ့ကို ခေါ်ထားတာ ကျွန်တော် .."

စင်ကာပူကို ညွန်း က လွှတ်လို့ရောက်နေရခြင်းနှင့်ပတ်သက်၍ ဒေါသတွေထွက် ဝုန်းဒိုင်းကြဲခဲ့တာ ဘယ်သူလဲ ..။

"ဖေဖေ အဆင်ပြေလား .."

"... ... ..."

"ကျန်းမာရေးလည်းပါတယ် ဖေဖေ .. ပြီးတော့ အဲ့ဒီလုပ်ငန်းတွေက ဖေဖေနဲ့ သိပ်နီးစပ်တာမဟုတ်ဘဲနဲ့ .."

"... ... ..."

"ရတယ်လေ .. ကျွန်တော့် မေးလ်ဘောက်(စ်)ထဲ ပို့ထားလိုက်ပေါ့ .."

"... ... ..."

"ဖေဖေ မပူပါနဲ့၊ အဲ့ဒီမိန်းမက မှားကွက်ရှာတတ်တဲ့နေရာမှာ ပျားရည်နဲ့ခံပြီး အကောက်တစ်ထောင်ရှိတဲ့ ပတ္တမြားထဲဝင်တဲ့ ပုရွက်ဆိတ်က အဘွားခေါ်နိုင်တယ် .."

ဖုန်းပြောနေတာ အကြာကြီးပါ။ ထို့ပြင် နောက်ဖုန်းတစ်လုံးထုတ်ပြီး ဘာတွေရေးမှတ်နေသည်မသိ ..။

"ဆန်းဒေး .. မင်း ဘယ်လိုထင်လဲ .."

"မသိဘူး .."

ဆန်းဒေး နဲ့ သာလွန် ခေါင်းချင်းဆိုင်နေကြပြီး ဘာမှဆက်စပ်ကြည့်လို့မရကြ ..။

တော်တော်ကြာတော့မှ ပြန်လှည့်လာသဖြင့် ..၊

"ကွန် .. မင်းတို့တွေ အဆင်ပြေနေကြ .."

"ဦးလေးကျော် .. အဲ .. ကျွန်တော်ပါ .. ကွန် .."

"... ... ..."

"ကိုတိုး တို့ သင်္ဘောပတ် ဒီလကုန်ဝင်ပို့သေးသွားလို့ .."

"... ... ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ပြောလို့မရသေးဘူး ဦးလေးကျော်၊ အဟွန်း.. သူ့ဘက်က အဆင်မပြေသေးလို့ပါ .."

မေးချင်စာတွေ ပိုပိုများလာပြီး ဆန်းဒေး တို့ ပါးစပ်တပြင်ပြင်နှင့် ကွန့် နောက် လျှောက်လိုက်နေကြရင်း ...

"ပြီးပြီလား .. ရော .."

ပြောများပြောလို့ပြီးဆုံးချိန်မှာ သူတို့နှစ်ယောက် ရေတစ်ဘူးနှင့် ကွန့် ကိုလည်း တစ်ဘူးကမ်းပေးကာ ...

"မင်းလည်း အာခေါင်ခြောက် ငါတို့လည်း ရင်တွေပူခြေညောင်း.."

"ဘာကိစ္စ စပ်စုဖို့အားထုတ်နေကြတာလဲ .."

"မင်းက ခုကျမှ လက်သည်းဖုတ်နေတာကိုးကွ .."

"ငါတို့က ဆိုင်ဖွင့်ပွဲအတွက် စပြောတယ်၊ မင်းက ရင်ဘတ်ပွင့်တော့မယ့်ကိစ္စနဲ့ ဝိတ်တယ်၊ ပြီးတော့ မဆီမဆိုင် ဖုန်းတွေထဆက်လို့.."

"ဖေဖေ့ဆီ ဖုန်းဆက်တာ မဆီမဆိုင်လား .."

"အေးလေ .. အန်ကယ်လ်က မစံ အလုပ်ကိစ္စအတွက် ခရီးထွက်သွားလို့ မင်းပဲ မကျေနပ်ခဲ့တာ .."

"ခု ကျေနပ်သွားပြီ .."

"သိသားပဲ .."

"သိရင် ဘာလိုက်လုပ်နေတာလဲ .. ဖယ် .. ဖုန်းခေါ်စရာရှိသေးတယ် .."

"ဟား .. နေစမ်းပါဦး၊ မင်းက ဘာကိုမှ စိတ်မဝင်စားပါဘူးဆိုပြီး ငါတို့ ဒီအလုပ်ကို ထူထောင်ခဲ့ကြတာနော် .."

"ဟုတ်တယ်လေ အခု ငါက ဘာဖြစ်နေလို့လဲ .."

"ဘာဖြစ်ရမှာလဲ .. မစံ အလုပ်ကိစ္စတွေတောင် မင်းက မေးလာမြန်းလား .."

"အဲဒါ ဘာဖြစ်သွားနိုင်လို့လဲ .."

မေးရင်း ဆိုဖာပေါ်ကို အရုပ်ကြိုးပြတ်လှဲချလိုက်သည်။ ပြီးတော့





ဖုန်းကိုင်ထားသည့်လက်ကို နဖူးတင်ရင်း .. ခြေထောက်တစ်ဖက်ကိုနောက်မှီပေါ် လှမ်းတင်၏။

"ပြီးရင် အားလုံးပြောပြမယ် .. ငါ့မှာလုပ်စရာတွေ အများကြီးရှိသေးလို့ .."

"ဒါပေမယ့် နည်းနည်းတော့ပြောပြထားသင့်တာပေါ့ကွ၊ မင်းနဲ့မစံ တွေ့တဲ့နေ့က ဒီထဲမှာ ဘာတွေဖြစ်ခဲ့ကြသလဲ၊ အဆင်ပြေသွားကြတာမဟုတ်မှန်းတော့ ငါတို့သိတယ်၊ ဒါပေမယ့် .."

"ဟုတ်တယ် ကွန် .. မင်းကတော့ အဆင်ပြေလာတဲ့ပုံပဲ .."

"ပြော .. ငါက ဘာပုံပေါက်နေသလဲ .."

"မပြောတတ်ဘူး .. ဒါပေမယ့် လူကြီးလူကောင်း အဲ .. ဂျန်းတဲလ်မန်း(န်)စတိုင်လ် မပေါက်တာပေါက် .."

ပြောလိုက်တာနှင့် ကွန် က ဖျတ်ခနဲ ငုတ်တုတ်ထိုင်လိုက်လျက်..

"ဒါဆို ငါ သိပ်လုပ်စရာမလိုတော့ဘူးပေါ့ .."

"ဘာ ..."

"ဘာဖြစ်တာလဲ .. ရူးသွားတာလား .."

နှစ်ယောက်သားဆီမှ အထင်ကြီးယုံကြည်မှုလေးတွေ ခုန်ပေါက်ထွက်လာကြသည်။ ကွန် ကလည်း သူတို့မျက်နှာတွေကိုကြည့်မနေပါ။

"ဘယ်နှစ်နာရီထိုးပြီလဲ .."

"ကိုယ့်ဟာကိုယ် ငုံ့ကြည့်လိုက် .."

လက်မှာ သိန်းရာကျော်တန်ပတ်ထားပြီး နာရီကြည့်တိုင်း သူများကို မေးတတ်တာ ဘာအကျင့်မှန်းမသိ ...။

အမြင်ကက်ပေမယ့် မေးတိုင်းလည်း မဖြေဘဲ မနေနိုင်ကြကာ ..

"ခြောက်နာရီထိုးတော့မယ် .."

"ဒီည ဂီတာသွားတီးမယ် .."

"အံမယ် .."

"ဘာလဲ .. ဘယ်စောင်းတန်းမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါသိတယ် .. စံရတီညွန့် တို့ ခြံရှေ့မှာ .."

သာလွန် က ဝင်ဖြေလိုက်ပေမယ့် ဆန်းအေး က အံ့သြသွားကာ..၊

"ဟုတ်လား ကွန် .."

"အင်း .."

ဆန်းအေး မျက်နှာ ချက်ချင်းရှုံ့မဲ့သွား၏။

"ထင်တော့ထင်သား .. ဒါပေမယ့် မထင်လိုက်မိတာ ငါ့အမှား.."

"မင်းမို့မထင်တယ် .. ဒီကောင် မစံ ကို မြင်လိုက်တည်းက အရူးအမူးကြိုက်သွားတာ၊ အဲဒါကြောင့် ကယောင်ချောက်ချားတွေထဖြစ်ပြီး တကောက်ကောက်လိုက်ရှု့နေတာ .."

"လျှောက်ပြောမနေနဲ့ .."

ကွန် က သာလွန့် ပခုံးကိုလက်သီးဆုပ်နဲ့ ခပ်ဖွဖွလှမ်းထိုးပြီး မျက်နှာကြီးက စိတ်ဆိုးပုံလည်းမရှိ ..။

"ပုံစံကြည့်ရတာ ပါးရိုက်ခံလိုက်ရလို့ မဆုံ့အင်ကာမျှုသိပ်ဖုံးဖိထားခဲ့တာတွေ ပေါက်ထွက်ကုန်တာဖြစ်မယ် .."

ကွန် က ရယ်ရင်း တစ်ခုခုပြောတော့မလိုပြင်လိုက်ကာမှ ဖုန်းခေါ်သံက နှောင့်ယှက်ကာ ...၊

"ပြန်လာရင် မင်းတို့ကို ရှယ်ပြုစုမယ် .."

"ဟေ့ကောင် .. တကယ်နော် .."

လက်ပြန်ပြလိုက်ပြီး ဖုန်းတစ်လုံးနဲ့ အပြင်ထွက်သွား၏။

"ဦးလေးကျော် လား .. ကျွန်တော်စောင့်နေတာ မလာသေးဘူး.."

ကွန့် အသံကို ဆက်မကြားတော့ပေမယ့် ဆန်းအေး တို့ လိုက်ကြည့်နေကြကာ ..၊

"ငါ ရိပ်မိပါတယ် ဒါပေမယ့် သူ မျိုသိပ်ခဲ့တဲ့ပုံက ခုလို မြန်မြန်ဆန်ဆန်သိသိသာသာ ပွင့်အံလာမယ့်ပုံမျိုးမရှိတော့ .."

"အချစ်ကို ဘယ်အချိန်မှာ ပွင့်အံမွေးဖွားရမယ်လို့ ဓက်သတ်မရှိပါဘူးကွာ .. ဒါပေမယ် ငါပြောနိုင်တာတစ်ခုရှိတယ် .."



"ငါက နှစ်ခုရှိတယ် .."

သာလွန် က သူများထက်အမြဲတမ်း သာလွန် နေခဲ့လျက် ရယ်ကာ..၊

"ဒီကောင် စံရတီညွန့် ကို အသေအလဲပစ်ကျနေတာသေချာတယ်၊ ဘယ်သူနဲ့တုန်းကမှ ဒီလိုမဟုတ်ဘူး .."

"ဟုတ်တယ် .. မင်းမှအပြောကောင်း၊ ဒါတော့ ငါလည်းသိတာပေါ့ .. မစံ ကရော သူ ကြိုက်ခဲ့တဲ့ မိန်းကလေးတွေနဲ့ တူလို့လား .."

"နောက်တစ်ခုက သူ့ကို စံရတီညွန့် က ပြန်ကြိုက်ဖို့မလွယ်ဘူး .."

"ပိုကောင်းတာပေါ့ .. ကွန် ဆိုတဲ့ကောင် တစ်ခါတစ်လေလည်း အဲ့ဒီလိုထိဦးမှ .."

"မင်းကလည်း ဒီလောက်ရူးနေတာ မရရင် .."

"ကွန် လား .. မင်း ကြည့်နေလိုက်၊ ဇာတ်လမ်းက ခုမှစမှာ .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

"ပြော .. မိုနာ .."

"မမစံ .. ဦးမြတ်မင်းအောင် နဲ့ သူ့ရှေ့နေဆိုတဲ့လူကြီး လာသွားတယ်၊ ပြီးတော့ လူကြီးသုံးယောက်လည်းပါလာသေးတယ် .."

"ဘာလာလုပ်တာလဲ .."

"အန်ကယ်လ် ဦးမင်းနိုင် ပို့လိုက်တဲ့ ကုန်နဲ့ လွှဲငွေတွေကိစ္စ သူ့ဘတ်ဂျက်နဲ့ငြိနေလို့တဲ့ .."

"ဘာ ..."

ညွှန်း လှဲနေရာကနေ ထထိုင်လိုက်မိသည်။ ခေါင်းအုံးထက်မှာ အထွေးလိုက်ပုံကျနေသည့် ဆံနွယ်ရှည်တွေက ကိုယ်ပေါ်မှာ ဖရိုဖရဲ ပြန့်ဝဲကပ်ပါလာသဖြင့် လက်တစ်ဖက်နဲ့ ဖြစ်သလို ထိုးသိပ်ဖိသပ်၍–

"အဲဒါ ဘာငြိစရာရှိလို့လဲ .. ဒီလူကြီး .. ကျွတ် .."

တစ်နေ့လုံး ခေါင်းကမကြည်၊ စိတ်တွေနောက်လျက်နှင့် နေ့လယ်တည်းက အိမ်မှာပြန်နားနေခဲ့ရ၏။

"မိုနာ မမစံ နေမကောင်းဘူးလို့ပြောလိုက်တယ်၊ ဦးမြင်မင်းအောင် မျက်နှာကြီးက မုန်းစရာကြီး မမ .. သူ မမစံ ကို ဖုန်းခေါ်ဖို့လုပ်နေတာ ပြီးမှ ဂက်ဂေါ့သွားတာ၊ ဒါပေမယ့် မိုနာ ထင်တယ် မနက်ဖြန်ထ



လာဦးမှာပဲ၊ မမစံ ဘယ်လိုနေလဲဟင် .."

"ဘာမှမဖြစ်ဘူး မိုနာ .. ဒီတစ်ခါ လူဖြစ်ဖြစ် ဖုန်းဖြစ်ဖြစ် ရောက်လာရင် တို့ကို ဖုန်းဆက်လိုက်၊ မနက်ဖြန်လည်း တို့လာဖြစ်မှာမဟုတ်ဘူး .."

ပြောပြီး ဖုန်းချထားလိုက်ကာ မှန်တင်ခုံရှေ့မှာရောက်သွားခဲ့၏။ ပြီးတော့ ဆံပင်တွေဖြီးရင်း ကြည့်နေမိသည့် မှန်ထဲမှာ ကွန့်မျက်နှာကြီးပေါ်လာသည်။

"တောက် .. ကျက်သရေမဲ့လိုက်တာ .."

"ဒေါက် ..."

ဘီးကိုပစ်ချလိုက်ရင်း ချာခနဲလှည့်ထွက်ခဲ့မိသည်။

"ခင်ဗျားက စိတ်ဝင်စားစရာအကောင်းဆုံး မိန်းမပဲ .."

"ဒီလောက်တောင် မာနတွေ လွှတ်တင်မနေစမ်းပါနဲ့ .."

"ဒီဆံပင်တွေနဲ့ ခင်ဗျားရဲ့ ပုံရိပ်က ချစ်ဖို့ကောင်းတယ် .." တဲ့..။

သေလိုက် ..၊

သွား .. လူယုတ်မာ အဆင့်မရှိတဲ့ကောင် ..။

ညွှန်း မေ့ပစ်ဖို့ကြိုးစားနေရင်း ခေါသက အချိန်မရွေးပွက်ပွက်ဆူနေ၏။ ခါးအောက်စပ်ဆီဖြာချွင်းနေသည့် ဆံပင်တွေကို ရှေ့ကိုဆွဲယူပြီး အရင်းကနေ ဖြတ်ချပစ်လိုက်ဖို့စိတ်ကူးခဲ့တာလည်း အကြိမ်ကြိမ်..။

ဒီဆံပင်တွေကို နမ်းခဲ့သည်။ သူမရဲ့ မျက်နှာ ပြီးတော့ တစ်ကိုယ်လုံးကို သိမ်းပိုက်အနိုင်ယူခဲ့၏။

"ခင်ဗျားကို ကျွန်တော် အပိုင်ရမှာဖြစ်မယ်" လို့ ပြောတာ ဘာလဲ..။

လူကို သက်မဲ့ပစ္စည်းတစ်ခုလို သဘောထားလိုက်တာလား ..။

ခံစားမိတာကတော့ 'အဲဒါ မာနတွေကြီးဦး' ဆိုပြီး လူကိုဖိဆိုးဖော်ကားလိုက်ခြင်းပဲဖြစ်သည်။

ဝသန် ပြောခဲ့တဲ့စကားတွေကို ခုကျမှ သတိရနေကျင်မဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးက ဂျစ်တိဂျစ်ကန်ပုံနဲ့ နင်က တစ်ဖက်တည်းကြည့်ပြီး ပြောတတ်တာနဲ့ ငါတော့ ရင်လေးပါတယ် ညွန်း ရယ် .."

"နင့်ကို ရွဲ့နေတာ အဲဒါ နင်ဂရုမစိုက်ဘဲနေလို့မရဘူးနော် .. ကိုယ်က မိန်းကလေး၊ အန်ကယ်လ် ဦးမင်းနိုင် ဘယ်လိုလူပဲဖြစ်ဖြစ် ကွန်က ဦးမင်းနိုင် မဟုတ်ဘူး၊ အဇာတသတ်မင်းသားကလည်း ဗိမ္ဗိသာရမင်းကြီးရဲ့သားပဲ .. အဲဒါစဉ်းစားကြည့် .." တဲ့ ..။

ခုတော့ သူမဘာဝ ပျက်စီးခဲ့ရပါပြီ ..။

ဘယ်သူ့ကို ဒေါသထွက်ရမလဲ၊ ဘယ်သူ့ရင်ခွင်ထဲပြေးဝင်ငိုရမလဲ..။

လူတစ်ယောက်ဟာ ကိုယ်ထင်သလိုပြောလို့မရ၊ ကိုယ် လုပ်တိုင်းအောင်မြင်နေလို့လည်း အတ္တကြီးလို့မဖြစ် ..။

လူကြီးသူမတွေလည်း ဆုံးမခဲ့သည်။ မိတ်ဆွေသူငယ်ချင်းတွေကလည်း သတိပေးကြသည်။ ဒါပေမယ့် သူမ ဂရုမစိုက်မိခဲ့ပေ ..။

"မင်း ဒီလောက်တောင် အငြိုးကြီးရသလား .."

"မင်းကြောင့် ငါ့စီးပွား ငါ့ဂုဏ်သိက္ခာတွေလည်း သူများရှေ့မှာ ရေစုန်မျောခဲ့ပြီးပြီ .."

"မင်းဆီက ငါဘာယူခဲ့မိသလဲ .. ဘာကြောင့် ငါ့ကို ဒီလောက်တောင် အငြိုးကြီးခဲ့တာလဲ .."

ဒီမေးခွန်းတွေနဲ့ အိပ်ပျက်ခဲ့ရတာလည်း ညစဉ်ရက်ဆက် ..။

ခုချိန်မှာ သူမရင်ထဲမှာ လောင်မြိုက်နေသည့်မီးက ဘယ်လိုပူပင်သောကနဲ့မှ မတူနိုင် ..။

ဖုန်းကိုချထားခဲ့ပြီးမှ ပြန်လှည့်ယူရသည်။ ပြဿနာတစ်ခုရှိလာရင် ရှင်းရဖို့ကို အကြွေးမထားတတ်သည့်အကျင့်တွေပါ အမှေ့တလျှော ဖြစ်ရခြင်းနှင့် ပတ်သက်၍ ..၊

"သမီးရေ .. မစံ .."

"ဒေါက် .. ဒေါက် .."



ဖုန်းခေါ်မလို့ ပြင်နေပြီးမှ တံခါးဆီလျှောက်သွား၍ ...

"ဒေါ်နန်း ဘာကိစ္စရှိလို့လဲ .."

"ဒရိုင်ဘာ ပြန်တော့မယ်တဲ့ .."

"အင်း .. ကားသော့ယူထားလိုက် ဒေါ်နန်း .."

ပြောပြီး ပြန်လှည့်ဝင်လာကာ ဖုန်းခေါ်နေမိသည်။ သို့သော် ဖုန်းခေါ်ခြင်းမအောင်မြင်ခင် တံခါးခေါက်သံ ထပ်မံပေါ်လာကာ ...

"သမီးလေး .. အပြင်မှာ ဧည့်သည်တွေရောက်နေတယ်ကွယ် .. ခြံစောင့်က ခွင့်တောင်းနေတယ် .."

"ဘယ်သူတွေတဲ့လဲ .."

"သမီးမိတ်ဆွေတဲ့ .. ဦးမြတ်မင်းအောင် တဲ့ .."

ညွန်း မျက်မှောင်ကုတ်သွားသည်။ နာရီကြည့်လိုက်တော့ ည ၉ နာရီရှိနေပြီဖြစ်လျက် ..၊

"ဒေါ်နန်း .. ခြံစောင့်ကို .."

သူမ ဘာမှ မညွှန်ကြားရသေးမီ ဖုန်းဝင်လာလေသည်။ ကြည့်လိုက်တော့ ဦးမြတ်မင်းအောင် ..။

"ဟလို .."

"ကျုပ်တို့ ခြံရှေ့မှာပဲ စောင့်ရတော့မှာလား မစံ .. ပြဿနာလေးရှင်းရုံပါပဲ၊ ရပ်ကွက်လူကြီးလည်းပါလာပါတယ် .."

ရယ်သံစွက်နေသော စကားသံကြောင့် ညွန်း စိတ်တွေလက်ရှိပြဿနာတွေပေါ်မှာ စုစည်းမိလာခဲ့၏။ ဝင်လာကြတော့ ရပ်ကွက်လူကြီးနှစ်ယောက်နှင့် ဦးမြတ်မင်းအောင် ရယ် ဒီဂျေ အပြင် ရှေ့နေလည်းပါ၏။

လူကို တမင်တကာ ရန်ငြိုးထားနေမှန်းသိပေမယ့် သင်လာခဲ့သည့်ပြဿနာက ရှင်းဖို့မလွယ်ကူသော ..၊

"အဲ့ဒါ မဖြစ်နိုင်ဘူးထင်တယ် ကျွန်မ .."

www.burmeseclassic.com

www.burmeseclassic.com



"မစံ ရယ် .. မစံ မဖြစ်နိုင်ဘူးထင်တာတွေပဲ တကယ်ဖြစ်နေခဲ့တာမို့လား .. စာမေးပွဲမှာတောင် ရှုပ်စက်ကွက်ရှင်တွေမှာ တစ်ခုအရွေးများတာနဲ့ နှစ်ခုမှားပြီးသားဖြစ်ခဲ့တာပဲ .. ဟဲ .. ဟဲ .. ကျုပ်ပြောချင်တာက .."

"ကျွန်မ နားလည်တယ် ဦးမြတ်မင်းအောင် ဒါပေမယ့် ဒီလောက်ငွေတွေကို .."

"ငွေမဟုတ်ဘူး မစံ ရဲ့ ပစ္စည်းတွေပါ၊ ပစ္စည်းတန်ဖိုးချည်းပဲ တစ်သောင်းခွဲဖိုးရှိနေတာ .."

"ပမာဏချင်းကိုက ကွာနေတာလေ .. ကျွန်မပစ္စည်းက ကိုးထောင်ဖိုးမရှိဘူး၊ ပြီးတော့ လမ်းကြောင်းအတူတူဆင်းလာတာပဲရှိတာ၊ ကုန်ပစ္စည်းချင်းလည်းမတူပါဘူး .."

"ဒီလိုရှိပါတယ် ဒေါ်စံရတီညွန့် .. အခု အရေးကြီးဆုံးရှင်းရမှာက လက်မှတ်ထိုးပြီး ထုတ်သွားခဲ့တဲ့ ဒေါ်စံရတီညွန့် ရဲ့ ကိုယ်စားလှယ် ဦးမေတ္တာ ကို ခေါ်ထုတ်ပေးဖို့ပါ .."

ဦးမြတ်မင်းအောင် ရဲ့ ရှေ့နေက ကြားဝင်ပြောကာ ...

"ဦးမြတ်မင်းအောင် ကလည်း ဒီလောက်များတဲ့ငွေပမာဏကို ကြာကြာအမြုပ်မခံနိုင်ပါဘူး၊ ဒီတော့ ဒေါ်စံရတီညွန့် အတွက် နှစ်ဆယ့်လေးနာရီပဲ အချိန်ရပါတယ် .."

"ဘယ်လို ..."

"အခု ရပ်ကွက်လူကြီးမင်းများရှေ့မှာပဲ ကျွန်တော်တို့က ပြစ်မှုမြောက်နေတာကို ရှင်းပြခဲ့ပါပြီ .."

ရပ်ကွက်လူကြီးတွေက ခေါင်းညိတ်ကာ တစ်ဦးကဝင်၍ ...

"ဟုတ်ပါတယ် .. ပြောပြထားသလောက်တော့ သိပြီးပါပြီ .."

"ဒေါ်စံရတီညွန့် ဘက်က ဘယ်လိုအကျိုးအကြောင်းရှိတယ်ဆိုတာ သူတို့ကျေနပ်အောင်ရှင်းပြလိုက်မယ်ဆိုရင် .."



"ဒီမှာခင်ဗျာ .."

ဒီကျေ က ရပ်ကွက်လူကြီးတွေရဲ့ စကားကိုပိတ်ပင်၍ ...

"ကျွန်တော်တို့က ရပ်ကွက်ထဲမှာ လင်ကွဲမယားကွဲရှင်းကြတာမဟုတ်ပါဘူး အန်ကယ်လ် .. သန်းနဲ့ချီတဲ့ငွေတွေကို လိမ်လည်မှုပါ.."

"ဒီကျေ ရှင် အဲ့ဒီလိုခေါင်းစဉ်တပ်လိုက်တာ အရမ်းပြင်းထန်တယ်နော် .. မှားယွင်းသွားခဲ့ရင် ရှင် နောင်တရစရာတွေဖြစ်လိမ့်မယ် .."

"မစိုးရိမ်ပါနဲ့ မစံ .. ကျွန်တော်က မစံ အတွက်ကိုပဲ စိတ်ပူတာ၊ ဒါကြောင့် အန်ကယ်လ်အောင် ပြင်းပြင်းထန်ထန်တွေ မဆုံးဖြတ်မိဖို့ ထိန်းမတ်ပေးချင်လို့ လိုက်လာတာပါ .."

"အဟမ်း ..."

ဦးမြတ်မင်းအောင် က ပြုံးပြုံးကြီးကြည့်နေလျက် အစိမ့်ယှက်ပါသည့် ချောင်းဟန့်သံကို မြှင့်တင်ပြီး ...၊

"ထောက်ထားသင့်တယ်ဆိုပေမယ့် ထောက်ထားစရာလည်း ရှိဦးမှကိုး .. ကျုပ်တို့ဘက်ကတော့ မိန်းမသားဆိုပြီး အစစအရာရာ ငဲ့ညှာတွေးခဲ့တာချည်းပါပဲ၊ ဒါပေမယ့် မစံ ရဲ့ ရာဇဝင်မှာတော့ .."

"ဟုတ်တယ် ဦးမြတ်မင်းအောင် .. ကျွန်မ ရာဇဝင်မှာ ငဲ့ညှာခြင်းဆိုတာ အဆိပ်ပင်ရေလောင်းတာပဲ၊ ဒါပေမယ့် သူ့အကန့်နဲ့သူ ရှိပါသေးတယ်၊ နေရာတကာမှာ ငဲ့ညှာခြင်းကိုဆွဲသုံးဖို့မလိုဘူး၊ ခုကိစ္စမှာ ကျွန်မရဲ့လူ မမှားနိုင်ဘူးဆိုတာ ကျွန်မ ယုံကြည်တယ် .."

"အိုး .. အို .. မစံ က ယုံကြည်မှုတွေ ဘာတွေထားလို့ပါလား၊ ဒါပေါ့လေ ခုချိန်မှာ ကိုမေတ္တာပဲ မင်းအတွက် အားကိုးစရာရှိတော့တာကိုး .."

"ကျွန်မ ဝန်ထမ်းတွေကို အားကိုးတဲ့အကျင့်မရှိဘူး ဦးမြတ်မင်းအောင် ထက်အောက်ငယ်သားဆိုတာ ကိုယ်စီမံညွှန်ကြားတဲ့အတိုင်း လုပ်ဖို့ပဲ၊ သူတို့က ကျွန်မစကားကို နားထောင်ကြမယ်၊ ကျွန်မရဲ့ စီမံအုပ်ချုပ်မှု

www.burmeseclassic.com



ကို ကျွန်မ ယုံကြည်တယ်၊ ဦးမေတ္တာ ကို ကျွန်မ ခုပဲ ဖုန်းဆက်မေးမှာပါ ..."

"ဒါပေမယ့် ကျုပ်တို့လိုက်နေတာတော့ လုံးဝမတွေ့ဘူးနော်၊ ကုမ္ပဏီဝန်ထမ်းတွေကလည်း တစ်သံတည်းပဲထွက်တယ် 'မသိဘူး' တဲ့ ..."

"ဦးမြတ်မင်းအောင် တို့ သိပ်ပျာနေလို့ဖြစ်မှာပါ၊ တကယ်ပြောနိုင်တဲ့ တာဝန်ရှိသူတွေကိုပဲ မေးကြည့်လိုက်ရင်ရတာပဲ ..."

"ဟား .. မပျာဘဲနေနိုင်မလား မစံ ရယ် .. ပစ္စည်းတန်ဖိုးက သန်းချီရှိနေတာလေ၊ ဒီကုန်ပစ္စည်းတွေ ဒီနေ့ဝင်မယ်ဆိုတာတောင် ကုမ္ပဏီတစ်ခုလုံးတစ်ယောက်မှ မသိဘူးဆိုတာ ..."

"ကျွန်မက သိနေတယ်ဆိုရင်မပြီးဘူးလား ..."

"အခုပဲ မစံ ဖုန်းဆက်မေးရတော့မှာလေ ..."

"ဦးမေတ္တာ ပစ္စည်းတွေထုတ်ဖို့ ပါမစ်ရတဲ့အကြောင်း ကျွန်မဆီ ဖုန်းဆက်ထားတယ် ..."

"ဟုတ်တယ် .. ပါမစ်ရတဲ့အချိန်တူတယ် ..."

"ပုံမှန်ဆိုမတူပါဘူး .. အဲဒီနေ့စွဲနဲ့ရောက်လာတဲ့ကုန်တွေအတွက် ထုတ်ယူခွင့်ပါမစ်ကို 'မယ်မဒီ' က အရင်ဆုံးရခဲ့တာပါ ..."

ဦးမြတ်မင်းအောင် မျက်နှာ မသိမသာတင်းသွားသည်။

"အတူတူဖြစ်သွားတာက ကျွန်မတို့လူရဲ့ အရည်အချင်းပဲ၊ ကျွန်မ ကုမ္ပဏီမှာ တစ်နေကုန်မထိုင်တာ လေးရက်ရှိပြီ၊ မနေ့က နေ့တစ်ဝက်နဲ့ ဒီနေ့ တစ်နေကုန် လုံးဝမသွားခဲ့ဘူး၊ အဲ့ဒါကြောင့် ဒီကိစ္စ ကြားဟသွားခဲ့တာ ဦးမေတ္တာ ကို ကျွန်မဖုန်းဆက်မယ် ..."

သို့သော် ဦးမေတ္တာ ဖုန်းကို ဘယ်လိုမှခေါ်မရခဲ့ပေ ..။ တိတ်ဆိတ်စွာ စောင့်ကြည့်နေကြသည့်လူကြီးတွေက ကြာလာတော့ သက်ပြင်းချ၏။

ရွှေနေကတော့ နာရီပင့်ကြည့်ပြီး ချောင်းဟန့်ကာ ...၊

"ဒီကိစ္စအတွက် ကျွန်တော်တို့ အချိန်တွေတော်တော်စထားခဲ့ပြီး



ပါပြီ၊ ဒေါ်စံရတီညွန့် အနေနဲ့ ဦးမေတ္တာ ကို ခေါ်ထုတ်မပေးဘူးဆိုရင်တော့ ..."

"နေပါဦး ရွှေနေကြီးရဲ့ ဦးမေတ္တာ ကို ဝှတ်ထားပေးတဲ့ပုံစံမျိုး ပြောလိုက်တာလား ..."

"မစံ ရယ် .. မင်းလည်း ဒီတိုင်းလုပ်ခဲ့တာပဲ၊ အမှုတစ်ခုဖြစ်လာရင် ပတ်သက်တာတွေကတော့ မပါမပြီး ထည့်သွင်းစဉ်းစားရတာပဲဆိုတာ မစံ ပြောခဲ့တာပါ ..."

တစ်ခုချင်း ချေပ၍ ကျေနပ်နေသည့် မျက်လုံးအစုံက အရောင်တလက်လက်တောက်ပလျက် နှုတ်ခမ်းတို့သည် လှိုဝှက်သောအပြုံးတို့ဖြင့် ...၊

"ကျွန်တော့်ဘက်က ဘယ်၊ ဆန္ဒရှိတယ်ဆိုတာ ရွှေနေကြီးကပဲပြောပြပေးပါ ..."

မျက်လုံးတွေကို ညွန်း မျက်နှာဆီကမလွှဲဘဲ ရွှေနေကြီးကို လှမ်းပြော၏။ ရွှေနေကြီးက ခေါင်းညိတ်၍ ...

"ဒီအမှုကို ကျွန်တော်တို့ဘက်က အမှုဖွင့်ထားပြီးပါပြီ၊ ဦးမေတ္တာက ကိုယ်ထုတ်ယူရမယ့်ပစ္စည်းအနည်းအကျဉ်းကိုထားပြီး သန်းချီတန်ဖိုးရှိတဲ့ မယ်မဒီ ကုမ္ပဏီအတွက်ရောက်လာတဲ့ကုန်ကြမ်းပစ္စည်းတွေကို မှားယွင်းသလိုလို လိမ်လည်ထုတ်ယူသွားခဲ့တာနဲ့ ပတ်သက်ပြီး ဒေါ်စံရတီညွန့်က တာဝန်အပြည့်အဝယူရမှာပါ ..."

ရွှေနေကြီးက ဖိုင်ကို ကိုင်ထားပေမယ့် ဒီတိုင်းစာပြန်သလို ရွတ်ပြသွားကာ ...၊

"ဒါနဲ့ပတ်သက်ပြီး ဒေါ်စံရတီညွန့် ကိုယ်တိုင် စီမံညွှန်ကြားခဲ့တယ်ဆိုတာ တခြားသက်သေတွေရော ဒေါ်စံရတီညွန့် ကိုယ်တိုင်ပါ ဝန်ခံပြီးပြီမို့လို့ ဦးမေတ္တာ ကို မမိမချင်း ဒေါ်စံရတီညွန့် စခန်းမှာထိန်းသိမ်းထားမယ့်အကြောင်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

ညွှန်းနေရာမှ ဖျတ်ခနဲထရပ်လိုက်မိသည်။ 'ဘာဖြစ်သွားတာလဲ' ဆိုသည့် လောင်ရယ်သောမျက်ဝန်းတွေက ဦးမြတ်မင်းအောင် ထံမှာ သိသာစွာစူးရှနေလျက် ...၊

"ဆက်ပြောပြလိုက်ပါ ရှေ့နေကြီး သူ မရှင်းသေးဘူး ..."

"ကိုယ့်ဘာသာ ချရေးလာခဲ့တဲ့အတိုင်း ဖတ်ပြသွားတာက လွယ်ပါတယ်၊ ဒါပေမယ့် လူတစ်ယောက်ကို ဖမ်းချုပ်ဖို့အတွက် ဒီလောက် မလွယ်ဘူး ဦးမြတ်မင်းအောင်၊ ပြီးတော့ ဒီကိစ္စကို ညွှန်း ကိုယ်တိုင် ဘာမှမသိရသေးဘူး .."

"မစံ သိပြီးတာ မပြီးတာလည်း ကျုပ်တို့က ဘယ်လိုသိမှာလဲ၊ မသိသေးဘူးဆိုလည်းဖြစ်တယ်၊ သိပြီးသားဆိုလည်း ရနေတာပဲလေ .. ခုချိန်မှာ မစံ ကို အားနာပေမယ့် ကျုပ် ဆုံးရှုံးရမှာတွေအတွက် လုပ်သင့်တာကိုတော့ လုပ်ရမှာပဲ .."

"ကျွန်တော်တို့ အမှုဖွင့်တဲ့အချိန်ကစပြီး နှစ်ဆယ့်လေးနာရီသတ်မှတ်ခဲ့တာပါ၊ အခု နှစ်ဆယ့်လေးနာရီ စေ့နေပါပြီ .."

"ဘယ်လို .."

ညွှန်း အားလုံးကို မျက်နှာစုံအောင်ကြည့်ရင်း ဘယ်လိုမှ နားမလည်နိုင် ..။ ကိုယ်လည်း ဘာမှမသိခဲ့သဖြင့် ဘယ်လိုအနိုင်အမာခုခံရမယ်မှန်းမသိတော့ပေ ..။

ဦးမေတ္တာ ကို ထပ်ခေါ်ပေမယ့် စက်ပိတ်ထားပါတယ်ချည်းပဲ ပြန်ဖြေနေသည်။ ဦးမြတ်မင်းအောင် က ပြုံးတုံးတုံးတည်မလိုရယ်မလို မျက်နှာနှင့်ရှိကာ ဒီဇော် ကတော့ စာနာသည့်မျက်ဝန်းတို့နှင့် လှမ်းကြည့်၏။

ပြီးတော့ ဧည့်ဝရီးနှစ်ယောက် ဘာတွေပြော၍ ခေါင်းတွေခါနေကြသည်မသိ ..။ ရှေ့နေကြီးက ရပ်ကွက်လူကြီးတွေဘက်လှည့်ကာ ဖိုင်ကို



ဖွင့်၍ အမှုကိစ္စအကြောင်းရှင်းပြနေ၏။

အားလုံးသည် ကိုယ့်အာရုံနဲ့ကိုယ် လှုပ်ရှားနေကြလျက် ဒီအိမ်ပေါ်က အမျိုးသမီးတစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်ဖို့ရောက်လာကြတာနဲ့ မတူဘဲ တရားခွင်တစ်ခုမှ သက်ဆိုင်လို့ရောက်လာစုဝေးနေကြသည့်အတိုင်း ..။

သူတို့အားလုံးအလယ်မှာ ညွှန်း က မတ်ဘပ်ရပ်လျက်နှင့် ဘာစကားမှ မဆိုနိုင် ..။

မီးရောင်ဖွေးဖွေးအောက်မှာ ဒုစရိုက်မှောင်ခိုပြစ်မှုအတွက် အရေးတကြီး တရားခံကို ဖမ်းဖို့ရောက်လာကြဘာမျိုးလား ..။

"မစံ .."

ဒီဇော် က ညွှန်း ရဲ့ ဘေးကိုထ လျှောက်လာ၍ မျက်နှာနားကပ်ကာ ..၊

"တော်ကြာ ရဲတွေရောက်လာကြလိမ့်မယ် .."

ညွှန်း မျက်နှာတင်းသွား၏။

"ကျွန်မက ဘာဖြစ်လို့ .."

"မစံ .."

ညွှန်း ရဲ့ ဒေါသကို သူက ကပျာကယာတားဆီး၍ ...

"ခုချိန်မှာ မစံ ဒေါသထွက်နေတာပဲရှိမှာ၊ ဟိုမှာ ဘာတွေဖြစ်နေတယ်ဆိုတာ မစံ မှ မသိရသေးတာ၊ အမှုဖြစ်လာရင် တာဝန်ရှိတဲ့လူတွေက တာဝန်ရှိတဲ့အတိုင်းလုပ်ကြမှာပဲ၊ ဒေါသထွက်နေဖို့ထက် မစံ အန်ကယ်လ်အောင် နဲ့ ဆွေးနွေးကြည့်သင့်တယ် .."

"ကျွန်မက ဘာကိုဆွေးနွေးရမှာလဲ .."

"အဲ့ဒါ အန်ကယ်လ်အောင့် မှာ ပြောစရာရှိမယ်ထင်တယ်၊ မစံ ဆန္ဒရှိရင် ကျွန်တော် အန်ကယ်လ်အောင် နဲ့ မစံ ဆွေးနွေးလို့ရအောင် အခု ပြောပေးလို့ရပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



ညွန်း က မိန့်မိန့်ကြီးထိုင်နေသည့် ဦးမြတ်မင်းအောင် ကို လှမ်းကြည့်သည်။ တူဝရီးနှစ်ယောက် ဒီလိုအကွက်တွေထွင်ပြီး ရောက်လာကြတာလား ...။

အရှုံးမပေးတတ်သည့် မာနနှင့် မဲ့လိုက်မိသည်။ ပြီးတော့ ...

"ကျွန်မအတွက် မလိုဘူး .."

ပြတ်သားစွာဆိုရင်း မိုနှာ့ ဆီ ဖုန်းဆက်မေးသည်။ ပြီးတော့ ဒီကိစ္စအတွက် တာဝန်ရှိသူတွေအားလုံးကို ဖုန်းဆက်မေးပြီးလျှင် ညွန်း လှုပ်ရှားသမျှကို လိုက်ကြည့်နေသည့် ဒီဂျေ က ...

"မစံ၊ .."

"ကျေးဇူးတင်တယ် ဒီဂျေ .. အဲ့ဒီလို ညှိနှိုင်းမှုမျိုး ကျွန်မ လုံးဝမလုပ်ဘူး၊ တကယ်မှားရင် မှန်တဲ့အတိုင်းစီရင်ပါစေ .."

ဒီဂျေ မျက်နှာမှာ အံ့သြသည့်အရိပ်တွေ ဖြစ်သွားသည်။ ပြီးတော့ ဦးမြတ်မင်းအောင် ဆီ မသိမသာအကြည့်ရောက်၏။

သူ သိခဲ့တာက ဘယ်လောက်မာနကြီးပါစေ မိန်းမဟာ မိန်းမသဘာဝပြတာပဲဖြစ်သည်။ ဒီလောက် ကြောက်လန့်စရာကြုံလာတာတောင် လေသံမလျှော့ခဲ့တာ ဘယ်လိုမိန်းမမျိုးလဲ ...။

တကယ်ကို မာကြောနေတာလား ဟန်ဆောင်နေနိုင်တာလား ...၊



## အခန်း (၃၇)

ကားတွေတန်းစီထွက်လာကြစဉ် ခြံဝရောက်တာနှင့် အနက်ရောင်ဆပ်(ဖ်)ကားတစ်စီးက ကန့်လန့်ဖြတ်ပိတ်ကာသည့်ပုံစံနှင့် ထိုးရပ်သွား၏။

ပြီးတော့ ကားထဲကဆင်းထွက်လာတာ ကွန် ...၊

တစ်ကိုယ်လုံး နက်မှောင်နေကာ ဂျာကင်အနက်၏ပြောင်လက်လက်အရောင်နှင့် ဖြူဝင်းနေသည့် မျက်နှာကသာ ထင်းနေ၏။

"တောက် .. ဒီကောင် ဘာဝင်ရှုပ်တာလဲကွာ .."

ကားထဲတ လှမ်းမြင်ကာ ဒီဂျေ တက်ခေါက်သည်။ ရဲကားထဲမှာ ညွန်း နဲ့ ရဲနှစ်ယောက်ရှိနေကာ ကွန် က သူတို့ကားကို တစ်ချက်ပဲလှမ်းကြည့်ပြီး ရဲကားနားကပ်သွားသည်။

"ဘယ်လိုဖြစ်တာလဲ .. တစ်ဆိတ်လောက်ပြောပြနိုင်မလား .."

ရဲနှစ်ယောက်မျက်နှာက တာဝန်ဝတ္တရားနှောင့်ယှက်သူအဖြစ် ကွန့် ကို စိုက်ကြည့်သည်။ ထိုစဉ် ရှေ့ကထွက်သွားကြသည့်ခေါက်ကွတ်လူကြီးနှစ်ယောက်က ကွန် တို့ကား ဖြတ်ထားလိုက်တာကိုမြင်မှ ကမန်းကတန်း ပြန်လှည့်လာကြပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကြီးက ဒီက ဒေါ်စံရတီညွန့် နဲ့ ဘယ်လိုပတ်သက်တာလဲကွယ် .."

"ကျွန်တော်က သူနဲ့ စေ့စပ်ထားတဲ့သူပါ၊ လက်ထပ်ဖို့ရက်လည်း သတ်မှတ်ပြီးပါပြီ .."

"ဩော် .. အဲဒါကိုသိတယ်၊ ဦးတို့က လူကို မမှတ်မိလို့ .."

လူကြီးနှစ်ယောက်ပျာပျာသလဲခေါင်းညိတ်ပြီး ရဲတွေကို ရှင်းပြပေးကြသည်။ တကယ်က ညွန့် တစ်ယောက်တည်း မျက်နှာငယ်စွာပါသွားရသည့်အဖြစ်အတွက် လူကြီးတွေ စိတ်မကောင်းဖြစ်နေကြတာပါ။

သူမ အမြဲတမ်း အထီးကျန်တစ်ယောက်တည်း ရပ်တည်နေလာခဲ့တာကို သိထားသောကြောင့်လည်း ပို၍သနားမိကြ၏။ တာဝန်ရှိသည့် ရဲတစ်ယောက်က ဖြစ်ရသည့်အမှုအကြောင်းကို ဆင်းလာပြီးရှင်းပြစဉ် ..၊

"ကိုယ်သိသလောက်ကတော့ မင်းနဲ့ မစံ စေ့စပ်ထားတာကို ဖျက်သိမ်းကြတယ်မို့လား .."

ဒီရျေ က အနားလာရသည်။

"အေးလေ .. ဒါက ပြဿနာမဟုတ်ပါဘူး၊ မင်း သေချာသိချင်ရင် ကားပြန်လှည့်ပြီး စခန်းလိုက်ခဲ့ပေါ့၊ ငါတို့မှာ အချိန်မရှိဘူး .."

"ဘာအချိန်လဲ .. အမျိုးသမီးတစ်ယောက်ကို ကိုယ်ပိုင်ပုဒ်မတပ်ပြီး ကမန်းကတန်းလာဆွဲထုတ်ရတဲ့အချိန်လား .."

"ဟော့ .. နေကြဦး .."

ဦးမြတ်မင်းအောင် ပါ အနားရောက်လာကာ ..၊

"ကျုပ်တို့က လူတွေ့တိုင်းရှင်းပြနေဖို့မလိုပါဘူး၊ လူကြီးမင်းတို့ တာဝန်ရှိတဲ့အတိုင်း ဆက်ပြီးဆောင်ရွက်ပါ .."

"မရဘူး .."

ကွန် က ကားထဲမှာ ညွန့် ကို မြင်နေရသဖြင့် တလိပ်လိပ်တက်



လာသည့်ဒေါသကို အံကြိတ်မျိုသိပ်နေရလျက် ..၊

"ဒီကိစ္စအတွက် ဒေါ်စံရတီညွန့် ကို အချုပ်ထဲဆွဲထည့်ဖို့မလိုဘူး.."

"ဒီမှာ ငါ့ညီ .. အစ်ကိုတို့က ဝတ္တရားရှိတဲ့အတိုင်း .."

"ကျွန်တော် နားလည်ပါတယ်၊ တိုင်သူရှိရင် လိုက်ဖမ်းပေးရတာပေါ့ .."

လုပ်ပြီ .. ဒီကောင် ..၊

ကားထဲကနေ လှမ်းကြားနေရကာ သာလွန် စိတ်ပူသွား၏။

"မင်း နေခဲ့ဦး ငါ ဝင်ထိန်းဦးမှ .."

ပြောပြီး ကမန်းကတန်းဆင်းသွား၏။ သို့သော် ကွန့် ကို တားဆီးဖို့ကမလွယ် ..။

"ငါတို့က နှစ်ဆယ့်လေးနာရီအချိန်ပေးထားတာပါ .."

"ဘယ်တုန်းက စပြီးတော့လဲ .."

"ဒီမှာယော့ .. ကျုပ်တို့ တိုင်ချက်ဖွင့်တာ အခုနှစ်ဆယ့်လေးနာရီကျော်နေပြီ .."

တာဝန်ရှိသည့် ပုဂ္ဂိုလ်တွေထက် ဦးမြတ်မင်းအောင် အသံကချည်း ရှေ့ကထွက်နေ၏။ ထိုမျက်နှာကို စိုက်ကြည့်ရင်း ကွန် က ဝါးနေသည့် ပီကေကိုထွေးထုတ်လိုက်၏။

ရုတ်တရက်မို့ ဦးမြတ်မင်းအောင် မျက်နှာမော့ရှောင်လိုက်မိသည်။ သို့သော် ပီကေက သူ့ကိုပစ်မှန်တာမဟုတ် ..။

"မင်းလိုလူငယ်တစ်ယောက်နဲ့ ကျုပ်က အလကားသက်သက် အချိန်ဖြုန်းသလိုဖြစ်နေမှာပေါ့ .."

"ဟုတ်တယ် .. အချိန်တွေအကျိုးရှိရှိကုန်ချင်ရင် ခင်ဗျားတို့ အခု ပြန်သွားသင့်တယ် .."

"ကာ .."

www.burmeseclassic.com

www.burmeseclassic.com



ပီကေကြောင့်ဖြစ်သွားသည့် ရှက်ဒေါသက ကွန့် ရှေ့ကိုခြေတစ်လှမ်းတိုးကပ်သွားမိပြီး ...၊

"ဥပဒေကို မင်း ဘာမှတ်နေသလဲ ကွန် .. မင်းလိုမလောက်လေး မလောက်စားက ဘာတတ်နိုင်မှာမို့လို့ ဝင်ပါနေရတာလဲ၊ မစံ ကရော မင်းလိုလူကို အားကိုးတကြီးရှိနေမယ်ထင်လို့လား .."

"ခင်ဗျားက သူများကိစ္စ သူများအတွင်းရေးတွေကိုလည်း တော်တော်စပ်စုထားတာကိုး .. ဒါကြောင့် ဘယ်သူဘယ်လိုအားနည်းချက်ရှိသလဲဆိုတာ ရှာဖွေစုဆောင်းထားပြီး တစ်နပ်စားဉာဏ်ကြံတာ .."

"မင်း ..."

"ခဏလေးပါ အန်ကယ်လ် .."

သာလွန် က ဝင်ပါလာလျှင် ကွန် က သာလွန့် ရင်ဘတ်ကို လှည့်မကြည့်ဘဲ လက်ပြန်တွန်းပစ်လိုက်ကာ ...၊

"အခု နှစ်ဆယ့်လေးနာရီပြည့်လို့ ဖမ်းတယ်ဆိုတာ ပစ္စည်းတွေကို ထုတ်သွားတာ ဘယ်သူလဲ .."

"ဦးမေတ္တာ .. ဒေါ်စံရတီညွန့် ရဲ့ ကိုယ်စားလှယ်ကြီးပါ .."

ရဲက ဝင်ဖြေပေး၏။ ကွန် က မျက်နှာကိုအနည်းငယ်ပြေပြစ်စေ၍ ထိုသူကိုကြည့်ကာ ...၊

"အဲဒီလူက တကယ်လိမ်သွားတာလား .. မှားယွင်းမှုတစ်ခုခုရှိနေတာလား ဒါမှမဟုတ် ဒီလူအန္တရာယ်တစ်ခုခုထဲမှာ ပျောက်နေတာလား .. အဲဒါတွေကို ခင်ဗျားတို့သေချာစုံစမ်းပြီးပြီလား .."

"အဲ့ဒါက .."

"သူခိုးက ခိုးပါတယ်မပြောဘူးကွ .. ခိုးမှုလိမ်မှုဆိုတာ ဒီလိုပဲ ရတဲ့တစ်စဆွဲပြီးလိုက်ရတာ .."

"ကျွန်တော် တာဝန်ရှိတဲ့သူနဲ့ပြောရမလား .. ခင်ဗျားနဲ့ပြောရမ



လား .."

"အစ်ကိုတို့နဲ့ပဲပြောပါ၊ ဒါပေမယ့် ငါ့ညီသိချင်တာတွေ သိထားတာတွေရှိရင် စခန်းရောက်မှ .."

"ဒါဆို ဒေါ်စံရတီညွန့် ကို ထားခဲ့ပေးပါ .. ကျွန်တော်လိုက်ပြောမယ် .."

"သူက လောလောဆယ် တရားခံ ဦးမေတ္တာ နဲ့ပတ်သက်ပြီး တာဝန်ရှိဆုံး လူဖြစ်နေတဲ့အတွက် ဒါကိုတော့ .."

"ဒီအချိန်မှာ ဘယ်သူမှ တရားခံမဟုတ်သေးဘူးဆိုတာ ခင်ဗျားတို့က ပိုသိမှာပါ .."

ကွန် က မျက်နှာကိုပြေပြစ်ဖို့ကြိုးစားနေသည့်တိုင် လေသံက မာကျောနေသည်။ စကားပြောတိုင်း မေးဆတ်ပြောတတ်သည့်အကျင့်ကြောင့် ဘယ်သူ့ကိုဖြစ်ဖြစ် စိန်ခေါ်နေပုံပေါက်လျက် ...၊

"ဦးမေတ္တာ လိမ်လည်သွားတယ်ဆိုတာလည်း ခိုင်လုံထင်ရှားတဲ့ အတည်ပြုချက်မရှိသေးဘူး .."

ခြံအဝင်ဝက မီးရောင်နှင့် ကွန့် မျက်နှာကလွဲပြီး အားလုံးကို သေချာမြင်နေရ၏။ ရဲနှစ်ယောက်၏ အကြည့်တွေက စိတ်ရှုပ်ထွေးသလိုဖြစ်လာကာ ဦးမြတ်မင်းအောင် တို့ စိတ်လှုပ်ရှားနေကြတာလည်း သိသာ၏။

ကားထဲမှာ ညွန့် အားလုံးကိုမြင်နေရသည်။ ပြောသမျှကိုလည်း ကြားနေရ၏။ ဒါပေမယ့် သူမ ရင်ထဲမှာ နာကျင်နေခဲ့သည်မှလွဲ၍ ဘာမှ ခံစားမိတော့ပေ ...။

ဆွဲချခဲ့တာလည်း ယောကျ်ားတွေပဲဖြစ်ကာ ပြန်ဆွဲတင်ဖို့ကြိုးစားနေသည့် ယောကျ်ားကရော ဘယ်သူမို့လို့လဲ ...။

သူမအတွက် ရိုးရှင်းဖြူစင်သောစေတနာနဲ့ ကူညီတာ ဘယ်သူမှ

www.burmeseclassic.com

www.burmeseclassic.com



မရှိ ...။

တုန်လှုပ်ခြင်းကြီးစွာ ဖြစ်ရရင်း အရက်တရားတို့လည်း ကမ်းလွန်ပြီးကျကာ သူမကိုယ်ဟာ အသက်မဲ့နေသည့်နှယ် ...၊

"နှစ်ဆယ့်လေးနာရီဆိုတဲ့ သတ်မှတ်ချက်က ဒေါ်စံရတီညွန့် ကို သတိပေးပြီးတဲ့နောက်က စက္ကန့်တွေပဲဖြစ်ရမှာမဟုတ်ဘူးလား .. တစ်ဖက်က ဘာမှမသိရဘဲ သူ့ကိုယ်တိုင် စုံစမ်းကိုးကားစရာဘာမှမရှာလိုက်ရဘဲ အိမ်ထဲက ဆွဲထုတ်လာတာကို .."

"ဒါက ဒီလိုရှိပါတယ် .."

"ကျွန်တော် ပြောချင်တာရှင်းပါတယ်၊ နှစ်ဆယ့်လေးနာရီကို အစခင်ဗျားတို့ ဒီအိမ်ထဲကို ဝင်ခဲ့တဲ့စက္ကန့်တွေကစပြီး သတ်မှတ်ပေးပါ.."

ကွန် က အခိုင်အမာအရေးဆိုသည်။ မျက်နှာက အလင်းရောင်ကို ကျောခိုင်းထားပေမယ့် စူးရှလက်တောက်နေသော မျက်လုံးတွေက မှောင်ရိပ်ကျနေခြင်းကို ထိုးခွင်းလျက် ...၊

"နှစ်ဆယ့်လေးနာရီ မကျော်ခင် အဲ့ဒီတရားခံပေါ်ဖို့ ကျွန်တော်တာဝန်ယူတယ်ဆိုရင် ဒေါ်စံရတီညွန့် ကို အချုပ်ထဲထည့်ထားဖို့လိုသေးလား .."

"ဘာကွ ..."

"အန်ကယ်လ် ဦးမြတ်မင်းအောင် .. ခဏ .."

ရဲတစ်ယောက်က ထပ်ဆင်းလာပြီး တာဝန်ရှိတဲ့အတိုင်း သိမ်မွေ့စွာပြောသည်။

"ဒေါ်စံရတီညွန့် ပြန်သွားလို့ရပါပြီ .."

"ကိုမင်းသိမ်း .. ဒါ အန်ကယ်လ်တို့ တိုင်ချက်ဖွင့်ထားတဲ့အမှုနော် .."

"ကျွန်တော်တို့အားလုံးကို ဥပဒေရှိတဲ့အတိုင်း ဆောင်ရွက်မှာပါ



အန်ကယ်လ် .."

ဦးမြတ်မင်းအောင် အံတကြိတ်ကြိတ်နှင့် ကားပေါ်ပြန်ရောက်သွား၏။ ကွန် က လက်ပြလိုက်မှ ဆန်းဒေး က ကားကိုခြံဝကနေဖယ်ပေးသည်။

ရဲကားထဲကနေ ညွန့် က ဆင်းကျန်ခဲ့လျက် ကွန် က တစ်ဖက်က ဝင်၏။ ကားရဲ့တစ်ဖက်စီကနေ မျက်လုံးချင်းဖျတ်ခနဲဆုံသွားကြ၏။

သူမ မျက်ခုံးလေးတွေ ခပ်တွန့်တွန့်နှင့် စူးစိုက်ငေးနေစဉ် ကွန် က မျက်နှာလွှဲ၍ ကားထဲဝင်လိုက်သည်။

သာလွန် က အကဲခတ်ကျန်ခဲ့လျက် သက်ပြင်းချ၏။

တစ်ယောက်က နူးညံ့ခြင်းကင်းမဲ့သော မျက်လုံးစိမ်းတို့နှင့် ...၊

တစ်ယောက်ကလည်း မင်းမသိလည်း ရတယ်ဆိုသည့် မှုန်ကုတ်ကုတ်ဂရုမစိုက်သည့်အကြည့်တွေ ...။

တော်တော်တော့ နီးစပ်နေပါပြီ။ ဘာလဲတော့မသိ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

အမှုကိစ္စတွေအားလုံး၏ တရားခံက ဦးမေတ္တာ မဟုတ်ပေ ….။ ပါမစ်နေ့စွဲချင်းတူနေသောကြောင့် ဦးမေတ္တာ ၏ လက်မှတ်အတုနှင့် ဦးအေးကိုတို့လူစု ကိုယ့်ပစ္စည်းကိုယ်ပြန်ထုတ်သွားတာဖြစ်၏။

ကိုယ့်ပစ္စည်းကိုယ်ပြန်ခိုးပြီး ဦးမေတ္တာ နဲ့ ငြိအောင် ခွင်ဆင်ကြသည်။ ဦးမြတ်မင်းအောင် က ညွှန်း အပေါ်မှာရှိခဲ့သည့် ငြိုးချက်နှင့် ငွေတွေလွှတ်အကုန်ခံကာ ညွှန်း ကို ဒုက္ခပေးဖို့ကြိုးစားခဲ့သည်။

ထို့ပြင် ဦးမေတ္တာ က ပစ္စည်းတွေကို ကုမ္ပဏီမှာမလွှဲဘဲ ရုံးခွဲမှာပဲ အပ်ခဲ့ကာ သူ့သမီးလေး ကလေးမီးမဖွားနိုင်သဖြင့် တောင်ငူကို အားချင်းထွက်သွားခဲ့၏။

သူ့ဘက်ကလည်း ဘာကိုမှဆက်သွယ်အကြောင်းကြားချိန်မရခဲ့သည့်အပြင် ညွှန်း နေထိုင်မကောင်းတာလည်းသိထားသဖြင့် ….၊

"မနက်ကျရင် ကုမ္ပဏီမှာ ပစ္စည်းသိမ်းပေးဖို့ လက်ထောက် မန်နေဂျာကို စာရင်းနဲ့တကွအပ်ခဲ့ပြီးပြီလေ ….၊ ဘာမှလည်းအထူးတလည်လုပ်ဖို့ မရှိလို့ ထွက်သွားတာပါ …" ဟု ဆို၏။

"ကျွန်တော့်ကိုခွင့်လွှတ်ပါ မစံ … ဟိုမှာလည်း သမီးက အသက်လုနေရတော့ ငွေရေးကြေးရေးကအစ အဆင်မပြေနိုင်တာသိလို့ ကျွန်တော်



တခြားဘာကိုမှ မတွေးနိုင်ဘဲဖြစ်သွားတာပါ …"

ဦးမေတ္တာ က တောင်းပန်၏။ ကိုယ့်ဘက်က အမှားမှမဟုတ်ဘဲ ခွင့်မလွှတ်နိုင်စရာမရှိပါ။ ဒါပေမယ့် ကွန် က ဦးမြတ်မင်းအောင် တို့ကို တရားပြန်စွဲထားသဖြင့် ဦးမင်းနိုင် ရောက်လာမှ ဖြန်ဖြေခဲ့ရ၏။

"သူတို့က အသိုင်းအဝိုင်းအားကိုးနဲ့ ဂျပိုးကိုလိပ်ဖြစ်အောင် ပြောနိုင်တယ်၊ အတောင့်ရှည်လေ အစေ့များလေကွာ … လုပ်မနေစမ်းပါနဲ့…"

"အတောင့်ရှည်ချင်ပါတယ်ဆို အစေ့များမှာ ကြောက်နေလို့ရမလား ဖေဖေ … အဲဒီနေ့က ကျွန်တော်တို့ခြံရှေ့ကို ရောက်မသွားခဲ့ရင် ဒီတိစ္စတွေကိုလည်း နည်းနည်းပါးပါးသိမထားခဲ့ရင် ဘာတွေဖြစ်ကုန်မလဲ ဖေဖေသိလား …"

"ဘယ်သိမလဲကွ … ငါမှ မမြင်ရတာ …"

"ကျွန်တော်ကတော့ ငြိမ်မနေနိုင်ဘူး …"

"ခွေးရူးနဲ့ ခွေးကောင်း ဖက်မကိုက်ချင်နဲ့ … တစ်ချို့လူတွေက ဝညာတွေတတ်၊ ပိုက်ဆံချမ်းသာတိုင်း စိတ်ဓာတ်က အဆင့်ရှိတာမဟုတ်ဘူး …"

"အသက်ကြီးပြီး အချိန်မစီးတာ အဲ့ဒီလူကြီး …"

"မင်းသိပြီးပြီပဲ …"

"တခြားလူတွေသိဖို့လိုသေးတယ် …"

"မလိုပါဘူးကွာ … တစ်ချိတစ်လေ မကြေညာရဘဲ လူတွေသိကုန်တာကို လက်ခုပ်တီးရတာပိုပျော်စရာကောင်းတယ် …"

သားအဖနှစ်ယောက်က တစ်ယောက်တစ်မျိုးရှိနေကြလျက် ….၊

"မင်းက ဘယ်ကိုလဲ …"

"ဖေဖေရော ဘယ်ကိုလဲ …"

"မင်း သွားစရာရှိတာသွားပါ … ပြီးမှ ငါ ကားယူသွားမယ် ဒါတင်ကားဆိုတော့ …"

ကားမောင်းရင်း ကွန် က လှည့်ကြည့်၏။

www.burmeseclassic.com



"စကိုင်းလိုင်းကို သွားမလို့မို့လား .."

"ဟုတ်တယ် .."

"ကျွန်တော်လိုက်ပို့မယ် .."

ဦးမင်းနိုင် က ဖျတ်ခနဲလှည့်ကြည့်သည်။ ကွန် က မမြင်ချင်ယောင်ဆောင်၏။

"ငါ မေးလို့ရပြီထင်တယ် .."

"မေးမနေပါနဲ့ ဖေဖေ ထင်နေတဲ့အတိုင်းပဲ .."

"ဟော!..."

"ကျွန်တော် သူ့ကို လက်ထပ်ချင်တယ် .."

"ဩော် .. ဩော် .."

ကားက ကုမ္ပဏီဝင်းထဲကို ကွေ့ဝင်လာခဲ့ပြီဖြစ်ကာ ပါကင်မှာထိုးပြီးမှ ...

"ဖေဖေ ပြောပေးဖို့မလိုဘူးနော် .. ဟိုတုန်းက ကိစ္စတွေနဲ့ လုံးဝမပတ်သက်ချင်ဘူး .."

"မင်းက ချစ်ရေးဆိုဖို့များ စိတ်ကူးနေတာလား .."

ဦးမင်းနိုင် မေးပုံကြောင့် ကွန် က နားမလည်သလိုလှည့်ကြည့်၏။

"တလွဲထင်မနေနဲ့ဦး .. ငါပြောချင်တာက လွယ်နေတာကို ခက်အောင်မလုပ်ဖို့ပဲ၊ လက်ထပ်ပြီးသွားရင် မင်း သူနဲ့ နားလည်မှုယူဖို့ကြိုးစားလေ .. မိဘချင်း လက်ထပ်ပေးတာဖြစ်ဖြစ် ဘာဖြစ်ဖြစ် မင်းလိုချင်တယ်မို့လား .."

"အဲဒီလိုမျိုး လက်ထဲထည့်ပေးတာကိုမလိုချင်တာ .."

"ငါကတော့ မြန်မြန်လက်ထပ်ပြီးသွားစေချင်တာလေ .. ပြီးတော့ ငါ့ခြံတစ်ခုလုံးကို ကျောင်းမြေအဖြစ်လှူပစ်လိုက်တာ မင်းထင်သလို.."

"အဲဒီလိုပဲဖြစ်ချင်တာ .."

"ဘာ!..."

"အပေးအယူကိစ္စတွေ ဘာမှမရှိချင်လို့ ရှင်းထုတ်ပစ်လိုက်တာ



ဖေဖေ .. သူကစပြီး ကမ်းလှမ်းခဲ့တယ်ဆိုတဲ့ အဖြစ်လည်းမရှိတော့ဘူး၊ ကျွန်တော့်ဆီက ဘာရလို့ သူ ဘာပြန်ပေးတယ်ဆိုတာတွေလည်း မပါတော့ဘူး၊ သေချာချင်တာက သူ့ကို ကျွန်တော်ရမှဖြစ်မယ် .. အဲဒါ .."

"ဟော့ .. မင်းပြောသလောက် မရိုးရှင်းဘူး ကွန် .. အခု မင်းလုပ်ပစ်လိုက်တဲ့အပြစ်တွေကို ညွန်း အလွယ်လေးမေ့ပျောက်သွားမယ်ထင်လို့လား .. သူ့အတွက် မင်းလုပ်ပေးခဲ့တာလေး အားကိုးပြီ မင်းကို တိမ်းညွတ်နေပြီထင်ရင်တော့ မှားမှာပဲ .."

ကွန် က မထိတထိမဲ့ပြုံးနှင့် ရှေ့ပြန်လှည့်ကာ ..၊

"မပြီးခင် ဗမာမမြင်စေနဲ့တဲ့ .."

"ငါကလည်း အဆင်မပြေတာတွေ မမြင်ချင်ပါဘူး .."

ပြောနေရင်း ဦးမင်းနိုင် က တံခါးဖွင့်ဆင်းဖို့ပြင်လျှင် ဖုန်းခေါ်သံမြည်လာတာ ..၊

"ဟလို .. သမီးရေ အန်ကယ်လ် ရောက်နေပြီ ရှေ့ကို .."

"... ... ..."

"ဟင် .. ဩော် .. အေး .. အေး .. လာခဲ့မယ် သမီး .."

ဦးမင်းနိုင် က ဖုန်းပြန်သိမ်းလိုက်ပြီး သူ့ကိုကြည့်၍ ..၊

"ညွန်း က အိမ်မှာ နေမကောင်းလို့ ပြန်သွားတာထင်တယ် .."

ကွန့် ကို လိုက်ပို့ဦးမှာလားဆိုသည့်အကြည့်နှင့် ဦးမင်းနိုင် က မေးဆတ်၏။

ကိုယ့်သားပေမယ့်လည်း စိတ်မပါလျှင် အိပ်ရာတောင်သိမ်းရကောင်းမှန်းသိတာမဟုတ်တော့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

ဦးမင်းနိုင် တို့ ကား ခြံထဲဝင်လာတာမြင်လိုက်သည်။ လက်ထဲမှာ ခရီးဆောင်အိတ်နဲ့မို့ ကားနောက်ဖုံးဖွင့်လိုက်ရင်း ...၊

"ဒေါ်နန်း ရေ .. ဒီမှာ ခေါက်ကုလားထိုင်ကြီး လာထုတ်ပေးပါဦး၊ ညွန်း ရဲ့ သေတ္တာထည့်လို့မရလို့ .."

ကုလားထိုင်ကို ငုံ့၍ ဆွဲယူရင်း လှမ်းအော်မိ၏။ ထိုစဉ် သူမ မျက်စိရှေ့ကိုဝင်လာသည့်လက်နှစ်ဖက်တ ဒေါ်နန်း ရဲ့ လက်တွေမဟုတ် ...။

မော့ကြည့်လိုက်တော့ ကွန် ...၊

နောက်လှည့်ကြည့်တော့လည်း ဘယ်သူမှ မတွေ့သဖြင့် ...၊

"အန်ကယ့်လ်ကိုခေါ်တာ .."

"ကျွန်တော့်ကိုလည်းပြောလို့ရတယ် .."

ကွန် က ကုလားထိုင်ကို ထုတ်ယူလိုက်ပြီး ကားမှာပဲ ကပ်မှီထားလိုက်၏။ ပြီးတော့ နောက်ပြန်မှီရပ်ကာ ...၊

"ဘယ်သူခရီးသွားမလို့လဲ .."

"ငါ .."

ဒါပဲပြောပြီး ညွန်း က အိမ်ပေါ်ပြန်တက်သွား၏။ ပြတ်သားစွာ



လှုပ်ရှားတတ်သည့်အတိုင်း ဖျတ်ခနဲလှည့်ထွက်သွားသည့်နောက်မှာ ဖြန့်ချထားသည့်ဆံနွယ်တွေက လှပစွာလွင့်ခါသွားကြ၏။

ပြီးတော့ သူမ ကိုယ်သင်းနံ့လေးက ဆွဲဆောင်နိုင်စွမ်းကာ ...၊

"ဒေါ်စံရတီညွန်း .. ခင်ဗျား ဘယ်သွားမလို့လဲ .."

ကွန် က လှေကားထစ်တွေကို ကျော်တက်ပစ်လိုက်ကာ သူမနောက်က ကပ်လိုက်သွား၏။ ဒေါ်နန်း က ဆွဲခြင်းကြီးတစ်လုံးဆွဲထုတ်လာကာ ကွန့် ကိုမြင်တော့ ပြုံးသွားသည်။

"မင်း ဘယ်ထိလိုက်ဝင်လာတာလဲ .."

"ခင်ဗျားကိုမေးနေတာ ဖြေမှမဖြေဘဲ .."

ညွန်း က အခန်းတံခါးကို ၊ ဘျာပေးရပ်လိုက်ပြီး ကွန့် ကို စိတ်ပျက်စွာကြည့်၏။

"မင်း ဘာလိုချင်တာကျန်သေးလဲ ကွန် .. မကျေနပ်တာဘာရှိသေးသလဲ .."

"မကျေနပ်တာ ဘာမှမရှိပေမယ့် ခင်ဗျားကို မရသေးသရွေ့ လိုက်နေရမှာပဲ .."

"ဘာမရတာလဲ .. မင်း ယုတ်မာချင်တာ ယုတ်မာခွင့်ရသွားပြီပြီးသွား .. မင်း ခု ထွက်သွား .."

"ကျွန်တော်ယုတ်မာတာ မဟုတ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ လူ့ဂိုင်းကို မယုံမကြည်နဲ့ သံသယတွေထားနေတာက ခင်ဗျား .."

"ဟုတ်တယ် မင်း ငါ့ကိုကူညီခဲ့တာတွေအတွက် မင်းယုတ်မာခဲ့တာကို ငါလက်ခံခဲ့တယ်လို့ထားလိုက်၊ ကျန်တာ ငါ့ဘဝ ငါ့သမိုင်း .."

ညွန်း က အထဲဝင်ပြီး တံခါးပိတ်ဖို့လုပ်၏။ ကွန် က ကိုယ်နဲ့ခံထားကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘက်က ပြောင်းလဲတော့မယ်လို့ အခိုင်အမာဆုံးဖြတ်ပြီးပြီ .."

"မင်းဘဝကို့ မင်းဘာပုံရေးရေး ငါ စိတ်မဝင်စားဘူး .. ဖယ်စမ်း.."

"ခင်ဗျားကိုတော့ ကျွန်တော်က စိတ်ဝင်စားတယ်၊ ဟိုတုန်းက ဖြစ်ပျက်ခဲ့တာတွေနဲ့ ဘာမှမဆိုင်ဘဲ ခင်ဗျားကို .."

"တောက် .. ဖယ်စမ်းကွာ .."

အထဲဝင်ဖို့မကြိုးစားတော့ဘဲ ညွှန်း တက်ခေါက်၍ သူ့ကိုယ်ကြီးကို တွန်းဖယ်ထွက်ခဲ့၏။

"ဒေါ်နန်း ရေ .. အိမ်တံခါးတွေ သေချာစစ်ပြီးပိတ်ခဲ့နော် .."

"မရဘူး .. မသွားရဘူး .."

ကွန် က ရှေ့ကိုကျော်သွားပြီး ပိတ်ရပ်လိုက်၏။ ညွှန်း ရဲ့ ဒေါသမျက်ဝန်းလေးတွေက နာကြည်းခံပြင်းလွန်းသောမျက်ရည်စတို့နှင့် ပို၍ လက်တောက်နေကြလျက် ..၊

"မင်းက ဘာမို့လို့လဲ .."

"ခင်ဗျားကို တားခွင့်ရှိနေတဲ့သူ .."

"ဒီမှာ ကွန် .. မင်း ယုတ်မာခဲ့တာကို ဂုဏ်ယူစွာတွေးပြီး ငါ့ကို ပိုင်ဆိုင်ခွင့်ရှိနေပြီထင်နေတာလား .."

"ခင်ဗျား ဘာဖြစ်လို့ ဒါပဲထည့်ထည့်ပြောနေတာလဲ .."

"ဒါကပဲ ငါ့အတွက် အိပ်မက်ဆိုးမို့လို့လေ .. လူယုတ်မာ၊ မင်းကို မုန်းတယ် .. ခု ဖယ်ပေး .. ငါ့ရှေ့ကဖယ်စမ်း .. သွား .. သွားဆိုသွား.."

ညွှန်း ရှိုက်ငိုချဖစ်လိုက်ရင်း သူ့ ရင်ဘတ်ကိုတအားထုရိုက်နေမိ၏။ ကွန် က ဒီတိုင်းပေကပ်ငြိမ်နေခဲ့လျက် သူမ လက်လေးတွေ အားနည်းသွားကာမှ တစ်ကိုယ်လုံးကို ရင်ခွင်ထဲဆွဲယူဖက်ထားလိုက်၏။



"ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကိုကြိုက်သလို အပြစ်ပေးပါ .. ထွက်မသွားပါနဲ့ .."

ရှိုက်သံတွေအားကောင်းနေစဉ် သူ တင်းကျပ်စွာဖက်ထားမိကာ သူမ ရုန်းထွက်ဖို့ကြိုးစားသည်နှင့် လွတ်မြောက်ခွင့်မပေးနိုင်ခဲ့ဘဲ ..။

"ကျွန်တော် ခင်ဗျားကိုစတွေ့တည်းက စိတ်ဝင်စားခဲ့တာ၊ ခင်ဗျားရဲ့ မာနတွေနဲ့ သည်းမခံတတ်တဲ့ ကျွန်တော့်ရဲ့ဒေါသတွေကြားမှာ အချစ်က ခဏတစ်ဖြုတ်ပျောက်ဆုံးနေခဲ့တာပါ .."

"ချစ်တာတွေ မေတ္တာတွေ ငါ မယုံကြည်ဘူး၊ မင်းလိုလူမျိုးက ပြောတဲ့အတွက် ပိုဝေးသေးတယ် ၄ နှ် .. မိန်းမတွေကို ခြေဆေးစရာ ရေဖွက်အိုင်လိုသဘောထားပြီး .."

"ရှေးသရောအခါက ပုံပြင်စာသားတွေနဲ့ ရွတ်ပြမနေပါနဲ့၊ ကျွန်တော် ပွေရှုပ်ခဲ့တယ် .. အဲ့ဒါမှန်တယ်၊ ကျွန်တော့်ကို နာမည်ပျက်အရှက်ရအောင် ဘယ်သူကမှ ခွင့်မလွှတ်ချင်လောက်အောင် မဟုတ်တရုတ်တွေကြံစည်ပြီး ခင်ဗျားရှေ့မှာ စွပ်စွဲခဲ့တာတွေလည်းရှိခဲ့တယ်၊ ဒါပေမယ့် အဲဒီလောက်ထိ ကျွန်တော် မယုတ်မာခဲ့ဘူး .."

ကလေးအဖေ ဖော်သလို တကယ့်ကလေးလေးခေါ်စာပြီး အရှက်သိက္ခာမဲ့လောက်အောင် လက်ညှိုးထိုးစွပ်စွဲခဲ့ကြတာတွေ သူမရှေ့မှာပဲ ဖြစ်ခဲ့တာပါ။

ပြီးတော့ ကိုယ်ဝန်ရှိနေသလိုလို ဖြစ်နေကြတာတွေလည်းရှိသေးသည်။

"အဲဒါတွေတစ်ခုမှ ကျွန်တော်မဟုတ်ဘူး၊ ဟုတ်ဟုတ်မဟုတ်ဟုတ် ဘယ်သူဘာပြောပြော ဂရုလည်းမစိုက်ဘူး၊ ကျွန်တော် ဂရုစိုက်ခဲ့တာ ခင်ဗျားပဲ .. ခင်ဗျားလိုမျိုး ကျွန်တော် ဘယ်မိန်းမကိုမှ အလေးအထားခဲ့

www.burmeseclassic.com



ဘူး၊ ခင်ဗျားအတွက် ခက်ခဲပင်ပန်းတာမျိုး ဘယ်မိန်းမအတွက်မှ မကြိုးစားခဲ့ရဖူးဘူး ..''

''ကျွတ် ...''

''မရဘူး .. ခင်ဗျား နားထောင် ..''

''လွှတ်နော် ကွန် .. ငါ မင်းကို ဒီတစ်ခါခွင့်လွှတ်မှာမဟုတ်ဘူး..''

''ဘယ်တုန်းကများ ခွင့်လွှတ်ခဲ့တာရှိလို့လဲ ဒေါ်စံရတီညွန်း .. ဟင် ..''

သူက ဖက်ထားရာကနေ ပခုံးနှစ်ဖက်ကိုပြောင်းကိုင်လိုက်ပြီး မျက်နှာငုံ့လာ၍ ...

''ကျွန်တော့်မျက်နှာကို တစ်ချက်လောက်ကြည့်ပါဦး ကျွန်တော့်ပါးတွေကို ခင်ဗျားရိုက်ဖို့အတွက် အမေ မွေးပေးခဲ့တာမို့လား ..''

ညွန်း မျက်နှာလေးမော့လာသည်။ သူက ငုံ့မိုးကြည့်နေခဲ့၏။ မျက်ရည်စိုစွတ်နေသော ဝါညက်ညက်ပါးပြင်လေးတွေနဲ့ ခိုတွဲနေရှာသည့် မျက်တောင်များတို့နှင့် မျက်ဝန်းလေးတွေက သူ့ ရင်ခုန်သံတွေကို တို့ဆိတ်ကျီစယ်နေသလိုပင် ..။

ကွန့် မျက်နှာငုံ့လာတော့ ညွန်း မျက်နှာလွှဲပစ်မိကာ ...

''မင်းကို ငါ ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး ..''

''ကျွန်တော်က မရရအောင်လက်ထပ်မှာ ..''

ညွန်း ဆတ်ခနဲမော့လာကာ ...

''မင်းနဲ့ငါ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး ကွန် .. အစတည်းက ..''

''အဆင်ပြေတာတွေချည်းဖြစ်လာရင်သာ ငိုရတတ်တာ ရန်ဖြစ်နေကြတဲ့သူတွေ ချစ်သွားကြရင် သူများတွေထက်ပိုချစ်တယ်၊ ခင်ဗျား



ချစ်ချစ် မချစ်ချစ် ကျွန်တော်က ချစ်နေဖို့ပဲလိုတာ ယောကျ်ားလေးတွေက သိမ်းပိုက်ခွင့်ရှိတဲ့အမျိုး ..''

''ဘာ ...''

အံ့သြသည့် စိတ်ပျက်ခြင်းတို့နှင့် ညွန်း မျက်နှာလေးက ရှုံ့မဲ့နေ၏။ ကွန် က ပြုံးလိုက်ကာ ..၊

''ကျွန်တော့်ကို ပေါင်းကြည့်လိုက်ပါ နောင်တဆိုတာမရှိစေရဘူး..''

''မင်း ငါ့ကို သရုပ်ပျက်စကားတွေလာမပြောနဲ့၊ လွှတ်လို့ပြောနေတယ် .. ဖယ်စမ်း ..''

''ကျွန်တော့်ကို လက်ထပ်မလား ..''

''ဟာ .. ကွန် ..''

တမင်တကာ ဇရတ်သုတ်ခလုပ်ကြဖို့ တိတ်တိတ်ချောင်းလာကြသည့် ဆန်းအေး တို့က တံခါးဝကနေ မျက်လုံးတွေပြူးနေကြလျှတ် ...

''မင်းကွာ .. အိမ်ရှေ့ကြီးမှာ ..''

''ဖယ်စမ်းပါ ..''

ညွန်း မျက်နှာလေးနီရဲနေကာ အတင်းရုန်းတော့သည်။ ဆန်းအေး တို့ကရယ်ကြရင်း ..၊

''ကောင်းတယ် .. ကောင်းတယ် .. ဆိုင်ဖွင့်ပွဲနဲ့ မင်္ဂလာဆောင် တစ်ခါတည်းလုပ်လိုက်တော့ ..''

ညွန်း အပြေးတစ်ပိုင်းထွက်လာခဲ့ပြီးမှ ဘယ်ကိုသွားရမှန်းမသိ..။

''မစံ .. ဒေါ်နန်း ညနေစာချက်လိုက်တော့မယ်နော် ..''

''မချက်နဲ့လေ ..''

''ချက်လိုက် ဒေါ်နန်း .. ကျွန်တော်တို့အတွက်ရော ..''

''အေး ...''

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန်း ကမန်းကတန်းပြေးထွက်သွားသည်။ ညွှန်း တစ်ခုခုငြင်းသံထွက်မလာခင် ပြေးရှာတာဖြစ်သည်။

"ကွန် .. မင်း ငါ့ကို အမျိုးမျိုးလိုက်ဒုက္ခပေးနေပါလား .."

"အချစ်တွေ ပေးနေတာ ခင်ဗျားမှမယူဘဲ .."

"နားရှက်စရာတွေ ပြောမနေနဲ့ .."

"ဟုတ်သားပဲ .. အဘွားအိုပေါက်စကို တီတီတာတာတွေပြောနေမိတာ .. ဆောရီး .."

ညွှန်း မျက်ဝန်းလေးတွေ လက်ခနဲရောက်လာသည်။

"ဘာလဲ .. စိတ်ဆိုးသွားတာလား .. ကိုယ့်အသက်လည်းပြန်ကြည့်ဦးလေ .."

"သေလိုက်ပါလား .."

"ဟ .. အား .. တကယ်ပစ်တယ်ကြည့်စမ်း .."

ညွှန်း က ရှိုးကေ့စ်ပေါ်က မဂ်လာစုံတွဲရုပ်လေးကိုဆွဲယူပြီး တကယ်လွှဲပေါက်လိုက်၏။ ကွန် က လက်နဲ့ကာပြီး ဆတ်ဆတ်ခါထအော်တော့ သူမ မျက်နှာလေးပျက်သွားရှာသည်။

ခွမ်းခနဲ ကျကွဲသွားသည့်အရုပ်ကို ငုံ့ကြည့်ပြီး ကွန့် ဆီ မျက်လုံးပြန်ရောက်လျှင် လူက မချိုမချဉ်နှင့် မျက်စိမှိတ်ပြ၏။

ညွှန်း မျက်ဆောင်းထိုးကာ ဖျတ်ခနဲလှည့်ထွက်သွားလျှင် ...၊

"မ ..."

"နောက်တနေ့ ဆွဲဖက်ထားလိုက်ပြီး ပါးချင်းကပ်ကာ .."

"မ အရမ်းလှတာပဲ .."

ညွှန်း တစ်ကိုယ်လုံး ကျင်ခဲသွားလိုပင် ...။ သူ့အပေါ် ဘယ်လိုသဘောထားကြည့်ဖို့မှ စိတ်ကူးမကြည့်မိခဲ့ဘဲ တိုးလျှိုသော သူ့စကားသံ





တွေနဲ့ အနမ်းတို့ကြောင့် ...၊

"မ ကို ကျွန်တော်အရမ်းချစ်တယ်၊ နောက်ထပ် အပျိုဖျန်းလေးတွေ လိုသလောက် ပေးပါ့မယ်ဆိုရင်တောင် 'မ' နဲ့ မလဲနိုင်ဘူး .."

"ဟင့်အင်း .. တော်တော့ .."

လူက သတိလစ်မတတ် ချောက်ချားနေရကာ ပန်းတွေလိုကြွေဆင်းနေသည့် သူ့အနမ်းတွေက ကြာရှည်စွာမွေ့မူးနေခဲ့လျှင် ...၊

"နောက်ဆို ဒေါသထွက်အောင် ခဏခဏလုပ်မယ် .."

"ဘာ ..."

"ရန်ဖြစ်ပြီးမှ ပြန်ချော့မယ် .."

"ချော့လိုက်တိုင်း ကျေနပ်သွားမယ့်မိန်းမမျိုးလို့ မင်းက ထင်နေတာလား .."

"ထင်နေတာကြာတာပေါ့ .. ခုပဲ 'မ' ကိုယ့်ရင်ခွင်ထဲရောက်နေပြီ .."

"အဲ့ဒါ မင်းကို .."

"ကျေနပ်သည်ဖြစ်စေ မနပ်သည်ဖြစ်စေ ကိုယ်လိုချင်တာ ရဖို့ပဲ–"

"ဘာ .. ဘာပြောလိုက်တယ် .."

ညွှန်း စိုးရိမ်တကြီးပြောမိရင်း သူ့မျက်နှာကိုကြည့်ဖို့ကြိုးစားသည်။ ကွန် က သူမရဲ့ဆံပင်တွေထဲမှာ သူ့မျက်နှာကို ဖိနှစ်ထားရင်းငြိမ်သက်နေလျက် ...၊

"ကြောက်နေတာလား .."

"မင်းက ကြောက်စေချင်နေတာမို့လား .."

"မောင် အရင်လိုမဟုတ်တော့ဘူး .."

ကပ်ပြောပြီး ရယ်ကာ ...၊

www.burmeseclassic.com

"သီချင်းဆိုပြနေတာမဟုတ်ဘူးနော် .. အဟုတ်ပြောင်းလဲနေတာ၊ ဒီဒေါ်ကြီးကိုချစ်ရလွန်းလို့ .."

စိတ်ဆိုးနေတာတွေကို မေ့နေတာလား၊ အစတည်းက ကွန် ဆိုတဲ့ ကောင်လေးက ရင်ထဲမှာရှိနေတာလား .. ကိုယ့်ကိုယ်ကိုယ်မသိခဲ့ပေမယ့် ခုချိန်မှာတော့ ဒေါသမဖြစ်ဘဲရှိနေခဲ့လေသည်။

ပြီးတော့ သူ့အနမ်းတွေကြောင့် ရင်ခုန်သံတွေ ဆူညံနေတာကို သာယာမိသလို ရှက်နေမိသလိုလို ..။

တစ်သက်လုံးက အချစ်နဲ့ စိမ်းသက်ခဲ့သော်လည်း ...

ဒီနေ့ ကြားနေရသည့် ရင်ခုန်သံအမျိုးအစားနဲ့ ပတ်သက်၍ သူမ..၊

*ဝရိုသတ်အတွက်*

*ထာဝရ*

ဂျူ